ဓမ္မရံသီစာစဉ်(၅)


မိုးကုတ်၊ မန္တလေး၊ မုံရွာ

ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာန နာယက

နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ၊ ပြည်တွင်းပြည်ပသာသနာပြု ဓမ္မကထိက

# ဘဒ္ဒန္တ သုနန္ဒ


ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ

## လောကီလောကုတ္တရာအသုံးချပညာ

# ကြီးပွားကြောင်းရာ မင်္ဂလာ



ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ
လောကီလောကုတ္တရာ အသုံးချပညာ

# ကြီးပွားကြောင်းရာ မင်္ဂလာ

ပထမတွဲ


မိုးကုတ်၊ မန္တလေး၊ မုံရွာ
မေမြရုံသီရိပ်သာကျောင်းတိုက်များ
၏
ဉီးစီးပဓာနနာယက
နယ်လှည့်မေမြကထိကဆရာတော်
**ဘဒ္ဒန္တ သုနန္ဒ (မေမြရုံသီ)**

## ပုံနှိပ်မှတ်တမ်း

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးဝင်းနိုင်၏ စာအမှတ်(၁၁၉/၀၁/ (ပုံနှိပ်) သာသန – ၁၀/ခွင့်ပြုချက်အမှတ် ၀၇၈၄၃/၀၂၄၀၅ ဖြင့်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၃၉၇/အေ) ၁၃ လမ်း၊ အမှတ် (၃) ရပ်ကွက်ရှိ ဦးအောင်မျိုး၏ ဆုလာဘ်ပြည့် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည် **။ဖုန်း ၀၁-၅၈၁၆၀၀**

**အကြိမ်** – ပထမအကြိမ်

**အုပ်ရေ** – ၁၀၀၀

**ထုတ်ဝေသည့်ခုနှစ်** – မေလ၊ ၂၀၁၀ ခုနှစ်

**တန်ဖိုး** –

**ဖြန့်ချိရာဌာန**

ဓမ္မရံသီရိပ်သာ၊ မိုးကုတ်မြို့။

ဖုန်း – ၀၉-၉၀-၃၀၂၆၅

# မာတိကာ


(က) မော်ကွန်းမှတ်တမ်း — က
(ခ) စီစဉ်သူ၏ ရင်တွင်းစကား — ခ
(ဂ) အာသီသဝဏ္ဏနာရည်ညွှန်းလွှာ — င


## ကြီးပွားကြောင်းရာ မင်္ဂလာ
## အမှတ် (၁)


၁။ သတ္တဝါတွေရဲ့ လိုအင်ဆန္ဒသုံးမျိုး — ၃
၂။ အားကိုးရာရှာရင်း ကိုးကွယ်မှုစတင်ခဲ့ — ၄
၃။ တောကိုးကွယ် တောင်ကိုးကွယ်လုပ်ခဲ့ကြပုံ — ၇
၄။ ယာယီချမ်းသာ ရှာဖွေခဲ့ကြတယ် — ၈
၅။ ဖန်ဆင်းရှင်ဝါဒ ဗြဟ္မဏဘာသာ — ၉
၆။ အကြိုက်တူလို့ ရန်သူဖြစ် — ၁၁
၇။ လူတိုင်းလိုချင်တဲ့ ချမ်းသာခြင်း — ၁၂
၈။ မင်္ဂလာနှစ်ဖြာ လိုအပ်စွာ — ၁၄
၉။ သိအောင်လုပ်ပါ ပြီးမှကျင့်ပါ — ၁၅

## ကြီးပွားချမ်းသာမင်္ဂလာ
## အမှတ် (၂)


၁၀။ မိုက်တာ လိမ္မာတာ စိတ်ကြောင့်ပါ ၂၁
၁၁။ မွေးပြီးသေရ သတ္တလောက ၂၃
၁၂။ ဖြစ်ပြီပျက်တာ လောကပါ ၂၄
၁၃။ စွန့်ပစ်ခွဲခွာ မမြဲပါ ၂၅
၁၄။ ပါရမီနှီးဆော်က တားမရ ၂၇
၁၅။ အိုနာသေမြင် တောထွက်ချင် ၂၉
၁၆။ ခန္ဓာထဲမှာ လောကပါ ၃၂
၁၇။ ခန္ဓာအကြောင်းမသိတော့ မိုက်နေကြ ၃၄
၁၈။ အဝိဇ္ဇာတဏှာ အမိုက်တရားနှစ်ဖြာ ၃၅
၁၉။ မိုက်မှန်းသိတာ ပညာရှိ ၃၇


## ပူဇော်မှန်မှ ချမ်းသာရ
## အမှတ် (၃)


၂၀။ လက်ဆွေ့အသုံး ချပညာရပ်ကြီး ၄၁
၂၁။ လောကီမင်္ဂလာလိုအပ်ပါတယ် ၄၂
၂၂။ ဆက်ဆံရေးမင်္ဂလာသုံးရပ် ၄၃
၂၃။ ပေါင်းတဲ့လူနဲ့ တူလာတတ်မြဲ ၄၄
၂၄။ ဝိပဿနာဉာဏ်နဲ့ ကံကိုဖြတ်ပါ ၄၅
၂၅။ ထိန်းထိန်းသိမ်းသိမ်း ပြောဆိုဆုံးမပါ ၄၇
၂၆။ ဘုရားကို ဉာဏ်နဲ့ပူဇော်ပါ ၄၈
၂၇။ သူတော်ကောင်းနဲ့ နီးနီးနေပါစေ ၄၉
၂၈။ အခွင့်ထူး ခံချင်ရင် ကြိုးစားခဲ့ ၅၀
၂၉။ လိုချင်တာ ဘဏှာ ငါဆိုတာ ဒိဋ္ဌိ ၅၁

၃၀။ ဒိဋ္ဌိသာရှိ၊ မလုပ်ရဲတာ မရှိ ၅၂
၃၁။ နာမ်ကအခိုင်းသမား ရုပ်ကအလုပ်သမား ၅၃
၃၂။ ဝိပဿနာသည် အသက်ရှည်စေ၏ ၅၄
၃၃။ ကိုယ့်တရားက ကိုယ့်ပြန်စီရင် ၅၅
၃၄။ အဇာတသတ်လို သားမျိုး ၅၇
၃၅။ ပူဇော်မှန်မှ ချမ်းသာရနိုင်၏ ၅၈

## သင့်ရာဒေသ နေထိုင်ကြ
## အမှတ် (၄)

၃၆။ ပတိရူပဒေသအရပ် ရာပုံတော် ၆၃
၃၇။ အခွင့်အရေးမလာ ပါယ်သုံးရွာ ၆၆
၃၈။ မင်္ဂလသုတ်သည် နိဗ္ဗာန်ရောက်ကြောင်း ၆၇
၃၉။ အရေးကြီးပဲ့ အဝိဇ္ဇာနဲ့ ပညာ ၆၈
၄၀။ မင်္ဂလာရှိလိုလျှင် ဒိဋ္ဌိဖြုတ်ပါ ၇၀
၄၁။ ဝိပဿနာအားထုတ်ရခြင်းအကြောင်း ၇၁
၄၂။ ဗြဟ္မာ့ပြည်ဟာ နေရာကောင်းဟုတ်ရဲ့လား ၇၄
၄၃။ မနေကောင်းသော ပစ္စန္တရာဇ်အရပ် ၇၆
၄၄။ ရုပ်ပြစ်ရှစ်ထွေ ဝေးဝေးနေ ၇၈

## ကုသိုလ်ကောင်းမှု မြန်မြန်ပြု
## အမှတ် (၅)

၄၅။ လူ့ပြည်က အသာဆုံးနေရာပါ ၈၃
၄၆။ ကုသိုလ်သတ္တိ ထပ်၍ဖြည့်လေ ၈၅
၄၇။ ကောင်းမှုအထူး ရှိခဲ့ပါပြီ ၈၆
၄၈။ ကုသိုလ်အကျိုး လွန်ဖွံ့ဖြိုး ၈၈

၄၉။ တိုး၍ကြိုးစား ကုသိုလ်ပွား ၉၀
၅၀။ သိတတ်မှ လူပီသမည် ၉၂
၅၁။ ဘုရားသံ တရားသံ ကုသိုလ်ရှိလို့ကြားရပြန် ၉၃
၅၂။ ရေးကောင်းမှုရှိသူ ဘုရားကြိုဆိုတော်မူ ၉၅
၅၃။ ရေးကောင်းမှုရှိမှ ဟေဘိက္ခုအခေါ်ခံရ ၉၇

## ကိုယ့်ကိုယ်ကိုယ်သာ စောင့်ရှောက်ရာ
## အမှတ် (၆)

၅၄။ မိမိကိုယ်သာ အားကိုးရာ ၁၀၃
၅၅။ သစ္စာမသိတာ ခန္ဓာသက်သေ ၁၀၄
၅၆။ အကြောင်းအကျိုးယုံလျှင် ကိုယ့်အားကိုယ်ကိုးပါ ၁၀၆
၅၇။ သီလ သမာဓိ ပညာနဲ့ စောင့်ရှောက်ပါ ၁၀၈
၅၈။ ကျင့်ကြံလိုပါနာလျှင် သာသနာမကွယ်ပါ ၁၀၉
၅၉။ ပညာတတ်လား၊ သညာတတ်လား ၁၁၀
၆၀။ ဉာဏ်နဲ့မစောင့်ရှောက်သူ ကပိလရဟန်း ၁၁၁
၆၁။ နိဗ္ဗာန်လိုချင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက် ၁၁၃

## ကြားမြင်များမှ ချမ်းသာရ
## အမှတ် (၇)

၆၂။ ဗဟုသုတ စုံလင်ကြပါစေ ၁၁၉
၆၃။ ဗဟုသုတ မရှိရင် ရှမ်းလုပ်တတ်တယ် ၁၂၂
၆၄။ သိစေချင်တာ လောကုတ္တရာပညာပါ ၁၂၃
၆၅။ ပဋိစ္စသမုပ္ပါဒ်သိမှ ဗုဒ္ဓဘာသာအစစ် ၁၂၄
၆၆။ ပိုက်ဆံချမ်းသာရင် ပညာသင်ဖို့မလိုဘူးလား ၁၂၆
၆၇။ မိဘပညာမတတ်ရင် သားကိုလည်း သင်မပေးချင် ၁၂၈
၆၈။ အိမ်တွင်းသာယာ ဗဟုသုတမင်္ဂလာ ၁၂၉

၆၉။ ပညာအမွေ ပေးခဲ့လေ ၁၃၁
၇၀။ ဗဟုသုတ ပညာတုံးတော့ ဆုံးရှုံးရတယ် ၁၃၃
၇၁။ နေ့စဉ်ကြိုးစား မင်္ဂလာပွား ၁၃၅

## လေးထွေသီလ စောင့်ထိန်းကြ
## အမှတ် (၈)

၇၂။ ငြိမ်းချမ်းစေချင် ကျင့်ဝတ်သင် ၁၄၁
၇၃။ ဆောင်ရမည့်သီလ ရှောင်ရမည့်သီလ ၁၄၂
၇၄။ သီလလေးထွေ သိတတ်စေ ၁၄၄
၇၅။ စားရာ နေရာ ဆင်ခြင်ပါ ၁၄၅
၇၆။ ကိလေသာမဝင်အောင် ဆင်ခြင်ရတယ် ၁၄၇
၇၇။ သက်မွေးစင်ကြယ် လူတို့နယ် ၁၅၀
၇၈။ အပါယ်မလားရအောင် ဆင်ခြင်ပွားခဲ့ပါ ၁၅၁
၇၉။ ကျင့်ဝတ်စုံလင် ဤလေးအင် ၁၅၃
၈၀။ မြင်ကာမတွေ့ မှတ်လို့ ရမရ ၁၅၄
၈၁။ အကြိမ်ကြိမ်နာကြား အကြိမ်ကြိမ်အားထုတ် ၁၅၆

## ဗုဒ္ဓမိန့်ချွေ စကားနှစ်ထွေ
## အမှတ် (၉)

၈၂။ ငယ်စဉ်မှာလည်း တရားရှာခဲ့စေချင် ၁၆၁
၈၃။ ဗဟုသုတမရှိရင် ခံရပြီသာမှတ်ပါ ၁၆၂
၈၄။ ဆိုရေးတတ်ရလေအောင် ၁၆၃
၈၅။ မပြောဆိုရမည့် စကားမျိုး ၁၆၅
၈၆။ မကြိုက်သော်လည်း ပြောသင့်ရင်ပြော ၁၆၇
၈၇။ မှန်ကန်ယဉ်ကျေး ချိုအေးစကားမျိုး ၁၇၀

# သူတော်ကောင်းခေတ် ကျေးဇူးဆပ်
## အမှတ် (၁၀)


| | | |
|---|---|---|
| ၈၈။ | မိဘကျေးဇူးဆပ်ဖို့ တာဝန်ရှိတယ် | ၁၇၅ |
| ၈၉။ | သူတော်ကောင်းလက္ခဏာ ရက်ငါးဖြာ | ၁၇၇ |
| ၉၀။ | မိဘတွေရဲ့ မျှော်လင့်ချက် | ၁၇၈ |
| ၉၁။ | သူများ အမျှဝေတာ မျှော်မနေနဲ့ | ၁၈၁ |
| ၉၂။ | ကြွေးဟောင်းတွေ ကျေအောင်ဆပ် | ၁၈၂ |
| ၉၃။ | မိဘကျေးဇူး အကောင်းဆုံးဆပ်နည်း | ၁၈၃ |
| ၉၄။ | မိဘကျေးဇူးဆပ်သူ ဘယ်တော့မှမဆင်းရဲ | ၁၈၅ |
| ၉၅။ | မိဘလုပ်ကျွေး ရဟန်းတော်လေ | ၁၈၆ |
| ၉၆။ | မိဘချစ်ရင် တရားနဲ့ကျေးဇူးဆပ် | ၁၈၉ |

# မော်ကွန်းမှတ်တမ်း

သာသနာနှစ် – ၂၅၅၁ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၉ ခု၊ ပထမဝါဆိုလဆန်း (၁၀) ရက်၊ ခရစ်နှစ် ၂၀၀၇ ခုနှစ်၊ ဇွန်လ (၂၄) ရက်၊ တနင်္ဂနွေနေ့မှ စတင်၍ ရှမ်းပြည်နယ် မြောက်ပိုင်း၊ လားရှိုးမြို့၊ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ် (၁၉၆) မင်္ဂလာမဂ္ဂင် ဓမ္မဗိမာန်တော်ကြီး အတွင်း၌ ကျင်းပပြုလုပ်အပ်သော ပဥ္စမအကြိမ်မြောက် မိုးကုတ်ဝိပဿနာ သစ္စာဓမ္မသဘင် နေ့ည အလုပ်သင် အလုပ်ပေး အချိန်ပိုင်း အထူးတရားစခန်းပွဲကြီး၌ မိုးကုတ်မြို့၊ ဓမ္မရံသီ ဆရာတော် ဦးသုနန္ဒ အရှင်သူမြတ် ဟောကြားအပ်သော ၃၈ ဖြာ မင်္ဂလာတရားတော် များကို တင်ဆက်ထားခြင်း ဖြစ်ပါသည်။

ထိုတရားဟောမျှားကို တိတ်ခွေမှ စာမူကြမ်း အဖြစ်အထိ ကူးယူပေးသော အရှင်စိန္တိတ (စဥ့်ကူး)၊ အရှင်ပညာသက (ဓမ္မရံသီ)၊ မောင်အောင်ကိုမင်း၊ မောင်စောဂျင်မိတွန်း၊ အဖက် ်ကမှ ဝိုင်းဝန်းကူညီပေးကြသော ဓမ္မရံသီ လူငယ်မောင်မယ် များကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

ဆရာတော်ဘုရားသည် မင်္ဂလသုတ်တော်ကြီးကို နိဒါန ဝဂ္ဂ၊ ပဋိစ္စသမုပ္ပါဒ်သံယုတ်၊ သစ္စသံယုတ်၊ ခန္ဓဝဂ္ဂ၊ ဓမ္မသင်္ဂဏီ၊ မဟာသတိပဋ္ဌာန၊ မဟာနိဒါနသုတ်ပါဠိတော်များကို အခြေခံလျက် တစ်နေ့သုံးကြိမ်၊ (၁၀) ရက်တိတိ ဟောပြောတော်မူခဲ့ပါသည်။ ဆရာတော်ဘုရား၏ ဟောပြောချက်များကို စကားပြေအဖြစ် (၃၈) ဖြာ မင်္ဂလာတရားတော် ပေါ်လွင်စေရန် ရေးသားတင်ဆက်ထား ပါသည်။

## စီစဉ်သူ၏ ရင်တွင်းစကား

စာရှုသူတို့၏ လက်ဝယ်ရောက်ရှိနေသော "ကြီးပွားကြောင်း ရာမင်္ဂလာ" စာအုပ်မှာ မိုးကုတ်မြို့၊ ဓမ္မရံသီဆရာတော်ဘုရား ဘဒ္ဒန္တ သုနန္ဒ အရှင်မြတ်၏ ၃၈ ဖြာမင်္ဂလာ တရားတော်များ ကို စုစည်းတင်ဆက်ထားခြင်း ဖြစ်ပါသည်။

ဓမ္မရံသီဆရာတော်ဘုရားသည် ပင်ရင်းဖြစ်သော မိုးကုတ်မြို့၊ ကုန်းမြင့်သာယာရပ်ရှိ ဓမ္မရံသီရိပ်သာကျောင်း တိုက်ကြီး။ မန္တလေး၊ မြစ်ငယ်ဓိဓံကျောင်း ဓမ္မရံသီရိပ်သာ။ မုံရွာမြို့ ဓမ္မရံသီရိပ်သာများတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော် ဘုရားကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ပေး တရားတော်များကို ဟောပြောပြသ ပေးတော်မူလျက် ရှိပါ၏။

ထို့ပြင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့၊ ရေဦးမြို့ စသော နယ်ဒေသများ နှင့် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ တရားတော်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်များတွင် တရား ဓမ္မများ လှည့်လည်ဟောပြကာ တရားစခန်း များ ဖွင့်လှစ် ပေး တော်မူနေပါသည်။

ဆရာတော်ဘုရားသည် တစ်နှစ်တာအတွင်း အားလပ်ရက် မထားဘဲ တရားတော်များ ဟောကြားလျက်ရှိရာ မိုးကုပ်ဝိပဿနာ ခန္ဓာဉာဏ်ရောက်တရားတော်များကို အခြေခံပြီး ပဋ္ဌာန်းတရားတော် မင်္ဂလာတရားတော် စသည်ဖြင့် ယောဂီပုဂ္ဂိုလ်တို့ သိရှိလေ့လာ မှတ်သားဖွယ်များကို ရှင်းလင်းပြတ်သားစွာ ဟောကြားတော်မူလေ့ ရှိပါသည်။ ယောဂီပုဂ္ဂိုလ်များအတွက် တိပ်ခွေ၊ ဗီစီဒီ စသည်ဖြင့် ကူးယူကာ အစဉ်မပြတ် နာကြားဆောင်ထားလေ့ရှိသော တရားတော်များ ဖြစ်လာပါသည်။

ယခု စာရှုသူတို့လက်ဝယ် ရောက်ရှိနေသော “ကြီးပွားကြောင်းရာ မင်္ဂလာ” စာအုပ်မှာ ဓမ္မရံသီဆရာတော်ဘုရား၏ (၃၈) ဖြာ မင်္ဂလာတရားတော် ဟောပြောချက်များကို စကားပြေအသွင်ဖြင့် စုစည်းတင်ဆက်ထားခြင်း ဖြစ်သည်။ မင်္ဂလာတရားတော်များကို ၂၀၀၇ ခုနှစ်၊ ဇွန်လ ၂၄ ရက်၊ တနင်္ဂနွေနေ့က လားရှိုးမြို့တွင် ဟောကြားတော်မူခဲ့ခြင်းဖြစ်ရာ ဆရာတော်ဘုရားသည် ယောဂီသူတော်စင်များ အားပါးတရ သိရှိနာယူနိုင်ကြစေဖို့ ရည်သန်ပြီး တစ်နေ့လျှင် နံနက်၊ နေ့လယ်၊ ညနေခင်းအားဖြင့် (၁၀) ရက်တိုင်တိုင် တရားပွဲပေါင်း (၃၀) တိုင် ကျင်းပပေးတော်မူခဲ့ပါသည်။

ဆရာတော်ဘုရား၏ ထက်သန်သော ဇွဲလုံ့လ ဝီရိယ စေတနာ သဒ္ဓါ မေတ္တာဓာတ်များကို ဂုဏ်ပြုကြည်ညိုသောအားဖြင့် “ကြီးပွားကြောင်းရာ မင်္ဂလာ” တရားတော်များကို ကျမ်းစာအုပ်အသွင် စီစဉ်တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။ စာရှုသူ ဓမ္မမိတ်ဆွေ ယောဂီသူတော်စင်များ ကျေနပ်နှစ်သိမ့်ကြလိမ့်မည်ဟု ယူဆပါ၏။ ဆက်လက်၍လည်း ပဋ္ဌာန်းတရားတော် တိပ်ခွေများကိုလည်း ကျမ်းစာအုပ်အသွင်ဖြင့် ရှုမြင်

လေ့လာခွင့် ရရှိအောင် ကြိုးပမ်း အားထုတ်သွားပါမည်။

ဓမ္မရံသီဆရာတော်ဘုရား၏ "ကြီးပွားကြောင်းရာ မင်္ဂလာ" တရားကျမ်းစာကို ဖတ်ရှုလေ့လာခြင်းဖြင့် လောကီ လောကုတ္တရာ ချမ်းသာမင်္ဂလာအဝဝ ပြည့်စုံတော်မူနိုင်ကြပါစေ ကြောင်း ဆုမွန်ကောင်းတောင်း ရပါသည်။

မင်္ဂလာစာတ်တရားမြတ်
ကိန်းဝပ်တော်မူနိုင်ကြပါစေ။

**စီစဉ်သူ**
**အရှင်ဇောတိသာရ (စဥ့်ကူး)**
၂၀၁၀ ခု၊ ဖေဖော်ဝါရီလ၊ ၂၄ ရက်၊ ဘနုဂ်နွေနေ့

မွေ့ရံသီဆရာတော်ဘုရား၏

## အာသီသဝဏ္ဏနာ ရည်ညွှန်းလွှာ

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့၏ အနန္တဂုဏ်တော် ကျေးဇူးတော်ကြောင့် "မြတ်ဗုဒ္ဓအလိုတော်ကျ လောကီလောကုတ္တရာ အသုံးချပညာ ကြီးပွားကြောင်းရာ မင်္ဂလာ" ကျမ်းစာအုပ်သည် စာရှုသူလက်ဝယ် ရောက်ရှိနေပေပြီ။

"ဗုဒ္ဓေါလောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ" အစချီ ဂါထာတော်မြတ်များနှင့်အညီ ရတနာသုံးဆူ ပေါ်ထွန်းတော်မူလာခြင်းသည် လောကသုံးပါး သတ္တဝါအများ အကျိုးစီးပွားရှိဖို့သာ ဖြစ်ပါသည်။

ရှင်တော်မြတ်ဗုဒ္ဓသည် ငါ ကောင်းစားရေးဝါဒကို စွန့်လွှတ်လျက် အမြတ်ဆုံးနှလုံးသား ရှိတော်မူပါ၏။ သတ္တဝါအနန္တ၏ ပူဇော်ချီးကျူးမှုကို ခံယူလို၍ ပွင့်တော်မူလာခြင်း မဟုတ်ပါ။ သတ္တဝါအများ၊ လောကီလောကုတ္တရာ နှစ်ဖြာကောင်းကျိုး သည်ပိုးရွက်ဆောင်တော်မူပါသည်။ လောကကြီးအတွက် အလုပ်လုပ်ဖို့ရာ ပွင့်တော်မူလာခြင်းပါ။

လောကီလောကုတ္တရာ အောင်မြင်ကြောင်းများ ဆောင်ရွက်ရာတွင် ကိုယ်ပိုင်ဉာဏ်ရှိဖို့လိုသည်။ ကိုယ်အားကိုယ်ကိုးလိုစိတ် ရှိရမည်။ 'စိတ်ဓာတ်ခိုင်မာ၊ ပညာပြည့်ဝ၊ နှလုံးလှ' ရမည်။ "မိမိသူတစ်ပါးအကျိုးများ ဆောင်ရွက်နိုင်စွမ်းရှိရမည်"။ ဤသို့သော

အရည်အချင်းပြည့် သားကောင်းရတနာများ ပေါ်ထွန်းလာစေဖို့ ရှင်တော်မြတ်ဗုဒ္ဓသည် ၄၅ ဝါကာလပတ်လုံး မြတ်ဓမ္မဒေသနာများကို နေ့မနား၊ ညမနား ဟောဖော်ညွှန်ကြားခဲ့ခြင်း ဖြစ်ပါသည်။ ဂုဏ်၊ လာဘ်၊ ပရိသတ် တိုးတက်များပြားရန် ရည်ရွယ်တော်မမူ။ ပုဂ္ဂလ ဓိဋ္ဌာန်မဖက် ဓမ္မဓိဋ္ဌာန်သက်သက်ဖြင့် လမ်းညွှန် ဟောကြားတော်မူခဲ့ခြင်းပါ။

ရှင်တော်မြတ်ဗုဒ္ဓ၏ နည်းပေးလမ်းပြ သြဝါဒဓမ္မ ဒေသနာများသည် အသိဉာဏ်ရှိသူ လောကကောင်းကျိုး ဆောင်ရွက်လိုသူတို့၏ နှလုံးသားဝယ် တည်ရှိနေဖို့ လိုပါသည်။ သူကို့ထံမှောက် ရောက်ရှိပျံ့နှံ့အောင် ပို့ဆောင်နိုင်သော ကောင်းကျိုးလိုလား လုပ်အားရှင်များ အဖြစ် သံဃာ့အဖွဲ့အစည်းကို တည်ထောင်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ရှင်တော်မြတ်ဗုဒ္ဓ၏ တပည့်သား၊ သံဃာတော်အရှင်မြတ်များကို အကိုးကွယ် အခွင့်ထူးခံ လူသားတစ်ရပ်အဖြစ် ရည်ရွယ်တော်မမူခဲ့ပါ။

လောကအလယ် ရတနာမြတ်သုံးပါး ပေါ်ထွန်းတည်တံ့နေရခြင်း၏ ရည်ရွယ်ချက်၊ ရတနာမြတ်သုံးပါး၏ ကျေးဇူးတရားတို့ကို ပေါ်လွင်ထင်ရှားစွာ သိနိုင်စေဖို့ လူမျိုးဘာသာ အရွယ်မရွေး ရှင်တော်မြတ်ဗုဒ္ဓ၏ လမ်းညွှန်ချက်များကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ဘဝအနှစ်သာရ ပြည့်ဝအောင် ဆောင်ရွက်နိုင်သည့် မြတ်သောနှလုံးသားပိုင်ရှင်များ ပေါ်ထွန်းနိုင်စေဖို့ မျှော်ကိုး၊ မှန်းထားလျက် "မြတ်ဗုဒ္ဓ အလိုတော်ကျ လောကီလောကုတ္တရာ အသုံးချပညာ ကြီးပွားကြောင်း မင်္ဂလာ" ကျမ်းစာကို ဖော်ညွှန်းပြသ ရေးသားစီရင်လိုက်ပါပြီ။

ဤကျမ်းစာက ရှင်တော်မြတ်ဗုဒ္ဓအား ပူဇော်ရာ၊ ကောင်းကျိုးလိုလား လူသားများအတွက် ကျေးဇူးဆပ်၊ အလုပ်အကျွေးပြုရာရောက်သည်ဟု ခံယူပါသည်။ မြတ်မင်္ဂလာ ဓမ္မစာပေကို မှတ်သားလိုက်နာ

ခြင်းဖြင့် စာဖတ်ပရိသတ် ကောင်းကျိုးတစ်စုံတစ်ရာ ရသည်ဆိုလျှင်ပင် အကျေနပ်ကြီး ကျေနပ်လှပါပြီ။

ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် လောကကြီးကို အလှဆင်နိုင်သော သူတော်ကောင်းရတနာများ ဖြစ်ကြပါစေ။

**ဓမ္မရံသီဆရာတော်**

# ကြီးပွားကြောင်းရာ မင်္ဂလာ

## မင်္ဂလာအမှတ် (၁)

## သတ္တဝါတွေရဲ့ လိုအင်ဆန္ဒသုံးမျိုး

ကမ္ဘာဦးကစပြီးတော့ ယနေ့ပစ္စုပ္ပန်ကာလအထိ ရှိနေကြတဲ့ သတ္တဝါအနန္တ မည်သူမဆို သတ္တဝါအားလုံးတို့ရဲ့ ပင်ကိုယ်မူရင်း ပဓာနအကျဆုံး စိတ်နေစိတ်ထားနဲ့ အလိုချင်ဆုံးအရာကို ပြပါဆိုရင် ချမ်းသာခြင်းကို အလိုရှိကြတယ်ဆိုတာ တွေ့ရမှာပါပဲ။

သတ္တဝါတွေအားလုံးဟာ ချမ်းသာခြင်းကို အလိုရှိကြပါတယ်။ ဘုရားပွင့်တော်မမူခင် ကာလတုန်းက သတ္တဝါအနန္တတွေလည်း ချမ်းသာချင်ကြတာပဲ။ မြတ်စွာဘုရား သက်တော်ထင်ရှားရှိတော်မူတဲ့ ခေတ်က သတ္တဝါတွေလည်းပဲ ချမ်းသာချင်ကြတာပဲ။ ဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူပြီး နောက်ပိုင်းကာလမှာ ရှိနေကြတဲ့ သတ္တဝါတွေလည်းပဲ ချမ်းသာခြင်းကို အလိုရှိကြတာပါပဲ။

ချမ်းသာခြင်းဆိုတဲ့နေရာမှာ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းလို့ နှစ်မျိုးရှိပါတယ်။ သတ္တဝါအနန္တတွေရဲ့ သဘာဝက "ဒုက္ခပ္ပဋိက္ကူလ နိဒုက္ခာ" ဆိုတဲ့အတိုင်း ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲ ခြင်းအပေါင်းမှ ကင်းဝေးချင်ကြပါတယ်။ "ဘယပဋိက္ကူလ နိဗ္ဘယာ" ဆိုတဲ့အတိုင်း ဘေးအပေါင်းမှလည်း ကင်းဝေးချင်ကြပါတယ်။

"သောကပတ္တာစ နိသောကာ" ဆိုတဲ့အတိုင်း စိုးရိမ်သောကမှုလည်း ကင်းဝေးချင်ကြပါတယ်။

သတ္တဝါတွေဟာ ဆင်းရဲဒုက္ခနှင့်လည်း မတွေ့ချင်ကြဘူး။ ဘေးဘယာတွေလည်း မတွေ့ချင်ကြဘူး။ မကြုံချင်ကြဘူး။ ဘေးဘယာတွေ ဝေးချင်ကြတယ်။ ကိုယ်တွင်း ကိုယ်ပ၊ အိမ်တွင်း အိမ်ပ၊ ခြံတွင်း ခြံပ၊ ဝိုင်းတွင်း ဝိုင်းပ လုံးစုံများစွာ အန္တရာယ်အပေါင်း၊ ဘေးအပေါင်းတွေ ကင်းဝေးလွင့်ပျောက် မရောက်ဝေးကွာ ဘေးကင်းချင်ကြတာချည်းပါပဲ။ ၃၁ ဘုံမှာရှိကြတဲ့ သတ္တဝါတွေ အကုန်လုံး တစ်ယောက်ချင်း လက်တို့ပြီးတော့ "မင်း ဘေးတွေ့ချင်သလား" မေးကြည့်လိုက်ပါ။ ဘယ်သတ္တဝါမှ ဘေးတွေ့ချင်ပါတယ်လို့ ပြောမှာ မဟုတ်ပါဘူး။

အဲဒီလိုပါပဲ။ သတ္တဝါတွေဟာ စိုးရိမ်သောကအပေါင်းကလည်း ကင်းဝေးချင်ကြပါတယ်။ သားကြောင့်ကျရတဲ့ မျက်ရည်၊ သမီးကြောင့်ကျရတဲ့ မျက်ရည်၊ ဆွေကြောင့်ကျရတဲ့ မျက်ရည်၊ မျိုးကြောင့်ကျရတဲ့ မျက်ရည်၊ လောကစံရှစ်ပါးကြောင့်ကျရတဲ့ မျက်ရည်တွေနဲ့ သတ္တဝါတွေဟာ မျက်ရည်မျိုးစုံ အိုင်ထွန်းနေအောင် ကျနေရပါတယ်။ စိုးရိမ်ငိုကြွေး ပူဆွေးရခြင်းတွေ ကင်းဝေးလိုကြပါတယ်။

ဒီတော့ သတ္တဝါအနန္တရဲ့ စိတ်နေစိတ်ထား၊ သတ္တဝါအနန္တရဲ့ လိုအင်ဆန္ဒဟာ ဘာလဲ။ ဒုက္ခကင်းခြင်း၊ ဘေးကင်းခြင်း၊ သောကကင်းခြင်း ဆိုတဲ့ လာဘ်ကြီးသုံးမျိုးကို အလိုရှိကြတယ်လို့ ထင်ထင်ရှားရှား တွေ့မြင်နိုင်ကြပါတယ်။

## အားကိုးရှာရင်း ကိုးကွယ်မှုစတင်ခဲ့

ဆင်းရဲဒုက္ခက လွတ်မြောက်အောင် ချမ်းသာဆောင်လို့ သူ့ခကို မျှော်လင့်ကိုးပြီးတော့ ပုံစံအမျိုးမျိုးနဲ့ ရှာလာလိုက်ကြတာနော်။ ဘုရား

မပွင့်ခင် ကမ္ဘာဦးကာလ လူအများလည်း ချမ်းသာကိုရှာခဲ့ကြတာပေါ့။ ချမ်းသာနိုးနိုး၊ မျှော်လင့်ကိုးပြီးတော့ ဟိုဟာကိုးကွယ်ရင်ပဲ ချမ်းသာမှာလိုလို၊ ဒီဟာကိုးကွယ်ရင်ပဲ ချမ်းသာနိုးနိုးနဲ့ ကိုးကွယ်မှုတွေ လုပ်ခဲ့ကြတယ်။

သတ္တဝါတွေရဲ့ ပုထုဇဉ်စရိုက်က တစ်ယောက်တည်းနေရင် စိတ်အားငယ်တတ်သတဲ့။ စိတ်အားငယ်တာ ပြေပျောက်အောင်လို့ ကိုယ့်ကို ခွန်အားပေးမည့်၊ တွန်းအားပေးမည့်၊ ရဲစွမ်းသတ္တိတွေ ပေးနိုင်မယ်လို့ ယူဆရတဲ့ အရာဝတ္ထုကြီးတွေကို ကိုးကွယ်ဆည်းကပ်ပြီးတော့ လာခဲ့ကြပါတယ်။

ကမ္ဘာပေါ်မှာ ကိုးကွယ်မှု ဘယ်ကနေစတင်ဖြစ်ပေါ်လာသလဲ မေးရင် အားကိုးရာ ရှာရာကနေ ဖြစ်ပေါ်လာတယ်လို့ ပြောရမယ်။ ဘာအတွက် အားကိုးတာလဲ။ ဘေးကင်းမလားလို့ အားကိုးတယ်၊ ချမ်းသာမလားလို့ အားကိုးတယ်။ အားကိုးချင်ရာကနေပြီးတော့ ကိုးကွယ်မှုဆိုတာ ဖြစ်ပေါ်လာတာပဲ။

ဟို ကမ္ဘာဦးကလူတွေဟာ အသိဉာဏ် အလွန်တရာနည်းပါးကြတယ်။ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာတဲ့အချိန်မှာ သူတို့အသိဉာဏ်နည်းတာ ပေါ်လွင်လာဟာပဲ။ လေပြင်းမုန်တိုင်းကျတာ၊ မြေလျှင်လှုပ်တာ၊ မီးတောင်ပေါက်ကွဲတာ၊ ချော်တောင်ပေါက်ကွဲတာ၊ သစ်ပင်ဝါးပင်ကြီးတွေ ပြိုလဲတာ၊ တော်လဲသံကြီးတွေ ကြားရတာ စတဲ့ သဘာဝဘေးအန္တရာယ်က ဘယ်ခေတ်ဘယ်အခါမှာမဆို ရှိတာပါပဲ။

အဲဒီလို သဘာဝဘေးအန္တရာယ်တွေ တွေ့ကြုံလာတဲ့အခါ လူတွေဟာ သေရမှာ ကြောက်လာတယ်။ ကြောက်တော့ ပုန်းခိုရာ အားကိုးရာ ရှာကြတယ်။ အားကိုးတစ်ခုအနေနဲ့ သဘာဝတောတောင် သစ်တုံးကြီးတွေဆီ ပြေးပြီးတော့ အောက်မှာ ဝပ်နေကြ မှီနေကြ

ခိုနေကြတယ်။ လူလေးငါးယောက်ဖက်စာရှိတဲ့ သစ်ပင်ကြီးတွေ အောက်မှာ မီခိုကပ်ရပ်ပြီးတော့နေကြ၊ ကျောက်တုံးကြီးတွေ၊ ချိုင့်ဝှမ်းကြီးတွေ ကပ်ရပ်နေကြတဲ့ အားကိုးရာကြတာ။

ရာသီဥတုပြင်းထန်ရာကနေ ငြိမ်သက်သွားပြီဆိုတော့မှ သစ်ပင်ကြီးတွေ၊ ကျောက်တုံးကြီးတွေအောက်က ထွက်လာကြတယ်။ ပုန်းခိုတဲ့နေရာဌာန မတူပေမယ့် ဘေးအန္တရာယ်ကင်းအောင်၊ ဘေးအန္တရာယ်ကာကွယ်အောင်လို့ဆိုတဲ့ ရည်ရွယ်ချက်ကတော့ အတူတူပါပဲ။ အဲဒီ သစ်ပင် တောတောင် ချောက်ကမ်းပါးတွေကို အားကိုးရာအနေနဲ့ ပြေးကပ်လိုက်တော့ နေကွယ် လေကွယ် နေရာတွေရောက်ပြီး လေပြင်းမုန်တိုင်းဘေးကနေ လွယ်မြောက်သွားတာပါ။

အဲဒီလို ပုန်းခိုရာမရလိုက်တဲ့ လူတွေကတော့ လေမုန်တိုင်းထဲပါသွားတယ်။ သေသူသေ၊ ကြေသူကြေ၊ ကျိုးတဲ့သူကျိုး၊ ပြတ်တဲ့သူပြတ်နဲ့ ပိုးစိုးပက်စက် ဖြစ်ကုန်တယ်။ အဲဒီမှာ သစ်ပင်ကြီးအောက် ကျောက်တုံးအောက်က ထွက်လာတဲ့သူတွေက "ငါတို့ကို အသက်ဘေးကနေ ကယ်ထုတ်ပေးလိုက်တာ ဒီသစ်ပင်ကြီးပဲ၊ ဒီကျောက်တုံးကြီးပဲ။ ဒီသစ်ပင်ကြီး၊ ဒီကျောက်တုံးကြီးတွေက ငါတို့ရဲ့ ကျေးဇူးရှင်ပဲ။ ငါတို့ကို အန္တရာယ်ကာကွယ်ပေးနိုင်တယ်" လို့ စိတ်ထဲမှာ စွဲသွားတယ်။ အဲဒီကစပြီးတော့ အသက်အန္တရာယ်ကြုံတိုင်း အဲဒီ ကျောက်တုံးကြီးတွေ၊ သစ်ပင်ကြီးတွေနားကို ပြေးပြီး ကပ်တော့တာပဲ။

ကျောက်တုံးကိုမှီပြီးတော့ ဘေးအန္တရာယ်က လွတ်လာတဲ့သူအတွက် အားကိုးရာဟာ ကျောက်တုံးဖြစ်လာတယ်။ "ဒီကျောက်တုံးကြီး ကွဲမသွားအောင်၊ ပြိုလဲမသွားအောင် ငါတို့ကိုးကွယ်ဆည်းကပ်ရရင် ကောင်းမှာပဲ" လို့ အားကိုးရာကနေ ကိုးကွယ်မှုဖြစ်လာတယ်။ ရိုသေမြတ်နိုး လေးစားတန်ဖိုးထားခြင်းဆိုတဲ့ ကိုးကွယ်မှုပုံစံလေးတွေ ဖြစ်လာတယ်။ ဒီလိုနဲ့ သစ်ပင်ကြီးတွေ ကိုးကွယ်ကြ၊ ကျောက်တုံးကြီးတွေ ကိုးကွယ်ကြဆိုတာ ဖြစ်လာတာပါပဲ။

## တောကိုးကွယ် တောင်ကိုးကွယ် လုပ်ခဲ့ကြပုံ

ကမ္ဘာဦးက ပုဂ္ဂိုလ်တွေ သစ်ပင်ကိုးကွယ်တဲ့ ဓလေ့ဟာ ဒီနေ့ခေတ်မှာလည်း ရှိတာပါပဲနော်။ အိန္ဒိယမှာဆိုရင် ညောင်ပင်မြင်ရင် ရှိခိုးတဲ့ဓလေ့ ရှိနေတုန်းပဲ။ မြန်မာနိုင်ငံမှာလည်း ညောင်ပင်ကြီးကြီး မြင်ရင် စင်ကလေးတင်ပြီး ထိုင်ကန်တော့တာပဲ။ "၂၁ ရာစု ခေတ်ပညာ တိုးတက်ပါတယ်၊ ဂြိုဟ်တုနဲ့ ကမ္ဘာပတ်နေပါပြီ၊ လပေါ် လမ်းလျှောက်နေပါပြီ" လို့ ဘယ်လောက်ပြောနေနေ၊ သစ်ပင်ကြီးကို ကန်တော့တဲ့ ပုဂ္ဂိုလ်တွေကတော့ ကန်တော့နေတုန်းပါပဲ။

သူတို့က ကိုးကွယ်ရာဖြစ်တဲ့ သစ်ပင်ကြီးတွေ၊ ကျောက်တုံးကြီးတွေကို မြင့်တယ်လို့ ထင်နေကြတယ်။ ကျောက်တုံးကို ပြေးကပ်ရင်းနဲ့ ကျောက်တုံးပိပြီး သေနိုင်တာ မမြင်ကြဘူး။ မိုင်းရှူးတို့၊ မိုးကုတ်တို့ ကျောက်တွင်းဒေသတွေမှာ ခဏခဏ ကျောက်တုံးပိ၊ တွင်းပိပြီး သေရတာတွေ အများကြီးပဲ။ မြစ်ကြီးနား၊ ဖားကန့်ဘက်မှာဆိုရင် တွင်းတွေတူးပြီး ကျောက်တုံကြီးတွေ ပုံထားလိုက်တာ တောင်ကြီးတွေလို ဖြစ်နေတယ်။ အဲဒီကျောက်တုံးတွေထဲကနေ အဖိုးတန်ကျောက်စိမ်းကို တူကလေးနဲ့၊ သံတူးရွင်းလေးနဲ့ ခေါက်ခေါက်ပြီး ရှာကြတာ။ အဲဒီလူတွေလည်း ကျောက်တုံးပိပြီးတော့ သေတာရှိတယ်။

တကယ်တော့ ကျောက်တုံးဆိုတာ ပဌဝီနဲ့ပြောရင် အဇ္ဈာကတပစ္စည်းပါပဲ။ သူ့မှာ ကူညီနိုင်တဲ့သတ္တိ၊ ကယ်တင်စောင့်ရှောက်နိုင်တဲ့သတ္တိ မရှိပါဘူး။ ပုထုဇဉ်လူသား၊ သတ္တဝါတွေကပဲ အဲဒီကျောက်တုံးကို "ကူညီနိုင် စောင့်ရှောက်နိုင်တဲ့ အစွမ်းသတ္တိရှိတယ်" လို့ စွဲယူလိုက်တာပါ။ ကျောက်စိမ်းတုံးကို အဖိုးတန်တယ်လို့ စွဲယူလိုက်တာဟာလည်း ပုထုဇဉ်လူသားတွေပါပဲ။

ဒီလိုနဲ့ ကမ္ဘာဦးလူတွေကစပြီး အားကိုးရာ ကိုးကွယ်ရာ ရှာလာ

လိုက်ကြတာနော်။ သစ်ပင် တောတောင် ချိုင့်ဝှမ်း၊ မဟာသမုဒ္ဒရာ ရေပြင်။ ကျက်စားရာတွေ အမျိုးမျိုးရှိတယ်။ ရေနေပုဂ္ဂိုလ်တွေက ရေထဲမှာပဲ သူတို့ကိုးစားရာ အားကိုးရာ ကိုးကွယ်ရာကို ရှာကြတယ်။ ကုန်းပေါ်မှာရှိတဲ့သူတွေကလည်း ကုန်းပေါ်မှာပဲ အားကိုးရာ ရှာကြတယ်။ သူတို့ရဲ့ အတ္တနောမတိ ခေတ်ပေါ်အကြံအစည် အယူအဆတွေနဲ့ ချမ်းသာနိုးနိုး မျှော်လင့်ကိုးပြီးတော့ ကိုးကွယ်ရာရှာနေကြတာနော်။ ကြီးပွားချမ်းသာအောင်၊ ပစ္စုပ္ပန်စီးပွားတက်အောင်၊ လာဘ်လာဘ ပေါ်အောင်၊ အနေချောင်အောင်၊ ရာထူးဂုဏ်သိန်တိုးအောင် ဆိုပြီး ကိုးကွယ်ရာကနေ ရှာဖွေနေခဲ့ကြတာပဲ။

## ယာယီချမ်းသာ ရှာဖွေခဲ့ကြတယ်

စီးပွားဥစ္စာတွေ ရှာဖွေလို့ရလာပြီဆိုရင်လည်း အဲဒီစီးပွားဥစ္စာ ရာထူးဂုဏ်သိန် အရာအားလုံးဟာ နောက်ဆုံးတစ်နေ့ ကွယ်လွန်ဆုံးပါးကြပြီဆိုရင်ဖြင့် ယူမသွားနိုင်ဘဲ ပစ်ထားခဲ့ကြရမှာချည်းပါ။

ပစ္စည်းဥစ္စာဆိုတာ "သုံးတတ်တော့ ဆေး၊ မသုံးတတ်တော့ ဘေး" တဲ့။ ရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေထဲက အနှစ်သာရကို ထုတ်မယူတတ် မသုံးစွဲတတ်ရင် ပစ္စည်းဥစ္စာ အကြောင်းပြုပြီးတော့ အပါယ်လေးဘုံ ကျသွားနိုင်ပါတယ်။ ပစ္စည်းဥစ္စာကို စွဲလမ်းပြီးတော့ သေတဲ့အခါ ခွေးကြီးဖြစ်သွားတာ ကြားဖူးတယ်မဟုတ်လား။ အဲဒါ နာမ်မလိမ္မာလို့ ရုပ်ခွေးဖြစ်တာပဲပေါ့။

ပစ္စည်းဥစ္စာတွေကို ရှာတုန်းကလည်း မက်မက်မောမော နဖူးက ချွေး ခြေမ ကျအောင် ရှာခဲ့ကြတယ်။ ရလာတဲ့အခါကျတော့လည်း ဒါလေး ငုတ်တုတ်ထိုင်ကြည့်ပြီး သူ့စိတ်ထဲမှာ ချမ်းသာတယ် ထင်နေတယ်။ သူ့ရဲ့ချမ်းသာခြင်းဟာ ထာဝရချမ်းသာမှု မဟုတ်ဘဲ ယာယီ ချမ်းသာမှု ဖြစ်ပါတယ်။

ချမ်းသာမှုက နှစ်မျိုးရှိတယ်။ ဝေဒယိတသုခနဲ့ ဉာဏသုခ။ ဝေဒနာနဲ့ ခံစားရသော ချမ်းသာ၊ ဉာဏ်နဲ့အာရုံပြု၍ တွေ့သိရသော ချမ်းသာ။ ဝေဒယိတသုခက ယာယီချမ်းသာဖြစ်ပြီး ဉာဏသုခကမှ ထာဝရချမ်းသာဖြစ်ပါတယ်။ ကမ္ဘာဦးကနေ ဒီနေ့ခေတ်အထိ လူသားတွေဟာ ဝေဒယိတသုခ ယာယီချမ်းသာလေး ခံစားနိုင်ဖို့အတွက် စီးပွားဉစ္စာတွေ ရှာဖွေရှန်းကန်ခဲ့ကြရပါတယ်။

## ဖန်ဆင်းရှင်ဝါဒ ဗြဟ္မဏဘာသာ

လူတွေက ဒီဘဝ ယာယီချမ်းသာလေး ခံစားနေကြရာကနေ နောက်တော့ တစ်ဆင့်တက်ပြီး နောင်ဘဝ သံသရာမှာလည်း ချမ်းသာ ချင်ကြသေးတယ်။ ဒါနဲ့ ဘဝသံသရာ နောင်ရေး မျှော်ခေါ်တွေးပြီး တော့ ချမ်းသာနိုးနိုး မျှော်လင့်ကိုးနဲ့ ဒါန သီလ သမထ အလုပ်တွေ လုပ်ကြပြန်တယ်။ အသက်ရှည်ရင်ပဲ ချမ်းသာသလိုလို၊ ရောဂါကင်း ရင်ပဲ ချမ်းသာတော့မှာလိုလို မျှော်လင့်ကိုးပြီးတော့ လုပ်နေကြတာနော်။

ဒါန သီလ ဘာဝနာ အလုပ်ကတော့ ဘုရားပွင့်သည်ဖြစ်စေ၊ မပွင့်သည်ဖြစ်စေ လုပ်နေကြတာပဲ။ ကမ္ဘာဦးကတည်းက ပေးကမ်း စွန့်ကြဲခြင်းဆိုတာ ရှိနေတာပါ။ အမေဖြစ်တဲ့သူက သူ့သားကို နို့တိုက် တာလည်း ပေးကမ်းစွန့်ကြဲတာပဲ။ ခင်ပွန်းသည် အမျိုးသားက ဉစ္စာ ပစ္စည်းတွေ ရှာဖွေပြီး သူ့အမျိုးသမီးကို ပေးလိုက်တာလည်း ဒါန ပါပဲ။ တစ်ဦးနဲ့တစ်ဦး ပေးကမ်းစွန့်ကြဲခြင်းဆိုတာ ဘုရားမပွင့်လည်း ရှိတာပဲ။ ကမ္ဘာဦးကတည်းက ရှိတယ်။ ဒီနေ့ခေတ်မှာလည်း ရှိတယ်။

ကိုယ်ကျင့်တရားအပိုင်းမှာလည်း အရင်ကတည်းက ကျင့်သုံး လာခဲ့ကြတာပါပဲ။ တဖြည်းဖြည်း အတွေးအခေါ်လေးတွေ ပြောင်းလာ တာပဲရှိတယ်။ ချမ်းသာနိုးနိုး မျှော်ကိုးပြီးတော့ သီလတွေ စောင့်စည်း

ကြ၊ သမထတွေပွားကြ။ ရေငုပ်၊ မီးလှုံ၊ တုံးခုန်း ဓယ်ခတ် အမျိုးမျိုး လုပ်လာခဲ့ကြတယ်။

ဘုရားမပွင့်ခင် ပထမဆုံးပေါ်လာတဲ့ ဘာသာက ဗြဟ္မဏ ဘာသာတဲ့။ သူက ဘယ်လို ယုံကြည်သလဲဆိုတော့ ၃၁ ဘုံအားလုံးကို မဟာ ဗြဟ္မာကြီးက ဖန်ဆင်းတယ်လို့ ယုံတယ်။ သတ္တဝါတွေအားလုံး စားဖို့ သောက်ဖို့၊ နေဖို့ထိုင်ဖို့၊ အသက်ရှင်သန် သွားလာလှုပ်ရှားဖို့ မဟာ ဗြဟ္မာကြီးတွေက ဖန်ဆင်းပေးတယ်လို့ ယုံတယ်။ အဲဒါ ကမ္ဘာပေါ်မှာ ပထမဆုံးသော ယုံကြည်ချက်ပဲ။

အရင်တုန်းကတော့ သစ်ပင်၊ တောတောင်၊ ကျောက်တုံး၊ ချိုင့်ဝှမ်းတွေ အားကိုးခဲ့ကြတယ်။ အဲဒီကနေ တစ်ဆင့်တက်ပြီးတော့ တောတောင် သစ်ပင် ချိုင့်ဝှမ်း အင်းအိုင်တွေ တည်တံ့နေတာ။ စားစရာ သောက်စရာ ခူးဆွတ်စရာ သစ်သီးဝလံတွေ မျိုးစုံရှိနေတာ မဟာဗြဟ္မာကြီးက ဖန်ဆင်းပေးလိုက်တာပဲလို့ ယုံလာတယ်။ ဖန်ဆင်းရှင် ဝါဒ ပေါ်လာပြီး မဟာဗြဟ္မာကြီးကို ကိုးကွယ်ရာအဖြစ် သတ်မှတ် လာခဲ့ကြတယ်။

ကမ္ဘာပေါ်မှာ မဟာဗြဟ္မာကြီးကို ကိုးကွယ်တဲ့ ဗြဟ္မဏဘာသာ ဟာ အရင်ဆုံးပေါ်လာတယ်။ ဗြဟ္မာကြီးကို ဘာလို့ကိုးကွယ်တာလဲ မေးရင် ဘေးကင်းချင်လို့၊ ချမ်းသာချင်လို့။ ဘေးကင်းချင် ချမ်းသာ ချင်တာနဲ့ အားကိုးရာရှာရင်း ကိုးကွယ်မှုဖြစ်လာတာပါ။ ဘုရား လက်ထက်တော်က မက္ခလိ ဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပုရာဏကဿပ၊ သဥ္စယ ဗေလဋ္ဌ၊ နိဂဏ္ဌနာဋပုတ္တ စတဲ့ တိတ္ထိ ဆရာကြီး ခြောက်ယောက်ဆိုတာ အဲဒီဗြဟ္မဏဘာသာကို အရင်းခံ ပါတယ်။

ဗြဟ္မဏဝါဒနဲ့ ရေငုပ်၊ မီးလှုံ၊ တုံးခုန်၊ ဓယ်ခတ် လုပ်ပြီး ချမ်းသာရှာခဲ့ကြပါတယ်။ ပေးကမ်းစွန့်ကြဲ အကျင့်သီလ သမထ

ဆိုတာတွေ လုပ်လာခဲ့ကြပါတယ်။ ပုံစံအမျိုးမျိုးနဲ့ ချမ်းသာအောင် လုပ်လာခဲ့ကြတာနော်။

## အကြိုက်တူလို့ ရန်သူဖြစ်

ဘယ်လိုပဲ ဒါန သီလ သမထတွေ ကျင့်သုံးပြီးတော့ ချမ်းသာအောင် လုပ်နေပေမယ့်လည်း ခန္ဓာရလာတဲ့အတွက် အိုရတယ်၊ နာရတယ်၊ သေရတယ်။ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးတွေ တွေ့ပြီးတော့ ဆင်းရဲကြရပါတယ်။

ချမ်းသာချင်လို့ လုပ်နေပေမယ့် ဆင်းရဲနေရတဲ့ သဘောကို တွေးခေါ်ထိုးထွင်းတတ်တဲ့ ဒဿနပညာရှင်တွေက သိလာကြပြီ။ "ပေးကမ်းလို့ ခန္ဓာရ၊ ခန္ဓာရတော့ အိုနာသေ၊ အိုနာသေတော့ ဒုက္ခတွေ့ပြီ။ ဆင်းရဲက မလွတ်သေးပါလား။ ပေးကမ်းတဲ့အကျင့်သက်သက်နဲ့ ချမ်းသာအစစ် မတွေ့နိုင်ဘူး" လို့ သိလာကြတယ်။ "ကိုယ်ကျင့်တရား ကောင်းရုံသက်သက်နဲ့လည်း ချမ်းသာအစစ် မတွေ့နိုင်ဘူး။ သမာဓိကောင်းအောင် တစ်နေရာတည်း အာရုံစူးစိုက်ကြည့်တဲ့ သမထအကျင့်တွေနဲ့လည်း ချမ်းသာအစစ် မတွေ့နိုင်ဘူး" လို့ မြင်လာကြပါတယ်။

တိတ္ထိဆရာကြီးတွေရဲ့ တုံးခုန် ဇယ်ခတ်ဆိုတဲ့ အကျင့်တွေဟာလည်း ချမ်းသာအစစ် မပေးနိုင်ဘူးလို့ သိလာတာပဲ။ လုပ်နေတာကတော့ ချမ်းသာချင်လို့ပါပဲ။ ဗြဟ္မဏဘာသာမှ မဟုတ်ဘူး။ ခရစ်ယာန်၊ အစ္စလာမ်ဘာသာတွေလည်း ချမ်းသာကို ရှာနေကြတယ်။ သူတို့ကိုးကွယ်ရာ ထာဝရ၊ အလ္လာ၊ ခရစ်တော်၊ သားတော်၊ ဝိဉာဉ်တော်တွေကို ယုံကြည်စိတ်ချပြီးတော့ သေလို့ရှိရင် ငါတို့ချမ်းသာမယ်လို့ ယုံနေကြတာနော်။

ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ မြန်မာ၊ မွန်၊ ရခိုင်။ အမေရိကန်၊ ဂျပန်၊ ရုရှား...လူမျိုးတွေ ဘယ်လောက်ပဲ ကွဲပြား ကွဲပြား။ တောတောင် ရေမြေတွေ ဘယ်လောက်ပဲခြား ခြား။ နှစ်ပရိစ္ဆေဒတွေ ဘယ်လောက်ပဲ ဝေ ကွာ ဝေ ကွာ။ တစ်ကမ္ဘာလုံး တူညီတဲ့ဆန္ဒကတော့ ချမ်းသာချင်တာ ဟစ်ခုတည်း ပဲ ရှိပါတယ်။

အမေရိကန်လည်း ချမ်းသာချင်တယ်။ အီရန် အီရတ်တို့လည်း ချမ်းသာချင်တာပဲ။ သူလည်း ချမ်းသာချင်၊ ကိုယ်လည်း ချမ်းသာချင်။ ချမ်းသာမှုကိုလိုချင်တဲ့ အကြိုက်ချင်း တူနေကြတယ်။ အကြိုက်ချင်း တူတော့ ရန်ဖြစ်တော့တာပေါ့။ အရပ်ထဲမှာလည်း အကြိုက်ချင်းတူပြီး ပွစိ ပွစိနဲ့ ရန်ဖြစ်နေတာ မရှိဘူးလား။ ချမ်းသာတာကို အားလုံး ကြိုက်နေကြတာနော်။

## လူတိုင်းလိုချင်တဲ့ ချမ်းသာခြင်း

ချမ်းသာတာကို သဘောကျ ကြိုက်နှစ်သက်ကြလို့ ရှာဖွေနေလိုက်ကြတာ ကြာလှပါပြီ။ လူတွေသာ ချမ်းသာခြင်းကို ရှာဖွေနေတာလား ဆိုတော့ နတ်တွေ၊ ဗြဟ္မာတွေလည်းပဲ သူတို့နည်း သူတို့ဟန်နဲ့ ရှာနေကြတာပဲ။ ဒါပေမဲ့ ဘယ်သူမှ ချမ်းသာစစ် ချမ်းသာမှန်ကို မတွေ့ခဲ့ကြပါဘူး။

ရှာနေလိုက်တာ ဘယ်လောက်ကြာပြီလဲဆိုတော့ မင်္ဂလသုတ်စကားနဲ့ ပြောရရင် "ဒွါဒသဟိ" ၁၂ နှစ်တဲ့။ အမှန်တော့ ၁၂ နှစ် ဘယ်ကမှာလဲ။ ကမ္ဘာဦးကတည်းက ရှာခဲ့ကြတာပဲ။ လူတွေကြံစည်၊ နတ်တွေကြံစည်။ ချမ်းသာအစစ်ကို ရှာဖွေလာလိုက်ကြတာ။ ဘုရားကိုယ်တော်မြတ်ကြီး လောကမှာ ထင်ရှားပွင့်တော်မူလို့ မင်္ဂလာ တရားတော်ကြီး ဟောတော်မူပြီဆိုတော့မှ ချမ်းသာအစစ်ကို တွေ့ကြရတော့တယ်။

မင်္ဂလာဟာ ချမ်းသာအစစ်ဖြစ်တယ်။ မင်္ဂလာအစစ် ချမ်းသာအစစ်ပါပဲ။ ပါဠိလိုပြောတော့ မင်္ဂလာ၊ မြန်မာလိုပြန်လိုက်လို့ရှိရင် ကြီးပွားချမ်းသာကြောင်းတရား၊ ကြီးပွားချမ်းသာခြင်း သဘော ဖြစ်ပါတယ်။ ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ချမ်းသာခြင်း။ ပစ္စုပ္ပန်သံသရာ နှစ်ဖြာ ကြီးပွားချမ်းသာရေးကို မင်္ဂလာလို့ ခေါ်ပါတယ်။

လောကီစည်းစိမ်ဥစ္စာ ရတနာမျိုးစုံတို့ရဲ့ ကြီးပွားချမ်းသာခြင်းကို လောကီမင်္ဂလာ။ တကယ့်ကို ငြိမ်းအေးကြောင်း သစ္စာခမ္မ အသစ်နှယ်ပယ်နဲ့တကွ ငြိမ်းချမ်းသော ဘဝနယ်ပယ် အိုနာသေတို့ရဲ့ လွတ်မြောက်ရာ အစစ်အမှန်ဖြစ်တဲ့ မြတ်နိဗ္ဗာန်နဲ့တကွသော မဂ်ဉာဏ် ဖိုလ်ဉာဏ် တရားတို့သည် လောကုတ္တရာမင်္ဂလာ။ အဲဒီလိုမင်္ဂလာ နှစ်မျိုး ရှိပါတယ်။

လောကအလယ်မှာ ဘုရားရှင်ကိုယ်တော်မြတ် မပွင့်ခင်ကာန်က လောကီမင်္ဂလာကိုပဲ အားကိုနေကြရတယ်။ လောကီမင်္ဂလာအကြောင်းကိုပဲ သိကြတယ်။ လောကီမင်္ဂလာဟာ အစစ်လား၊ အတုလား ဆိုတော့ အတုပဲ။ ထာဝရချမ်းသာတာလား၊ ယာယီချမ်းသာတာလား ဆိုကော ယာယီချမ်းသာတာ။ ဉာဏ်နဲ့တွေ့ရတဲ့ ချမ်းသာတာလား၊ ဝေဒနာနဲ့ ခံစားရတဲ့ ချမ်းသာတာလား ဆိုတော့ ဝေဒနာနဲ့ ခံစားရတဲ့ ချမ်းသာတာလို့ မှတ်ပါ။

သတ္တဝါတွေ အလိုချင်ဆုံးဆန္ဒဖြစ်တဲ့ ချမ်းသာကို ရှာဖွေလာလိုက်ကြတာ ကြာလှပြီနော်။ ဆရာကြီး ဦးရွှေအောင်ရေးတဲ့ "ချမ်းသာကို ရှာဖွေခြင်း" ဆိုတဲ့ စာအုပ်လေးကို ပြန်ဖတ်ကြည့်ပါ။ အခုအနှစ်ချုပ်ပြောပြနေပါတယ်။ နိုင်ငံတိုင်း နိုင်ငံတိုင်း၊ မြို့တိုင်း မြို့တိုင်း၊ ရွာတိုင်း ရွာတိုင်း၊ အိမ်တိုင်း အိမ်တိုင်း၊ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း၊ အလိုအရှိဆုံးသော အရာသည် ချမ်းသာခြင်းပါပဲ။

# မင်္ဂလာနှစ်ဖြာ လိုအပ်စွာ

ပုထုဇဉ်လူသား အများစုက လောကီချမ်းသာကို ရှာဖွေနေကြတယ်။ ဉာဏ်မပြည့်ခင်မှာတော့ လောကီချမ်းသာကိုပဲ ချမ်းသာအစစ်လို့ ထင်ခဲ့ကြပါတယ်။ လောကီချမ်းသာ လောကီမင်္ဂလာတွေက ပြောလို့မကုန်နိုင်ပါဘူး။ ပြောသင့်ပြောထိုက်တာ တချို့ကိုပဲ ပြောပြပါမယ်။ လူသားတွေရဲ့ ဘဝသက်တမ်းက တိုတောင်းလှတဲ့အတွက် အနှစ်အသားပါပါနဲ့ မင်္ဂလာအစစ်ကို တွေ့ဖို့ အရေးကြီးပါတယ်။

လောကအလယ်မှာ ဘုရားရှင်ကိုယ်တော်မြတ် ပွင့်တော်မူတယ်ဆိုတာ ဖန်ဆင်းမှုနဲ့ပွင့်တာ မဟုတ်ပါဘူး။ ခန္ဓာပေါ်မှာ ဉာဏ်ရောက်ပြီး ပွင့်တော်မူလာတာပါ။ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များဟာ ဘုရားစကားနားထောင်ရမယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ရွှေနှုတ်တော်က ပြောတဲ့ မင်္ဂလာစကားမှာ လောကီမင်္ဂလာလည်းပါတယ်။ လောကုတ္တရာမင်္ဂလာလည်း ပါပါတယ်။ မင်္ဂလာနှစ်မျိုးလုံး ကြိုက်ရာရွေးပြီး သုံးဖို့ပါ။

သမုတိကိုလည်း မပယ်ပါနှင့်။ ပရမတ်ကိုလည်း မကွယ်ပါစေနှင့်။ "ငါတို့ တရားအားထုတ်နေတာပဲ" ဆိုပြီး လောကီမင်္ဂလာတွေကို မပယ်လိုက်ပါနှင့်။ လောကီမင်္ဂလာက သမုတိ။ ထွက်မြောက်ရေးအပိုင်း လောကုတ္တရာမင်္ဂလာက ပရမတ်ဖြစ်ပါတယ်။ လောကုတ်လောကီနှစ်မျိုးလုံး အကျိုးမယုတ်ရအောင် ဘုရားပွင့်တော်မူလာခဲ့တာပါ။ ဘုရားကိုယ်တော်မြတ် ဟောကြားခဲ့သမျှ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်၊ ...ဝိနည်း အဘိဓမ္မာ ပိဋကတ်သုံးပုံ အလုံးစုံသော တရားတော်တွေဟာ သတ္တဝါတွေ ဆင်းရဲဖို့မဟုတ်ဘဲ ချမ်းသာဖို့ အတွက်သာ ဖြစ်ပါတယ်။

**ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။**
**ဓမ္မော လောကော သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။**

ဆိုတဲ့အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီး လောကအလယ်မှာ ထင်ရှားပွင့်တော်မူလာတာဟာ သတ္တဝါတွေ ချမ်းသာဖို့ပါ။ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊ လောကီမင်္ဂလာ၊ လောကုတ္တရာ မင်္ဂလာနှစ်မျိုးလုံး ပြည့်စုံရမှာပါ။

လောကထဲမှာနေရင် လောကဝတ်လည်း ကျေပါစေ။ ဘယ်သူမှ အထီးကျန် တစ်ကောင်ကြွက် မဟုတ်ကြပါဘူး။ အားလုံးဟာ အမိအဖ ဆွေမျိုး ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ နေကြရတာ မဟုတ်လား။ ဒီတော့ လောကီမင်္ဂလာဟာလည်း လိုအပ်တာပဲပေါ့။

## သိအောင်လုပ်ပါ ပြီးမှကျင့်ပါ

လောကီမင်္ဂလာ ပြောတဲ့နေရာမှာ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်တော်က ထွက်လာတဲ့ လောကီမင်္ဂလာကိုပဲ ပြောပါမယ်။ ဗြဟ္မဏ အတွေးအခေါ်ကလာတဲ့ လောကီမင်္ဂလာကို ယိုးမယ်ဖွဲ့ပြီး အကျယ်တဝင့် ပြောမှာမဟုတ်ပါဘူး။

ရှင်တော်မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်တော်က မိန့်ကြားတော်မူခဲ့တဲ့ မင်္ဂလာစကားကိုပဲ လူကြီး လူလတ် လူငယ် လူရွယ် အရွယ်သုံးပါး သိနားလည်ပြီးတော့ အသုံးချသွားဖို့ပါ။ နားထောင်ကောင်းရုံ မဟုတ်ဘဲနဲ့ အသုံးချသွားရပါမယ်။ လောကနဲ့ ဆက်ဆံတဲ့နေရာမှာ လောကီမင်္ဂလာကို အသုံးချပါ။ ၃၈ ဖြာမင်္ဂလာတရားတော်သည် အသုံးချပညာ ဖြစ်ပါတယ်။

လောကီမင်္ဂလာ တိုးတက်ချင်ရင် လောကီနယ်ပယ်မှာ သမုတိသစ္စာ၊ လောကီသစ္စာအနေနဲ့ အသုံးချရမယ်။ လောကုတ္တရာမင်္ဂလာအတွက် ပရမတ္ထတရားတွေဟာ အသုံးချပညာရပ် ဖြစ်ပါတယ်။ လောကီအတွက် အသုံးချလို့ရသလို လောကလွန်မြောက်ရေးအတွက်လည်း အသုံးချလို့ရတဲ့ ပညာရပ် ဖြစ်ပါတယ်။

လောကီမင်္ဂလာကို လောကနဲ့ ဆက်ဆံတဲ့နေရာမှာ အသုံးချပါ။ လောကုတ္တရာမင်္ဂလာကို နိဗ္ဗာန်ရောက်ကြောင်း ကြိုးစားအားထုတ်တဲ့ နေရာမှာ အသုံးချပါ။

အားလုံးဟာ လောကကြီးနဲ့ကင်းလို့ မရတဲ့အတွက် လောကီမင်္ဂလာကို လွှတ်လို့မရပါဘူး။ လောကီနယ်ထဲမှာ ချမ်းသာအစစ်ကို မတွေ့နိုင်ကဲ့အတွက်လည်း ချမ်းသာအစစ် တွေ့နိုင်ရာ လောကုတ္တရာ မင်္ဂလာနယ်ကို ရောက်အောင်လည်း သွားရပါမယ်။ လောကအတွင်းမှာ အသုံးချရမည့် ပညာရပ်သည် လောကီမင်္ဂလာ၊ လောကမှ လွန်မြောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းအတွက် ကျင့်စဉ်တရားအနေနဲ့ အသုံးချရမည့် ပညာရပ်သည် လောကုတ္တရာမင်္ဂလာလို့ ကွဲကွဲပြားပြား မှတ်သားခဲ့စေချင်ပါတယ်။

ရှင်တော်မြတ်ဗုဒ္ဓဟာ သစ္စာတရားကို သိမြင်ပြီး ပွင့်တော်မူလာတာဖြစ်လို့ သစ္စာစကားကိုပဲ ပြောပါတယ်။ မြတ်ဗုဒ္ဓရဲ့ သစ္စာစကားကို လေးစားလိုက်နာ နားထောင်တဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ စကားရပ်မှာ ဗုဒ္ဓက ဘုရား၊ ဘာသာက စကား၊ ဝင်က နားထောင်တာ။ ဗုဒ္ဓဘာသာဝင်မှန်ရင် ဘုရားစကား နားထောင်ရပါတယ်။

အခုပြောနေတဲ့ ၃၈ ဖြာမင်္ဂလာတရားတော်သည် ဘုရားပြောသွားတဲ့ စကားတွေပါ။ ဘုရားစကားကို အနေ့င့်အတန်းမြင့်မြင့်နဲ့ နားထောင်နိုင်၊ လိုက်နာနိုင်၊ အသုံးချ ကျင့်ဆောင်နိုင်မှသာ ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ပါတယ်။ ၃၈ ဖြာမင်္ဂလာတရားတော်ကို အသံကောင်းရုံ ရွတ်ရမှာမဟုတ်သလို နားထောင်ကောင်းရုံ နာရမှာလည်း မဟုတ်ပါဘူး။ ဗဟုသုတဖြစ်ရုံလေးလောက် သဘောမထားဘဲနဲ့ သိပြီးတာနဲ့ ကျင့်ရပါမယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားနဲ့ အရိယာသူတော်ကောင်းကြီးတွေ လျှောက်လှမ်း လာခဲ့တဲ့ လမ်းစဉ်က ဝိဇ္ဇာစရဏသမ္ပန္နလမ်းစဉ် ဖြစ်ပါ

တယ်။ ဝိဇ္ဇာ ဆိုတာက သိမှု၊ စရဏ ဆိုတာက ကျင့်မှု။ သိတဲ့အတိုင်း ကျင့်သုံးကြလို့ ဘုရား အရိယာပုဂ္ဂိုလ်တွေ ငြိမ်းချမ်းမှုစစ်စစ် နယ်ပယ်ကို ရောက်ရှိပြီး လောကုတ္တရာမင်္ဂလာကို အပြည့်အဝ ခံစား သွားတော်မူကြတာ ဖြစ်ပါတယ်။

ချမ်းသာအစစ်ကို လိုချင်ရင် ဝိဇ္ဇာစရဏဆိုတဲ့အတိုင်း သိအောင် အရင်လုပ်ရမယ်။ မသိဘဲနဲ့ ရမ်းကျင့်လို့ မရပါဘူး။ သိပြီးရင်လည်း ပစ်မထားဘဲနဲ့ ကျင့်ရမယ်။ လောကီပိုင်းရော လောကုတ္တရာပိုင်းပါ သိရ ကျင့်ရမှာနော်။

တချို့က "ငါတို့ လောကုတ္တရာအလုပ် လုပ်နေတာပဲ" ဆိုပြီး "လောကီ ပယ်မှာပဲ" ပြောတတ်တယ်။ ဘယ်သူမှ ထမင်းမစားဘဲ မနေပါဘူး။ ထမင်းစားတာလည်း လောကီအလုပ်ပဲ၊ အိပ်နေတာလည်း လောကီအလုပ်ပဲ။ စကားပြောတာလည်း လောကီအလုပ်ပဲ။ လောကီ အလုပ်နဲ့ မကင်းနိုင်ရင် လောကီပယ်မှာပဲလို့ မပြောပါနဲ့။ တချို့က "လူက လေ့ကားထစ်၊ ပြောတော့ ဇေကရာဇ်" လုပ်နေတဘ်တယ်။ ကိုယ်လည်း ဘာမှမဟုတ်သေးဘဲနဲ့ တရားကိုလည်း စုံလင်အောင် မလေ့လာဘဲနဲ့ ဝေဖန်တတ်ကြတယ်။

အဲဒီတော့ ဘုရားဟော ၃၈ ဖြာမင်္ဂလာတရားကို ဒီနေ့ နိဒါန်း အစပျိုးနေပါတယ်။ မင်္ဂလာဆိုတဲ့စကားကို မသုံးတတ်ခင်ကတည်းကပဲ လူသားတွေဟာ မင်္ဂလာကို လိုချင်နေကြခဲ့ပြီ။ ကမ္ဘာဦးလူသားတွေက စပြီး လိုချင်နေခဲ့တဲ့ ဒီမင်္ဂလာတရားကို လူတွေ နတ်တွေ တွေးတော ကြံဆနေကြတာ အကြာကြီး။ လောကမှာ ဘုရားမပွင့်မချင်း မင်္ဂလာ ဆိုတာ ဘာပါလိမ့်လို့ ဘယ်သူမှ မသိနိုင်ခဲ့ကြဘူး။ ဘုရားပွင့်တော် မူတဲ့အခါကျမှ နတ်သားတွေ လျှောက်ထားကြလို့ ဟောတော်မူတဲ့ မင်္ဂလာတရားဖြစ်ပါတယ်။ မင်္ဂလာတရား ဖြစ်ပေါ်လာပုံ အခြေခံ နိဒါန်း ဒီလောက်သိရရင် ပြည့်စုံပါပြီ။

# ကြီးပွားချမ်းသာ မင်္ဂလာ

## မင်္ဂလာ အမှတ် (၂)

# မိုက်တော လိမ္မာတော ခိတ်ကြောင့်ပါ

လောကမှာရှိကြတဲ့ သတ္တဝါအနန္တတို့ရဲ့ သဘောတူညီရာ ဆန္ဒတစ်ချက်ရှိတယ်။ အဲဒါကတော့ ဆင်းရဲငြိမ်းအေးချမ်းသာရေးကို အမှန်တကယ် အလိုရှိကြတယ်တဲ့။ ကမ္ဘာဦးကစလို့ ဘုရားရှင် ပွင့်တော်မမူမီကာလကတည်းက ချမ်းသာစစ် ချမ်းသာမှန်ရအောင် ရှာဖွေလာခဲ့ကြတယ်။ ကိုယ်သန်ရာသန်ရာ စွဲရာစွဲရာ လုပ်နည်းလုပ်ဟန်အမျိုးမျိုးနည်းလမ်းအသွယ်သွယ်နဲ့ ကြံစည်လုပ်ကိုင် ရှာဖွေလာခဲ့ကြတာနော်။

လူရော နတ်ရော ဗြဟ္မာရော ၁၂ နှစ်တာကာလလုံး ကြံစည်တွေးတော အဆိုပြုလိုက် ပယ်ချခံရလိုက်နဲ့ ရှာလာလိုက်ကြတာ။ မြတ်စွာဘုရား ထင်ရှားပွင့်တော်မူလို့ ၃၈ ဖြာမင်္ဂလာတရားတော်ကြီးကို ဟောတော်မူလိုက်ပြီဆိုမှ အဖြေမှန်ရကြတော့တယ်။ စစ်မှန်တဲ့ ဆင်းရဲငြိမ်းအေးချမ်းသာရေး လောကီလောကုတ် ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းစားရေး အမှန်အကန် ဖြစ်ပေါ်လာနိုင်တဲ့ မင်္ဂလာတရားတော်ကြီးပါနော်။

၃၈ ဖြာမင်္ဂလာတရားတော် မင်္ဂလသုတ် နံပါတ်တစ်ဂါထာက

**အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။**

**ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ။**

ဘုရားဟောဂါထာတော်ကို ဆရာကြီးဒဂုန်ဦးထွန်းမြင့်က လူငယ် လူလတ် လူကြီး အရွယ်သုံးပါးလုံး မှတ်သားလွယ်အောင်၊ ဆိုလို့ကောင်းအောင် လင်္ကာကလေး သီကုံးပေးထားတာ ရှိပါတယ်။

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့၊ မမှီဝဲနှင့် ကင်းအောင်နေ။
ပညာရှိကို အရှည်တွဲလို့၊ မှီဝဲဆည်းကပ်နည်းယူစေ။
သုံးပါးရတနာ မိဘများနှင့်၊ ဆရာသမားကို ပူဇော်လေ။
ချမ်းသာကိုပေး ဆက်ဆံရေး၊ မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဗုဒ္ဓဘာသာဝင်ဆိုတာ ဘုရားစကား နားထောင်ရမှာနော်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပစ္စုပ္ပန်သံသရာ နှစ်ဖြာ လောကီ လောကုတ် ကြီးပွားချမ်းသာလိုတဲ့ ပုဂ္ဂိုလ်တွေအတွက် နံပါတ်တစ် အနေနဲ့ ဟောတော်မူလိုက်တာက "အသေဝနာစ ဗာလာနံ" တဲ့။ မြန်မာလိုပြောရင် "လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနှင့် ကင်းအောင်နေ" ပေါ့။

လောကမှာ လူမိုက်ရယ် လူလိမ္မာရယ်လို့ ခွဲခြားပြောဆိုနေကြတာ ရှိပါတယ်။ လူမိုက်နဲ့ လူလိမ္မာ ခွဲခြာပုံနဲ့ပတ်သက်ပြီးတော့ ဘုရားကိုယ်တော်မြတ်က ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော်မှာ "မနောပုဗ္ဗင်္ဂမာ ဓမ္မာ" လို့ ဟောထားတာရှိပါတယ်။

စကြဝဠာအနန္တမှာရှိကြတဲ့ သတ္တဝါမှန်သမျှ ခေါင်းခါး ခြေလက် လုံးရပ်သဏ္ဌာန် ပုံဟန်နိမိတ် အင်္ဂါရပ်တွေ စုံစုံလင်လင်ရှိကြတယ်။ အဲဒီသတ္တဝါ အနန္တတွေရဲ့ ကာယကံကြမ်းတမ်းမှု၊ ဝစီကံကြမ်းတမ်းမှု၊ မနောကံကြမ်းတမ်းမှု။ ကာယကံနူးညံ့မှု၊ ဝစီကံနူးညံ့မှု၊ မနောကံ နူးညံ့မှု၊ တစ်နည်းအားဖြင့် မိုက်တယ် လိမ္မာတယ်ဆိုတာ ဘုရားက "စိတ်ကြောင့်ဖြစ်တာ" လို့ မိန့်ထားပါတယ်။

# မွေးပြီးသေရ သတ္တလောက

လောကကြီးထဲမှာ ရှိနေကြတဲ့ သတ္တဝါချင်း အတူတူ လူမိုက်ရယ်၊ လူလိမ္မာရယ်လို့ ကွဲပြားသွားရတာဟာ စိတ်ကြောင့်တဲ့။ အဲဒီလောကကြီးကိုလည်း စိတ်ကဆောင်ထားတာပါ။ "စိတ္တေန နိယတေ လောကော" လို့ ဘုရားဟောပါတယ်။

လောကဆိုတာ "လုဇ္ဇတိ ပလုဇ္ဇတီတိလောကော" ဖြစ်တတ်ပျက်တတ်လို့ လောက၊ မွေးပြီးသေတတ်လို့ လောက၊ သစ်ပြီးရင် ဟောင်းတတ်လို့ လောကတဲ့။ အဲဒါက လောကရဲ့အဓိပ္ပာယ်ပါ။ လောကမှာလည်း သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက လို့ သုံးမျိုးရှိပါတယ်။

သတ္တလောကကို အရင်ပြောရအောင်။ လူရယ် နတ်ရယ် ဗြဟ္မာရယ်၊ အပါယ်လေးဘုံရယ်။ ခေါင်းအမျိုးမျိုးပြောင်းပြီးတော့ ဒါ လူပဲ နတ်ပဲ ဗြဟ္မာပဲ။ ဒါ ခွေးပဲ နွားပဲ ကြက်ပဲ။ ဒါ ပြိတ္တာပဲ ငရဲပဲ တိရစ္ဆာန်ပဲ လို့ ပုံသဏ္ဌာန်ကြည့်ပြီး ရှေးရှေးသော ပုဂ္ဂိုလ်များက သတ်မှတ်ထားတဲ့ အမည်နာမတွေ ရှိပါတယ်။ ဒါက သုဂတိ၊ ဒါက ဒုဂ္ဂတိ လို့လည်း ခွဲခြားထားတယ်။ အားလုံးသော လူသားတွေဟာ သုဂတိထဲမှာ ပါပါတယ်။

သတ္တဝါတွေဟာ သုဂတိသံသရာ ဒုဂ္ဂတိသံသရာဆိုပြီး အိုနာသေနဲ့ သံသရာလည်နေကြရကာပါ။ သုဂတိထဲက လူရယ်လို့ ဖြစ်လာရင်လည်း တစ်နေ့တစ်ချိန်ကျရင် မွေးပြီး သေရမှာပါပဲ။ နတ်ခန္ဓာ ဖြစ်ရင်လည်း အချိန်တန် မွေးပြီး သေရမှာပါပဲ။ ဗြဟ္မာခန္ဓာလည်း အတူတူ၊ အပါယ်ခန္ဓာလည်း အတူတူ။ မွေးပြီးရင် သေရတာ ခန္ဓာလမ်းစဉ်မဟုတ်လား။ အဲဒီလို မွေးပြီး သေရတာ သတ္တလောက လို့ မှတ်ပါ။

## ဖြစ်ပြီးပျက်တာ လောကပါ

အဲဒီသတ္တဝါတွေ မှီတင်းနေထိုင်ကြတဲ့ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော။ ရေမြေလေမီး ဓာတ်ကြီးလေးပါး။ တော တောင် သစ်ပင် ချိုင့်ဝှမ်း။ အိုးအိမ် တိုက်တာ ကား။ စိန် ရွှေ ငွေ အဝတ် အထည် အသုံးအဆောင် စားဖွယ်သောက်ဖွယ်ရာ စတဲ့ အရာအားလုံး ဟာ ဩကာသလောက ဖြစ်ပါတယ်။

သတ္တဝါဆိုတဲ့ သတ္တလောကသားတွေ မှီတင်းနေထိုင်ကြတဲ့ ဩကာသလောကကြီး ဟာလည်း မတည်မြဲပါဘူး။ သစ်ပြီးရင် ဟောင်း ရတယ်၊ တက်ပြီးရင် ကျရတယ်။ ရာထူးဂုဏ်သိန် ဥစ္စာ ရွှေငွေ အိုးအိမ်တိုက်တာ ယာဉ်ရထား ပစ္စည်းအားလုံးတို့ဟာ သစ်ရာကနေ ဟောင်း၊ ပြောင်းလဲမှုဖြစ်နေကြရတယ်။ အဲဒါ ဩကာသလောကပါပဲ။ အင်္ကျီအသစ်တစ်ထည် ဘယ်လောက်ပဲ ခေတ်မီတယ်ပြောပြော၊ နောင် တစ်ချိန်မှာ Model အောက်သွားတယ်နော်။

သတ္တလောကလည်း မတည်မြဲဘူး။ ဩကာသလောကလည်း မတည်မြဲပါဘူး။ သင်္ခါရလောကကို ကြည့်ကြပါဦးစို့။ ယခု တရားဟော တရားနာနေတာ ခန္ဓာငါးပါးပါ။ အဲဒီခန္ဓာငါးပါးက ပစ္စုပ္ပန်ခန္ဓာ ငါးပါး။ ပဋိစ္စသမုပ္ပာဒ် (၂) အကွက်မှာပါတဲ့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ်ပါတယ်။ အကျဉ်းချုပ်အားဖြင့် ရုပ်နဲ့နာမ်။ အဲဒီရုပ်နဲ့ နာမ်ဟာ အကြောင်းတရားရဲ့ ပြုပြင်တာ ခံရတဲ့အတွက် သင်္ခါရတရားဖြစ်ပါတယ်။

"သင်္ခါရေ သဿတာ နတ္ထိ" ဆိုတဲ့အတိုင်း သင်္ခါရတရား မှန်ရင် ခိုင်မြဲတယ်လို့ မရှိပါဘူး။ ခန္ဓာကိုယ်ထဲမှာ ပေါ်လာတဲ့ တရား မှန်သမျှ သင်္ခါရတရား ဖြစ်ပါတယ်။ ယားတာ၊ အောင့်တာ၊ ကျင်တာ၊ နာတာ၊ ကိုက်တာခဲတာ။ ပေါ်လာတဲ့တရားမှန်ရင် သင်္ခါရတရားပါပဲ။

သူများပြုပြင်လို့ ပေါ်လာတာဖြစ်တဲ့အတွက် သင်္ခါရတရားတွေ ဖြစ်ပါတယ်။

သတ္တဝါတွေအားလုံးဟာ ခန္ဓာကိုယ်ကြီးကို အလိုလိုရလာတာ မဟုတ်ပါဘူး။ ပြုပြင်မှုကြောင့် ရလာတာဖြစ်ပါတယ်။ ဒါကြောင့် သင်္ခါရလို့ ခေါ်ပါတယ်။ သင်္ခါရဆိုတဲ့ ခန္ဓာကိုယ်ကြီးမှာ ဘယ်လို ဓမ္မမျိုးပဲ ပေါ်လာ ပေါ်လာ ဖြစ်ပြီးရင် တည်မနေဘဲ ပျက်သွားတာပဲ။

ဒါကြောင့် ဖြစ်ပြီးရင်ပျက်တတ်လို့ လောက။ ပြုပြင်လို့ ပေါ်လာတာက သင်္ခါရ။ ပြုပြင်ပြီးလို့ ပေါ်လာတာက သင်္ခါရ၊ ပျက်သွားတာက လောက။ အဲဒါ သင်္ခါရလောကဖြစ်ပါတယ်။ ဖြစ်ပျက်ကို မြင်ရင် သင်္ခါရလောကိုမြင်ပါတယ်။

## စွန့်ပစ်ခွဲခွာ မမြဲပါ

အားလုံးသော ပုဂ္ဂိုလ်တွေဟာ ဘယ်လောက်ပဲစုစု၊ ဘယ်လောက်ပဲ ရှာဖွေ ရှာဖွေ။ နောက်ဆုံးတော့ ပစ္စည်းဥစ္စာတွေ အကုန်လုံးကို ထားခဲ့ရတာပါပဲ။ ရာထူးဂုဏ်သိန်ဆိုတာလည်း သေကွဲကွဲရင်ကွဲ၊ ရှင်ကွဲ ကွဲရင်ကွဲ။ သူက ကိုယ့်ကို ပြစ်ရင်ပြစ်။ ကိုယ်က သူ့ကို ပြစ်ရင်ပြစ်။ အချိန်တန်တော့ ခွဲကြရတာပါပဲ။

သူက ကိုယ့်ကိုခွဲရင်ခွဲ၊ မခွဲရင် ကိုယ်က သူ့ကိုခွဲရမယ်။ သူနဲ့ ကိုယ် ဆိုတာက "စွန့်သူစွန့်ခံ အပြန်အလှန်" ပါပဲ။ သူက ကိုယ့်ကိုစွန့်သွားရင် ကိုယ်က အစွန့်ခံ။ ကိုယ်က သူ့ကိုစွန့်သွားရင် သူက အစွန့်ခံ။ သူက ဦးလိုက်၊ ကိုယ်ကဦးလိုက်။ လူက ဦးလိုက်၊ ပစ္စည်းက ဦးလိုက်။ သက်ရှိက ဦးလိုက်၊ သက်မဲ့က ဦးလိုက်။ တစ်ဦးနဲ့တစ်ဦး စွန့်သူစွန့်ခံ အပြန်အလှန် ကျင်လည်နေကြရပါတယ်။

မိမိတို့ရဲ့ ပတ်ဝန်းကျင်ကိုပဲ ကြည့်လိုက်ပါ။ တချို့များ တိုက်ကြီး

တွေ ဆောက်ထားလိုက်ကြတာ။ သုံးထပ် လေးထပ်။ ဒါပေမဲ့ တိုက်သစ်တက်ကလေးတောင် မလုပ်လိုက်ရဘူး။ နာမကျန်းဖြစ်သွားတော့ ကိုယ်ဆောက်တဲ့တိုက်ပေါ်မှာ နေလိုက်ရသေးရဲ့လား။ ရောဂါဝေဒနာ ဖြစ်ပြီဆိုရင် ပစ္စည်းကို လူက စွန့်လိုက်တော့တာပဲ။ ဒါ ပတ်ဝန်းကျင်က တရားပြနေတာပါ။

ပုဂ္ဂိုလ်ဆိုတဲ့ သတ္တလောကကလည်း တရားပြတယ်။ သူပိုင်ဆိုင်ထားတဲ့ ပစ္စည်းဥစ္စာဆိုတဲ့ ဩကာသလောကကလည်း တရားပြနေပါတယ်။ ဒါကြောင့် လောကကြီးကို ဆရာတင်နိုင်ရင် မြန်မြန်တရားထူးရမယ်။ တရားထူး မြန်မြန်ရချင်ရင် လောကကြီးကို ဆရာတင်လိုက်ပါ။

လောကကြီးထဲက ကောင်းတာနဲ့တွေ့ရင်လည်း ဆရာကောင်း၊ ဆိုးဟာနဲ့တွေ့ရင်လည်း ဆရာတင်။ မကောင်းတာနဲ့တွေ့တော့ "ဪ ဒီလိုမကောင်းတဲ့သဘောမျိုး မသက်ရောက်အောင်လို့ ငါ အထူးရှောင်မယ်" လို့ ပညာယူလိုက်စမ်းပါ။ ကောင်းတာနဲ့တွေ့ရင်လည်း "ဪ ဒီလုပ်ငန်းကြီးကတော့ အတ္တဟိတ ပရဟိတ၊ ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းစားရေး၊ မိမိ သူတစ်ပါး နှစ်ဦးသား တကယ်အကျိုးရှိတဲ့ လုပ်ငန်းကြီးပါလားကွယ်။ တကယ်ကောင်းတဲ့အလုပ်ပဲ။ ဒီအလုပ်မျိုး ငါလည်းပဲ ကြိုးစားမယ်" ဆိုပြီးတော့ အတုယူလိုက်စမ်းပါ။

ဩကာသလောကဆိုတဲ့ ပစ္စည်းဥစ္စာ ရတနာရွှေငွေတွေဟာလည်း အချိန်တန်ရင် ထားခဲ့ရ ပစ်ခဲ့ရ စွန့်ခဲ့ရမှာ။ သူကစွန့်ရင် စွန့်၊ မစွန့်ရင် ကိုယ်က စွန့်ရမှာ။ ဘယ်အရာမှ မမြဲပါဘူး။ ဥစ္စာပစ္စည်းအကြောင်းပြုရင်နဲ့ လူလူချင်း "နင်ဘာလဲ၊ ငါဘာလဲ" ကဏှာမာနဒိဋ္ဌိတွေ အပြိုင်ကြဲလို့ မာနတွေထောင်ရင်နဲ့ပဲ သေသွားကြတာနော်။ ပစ္စည်းဆိုတာ သင်ပြီးရင် ဟောင်းသွားမှာပဲ။ ဟောင်းနွမ်းနေတဲ့ ပစ္စည်းအစုတ်အပြတ် အပုံတွေကြည့်ပြီးတော့ သံဝေဂဉာဏ် ယူတတ်ရမယ်။

ကိုယ်က ဘယ်လောက်ပဲ ငွေ [illegible] နဲ့ [illegible]ခဲဖွေခဲပေမယ့်

နောက်ဆုံးတော့ သူနဲ့ကိုယ် အပြန်အလှန် စွန့်ခဲ့ကြရတာပဲ။ ဘယ်ဟာမှ မမြဲပါလားလို့ သြကာသလောကကြီးကို ကြည့်ပြီး သံဝေဂဉာဏ် ရပါစေ။

## ပါရမီနှိုးဆော်က တားမရ

ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားလေးကို "စကြဝတေးမင်း ဖြစ်မယ်၊ ဘုရားဖြစ်မယ်" လို့ ဗေဒင်ဆရာ ပုဏ္ဏားတွေက လက်နှစ်ချောင်းထောင်ပြီး ဟောတယ်။ အဲဒါ ခမည်းတော် သုဒ္ဓေါဓန ဘုရင်ကြီးက သူ့သား ထက်ထက်မြက်မြက်ကလေးမို့ ထူးထူးချွန်ချွန် ဖြစ်မယ်ဆိုတာတော့ ယုံတယ်။ ဒါပေမဲ့ ဘုရားဆိုတာ တစ်ခါမှ မကြားဖူးတော့ ဘာမှန်းမသိဘူး။ သူတို့ခေတ်မှာ ခေတ်စားနေတာက တစ်လောကလုံးကို လွှမ်းမိုးအုပ်ချုပ်နိုင်တဲ့ စကြဝတေးမင်းတဲ့။ အဲဒီ စကြဝတေးမင်းကိုတော့ ဘုရင်ကြီးက သိတယ်။

စကြဝတေးမင်းရဲ့ ပိုင်စိုးမှု ဩဇာအာဏာက သိပ်ကြီးမားတော့ ဘုရင်ကြီးက ပုထုဇဉ်သဘာဝအတိုင်း သူ့သားကို စကြဝတေးမင်းပဲ ဖြစ်စေချင်တယ်။ သူနားမလည်တဲ့ ဘုရားဆိုတာကြီး မဖြစ်စေချင်ဘူး တဲ့။ သားက စကြဝတေးမင်းဖြစ်ရင် သူက စကြဝတေးမင်းရဲ့ အဖေ ဆိုပြီး လောကအလယ်မှာ နေရထိုင်ရတာ ဂုဏ်ရှိမယ်၊ အားလုံးအပေါ် မှာ ဩဇာညောင်းမယ်၊ အားလုံးကို လွှမ်းမိုးအုပ်ချုပ်နိုင်မယ် လို့ တွေးတာနေ၁။

သံသရာမှ လွတ်မြောက်ငြိမ်းအေးကြောင်း တရားတွေကို ညွှန်ပြ ဆုံးမည့် ဘုရားအဖြစ်ဆိုတာကို သူက ကြားတောင် မကြားဖူးဘူး။ ဘုရားရဲ့ မြင့်မြတ်ပုံ၊ ဘုန်းကံပါရမီ ကြီးမားပုံ၊ ပရဟိတစိတ်ဓာတ် ကြီးမားပုံ၊ ကိုယ်ကျိုးစွန့်လွှတ်ပုံတွေကို နားမလည်ဘူး။ သူသိထားတာ

က လောကီအသိမို့ လောကီလောက်ပဲ သာယာတတ်တယ်။ အလွန်အင်မတန် ထက်မြက်တဲ့ သူ့သားကို စကြဝတေးမင်းပဲ ဖြစ်စေချင်တယ်။

ကိုယ့်မှာ ထက်ထက်မြက်မြက် သားလေးတစ်ယောက် မွေးထားတယ် ဆိုပါတို့။ သားလေးက ဆယ်တန်းနှစ်ချင်းပေါက် D ငါးလုံးရပြီး အမှတ်ကောင်းကောင်းနဲ့ အောင်ထားတယ်။ လိမ္မာရေးခြားလည်းရှိ၊ မောင်နှမချင်းလည်း သင့်မြတ်၊ မိဘကိုလည်း ကူညီ၊ ယဉ်ယဉ်ကျေးကျေး၊ ဘာသာရေးလည်း ကိုင်းရှိုင်း၊ လိမ္မာပါးနပ် ဉာဏ်ရည်ဉာဏ်သွေးကလည်း ထက်မြက်သွက်လက်။ အဲဒီသားလေးကို ဆရာဝန်ကြီး ဖြစ်စေချင်လား၊ ဘုန်းကြီးဝတ်စေချင်လား။

တကယ်လို့ ကိုယ့်သားက ဆယ်တန်းတဘုံးဘုံးကျ၊ ပြောမရဆိုမရ၊ ခိုင်းမရ စေမရ၊ အိမ်မှာလည်း ဘယ်သူနဲ့မှမတည့်၊ တစ်နေကုန်လျှောက်လည်၊ စားချိန်ရောက်မှ အိမ်သတိရ၊ ဒါတောင် ဟင်းမကောင်းရင် ဆူညံ ဆူညံလုပ်တဲ့ကောင်မျိုး ဖြစ်နေရင်တော့ "နင် ဒီလောက်ဖျင်းတာ ဘုန်းကြီးသွားဝတ်ချေ" ဟုတ်လား။

အဲဒီလို လူပျင်းလူဖျင်းတွေချည်းသာ သာသနာတော်မှာ စုနေပြီဆိုလို့ကတော့ ခုလို တရားနာခွင့် မရတော့ဘူးလို့ မှတ်ပါ။ "သာသနံ ပုညဝန္တသ္သ၊ ပုညဝန္တာဝ လဗ္ဘရေ" ဆိုတဲ့အတိုင်း သာသနာပြုနိုင်တယ်ဆိုတာ ရှေးဘုန်းကံ ပါရမီ ကံ ဉာဏ် ဝီရိယ တည့်နိုင်တဲ့သူတွေမှ ဖြစ်တာနော်။ အူတူတူ အတာတာ ထုံထိုင်းထိုင်း ပုဂ္ဂိုလ်က ဘယ်လိုလုပ်ပြီး အများအကျိုး သယ်ပိုးနိုင်တဲ့ ခေါင်းဆောင်ကောင်းဖြစ်လာနိုင်မှာလဲ။ ဒီလို လူဖျင်း လူနုံတွေ ရောက်လာရင် သာသနာကွယ်ဖို့သာ ရှိတော့မှာပေါ့။ တချို့က သဒ္ဓါတရား တကယ်မရှိဘဲ အရက်ဖြတ်၊ ဖိုးဖြတ် လုပ်မစားဘဲ မယားကလက်မခံ၊ ရည်စားနဲ့ကွဲလို့ အမျိုးမျိုးသော အကြောင်းပြချက်နဲ့ သာသနာ့ဘောင်ကို ဝင်

ရောက်လာပြီး သာသနာတွင်းမှာ ပရိယတ် ပဋိပတ်အလုပ်တွေကို ဘာတစ်ခုမှမလုပ်ဘဲ အမြတ်ဆုံးသော သာသနာကို ဒုက္ခသည်စခန်း လို့ မှတ်ယူနေကြတာဟာ အနာဂတ် သာသနာအတွက် အလွန် ဝမ်းနည်းဖွယ်ရာအချက်ပါပဲ။ မြတ်စွာဗုဒ္ဓသာသနာတော်ကို ဒီလို သဘောမထားကြပါနဲ့။

အခုလည်း သိဒ္ဓတ္ထမင်းသားကို ဘုရားဖြစ်မှာစိုးလို့၊ တောထွက် မှာစိုးလို့ သုဒ္ဓေါဒနဘုရင်ကြီးက အကျအနထားတယ်။ ရမ္မ၊ သုဘ၊ သုရမ္မ ဆိုတဲ့ နွေ မိုး ဆောင်း ရာသီအလိုက် စံနန်းတော်ကြီး သုံး ဆောင်မှာ ပျော်အောင်ထားတာ။ သူ့သားနားမှာ အချောအလှ အနုအရွ တွေပဲ ထားတယ်။ သိပ်အသက်ကြီးတာတွေ အနားမကပ်စေဘူး။ သူ့သား သံဝေဂရပြီး တောထွက်သွားမှာစိုးလို့တဲ့။ ၁၆ နှစ်သားနဲ့ အိမ်ထောင်ချပေးလိုက်တာပဲ ကြည့်လေ။

ဒါပေမဲ့ ပါရမီက နှိုးဆော်လာပြီဆိုတော့ နန်းဆောင်ကြီးတွေ ဘယ်လောက်ကောင်းကောင်း၊ တံခါးကြီးတွေ ဘယ်လိုပဲ ပိတ်ထား ပိတ်ထား။ နောက်ဆုံးမှာ နိမိတ်ကြီးလေးပါးမြင်ပြီး တောထွက်တာပဲ မဟုတ်လား။

## အိုနာသေမြင် တောထွက်ချင်

အလောင်းတော် သိဒ္ဓတ္ထမင်းသား မြင်းရထားနဲ့ ဥယျာဉ်ကို ထွက်တော့ လမ်းမှာ လူအိုကြီးတစ်ယောက်နဲ့ တွေ့တယ်။ အလောင်း တော် မင်းသားက သူ့တစ်သက်လုံး ဒီလို အအိုကြီးကို တစ်ခါမှ မမြင်ဖူးဘူး။ ဒါနဲ့ ရထားမောင်းသမားကို “ဒါ ဘာကြီးလဲ” လို့ မေးတာပေါ့။ ရထားမောင်းသမားက “အအိုလို့ခေါ်တယ် ကိုယ်တော်” လို့ ဖြေလိုက်တယ်။

ဥယျာဉ် တောကစားထွက်ရင်းနဲ့ အအိုကြီးကို မြင်လိုက်ရတော့ အလောင်းတော်မင်းသား ထိတ်ထိတ်ပျာပျာ ဖြစ်သွားတာ။ "ဒါ အအို လား။ ငါလည်း အဲဒီလို အိုရမှာပဲလား" "အိုရမှာပေါ့ ကိုယ်တော်" "ငါ မအိုချင်ဘူး" တဲ့။ မအိုချင်လည်း အိုရမှာပဲနော်။ အိုရတယ်ဆိုတာ ခန္ဓာရဲ့လမ်းစဉ် မဟုတ်လား။

နောက်တစ်ခါ အနာရောဂါတွေစွဲပြီး လူးလိမ့်ကုတ်ဖွဲ့နေတဲ့ သူနာဆိုတာနဲ့ တွေ့တယ်။ "ဒါဘာလဲ" "အနာခေါ်တယ် ကိုယ်တော်" "ငါကော အဲဒီလို နာရမှာလား" "နာရမှာပေါ့ ကိုယ်တော်" ရထားမောင်းသမားက အမှန်အတိုင်း ပြောပြတယ်။ ဘုရားအလောင်းက "ငါ မနာချင်ဘူး" တဲ့။ ခန္ဓာရှိနေမှတော့ မအိုချင်လည်း အိုရမှာပဲ။ "မနာချင်လည်း နာရမှာပဲ" ဒါ ခန္ဓာရဲ့လမ်းစဉ်ပဲ။

ခန္ဓာကိုရလာမှတော့ အိုရ နာရမှာပဲပေါ့။ ငါးကြိုက်ရင် အရိုးကြောက်နေလို့ မဖြစ်ဘူး။ လူ့ဘဝရပါစေ၊ နတ်ဘဝရပါစေနဲ့ ခန္ဓာကို ကျတော့ အကြိမ်ကြိမ်လိုချင်နေပြီး အိုရ နာရမှာကျတော့ မလိုချင်မနာလို့ မဖြစ်ဘူးလေ။ တို့တစ်တွေက ခန္ဓာသာ လိုချင်တာ။ အိုရ နာရမှာကျတော့ ကြောက်တယ်။ ငါတော့ ကြိုက်တယ်၊ ဒါပေမဲ့ အရိုး ကြောက်နေကြတာနော်။

နောက်တစ်ခါ ရှေ့ဆက်သွားတော့ ဖူးဖူးရောင်နေတဲ့ လူသေကြီးနဲ့ တွေ့တယ်။ "ဒါ ဘာကြီးလဲ" "အသေလို့ခေါ်တယ် ကိုယ်တော်" "ဟာ ငါလည်း ဒီလိုကြုံရမှာလား" "ကြုံရမှာပေါ့ ကိုယ်တော်" "ငါတော့ မကြုံချင်ပါဘူးကွာ" "မကြုံချင်လို့ မရဘူး ကိုယ်တော်၊ ဒါ ခန္ဓာ့လမ်းစဉ်ပဲ" ဟုတ်လား။

ဘုရားအလောင်းတော်မင်းသားဟာ အိုနာသေ သတ္တလောကကြီးကို မြင်ပြီးတော့ သံဝေဂဉာဏ် ရသွားတယ်။ သိဒ္ဓတ္ထမင်းသားရဲ့ နှလုံးသားထဲမှာ သံဝေဂဉာဏ် ကိန်းသွားတယ်။ တို့တစ်တွေလည်း

အရပ်ထဲမှာ အအို အနာ အသေကြီးတွေ တွေ့ဖူးကြတာပဲပေါ့။ ဒါပေမဲ့ "အိုနာသေ အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားပါတော့မယ်" လို့ သံဝေဂဉာဏ် ရဖူးကြပါရဲ့လား"

"ခါးကကိုင်း၊ နားကထိုင်း၊ ပါးရေ နားရေတွန့်ပြီး မျက်စိကမှုန်၊ သွားတွေက ကြွေ။ သူများပြုစုပေးမှ စားနိုင်သောက်နိုင်တဲ့ဘဝ။ အိုရတာ ဒုက္ခပါလား" လို့ သံဝေဂဉာဏ် ရတာလား။ "ဩော်... အိုဇာတာကောင်းလိုက်တာ၊ သားသမီးတွေကလည်း ပြုစုဖော်ရလိုက်တာ။ ဒီလို သားလိမ္မာ သမီးလိမ္မာတွေနဲ့ နေရမယ်ဆိုရင် အသက်ရှည်ချင်စမ်းပါဘိ" လို့ ဆုတောင်းနေတာလား။

အသက်ရှည်ရင် အိုရမှာပဲ၊ အအိုဒုက္ခမတွေ့ချင်ရင် ငယ်ငယ်နဲ့သေလိုက်ပေါ့။ မအိုချင်ရင် မိခင်ဝမ်းကြာတိုက်က ထွက်လာကတည်းက သေလိုက်ရင် အအိုကြီးလို့ ပြောစရာမလိုတော့ဘူးနော်။ တို့တစ်တွေက လူသာအိုမယ်၊ တဏှာမအိုဘူးဆိုတာတွေ အများကြီးပဲ။ သံဝေဂဉာဏ်ရဖို့ ဝေးလို့။

အရပ်ထဲမှာ နာတဲ့လူလည်း တွေ့ဖူးမှာပဲ။ လူမမာတွေ့တဲ့အခါ "ငါတော့ အနာမဦးခင် တရားဉာဏ်ဦးအောင် ကြိုးစားတော့မယ်" လို့ သံဝေဂဉာဏ် ဖြစ်ဖူးပါရဲ့လား။ အရပ်ထဲမှာ သေတဲ့မသာ တွေ့ပြီဆိုတော့ "သူကတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရတယ်။ ကဲ... အသေမဦးခင် ဉာဏ်ဦးအောင် ကြိုးစားပါတော့မယ်"လို့ စိတ်ကူးများပေါ်ပါရဲ့လား။ ဘုရားအလောင်းတော်မင်းသားကတော့ အဲဒီ အအို အနာ အသေတွေမြင်လို့ သံဝေဂဉာဏ်ရပြီး တောထွက်တော်မူခဲ့တယ်။ နောက်ဆုံးမှာ လောကအားလုံးကို သိမြင်တဲ့ ဘုရားရှင်အဖြစ်ကို ရောက်တော်မူခဲ့တာနော်။

# ခန္ဓာထဲမှာ လောကပါ

အရပ်ထဲမှာ မအိုချင်လည်း အိုရ၊ မနာချင်လည်း နာရ၊ မသေချင်လည်း သေရတာတွေ ရှိတယ်နော်။ အိုရ နာရ သေရတာ သတ္တလောကပဲ။ အိုရ နာရ သေရတာ ချမ်းသာသလား၊ ဆင်းရဲသလား။ "ဆင်းရဲတာ ဒုက္ခ" မှန်တာက သစ္စာ။ ခန္ဓာကြီးက ဒုက္ခသစ္စာ ဖြစ်နေပါတယ်။

"ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော" ဆိုတဲ့ စကားနဲ့အညီ ချစ်ခင်နှစ်သက်လျက် သားသမီး ဆွေမျိုး ပစ္စည်းဥစ္စာ သက်ရှိသက်မဲ့ အရာပစ္စည်းတွေနဲ့ ခွဲခွာရတာ ဆင်းရဲလှပါတယ်။ အဲဒီအရာဝတ္ထုတွေ အားလုံးဟာ သြကာသလောကကြီးပါပဲ။

သားတွေနဲ့ ခွဲရတော့မှာ၊ သမီးတွေနဲ့ ခွဲရတော့မှာ။ ငါရှာဖွေထားတဲ့ ပစ္စည်းဥစ္စာတွေနဲ့ ခွဲရတော့မှာဆိုတော့ ဒီသြကာသလောကကြီးနဲ့ ကြုံရတာ ဆင်းရဲလိုက်တာ။ ဒီသြကာသလောကဖြစ်တဲ့ ရွှေငွေ တိုက်တာ အိုးအိမ်တွေရဖို့ ရှာဖွေခဲ့တုန်းကလည်း လောဘ ဒေါသ မောဟတွေနဲ့ ရှာခဲ့ရတယ်။ အဲဒီလို လောဘ ဒေါသ မောဟတွေနဲ့ ရင်းနှီးပြီး ရှာခဲ့ရတာလည်း ဆင်းရဲတာပါပဲ။

ဆင်းရဲတယ်ဆိုဦးတော့၊ လူ့လောက ကံမျက်လုံးနဲ့ ကြည့်တဲ့ အခါမှာ ထာဝရချမ်းသာရယ်လို့ ထင်ခဲ့ကြတယ်။ အဲဒီလို ထာဝရ ချမ်းသာလို့ ထင်နေရင်း အရသာခံနေတုန်းမှာပဲ ဖြုန်းဆို လောကီ ဥစ္စာရတနာများနဲ့ သားသမီးများက ကိုယ့်ကို ခွဲသွားကြပြန်ရော။ သူက ကိုယ့်ကို ခွဲရင်ခွဲ၊ သူက မခွဲရင် ကိုယ်ကခွဲရမှာ။ အရာအားလုံးဟာ အနတ္တချည်းပါပဲ။ ညှော်သည်ကို အိမ်ရှင်မမှတ်ပါနဲ့။ ဒါကြောင့် ကျေးရူးတော်ရှင် မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက

"ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။
တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။
ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာသွားရမည့်"

လို့ မိန့်တော်မူခဲ့တာပေါ့။

ရလာတဲ့ ဥစ္စာမှန်ရင် ဘယ်ဟာမလိုချင်ဘူး၊ ဘယ်ဟာတော့ဖြင့် မချစ်မခင်ဘူးရယ်လို့များ ရှိပါရဲ့လား။ ရသမျှ အစုတ် အကောင်း သောင်းပြောင်းမရွေး အဟောင်းအနွမ်းပါမကျန် ခင်မင်စွဲလမ်း ထွေးပိုက်ထားလိုက်ကြတာချည်းပါပဲ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး ရရှိတော်မူထားတဲ့ ဂုဏ်တော် ကိုးပါးထဲမှာ "လောကဝိဒူ ဂုဏ်တော်ဆိုတာ ပါတယ်။

"**လောကဝိဒူ=သတ္တ ဩကာ၊ သင်္ခါရဟု၊ လောကသုံးပုံ၊ အလုံး စုံကို၊ အာရုံထင်စွာ၊ ပိုင်းခြားကာဖြင့်၊ ကောင်းစွာကုန်စင်၊ သိမြင်တော်** မူသော အကြောင်းကြောင့်၊ လောကဝိဒူ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ **အံ့ချီး၍မကုန်၊ ပြဟ္မာဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြား ထင်ရှားတော် မူပါပေသည်တကား**"

ဘုရားရှင်ကိုယ်တော်မြတ် လောကဝိဒူဂုဏ်ပုဒ်ကြီး ရခဲ့တာ၊ လောကဝိဒူဂုဏ်တော်ရှင် မြတ်ဗုဒ္ဓရယ်လို့ လောကကြီးက အသိအမှတ် ပြုတာဟာ လောကကြီးအကြောင်းကို တကယ်သိလို့ပါပဲ။ တို့တစ်တွေ လောကအကြောင်းသိချင်ရင် ခန္ဓာကို လေ့လာကြပါ။ ခန္ဓာကိုယ်ထဲမှာ လောကသုံးပါးလုံး ရှိပါတယ်။

လူရယ် နတ်ရယ် ဗြဟ္မာရယ်ဆိုတဲ့ သတ္တလောက။ ဝတ်စား တန်ဆာ ပြင်ဆင်ထားတာက ဩကာသလောက။ ခန္ဓာကိုယ်ထဲက ယားလိုက်၊ နာလိုက်၊ ကျင်လိုက်၊ ကိုက်ခဲလိုက်နဲ့ ဖောက်ပြန်နေတာက သင်္ခါရလောက။ အဲဒီလောကသုံးမျိုးလုံး မိမိတို့ခန္ဓာထဲမှာ စုနေတယ်။

လောကသုံးမျိုးလုံး ခန္ဓာထဲမှာ အစုံအလင်ရှိနေတယ်လို့ သဘောကျစေချင်ပါတယ်။

## ခန္ဓာအကြောင်းမသိတော့ မိုက်နေကြ

ဟောဒီခန္ဓာကိုယ်ကြီးဆိုတာကတော့ အတိတ်တုန်းကလည်း ဒီလိုခန္ဓာမျိုး ရခဲ့တာပါပဲ။ ခန္ဓာရလာတယ်ဆိုမှတော့ အိုနာသေပွဲတွေ ကိုယ်တိုင်နွှဲခဲ့ရတာပါပဲ။ အိုနာသေပွဲတွေ ခွဲရတာ ဆင်းရဲလှပါတယ်။ ဆင်းရဲတာ ဒုက္ခ၊ မှန်တာက သစ္စာ ဖြစ်ပါတယ်။ ခန္ဓာကိုယ်ကြီးဟာ ဒုက္ခသစ္စာ အစစ်ပါပဲ။

ခန္ဓာကိုယ်ကြီး ရလာပြီဆိုမှတော့ အိုရ နာရ သေရမှာပေါ့။ ဒါပေမဲ့ "ဘယ်ခန္ဓာပဲရရ အိုခြင်းဆိုး နာခြင်းဆိုး သေခြင်းဆိုးနဲ့ တွေ့ရမှာပါလား" လို့ အတိတ်က အမှန်အတိုင်း မသိခဲ့ကြပါဘူး။ မအို မနာ မသေလို့ မသိတာ မဟုတ်ဘဲ အိုနာသေနေရင်းနဲ့ကို မသိကြတာနော်။

အဲဒီလို မသိအောင်ဖုံးထားတာက အဝိဇ္ဇာ။ အဝိဇ္ဇာဆိုတာ မှန်တာကိုတော့ မသိဘူး။ မမှန်တာကိုတော့ သိတယ်။ အကျိုးရှိတာကို မသိဘူး။ အကျိုးမရှိတာကိုတော့ သိတယ်။ အကောင်းကို မသိဘူး။ အဆိုးကိုတော့ သိတယ်။ နေရာတကာ မသိတိုင်း အဝိဇ္ဇာ မဟုတ်ဘူး။ မှန်တာကိုမသိ၊ မမှန်တာကိုသိတာမှ အဝိဇ္ဇာ။ ကောင်းတဲ့နေရာကို မညွှန်ကြားဘဲ မကောင်းတဲ့နေရာကို ညွှန်ကြားတာကမှ အဝိဇ္ဇာ ဖြစ်ပါတယ်။

ထွက်ရပ်လမ်းအမြစ်ဖြစ်တဲ့ မြတ်နိဗ္ဗာန်ကို မမြင်အောင် ပိတ်ထားတာလည်း အဝိဇ္ဇာပဲ။ သစ္စာလေးပါး အမှန်တရားကို မမြင်အောင် ပိတ်ထားတာလည်း အဝိဇ္ဇာပဲ။ ကောင်းရာကိုမညွှန်ကြားဘဲ အိုနာသေဆိုးရာဖြစ်အောင် ညွှန်ကြားလိုက်တာလည်း ဒီအဝိဇ္ဇာပါပဲ။

တရားသဘောနဲ့ကြည့်ရင် အဝိဇ္ဇာဟာ လိမ္မာတဲ့တရား မဟုတ်ဘဲ မိုက်တဲ့တရား ဖြစ်ပါတယ်။ မိုက်တဲ့တရားမို့လို့ မပေါင်းနဲ့လို့ မြတ်စွာဘုရား ဟောပါတယ်။ “**အသေဝနာစ ဗာလာနံ။ ဗာလာနံ** - မိုက်သောတရား တို့နှင့်၊ **ယာအသေဝနာစ** - အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည် လည်း ကောင်း” တဲ့။

အဲဒီ အဝိဇ္ဇာဆိုတာက တို့တစ်တွေရဲ့ဝမ်းထဲမှာ အတိတ်တုန်းကတည်းက ကိန်းအောင်းလာခဲ့တယ်။ အဝိဇ္ဇာကို မြန်မာပြန်ရင် မသိတာ။ ခန္ဓာအကြောင်းကို မသိဘူး။ အဝိဇ္ဇာဆိုတာ သတ္တဝါ တစ်ကောင်လည်း မဟုတ်ဘူး။ ပုဂ္ဂိုလ်တစ်ယောက်လည်း မဟုတ်ဘူး။ အထည်ဒြပ်တစ်ခုလည်း မဟုတ်ဘူး။ ခန္ဓာအကြောင်း မသိခြင်းသဘော သာ ဖြစ်ပါတယ်။

## အဝိဇ္ဇာ တဏှာ အမိုက်တရားနှစ်ဖြာ

မိမိတို့တစ်တွေမှာ ဟိုဘဝလိုချင်၊ ဒီဘဝလိုချင်၊ လိုချင်နေတဲ့ တဏှာဆိုတာ ရှိပါတယ်။ တဏှာက သိလို့လိုချင်တာ မဟုတ်ဘဲ မသိလို့ လိုချင်နေတာပါ။ မသိတာက အဝိဇ္ဇာ၊ လိုချင်တာက တဏှာ ပေါ့။

အဝိဇ္ဇာရဲ့ တရားကိုယ်က မောဟ၊ တဏှာရဲ့ တရားကိုယ်က လောဘ။ လောဘရော မောဟရော နှစ်ခုစလုံးဟာ အကုသိုလ်တရား၊ မိုက်တဲ့တရားတွေ ဖြစ်ပါတယ်။ မိုက်တဲ့တရားတွေဖြစ်လို့ မပေါင်းသင့်တဲ့ တရားတွေပါပဲ။

အသေဝနာစဗာလာနံ=မိုက်သောတရားနဲ့ မပေါင်းပါနဲ့။ မိုက်တယ်ဆိုတာ ပုဂ္ဂိုလ်က မိုက်တာမဟုတ်ဘူး။ ကိုယ့်ဝမ်းထဲက တရားက မိုက်တာပါ။ ဒါကြောင့် မိုက်သောပုဂ္ဂိုလ်နဲ့ မပေါင်းရဘူးလို့ လောကီ

မှာ အချိန်ကုန်၊ သမုတိမှာတင် လမ်းဆုံးမနေပါနဲ့။ မိုက်သောတရား၊ အသိ ပရမတ်ဆိုက်အောင် သိရမှာနော်။ ပုဂ္ဂိုလ်ဆိုတာ ပြယုဂ်သာ ဖြစ်ပြီး ပုဂ္ဂိုလ်ရဲ့ဝမ်းထဲမှာရှိတဲ့ တရားက အမိုက်ခိုင်းလိုက်တာလို့ သဘောကျပါ။

မသိတာက အဝိဇ္ဇာ၊ ဟိုဘုံ ဒီဘဝ လိုချင်တာက တဏှာ။ အဝိဇ္ဇာနဲ့ တဏှာဟာ အကုသိုလ်တရား၊ မိုက်တဲ့တရားတွေပါပဲ။ ဒါကြောင့် မိမိတို့တစ်တွေဟာ ဘုရားတည် ကျောင်းဆောက် ရှင်ပြုနားသ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့အခါ သစ္စာမသိဘဲနဲ့ လုပ်ခဲ့ကြတယ်။ ဟိုဘုံ ဒီဘဝ လိုချင်ပါတယ်လို့ ဆုတောင်းခဲ့ကြတယ်။

ငါးဖြာအာရုံ ကာမဂုဏ် ဘုံဘဝကို ဆုတောင်းပြီး ဆိုကတည်းက ဘယ်ဘဝရရ အိုခြင်းဆိုး နာခြင်းဆိုး သေခြင်းဆိုး ဒုက္ခသစ္စာကြီးကို ရတော့မှာပဲ။ အဲဒါကို မသိဘဲနဲ့ တောင်းနေကြတာနော်။ မသိတာက အဝိဇ္ဇာ၊ တောင်းနေတာက တဏှာ။ တရားကိုယ်ကောက်တော့ မောဟနဲ့ လောဘ။ အကုသိုလ်တရားတွေပဲ မဟုတ်လား။ အကုသိုလ်မှန်း သိခဲ့ကြပါရဲ့လား။ ငါးဖြာအာရုံ ကာမဂုဏ်ကို ဆုတောင်းနေပြီ ဆိုကတည်းက မိမိတို့ရဲ့ဝမ်းထဲမှာ အဝိဇ္ဇာ တဏှာ၊ မောဟ လောဘ၊ အကုသိုလ်တရားတွေ ကိန်းအောင်းနေခဲ့ပါပြီ။

ကိုယ့်အိမ်မှာ ဘုရားရှိလျက်နဲ့ ဘုရားဖူးထွက်သတဲ့။ ဘုရားရောက်တော့လည်း ဂိုဟ်ပြေ နံပြေနဲ့ အချိန်ကုန်။ လည်စရာ သွားစရာက များလွန်းတော့ တက်သုတ်ရိုက် ပေါက်ဆိန်ပေါက် ဦးချပြန်လာခဲ့ကြတယ်။ ဘုရားမှာ လှူတာကနည်းနည်း၊ တောင်းလိုက်တာက များများ။ အဲဒါ အဝိဇ္ဇာနဲ့ တဏှာပေါင်းပြီး တောင်းနေတာလို့ မှတ်ပါ။ ဘုရားဖူးထွက်တာ အဝိဇ္ဇာ တဏှာ မောဟ လောဘတွေနဲ့ ထွက်နေတာလို့ သဘောကျပါ။ ဘုရားမြတ်စွာက မိုက်တဲ့တရားနဲ့ မပေါင်းနဲ့လို့ ဟောနေတဲ့ကြားကကို ပေါင်းမိအောင် ပေါင်းနေကြတာပဲ။

# မိုက်မှန်းသိတာ ပညာရှိ

အဝိဇ္ဇာနဲ့ တဏှာဟာ မိုက်တဲ့တရား မို့လို့ မပေါင်းရဘူး တဲ့။ ၃၈ ဖြာမင်္ဂလာ တရားတော်မှာ နံပါတ်တစ်ထားပြီး ဘုရားမြတ်စွာ ဟောတော်မူခဲ့တယ်။ တို့တစ်တွေက နံပါတ်တစ်မင်္ဂလာတရားနဲ့ပဲ တပ်လန်တော့မလို ဖြစ်နေပြီနော်။

စဉ်းစားကြည့်ပါလား။ မနက်မိုးလင်းမယ် မကြာသေးဘူး။ ကုသိုလ်နဲ့ အရင်ပေါင်းတာလား၊ အကုသိုလ်နဲ့ အရင်ပေါင်းတာလား လို့။ ဆွမ်းတော်တင်ပြီး ဆိုကတည်းက အဝိဇ္ဇာနဲ့ တဏှာက ပါလာပြန်ပြီ။ မိုက်တဲ့တရားနဲ့ ပေါင်းမိနေပြီ။

"သက္ကာဒေဝ သုတသောမ၊ နာ သဒ္ဓိ ဗဟုသင်္ဂမော" တဲ့။ နန္ဒပဏ္ဍာကြီးက သုတသောမမင်းကြီးကို ဟောထားတဲ့တရားပါ။ "မိုက်တဲ့တရားဆိုတာ တစ်ကြိမ်တစ်ခါပေါင်းဦးတော့။ အဲဒီပေါင်းလိုက်တဲ့ တစ်ကြိမ်တစ်ခါဟာ ကိုယ်ကို ဒုက္ခပေးလို့မဆုံးနိုင်တော့ဘူး" တဲ့။

မိမိတို့တစ်တွေဟာ အတိတ်တုန်းကလည်း အဝိဇ္ဇာတဏှာနဲ့ ပေါင်းခဲ့တယ်။ "အဝိဇ္ဇာတဏှာဟာ လူမိုက်တရားပါလား၊ မိုက်သောတရားပါလား" လို့ မသိခဲ့ကြဘူး။ မသိအောင်လည်း အဝိဇ္ဇာက ဖုံးထားတယ်လေ။ အဝိဇ္ဇာလူမိုက်နဲ့ တွဲပြီးတော့ ဘုရားရှေ့မှာ ဆုတောင်းတယ်။ ဆုတောင်းတော့လည်း တဏှာလူမိုက်နဲ့ တွဲပြီးတော့မှ တောင်းတာနော်။

ဆုတောင်းမပြည့်မှာစိုးလို့ ဆွမ်းတော်ပွဲ၊ သစ်သီး ပန်းတွေ လှူတယ်။ ဆွမ်းတော်တင်တာ ကုသိုလ်။ ဆုတောင်းတော့ တဏှာနဲ့မို့ အကုသိုလ်။ ကုသိုလ်ကိုမှီပြီးတော့ အကုသိုလ်ဖြစ်သွားရော။ ကုသိုလ် သန့်သန့်လေး မယူဘဲနဲ့ အကုသိုလ်နဲ့ ရောပြီး ပေါင်းလိုက်သေးတာ၊

အဝိဇ္ဇာနဲ့ တဏှာ ပါနေမှဖြင့် မိုက်ပြီးရင်း မိုက်နေကြဦးမှာပါပဲ။

အဝိဇ္ဇာနဲ့ တဏှာဟာ မိုက်သောတရားရယ်လို့ ဘုရားမြတ်စွာ ဟောတဲ့အခါမှ သိကြရတာဖြစ်ပါတယ်။ ပုထုဇဉ်အတွေးနဲ့ဆိုရင် ၁၂ နှစ်မပြောနဲ့။ နှစ် ၅၀ ကြာလည်း မသိနိုင်ပါဘူး။ ဘုရားပွင့်တော်မူလာပြီး သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ဟောတော်မူလို့သာ သိခွင့်ရခဲ့ကြတာပဲ။

အဝိဇ္ဇာနဲ့ တဏှာဟာ လိမ္မာတဲ့တရားမဟုတ်ဘူး။ မိုက်တဲ့တရားပဲ။ မိုက်တဲ့တရားဖြစ်လို့ ပေါင်းသင်းတဲ့တရားမဟုတ်ဘူး။ မပေါင်းသင့်တဲ့ တရားပဲ။ အဲဒီလို မပေါင်းသင့်တဲ့ တရားမှန်း သိသွားတာဟာ ပညာရှိဖြစ်ပါတယ်။

အဝိဇ္ဇာတဏှာဟာ မပေါင်းသင်းသင့်တဲ့ တရားပါလားလို့ သိလိုက်တာနဲ့ တစ်ပြိုင်နက် ကုသိုလ်လုပ်တိုင်း ဉာဏ်ပါအောင် ဂရုစိုက်ပါ။ ဉာဏ်ပါပြီတော့ လှူတဲ့အခါမှာ ခန္ဓာပေါ်မှာ ဉာဏ်ရောက်ပါစေ။ ခန္ဓာဉာဏ်ရောက်ပြီး အိုနာသေမွဲကွဲ ဒုက္ခသစ္စာကို ကိုယ်တိုင်ဉာဏ်နဲ့ ကိုယ်တိုင်သိလိုက်တာဟာ ပညာရှိနဲ့ ပေါင်းလိုက်တာပါပဲ။

ပညာရှိနဲ့ပေါင်းရင် ချမ်းသာမယ်။ ပညာမဲ့နဲ့ပေါင်းရင် ဆင်းရဲမယ်။ လိမ္မာတဲ့တရားနဲ့ပေါင်းရင် ချမ်းသာမယ်။ မိုက်တဲ့တရားနဲ့ပေါင်းရင် ဆင်းရဲမယ်။ ဒါကြောင့် တို့တစ်တွေ ချမ်းသာချင်ကြတယ်ဆိုရင်၊ ဆင်းရဲက လွတ်ချင်ကြတယ်ဆိုရင် ရှေ့လျှောက်ပြီး ပညာရှိနဲ့ပေါင်း၊ လိမ္မာတဲ့တရားနဲ့ပေါင်းဖို့ အသင့်ပြင်ထားကြပါ။ မိုက်တဲ့တရားနဲ့ပေါင်းလို့ ဆင်းရဲရပုံ၊ ပညာရှိနဲ့ပေါင်းလို့ ချမ်းသာရပုံတွေကို ဆက်ပြောပါဦးမယ်။

# ပူဇော်မှန်မှ ချမ်းသာရ
# မင်္ဂလာ အမှတ် (၃)

# လက်တွေ့အသုံးချပညာရပ်ကြီး

ချမ်းသာခြင်းကို ရှာဖွေနေကြတဲ့ သတ္တဝါတွေ၊ ရှာနေကြတာကပဲ မချမ်းသာကြတာ အကြောင်းတရားလေးပါး ရှိပါတယ်။ ဆည်းကပ်သင့်တာကို မဆည်းကပ်တာ၊ မဆည်းကပ်သင့်တာကို ဆည်းကပ်တာ၊ မှီဝဲသင့်တာကို မမှီဝဲတာ၊ မမှီဝဲသင့်တာကို မှီဝဲတာ။ ဒီအကြောင်းတရား လေးပါးကြောင့် ချမ်းသာစစ် ချမ်းသာမှန်ကို မတွေ့နိုင်ကြတာ ဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားသည် မင်္ဂလာတရားတော်ကြီးနဲ့တကွ ပဋိစ္စသမုပ္ပါဒ်၊ ပဋ္ဌာန်း၊ သစ္စာလေးပါး တရားတော်မှန်သမျှကို သတ္တဝါတွေ အားလုံး ချမ်းသာစေဖို့ ဟောကြားတော်မူခဲ့ခြင်းပါ။ ဘုရားကိုယ်တော်မြတ် ညွှန်ကြားဆုံးမ ဩဝါဒပေးတော်မူထားတဲ့အတိုင်း ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လေ့လာ နာကြား မှတ်သားရပါမယ်။ ဘုရားရဲ့ သားတော် သမီးတော် ဗုဒ္ဓဘာသာဝင်တွေဖြစ်မှ နာကြား မှတ်သား အားထုတ်ရမယ်လို့ ဟောမထားပါဘူး။

မြတ်ဗုဒ္ဓက “**ဧဟိပဿိကော** = လာလှည့်ပါ၊ ရှုလှည့်ပါ။ လေ့လာ နာကြား ပွားများ အားထုတ်လှည့်ပါ။ မိမိဖြစ်စဉ်နဲ့ကိုက်လို့ မိမိ သူတစ်ပါး နှစ်ဦး သားအတွက် အကျိုးများမယ်။ မိမိ မိသားစုနဲ့

တကွ မိမိရဲ့ပတ်ဝန်းကျင် ဆွေမျိုးအသိုင်းအဝိုင်း တွေအတွက် လောကီ လောကုတ္တရာ နှစ်လီသောအကျိုးထူး ရှိတယ်ဆိုရင် လိုက်နာကျင့်ကြံ မှာ မျာကြပါ။ အကျိုးထူး မရလောက်ဘူး ဆိုရင်တော့ ပယ်လိုက ပယ်နိုင်ပါတယ်” တဲ့။

ဒါပြောတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာရမယ်လို့ တရား သေ ဆွဲကိုင်ထားတဲ့ ဝါဒ မရှိပါဘူး။ အယူဝါဒတစ်ခုဆိုတာက လူသာ တိုင်း လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာ ယူဆခွင့်၊ လွတ်လပ်စွာ ဆုံးဖြတ်နိုင်ခွင့်၊ လွတ်လပ်စွာကျင့်သုံးပိုင်ခွင့်၊ လွတ်လပ် စွာ ကိုးကွယ်ပိုင်ခွင့် ရှိပါတယ်။ ဘုရားက ဘယ်ဟာကိုမှ ချုပ်ကိုင် မထားပါဘူး။ အကျိုးရှိတယ်ဆိုရင် လုပ်ပါ။ အကျိုးမရှိဘူးဆိုရင် မလုပ်ပါနဲ့လို့ အခွင့်အလမ်း အပြည့်ပေးထားပါတယ်။

ကျင့်စဉ်တစ်ခု ကောင်းမကောင်း မှန်မမှန်၊ အကျိုးရှိမရှိ သိချင် ရင်ဖြင့် တရားနာနေရုံနဲ့တော့ မရပါဘူး။ လက်တွေ့ကျင့်သုံးကြည့် ရပါမယ်။ အခုပြောနေတဲ့ ၃၈ ဖြာမင်္ဂလာတရားတော်ကြီးဟာလည်း လက်တွေ့ကျင့်သုံးရမည့် အသုံးချပညာရပ်ကြီး ဖြစ်ပါတယ်။

## လောကီမင်္ဂလာ လိုအပ်ပါတယ်

မင်္ဂလာတရားက လောကီမင်္ဂလာ၊ လောကုတ္တရာမင်္ဂလာလို့ နှစ်မျိုးရှိပါတယ်။ လောကီမင်္ဂလာကို လောကနဲ့ဆက်စပ်တဲ့နေရာမှာ သုံးပြီးတော့ လောကုတ္တရာမင်္ဂလာကျတော့ သံသရာမှ ထွက်မြောက် ကြောင်း၊ နိဗ္ဗာန်ရောက်ကြောင်းမှာ အသုံးပြုရမယ်။

လောကီမင်္ဂလာကို အသုံးပြုရင် လောကီချမ်းသာကို ရမယ်။ လောကီချမ်းသာဟာ မသေခင်မှာ မြင်ရ တွေ့ရ ကြည့်ရှုရတဲ့အတွက် ချမ်းသာနိုးနိုး ထင်ရပါတယ်။ ဒါပေမဲ့ လောကီချမ်းသာဟာ ယာယီ

ချမ်းသာဖြစ်တယ်။ လောကီမင်္ဂလာနဲ့ ရှာဖွေရရှိထားတဲ့ အရာဝတ္ထု ပစ္စည်းမှန်သမျှဟာ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် ကိုယ်ကခွဲရင်ခွဲ၊ မခွဲရင် သူက ကိုယ့်ကိုခွဲသွားမှာပါ။ မသေခင်လေး တွေ့ရမြင်ရ၊ ချစ်ရကြင်ရ၊ တွယ်တာရတာမို့လို့ ယာယီချမ်းသာမျှသာပါပဲ။

လောကီမင်္ဂလာက ယာယီချမ်းသာ၊ လောကုတ္တရာမင်္ဂလာက ထာဝရချမ်းသာ။ ဒါပေမဲ့ တို့တစ်တွေမှာ ခန္ဓာရှိနေပြန်တော့ သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတဲ့အတိုင်း ဒီခန္ဓာကြီးကို ပြုစုကျွေးမွေးရဦးမယ်။ ပြင်ရ ဆင်ရဦးမယ်။ ကိုယ့်တစ်ယောက်တည်း တစ်ကောင်ကြွက် အထီးကျန် ဘဝနဲ့ နေကြတာမဟုတ်ဘူး။ ပတ်ဝန်းကျင်နဲ့ နေကြတာဖြစ်တော့ ပတ်ဝန်းကျင်နဲ့ အဆင်ပြေချောမွေ့ဖို့ လိုတယ်။ လောကထဲမှာနေရင် လောကရဲ့ ဝတ္တရား ကျေပွန်ဖို့လိုတယ်။ အဲဒီကော့ ယာယီချမ်းသာ ဆိုပေမဲ့လည်း လောကီမင်္ဂလာနဲ့ ပြည့်စုံဖို့ လိုအပ်နေတာပါတယ်။

မိမိတစ်ယောက်တည်းအတွက်သာမက မိဘ သားသမီးဆိုကဲ့ တစ်အိမ်ထောင်လုံး ချမ်းသာဖို့။ ရပ်ကွက်သူ ရပ်ကွက်သား၊ တိုင်းသူ ပြည်သား အချင်းချင်း ညီညွတ်မျှတပြီး ကိုယ်၏ချမ်းသာခြင်း၊ စိတ်၏ ချမ်းသာခြင်းနဲ့ ပြည့်စုံဖို့ လောကီမင်္ဂလာ၊ လောကီချမ်းသာဟာ လိုအပ် နေတာပါပဲ။

## ဆက်ဆံရေးမင်္ဂလာသုံးရပ်

တို့တစ်တွေရဲ့ဘဝမှာ ပစ္စုပ္ပန်လောကီချမ်းသာ ဥစ္စာ ရတနာ တွေလည်း တိုးတက်ချင်တယ်၊ သံသရာမှာလည်း တိုးတက်ပြီးတော့ လောကုတ္တရာဆိုင်ရာ နိဗ္ဗာန်ချမ်းသာအထိ ရရှိချင်တယ်ဆိုရင် ဆည်းကပ်သင့်တာ ဆည်းကပ်ဖို့၊ မဆည်းကပ်သင့်တာ မဆည်းကပ်ဖို့။ မှီဝဲသင့်တာကို မှီဝဲပြီး၊ မမှီဝဲသင့်တာ မမှီဝဲဖို့ အရေးကြီးလာပါပြီ။

ဘုရားရှင်ကိုယ်တော်မြတ်က မင်္ဂလသုတ်အစမှာ–

**အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။**

**ပူဇာစ ပူဇနေယျာနံ၊ ဧတံမင်္ဂလမုတ္တမံ။**

နံပါတ်တစ်။ အသေဝနာစ ဗာလာနံ=မဆည်းကပ်သင့်တဲ့ လူမိုက်ကို မဆည်းကပ်ပါနဲ့။ မမှီဝဲသင့်တဲ့ မိုက်သောတရားကို မမှီဝဲပါနဲ့။

နံပါတ်နှစ်။ ဆည်းကပ်သင့်တဲ့ ပညာရှိ သူတော်ကောင်းကို ဆည်းကပ်ရမယ်။ မှီဝဲသင့်တဲ့ ပညာရှိတဲ့ ခန္ဓာဉာဏ်ရောက်တရားကို မှီဝဲရမယ်။

ဆည်းကပ်သင့်တာကို ဆည်းကပ်၊ မှီဝဲသင့်တဲ့တရားကို မှီဝဲရင် ပစ္စုပ္ပန်မှာလည်း ချမ်းသာမယ်။ သံသရာမှာလည်း ချမ်းသာမယ်။ နိဗ္ဗာန်တိုင်ထိ မျက်မှောက်ပြုရပြီး ငြိမ်းချမ်းတဲ့ဘဝပိုင်ရှင်တွေ ဖြစ်လိမ့်မယ်။

နံပါတ်သုံး ။ ပူဇာစ ပူဇနေယျာနံ=ပူဇော်ထိုက်သောသူကို ပူဇော်ပါ။ ဒီမင်္ဂလာသုံးချက်ဟာ လောကအလယ်မှာ နေထိုင်ပြောဆို ဆက်ဆံတဲ့နေရာမှာ ကျင့်သုံးဖို့ အသုံးချပညာရပ်တွေပါပဲ။ "ချမ်းသာကိုပေး ဆက်ဆံရေး မျှော်တွေးသုံးချက်ပေ" ဆိုတဲ့အတိုင်း ပေါင်းသင်း ဆက်ဆံရေးနဲ့ ပတ်သက်ပြီးတော့ ချမ်းသာရရှိစေနိုင်တဲ့ မင်္ဂလာသုံးရပ် ဖြစ်ပါတယ်။

## ပေါင်းတဲ့သူနဲ့ တူလာတတ်မြဲ

လူမိုက်နဲ့ ပေါင်းသင်းတယ်ဆိုတာ အများကြီးနဲ့ ပေါင်းသည် ဖြစ်စေ၊ တစ်ယောက်ထဲနဲ့ ပေါင်းတာဖြစ်စေ၊ အကြိမ်များစွာ နှစ်ပေါင်းများစွာ ပေါင်းသည်ဖြစ်စေ၊ တစ်ကြိမ်တစ်ခါလေး ပေါင်းတာဖြစ်စေ။

လူမိုက်နဲ့ပေါင်းတဲ့သူကို စိတ်ရောကိုယ်ပါ ဆင်းရဲစေနိုင်ပါတယ်၊ လူသားတွေသာမက တိရစ္ဆာန်တွေလည်း လူမိုက်နဲ့ပေါင်ရင် ဆင်းရဲ ဒုက္ခရောက်ရတာပဲ။

ရှေးတုန်းက ကျေးသားညီနောင် အတူတူနေကြရင်း လေပြင်းမုန်တိုင်းတိုက်ပြီး တစ်ကွဲတပြားစီ လွင့်သွားကြတယ်။ ကျေးသားတစ်ကောင်က သူခိုးဓားပြတွေဆီ ရောက်သွားပြီး တစ်ကောင်ကတော့ ပညာရှိသူတော်ကောင်းတွေ နေထိုင်ရာကို ရောက်သွားသတဲ့။ သူခိုးဓားပြတွေဆီရောက်သွားတဲ့ ကျေးသားက တစ်နေ့တစ်နေ့ "သတ်ဟေ့ ဖြတ်ဟေ့ ခိုးဟေ့ ဝှက်ဟေ့" ဆိုတာတွေပဲ ကြားနေရတော့ ကြမ်းတမ်းရိုင်းပြလာတယ်။ ပညာရှိသူတော်ကောင်းတွေဆီ ရောက်သွားတဲ့ ကျေးသားကတော့ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသံ၊ ရိုသေလေးစားတဲ့ ဆက်ဆံမှုနူးညံ့သိမ်မွေ့တဲ့အမူအရာ၊ ချိုသာသိမ်မွေ့တဲ့ အပြောအဆိုတွေ ကြားရဖန်များပြီးတော့ နူးညံ့ယဉ်ကျေးလာခဲ့တယ်တဲ့။

လူတိုင်း ကြားဖူးနေတဲ့ ဒီပုံပြင်ကလေးက လူတစ်ယောက်ရဲ့ကောင်းမှု ဆိုးမှုအရာအားလုံးဟာ ပတ်ဝန်းကျင်နဲ့ လုံးလုံးလျားလျား သက်ဆိုင်နေတယ်လို့ ပြောနေပါတယ်။ လူမိုက်နဲ့အတူနေရင် လူမိုက်လိုပဲ ကြမ်းတမ်းရက်စက်လာမှာပဲ။ လူလိမ္မာ သူတော်ကောင်းတွေနားမှာနေရင် သူတော်ကောင်းစိတ်ဓာတ်ဝင်ပြီးတော့ ယဉ်ကျေးသိမ်မွေ့လာမှာပဲပေါ့။

## ဝိပဿနာဉာဏ်နဲ့ ကံကိုဖြတ်ပါ

လူမိုက်တွေရဲ့ နှလုံးသားထဲမှာ ကိန်းအောင်းနေတဲ့ အကုသိုလ်စေတသိက်တွေကနေ စေ့ဆော်ပေးလိုက်တဲ့ သတ်ချင်ဖြတ်ချင်စိတ်လောဘ ဒေါသ မောဟစိတ်တွေဟာ ကြမ်းတမ်းတဲ့စိတ်၊ မိုက်မဲတဲ့စိတ်တွေ ဖြစ်တယ်။ အဲဒီစိတ်တွေဟာ "ကိုယ့်ကာယကံ ကိုယ့်ထံပြန်

ကိုယ့်ဝစီကံ ကိုယ့်ထံပြန်၊ ကိုယ့်မနောကံ ကိုယ့်ထံပြန်" ဆိုတဲ့အတိုင်း ပြန်လာမှာ အသေအချာပါပဲ။

ကိုယ်ပြုခဲ့တဲ့ ကံတွေ ပြန်ပြီး အကျိုးမပေးစေချင်ဘူးဆိုရင် ဝိပဿနာဉာဏ်နဲ့ ဖြတ်ရမှာပါ။ ဝိပဿနာဉာဏ်ဟာ ကံဖြတ်တဲ့တရား ဖြစ်ပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားကလည်း ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ဖို့ ဟောတော်မူခဲ့တာပေါ့။ ၄၅ ဝါကာလပတ်လုံး (၁၇၆၂) ကြိမ်တိတိ တရားအားထုတ်ဖို့ မှာကြားတော်မူခဲ့ပါတယ်။ ဒီလောက်အထိ အရေးကြီးတဲ့တရားပါ။

ဝိပဿနာဉာဏ်ဟာ မိုးပဲဆည်းကပ်သင့်တဲ့တရား ဖြစ်ပါတယ်။ ဝိပဿနာဉာဏ်ကို ဆုတောင်းယူလို့ မရပါဘူး။ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ယူရပါမယ်။ တို့တစ်တွေဟာ ကိလေသာနဲ့ အမြဲမပြတ် ဆက်ဆံနေတဲ့ ပုထုဇဉ်တွေဖြစ်တော့ တစ်နေ့ တစ်နေ့ ပြောမိဆိုမိ ပြုလုပ်မိကြတဲ့ ကံတွေကို ပြန်ကြည့်ရင် အကုသိုလ်ကံတွေက များနေပါတယ်။ အဲဒီအကုသိုလ်ကံတွေက ဒီတိုင်းမနေဘူး။ တစ်နေ့ ပြန်အကျိုးပေးကြလိမ့်ဦးမယ်။ အဲဒီ အကုသိုလ်ကံတွေဖြတ်ဖို့ ဝိပဿနာဉာဏ် အရေးတကြီး လိုအပ်လှပါတယ်။

အကုသိုလ်ကံတွေ ပြုမိကြတယ်ဆိုတာ စိတ်ရဲ့သတ္တိပါပဲ။ မကောင်းတဲ့စိတ်ကြောင့် မကောင်းတဲ့ ကာယကံကြမ်းတမ်းမှု၊ ဝစီကံကြမ်းတမ်းမှုတွေ ဖြစ်ကြရတယ်။ အကုသိုလ်ကံ မမြောက်အောင်လို့ အကုသိုလ်စိတ် ပေါ်လာတိုင်း နောက်ကနေ ဉာဏ်လိုက်ပေးရမယ်။ လောဘစိတ်ကလေးပေါ်လာရင် လောဘစိတ်နောက်က ဉာဏ်လိုက်ပေးပါ။ ဒေါသစိတ်ကလေးပေါ်လာရင်လည်း ဒေါသစိတ်နောက်က ဉာဏ်လိုက်ပေးပါ။ မောဟစိတ်ကလေးပေါ်လာရင်လည်း မောဟစိတ်နောက်ကနေ ဝိပဿနာဉာဏ်လေး လိုက်ပေးရပါတယ်။ မလိုက်ရင် ကံမြောက်သွားလိမ့်မယ်။

# ထိန်းထိန်းသိမ်းသိမ်း ပြောဆိုဆုံးမပါ

လူမိုက်တွေနဲ့ အတူနေရတဲ့ ကျောင်းသားလေးရဲ့ နှလုံးသားဟာ ကြမ်းတမ်းရိုင်းပျလာတယ်။ ပြောတာဆိုတာ လုပ်တာကိုင်တာ အကုန်လုံး ကြမ်းကြမ်းတမ်းတမ်း ဖြစ်လာတယ်။ ပညာရှိသူတော်ကောင်းတွေနဲ့ နေရတဲ့ ကျောင်းသားကတော့ ယဉ်ကျေးသိမ်မွေ့ နူးညံ့သူဖြစ်လာတယ်။

တိရစ္ဆာန်ကျောင်းသားမှ မဟုတ်ပါဘူး။ အသိဉာဏ်ရှိပါတယ်ဆိုတဲ့ လူသားတွေမှာလည်း ဒီအတိုင်းပါပဲ။ ကလေးတွေ အပြောအဆို ကြမ်းတမ်းတာ၊ အနေအထိုင်ရိုင်းစိုင်းတာ၊ အမေ အဖေ အပေါ်မှာ မရှိမသေ မလေးစားတာ အားလုံးဟာ ပတ်ဝန်းကျင်ပေါ်မှာ အများကြီး မူတည်ပါတယ်။

မိဘဆိုတာ သားသမီးတွေရဲ့ မီးပြတိုက်ပါပဲ။ မိဘက နှုတ်ထွက်စကား ရိုင်းစိုင်းရင် သူတို့နဲ့အတူတူ အမြဲနေနေရတဲ့ သားသမီးတွေရဲ့ နှလုံးသားဟာလည်း ရိုင်းစိုင်းလာတာပါပဲ။ ဒါကြောင့် ကိုယ့်သား ကိုယ့်သမီး ဆုံးမတဲ့အခါ ကြမ်းကြမ်းတမ်းတမ်း မဆုံးမဘဲနဲ့ သိမ်သိမ်မွေ့မွေ့ ချိုချိုသာသာ ဆုံးမရမယ်။ နှစ်ကိုယ်ကြား တိုးတိုးတိတ်တိတ် ပြောသင့်ရင် ပြောရမယ်။

ကိုယ့်သားသမီးတွေက အရွယ်ရောက်လို့ အပျိုလူပျိုတွေ ဖြစ်နေပြီ။ တချို့ဆို သားသမီးတွေတောင် ရနေကြပြီ။ အဲဒါ လူကြားထဲ အော်မယ် ငေါက်မယ်၊ ဆဲမယ် ရိုက်မယ်ဆိုရင် ကလေးတွေ ရှက်မှာပေါ့။ မိဘက မဆင်မခြင်နဲ့ ကြမ်းကြမ်းတမ်းတမ်း လုပ်တော့ ကလေးတွေဘက်ကလည်း ပက်ခနဲပြန်ပြောလိုက်မိမှာပဲ။ မိဘနဲ့ ပတ်သက်ပြီး သားသမီးတွေမှာ အကုသိုလ်ဖြစ်ရသလို၊ သားသမီးနဲ့ ပတ်သက်ပြီးတော့လည်း မိဘတွေမှာ အကုသိုလ် ဖြစ်ရတတ်ပါတယ်။

အဲဒီလိုအကုသိုလ်စိတ် မဖြစ်ရလေအောင် ကိုယ့်ဝမ်းထဲမှာ အကုသိုလ်စိတ်ကလေး ဖျတ်ခနဲ ပေါ်လာတိုင်း ပေါ်လာတိုင်း ဉာဏ်နဲ့ ထိန်းပေးပါ။

## ဘုရားကို ဉာဏ်နဲ့ပူ ဇော်ပါ

အကုသိုလ်စိတ်ပေါ်လာရင် ဉာဏ်နဲ့ထိန်းပေးတာဟာ ပညာရှိနဲ့ ပေါင်းတာဖြစ်ပါတယ်။ ကြမ်းကြမ်းတမ်းတမ် ဆဲဆိုတာဟာ ပညာမဲ့နဲ့ ပေါင်းတာပါ။ မိုက်တယ် လိမ္မာတယ်ဆိုတာ အပေါင်းအသင်းပေါ်မူတည်ပါတယ်။ လိမ္မာတာဟာ ပညာရဲ့သတ္တိလည်း ဖြစ်ပါတယ်။

လူတစ်ယောက် မိုက်တယ် လိမ္မာတယ်ဆိုတဲ့နေရာမှာ တကယ်တော့ ပုဂ္ဂိုလ်က ပြယုတ်မျှသာဖြစ်ပါတယ်။ ကုသိုလ်တရားကိန်းရင် လိမ္မာမယ်၊ အကုသိုလ်တရားကိန်းရင် မိုက်မယ်။

တရားလို့ဆိုရာမှာ ကုသိုလ်တရားလည်း ရှိတယ်။ အကုသိုလ်တရားလည်း ရှိတယ်။ ကြမ်းတမ်းတဲ့တရားရှိသလို နူးညံ့တဲ့တရားလည်း ရှိနေတာပါပဲ။ မြတ်စွာဘုရားက ကြမ်းတမ်းတဲ့ အကုသိုလ်တရားနဲ့ပေါင်းဖို့ မပြောပါဘူး။ နူးညံ့သိမ်မွေ့တဲ့ ပညာရှိသူတော်ကောင်းနဲ့ ပေါင်းရမယ်လို့ ပြောထားပါတယ်။

ဝမ်းထဲမှာ အကုသိုလ်ပေါ်လာရင် ချက်ချင်း ဉာဏ်နဲ့လိုက်ရမယ်။ ဉာဏ်နဲ့လိုက်တာဟာ ဘုရားစကားကို နားထောင်တာပဲ။ ဘုရားစကားနားထောင်တာဟာ ဘုရားကို ဉာဏ်နဲ့ပူဇော်ရာရောက်ပါတယ်။ ပူဇော်မှုအားလုံးမှာ ဉာဏ်နဲ့ပူဇော်တာ အမြတ်ဆုံးပါ။ အပူဇော်ခံပုဂ္ဂိုလ်ကလည်း ပညာရှိဖြစ်ဖို့လိုပါတယ်။ မြတ်စွာဘုရားသည် အတုလ်-အတုမရှိတဲ့ ပညာအရှိဆုံးပုဂ္ဂိုလ်ဖြစ်တာ သံသယဝင်နေစရာ လိုပါသေးလား။

## သူတော်ကောင်းနဲ့ နီးနီးနေပါစေ

ကျေးသားပုံပြင်လေး ဆက်ပြောကြပါဦးစို့ရဲ့။ ရှင်ဘုရင်ကြီး တစ်ပါးက တောကစားထွက်ရင်း မောပန်းလို့ တောတွင်းတစ်နေရာမှာ ခဏနားသတဲ့။ သူနားတဲ့နေရာက သူပုန်ဓားပြတွေ နေရာနားလေးမှာ ဆိုတော့ ဓားပြတွေမွေးထားတဲ့ ကျေးသားလေးက "ဟာ ဒီမှာ လက်ပတ် လက်စားတွေနဲ့ လူတစ်ယောက် ရောက်နေတယ်။ လုပါတော့ လား၊ သတ်ပါတော့လား။ သတ်ပါတော့လား၊ ဖြတ်ပါတော့လား" လို့ အော်သတဲ့။

ဒီကျေးသားအော်သံကြားတော့ ဘုရင်ကြီးက "ဒီအရပ်ဟာ အကုသိုလ်များတဲ့အရပ်၊ အန္တရာယ်မကင်းတဲ့အရပ်ပဲ။ မနေသင့်ဘူ" ဆိုပြီး ရှောင်ထွက်သွားတယ်။ နောက်တစ်နေရာရောက်မှ အမောဖြေ နားနေသတဲ့။ ဒီနေရာတော့ အေးချမ်းလောက်တယ်ပေါ့။ အဲဒီမှာ ပညာရှိသူတော်ကောင်းတွေ မွေးထားတဲ့ ကျေးသားလေး ရောက်လာ ပြီး "အသင်လူသား၊ သိပ်များမောပန်းနေသလား၊ ချွေးတွေသံတွေ ဒီးဒီးကျလို့ပါလား။ ဒီနေရာမှာ ရေအိုးလေးရှိပါတယ်။ ရေသောက် လိုက်ပါဦး။ ဆရာအရှင်မြတ်တွေ ရူးချွေထားတဲ့ သစ်သီးဝလံတွေ ရှိပါတယ်။ အမောပြေ အပန်းပြေ၊ အဆာပြေလေး စားလိုက်ပါဦး" လို့ ခင်မင်နှုတ်ချို ပြောဆိုပါသတဲ့။

သူတော်ကောင်းနားနီးရင် သူတော်ကောင်းအသံလေးတွေ ထွက် တာပဲနော်။ ကိုယ့်သားသမီးဆီက နူးညံ့သိမ်မွေ့တဲ့ အသံလေးတွေ ထွက်လာစေချင်ရင် သူတော်ကောင်းတွေနဲ့ နီးနီးကပ်ကပ်ထားဖို့ လိုပါ တယ်။

မင်္ဂလာတရားဆိုတာ လူကြီး လူငယ် လူရွယ် အရွယ်မရွေး ကျင့်သုံးသင့်တဲ့တရား ဖြစ်ပါတယ်။ လူမျိုးဘာသာမရွေး လူမိုက်ကို

ရှောင်ရင် ချမ်းသာမှာပဲ။ လူလိမ္မာကို ဆောင်ရင် ချမ်းသာမှာပဲ။ လူမိုက်နဲ့ပေါင်းရင်တော့ ဆင်းရဲမှာပဲ။

## အခွင့်ထူးခံချင်ရင် ကြိုးစားခဲ့

နန္ဒပုဏ္ဏားက မဟာသုတသောမမင်းကြီးကို "လူမိုက်ဆိုတာ အများကြီးပေါင်းဖို့ မလိုပါဘူး။ တစ်ယောက်တည်းပေါင်းရင်ပဲ ဒုက္ခ ရောက်လှပါပြီ" လို့ ပြောခဲ့ဖူးတယ်။ အဇာတသတ်မင်းသား ဒုက္ခ ရောက်တာ အရှင်ဒေဝဒတ်တစ်ယောက်တည်းနဲ့ ပေါင်းတာ မဟုတ် လား။

အရှင်ဒေဝဒတ်က ယသော်ဓရာရဲ့ အစ်ကိုအရင်းပဲ။ အရှင် ဒေဝဒတ်အဖေ သုပ္ပဗုဒ္ဓမင်းကြီးနဲ့ ဘုရားလောင်းအမြည်းတော် သုဒ္ဓေါဒန မင်းကြီးနဲ့ကလည်း ညီအစ်ကိုတစ်ဝမ်းကွဲတွေ။ ဒီတော့ ဘုရားနဲ့ အရှင်ဒေဝဒတ်လည်း ညီအစ်ကို တော်သေးတာပဲ။

ဘုရားကျေးဇူးကြောင့် အရှင်ဒေဝဒတ် သာသနာ့ဘောင် ရောက် လာတာ။ ဘုရားရဲ့ အဆုံးအမကြောင့် လောကီဈာန်အဘိညာဉ် တန်ခိုး ဣဒ္ဓိပါဒ်တွေလည်း ရတယ်။ လောကီဈာန်တန်ခိုးလေးရှိပြီး အောက်ခြေ လွတ်လာလိုက်တာ မြတ်စွာဘုရားလိုပဲ ဘုန်းကြီးချင်တယ်၊ တပည့် သာဝက ပေါချင်တယ် ဖြစ်လာရော။ ဘုရားရဲ့ အခွင့်အရေးမျိုး လိုချင်ပေမယ့် သူ့မှာ ဘုရားလိုအရည်အချင်းကော ရှိလို့လား။

သဗ္ဗညုတဉာဏ်တော်ရှင်ဖြစ်ဖို့ ပါရမီတော်တွေ ဖြည့်ကျင့် ခဲ့ရတာနော်။ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ရင်းနှီးမြှုပ်နှံခဲ့ရတယ်။ အရှင်ဒေဝဒတ် အဲဒီလိုမလုပ်ခဲ့ဘူး။ ဘုရားဖြစ်နိုင်လောက်တဲ့ အရည် အချင်း သူ့မှာမရှိဘူး။ အရည်အချင်းမရှိတဲ့ ပုဂ္ဂိုလ်တစ်ယောက် အခွင့် ထူးခံလူတန်းစား ဖြစ်ချင်လာပြီဆိုရင် သူ့ရဲ့ပတ်ဝန်းကျင် ဆင်းရဲဖို့ ဖြစ်လာတယ်လို့ မှတ်ပါ။

အခွင့်ထူးခံလူတန်းစား ဖြစ်ချင်ရင် ထိုက်ထိုက်တန်တန် ကြိုးစားရပါမယ်။ ဒီလိုမှ မကြိုးစားဘဲနဲ့ မပေါင်းသင်းတဲ့ပုဂ္ဂိုလ်တွေနဲ့ ပေါင်း၊ စာသင်ချိန်မှာ စာမသင်ဘဲနဲ့ ဟေးလားဝါးလား အချိန်ကုန်နေရင်တော့ ကိုယ်ဖြစ်ချင်တာ ဖြစ်လာမှာမဟုတ်ပါဘူး။

## လိုချင်တာ တဏှာ၊ ငါဆိုတာ ဒိဋ္ဌိ

ရှင်ဒေဝဒတ်က သူ့မှာ ဘုရားဖြစ်ထိုက်တဲ့ အရည်အချင်း မရှိဘဲနဲ့ ဘုရားဖြစ်ချင်နေတော့ သူ့ဘက်က အင်အားရှိဖို့လိုတယ်လို့ တွေးမိတယ်။ ဒါနဲ့ မနူးမနပ် အသိဉာဏ်နုနယ်သေးတဲ့ အဇာတသတ် မင်းသားလေးကို စည်းရုံးတော့တာပဲ။

“ဒီနေ့ခေတ်က သက်တမ်းက တိုပါဘိနဲ့။ နေ့မြင်ညပျောက်တွေက များပါဘိနဲ့ မင်းသားရယ်၊ မင်းအဖေ သေအောင်စောင့်နေရင် တော်တော်နဲ့ မင်း ဘုရင်ဖြစ်မှာမဟုတ်ဘူး၊ မြန်မြန် စောစောလေး ရှင်ဘုရင်ဖြစ်ချင်ရင်တော့ မင်းအဖေကို သတ်ပေတော့” လို့ ခိုင်းတယ်။ ဒါနဲ့ အဇာတသတ်က ဓားမြှောင်ခါးထိုးပြီး ဘုရင့်စက်တော်ခန်းထဲ ဝင်ဖို့အသွား၊ တံခါးစောင့်တွေက ဝိုင်းဖမ်းပြီး ဘုရင့်ဆီ ပို့တယ်။

ခမည်းတော် ဗိမ္ဗိသာရမင်းကြီးက “ရှင်ဘုရင်ဖြစ်ချင်တာများ သားရယ်၊ အဖေ့ကို သတ်စရာ မလိုပါဘူး၊ အဖေပိုင်တဲ့ စည်းစိမ်ဟာ သားရဲ့စည်းစိမ်ပဲ မဟုတ်လား၊ ရော့...မင်းမြှောက်တန်ဆာငါးပါးယူပြီး ဘုရင်လုပ်ပေတော့” လို့ ထီးနန်းကိုလွှဲအပ်တယ်။ မပေါင်းသင်း၊ မမှီဝဲ မဆည်းကပ်သင့်တဲ့ ရှင်ဒေဝဒတ်ဆိုတဲ့ မိုက်သောပုဂ္ဂိုလ်ကိုမှ ပေါင်းခဲ့တာကိုးနော်။ အဖသတ်ဖို့ ကြံရဲတာ မဆန်းပါဘူး။

ရှင်ဒေဝဒတ်ရဲ့ နှလုံးသားထဲမှာ “ငါဘုရားဖြစ်ချင်တယ်” ဆိုတာ ရှိနေတယ်။ ငါ ဆိုတာက ဒိဋ္ဌိ အကုသိုလ်တရား။ ဘုရား

ဖြစ်ချင်တာက အများအကျိုးသည်ပိုးဖို့၊ တရားဟောဖို့ မဟုတ်ဘူး။ လာဘ်လာဘလိုချင်လို့နော်။ လာဘ်လာဘလိုချင်တာက တဏှာ။ တဏှာနဲ့ ဒိဋ္ဌိ အကုသိုလ်တရားတွေ ရှင်ဒေဝဒတ်ရဲ့ နှလုံးသားမှာ ကိန်းနေတယ်။

အဇာတသတ်မင်းသားလေးရဲ့ နှလုံးသားကို ကြည့်လိုက်ပြန်တော့လည်း "ငါ ဘုရင်ဖြစ်ချင်တယ်" တဲ့။ ငါ ဆိုတာက ဒိဋ္ဌိ။ ဘုရင်ဖြစ်ချင်တာက တဏှာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ ရှင်ဘုရင်စည်းစိမ်ကို ခံစားချင်တာက တဏှာ။ ဒိဋ္ဌိရော၊ တဏှာရော အကုသိုလ်တရား၊ ကိလေသာတရား၊ မိုက်တဲ့တရားတွေ ဖြစ်ပါတယ်။

## ဒိဋ္ဌိသာရှိ၊ မလုပ်ရဲတာ မရှိ

ဒိဋ္ဌိတစ်လုံးရှိရင်ကိုပဲ သူ မလုပ်ရဲတဲ့ အကုသိုလ်ရယ်လို့ ဘာမှ မရှိတော့ဘူး။ အမိကိုလည်း သတ်ရဲတယ်၊ အဖကိုလည်း သတ်ရဲတယ်၊ ရဟန္တာကိုလည်း သတ်ရဲတယ်၊ ဘုရားကိုလည်း သွေးစိမ်းတည်အောင် လုပ်ရဲတယ်၊ သံဃာကိုလည်း သင်းခွဲရဲတယ်။ ပဉ္စာနန္တရိယကံကြီး ငါးပါး အကုန်လုပ်ရဲတော့တာပဲ။

ကံကြီးငါးပါး လွန်ကျူးရဲတာ ဒိဋ္ဌိရဲ့သတ္တိပေါ့။ ဒိဋ္ဌိက အကုသိုလ်တရားအားလုံးရဲ့ ခေါင်းဆောင်လေ။ ဒိဋ္ဌိရှိရင် သူ မလုပ်ရဲတဲ့ အကုသိုလ် ဘာမှမရှိဘူး။ ဒိဋ္ဌိမပြုတ်သေးသမျှ ကာလပတ်လုံး သူတော်ကောင်းဆိုတာ ယာယီပါပဲ။

အဖေ အမေကို သားသမီးတွေက "နင်နဲ့၊ ငါနဲ့" ပြော၊ "ခင်ဗျားကြီး၊ ကျုပ်ကြီး" ပြောနဲ့ နှုတ်တွက်စကားရော၊ နှလုံးသားပါ ကြမ်းတမ်းနေတာဟာ ဒိဋ္ဌိရဲ့သတ္တိပါပဲ။ သားသမီးတွေကို လိမ္မာစေချင်တယ်၊ ယဉ်ကျေးစေချင်တယ်၊ နူးညံ့သိမ်မွေ့စေချင်တယ်ဆိုရင် ဒိဋ္ဌိကိုသာ နာနာဖြုတ်ခိုင်းလိုက်ပါ။

ဒိဋ္ဌိက ဘယ်သူနဲ့ပေါင်း သလဲဆိုတော့ တဏှာနဲ့ပေါင်းတယ်။ အပြင်ပြယုဂ်က အဇာတသတ်နဲ့ ဒေဝဒတ်။ အတွင်းပြယုဂ်မှာတော့ ဒိဋ္ဌိနဲ့ တဏှာ နော်။ အကုသိုလ်စိတ် ၁၂ ပါး ထဲမှာ လောဘမူစိတ် ရှစ်ပါး ဆိုတာရှိတယ်။ ပထမဆုံး အကုသိုလ်စိတ်ဟာ ဒိဋ္ဌိနဲ့ယှဉ်တဲ့ လောဘစိတ်ပါ။ ဒိဋ္ဌိ လောဘစိတ် ဝမ်းထဲမှာကိန်းနေပြီဆိုရင် မ မလုပ်ရဲတဲ့အကုသိုလ် ဘာမှမရှိတော့ဘူး ။

## နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား

အဖေကိုသတ်တယ်ဆိုတာ အရှင်ဒေဝဒတ်ခိုင်းလို့ အဇာတသတ်က လုပ်တာပဲ။ ဒါက သမ္မုတိသစ္စာက ပြောတာနော်။ ပရမတ္ထသစ္စာနယ်က ပြောရင်တော့ ဒိဋ္ဌိနဲ့ တဏှာက ခိုင်းတာလို့ မှတ်ပါ။

ဒိဋ္ဌိနဲ့ တဏှာကို ရုပ်နာမ်ခွဲရင် နာမ်တရားဖြစ်တယ်။ ကာယကံ ဝစီကံတွေ ကြမ်းတမ်းမှု လှုပ်ရှားမှုက ရုပ်တရား ။ အဲဒီလို ကြမ်းတမ်း လှုပ်ရှားအောင် နာမ်တရားက ခိုင်းလိုက်တာ။ နာမ်က အခိုင်းသမား၊ ရုပ်က အလုပ်သမား။

ရှင်ဒေဝဒတ်နဲ့ ပေါင်းလိုက်လို့ အဇာတသတ် ဘာဖြစ်သွားတယ် ဆိုတာက သမ္မုတိသစ္စာနဲ့ ပြောတာနော်။ ကလေးတွေ နားလည်အောင် တော့ ဒီလိုပဲပြောရမှာပဲ။ အသိဉာဏ်ရှိတဲ့ လူကြီးတွေအတွက်ဆိုရင် အကုသိုလ် ကျူးလွန်ကာဟာ တဏှာရဲ့သတ္တိလို့ ပြောရမယ်။ နေရာ တကာ ပရမတ္ထသစ္စာနဲ့ ပြောနေရင် ကလေးတွေ အိပ်ပျော်ကုန်မှာပေါ့။

ခမည်းတော် ဗိမ္ဗိသာရမင်းကြီးက အဇာတသတ်မင်းသားကို ထီးနန်းစည်းစိမ်တွေ ပေးအပ်လိုက်တော့ အဇာတသတ် ဘုရင်ဖြစ်သွား ပြီ။ အဲဒီအခါမှာ ရှင်ဒေဝဒတ်က ပြောပြန်တယ်။ “မင်း ...ဘုရင် ဖြစ်ပြီဆိုပြီ ခမည်းတော်ကြီးကို ဒီအတိုင်းထားရသလား။ မြွေပွေး

ခါးပိုက် ပိုက်ဖြစ်နေမှာပေါ့။ သားရေသိပ်ကြိုက်တဲ့ မြွေခွေးကို စည်ထဲမှာ ထည့်ကျက်ရင် အဲဒီမြွေခွေးက သားရေတွေကို ကိုက်စားပစ်မှာပဲပေါ့။ မင်းအဖေက အင်အားကြီးပါဘိနဲ့။ တစ်ရက် နှစ်ရက်နေရင် မင်းဘုရင်ရာထူးကို ပြန်သိမ်းနိုင်တယ်။ ဒီအတိုင်း အရှင်မထားနဲ့" တဲ့။

အဲဒီတော့ အဇာတသတ်က "လက်နက်နဲ့ကာယကံမြောက်ကြီးတော့ မလုပ်ရဲဘူး" ဆိုတော့ ဒေဝဒတ်က "မင်းကလည်းကွာ ညံ့လိုက်တာ လွန်ရော။ ထောင်သွင်း အကျဉ်းချထားလိုက်ပေါ့ကွာ" လို့ ခိုင်းပြန်ရော။ သမုတိသစ္စာနဲ့ပြောတော့ ဒေဝဒတ်ပေါ့။ ဒေဝဒတ်ရဲ့ ဝမ်းထဲမှာ ကိန်းနေတာက တဏှာနဲ့ ဒိဋ္ဌိပဲ။ "မင်းက အဖေကိုသတ်၊ ငါက ဘုရားကိုသတ်မယ်" ဆိုပြီး ညွှန်ကြားတာ ဒေဝဒတ်ဆိုပေမယ့် တဏှာနဲ့ ဒိဋ္ဌိက ညွှန်ကြားနေတာနော်။ ပရမတ္ထနယ်က စကားနဲ့ပြောရရင် တဏှာဒိဋ္ဌိ နာမ်တရားကခိုင်းလို့ ကာယကံ၊ ဝစီကံ ရုပ်တရားကြီးက လိုက်လုပ်နေတာ ဖြစ်ပါတယ်။

## ဝိပဿနာသည် အသက်ရှည်ဆေး၏

ရှင်ဒေဝဒတ် ခိုင်းတဲ့အတိုင်းပဲ အဇာတသတ်က ဖခင်ဘုရင်ကြီးကို ထောင်သွင်း အကျဉ်းချထားလိုက်တယ်။ ထောင်ထဲကို ပွဲတော်စာ မသွင်းစေဘဲနဲ့ အစာငတ် ရေငတ်ထားတယ်။ မိခင်ဝေဒေဟီ မိဖုရားကြီးကိုတော့ ဝင်ခွင့်ပြုထားတာပေါ့။ ဒီတော့ မိဖုရားကြီးက ပွဲတော်စာ ခိုးသွင်း။ နောက်တော့ ပွဲတော်စာသွင်းတာ မိသွားလို့ မုန့်ပဲသရေစာတွေ ခြေနင်းဖိနပ်ထဲထည့်ပြီး သွင်းခဲ့ရတယ်။

ခြေနင်းဖိနပ်ထဲထည့်လာတဲ့ မုန့်တွေ မိသွားပြီဆိုတော့ ဆံပင်မှာ ထောပတ်တွေ၊ ပျားရည်တွေ သုတ်လိမ်းပြီးတော့ ယူပြန်တယ်။

ဒီလောက် အစာငတ်ထားတာတောင် အသက်ရှင်နေတုန်းပဲလားလို့ စုံစမ်းလိုက်တော့ မိဖုရားကြီး ဝေဒေဟီကြောင့်ဆိုတာ သိသွားပြီး မိဖုရားကြီးကိုတောင် ထောင်ထဲဝင်ခွင့် မပေးတော့ဘူး။

ဗိမ္ဗိသာရမင်းကြီးဟာ သောတာပန်ပုဂ္ဂိုလ်ကြီး ဖြစ်လေတော့ အစာအာဟာရ မှီဝဲခွင့်မရပေမယ့် စိတ်မဆင်းရဲသွားဘူး။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးစလုံး သတိပဋ္ဌာန်တရားကို နှလုံးသွင်းနေတယ်။ ခန္ဓာဉာဏ်ရောက်၊ ဖြစ်ပျက်မင်္ဂကိုက်တဲ့အလုပ်ကို လုပ်နေလိုက်တယ်။ သူ့တရားလေးနဲ့သူ၊ သူ့ပီတိလေးနဲ့သူ နေတာ နော်။

ဝိပဿနာအလုပ်ကို လုပ်နေတဲ့အတွက် အစာမစားရသော်လည်း အသက်ရှင်လျက်ပဲ။ ဝိပဿနာအလုပ်သည် အသက်ရှည်စေတယ်ဆိုတာ သဘောပေါက်ဖို့ပါ။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိချင်ရင် ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ ဟဒယနှလုံး ကြည်လင်ခြင်းနဲ့ ပြည့်စုံစေချင်တယ်ဆိုရင် မှီဝဲသင့်တဲ့တရားကို မှီဝဲရပါမယ်။ မှီဝဲသင့်တဲ့တရားကတော့ ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားပါပဲ။

## ကိုယ့်တရားက ကိုယ့်ပြန်စီရင်

ဗိမ္ဗိသာရမင်းကြီး အစာအငတ် ရေအငတ်ထားတာတောင်မှ မသေဘူး။ စင်္ကြံလျှောက်ရင်း ဝိပဿနာ ရှုမှတ်နေတယ်။ အဲဒါကို အဇာတသတ်က လမ်းလျှောက်နေလို့ အသက်ရှင်နေတာပဲဆိုပြီး လမ်းလျှောက်လို့မရအောင် ခြေဖဝါး ဓားနဲ့အခွဲခိုင်းပါတော့တယ်။

ဒီလို ခြေဖဝါး ဓားခွဲခံရတာ သနားစရာအလွန်ကောင်းပါတယ်။ သို့ပေမဲ့ "သူ့ကာယကံ သူ့ထံပြန်၊ သူ့ဝစီကံ သူ့ထံပြန်၊ သူ့မနောကံ

သူ့ထံပြန်” ဆိုတဲ့အတိုင်း ဘယ်သူမပြု မိမိမှုလို့ဆိုရမှာပဲ။ အတိတ် ဘဝတွေတုန်းက ရှိသေသင့်တာ မရှိသေ၊ လေးစားသင့်တာကို မလေး စား၊ မာန်မာနတွေထောင်လွှား၊ မှားယွင်းခဲ့တဲ့ သူ့ရဲ့ အပြစ်တွေ ကြောင့်ပါ။

ဗိမ္ဗိသာရမင်းကြီးဟာ အတိတ်ဘဝတစ်ခုမှာ ဓာတ်တော် မွေတော်တွေ ပူဇော်ထားတဲ့ စေတီတော်ရဲ့ ရင်ပြင်မှာ မရှိမသေနဲ့ ဖိနပ်စီးခဲ့သတဲ့။ နောက်ဘဝတစ်ခုမှာလည်း သူက သူဌေးကြီးဆိုတော့ မာနခပ်ကြီးကြီးပေါ့။ သံဃာတော်တွေ သီတင်းသုံးရအောင် ခင်းကျင်း ထားတဲ့ ကော်ဇောကြီးပေါ် ဖိနပ်မချွတ်ဘဲ တက်နင်းခဲ့သတဲ့။ “ငါနင်း တာ ဘယ်သူပြောရဲလဲ” ဆိုတဲ့ မာနကြီးနဲ့ပေါ့လေ။ အဲဒီဒဏ်တွေ ပြန်ခံရတာပါပဲ။

ဒီဖြစ်ရပ်မှာ “သားက အဖေကိုနှိပ်စက်တယ်” ဆိုတာက သမုတိသစ္စာစကားပါ။ တကယ့်အမှန်တရားက သူ့ အတိတ်က လောဘ ဒေါသ မောဟ တဏှာ မာန ဒိဋ္ဌိတွေနဲ့ ပြုခဲ့တဲ့ကံတွေက ကိုယ့်ကို ပြန်ပြီး ကျေးဇူးပြုတာပဲလို့ မှတ်ရတယ်။ “တစ်ပါးသောပုဂ္ဂိုလ်က တစ်ပါးသောပုဂ္ဂိုလ်ကို ပြုလုပ်တယ်” ဆိုတာ သမုတိနယ်သုံးစကားပါ။ ပရမတ္ထအနေနဲ့ပြောရင် ကိုယ့်ဝမ်းထဲက တရားက ကိုယ့်ကိုစီရင်တာ ဖြစ်ပါတယ်။

အဇာတသတ်မင်းသည် မိုဝဲသင့်တဲ့ သူတော်ကောင်းတရားကို မမိုဝဲဘူး၊ ဆည်းကပ်သင့်တဲ့ မြတ်စွာဘုရားကို မဆည်းကပ်ဘူး။ ပူဇော်သင့်တဲ့ မြတ်စွာဘုရားကို မပူဇော်ဘူး၊ မမိုဝဲသင့်တဲ့ ရှင်ဒေဝဒတ် ကို မှီဝဲဆည်းကပ်လိုက်မိတဲ့အတွက်ကြောင့် ဆင်းရဲဒုက္ခ ရောက် ရတယ်။ မပူဇော်သင့်တဲ့ အကုသိုလ်ဓမ္မကို ပူဇော်မိရက်သား ကြုံရပါ တော့တယ်။ အဖေဆင်းရဲသလို သားလည်း ဆင်းရဲရတော့တာပါပဲ။

အဖေကိုသတ်မိတဲ့အခါကျတော့ ရှင်ဒေဝဒတ် မြေမျိုးတယ်

ဆိုတဲ့ အသံလည်းကြားရော နေလို့မရတော့ဘူး။ “ငါ့အလှည့် ဘယ်တော့ ရောက်မှာလဲ” လို့ အဇာတသတ် နေမထိထိုင်မသာ ဖြစ်နေရပါပြီ။

## အဇာတသတ်လို သားမျိုး

ခမည်းတော် ဗိမ္ဗိသာရမင်းကြီး ကွယ်လွန်သွားပြီဆိုတာနဲ့ တစ်ချိန်တည်းမှာပဲ အဇာတသတ်ရဲ့ မိဖုရားကြီးကလည်း သားဦး ရတနာလေး မွေးဖွားလာပါရော။ သားလေးမျက်နှာ မြင်လိုက်ရတော့ ဖခင်ရဲ့ ချစ်ခြင်းမေတ္တာ ပေါ်လာပါတော့တယ်။ သူ့အဖေလည်း သူ့ကို ဒီလို ချစ်ခဲ့မှာပဲလို့ ကိုယ်ချင်းစာစိတ် ဝင်လာပါတော့တယ်။

အဲဒီမှာ မိခင် ဝေဒေဟီမိဖုရားကြီးကို “အမေ...အဖေက သားကို ဘယ်လောက်ချစ်သလဲ” လို့ မေးတော့တာပဲ။ “ဝေဒေဟီ ဖြေမဆည်နိုင်ပြီ၊ ချစ်တာတွေ အမေပြောပြပါမည်၊ ခမည်းတော်ဘုရားရဲ့ အပေါ် အထင်တော်မမှားသင့်ပြီ” ဆိုတဲ့အတိုင်း “သားရယ်...သားအပေါ် မင်းအဖေ ဘယ်လောက်ချစ်တယ်ဆိုတာ မေးမနေနဲ့တော့။ သားငယ်ငယ်တုန်းက လက်ညှိုးမှာ အနာပေါက်တော့ မင်းအဖေဟာ အနာသက်သာအောင်လို့ သူ့ပါးစပ်မှာ ငုံထားပေးရှာတယ်။ အနာပြည်ပေါက်ချိန်မှာ သားနာမှာစိုးလို့ ထွေးမထုတ်ရက်ဘူး။ ပြည်တွေကို မျိုချပစ်လိုက်တာကွဲ့။ သားကို အဲဒီလောက်ချစ်တဲ့ အဖေပါ” လို့ ဝေဒေဟီက ရှင်းပြတယ်။

တကယ်တော့ အဇာတသတ်ဟာ အဖေကို ပြန်သတ်မည့်သားဆိုတာ မိဘတွေက အစကတည်းက သိကြပါတယ်။ ကိုယ့်ကို သတ်မည့်သားမှန်း သိသိကြီးနဲ့ မွေးခဲ့တာ ဖခင်ရဲ့မေတ္တာပါပဲ။ သားဆိုး သမီးဆိုးရယ်လို့ ပစ်ရိုးထုံးစံ ရှိခဲ့ပါရဲ့လား။

တချို့သားသမီးတွေ အပေါင်းအသင်းနဲ့ကျတော့ ဖြောင့်လို့နော်။ အိမ်ရောက်ရင် ထော်လော်ကန့်လန့် လုပ်ကြပြီ။ အပေါင်းအသင်းတွေ မြှောက်ပေးတာနဲ့ အမေ့ဆီ ပိုက်ဆံ မရအရတောင်း၊ မပေးရင် ဆဲသတဲ့။ ဒီလိုသားသမီးမျိုးဟာ အဇာတသတ်လမ်းစဉ်လိုက်နေတဲ့ လူမိုက်တွေပဲ မဟုတ်ပါလား။

## ပူဇော်မှန်မှ ချမ်းသာရနိုင်၏

အဖေအပေါ်မှာ လွန်ကျူးစော်ကားထားတဲ့ ပိတုဃာတကကံ ပြုမှုကြီးက နေ့စဉ်နဲ့အမျှ နှိပ်စက်နေလေတော့ အဇာတသတ်ရဲ့ ရင်ထဲမှာ ပူလောင်နေရပြီ။ နောက်ဆုံးမှာ ဆရာဇီဝကကို အကြံဉာဏ်တောင်းတယ်။ ဆရာဇီဝကကလည်း ရင်ထဲကအပူကို ငြိမ်းသက်ပေးနိုင်မည့် မြတ်စွာဘုရားထံတော်ကို ပို့ဆောင်ပေးလိုက်ပါတယ်။

အဇာတသတ်ကို မြတ်ဗုဒ္ဓက သာမညဖလသုတ်တော်ကြီး ဟောကြားတော်မူလို့ ရင်အပူငြိမ်းစေတော်မူခဲ့ပါတယ်။ အဇာတသတ်ရဲ့ ရင်ဟာ အေးမြသွားပါပြီ။ သို့ပေမဲ့ ပိတုဃာတကကံကြီး ရှိနေတာမို့ တရားအဆုံးမှာ အားလုံး သောတာပန်တည်ကြပေမယ့် ဒီအထဲ အဇာတသတ် မပါဝင်နိုင်ခဲ့ရှာပါဘူး။

မြတ်ဗုဒ္ဓတရားတော်သည် "ကြားနာရုံပင်၊ အပူစင်၍" ဆိုတဲ့ အတိုင်း တရားနာနေရုံမျှနဲ့ သားပူ သမီးပူ ဆွေပူ မျိုးပူ အရောင်းပူ အဝယ်ပူ စတဲ့ အပူအားလုံး စင်ကြယ်စေနိုင်ပါတယ်။ "ကြားနာရုံပင်၊ အပူစင်၍၊ ကျင့်လျှင်ချမ်းသာ" လက်တွေ့ကျင့်ကြံအားထုတ်ပြီဆိုတော့လည်း ချမ်းသာစေနိုင်ပါတယ်။

ကျင့်သင့်တာကျင့်ရင် ချမ်းသာတယ်။ ပူဇော်သင့်တာ ပူဇော်ရင် ချမ်းသာတယ်။ ပေါင်းသင့် ပေါင်းထိုက်တာကို ပေါင်းသင့်ရင် ချမ်းသာစေနိုင်ပါတယ်။ အဇာတသတ်ဟာ သောတာပန်တည်ခွင့် မရသော်

လည် ဘုရားကို သိပ်ကြည်ညိုသွားပါပြီ။ ပုထုဇဉ်ပုဂ္ဂိုလ်ထဲမှာတော့ ဘုရားကြည်ညိုတဲ့နေရာမှာ အဇာတသတ်ကိုမှီသူ မရှိပါဘူး။ "နောင်ကာလမှာ အဇာတသတ်မင်း သည် ဝိဇိတာဝီ ဆိုတဲ့ ရှင်ပစ္စေကဗုဒ္ဓါ ဖြစ်လာလိမ့်မယ်" လို့ မြတ်ဗုဒ္ဓ ဗျာဒိတ်ပေးတော်မူခြင်း ခံရပါတယ်။

ပူဇော်သင့်တဲ့တရားဟာ ရတနာသုံးပါးပါ။ ရတနာသုံးပါးကို ပူဇော်ရင် တကယ်ချမ်းသာပါတယ်။ "ပူဇော်မှန်မှ တရားရ" ဆိုတာ အဲဒါပြောတာပါပဲ။

တစ်ခု သတိထားခဲ့ရမှာက အဇာတသတ်သည် ရှင်ထဲမှာ ပူလောင်နေတာ ငြိမ်းအေးသွားတယ်။ ဘုရားကို အကြည်ဆုံး တေဒဂ် ဘွဲ့ထူး ရတယ်။ ရှင်ပစ္စေကဗုဒ္ဓါဖြစ်မယ်လို့ ဗျာဒိတ်ရတယ်။ ဒါပေမဲ့ သောတာပန်တည်ခွင့် မရခဲ့ဘူးနော်။ အဲဒါ ကံကြီးထိုက်တာလို့ဆိုတာ သတိပြုခဲ့ဖို့ပါ။

မိဘကိုစော်ကားတဲ့ သား သမီးများ ကြိုက်သလောက် တရားအား ထုတ်ပါစေ၊ နိဗ္ဗာန်မရနိုင်ပါဘူး။ နိဗ္ဗာန်ရချင်ရင် ကံကြီးမထိုက်ခဲ့ပါစေနဲ့။ မိဘကိုစော်ကားတဲ့ သဘောသက္တိတွေ မရောက်အောင် မမှီဝဲသင်တာကို မမှီဝဲပါနဲ့။ မှီဝဲသင့်တာ မှီဝဲပါ။ မပေါင်းသင့်တဲ့ မိုက်သောပုဂ္ဂိုလ်တွေနဲ့ မပေါင်းပါနဲ့။ ပေါင်းသင့်တဲ့ ပညာရှိသူတော်ကောင်းတွေနဲ့ ပေါင်းသင်းပါ။ ပူဇော်သင့်တဲ့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ပူဇော်ပါ။

ဘုရားကိုပူဇော်တဲ့အခါမှာလည်း ပူဇော်မှုအားလုံးမှာ တရားနဲ့ ပူဇော်တာ အမြတ်ဆုံးဖြစ်ပါတယ်။ ခန္ဓာထဲမှာ ဉာဏ်ရောက်အောင် လုပ်ခြင်းဖြင့် တရားတော်ကို ပူဇော်ကြရပါမယ်။ ပူဇော်မှု မှန်ကန်လာတဲ့အခါ သောတာပန် အရိယာ ဘုံစဉ်စံပုဂ္ဂိုလ်ကြီး ဖြစ်သွားပြီ ဘဝများစွာ ချမ်းသာရာ ရရှိကြရပါတော့တယ်။

# သင့်ရာဒေသ နေထိုင်ကြ

## မင်္ဂလာ အမှတ် (၄)

## ပတိရူပဒေသဝါသော အရပ် ရှာပုံတော်

မမှီဝဲသင့်တာ မမှီဝဲဖို့၊ ဆည်းကပ်သင့်တာ ဆည်းကပ်ဖို့၊ ပူဇော်သင့်တာ ပူဇော်ဖို့ဆိုတဲ့ မင်္ဂလာသုံးပါးကို ပြောခဲ့ပြီ ပါပြီ။ ရှေ့ဆက်ပြီး ရှင်တော်မြတ်ဘုရားက ဒုတိယဂါထာတစ်ပုဒ်နဲ့ မင်္ဂလာသုံးပါးကို ဟောကြားတော်မူပါတယ်။ မင်္ဂလသုတ်တော်မှာ ဟောတော်မူထားတာက

**ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။**
**အတ္တသမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။**

ဒီဂါထာလေးကို မြန်မာလိုနားလည်ဖို့၊ ဆောင်လွယ် မှတ်လွယ်ဖို့ ဆရာကြီး ဒဂုန်ဦးထွန်းမြင့်က ကဗျာလင်္ကာတစ်ပုဒ် သီကုံးပေးထားပြန်ပါတယ်။ လင်္ကာကို မှတ်သားကြရအောင်ပါ။

ကုသိုလ်ပညာ ဥစ္စာရဖို့ သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး နေထိုင်ရေး မျှော်တွေးသုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။ ။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူတဲ့ မင်္ဂလာတရားတော်ကြီးဟာ လောကီအတွက် တစ်မျိုးတည်းမဟုတ်ဘဲ လောကုတ္တရာအတွက်လည်း ရည်ရွယ်ပါတယ်။ ဒီမင်္ဂလာတရားတော်ကြီးကို လူမျိုးမရွေး၊ ဘာသာမရွေး မည်သူမဆို လိုက်နာကျင့်ကြံ အားထုတ်နိုင်တယ်။ လိုက်နာကျင့်ကြံသလောက် ပွားများအားထုတ်သလောက် အကျိုးများနိုင်ပါတယ်။

၃၈ ဖြာမင်္ဂလာတရားတော်ကြီးမှာ နံပါတ်လေးအနေနဲ့ ဟောတော်မူထားတာက **"ပတိရူပဒေသဝါသောစ"** တဲ့။ ပတိရူပဒေသအရပ်ကို ရွေးချယ်ပီစစ်ပြီ တော့ နေထိုင်ရမယ်။ ဒီလိုနေထိုင်မှုလည်း ကိုယ်လိုရာ ခရီးပန်းတိုင် အပြီးတိုင်ရောက်နိုင်မယ်။ လောကီမင်္ဂလာဆိုတဲ့ ပစ္စုပ္ပန် နေရေး ထိုင်ရေး အဆင်ပြေခြင်း၊ လောကုတ္တရာမင်္ဂလာဆိုတဲ့ အိုနာသေ သံသရာဒုက္ခတို့ရဲ့ ဟာကာယ်လွတ်မြောက်ရာဖြစ်တဲ့ မြတ်နိဗ္ဗာန်ကို ရနိုင်ခြင်း ဆိုတဲ့ အကျိုးတရားများကို ရရှိနိုင်ပါတယ်။

အဲဒီ လောကီ လောကုတ္တရာ အကျိုးတရားတွေကို ပတိရူပအရပ်ရောက်နေမှ အကျိုးပေးနိုင်တာပါ။ ပတိရူပဒေသအရပ်ဆိုတာက အပြစ်ကင်းသောအရပ်လို့ အဓိပ္ပာယ်ရတယ်။ ဒါကြောင့် အပြစ်ကင်းသော အရပ်ဆိုတာ ဘယ်လိုအရပ်မျိုးလဲဆိုတာ သိဖို့လိုလာပါပြီ။

ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်
ဖြစ်လတ် ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ
ဉာဏ်မရှိငြား၊ ဉာဏ်ရှိငြားလည်း
ဘုရားမပွင့်၊ ကျမ်းဂန်လုစ်သည်
ရပ်ပြစ်ရှစ်ပါး၊ သရုပ်တည်း။ ။

ဆိုတဲ့ လင်္ကာအတိုင်း အပြစ်ရှိတဲ့အရပ် ရှစ်ပါ၊ ရပ်ပြစ်ရှစ်ပါက ကင်းလွတ်တဲ့အရပ်ဟာ ပတိရူပဒေသပါပဲ။ အပြစ်ကင်းသောအရပ်

ကို သိချင်ရင် အပြစ်ရှိတဲ့အရပ်ကို သိရပါမယ်။ အပြစ်ရှိတဲ့အရပ်ကို နားလည်ရင် အပြစ်ကင်းတဲ့အရပ်ကို သိနိုင်ပါတယ်။ ပတိရူပဒေသ မင်္ဂလာကြီးနဲ့ ပြည့်စုံနိုင်အောင် အပြစ်ကင်းတဲ့အရပ်ကို သိဖို့လိုလာပါတယ်။

ဘုရားရှိခိုးတဲ့အခါမှာ "ဤသို့ ရှိခိုးပူဇော် မှု မြော်မာန်လျှော့ ကန်တော့ရတဲ့အတွက်ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး တို့မှ ကင်းလွတ်ရပါလို၏ဘုရား" လို့ ဆုတောင်းခဲ့ကြတယ်နော်။ အဲဒီထဲမှာ ရပ်ပြစ်ရှစ်ပါးမှ ကင်းလွတ်ချင်တယ်ဆိုတာ ပါခဲ့တယ်။

ရပ်ပြစ်ဆိုတာ ဘာလဲ။ အက္ခဏသုတ္တန်မှာ ရဟန်းတစ်ပါးက မြတ်စွာဘုရားကို လျှောက်တယ်။ **"ခဏော ခဏောတိ ဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာ နုခေါ ခဏောတိ ဘန္တေဝုစ္စတိ** = အရှင်ဘုရား ...လောကမှာ ခဏခဏလို့ ပြောနေကြတယ်ဘုရား။ အဲဒီ ခဏဆိုတာ ဘာလို ပြောတာလဲဘုရား" ဆိုတော့ မြတ်စွာဘုရားက "ချစ်သား ...ခဏဆိုတာ အခွင့်အရေး" လို့ ဖြေပါတယ်။ ခဏဆိုတာ အခွင့်အရေးတဲ့။ လောကီအခွင့်အရေးနဲ့ လောကုတ္တရာအခွင့်အရေး။ လောကီရတနာ တိုးတက်စေနိုင်တာ၊ လောကီမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်တာ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာမင်္ဂလာအပေါင်းနဲ့ ပြည့်စုံနိုင်တာ အခွင့်အရေးပါပဲ။ အဲဒီအခွင့်အရေးတွေ ဆုံးရှုံးနေတဲ့ အရပ်ဟာ ရပ်ပြစ်ရှစ်ပါးပါပဲတဲ့။

အောင်မြင်တိုးတက် ကြီးပွားလိုတဲ့ပုဂ္ဂိုလ်၊ အရိယာစခန်း တက်လှမ်းလိုတဲ့ပုဂ္ဂိုလ်၊ ဤဘဝ ဤခဏနဲ့ သောတာပန်တည်လိုတဲ့ ပုဂ္ဂိုလ်များသည် ရပ်ပြစ်ရှစ်ပါးကလွတ်အောင် ကြိုးစားရပါမယ်။ အဲဒီရပ်ပြစ်ရှစ်ပါးက လွတ်မြောက်တဲ့အရပ်ဟာ ပတိရူပဒေသ = သင့်တင့်လျောက်ပတ်တဲ့အရပ် ဖြစ်ပါတယ်။

# အခွင့်အရေးမလော ပါယ်ဘုံရှာ

ရပ်ပြစ်ရှစ်ပါးထဲမှာ နံပါတ်တစ်က "ပါယ်သုံးရွာနှင့်" တဲ့။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ဆိုတဲ့ အပါယ်ဘုံဟာ နံပါတ်တစ် ရပ်ပြစ်ပါပဲ။ အသူရကာယ် အပါအဝင် အပါယ်လေးဘုံရှိရာမှာ အသူရကာယ်က ပြိတ္တာနဲ့ တစ်စပ်တည်း ဖြစ်နေတဲ့အတွက် ပြိတ္တာဘုံထဲ ပေါင်းပြီး ကောက်လိုက်တယ်။ အသူရကာယ်ဆိုတာလည်း ပြိတ္တာပဲ မဟုတ်လား။ ပြိတ္တာဘုံကောက်လိုက်ရင် အသူရကာယ်ဘုံလည်း ပါသွားပြီမို့လို့ ပါယ်သုံးရွာလို့ ပြောတာပါ။

ခန္ဓာဒုက္ခဖြစ်တဲ့ ၃၁ ဘုံကို နှစ်ပိုင်း ပိုင်းလိုက်ရင် သုဂတိနဲ့ ဒုဂ္ဂတိလို့ ရပါတယ်။ သုဂတိက ၂၇ ဘုံ၊ ဒုဂ္ဂတိကတော့ အပါယ်လေးဘုံ။ အပါယ်လေးဘုံက ရပ်ပြစ်ရှစ်ပါးထဲမှာ ပါတယ်။ လူ့ဘဝ လူ့ဘုံကတော့ သုဂတိဘုံဖြစ်တဲ့အတွက် ရပ်ပြစ်ရှစ်ပါးမှာ မပါပါဘူး။ ပတိရူပဒေသ အပြစ်ကင်းသောအရပ် ဖြစ်ပါတယ်။

လူ့ဘဝသည် သုဂတိဘုံ ပတိရူပဒေသအရပ်လို့ ဆိုပေမယ့် အချိန်တန်ရင် သေရမှာပါပဲ။ သေတဲ့အခါ ဒုတိယဘဝရောက်တော့ အပါယ်လေးဘုံရောက်ချင် ရောက်နိုင်တာပါပဲ။ အပါယ်လေးဘုံ ရောက်အောင် ဆွဲချတာက ဒိဋ္ဌိကိလေသာ ဖြစ်ပါတယ်။ ဒိဋ္ဌိကိလေသာ ပြုတ်မှသာ အပါယ်လေးပါး ခန္ဓာဒုက္ခ ချုပ်ပါတယ်။

အပါယ်လေးပါးမကျအောင် ပယ်သတ်နိုင်တဲ့ ကျင့်စဉ်ကိုတော့ သုဂတိ လူ့ဘဝခန္ဓာကို ရမှသာ သိနိုင်တာပါ။ လူ့ဘဝမှာဖြစ်နေခိုက်သာ အပါယ်လေးပါးမှ လွတ်မြောက်ကြောင်းအလုပ်ကို ငွားငွားစွင့်စွင့် လုပ်နိုင်ပါတယ်။ အဲဒါကြောင့် လူ့ဘဝဟာ ပတိရူပအရပ် ဖြစ်ပါတယ်။

လူ့ဘဝမှာ ကုသိုလ်လည်း ရနိုင်တယ်၊ ပညာလည်း ရနိုင်

တယ်၊ ဥစ္စာလည်းရနိုင်တယ်။ "ကုသိုလ်ပညာ ဥစ္စာရဖို့၊ သင့်ရာဒေသ အမြဲနေ" တဲ့။ ကိုယ်တိုင်က တကယ်ကြိုးစားလို့ရှိရင် အပါယ်လေးပါးမှ အပြီးတိုင် လွတ်မြောက်နိုင်တဲ့ အခွင့်အရေး မိမိတို့မှာ ရှိနေတာကို သဘောပေါက်ခဲ့ကြပါ။ အပါယ်လေးဘုံရောက်နေရင် ဒီအခွင့်အရေး မရနိုင်ပါဘူး။ အခွင့်အရေးဆိုတာလည်း နှစ်ခါပြန်မလာတတ်ပါဘူး။

အဲဒီတော့ အပါယ်လေးဘုံ၊ ပြိတ္တာဘုံထဲမှာ အသူရကာယ်ဘုံကို ထည့်လိုက်တော့ ပါယ်သုံးရွာသည် အခွင့်အရေးတွေ မရနိုင်တဲ့အတွက် ပတိရူပအရပ် မဟုတ်ပါဘူး။ ရပ်ပြစ်ရှစ်ပါးထဲမှာ ပါဝင်သွားတယ်လို့ မှတ်ခဲ့ဖို့ပါ။

## မင်္ဂလာသုတ်သည် နိဗ္ဗာန်ရောက်ကြောင်း

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် သစ္စာလေးပါး သိပြီးတော့ လောကအလယ်မှာ ပွင့်တော်မူခဲ့ပါတယ်။ **"ဗုဒ္ဓေါ ဗောဓေယျ"** ဆိုတဲ့ အတိုင်း ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူကိုယ်တိုင် သစ္စာလေးပါးကို သိတော်မူသလို သတ္တဝါဝေနေယျတို့ကိုလည်း သိစေချင်ပါတယ်။ အကြောင်းကတော့ သစ္စာသိမှသာ နိဗ္ဗာန်ကိုဝင်နိုင်တဲ့အတွက်ကြောင့် ပါပဲ။

နိဗ္ဗာန်ဝင်ရင် အိုနာသေမှ ငြိမ်းပါတယ်။ ယောဂီများ နေ့တိုင်း ခန္ဓာဉာဏ်ရောက်တရားတွေ ပွားများအားထုတ်နေကြတာဟာ နိဗ္ဗာန် ဝင်ချင်လို့ပေါ့။ နိဗ္ဗာန်ဆိုတာ ငြိမ်းအေးတာကိုပြောတာ ဖြစ်ပါတယ်။ အဲဒီ နိဗ္ဗာန်က သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်လို့ နှစ်မျိုး ရှိတယ်။ မြန်မာလိုပြောရင် ကိလေသာချုပ်တဲ့ နိဗ္ဗာန်နဲ့ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ပေါ့။

နိဗ္ဗာန်ဆိုတာ မင်္ဂလာစကားနဲ့ပြောရင် လောကုတ္တရာမင်္ဂလာ

ထဲမှာ ပါတယ်။ "စေတံ မင်္ဂလမုတ္တမံ" ဆိုတဲ့ ပါဠိမှာ မင်္ဂလာဆိုတာ နိဗ္ဗာန်ဖြစ်ပါတယ်။ ဘုရားဟော တရားတော်ဟာ လောကကြီးပွားရေး တွင်မကဘဲ လောကုတ္တရာကြီးပွားရေးနိဗ္ဗာန်တိုင်အောင် အသုံးချပညာပါ။ ဘုရားဟောတဲ့ တရားတော်အားလုံးသည် နိဗ္ဗာန်ရောက်ကြောင်းတွေ ချည်း ဖြစ်ပါတယ်။

တရားဂုဏ်တော်ခြောက်ပါးမှာ "**သွာက္ခာတော-သု အက္ခာတော**။ **သု**=ကောင်းစွာ လွန်စွာ၊ **အက္ခာတော**=ငါသည် နိဗ္ဗာန်ရောက် ကြောင်း တရားတော်တွေကို ဟောတော်မူခဲ့ပေ၏" တဲ့။ မင်္ဂလသုတ် ဆိုပြီးတော့ ပေါ့ပျက်ပျက် မလုပ်စေချင်ပါဘူး။ မင်္ဂလသုတ်ကို ပရိတ် ကြီးထဲ ထည့်ထားတဲ့အတွက် အန္တရာယ်ကင်းလောက်၊ လာဘ်လာဘ ပေါရုံလောက် မအောက်မေ့ပါနဲ့။ မင်္ဂလသုတ်ထဲမှာ နိဗ္ဗာန်ရောက် ကြောင်း တရားတွေ အများကြီးပါပါတယ်။ ကိုယ်က အသုံးမချတတ်၊ ယုယ်မယူတတ်တဲ့အတွက်ကြောင့်သာ လောကီလောက်နဲ့ အချိန်ကုန် နေကြတာပါ။ ဘုရားရှင်ရဲ့ တကယ့်ရည်ရွယ်ရင်းကတော့ နိဗ္ဗာန် ရောက်စေချင်တာ ဖြစ်ပါတယ်။

နိဗ္ဗာန်က သဉပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်။ တစ် နည်းပြောတော့ ကိလေသာချုပ်တဲ့ နိဗ္ဗာန်နဲ့ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်။ ကိလေသာချုပ်တဲ့နိဗ္ဗာန်က ရှင်တုန်းမြင်ရတဲ့ နိဗ္ဗာန်။ ခန္ဓာချုပ်တဲ့ နိဗ္ဗာန်ကတော့ သေမှရတဲ့ နိဗ္ဗာန်။

## အရေးကြီးတဲ့ အဝိဇ္ဇာနဲ့ တဏှာ

အားလုံးသောပုဂ္ဂိုလ်တွေဟာ ခန္ဓာရနေကြပါတယ်။ အခု တရား ဟော တရားနာနေတာဟာလည်း ခန္ဓာနဲ့ ဟောနေ နာနေကြတာပါ။ ကုသိုလ်ကြောင့် ရရှိနေတဲ့ လူ့ဘဝ သုဂတိခန္ဓာကြီး ဖြစ်ပါတယ်။

ကုသိုလ်ဦးဆောင်ပြီးတော့ ခန္ဓာကြီးကို ရခဲ့တယ်လို့ ဆိုရပါလိမ့်မယ်။

ဒါပေမဲ့ အတိတ်တုန်းက ကုသိုလ်ကောင်းမှု လုပ်ခဲ့စဉ်မှာ သစ္စာမသိဘဲ လုပ်ခဲ့ကြတယ်နော်။ မသိတာက အဝိဇ္ဇာ။ မသိဘဲနဲ့ ဟိုဘုံဒီဘဝ လိုချင်တာက တဏှာ။ အဝိဇ္ဇာတရားကိုကောက်ရင် မောဟ၊ တဏှာတရားကိုကောက်ရင် လောဘ။ မောဟနဲ့ လောဘက ကိလေသာ အကြောင်းတရားတွေ ဖြစ်ပါတယ်။

မောဟနဲ့ လောဘဟာ အရေးကြီးပါတယ်။ ဒါကြောင့် လင်္ကာ စက်ဝိုင်းမှာ မောဟနဲ့ လောဘ၊ အဝိဇ္ဇာနဲ့ တဏှာကို အလယ်ကောင် တည့်တည့်မှာ ရေးထားပါတယ်။ ခန္ဓာရထားတဲ့ ၃၁ ဘုံ သတ္တဝါတွေ အကုန်လုံး အတိတ်ကပဲ ခန္ဓာရခဲ့သည်ဖြစ်စေ၊ ပစ္စုပ္ပန်ခန္ဓာရသည် ဖြစ်စေ၊ အနာဂတ်မှာ ခန္ဓာရသည်ဖြစ်စေ၊ အဝိဇ္ဇာ တဏှာနဲ့ သက်ဆိုင် နေပါတယ်။ ကာလသုံးပါးလုံးနဲ့ သက်ဆိုင်နေလို့ အလယ်ကောင် တည့်တည့်မှာ ရေးရခြင်းပါ။

"မူလနှစ်ဖြာ" ကို တရားကိုယ်ကောက်ရင် အဝိဇ္ဇာနဲ့ တဏှာ ရပါတယ်။ "နှစ်ရပ် မူလ" ကို ကောက်တော့လည်း အဝိဇ္ဇာနဲ့ တဏှာ ပဲ ရတယ်။ ထူးခြားချက်ကတော့ မူလနှစ်ဖြာမှာပါတဲ့ အဝိဇ္ဇာတဏှာ က ကာလသုံးပါးနဲ့ဆိုင်ပြီး နှစ်ရပ်မူလမှာပါတဲ့ အတိတ်အဝိဇ္ဇာက ပစ္စုပ္ပန်ခန္ဓာရခြင်း အကြောင်းတရားမို့ ပစ္စုပ္ပန်ခန္ဓာနဲ့ပဲ ဆိုင်ပါတယ်။ ပစ္စုပ္ပန်တဏှာက အနာဂတ်ခန္ဓာရခြင်း အကြောင်းတရားမို့ အနာဂတ် ခန္ဓာနဲ့ပဲ ဆိုင်ပါတယ်။

ပဋိစ္စသမုပါဒ် အလယ်ကောင်မှာရှိတဲ့ အဝိဇ္ဇာနဲ့ တဏှာဟာ အင်မတန်အရေးကြီးတဲ့အတွက် အနီရောင်နဲ့ ပြထားပါတယ်။ သတ္တဝါ အနန္တဟာ အိုနာသေ ခန္ဓာဇာတ်သိမ်း အေးငြိမ်းရာနိဗ္ဗာန်ကို အပြီးတိုင် လိုချင်တယ်ဆိုရင်ဖြင့် အဝိဇ္ဇာနဲ့ တဏှာကို ပယ်သတ်ရပါမယ်။ သတ္တဝါမှန်သမျှ ခန္ဓာရနေတာ ဒီအဝိဇ္ဇာနဲ့ တဏှာကြောင့်ပဲ ဖြစ်ပါ

တယ်။ သံသရာလည်ခြင်းရဲ့ အရင်းအမြစ်ဟာလည်း ဒီအဝိဇ္ဇာနဲ့ တဏှာပါပဲ။ ဒါကြောင့် အရေးကြီးတယ်လို့ ပြောနေတာပါ။ အဝိဇ္ဇာ တဏှာ ကိလေသာ မချုပ်သေးသမျှ ခန္ဓာဒုက္ခက မငြိမ်းအေးနိုင်ကြသေးပါဘူး။ ခန္ဓာဒုက္ခ မငြိမ်းသေးသမျှ ဇတ်မင်္ဂလမုတ္တာမံဆိုတဲ့ အမြတ်ဆုံးမင်္ဂလာကို မရောက်နိုင်ကြသေးပါဘူး။ အဝိဇ္ဇာတဏှာ ကိလေသာကို ပယ်သတ်မှသာ ခန္ဓာဒုက္ခ ငြိမ်းအေးပြီး အမြတ်ဆုံး မင်္ဂလာ ဖြစ်ကြပါမယ်။ အဝိဇ္ဇာ တဏှာသည် အဲဒီလောက် အရေးကြီးပါတယ်။

## မင်္ဂလာရှိလိုလျှင် ဒိဋ္ဌိဖြုတ်ပါ

အပါယ်သုံး ရွာက အပြစ်မှိုဟဲအရပ်၊ ရပ်ပြစ်ရှစ်ပါ ထဲမှာ ပါတယ်။ ကုသိုလ်ပညာ ဥစ္စာကိုကာကွယ်အောင် ကြိုးစားခွင့်၊ နိဗ္ဗာန်ချမ်းသာရအောင် ကြိုးစားခွင့်တွေ မရဘူး။ အဲဒီအခွင့်အရေးတွေကို လူ့ဘဝမှာသာ ရနိုင်ပါတယ်။

လူ့ဘဝကိုရပြီဆိုတော့လည်း သာသနာတမ် က တိုတိုလေးနော်။ အသေမဦးခင် ဉာဏ်နည်း အောင်လုပ်ဖို့က အရေးကြီးနေပြန်ရော။ ယောဂီတို့ကစ်တွေဟာ အရိယာမဟုတ်တဲ့ ပုထုဇဉ်တွေသာ ဖြစ်လေတော့ ဒိဋ္ဌိကို အပြီးတိုင် မပယ်သတ်ရသေးဘူး။ ဒီတော့ အပါယ်မကျတော့ဘူးလို့ စိတ်မချနိုင်သေးဘူးနော်။ ဒိဋ္ဌိကိုပယ်သတ်ဖို့ကလည်း အရေးကြီးနေပြန်တယ်။ ဒိဋ္ဌိက အပါယ်ရဲ့ ရေသောက်မြစ် ဖြစ်နေတာကိုး။

လူ့ဘုံ လူ့ဘဝ ရရှိလာတာ ကုသိုလ်အကျိုးပေးလိုက်တာပါ။ ဒီကုသိုလ်ကြောင့်ပဲ ခန္ဓာဉာဏ်ရောက် နိဗ္ဗာန်ရောက်ကြောင်း တရားတွေ နာခွင့်ရနေတယ်။ ဒါတွေဟာ ကုသိုလ်က ကျေးဇူးပြုလိုက်တာမို့ ကုသိုလ်ကို ခြေမကန်လိုက်ပါနဲ့။ ဒါနလုပ်ပါ၊ သီလဆောက်တည်ပါ၊ သမထလည်း ပွားရမှာပါ။

ဒါပေမဲ့ ဒီလောကလေးနဲ့ တင်းတိမ်နေရင်တော့ အပါယ်ကျ ရဦးမှာပဲ။ အပါယ်ဆိုတာက အခွင့်အရေးတွေ ဆုံးရှုံးနေတဲ့အရပ်၊ မင်္ဂလာ ဖိုလ်ဉာဏ် မရစေနိုင်တဲ့အရပ်၊ မဂ်ဖိုလ်မှ ဖီလာကန့်လန့် အရပ်။ ရပ်ပြစ်ရှစ်ပါးထဲမှာ ပါနေတယ်။ ပတိရူပအရပ် မဟုတ်ဘူး။

အပါယ်က အပြီးတိုင် လွတ်ချင်တယ်ဆိုရင်တော့ ဒိဋ္ဌိကို နာနာ ဖြုတ်ဖို့လိုတယ်။ ကိလေသာ ၁၀ ပါးထဲမှာ ဒိဋ္ဌိကိလေသာက အရေး အကြီးဆုံးပဲ။ "သတ္တိယာ ဝိယ ဩမဋ္ဌော" ဆိုတဲ့အတိုင်း ဦးခေါင်းကို မီးလောင်နေရင်တောင် နောက်မှငြိမ်း၊ ရင်ဝကို လှံစူးနေရင်တောင်မှ ပြီးမှ နုတ်ပါ။ ငါ့ဦးခေါင်း ငါ့ရင်ဘတ်ဆိုတဲ့ ငါစွဲ ဒိဋ္ဌိကိလေသာကို အရင်နုတ်၊ ဒိဋ္ဌိကို အရင်ဖြုတ်ရမယ်။ ရင်ဝလှံစူး ဦးခေါင်းမီးလောင်လို့ သေရင် တစ်ဘဝပဲသေရမှာ။ ဒိဋ္ဌိဟန်းလန်းနဲ့ သေလို့ကတော့ အပါယ် သံသရာမှာ တစ်လျှောက်လုံး ဒုက္ခရောက်ကြရတော့မယ်။

ဒိဋ္ဌိရှိနေသေးရင် အပါယ်ဒုက္ခက မလွတ်မြောက်နိုင်ဘူး။ အပါယ်လေးပါးက မလွတ်မြောက်နိုင်သေးဘဲနဲ့ တော်မင်္ဂလမုတ္တမံ ဆိုင်းဘုတ်ချိတ်လို့ မဖြစ်ဘူးနော်။

## ဝိပဿနာအားထုတ်ရခြင်းအကြောင်း

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "ဟာ...ဒကာ ကြွယ် ဦလှဘူးတို့...၊ ငါတို့ အသက်ကြီးမှ မင်္ဂလာတရား သင်နေ ရတယ်လို့ ခင်ဗျားတို့ အထင်မသေးနဲ့။ မင်္ဂလာတရား ဆိုတာ နိဗ္ဗာန် ရောက်ကြောင်းတရားဗျ" လို့ မိန့်တော်မူခဲ့တယ်။ ဆရာတော်ကြီးရဲ့ ဟောပြောချက်တွေ အခြေခံပြီးကော့ ပါဠိတော်၊ အဋ္ဌကထာ၊ မင်္ဂလတ္ထ ဒီပနီတွေ ကြည့်ပြီး "ဪ...ဟုတ်ပါလား" လို့ သိသွားတယ်။ ၃၈ ဖြာမင်္ဂလာတရားတော်ကို အစအဆုံး ဟောရရင် ကောင်းမှာပဲဆိုပြီး

ကြိုးစားလာတာ ၆ နှစ်ရှိပြီ။ ခုလိုဟောနိုင်အောင် ၆ နှစ်တောင် ကြိုးစားခဲ့ရတယ်။ ဆရာသမားက ကျေးဇူးပြုထားလို့သာ ဟောနိုင်တာ ဖြစ်ပါတယ်။

အဲဒီတော့ စော်မဂ်လမုတ္တမံ ဆိုတာ နိဗ္ဗာန်။ မဂ်လာတရား ဆိုတာ နိဗ္ဗာန်ရောက်ကြောင်း။ နိဗ္ဗာန်ကလေးမျိုးရှိတယ်။ ပထမနိဗ္ဗာန်၊ ဒုတိယနိဗ္ဗာန်၊ တတိယနိဗ္ဗာန်၊ စတုတ္ထနိဗ္ဗာန်တဲ့။ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုရသောနိဗ္ဗာန်၊ သကဒါဂါမိမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုရသောနိဗ္ဗာန်၊ အနာဂါမိမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြု ရသော နိဗ္ဗာန်၊ အရဟတ္တမဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုရသော နိဗ္ဗာန် တဲ့။

ဉာဏ်လေးမျိုး ကွဲပြားတဲ့အတွက် နိဗ္ဗာန်လေးမျိုး ကွဲပြားရတယ်။ သောတာပတ္တိမဂ်ဉာဏ်၊ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ်။ ပထမဆုံးဖြစ်တဲ့ သောတာပတ္တိမဂ် မကျဘဲနဲ့ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ချင်လို့ မရဘူး။ နိဗ္ဗာန်နဲ့ပြောရင် ပထမနိဗ္ဗာန်မရသေးဘဲနဲ့ ဒုတိယ၊ တတိယ၊ စတုတ္ထ နိဗ္ဗာန်တွေ ရချင်လို့ မဖြစ်ဘူး။ နံပါတ်စဉ်အတိုင်း သွားရတာနော်။

ပထမနိဗ္ဗာန်ဆိုတဲ့ သောတာပတ္တိမဂ်ဉာဏ်ကို ရချင်ရင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ရမယ်။ ခန္ဓာဉာဏ်ရောက် အလုပ်ဟာ ဝိပဿနာအလုပ် ဖြစ်ပါတယ်။ ပုထုဇဉ်နယ်မှ အရိယာနယ်သို့ တက် လှမ်းတဲ့အလုပ်ဟာ ဝိပဿနာအလုပ်ပါပဲ။

ပုထုဇဉ်နယ်ကနေ အရိယာနယ်ကို ဘာဖြစ်လို့ တက်လှမ်း ရတာလဲ မေးရင် ပုထုဇဉ်တွေရဲ့ သေခြင်းဟာ ဂတိမမြဲလို့လို့မှတ်ပါ။ ပုထုဇဉ်တွေရဲ့ သေခြင်းဟာ ဂတိမမြဲဘူး။ အရိယာတို့ရဲ့ သေခြင်း ကသာ ဂတိမြဲပါတယ်။

ပုထုဇဉ်တွေရဲ့ သေခြင်းဟာ ကတိမမြဲတဲ့အတွက် အချိန်မရွေး

အပါယ်ကျနိုင်ပါတယ်။ ပထမဆုံး အရိယာပုဂ္ဂိုလ်ဖြစ်တဲ့ သောတာပန် ပုဂ္ဂိုလ်များ စုတိစိတ်ကျပြီဆိုရင် အပါယ်ကျရိုးထုံးစံမရှိဘူး။ ဒါကြောင့် သောတာပန် စုတိစိတ်ကို အယူမလွဲ ဂတိမြဲ နိယတဂတိလို့ မှတ်ပါ။

သောတာပန်ပုဂ္ဂိုလ်သည် ဝဋ္ဋာဘိရတ ဘုံစဉ်စံ အရိယာပုဂ္ဂိုလ် ဖြစ်လို့ အထက်အထက်ကိုပဲ တက်သွားတယ်။ အောက်အောက်ကို ပြန်မဆင်းဘူး။ ယုတ်စွအဆုံး ကာမသုဂတိဘုံမှာ ဖြစ်သေးတယ် ဆိုဦးတော့ သောတာပန် လူဝင်စားလေးမွေးတယ်လို့ ကြားဖူးရဲ့လား။ ဘုရားအလောင်း၊ အဂ္ဂသာဝက မဟာသာဝက အလောင်းတော်ကြီး များ မွေးတဲ့အခါ ပုထုဇဉ်ဘဝနဲ့ပဲ မွေးပါတယ်။

အဲဒါကြောင့် ပုထုဇဉ်နယ်က အရိယာနယ် တက်လှမ်းနေတာ ဝိပဿနာအလုပ်ဖြစ်တယ်။ ပုထုဇဉ်ရဲ့ သေခြင်းက ဂတိမမြဲဘူး။ အရိယာတို့ရဲ့သေခြင်းက ဂတိမြဲတဲ့အတွက် ဂတိမြဲချင်လို့ ဝိပဿနာ အလုပ် လုပ်ရတယ်။ ရှင်းရှင်းပြောရင် လူ့ဘဝက သေပြီးတဲ့အခါ ခွေးမဖြစ်ချင်လို့ ဝိပဿနာအားထုတ်ရတာ ဖြစ်ပါတယ်။ ဝိပဿနာ တရားကင်းပြီး သေသွားတဲ့ တောဒေယျသူဌေးကြီး ခွေးဖြစ်ရတာ သာဓကပါပဲ။

ခွေးဆိုတာက အပါယ်လေးဘုံထဲမှာ တိရစ္ဆာန်ဘုံနော်။ တိရစ္ဆာန် ဖြစ်ရင် ရပ်ပြစ်ရှစ်ပါးထဲ ပါသွားပြီ။ လောကီကြီးပွားရေး မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရနိုင်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားပါပြီ။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ ပါယ်သုံးရပ်လုံးပဲ အဲဒီအခွင့်အရေးတွေ မရနိုင်တဲ့ အတွက် ပတိရူပ လူ့ဘဝရခိုက်မှာ ဝိပဿနာအလုပ် အားထုတ်ခြင်း ဖြင့် ပါယ်သုံးရပ် အရပ်ပြစ်မှာ မဖြစ်ရလေအောင် သတိဆောင်ခဲ့ကြ ပါတော့။

# ဗြဟ္မာပြည်ဟာ နေရာကောင်းဟုတ် ရဲ့လား

ရုပ်ပြစ်ရှစ်ပါထဲမှာ "ပါယ်သုံးရွာ" ပြီးတော့ "ဒီဃာယုနတ်" တဲ့။ ဒီဃာယုနတ်ဆိုတာက သက်တမ်းရှည်တဲ့ အသညသတ်ဗြဟ္မာကြီးကို ပြောတာပါ။ သညာကနာမ်ခန္ဓာလေးပါး။ အသညသတ် ဗြဟ္မာကြီးမှာ နာမ်ခန္ဓာလေးပါး မရှိဘူး။ သူတို့မှာ မျက်လုံး၊ နားရွက်၊ နှာခေါင်း၊ ပါးစပ်၊ ဣရိယာပုတ်တွေတော့ ရှိတယ်။ ဒါပေမဲ့ မြင်စိတ် ကြားစိတ် စတဲ့ နာမ်တရားတွေ မရှိကြဘူး။

အဲဒီဗြဟ္မာကြီးတွေဟာ မြင်စိတ်မရှိတဲ့အတွက် ဘုရားဖူးလို့ မရဘူး။ ကြားစိတ်မရှိတဲ့အတွက် တရားနာကြားခွင့် မရှိဘူး။ သစ္စာတရား မကြားသိနိုင်တဲ့အတွက် ကျွတ်တမ်းမဝင်နိုင်ဘူး။ သံသရာသစ်ငုတ်တွေဖြစ်ပြီး သစ္စာသိရမည့် အခွင့်အရေးတွေ ဆုံးရှုံးနေကြရပါတယ်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော့ အာဠာရ ဥဒကဆိုတဲ့ ရသေ့ညီနောင်နဲ့တွေ့တယ်။ အဲဒီရသေ့တွေဆီ နည်းနာနိဿယယူခံပြီး ရူပဈာန် အရူပဈာန်ဆိုတဲ့ မဟဂ္ဂုတ်ဈာန်တွေ ရခဲ့တယ်။ သမထဈာန် အဘိညာဉ်တန်ခိုးနဲ့ ရှေ့ကမ္ဘာလေးဆယ် နောက်ကမ္ဘာလေးဆယ် မြင်နိုင်တယ်။

ခဏလေးနဲ့ အဲဒီလောက် ဈာန်အဘိညာဉ်တွေ ရသွားတော့ ဘုရားအလောင်းတော်ကို အာဠာရ ဥဒက ရသေ့ညီနောင်က သိပ်သဘောကျသွားကြတဲ့။ ဉာဏ်အလွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်ပဲဆိုပြီး "ငါ့ရှင်...ဘယ်မှမသွားနဲ့နော်။ ဒီမှာပဲ လက်ထောက်ကထိကလုပ်" လို့ ပြောသတဲ့။

ဘုရားအလောင်းတော်က မေးတယ် "ဆရာကြီးတို့ပေးတဲ့နည်းက ဒါအကုန်ပဲလား" ဆိုတော့ "ကုန်ပြီ" တဲ့။ "အခု ရထားတဲ့

ရှာန်အဘိညာဉ်က ဘယ်လိုအကျိုးပေးနိုင်သလဲ” “သေရင် ဗြဟ္မာ့ပြည်မှာဖြစ်မယ်” “ဗြဟ္မာ့ပြည်မှာကော အိုနာသေ လွတ်သလား” “ဟယ်...ငါ့ရှင်ရယ်၊ ဒါတော့ ဘယ်လွတ်ပါ့မလဲ” တဲ့။

ဘုရားအလောင်း တောထွက်တဲ့ ရည်ရွယ်ချက်က အိုနာသေက လွတ်ချင်တာနော်။ အိုနာသေလွတ်ရာ နိဗ္ဗာန်ဆိုတာ မင်္ဂလာပဲ။ ဘုရားအလောင်းက စော်မင်္ဂလမုတ္တမံ–နိဗ္ဗာန်ဆိုတဲ့ မင်္ဂလာကြီးဆီ မရောက်မချင်း သွားနေတယ်။ ဈာန်တရားနဲ့တင် သောင်တင်မနေဘဲနဲ့ ဆက်အားထုတ်လိုက်တာ သစ္စာသိပြီး ဘုရားဖြစ်တော်မူပါတယ်။

ဘုရားဖြစ်တော်မူပြီးတော့ ကျေးဇူးရှိတဲ့ပုဂ္ဂိုလ်တွေ တရားဦးအရင်ဆုံးဟောချင်တယ်ဆိုပြီး ဉာဏ်တော်ကြီးနဲ့ ကြည့်တော်မူလိုက်တယ်။ အာဠာရ ဥဒက ဆရာရသေ့ညီနောင်ကို တရားဟောမယ်လို့ ကြည့်လိုက်တော တစ်ယောက်က သေလွန်တာ ခုနစ်ရက်ရှိသွားပြီ။ နောက်တစ်ယောက်က ဒီနေ့မနက်ပိုင်း သန်းခေါင်ကျော်လောက်မှာ သေလွန်ခဲ့ပြီတဲ့။

ဒီပုဂ္ဂိုလ်ကြီးတွေဟာ တိဟိတ်ပုဂ္ဂိုလ်ကြီးတွေ ဖြစ်တဲ့အတွက် အကယ်၍များ ဘုရားဟောတဲ့ သစ္စာတရားကိုသာ နာရမယ်ဆိုရင် အရိယာပုဂ္ဂိုလ်ဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီး ခန္ဓာဒုက္ခ ငြိမ်းသွားပြီ။ အခုတော့ အသေစောသွားလို့ “မဟာဇာနိယော အာဠာရော ဥဒကော ရာမပုတ္တော = အာဠာရနဲ့ ဥဒက ဟာ အရှုံးကြီးရှုံးသွားပြီ” လို့ မိန့်တော်မူရာတယ်။

သမထသမားကြီးတွေ၊ ဈာန်ပုံသမားကြီးတွေ အရှုံးကြီး ရှုံးသွားတာ သတိထားခဲ့ဖို့ပါ။ ပုတီးအပတ်ရေ တစ်ထောင်စိတ်ရင် ဘာဖြစ်မှာလိုလိုနဲ့။ တကယ်ကျေးဇူး များသင့်သလောက် မများဘူးနော်။ ဘုရားက ခန္ဓာပေါ် ဉာဏ်ရောက်စေချင်တာပါ။ ရှာနပစ္စည်း မဂ္ဂပစ္စည်း

ပဋ္ဌာန်းတရားမှာ ဟောခဲ့ပြီးပါပြီ။ ပွားရမည့်ချာန်၊ မပွားရမည့်ချာန်။ အားကိုးရမည့်ချာန်၊ အားမကိုးရမည့်ချာန်တွေ ရှင်းပြခဲ့ပြီးပါပြီ။

အသညသတ်ဗြဟ္မာ ဖြစ်သွားရင် ကုသိုလ်ပညာ ဥစ္စာရမည့် အခွင့်အရေးတွေ ဆုံးရှုံးသွားပြီ။ ပတိရူပအရပ်မှမဟုတ်ဘဲကိုးနော်” ကိုယ်က လူ့ဘဝ လူ့ဌာနဆိုတဲ့ ပတိရူပဒေသ ရောက်နေလျက်သားနဲ့ ပုတီးလေး ချောက်ချက် ချောက်ချက်နဲ့ အချိန်ကုန်နေရင် သေသွားတဲ့ အခါ မနစ်နာပေဘူးလား။

မင်္ဂလာတရားက သွေဖီသွားမှာစိုးလို့ သတိပေးရပါတယ်။ မင်္ဂလာတရားနာပြီးမှတော့ အကောင်းအဆိုး အကြောင်းအကျိုး ဝေဖန် ပိုင်းခြား စိစစ်တတ်ကြပါစေ။ မင်္ဂလာအစစ်ကို ရောက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ပြောရခြင်းဖြစ်ပါတယ်။

## မနေကောင်းသော ပစ္စန္တ ရာဇ်အရပ်

ရပ်ပြစ်ရစ်ပါးတဲ့က “ပါယ်သုံးပါး” ရယ်၊ “ဒီဃာယုနတ်” ရယ် ပြောပြီးသွားပြီ။ ရပ်ပြစ်လေးမျိုး ရသွားပြီ။ နံပါတ်ငါး ရပ်ပြစ်က “ပစ္စန္တ ရာဇ်အရပ်” တဲ့။

ပစ္စန္တ ရာယ်အရပ်ဆိုတာ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန် မရောက်သောအရပ်ကို ဆိုလိုပါ တယ်။ တောတောင်ချိုင့်ဝှမ်းတွေကို ပစ္စန္တ ရာဇ်အရပ်လို့ ပြောတာ မဟုတ်ပါဘူး။ တိုက်ကြီးတွေ အထပ်လေးငါးဆယ်၊ မော်တော်ကား တွေ လမ်းပေါ်မှာအပြည့်နဲ့။ ကွန်ပျူတာ၊ အင်တာနက်၊ ခေတ်မီ စက်ပစ္စည်း ဆက်သွယ်ရေးကိရိယာတွေ ဘယ်လောက်ပဲ ကောင်း နေပါစေ။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန် မရောက်တဲ့အရပ်ဟာ ပစ္စန္တ ရာဇ်အရပ်ပါပဲ။

အဲဒီအရပ်မျိုး လူသွားဖြစ်ရင် လူ့အခွင့်အရေး၊ လူ့အသိဉာဏ် ပီပီပြင်ပြင် မရနိုင်တော့ဘူး။ အကြောင်းအကျိုး၊ အကောင်းအဆိုး ဟုတ်မဟုတ်၊ မှန်မမှန်၊ အကျိုးရှိမရှိ ဝေဖန်စိစစ်တတ်တဲ့ ဉာဏ်ရှိမှ လူခေါ်တာပါ။ ပခုံးနှစ်ဖက်ကြား ဦးခေါင်းပေါက်ရုံနဲ့တော့ လူမဟုတ်သေးဘူး။ ကျွဲနွားတိရစ္ဆာန်တွေလည်း ပခုံးနှစ်ဖက်ကြား ဦးခေါင်းပေါက်တာပါပဲ။

လူဆိုကာ လောကီအလုပ်ပဲလုပ်လုပ်၊ လောကုတ္တရာအလုပ်ပဲလုပ်လုပ် ဉာဏ်ပါရတယ်။ အရောင်းအဝယ် အလုပ်ပဲလုပ်လုပ်၊ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကိုပဲလုပ်လုပ်။ မိမိလုပ်မည့် အလုပ်တစ်ခုရဲ့ အကြောင်းအကျိုး အကောင်းအဆိုးကို သိတတ်ရမယ်။ ကိုယ်လုပ်နေတဲ့အလုပ်ဟာ ဟုတ်သည် မဟုတ်သည်၊ မှန်သည် မမှန်သည်၊ အကျိုးရှိသည် မရှိသည် ဝေဖန်စိစစ်တတ်တဲ့ ဉာဏ်ကလေးပါရမယ်။ အဲဒီ စိစစ်တတ်တဲ့ဉာဏ်ပါမှ လူခေါ်ပါတယ်။

"အအိပ်အစား၊ အပျော်အပါးက လူ နွား တိရစ္ဆာန်၊ သတ္တဝါန်မျှသာ၊ ကွာကြပါ၏။ လူမှာ သီလ၊ အာစာရနှင့် ဉာဏကျေးဇူး၊ ဂုဏ်သာထူး၏" လို့ စဉ့်ပါဆရာတော်၊ လယ်တီဆရာတော်ကြီးများ မိန့်မှာတော်မူခဲ့ပါတယ်။ ဉာဏ်ကို လူခေါ်တာပါ။ ကြောင်းကျိုးရုပ်နာမ် သစ္စာလေးပါး သိနေတဲ့အချိန်ကစပြီး လူဖြစ်ပါတယ်။

ပစ္စန္တရာဇ်အရပ်ဆိုတာ အခု အီရန် အီရတ်တို့လို နေရာမျိုးပေါ့။ စစ်ဖြစ်နေတဲ့နေရာမှာ တရားဟောပုဂ္ဂိုလ် ကြွပါ့မလား။ အဲဒီ ပစ္စန္တရာဇ်အရပ်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်မင်္ဂလာတရားတော်ကြီး ရနိုင်တဲ့အခွင့်အရေးတွေ ဆုံရှုံးနေပါပြီ။ ပတိရူပရဲ့ ဆန့်ကျင်ဖက်အရပ်၊ မနေကောင်းတဲ့အရပ်၊ မသွားကောင်းတဲ့အရပ် ဖြစ်ပါတယ်။

## ရုပ်ပြစ်ရှစ်တွေ ဝေးဝေးနေ

"ပါယ်သုံးရှာနင်၊ ဒီဃာယုနတ်၊ ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ" ဆိုတဲ့အတွက် နံပါတ်ခြောက် ရုပ်ပြစ်က မိစ္ဆာဉာဏ်ရှိတဲ့ မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တဲ့။ ဉာဏ်တော့ရှိပါရဲ့။ ရှိတဲ့ဉာဏ်က မိစ္ဆာဉာဏ် ဖြစ်နေတာ နော်။

တချို့များ ကွန်ပျူတာလုပ်နည်းလည်း တတ်တာပဲ၊ အင်တာနက်လည်း ချိတ်တတ်တာပဲ။ အင်တာနက်ကလာတဲ့ သတင်းကို ဖတ်တတ်တယ်၊ နားထောင်တတ်တယ်။ ဒါပေမဲ့ ခန္ဓာငါးပါး ကျတော့ မသိဘူးဆိုရင် သူတို့ဟာ ဉာဏ်ရှိတာတော့ မှန်ပါတယ်။ မိစ္ဆာဉာဏ် ဖြစ်နေတယ်။

သံသရာမှ လွတ်မြောက်စေတတ်တဲ့ မဂ်လာဉာဏ်ကို မရဘူး ဆိုရင် ဘာတွေပဲ သိနေ တတ်နေပါစေ၊ မိစ္ဆာဉာဏ်မျှသာ ဖြစ်ပါတယ်။ လက်နက်လုပ်နည်း၊ ဗုံးလုပ်နည်း၊ ဒုံးကျည်လုပ်နည်း...စတဲ့ လူသတ်လက်နက်လုပ်နည်းတွေ တတ်နေပေမယ့် သစ္စာဉာဏ်မရှိတဲ့ အတွက် မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ပါတယ်။

နောက်တစ်ခုက "ဉာဏ်မရှိငြား" တဲ့။ ဘုရားမြတ်စွာ ပွင့်တော် မူလာလို့ သစ္စာတရားတွေ ဟောနေဦးတော့ လူက ထုံထိုင်းထိုင်း အူအအဖြစ်နေရင် မှိုင်မှိုင်တွေတွေ မောဟတွေ ဖုံးလွှမ်းနေခဲ့ရင်လည်း ဒီမဂ်လာမျိုး၊ ဒီအခွင့်အရေးမျိုး မရနိုင်ပါဘူး။ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ် ဆိုတာ မွေးလာလို့ လူဖြစ်ပြီဆိုကတည်းက ဆွံ့၊ အ၊ ပင်း၊ ကန်း၊ ရူးသွပ်၊ မိစ္ဆာဒိဋ္ဌိ ဖြစ်နေတဲ့သူတွေတဲ့။

နောက်ဆုံးရုပ်ပြစ်ရှစ်ခုမြောက်က "ဘုရားမပွင့်" တဲ့။ ကိုယ်က အသိဉာဏ်ရှိပေမယ့် သစ္စာတရားဟောနိုင်တဲ့ မြတ်စွာဘုရား မပွင့်ဘူး

ဆိုရင်လည်း ရုပ်ပြစ်ပါပဲ။ အပြစ်ရှိတဲ့အရပ်။ ရုပ်ပြစ်ရှစ်ပါး ခေါ်ပါတယ်။

ရုပ်ပြစ်ရှစ်ပါးကို ပြန်ကောက်ရရင်–

**ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်**
**ဖြစ်လတ်ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ**
**ဉာဏ်မရှိငြား၊ ဉာဏ်ရှိငြားလည်း**
**ဘုရားမပွင့်၊ ကျမ်းဂန်လှစ်သည့်**
**ရုပ်ပြစ်ရှစ်ပါး သရုပ်တည်း။ ။**

ငရဲ တိရစ္ဆာန် ပြိတ္တာဆိုတဲ့ အပါယ်သုံးရွာရယ်၊ အသညသတ်ဗြဟ္မာရယ်၊ ပစ္စန္တရာဇ်အရပ်ရယ်၊ မိစ္ဆာဉာဏ်ရှိသူရယ်၊ ဉာဏ်မရှိတဲ့သူရယ်၊ ကိုယ်က ဉာဏ်ရှိသော်လည်း ဘုရားမပွင့်တဲ့အခါရယ်လို့ ရုပ်ပြစ်ရှစ်ပါး ရှိပါတယ်။ ရုပ်ပြစ်ရှစ်ပါးက လွတ်မြောက်တဲ့အရပ်ဟာ ပတိရူပအရပ်ပါပဲ။

ဒါကြောင့် ဒီဘဝမှာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ မြတ်နိဗ္ဗာန်ကို လိုချင်ရင် ပတိရူပအရပ်မှာ နေထိုင်ခြင်းဖြင့် ပတိရူပဒေသဝါသမင်္ဂလာနဲ့ ညီညွတ်အောင်နေတတ်ဖို့ လိုပါတယ်။ ရုပ်ပြစ်ရှစ်ပါးထဲ ရောက်သွားလို့ ကုသိုလ်ပညာ ဥစ္စာတွေ ဆုံးရှုံးနစ်နာသွားရပုံကို ဆက်ပြောပါဦးမယ်။

# ကုသိုလ်ကောင်းမှု မြန်မြန်ပြု

## မင်္ဂလာ အမှတ် (၅)

## လူ့ပြည်က အသာဆုံးနေရာပါ

ကုသိုလ် ပညာ ဥစ္စာရနိုင်တဲ့ ပတိရူပဒေသဝါသ–သင့်တင့်လျောက်ပတ်တဲ့အရပ်မှာ နေရမယ်လို့ ပြောခဲ့ပြီနော်။ ရပ်ပြစ်ရှစ်ပါးကလည်းလွတ်၊ အခွင့်အရေးတွေလည်း ရတဲ့အရပ်တဲ့။ ပညာအရ ဒီနေရာမှာ လောကုတ္တရာပညာကို ယူရအောင်။ အခွင့်အရေးကိုလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ရနိုင်တဲ့ အခွင့်အရေးလို့ မှတ်ကြရအောင်ပါ။

ယောဂီတို့တစ်တွေ ရောက်ရှိနေတဲ့ သုဂတိလူ့ဘုံကြီးဟာ နတ်ပြည်ထက်လည်း သာတယ်။ ဗြဟ္မာပြည်ထက်လည်း သာတယ်။ သုတ္တန္တပိဋကဝိမာနဝတ္ထု၊ ပေတဝတ္ထု၊ အင်္ဂုတ္တိုရ် ပါဠိတော်များမှာ ဆိုထားပါတယ်။ လူ့ပြည်မှာက ကိုယ်က ကုသိုလ်ကောင်းမှုပြုမယ်ဆိုရင် ပြုစရာအကြောင်းတရားတွေ အများကြီးရှိတဲ့အတွက် နတ်ပြည် ဗြဟ္မာ့ပြည်ထက် သာတယ်လို့ ပြောတာပါ။

နတ်ပြည်မှာက သံဃာကို ဆွမ်းလောင်းချင်ရင်တောင်မှ ဆွမ်းခံမည့် သံဃာမရှိဘူး။ သီလခံယူဆောက်တည်ချင်ရင်တောင်မှ သီလပေးမည့်သံဃာမရှိဘူး။ ဝိပဿနာအားထုတ်မယ်ဆိုရင်လည်း ဝိပဿနာရှုပွားပုံ နည်းပေးလမ်းပြ သံဃာမတွေ့နိုင်ပါဘူး။ ၃၁ ဘုံရှိတဲ့အထဲမှာ လူ့ဘုံသည်သာလျှင် ကုသိုလ်ကို လွတ်လွတ်လပ်လပ် ငွားငွားစွင့်စွင့် ပယ်ပယ်နယ်နယ် လုပ်နိုင်တာ ဖြစ်ပါတယ်။

ကုသိုလ်ကောင်းမှုကို ဖြောက်မြားစွာပြုလုပ်နိုင်တဲ့အပြင် ခန္ဓာဉာဏ်ရောက် သစ္စာတရားကိုလည်း ပိုင်ပိုင်နိုင်နိုင် ထိထိမိမိ ရနိုင်တာလူ့ဘုံပါ။ ဒါကြောင့် လူ့ဘုံက နတ်ပြည်ထက်လည်းသာတယ်၊ ဗြဟ္မာ့ပြည်ထက်လည်း သာတယ်လို့ ဘုရားမြတ်စွာ ဟောတော်မူခြင်းဖြစ်ပါတယ်။

သာဓကအနေနဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး လက်ထက်တော်က သုဗြဟ္မနတ်သားကို ပြရပါလိမ့်မယ်။ သုဗြဟ္မနတ်သားကနတ်သမီးလေးတွေ တစ်ဖက်ငါးရာနဲ့ နတ်ပြည်မှာ ပျော်နေတာတဲ့။ အဲဒီလို နတ်ဘုံနတ်ဘဝ နတ်ခန္ဓာရတယ်ဆိုတာ "ရှေးက တင်ကြိုပြုခဲ့တဲ့ ကောင်းမှုအထူးရှိပါစေ" ဆိုတဲ့အတိုင်း အတိတ်ကပြုခဲ့တဲ့ကုသိုလ်ရဲ့ သတ္တိဖြစ်ပါတယ်။

အဲဒီလို နတ်သမီးတစ်ထောင်နဲ့ ပျော်ကောင်းနေတုန်း တစ်ရက်မှာတော့ နတ်သမီးငါးရာဟာ သစ်ပင်ပေါ်မှာ ပန်းခူးနေရင်းတန်းလန်းနဲ့ပဲ စုတိစိတ်ကျပြီး အဝီစိငရဲကို ရောက်သွားပါရောတဲ့။ သုဗြဟ္မနတ်သားက "နတ်သမီးတွေ သီချင်းသံ စောစောက ကြားရတယ်။ အခု ဘယ်ရောက်သွားပါလိမ့်" လို့ ကြည့်လိုက်တော့ သူ့နတ်သမီးငါးရာ အဝီစိငရဲကျနေတာ သွားတွေ့သတဲ့။ အဲဒီမှာ လန့်ဖျတ်ပြီးတော့နတ်သားက သူ့သက်တမ်းကော ဘယ်လောက်ကျန်သေးလဲ ကြည့်လိုက်တဲ့အခါ ခုနစ်ရက်ပဲကျန်တော့တာ တွေးသတဲ့။ သူလည်းပဲနတ်သမီးတွေလို အဝီစိငရဲမှာ ကျရမယ်ဆိုတာလည်း သိလိုက်ရောသိပ်ကြောက်သွားတာပေါ့။

ဒါနဲ့ နတ်မင်းကြီးလေးယောက်ဆီ ပြေးပြီးတော့ အကြံဉာဏ်ကောင်း တောင်းတယ်။ နတ်မင်းကြီးတွေကလည်း "ငါတို့တော့ဖြင့်မတတ်နိုင်ဘူး။ သိကြားမင်းကြီးဆီ သွားပြောကွာ" လို့ ဆိုသတဲ့။ဒါနဲ့ သိကြားမင်းကြီးရောက်တော့ သူလည်း မတတ်နိုင်ဘူး ဖြစ်နေ

တယ်။ "မဟာဗြဟ္မာကြီးဆီ သွားမေး" ဖြစ်ပြန်ရော။

မဟာဗြဟ္မာကြီးကလည်း "ငါတော့ မဖြေနိုင်ဘူး။ လူ့ပြည်မှာ ဘုရားမြတ်စွာ ထင်ရှားပွင့်တော်မူနေပြီ။ ဘုရားဆီသာ သွားလျှောက်ပေတော့" လို့ လွှတ်လိုက်ပြန်တယ်။ ဘုရားထံရောက်ပြီဆိုတော့ "မြတ်စွာဘုရား၊ တပည့်တော်ကို အဝီစိငရဲမကျအောင် ကယ်တော်မူပါဘုရား" လို့ လျှောက်ထားလိုက်သတဲ့။ အဲဒီမှာ မြတ်စွာဘုရားက သစ္စာလေးပါးမြတ်တရားကို ဟောကြားတော်မူလိုက်တဲ့အခါမှာ သုပြဟ္မနတ်သားနဲ့ အတူပါလာတဲ့ နတ်သမီးငါးရာဟာ သောတာပန်တည်ပြီးတော့ အဝီစိငရဲ ကျရောက်ရမည့်ဘေးမှ ကင်းလွတ်သွားပါတော့တယ်။

သုပြဟ္မနတ်သားအကြောင်းကို လေ့လာကြည့်ရင် အဝီစိငရဲ ကျရောက်မည့်ဘေးမှ လွတ်မြောက်စေနိုင်တဲ့ တရားကို လူ့ပြည်မှာလာပြီး နာရတယ်လို့ တွေ့ရမယ်။ ဒါကြောင့်မို့ လူ့ပြည်သည် နတ်ပြည်ထက်လည်းသာတယ်၊ ဗြဟ္မာ့ပြည်ထက်လည်း သာတယ်လို့ ပြောနိုင်ပါတယ်။

## ကုသိုလ်သတ္တိ ထပ်၍ဖြည့်လေ

လူ့ပြည်ဆိုတဲ့ ပတိရူပဒေသဝါသမင်္ဂလာကြီးနဲ့ ပြည့်စုံလို့ လူဖြစ်လာကြရတဲ့သူတွေဟာ ပုဗ္ဗေစကတပုညတာ ဆိုတဲ့ ရှေးကပြုခဲ့ဖူးတဲ့ ကုသိုလ်ကောင်းမှု အထူးရှိခဲ့ကြတာ အသေအချာပါပဲ။ ဒါကြောင့် နံပါတ်ငါး မင်္ဂလာကြီးက "ပုဗ္ဗေစကတပုညတာ" တဲ့။ မြန်မာလကာ်နဲ့ ပြောရင် "ရှေးကတင်ကြို ပြုခဲ့ဖူးသည့် ကောင်းမှုအထူးရှိပါစေ" နော်။

လောကကြီးပွားကြောင်း သမ္ပတ္တိစက်လေးပါး ရှိတယ်။ အဲဒီထဲ

မှာ ပတိရူပဒေသဝါသစကာနဲ့ ပုဗ္ဗေစကတပုညတာစကာလည်း ပါပါတယ်။ "ကြီးပွားတိုးတက်လိုသူတွေ မဖြစ်မနေ ရှိနေရမည့် စက်တွေဖြစ်တယ်" အဲဒီစက်တွေရှိနေရင် ကြီးပွားတိုးတက်ခြင်းများဟာ အင်ဂျင်စက် တစ်လုံးလို လည်ပတ်နေတော့တာပေါ့။ အဆက်မပြတ် တိုးတက် ချင်တယ်ဆိုရင် အဲဒီစက်တွေ ရှိဖို့လိုတယ်။

တို့တစ်တွေဟာ လူ့ဘုံ လူ့ဘဝကို ရရှိတဲ့အတွက် ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်နဲ့ တွေ့ခဲ့ ရတယ်။ အဲဒီလို တွေ့ခွင့်ရခြင်းဟာ အကြောင်းမဲ့သက်သက် သူ့ အလိုလို တိုက်ဆိုင်လို့ ဖြစ်လာတာ မဟုတ်ဘူးနော်။ အကြောင်းတရာ ရှိတယ်။ အကြောင်းတရားက ဘာလဲဆိုတော့ ဖြည့်ကျင့်ခဲ့တဲ့ ကုသိုလ် ရဲ့ သတ္တိပဲ။

"ရှေးကတင်ကြို ပြုခဲ့ဖူးသည့်၊ ကောင်းမှုအထူးရှိပါစေ" ဆိုတာလို ရှေးကောင်းမှုတွေ လူတိုင်း မှာရှိခဲ့ကြပြီ။ ရှိလို့လည်း လူ့ဘဝ ရောက်ရ၊ ဘုရားမှန် တရားမှန် သံဃာမှန်နဲ့ တွေ့ခဲ့ကြပြီ။ အဲဒီ ရှိပြီးသား ကောင်းမှုလေးနဲ့တင် မှိန်းမနေဘဲနဲ့ ဒီဘဝမှာ နောက်ထပ် ကောင်းမှုကုသိုလ် ဆက်လက်တိုးတက်အောင် ကြိုးစားဖို့ မလိုပေ ဘူးလား။

## ကောင်းမှုအထူး ရှိခဲ့ပါပြီ

တို့တစ်တွေရဲ့ ဘဝသံသရာတစ်လျှောက်ကို ပြန်ကြည့်လိုက်မယ် ဆိုရင် မလုပ်ဖူးတဲ့ ကုသိုလ်ရယ်လို့ ရှိပါသလား။ ဘုရားတည် ကျောင်း ဆောက် ဒါနကုသိုလ်တွေ၊ သီလကုသိုလ်တွေ၊ သမထကုသိုလ်တွေ အတိတ်ကလုပ်ခဲ့ကြပါပြီ။ လုပ်ခဲ့တဲ့အကြောင်း ဟောဒီခန္ဓာကြီး ရနေ တာက သက်သေပြနေပါတယ်။

အတိတ်က ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တဲ့နေရာမှာ သစ္စာ မသိဘဲနဲ့ လုပ်ခဲ့ကြတာ။ မသိတာက အဝိဇ္ဇာ၊ လုပ်တာက သင်္ခါရ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ အကြောင်းတရား၊ သမုဒယသစ္စာနော်။ ချမ်းသာကြောင်းတွေ မလုပ်ဘဲနဲ့ ဆင်းရဲကြောင်းတွေ လုပ်ခဲ့ကြတယ်။

အတိတ်က သစ္စာမသိတဲ့ ကုသိုလ် သမုဒယသစ္စာကို ပွားခဲ့တာကြောင့် ဒီနေ့ ခန္ဓာငါးပါးကို ရနေကြတယ်။ ခန္ဓာငါးပါးသည် အကျိုးတရား ဒုက္ခသစ္စာ။ ဆင်းရဲကျိုးအမှန်ကြီးပဲ။

ဆင်းရဲကျိုးအမှန်ဖြစ်တဲ့ ခန္ဓာဝန်ကြီးထမ်းပြီးတော့ ဘုရားကိုယ်တော်မြတ်ကြီး ဆုံးမတော်မူတဲ့ စကားကို နားထောင်ဖို့ လိုတယ်နော်။ ဘုရားမြတ်စွာက ဗောဓိပက္ခိယတရား ၃၇ ပါးကို လိုက်နာပွားများကြပါလို့ ဆုံးမတော်မူခဲ့တယ်။ ဗောဓိပက္ခိယမှာ ဗောဓိက သစ္စာသိတဲ့ဉာဏ်၊ ပက္ခိယက အထောက်အပံ့။ ဒီတော့ ဗောဓိပက္ခိယဆိုတာ သစ္စာသိဖို့ရာ ထောက်ပံ့တတ်တဲ့ တရားလို့ မှတ်ရမယ်။

ဗောဓိပက္ခိယတရား ၃၇ ပါးထဲမှာ သမ္မပ္ပဓာန်တရားလေးပါးဆိုတာပါတယ်။ အဲဒီ သမ္မပ္ပဓာန်တရားလေးပါးထဲမှာ နံပါတ်သုံးက **"အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယဝါယာမော"** တဲ့။ မြန်မာလိုပြန်လိုက်ရင် **"အနုပ္ပန္နာနံ** = မဖြစ်ပေါ်သေးသော၊ **ကုသလာနံ** = ကုသိုလ်တရားတို့ကို၊ **ဥပ္ပါဒါယ** = ဖြစ်ပေါ်လာအောင်၊ **ဝါယာမော** = ကြိုးစားခြင်း"။ မဖြစ်သေးတဲ့ကုသိုလ်တရားတွေ ဖြစ်ပေါ်လာအောင် ကြိုးစားလိုက်စမ်းပါတဲ့။

တို့သံသရာတစ်လျှောက်လုံး မလုပ်ဖူးတဲ့ ကုသိုလ်ရှိသလားလို့ စိစစ်ကြည့်ပါ။ ဘုရားတည် ကျောင်းဆောက် ဒါနကုသိုလ်တွေ လုပ်ခဲ့တယ်။ လုပ်ခဲ့လို့လည်းပဲ မတောင့်မတ မကြောင့်မကြ အေးအေးချမ်းချမ်း တရားနာနိုင်တာပေါ့နော်။ သီလကုသိုလ်တွေ လုပ်ခဲ့လို့ ကျန်းကျန်းမာမာ မျှမျှတတနဲ့ တရားနာနိုင်ခဲ့ကြတယ်။

သီလကုသိုလ်မရှိခဲ့လို့ သီလတွေ ကျိုးခဲ့မယ်ဆိုရင် သက်တမ်းလည်း တိုဦးမယ်။ ရောဂါကလည်း များဦးမယ်။ အခုတော့ သက်တမ်းလည်း ထိုက်သည့်အားလျော်စွာနေရတယ်။ ရောဂါလည်း ထိုက်သည့်အားလျော်စွာ ကင်းရှင်းနေလို့သာ ခုလို တရားဟောနိုင်၊ တရားနာနိုင်နေကြတာပဲ။ ဒီလို ကျန်းမာရေးမျှတနေတာ သီလရဲ့သတ္တိပါ။ သီလကလည်း ကျေးဇူးပြုကယ်။ ဒါနကလည်း ကျေးဇူးပြုကယ်။ အတိတ်က ဒါန သီလ ကုသိုလ်တွေ ရှိခဲ့ကြတာ သေချာတယ်လေ။

တို့တစ်တွေ နာကြားနေကြတဲ့ သစ္စာတရား၊ ခန္ဓာဉာဏ်ရောက်တရားဆိုဟာ အင်မတန် နက်နဲပါတယ်။ သာမန်တရား မဟုတ်ပါဘူး။ ဒီလို နက်နဲတဲ့တရားကို ထောင်နိုင်တဲ့ ဉာဏ်နားပါပြီးတော့ သမာဓိကောင်းကောင်းနဲ့ မှတ်သားနိုင်တယ်ဆိုတာဟာ သမထရဲ့ သတ္တိပါပဲ။ အတိတ်က ဒါန သီလအပြင် သမထကုသိုလ်ကိုလည်း လုပ်ခဲ့ကြတယ်ဆိုတာ မထင်ရှားဘူးလား။

## ကုသိုလ်အကျိုး လွန်မွှမ်းဖြိုး

တစ်သံသရာလုံး မလုပ်ခဲ့ဖူးတဲ့ ကုသိုလ်ရယ်လို့ လိုက်ရှာကြည့်လိုက်ရင် မဂ်ကုသိုလ်ကို တွေ့ရမယ်။ ရှေ့တုန်းက မလုပ်ခဲ့ရတဲ့ ဒီမဂ်ကုသိုလ်ကို ဒီဘဝမှာ အခွင့်အရေးရတုန်း ကြိုးစားဖို့ မလိုပေဘူးလား။

မဂ်ကုသိုလ်ဆိုတာ ဆုတောင်းရုံနဲ့တော့ မရဘူးနော်။ အခုကြုံတုန်းဆုံခိုက် အခွင့်အရေးတွေလည်း ရနေပြီ။ ပတိရူပလည်းဖြစ်နေပြီ။ ထောင်နိုင်တဲ့ ဉာဏ်နားတွေလည်း ပါနေပြီ။ အားထုတ်မှုဝီရိယ လုံ့လတွေလည်း ရှိနေပြီ။ ဒီလိုအချိန်လေးမှာ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ကြရပါမယ်။

ခန္ဓာဉာဏ်ရောက် သစ္စာတရားတွေ နားကြားခွင့်ရတာဟာ ကုသိုလ်ရဲ့သတ္တိလို့ မှတ်ပါ၊ မဟာကပ္ပိနမင်းကြီးဝတ္ထုကို လေ့လာကြည့်ပေါ့။ သူက အတိတ်ဘဝ တို့မြတ်စွာဘုရား ပွင့်တော်မမူခင် ၉၁ ကမ္ဘာ အထက်ကာလတုန်းက ရက်ကန်းသည်ရွာကြီးရဲ့ ခေါင်းဆောင်ရွာသူကြီးဖြစ်ခဲ့သတဲ့။ မဟာကပ္ပိနမင်းကြီးက ရွာသူကြီး။ မိဖုရားကြီး အနောဇာဒေဝီက ရွာသူကြီးကတော်ပေါ့နော်။

အဲဒီတုန်းက ဘုရားမပွင့်တဲ့ခေတ်ဆိုပေမယ့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေတော့ ပွင့်တော်မူကြတယ်။ ဂေါတမမြတ်စွာဘုရား အစရှိတဲ့ သမ္မာသဗ္ဗုဒ္ဓဘုရားရှင်တွေက သစ္စာလေးပါးတရားကို ကိုယ်တော်တိုင်လည်း သိတယ်။ သတ္တဝါဝေနေယျကိုလည်း ဟောပြနိုင်တယ်။ ပစ္စေကဗုဒ္ဓါ ဘုရားရှင်တွေကျတော့ ကိုယ်တော်တိုင် သစ္စာလေးပါးသိပေမယ့် သတ္တဝါဝေနေယျတွေကို မဟောပြနိုင်ကြဘူးတဲ့။ အဲဒီ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေဟာ တစ်နှစ်မှာ ၁၂ လရာသီရှိတဲ့အထဲက ရှစ်လတိတိ ဟိမဝန္တာပေါင်မြေ ဂန္ဓမာဒနလိုဏ်ဂူမှာ သီတင်းသုံးတော်မူကြတယ်။ မိုးလေးလ ရောက်ပြီဆိုတော့ လူတွေရှိရာ ရွာဇနပုဒ်တွေမှာ ဝါကပ်တော်မူလေ့ ရှိကြသတဲ့။

မိုးလေးလမှာ ဂါမဝါသီပုဂ္ဂိုလ်အနေနဲ့ ရွာနားနီးရာမှာ နေတော်မူကြတယ်။ ဒကာ ဒကာမတွေ ကျေးဇူးများအောင် ကုသိုလ်ကောင်းမှုတွေ ပေးရအောင်လို့ပေါ့။ အဲဒီမှာ ကပ္ပိနတို့ ရက်ကန်းသည်ရွာကြီးကို ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာ ကြွတော်မူလာတယ်။ ရက်ကန်းသည်ရွာကြီးက အိမ်ခြေတစ်ထောင်ရှိတယ်။ အရှင်မြတ်တွေကို သူတို့ရွာမှာပဲ ဝါကပ်ဖို့ ရွာသူကြီးကတော်က ဖိတ်ကြားခဲ့တယ်။

ရွာသူကြီးနဲ့ တစ်ရွာလုံးက စုပေါင်းပြီးတော့ တစ်ပါးနေကျောင်းလေးတွေ ဆောက်။ ဆွမ်း ကွမ်း ဝေယျာဝစ္စ ပြည့်စုံအောင် လောင်းလှူကြပြီးတော့ ဥပုသ်သီတင်းသီလတွေ ဆောက်တည်ကြသတဲ့။ အဲဒီ

တစ်ဝါတွင်း မိုးလေးလမှာ အရှင်မြတ်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါး ပြည့်ပြည့်စုံစုံ မွန်မွန်မြတ်မြတ် လှူဒါန်းကြတယ်။

ဒီကောင်းမှုကုသိုလ်တွေရဲ့ တန်ခိုးရှိန်စော် အာနုဘော်ကြောင့် ရွာသူကြီးနဲ့ ရွာသူကြီးကတော်ရော၊ ရွာသူရွာသားအားလုံးပါ ဖြစ်လေရာ ဘဝတိုင်းမှာ အထက်တန်းစားတွေချည်း ဖြစ်ကြရသတဲ့။ ကဿပ ဘုရားရှင် လက်ထက်တော်မှာ ကြွယ်ဝချမ်းသာတဲ့ အမျိုးအနွယ်မှာ ဖြစ်ကြရပြီး ဘုရားဟောကြားမှဲ့ တရားတော်တွေ နာကြားခွင့် ကုသိုလ်ပြုခွင့်တွေ ရကြပြန်တယ်။ အဲဒီကုသိုလ်တန်ခိုးတွေက ဆက်လိုက်တော့ ကဿပဘုရားရှင်နဲ့ ဂေါတမမြတ်စွာဘုရား လက်ထက်တော်များ ကြားကာလမှာ နတ်သား နတ်သမီးတွေအဖြစ်နဲ့ နတ်ပြည်မှာပဲ ဖြစ်ကြရတယ်။ ဒါဟာ ကုသိုလ်ရဲ့သတ္တိပဲပေါ့။

## တိုး၍ကြီးစား ကုသိုလ်ပွား

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "ဒကာကြွယ် ဦးလှဘူးတို့ရေ...ခင်ဗျားတို့ခေတ်ကလေ၊ ပစ္စေကဗုဒ္ဓါခေတ်ထက် သာတယ်" လို့ မိန့်တော်မူခဲ့ဖူးတယ်။ ပစ္စေကဗုဒ္ဓါခေတ်ထက် သာတယ် လို့ ဘာကြောင့်ပြောရသလဲဆိုတော့ တရားနာခွင့်ရလို့တဲ့။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေနဲ့ ကြုံကြိုက်တဲ့အခါ လှူချင်တာ လှူခွင့်တော့ ရမယ်။ တရားတော့ ဟောပေးမှာမဟုတ်ဘူး။

တို့တစ်တွေက လှူပြီဆိုရင် ဆုတောင်းတော့တာပဲနော်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကလည်း "**ဣစ္ဆိတံ ပတ္ထိတံ တုယှံ ခိပ္ပမေဝ သမိဇ္ဈတု၊** လိုအပ်သောဆုနဲ့ ပြည့်စုံစေ" လို့ အမိန့်ရှိလိုက်တာပါပဲ။ တို့တစ်တွေကလည်း ဆုပေးပြီဆိုရင် "ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ" လုပ်လိုက်တာပါပဲ။

အတိတ်ဘဝတုန်းကလည်း ကုသိုလ်ကောင်းမှုလေးတွေလုပ်ပြီး "လူ့ဘဝစည်းစိမ်၊ နတ်ဘဝစည်းစိမ် အကြိမ်ကြိမ်ရပါစေဘုရား" လို့ ဆုတောင်းခဲ့တယ်။ အလှူခံပုဂ္ဂိုလ်ကလည်း "ဤကဲ့သို့ လှူဒါန်းရသောကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ် အကြိမ်ကြိမ် ခံစားပြီးသကာလ" အစချီပြီး ဆုပေးလိုက်တော့ "ပေးတဲ့ဆုနဲ့ ပြည့်ပါရစေ" တဲ့။

ဆုတွေပြည့်ပြီဆိုတော့ ခန္ဓာငါးပါး ရသွားတယ်။ ခန္ဓာငါးပါး ရတဲ့အတွက် မအိုချင်ဘဲနဲ့လည်း အိုရ၊ မနာချင်ဘဲနဲ့လည်း နာရ၊ မသေချင်ဘဲနဲ့လည်း သေခဲ့ကြရတယ်။ အိုရ နာရ သေရတာဟာ ချမ်းသာကျိုး အမှန်လား၊ ဆင်းရဲကျိုးအမှန်လား။ ပေးတဲ့ဆုနဲ့ပြည့်ပါရစေ လို့ ခေါင်းညိတ်ခဲ့တဲ့အတွက် အခုရနေတာဟာ သုခ မဟုတ်ဘဲ ဒုက္ခဖြစ်နေပြီနော်။ သစ္စာမသိဘဲ ဆုတောင်းခဲ့ကြတာကိုး။

သစ္စာတရား နာကြားခွင့်ရလို့ အခုခေတ်က ပစ္ဆေကဗုဒ္ဓါ အရှင်မြတ်တွေရဲ့ခေတ်ထက် သာပါတယ်။ ပတိရူပဒေသစက်ကြီးနဲ့ ကြုံခွင့်ရနေတာဟာ ကုသိုလ်ရဲ့သဟ္တိပါပဲ။ ကဿပဘုရားရှင် ရှေ့တော်မှောက်ကို ရက်ကန်းသည် ဇနီးမောင်နှံတွေ အကုန်လုံးရောက်သွားအောင် ပို့ပေးလိုက်တာဟာလည်း ဒီကုသိုလ်ပါပဲ။ ယောဂီတို့ သစ္စာတရားနဲ့ တွေ့ပေးလိုက်တာလည်း ဒီကုသိုလ်ဖြစ်ပါတယ်။

အဲဒီတော့ "ရှေးက တင်ကြိုပြုခဲ့ဖူးသည့် ကောင်းမှုအထူး ရှိပါစေ" ဆိုတာလို ရှေးကောင်းမှုတွေ ရှိခဲ့ကြတယ်။ ရှိထားတဲ့ ကုသိုလ်ကောင်းမှုတွေကို မျိုးတုန်းအောင် လုပ်မပစ်ဘဲနဲ့ ဆက်ပွားများလာအောင် ကြိုးစားကြရပါတယ်။

ဒါကြောင့် ရှင်တော်မြတ်ဘုရားက သမ္ပပ္ပဓာန်တရား နံပါတ်လေးမှာ "**ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော**" လို့ ဟောခဲ့တာပဲ။ **ဥပ္ပန္နာနံ** = ဖြစ်ပေါ်ပြီးသော၊ **ကုသလာနံ** =

ကုသိုလ်တရားတို့ကို။ **ဘိယျောဘာဝါယ** = ပွားများတိုးတက် မြင့်သထက်မြင့်လာအောင်။ **ဝါယာမေ** = ကြိုးစားလိုက်ကြပါ။ ရပြီးသော ကုသိုလ်တရားကို ဆုတ်ယုတ်မသွားဘဲ တိုးတက်လာအောင် ကြိုးစားရမယ်တဲ့။

## သိတတ်မှ လူပီသသည်

မြတ်စွာဘုရားက "မရသေးတဲ့ကုသိုလ်ကို ရအောင်ကြိုးစားစမ်းပါ" လို့ တိုက်တွန်းနေတာဟာ မဂ်ကုသိုလ်ကို ပြောနေတာလို့မှတ်ပါ။ အတိတ်က ကုသိုလ်က ကျေးဇူးပြုလိုက်လို့ ဒီကနေ့ သစ္စာတရားနဲ့ တွေ့နေရပြီ။ မဟာကုသိုလ်ဆိုတဲ့ ဉာဏ်ကုသိုလ်ကြီးရအောင် လုပ်နေကြပြီ။ အတိတ်က မရခဲ့တဲ့ ကုသိုလ်ဆိုလို့ မဂ်ကုသိုလ်ပဲ ကျန်တော့တယ်။

ကဿပမြတ်စွာဘုရားက ရက်ကန်းသည်တွေကို သစ္စာလေးပါး တရားဟောလိုက်တယ်။ သစ္စာက ဘယ်မှာရှိတာလဲဆိုတော့ အားလုံးရဲ့ ခန္ဓာမှာနော်။ ခန္ဓာက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ လို့ ငါးပါးရှိတယ်။ ရူပက္ခန္ဓာက ဖောက်ပြန်ပျက်စီးတတ်တဲ့သဘော၊ ဝေဒနာက္ခန္ဓာက ခံစားတတ်တဲ့သဘော။ သညာက္ခန္ဓာက မှတ်သားတတ်တဲ့သဘော။ သင်္ခါရက္ခန္ဓာက ပြုပြင်စေ့ဆော်တတ်တဲ့သဘော။ ဝိညာဏက္ခန္ဓာက သိတတ်တဲ့သဘော။

သာသနာတော်နဲ့ ကြုံတုန်းမှာ တို့တစ်တွေဟာ မသိသေးရင် သိအောင်ကြိုးစားကြရမယ်။ အိပ်တာ စားတာလေးနဲ့ အချိန်ကုန်မနေကြပါနဲ့။ အိပ်တာ စားတာလောက်တော့ တိရစ္ဆာန်လည်း သိတာတတ်တာပါပဲ။ တိရစ္ဆာန်တွေလည်း အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ပျော်ပါးတတ်ကြတာပါပဲ။

အဲဒီတော့ ထမင်းကောင်းတယ်၊ ဟင်းကောင်းတယ် သိရုံနဲ့

သိတယ်လို့ ပြောလို့မရဘူးနော်။ ထမင်းကောင်း ဟင်းကောင်း သိတာ လောက်တော့ တိရစ္ဆာန်တောင်မှ သိတယ်။ အိမ်က ခွေးကို ချဉ်ရည် ဟင်းနဲ့ နယ်ထားတဲ့ ထမင်းတစ်ပန်းကန်နဲ့ ငါးရိုးထွင်ပြီး အသားနဲ့ နယ်ထားတဲ့ ထမင်းတစ်ပန်းကန် ယှဉ်ချပြီး ကျွေးကြည့်ပါလား။

အဝတ်ကောင်း မကောင်း သိရုံနဲ့လည်း သိတယ်ပြောလို့ မရဘူး။ လူမဖြစ်သေးဘူးလို့မှတ်ပါ။ တိရစ္ဆာန်မှာလည်း ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ လူမှာလည်း ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ရှိကြတာပဲ။ ဒါပေမဲ့ လူက သိတယ်၊ တိရစ္ဆာန်က မသိဘူး။ အဲဒါ ကွာတယ်နော်။ တိရစ္ဆာန်ထက်သာတဲ့ ပုဂ္ဂိုလ်ဖြစ်ပါစေနော်။

## ဘုရားသိ တရားသိ ကုသိုလ်ရှိလို့ ကြားရမြန်

တရားဟော၊ တရားနာ ပုဂ္ဂိုလ်အားလုံးမှာ ခန္ဓာငါးပါး ရှိကြ တယ်။ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်ရင် ရုပ်နာမ်နှစ်ပါး ရတယ်။ ဖောက်ပြန်တာက ရုပ်၊ ဖောက်ပြန်မှန်း သိတာက နာမ်။ အဲဒါကို ခန္ဓာဉာဏ်ရောက် ပြောကြည့်ရအောင်။

တရား နာနေချိန်မှာလေ ခန္ဓာကိုယ်က ကျင်ခနဲ၊ ယားခနဲ၊ အေးခနဲ၊ ပူခနဲ၊ တောင့်ခနဲ၊ တင်းခနဲ ဖြစ်လာလိမ့်မယ်။ အဲဒါ ဖောက်ပြန်တာပဲ။ ဖောက်ပြန်တဲ့ တရားက ငါလား ရုပ်လား ဆိုတော့ ရုပ်တရား။ "ရုပ္ပတီတိ ရူပံ" ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ တဲ့။

ဖောက်ပြန်မှန်း သိလိုက်တာကတော့ နာမ်တရားပေါ့။ ဒီ ရုပ် နာမ်တရားမှ နှစ်ပါးဟာ အလိုလို ဖြစ်လာတာ မဟုတ်ဘူး။ အကြောင်း အကျိုးနဲ့ ဖြစ်တာ။ အဲဒီမှာ ရုပ်နဲ့ နာမ်သိတဲ့ ဉာဏ်၊ ကြောင်းကျိုး သိတဲ့ဉာဏ်။ ဒီဉာဏ်လေးတွေ ရပြီးတော့ ဖြစ်ပျက်ကို မြင်တယ်။

ကဿပ မြတ်စွာဘုရားထံမှောက်မှာ ရက်ကန်းသည် ဇနီးမောင်နှံတွေ တရားနာတဲ့အခါမှာ သူတို့ရဲ့ ဣန္ဒြေရင့်ကျက်မှုအရ ရုပ်နာမ်သိတဲ့ဉာဏ်၊ အကြောင်းကျိုးသိတဲ့ဉာဏ်၊ ဖြစ်ပျက်သိတဲ့ဉာဏ် သုံးပါး ရသွားတယ်။ အဲဒီ ဉာဏ်သုံးပါးရအောင်လို့ ဘုရားက ကျေးဇူးပြုပါတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တော့ မရပေဘူး။

တို့ ဂေါတမ မြတ်စွာဘုရား လက်ထက်တော် ရောက်တဲ့အခါကျတော့ ရက်ကန်းသည် ရှာသူကြီးက ကုက္ကုဋဝတီ တိုင်းပြည်မှာ မဟာကပ္ပိနမင်းကြီးလို့ ဖြစ်လာတယ်။ ရှာသူကြီးကတော်ကတော့ အနောဇာဒေဝီ မိဖုရားကြီးရယ်လို့ ဖြစ်လာတယ်။ ဒီမိဖုရားကြီးက မဒရာဇ်တိုင်းသူဆိုတော့ အလွန်ချော အလွန်လှဆိုပဲ။

မင်းမိဖုရားရယ်လို့ ဖြစ်လာတာ ကုသိုလ်ရဲ့ သတ္တိတွေပေါ့။ တစ်နေရာစ်မှာ မွေ့ခဲ့ကြပေမဲ့ ပုဗ္ဗေစ ကတပုညတာ၊ ရှေးကကောင်းမှု အတူပြုခဲ့ အတူနေခဲ့ကြတာဆိုတော့ ဒီဘဝမှာလည်း ဇနီးမောင်နှံလာဖြစ်ကြတာပဲ။ ကျန်တဲ့ ရက်ကန်းသည် မောင်နှံတွေလည်း မောင်းမမိဿံတွေအဖြစ်နဲ့ ဒီဘဝမှာ ဇနီးမောင်နှံတွေ ပြန်ဖြစ်ကြရပြန်သတဲ့။

တစ်နေ့သောအခါမှာ မဟာကပ္ပိနမင်းကြီးနဲ့ အနောဇာမိဖုရားကြီးတို့နေထိုင်ရာ ကုက္ကုဋဝတီဝိုင်းပြည်ကို သာဝတ္ထိမြို့က ကုန်သည်တွေ ကုန်ရောင်း၊ ကုန်ဝယ် ရောက်လာသတဲ့။ ကုန်သည်တွေက နန်းတော်ဝင်ပြီး ဘုရင်ကြီးနဲ့ စကားစမြည် ပြောကြရင်းနဲ့ "လောကမှာ ဘုရား၊ တရား၊ သံဃာဆိုတဲ့ အမြတ်ဆုံးရတနာတွေ ပေါ်ပေါက်နေပြီ" ဆိုတဲ့အကြောင်း လျှောက်တင်ကြသတဲ့။

ကုန်သည်တွေ ပြောလိုက်တဲ့ 'ဘုရား၊ တရား၊ သံဃာ'ဆိုတဲ့ အသံကိုလည်း ကြားလိုက်ရော၊ ဘုရင်ကြီးရဲ့ နှလုံးသားတွေ တုန်ခါပြီး ကြက်သီးမွေးညှင်းတွေ ထသွားတာပဲ။ ကုန်သည်တွေကို "မောင်တို့ ဘာပြောလိုက်တာ ပါလိမ့်"လို့ ထပ်မေးယူရတယ်။ "လောကမှာ

ဘုရားအမြတ်ဆုံးရတနာ၊ တရားအမြတ်ဆုံးရတနာ၊ သံဃာအမြတ်ဆုံး ရတနာတွေ ပေါ်ပေါက်နေပါပြီဘုရား”လို့ ထပ်လျှောက်လိုက်တဲ့အခါ ဘုရင်ကြီးက “အမလေး နားဝင်ချိုလိုက်တာနော်၊ မင်္ဂလာရှိတဲ့ အသံဟဲ့”လို့ အားရဝမ်းသာ ကြွေးကြော်လိုက်ပါသတဲ့။

မင်္ဂလာရှိတဲ့အသံ ကြားရတာ ကုသိုလ်ရဲ့ သတ္တိပါပဲ။ ယောဂီတို့ ကစ်ကွေ သစ္စာတည်းဟူသော မင်္ဂလာအထွဋ်အမြတ်တရားကြီး နာခွင့် နေတာဟာလည်း အတိတ်ဘဝက ကုသိုလ်ရဲ့ သတ္တိပါပဲနော်။ အဲဒီ ကုသိုလ်ကောင်းမှုကို တိုးတက်အောင် လုပ်သွားရမယ်။ မဆုတ်ယုတ် စေရဘူးလို့ သန္နိဋ္ဌာန်ချထားကြရမှာနော်။

## ရှေးကောင်းမှုရှိသူ ဘုရားကြိုဆိုတော်မူ

မဟာကပ္ပိနမင်းကြီးက ရတနာသုံးပါး ပေါ်ထွန်းတဲ့ မင်္ဂလာ သတင်းပြောပေးတဲ့ ကုန်သည်တွေကို အသပြာ ၃ သိန်းဆုချတယ်။ “မိဖုရားကြီးဆီလည်း သွားပြောချေကြဦး၊ သူက သဒ္ဓါတရား သိပ် ထက်တယ်၊ မင်းတို့ကို ဆုတွေအများကြီး ပေးဦးမှာ”လို့ လွှတ်လိုက် သတဲ့။ ဘုရင်ကြီး ကိုယ်တိုင်ကတော့ အမတ်တွေခေါ်ပြီး ဘုရားရှင် ရှိရာကို ဦးတည်လို့ မြင်းကိုယ်စီနဲ့ ခရီးနှင်ပါတော့တယ်။

မဟာကပ္ပိနမင်းကြီး အခုလို ခရီးထွက်လာတာကို မြတ်စွာ ဘုရားက ကြိုတင်သိတော်မူနှင့်ပြီ။ သူဟာ အရိယာဖြစ် လောက်တဲ့ ဥပနိဿယသတ္တိ ရှိတယ်ဆိုတာ သိတော်မူလို့ သီတင်းသုံးတော်မူရာ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်နဲ့ ယူဇနာ ၁၅၀ ဝေးကွာတဲ့ စန္ဒဘာဂမြစ်ကမ်းနားအထိ ကြွရောက်သီတင်းသုံး ပြီးတော့ ကြိုနေနှင့် သတဲ့။ ဥပနိဿယဆိုတာ မြန်မာလိုတော့ မှီရာပေါ့။ ရှေးက ဖြည့်

ကျင့်ခဲ့တဲ့ ပါရမီမျိုးစေ့လို့ ဆိုရမည့် ရှေးကောင်းမှုမှီရာ ရှိခဲ့သလားလို့ ဘုရားကြည့်တော်မူတာပါ။

ဒီဘဝ မဂ်ဉာဏ်ဖိုလ်ဉာဏ် လောကုတ္တရာမင်္ဂလာဖြစ်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုတာ အလိုလိုဖြစ်လာတာ မဟုတ်ဘူး။ ရှေးက တင်ကြိုပြုခဲ့ဖူးတဲ့ ကောင်းမှုအထူး ရှိရတယ်နော်။ ဘုရင်ကြီးနဲ့အမတ်တွေ သာဝတ္ထိကို ဦးတည်ပြီးတော့ မြင်းကိုယ်စီနဲ့ ခရီးနှင်လာလိုက်ကြတာ လမ်းမှာ အရဝစ္ဆ၊ နီလာဝါဟန၊ စန္ဒဘာဂဆိုတဲ့ မြစ်သုံးတန်ကို ကျော်ဖြတ်ခဲ့ကြရသေးတယ်။

မြစ်တွေကို ဖြတ်ကူးတဲ့အခါ လှေတွေ ဖောင်တွေနဲ့ ကူးတာ မဟုတ်ဘူး။ ဒီအတိုင်း မြင်းနဲ့ ဖြတ်ကူးတာ မြင်းခွာတစ်ဖက်တောင်မှ ရေမစိုဘူးတဲ့။ ဘယ်လိုကူးတာလဲဆိုတော့ "ကျွန်ုပ် သွားရောက်တွေ့ဆုံမည့်ပုဂ္ဂိုလ်သည် ကျွန်ုပ်ကိုးကွယ်အပ်သော ဘုရားစစ် ဘုရားမှန်ကေန်ဖြစ်တယ် ဆိုရင် မြင်းအားလုံးရဲ့ ခွာတစ်ဖက်ကိုမျှ ရေမစိုပါစေနဲ့" ဆိုပြီး အဓိဋ္ဌာန်ပြီးတော့ ကူးတာတဲ့။

မြစ်သုံးတန် နောက်ဆုံးဖြစ်တဲ့ စန္ဒဘာဂမြစ်ကိုလည်း ဖြတ်ကူးလိုက်ရော၊ ကမ်းတစ်ဖက်ရောက်တာနဲ့ ဘုရားရှင်ကို ဖူးမြင်ရတော့တာပဲ။ ရှေးဘုန်းရှေးကံ ပါရမီရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ဘုရားကတောင် ကြိုစောင့်နေနှင့်ရတယ်။ ယောဂီတို့တစ်တွေလည်း သစ္စာတရားနာခွင့်ရတာ ရှေးဘုန်းရှေးကံ ရှိနေလို့ပဲပေါ့။ ဘုန်းဆိုတာ ပုညကနေလာတာ။ ပုညက ကုသိုလ်ကောင်းမှု။ ကုသိုလ်ကောင်းမှုများပြားတဲ့ ပုဂ္ဂိုလ်ဟာ ဘုန်းကြီးတဲ့ ပုဂ္ဂိုလ်ပဲ။ ယောဂီတို့က ဘုန်းကြီးလို့ မိုးကုတ်ကနေပြီး လားရှိုးအထိ တရားဟောရတယ်နော်။ လူမင်းတွေ ဘုန်းကြီးတော့ ဘုန်းကြီး မနေနိုင်လို့ ပြောရမယ်။ စကားပုံကတော့ "လူမင်းဘုန်းကြီး နတ်မင်း မနေနိုင်" ဟုတ်လား။

## ရှေးကောင်းမှုရှိမှ ဧဟိဘိက္ခုခေါ်ခံရ

မဟာကပ္ပိနမင်းကြီး ဘုရားထံမှောက်ရောက်တော့ ဘုရားမြတ်စွာက သစ္စာတရား ဟောတော်မူတယ်။ ခန္ဓာပေါ်ဉာဏ်ရောက်တဲ့ သစ္စာတရား နာကြားလိုက်ရပြီး တစ်ထိုင်တည်းမှာပဲ ဖြစ်ပျက်မြင်မှန်းဆုံး သောတာပန်တည် တရားထူးတရားမြတ် ရသွားပါတော့တယ်။

အခုလို မြန်မြန်ဆန်ဆန် တရားထူးရတာ အကြောင်းတရားရှာလိုက်ရင် ကုသိုလ်ပေါ့။ ရှေးတုန်းက ပြုလုပ်ခဲ့တဲ့ ကာမာဝစရကုသိုလ် ကဿပမြတ်စွာဘုရား လက်ထက်တော်မှာ ဉာဏ်ကုသိုလ်၊ တို့ဘုရားလက်ထက်တော်ကျတော့ မဂ်ကုသိုလ်ကြီး ရသွားပြီ။ ကုသိုလ်က မလျှော့ဘဲနဲ့ တိုးလာတာ။ ယောဂီတို့လည်း ရထားတဲ့ ကုသိုလ်အရှိန်အဝါ မလျှော့အောင် တိုးသထက်တိုးအောင် ကြိုးစားဖို့ မလိုပေဘူးလား။

ကျန်ရစ်တဲ့ အနောဇာဒေဝီ မိဖုရားကြီးကလည်း ရတနာသုံးပါးမင်္ဂလာသတင်း လာပေးတဲ့ ကုန်သည်တွေကို ဆုတော်ငွေ ကိုးသိန်းပေးသတဲ့။ ဘုရင်ကြီးထက် သုံးဆ ပိုပေးလိုက်တယ်။ ပြီးတော့ဘုရင်ကြီးသွားတဲ့ ခရီးစဉ်အတိုင်း မြတ်စွာဘုရားရှိရာ ဦးတည်ပြီးသွားကြတော့တာပဲ။ သူတို့လည်း မြစ်သုံးတန်ကို ဘုရင်ကြီးလိုပဲ အဓိဋ္ဌာန်ကျော်ဖြတ်ခဲ့ကြတာပေါ့။

အနောဇာဒေဝီ မိဖုရားကြီး ဘုရားရှေ့တော်မှောက် မရောက်မီလေးမှာ မဟာကပ္ပိန မင်းကြီးနဲ့ အမတ်တွေ "ဧဟိဘိက္ခု" အခေါ်ခံရပြီး သပိတ်သင်္ကန်း အပြည့်အစုံနဲ့ ရဟန်းတော်တွေ ဖြစ်နေနှင့်ပြီ၊ သူတို့က အရှင်ပစ္စေကဗုဒ္ဓါကို သပိတ်သင်္ကန်း ပရိက္ခရာတွေ လှူခဲ့တဲ့ ရှေးကောင်းမှု ရှိနေတဲ့အတွက် အခုလို "ဧဟိ ဘိက္ခု"အခေါ်ခံရတာဖြစ်ပါတယ်။

အနော်ဇာဒေဝီတို့လည်း ရောက်လာရော ရဟန်းဖြစ်နေတဲ့ မဟာကပ္ပိနတို့ကို ဘုရားမြတ်စွာက တန်ခိုးတော်နှင့် ကွယ်ထားလိုက်တယ်။ ကိုယ်တော်တွေမြင်လို့ သံယောဇဉ်များပြီး တရား နားမဝင်ဘဲ နေမှာစိုးလို့ပေါ့။ အနော်ဇာဒေဝီတို့လည်း ဘုရားဟောတဲ့ သစ္စာတရား နာကြားပြီး သောတာပန် ကည်ကြတာပါပဲ။ အနော်ဇာဒေဝီတို့ကို ဟောနေတဲ့ တရားကိုပဲ နောက်နားကနေ နာကြားလိုက်ရတဲ့ မဟာကပ္ပိနမထေရ်နှင့်တကွ မထေရ်အားလုံးကတော့ အာသဝေါကုန်ခန်း ပဋိသမ္ဘိဒါ ပတ္တရဟန္တာအရှင်မြတ်ကြီးတွေ ဖြစ်ကုန်ကြပါသတဲ့။

တန်ခိုးတော်နဲ့ ကွယ်ထားတဲ့ ရဟန်းတော်တွေကို ဘုရားက တန်ခိုးမဟော် ပြန်ရုပ်သိမ်းလိုက်တဲ့အခါ သောတာပန် အရိယာ ဖြစ်နေကြတဲ့ အနော်ဇာဒေဝီတို့က ရဟန်းတော်တွေကို မြင်သွားကြတယ်။ "တပည့်တော်မတို့လည်း သူတို့လို သင်္ကန်းဝတ်ပြီး သာသနာ့ဘောင် နေပါရစေဘုရား" လျှောက်တော့ ဘုရားရှင်က ဥပ္ပလဝဏ်ထေရီကို ခေါ်ခိုင်းပြီး ဘိက္ခုနီမ ဝတ်ပေးစေတယ်။ ဘိက္ခုနီမ ဖြစ်ပြီးတဲ့နောက် တရားတစ်ပုဒ် ထပ်ဟောတော်မူလိုက်ပြန်တော့ ဘိက္ခုနီမတွေ အကုန်လုံး ရဟန္တာမကြီးတွေ ဖြစ်ကုန်ကြပါသတဲ့။

ဘုရားထံတော်မှ သစ္စာတရားနာကြားရပြီးတော့ သူတို့ ရဟန္တာ ဖြစ်တယ်နော်။ သစ္စာတရားရဲ့ ကျေးဇူးပါပဲ။ ယောဂီတို့လည်း သစ္စာတရားနာကြားပြီး ဒီဘဝမှာပဲ သောတာပန် မတည်နိုင်ဘူးလား။

သောတာပန် တည်ချင်တယ်ဆိုရင် ခန္ဓာပေါ်ကို ဉာဏ်ရောက် ရမယ်။ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာတွေက သမုဒယသစ္စာ၊ သမုဒယတို့ချုပ်ရာ ငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ၊ သစ္စာလေးချက် စုံသွားပြီ။

အဲဒီတော့ သက်တမ်းက ခပ်တိုတိုမှာ ခပ်ခိုခိုမနေဘဲနဲ့ နောက် ကမင်္ဂကုသိုလ်ရအောင် မြန်မြန်လုပ်ကြရမယ်နော်။ ကုသိုလ်ကောင်းမှု

ဆိုတာ နေးနေးလုပ်ရတာမျိုး မဟုတ်ဘူး။ မြန်မြန်လုပ်ရပါတယ်။ ကုသိုလ်ကောင်းမှု မြန်မြန်ပြုပါ။ ဒါမှသာ အသေမဦးခင် ဉာဏ်ဦး နိုင်ကြမှာ ဖြစ်ပါတယ်။ မင်္ဂကုသိုလ်ကြီးရအောင်၊ တိုးတက်သထက် တိုးတက်အောင် အားထုတ်ကြပါစို့လို့ တိုက်တွန်းရပါတယ်။

# ကိုယ့်ကိုယ်ကိုသာ စောင့်ရှောက်ရာ
## မင်္ဂလာ အမှတ် (၆)

## မိမိကိုယ်သာ အားကိုးရာ

မင်္ဂလသုတ် တရားတော်ရဲ့ အမှတ် (၆) က အတ္တသမာ ပဏိဓိစ။ မြန်မာလိုပြောတော့ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ် တဲ့။ ဒီပစ္စုပ္ပန် ဘဝမှာ လောကီလောကုတ် နှစ်လီသော အကျိုးထူး တရားတွေ ရချင်တယ်။ ပစ္စုပ္ပန် သံသရာ နိဗ္ဗာန်အထိ မင်္ဂလာအပေါင်း နဲ့ ပြည့်စုံချင်တယ်။ ဤဘဝ၊ ဤခန္ဓာနဲ့ပဲ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ မင်္ဂလာကြီးကို ရချင်တယ်ဆိုရင် သင့်တင့်လျောက်ပတ်တဲ့ အရပ်မှာ နေရမယ်။ နောက်ပြီးတော့ ရှေ့က ပြုခဲ့ဖူးတဲ့ မြတ်ကောင်းမှု ရှိရမယ်။ အဲဒီ အမှတ် (၄) အမှတ် (၅) မင်္ဂလာတွေကို ပြောခဲ့ပြီးပြီနော်။ အခုပြောမှာက ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်တဲ့။

အတ္တသမာပဏိဓိက ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်။ လင်္ကာကဗျာလေးက "မိမိကိုယ်ကို ကောင်းအောင် ထိန်းလို့၊ မတိမ်း စေနဲ့ ဆောက်တည်လေ"တဲ့။ ဒီဘဝ ဒီခဏနှင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း တဲ့ မြတ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာမင်္ဂလာကြီး ကိန်းဝပ်ချင်တယ်၊ သောတာပန် တည်ချင်တယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်နော်။

ဘုရားမြတ်စွာက လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားတွေ တက်ချင်တယ်ဆိုရင် **"အတ္တာဟိ အတ္တနော နာထော** = ကိုယ့်ကိုယ်ကိုယ်သာလျှင် အားကိုပါ"လို့ မိန့်မှာတော်မူခဲ့ပါတယ်။ အဲဒီစကားတော်က ကိုယ့်ကိုယ်ကို စောင့်ရှောက်ပါဆိုတဲ့ မင်္ဂလာတရားတော်နဲ့ သဘောချင်း တိုက်ဆိုင်နေပါတယ်နော်။

## သစ္စာ မသိတာ ဒုက္ခသက်သေ

လောကအလယ်မှာ ဗုဒ္ဓဘာသာဆိုတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းခဲ့တာဟာ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကို အမှီပြုပြီးတော့ ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။ ဘုရားရှင်သာ ပွင့်တော်မမူခဲ့လျှင် ဗုဒ္ဓဘာသာဆိုတဲ့လူ့အဖွဲ့အစည်း ပေါ်ပေါက်လာစရာအကြောင်း မရှိပါဘူး။

အလောင်းတော် သိဒ္ဓတ္ထမင်းသားဘဝကနေ ဘုရားဖြစ်တော်မူခဲ့ရတယ်ဆိုတာ သစ္စာသိလို့ပါ။ သစ္စာသိအောင်လို့ အခြေခံရတာကတော့ **"ယေဓမ္မာ ဟေတုပ္ပဘဝါ"** တဲ့။ မြန်မာလို ပြောရင် "အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်"ပေါ့။ ယောဂီတို့ ဒုက္ခငါးပါးရနေတာဟာ အကျိုးတရား။ အကြောင်းတရားကို ရှာလိုက်ရင် သင်္ခါရကို တွေ့ရလိမ့်မယ်။ ဒါက ဘုရားဟော ပဋိစ္စသမုပ္ပါဒ်တရားတော်အရ ပြောနေတာပါ။

ယောဂီတို့ ရှေးကပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကံဟာ ပဋိစ္စသမုပ္ပါဒ်အလိုအရပြောရင် သင်္ခါရပေါ့။ သင်္ခါရကို တရားကိုယ်ကောက်ရင် စေတနာရတယ်။ စေတနာဆိုတာ ဘာလဲမေးတော့ **"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ** = စေတနာဟာ ကံပါပဲ"လို့ ဘုရားဟောပါတယ်။

ကံရယ် စေတနာရယ် သင်္ခါရရယ် အတူတူပါပဲ။ မြန်မာလို ပြောတော့ အလုပ်။ တို့တစ်တွေ ကံဆိုတဲ့ အလုပ်တွေကို လုပ်ခဲ့ကြ တယ်။ အလုပ်တွေကို သင်္ခါရနဲ့ပြောရင် ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရ၊ အာနေဉ္စာဘိ သင်္ခါရလို့ သုံးမျိုး ရပါတယ်။

ပုညာဘိသင်္ခါရဆိုတာ ကုသိုလ်၊ အပုညာဘိသင်္ခါရ ဆိုတာ အကုသိုလ်၊ အာနေဉ္စာဘိသင်္ခါရဆိုတာ သမထ။ လွယ်လွယ်ပြောရင် ကုသိုလ်၊ အကုသိုလ် သင်္ခါရပေါ့။ တို့တစ်တွေ အတိတ်က ကုသိုလ်၊ အကုသိုလ်၊ သမထအလုပ်တွေ လုပ်ခဲ့ကြတယ်၊ ပြုလုပ်တာ မှန်သမျှ သည် ကံဖြစ်ပါတယ်။

"ကမ္မံသတ္တေ ဝိဘဇ္ဇတိ= ကံဟာ သတ္တဝါတို့ကို အလားတူ အကျိုးပေး၏"ဆိုတဲ့အတိုင်း ကံက အကျိုးပေးရင် ခန္ဓာကိုပဲ အကျိုး ပေးပါတယ်။ အခုတရားဟော တရားနာနေရတာဟာ ခန္ဓာနဲ့ နာရတာ ဖြစ်လို့ ကံက အကျိုးပေးလိုက်တာ ဖြစ်ပါတယ်။ ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာကြီးကို ခံစားကြရတယ်။

အဲဒီလို ဆင်းရဲဒုက္ခရောက်နေရတာတွေ အကုန်လုံးဟာ အလိုလို ရနေတာ မဟုတ်ဘူး။ အကြောင်းကြောင့် အကျိုးပေါ်လာတာသာ ဖြစ်တယ်။ အကြောင်း သမုဒယသစ္စာကြောင့် အကျိုး ဒုက္ခသစ္စာ ပေါ်လာတာ မှတ်ပါ။ နောက်ထပ် ဒီလိုဒုက္ခမျိုး မရချင်ဘူးဆိုရင်တော့ သူများကို အားကိုးနေလို့ မရဘူး။ ကိုယ့်ကိုယ်ကိုယ်ပဲ အားကိုးရမှာ။ ကိုယ့်ကိုယ်ကိုယ် သီလနဲ့ စောင့်ရှောက်၊ သမာဓိနဲ့ စောင့်ရှောက် ပညာနဲ့ စောင့်ရှောက်ရမှာပါ။ အဲဒါကို "**အတ္တသမာပဏိဓိစ** =မိမိကိုယ် ကို ကောင်းအောင်ထိန်းလို့ မတိမ်းစေနဲ့ ဆောက်တည်လေ"လို့ မင်္ဂလာ တရားတော်က ပြောနေပါတယ်။

# အကြောင်းအကျိုးယုံလျှင် ကိုယ့်အားကိုယ်ကိုးပါ

မိမိရဲ့ခန္ဓာကိုယ်ကြီးကို ဉာဏ်နဲ့ကြည့်ပါ။ ကိုယ့်ကိုယ်ကိုယ် ဉာဏ်နဲ့ ထိန်းသိမ်းစောင့်ရှောက်ပါ။ လောကီစီးပွား တိုးတက်ချင်လျှင် ကိုယ့်ကိုယ်ကိုယ် အားကိုးရမယ်၊ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရမယ်။ လောကုတ္တရာ စီးပွားတက်လို့ ဒီဘဝသောတာပန် တည်ချင်တယ်၊ ဒုက္ခတွေ မြန်မြန်ငြိမ်းအေးချင်ပါတယ် ဆိုရင်လည်း ကိုယ့်ကိုယ်ကိုယ် အားကိုးပြီး ကိုယ့်ကိုယ်ကို စောင့်ရှောက်ရမှာပါပဲ။

လောက အောင်မြင်ကြီးပွား တိုးတက်ကြောင်းက ကံဉာဏ် ဝီရိယသုံးပါး။ ပစ္စုပ္ပန်စီးပွားရေး တက်ချင်ရင်၊ လောကီမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံချင်ရင် ကံ ဉာဏ် ဝီရိယ အားကိုးရမယ်။ သံသရာ စီးပွားတက်ချင်တယ်။ ဝဋ္ဋာဘိရတ ဘုံစဉ်စံ အရိယာပုဂ္ဂိုလ်ထူးတွေ ဖြစ်ချင်တယ်ဆိုရင်တော့ ဒါန သီလ ဘာဝနာကို အားကိုးရမယ်။

အဲဒီ ကံ ဉာဏ် ဝီရိယ ဒါန သီလ ဘာဝနာ ဆိုတဲ့ အနှစ်ခြောက်ပါးကို ခန္ဓာထဲမှာပဲ ရှာရမှာ။ သူများကို အားမကိုးဘဲ ကိုယ့်ကိုယ်ကိုယ် အားကိုးရမှာပါ။ ကံ ဉာဏ် ဝီရိယသည် စီးပွားတက်ခြင်းရဲ့ အကြောင်းတရား စီးပွားတိုးတက်အောင်မြင်နေရတာက အကျိုးတရား၊ ဒါန သီလ ဘာဝနာ ခန္ဓာပေါ် ဉာဏ်ရောက်အောင် ကျင့်ခြင်းသည် အကြောင်းတရား၊ အရိယာ ပုဂ္ဂိုလ်ကြီးတွေဖြစ်ပြီး နိဗ္ဗာန်ဝင်ခံရခြင်းသည် အကျိုးတရား ဖြစ်ပါတယ်။

ဘုရားဖြစ်တာလည်း အလိုလိုမဖြစ်ဘူး။ ခန္ဓာပေါ်ဉာဏ်ရောက် အောင်ကျင့်လို့ မဂ္ဂင်ရှစ်ပါး လမ်းပေါ်လျှောက်လို့ ဖြစ်ပျက်မင်္ဂကိုက် အောင် ကျင့်လို့နော်။ စီးပွားတက်တာ၊ စီးပွားကျတာ၊ သူများ ချီးမွမ်းခံရတာ၊ သူများကဲ့ရဲ့ ခံရတာ။ ဘယ်အရာမဆို လောကကြီးမှာ အကြောင်းအကျိုးကင်းပြီး ဖြစ်တယ်လို့ မရှိပါဘူး။

အကြောင်းဖြစ်ရင် အကျိုးဖြစ်မယ်။ အကြောင်းချုပ်ရင် အကျိုးချုပ်မယ်။ ပဋိစ္စမုပ္ပါဒ်မှာ ပဋိစ္စအကြောင်း၊ သမုပ္ပါဒ်က အကျိုး။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းအကျိုးကို ပြောနေတာ မဟုတ်လား။ ပဋိစ္စသမုပ္ပါဒ်ကို သိမှ နားလည်မှ သစ္စာသိပါတယ်။ သစ္စာသိလို့ ဘုရားဖြစ်ပါတယ်။ သစ္စာသိဖို့ရာအတွက် ပဋိစ္စသမုပ္ပါဒ်ကို အခြေခံရပါတယ်။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ–

**ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ၊**

**ယော ဓမ္မံ ပဿတိ၊ သော မံ ပဿတိ ပဏ္ဍိတော။**

ပဋိစ္စသမုပ္ပါဒ်သိမှ သစ္စာသိတယ်။ သစ္စာသိမှ ငါဘုရားကို မြင်တယ်တဲ့။ သစ္စာသိတဲ့ ပုဂ္ဂိုလ်ရဲ့ နှလုံးသားမှာမှ ဉာဏ်ဘုရားပွင့်ပါတယ်။ ဒါကြောင့် သစ္စာသိချင်ရင် ပဋိစ္စသမုပ္ပါဒ်ကို လေ့လာရပါတယ်။

ဘုရားမြတ်စွာသည် သစ္စာလေးပါးသိဖို့ ပဋိစ္စသမုပ္ပါဒ်ကို အခြေခံရတာဖြစ်တဲ့အတွက် ဘုရားစကား နားထောင်ပါတယ် ဆိုတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာလည်း ပဋိစ္စမုပ္ပါဒ်ကို သိနားလည်အောင် လုပ်ရပါမယ်။ "ဗုဒ္ဓဘာသာအစ ပဋိစ္စသမုပ္ပါဒ်က"လို့တောင် ပြောနိုင်တယ်။ ပဋိစ္စသမုပ္ပါဒ်သည် အကြောင်းအကျိုးကို ပြောပြတာဖြစ်လို့ ဗုဒ္ဓဘာသာရဲ့ ဝါဒဟာလည်း အကြောင်းအကျိုးကို လက်ခံတဲ့ဝါဒ ဖြစ်ပါတယ်။

တခြားဟိန္ဒူ ခရစ်ယာန်စတဲ့ ဘာသာများကတော့ ဖန်ဆင်းရှင်ဝါဒကို လက်ခံ ယုံကြည်ကြတယ်။ ဗုဒ္ဓဘာသာက အကြောင်းအကျိုးကို လက်ခံယုံကြည်တဲ့ဝါဒ ဖြစ်ပါတယ်။

အတိတ်ကုသိုလ်ရဲ့ သတ္တိအဖြစ် သုဂတိ လူ့ဘဝခန္ဓာကြီးရထားကြတဲ့ ပုဂ္ဂိုလ်တွေပီပီ ရှေ့ဆက်ပြီးတော့ ဝဋ္ဋာဘိရတအဖြစ် မြင့်တက်သွားချင်တယ်ဆိုရင်တော့ သူများကို အားကိုးမနေဘဲ၊ ဖန်ဆင်းရှင်တွေ

တမ်းတမနေဘဲနဲ့ အကြောင်းအကျိုး လက်ခံယုံကြည်ပြီး ကိုယ့်အား ကိုယ်ကိုး အားထုတ်လုပ်ကိုင် သွားကြရပါမယ်။

## သီလသမာဓိပညာနဲ့ စောင့်ရှောက်ပါ

ဗုဒ္ဓဘာသာဝင်မှန်ရင် ကံကံရဲ့အကျိုးတရားကို ယုံကြည်ကြ တယ်။ ကံက အကြောင်းတရား၊ ကံရဲ့အကျိုးပေးက အကျိုးတရား။ အဲဒီလို ကံကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတဉာဏ်ဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအောက်ထစ်ဆုံ မူလတန်းဉာဏ် ဖြစ်ပါ တယ်။

ကိုယ်ဖြစ်ချင်တာဖြစ်အောင် ကိုယ့်ကိုယ်ကို စောင့်ရှောက်ပါ။ လမ်းဘေးရောက်အောင် လုပ်တာလည်း သူများလုပ်တာ မဟုတ်ပါဘူး။ ကိုယ်ကိုယ်တိုင် လုပ်တာပါ။ တိုက်ကြီးပေါ်ရောက်အောင် လုပ်တာ လည်း ကိုယ်ကိုယ်တိုင်ပါပဲ။

လူတိုင်းဟာ ကိုယ့်ကိုယ်ကို ချစ်ကြတာချည်းပါပဲ။ ကိုယ့်ကိုယ် ကို တယ်ချစ်တယ်ဆိုရင် တရားနဲ့ စောင့်ရှောက်ရတယ်။ ဘာတရား လဲဆိုတော့ သီလ၊ သမာဓိ၊ ပညာ။ ဒီ သီလ သမာဓိ ပညာ သိက္ခာ သုံးရပ်နဲ့ ကိုယ့်ကိုယ်ကို စောင့်ရှောက်နေတာဟာ အတ္တသမာပဏိဓိ မင်္ဂလာကြီးနဲ့ ပြည့်စုံနေတာ ဖြစ်ပါတယ်၊ နေ့တိုင်း သီလယူနေတာ လည်း မင်္ဂလာ၊ သမာဓိတွေပွားပြီး တည်ထောင်နေတာလည်း မင်္ဂလာ၊ ဘာဝနာပွားပြီးတော့ ခန္ဓာဉာဏ်ရောက် ဖြစ်ပျက်မြင်နေအောင် ကြိုး စားနေတာလည်း မင်္ဂလာပါပဲနော်။

ခုလို သူတော်ကောင်းတရားတွေ နာကြားနေတာလည်း 'ကာလေန ဓမ္မဿဝနံ၊ ကာလေန ဓမ္မသာကစ္ဆာ' မင်္ဂလာဖြစ်ပါတယ်။ ကိုယ့်ကိုယ်ကို သနားရင် မင်္ဂလာရှိအောင်လုပ်ပါ။ မင်္ဂလာရှိချင်ရင်

ကိုယ့်ကိုယ်ကို စောင့်ရှောက်ပါ။ ဘယ်တရားနဲ့ စောင့်ရှောက်ရမှာလဲ မေးတော့ သီလ သမာဓိ ပညာနဲ့ ဖြစ်ပါတယ်။

အရာရာတိုင်းကို အကြောင်းအကျိုး၊ အကောင်းအဆိုး၊ ဟုတ်သည် မဟုတ်သည်၊ မှန်သည် မမှန်သည်ကို ဝေဖန်စိစစ် ပိုင်းခြားတာဟာပညာပါပဲ။ ပညာလေးနဲ့ စိစစ်ဝေဖန်ပြီးတော့ ကိုယ့်ကိုယ်ကို စောင့်ရှောက်သွားကြရပါမယ်။

## ကျင့်ကြံလိုက်နာရင် သာသနာမကွယ်ပါ

ကဿပမြတ်စွာဘုရား သာသနာတော်နောက်ပိုင်းမှာ ကပိလဆိုတဲ့ ရဟန်းတစ်ပါး "ဘုရားပရိနိဗ္ဗာန် ဝင်စံပြီးတဲ့နောက်မှာ ဘုရားသာသနာတော်မရှိတော့ဘူး" လို့ ယူသတဲ့။ ဒီလိုပဲ ဂေါတမမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးမှာလည်း သုဘဒ္ဒဆိုတဲ့ ပရိဗိုဇ်က ဘုရားကို လျှောက်ဖူးတယ်။ ဘုရားရှင်က "သုဘဒ္ဒ ငါဘုရား ဟောကြားထားတဲ့ ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀၊ သုတ် ဝိနည်း အဘိဓမ္မာ နိကာယ်ငါးရပ် တရားမြတ်တွေကို လိုက်နာမှတ်သား ဟောပြောပို့ချ ကျင့်ကြံပွားများနေသမျှ ကာလပတ်လုံး သာသနာမကွယ်ဘူး" လို့ ဖြေကြားတော်မူခဲ့ပါတယ်။

ရဟန်းတော်တွေ စာသင်စာချမလုပ်၊ တရားမဟော တရားမနာ၊ ခန္ဓာဉာဏ်ရောက် ဝိပဿနာ၊ ပဋိပတ္တိအလုပ်တွေကို မလုပ်တော့ဘူးဆိုရင်တော့ ဘုရားသာသနာ ကွယ်မှာပဲ။ "ပရိယတ္တိ မူလံ သာသနဿ အာယု = ပရိယတ္တိ သာသနာတော်သည် သာလျှင် သာသနာတော်ရဲ့ အရင်းအမြစ်၊ သာသနာတော်ရဲ့အသက်" တဲ့၊ မြန်မာနိုင်ငံ အနှံ့အပြားမှာ ပရိယတ္တိစာသင်တိုက်ကြီးတွေ ရှိနေတဲ့အတွက် သာသနာတော် မကွယ်သေးဘူး၊ သံဃာတော်အရှင်မြတ်

တွေရဲ့ ကျေးဇူးကြောင့်တို့တစ်တွေ မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်တော်ထွက် တရားတော်တွေ နာကြားခွင့်ရနေကြတာ ဖြစ်ပါတယ်။ ဘုရားရှင် ဂရိနိဗ္ဗာန် စံဝင်တော်မူသွားတာ နှစ်ပေါင်း ၂၅၅၁ ရှိခဲ့သော်လည်း သာသနာမပျောက်ကြီး နေလို လလို ထွန်းကားနေဆဲပါပဲ။

ဘုရားဟော တရားတော်တွေကို ပိုင်ပိုင်နိုင်နိုင် ဟောပြောညွှန်ပြ ဆုံးမတတ်တဲ့ ဆရာကောင်း သမားကောင်းတွေ ရှိနေသမျှ ကာလ ပတ်လုံး။ ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာတရား ဝိပဿနာ ကရား အဖြစ်နဲ့အပျက် ပိုင်ပိုင်နိုင်နိုင် ခွဲခြားပေးတဲ့ တရားတွေကို ခန္ဓာဉာဏ်ရောက် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တဲ့ ယောဂီ သူတော်စင်တွေ ရှိနေသမျှ ကာလပတ်လုံး အရိယာ မဆိတ်သုဉ်း ပါဘူး။ ကိုယ့်ကိုယ်ကို သီလ သမာဓိ ပညာတွေနဲ့စောင့်ရှောက်၊ အဋ္ဌ သမာပတ်ဓိ မဂ်လာပြည့်စုံအောင် အားထုတ်ကြဖို့ပဲ လိုပါတယ်။

## ပညာတတ်လား၊ သညာတတ်လား

ကပိလရဟန်းဆိုတာက စာတတ်ပေတတ်၊ သံဃာတော်များစွာ ကို စာချပေးနေတဲ့ ပညာတတ် ပိဋကတ်ဝန်ဆောင်ကြီး ဖြစ်ပါတယ်၊ ပညာဆိုတာ ဝေဖန်စိစစ်ပိုင်းခြားတာပါ။ ကိုယ်ပြောမည့်စကား ကိုယ်ပြု မည့်အလုပ်။ ကိုယ့်ရဲ့ကာယကံ၊ ကိုယ့်ရဲ့ဝစီကံကို မပြောခင် မပြုခင် အကြောင်းအကျိုး အကောင်းအဆိုး၊ ဟုတ်မဟုတ် မှန်မမှန် အကျိုး ရှိမရှိ ဝေဖန်စိစစ်ပိုင်းခြား တတ်ရပါတယ်။ ကပိလရဟန်းကြီးမှာ အဲဒီပညာမျိုး အားနည်းခဲ့တယ်တဲ့။

ပညာနဲ့ ဝိဇ္ဇာနဲ့က အတူတူနော်။ ဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက်က အဝိဇ္ဇာပေါ့။ အဝိဇ္ဇာမှာ ကြောင်းကျိုးကောင်းဆိုး၊ မှန်မမှန် ရွေးချယ် စိစစ်တတ်တဲ့ သဘောမရှိဘူး။ ဝေဖန်စိစစ်တတ်တဲ့ ဉာဏ်မျိုးမရအောင် အဝိဇ္ဇာက ဖုံးထားတယ်။

အဝိဇ္ဇာက ဉာဏ်ကိုဖုံးပြီး သင်္ခါရက လွတ်ခနဲပြောချလိုက်တာ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ ကိုယ့်ကာယကံ ကိုယ့်ထံပြန်၊ ကိုယ့်ဝစီကံ ကိုယ့်ထံပြန်၊ ကိုယ့်မနောကံ ကိုယ့်ထံပြန်။ တစ်နေ့တစ်နေ့ ကိုယ်ပြု လုပ်နေတဲ့ကံက ကိုယ့်ကိုပြန်ပြီး အကျိုးပေးမှာပဲ။ ဒါက သမုတိသစ္စာ နယ်က ပြောလိုက်တာနော်။ မကောင်းမှုကို လုပ်လိုက်တာက ဝမ်းထဲက အကုသိုလ်ရဲ့ သတ္တိလို့ မှတ်ပါ။

ကိုယ်ပြုလိုက်တဲ့ အကုသိုလ်ကံဟာ ကိုယ့်ကို တိုက်ရိုက်အကျိုး ပေးမှာပါလားလို့ ကပိလရဟန်း သိတယ်။ ဒါပေမဲ့ သညာသိ သိနေတာ၊ ပညာသိ သိတာ မဟုတ်ဘူး။ ပညာလွန်တော့ ကောက် ကျစ်တယ်ဆိုတာ လောကသမုတိနယ်က သုံးတဲ့စကားပါ။ တိုက်ရိုက် ပြောရင် သညာလွန်လို့ ကောက်ကျစ်တာပဲ။ ပညာမှာ ကောက်ကျစ် တယ်ဆိုတဲ့ ထုံးစံ မရှိပါဘူး။

တချို့ B.A, M.Aဘွဲ့ရဖြစ်ပြီးတော့ မြေနိမ့်ရာ လှံစိုက်၊ ကြံ နိုင် ငယ်ညှင်း အနိုင်ကျင့်တတ်တာ ရှိတယ်နော်။ အဲဒါ သညာတတ်ပြီး ပညာမတတ်ဘူးလို့ မှတ်ပါ။ ပညာတတ်ဆိုရင် ပညာကို အခြေခံပြီး တော့ လုပ်သင့် မလုပ်သင့် ဝေဖန်စိစစ်ပြီ မှ အကောင်အထည်ဖော် တတ် ရပါတယ်။ ကပိလရဟန်းမှာ အဲဒီပညာမျိုး အားနည်းတဲ့ အတွက် မမ္မမစ္ဆရိယရဲ့ နှိပ်စက်ခြင်း ခံရပြီး သေလွန်တဲ့အခါမှာ အဝီစိငရဲကို ကျသွားပါတယ်။ ငရဲက လွတ်တဲ့အခါ ဂေါတမမြတ်စွာ ဘုရားလက်ထက်တော်ရောက်တော့ ငါးကြီး သွားဖြစ်ပါသတဲ့။

## ဉာဏ်နဲ့ မစောင့်ရှောက်ခဲ့သူ ကပိလရဟန်း

မမ္မမစ္ဆရိယဆိုတာ သူများ တရားအားထုတ်နေတာကို "လုပ် မနေပါနဲ့ကွာ၊ ခါးညောင်းခံလို့ သောတာပန်တည်မှာလည်း မဟုတ်

ပါဘူး”လို့ လျှောက်ပြောနေတာတဲ့။ ပုထုဇဉ်မှန်ရင် ကိလေသာနဲ့ အမြဲရောထွေးနေတယ်၊ အမှားကို ကျူးလွန်ရဲတယ်။ မိုက်မဲတွေဝေ မလိမ္မာသူပီပီ ပြောမှားဆိုမှား ပြုမှားတွေ ရှိတယ်။ အဲဒါတွေက ဒီအတိုင်း မနေဘဲ တစ်နေ့အကျိုးပေးတော့တာပဲ။

တစ်နေ့တစ်နေ့ ကိုယ်လုပ်ထားကဲ့ ကုသိုလ်နဲ့ အကုသိုလ်ကို ချိန်ခွင်ထဲထည့်ပြီး ချိန်ကြည့်ရင် ဘယ်လိုနေမလဲ။ ချိန်ခွင်လျှာဟာ အကုသိုလ်ဘက်ကို အောက်စိုက်ပြနေမယ် ထင်တယ်နော်။ အကုသိုလ်ဘက်က အလေးသာနေတာကို ဒီအတိုင်း ပစ်ထားမှာလား။ ကိုယ့်ကိုယ်ကို ဉာဏ်နဲ့ စောင့်ရှောက်ရမှာလား။

ကံတွေကိုသာ ကျူးလွန်ခဲ့ပြီး ဉာဏ်နဲ့ စောင့်ရှောက်ရကောင်းမှန်း မသိခဲ့တဲ့ ကပိလရဟန်းဟာ အဝီစိငရဲကျလို့ ငရဲက လွတ်တော့လည်း ငါးကြီးဖြစ်ရပြန်တယ်။ တစ်ကိုယ်လုံး ရွှေရောင်တွေထွက်ပြီး သိပ်လှတဲ့ ငါးကြီးတဲ့။ အဲဒီငါးကြီးကို တံငါတွေက ဖမ်းမိသွားတော့ “မသတ်ရက်ပါဘူး၊ မရောင်းရက်ပါဘူး၊ ထူးခြားတဲ့ ငါးကြီးမို့ ဘုရင် ဆက်တာ ကောင်းပါတယ်”ဆိုပြီး ဘုရင်ဆီသွားဆက်သတယ်။ ဘုရင်က သဘောကျပြီးတော့ တံငါသည်တွေကို ဆုတော်လာဘ်တော်တွေ ချီးမြှင့်သတဲ့။

ဘုရင်ကြီးက ငါးကြီးကို ကြည့်ပြီး “သိပ်လှတဲ့ ငါးကြီးနော်။ ဒီတစ်ခါပဲ မြင်ဖူးတယ်။ ဒီလောက်တောင်လှတာ ဘာကြောင့်လဲ မြတ်စွာဘုရားပဲ သိလိမ့်မယ်”လို့ တွေးသတဲ့။ ဒါနဲ့ ငါးကြီးကို လောင်းလှေကြီးထဲထည့်ပြီး ဘုရားသီတင်းသုံးတော်မူတဲ့ ဇေတဝန် ကျောင်းတော်ကို ယူသွားတယ်။ “ဒီငါးကြီးရဲ့ အတိတ်ဘဝ ဇာတ်ကြောင်းကို သိပါရစေဘုရား”လို့ ဘုရင်က မြတ်စွာဘုရားကို လျှောက်တယ်။ အဲဒီမှာ ရှင်တော်မြတ်ဘုရားက ကပိလငါးကြီးကို ဖြစ်ကြောင်း ကုန်စင် မေးတာပေါ့။ မြတ်စွာဘုရားနဲ့ ကပိလငါးကြီး အမေးအဖြေ ပြုလုပ်ပုံ ကပိလသုတ္တန် ဆိုပြီးတော့ ရှိပါတယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "ကပိလရဟန်း၊ သင် ဘာကြောင့် ငါးကြီးဖြစ်နေရသလဲ"လို့ မေးတော်မူလိုက်တော့ ငါးကြီးမျက်ရည်ကျတယ်၊ "တပည့်တော်ဘုရား၊ ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက ရဟန်းဝတ်ပြီးတော့ စာပေပရိယတ်တွေ သင်ခဲ့ပါကယ်ဘုရား။ ကဿပ မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံတော်မူသွားတဲ့ နောက်ပိုင်းမှာ ဝိပဿနာ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို "မင်းတို့ တရားအားထုတ်မနေနဲ့၊ နိဗ္ဗာန်ဆိုတာ တစ်ဘဝထဲနဲ့ ရတာမဟုတ်ဘူး။ ဘုရားလည်း ပရိနိဗ္ဗာန် စံသွားပြီမို့ သာသနာတော်လည်း ကွယ်သွားပြီ။ တရားအားထုတ်ရင်လည်း အပိုပဲ"လို့ ဓမ္မမစ္ဆရိယစိတ်နဲ့ ပြောခဲ့မိပါတယ်ဘုရား။ အဲဒီလို ပြောမိတဲ့ ဝစီကံ အကုသိုလ်ကြောင့် ရဟန်းဘဝမှ စုတေတဲ့အခါ အဝီစိငရဲကို ကျရပါတယ်။ ငရဲမှ လွတ်ပြီဆိုတော့ အခုလို အဟိတ်တိရစ္ဆာန် ငါးကြီး ဖြစ်လာရပါတယ်ဘုရား"လို့ ငိုငိုယိုယိုနဲ့ လျှောက်သတဲ့။

ဘုရားသာသနာတော်မှာ စာတတ်ပေတတ် ရဟန်းပုဂ္ဂိုလ် ဖြစ်ခဲ့ပါလျက်နဲ့ ဓမ္မမစ္ဆရိယ အကုသိုလ်က နှောင့်ယှက်ဟူ ဖြိုလိုက်တဲ့အတွက် သာသနာတော်နဲ့ ကြုံရကျိုး လူဖြစ်ရကျိုး ရဟန်း ဖြစ်ရကျိုးမနပ်ခဲ့ရှာဘူးနော်။ အဲဒါ ကိုယ့်ကိုယ်ကို ဉာဏ်နဲ့မစောင့်ရှောက်ခဲ့လို့ ခုလို ဖြစ်ရတာလို့ သဘောပေါက်ပါ။

## နိဗ္ဗာန်လိုချင် ကိုယ့်ကိုယ်ကို စောင့်ရှောက်

ကပိလရဟန်းသည် ကိုယ့်ကိုယ်ကို ဉာဏ်နဲ့ မစောင့်ရှောက်ခဲ့တဲ့အတွက် လောကီဖက်မှာလည်း ဆုံးရှုံးရတယ်၊ လောကုတ္တရာဖက်မှာလည်း ဆုံးရှုံးရတယ်။ ဒီလောက်စာတွေ တက်နေမှတော့ ခန္ဓာဉာဏ်ရောက် ကြိုးစားလိုက်မယ်ဆိုရင် အရိယာပုဂ္ဂိုလ်ဖြစ်နိုင်တာပဲ။

အနည်းဆုံး သောတာပန်အရိယာတော့ ဖြစ်နိုင်တယ်။

ဒါပေမဲ့ ဓမ္မမဂ္ဂရိယစိတ်က ကိုယ့်ကို မတိုးတက်အောင် တူဖြို ပစ်တာ ခံလိုက်ရပြီ။ တိုးတက်လမ်းကို ဓမ္မမဂ္ဂရိယက ကန့်ကွက် လိုက်တာနော်။ သူများက ကန့်ကွက်တာလား။ ကိုယ့်ကိုယ်ကို ကန့် ကွက်တာလား။ ပုထုဇဉ်မှန်ရင် ကိလေသာ မပယ်ရသေးလေတော့ ကိလေသာတွေပေါ်လာတိုင်း ပေါ်လာတိုင်း ကံမြောက်ခင်မှာ ဉာဏ် လိုက်ရပါမယ်။ ဒေါသလေး ပေါ်လာရင် 'အဲဒါ ဒေါသလေးပါလား' ဆိုပြီးတော့ ဉာဏ်လိုက်ခဲ့ပါ။ ဉာဏ်မလိုက်တာနဲ့ မကျေနပ်စိတ်တွေ ဝင်လာပါတယ်။

ဒေါသကြောင့် မကျေနပ်ဘူး။ မကျေနပ်တော့ မပြောရရင်မနေ နိုင်တဲ့ ဥပါဒါန်က လိုက်လာပြန်ရော၊ ဥပါဒါန်လိုက်လာတာနဲ့ ကံတွေ နောက်က လိုက်လာတာပါပဲ။ ဒေါသ၊ ဒေါသုပါဒါန်၊ ဒေါသအုပ်ချုပ် တဲ့ ကံတွေနော်။

နေ့စဉ်နေ့တိုင်း လောဘနဲ့ ပြောထားတဲ့ကံတွေ၊ ဒေါသနဲ့ ပြောထားတဲ့ကံတွေ၊ မောဟနဲ့ ပြောထားတဲ့ကံတွေ၊ ငါမှငါပဲလို့ ဒိဋ္ဌိနဲ့ ပြောထားတဲ့ကံတွေ။ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ မာနဒိဋ္ဌိ ဣဿာမစ္ဆရိယတွေနဲ့ ပြောထားတဲ့ အကုသိုလ်ကံတွေ ရှိတယ် နော်။ အကုသိုလ်ကံကြွေးတွေ ရှိနေတယ်။ ကြွေးတင်ရင် ဘယ်က ရှင်ဘုရင်က ဆပ်မှာလဲ။ ကြွေးဆပ်မည့် ဘုရင် ဒယ်အိုးက ဆင်းရပါ ဦးမလား။

အဲဒီတော့ ကိုယ့်အကုသိုလ်ကြွေးကို ဆပ်ဖို့ရာ ရှင်ဘုရင်လိုက် ရှာမနေနဲ့။ ကြွေး တင် ခန္ဓာနဲ့ဆပ်ပါ။ ဘယ်ခန္ဓာနဲ့ ဆပ်ချင်ပါသလဲ။ အပါယ်လေးပါး ခန္ဓာ။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်၊ ကြိုက်ရာ ရွေးချယ် ခန္ဓာလေးနဲ့ ဆပ်ချင်သလား။ ဘယ်ခန္ဓာနဲ့မှ မဆပ်ချင် လို့ကတော့ မရဘူးနော်။ ကံကြွေးတွေ ရှိနေရင် ဆပ်ရမှာပဲပေါ့။

ဘယ်ခန္ဓာနဲ့မှ မဆပ်ချင်ဘူးဆိုရင်တော့ အဲဒီကံကို ဖြတ်ပစ်ရမယ်။ ဘုရားရှေ့သွားပြီး "အပါယ်လေးပါး၊ ကပ်သုံးပါးမှ လွတ်ပါရစေ"လို့ အသံကောင်းဟစ်နေရုံနဲ့တော့ မလွတ်နိုင်ဘူး။ လူကြားတာပဲ အဖတ်တင်တယ်။ ကံကို ဉာဏ်နဲ့ဖြတ်မှ ရတယ်။ ဝိပဿနာဉာဏ်ဝမ်းထဲမှာပေါ်လာအောင် ခန္ဓာဉာဏ်ရောက် လုပ်လိုက်ပါ။

ခန္ဓာဉာဏ်ရောက် လုပ်တဲ့အခါ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ ဖြစ်ပျက် မင်္ဂကိုက်အောင် လုပ်နေတာဟာ ကိုယ့်ကိုယ်ကို စောင့်ရှောက်နေတာ ဖြစ်ပါတယ်။

ဖြစ်ပျက်မြင်နေတဲ့ အချိန်လေးမှာ သီလ မဂ္ဂင်လည်း ပါတယ်၊ သမာဓိ မဂ္ဂင်လည်း ပါတယ်၊ ပညာမဂ္ဂင်လည်း ပါတယ်၊ သီလမဂ္ဂင်သုံးပါး၊ သမာဓိ မဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင် နှစ်ပါး၊ မဂ္ဂင်ရှစ်ပါးလုံး စုံနေတယ်။

ဖြစ်ပျက် မင်္ဂ ကိုက်နေတဲ့အချိန်မှာ ကိုယ့်ကိုယ်ကိုယ် သီလနဲ့လည်း စောင့်ရှောက်လို့ ရတယ်၊ သမာဓိနဲ့လည်း စောင့်ရှောက်လို့ ရတယ်၊ ပညာနဲ့လည်း စောင့်ရှောက်လို့ရတယ်၊ တစ်ခုစီ တစ်ခုစီ သီးသန့်လုပ်နေစရာ မလိုတော့ဘူးပေါ့။ တစ်ချိန်တည်းမှာပဲ သီလ သမာဓိ ပညာ အကုန်ပါသွားပါတယ်။

ဘဝဆိုတာ တည်မြဲတာ မဟုတ်တော့ အချိန်တန်ရင် မသေဘဲ မနေ၊ သေကြရမှာပဲ။ သေတဲ့အခါ ကံကြွေးတွေ ရှိနေမယ်။ ကုသိုလ်ကံထက် အကုသိုလ်ကံ ကျူးလွန်ထားတဲ့ ကြွေးတွေက များနေတယ်။ ကိုယ့်အကြောင်း ကိုယ်သိမှာပါ။ ကိုယ့်ကိုယ်ကိုယ် ချစ်တယ် သနားတယ်ဆိုရင်တော့ ဉာဏ်နဲ့ စောင့်ရှောက်ကြရပါလိမ့်မယ်။

ကိုယ့်ခန္ဓာကို ဉာဏ်နဲ့ စောင့်ရှောက်လိုက်တဲ့အခါ ခန္ဓာက ဖြစ်ပျက်၊ ရှုတဲ့ဉာဏ်က မင်္ဂ။ ဖြစ်ပျက်က ဒုက္ခသစ္စာ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ကိလေသာ အကုသိုက်တွေက သမုဒယသစ္စာ။

သမုဒယသစ္စာ ချုပ်ငြိမ်းဆိုတာနဲ့ အပါယ်လေးပါး ခန္ဓာကျစရာ မလိုတော့ဘူး။ အပါယ်လေးပါး ခန္ဓာဒုက္ခတို့ရဲ့ ချုပ်ရာငြိမ်းရာသိမ်းရာသည် နိရောဓသစ္စာ ဖြစ်ပါတယ်။

နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ပါပဲ။ နိဗ္ဗာန်ဆိုတာ ဧတံ မင်္ဂလမုတ္တမံ မင်္ဂလာကြီးပါပဲ။ နိဗ္ဗာန် လောကုတ္တရာမင်္ဂလာကြီး ရချင်ရင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ပါ။ နိဗ္ဗာန်လိုချင်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ရတယ်။ ကိုယ့်ကိုယ်ကိုယ် ဉာဏ်နဲ့စောင့်ရှောက်ပြီး ဤဘဝ ဤခဏနဲ့ သောတာပန် တည်နိုင်အောင် ကြိုးစားအားထုတ်ကြပါစို့လို့ တိုက်တွန်းပါရစေ။

# ကြားမြင်များမှ ချမ်းသာရ

## မင်္ဂလာအမှတ် (၇)

## ဗဟုသုတ စုံလင်ကြပါစေ

ရှင်တော်မြတ်ဗုဒ္ဓ ရွှေနှုတ်တော်မှ မြွက်ကြားတော်မူခဲ့တဲ့ မင်္ဂလာ သုတ်တော်ကြီးမှာ နံပါတ် သုံးဂါထာကတော့-

**ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။**
**သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။**

မြန်မာလို လင်္ကာလေးက-

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ တတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာသင်ကြားနားလည်စေ။
မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

တို့တစ်တွေဟာ ဗုဒ္ဓဘာသာဝင်များပီပီ ရှင်တော်မြတ်ဘုရား ၏ကာကို နာယူရပါမယ်။ လောကီလောကုတ္တရာ၊ မစ္ဆရူပွန်းသံသရာ

နှစ်ဖြာ ကောင်းကျိုးချမ်းသာကို လိုချင်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကြီးပွားချမ်းသာကြောင်း တရားတွေ အများကြီး ဟောခဲ့ပါတယ်။ မင်္ဂလသုတ်တရားတော်ကြီး အပါအဝင် ဖြစ်ပါတယ်။

၃၈ ဖြာ မင်္ဂလာရဲ့ အမှတ် (၇) မင်္ဂလာက "ဗာဟုသစ္စဉ္စ သိပ္ပဉ္စ"တဲ့။ ဒါကို လင်္ကာက "တတ်ကောင်းတတ်ရာ ဟူသမျှကို ကြားမြင်သုတ ရှိပါစေ"လို့ ရေးဖွဲ့ထားတယ်။ ဗဟုသုတ ရှိရမယ်။ အတတ်ပညာတွေ တတ်ရမယ်ပေါ့။ အတတ်ပညာဆိုတဲ့နေရာမှာ ပစ္စုပ္ပန် စီးပွားရေး လောကအတတ်ပညာရှိသလို လောကုတ္တရာ စီးပွားရေး မဂ်ဖိုလ် နိဗ္ဗာန် အတတ်ပညာလည်း ရှိပါတယ်။

ဘုရားရှင်က

**"အသုတဝါ ပုထုဇ္ဇနော၊ သုတဝါ အရိယာသာဝကော"**

**အသုတဝါ** = ပညာဉာဏ် ဗဟုသုတ ဘာမှမရှိတဲ့ ပုဂ္ဂိုလ်သည်၊ **ပုထုဇ္ဇနော**= ပုထုဇဉ်အရူးအကန်းပဲတဲ့။ ဗဟုသုတမရှိရင် ပုထုဇဉ် အဖြစ်က လွတ်မြောက်နိုင်ဖို့ မလွယ်ဘူးနော်။

လူတွေမှာ ခန္ဓာငါးပါးဆိုတာ မွေးစတုန်းကလည်း ရှိတာပါပဲ။ ပဋိသန္ဓေ နေတုန်းကနေ မွေးစ၊ လေးငါးခြောက်နှစ်အရွယ် စသည်ဖြင့် ခန္ဓာငါးပါးကတော့ ရှိနေကြတာပါပဲ။ ဒါပေမဲ့ "ငါ့မှာရှိတာ ခန္ဓာ ငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ဒုက္ခသစ္စာတရားပါလား"လို့ ငယ်စဉ်တောင် ကျေး ကလေးဘဝတုန်းက သိခဲ့ကြပါရဲ့လား။

အိမ်က မိဘတွေကလည်း "နင့်ကိုယ်နင် ယောကျ်ားလေးလို့ မှတ်ပော့၊ ယောကျ်ားလေးဆိုတာ ကောင်းကင်တမွတ် ကြယ်ကိုဆွတ် ရတယ်" "ဟဲ့ နင်က မိန်းကလေးနော်။ မိန်းကလေးပီပီ ဗိုင်းကောင်း ကျောက်ဖိနေရမယ်" နဲ့ သင်ပေးကြတယ်။ အဲဒီလို မိဘနဲ့ ပတ်ဝန်းကျင်က သင်ပေးတော့ ကိုယ့်ဟာနဲ့ကိုယ် "ငါဟာ ယောကျ်ား"

"ငါဟာ မိန်းမ"ဆိုပြီး ယောကျ်ားအမှတ်၊ မိန်းမအမှတ်နဲ့ နေလာခဲ့ကြတာပဲ။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာ ဖြစ်ပျက်တရားကို တစိုးတစိလေးတောင်မှ မမြင်ဘဲနဲ့ ယောကျ်ားအမှတ်၊ မိန်းမအမှတ်နဲ့ သေသွားကြတဲ့လူတွေ လောကမှာ ရှိတယ်နော်။ သူတို့ဟာ ခန္ဓာဉာဏ်ရောက် ဗဟုသုတ မရှိကြပါဘူး။

ခန္ဓာဉာဏ်ရောက် ဗဟုသုတရှိဖို့ အရေးကြီးပါတယ်။ လောကီဗဟုသုတ ရှိဖို့လည်း လိုတာပါပဲ။ လောကီဗဟုသုတ မရှိရင် လောကီစီးပွားဥစ္စာ ရတနာတွေ တိုးတက်လာနိုင်စရာ အကြောင်းမရှိပါဘူး။ ဥစ္စာရတနာ မတိုးတက်လို့ရှိရင်လည်း ကိုယ်လုပ်ချင်တဲ့ ကုသိုလ်ကောင်းမှု ဘာဝနာအစုတွေကို လွတ်လွတ်လပ်လပ် သုံးခွင့် မရနိုင်ပါဘူး။

တစ်နေ့လုပ်မှ တစ်နေ့စား သိပ်ဆင်းရဲနွမ်းပါးနေတဲ့ ပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းတရား၊ ခန္ဓာဉာဏ်ရောက် သစ္စာတရား ဝိပဿနာတရားစခန်းတွေ အချိန်ပေးပြီး ဝင်နိုင်ပါရဲ့လား။ သမုဒ္ဒရာဝမ်းတစ်ထွာ ဒီခန္ဓာကြီးကို ပြုစုကျွေးမွေးဖို့ ခန္ဓာဝန်ထမ်းရတဲ့ ဝတ္တရားတွေ ရှိနေကြတယ်။ ဒီနေ့လုပ် ဒီနေ့စား၊ အပိုစုဆောင်းထားတာ ဘာမှ မရှိတဲ့ ပုဂ္ဂိုလ်တွေဟာ အေးအေးချမ်းချမ်း တရားနာခွင့်ရဖို့ မလွယ်ပါဘူး။

ဆင်းရဲလွန်းရင် တရားထူး မရဘူးလို့ မပြောပါဘူး။ ဒါပေမဲ့ ရဖို့ အင်မတန် ခဲယဉ်းပါတယ်။ လောကီရတနာ ပစ္စည်းဥစ္စာတွေ ချမ်းသာသော်လည်း လောကုတ္တရာ အတတ်ပညာ မတတ်ဘူး၊ ခန္ဓာဉာဏ်ရောက် သစ္စာအသိမရှိဘူး။ ဘာသာရေးအသိဉာဏ် ခေါင်းပါးနေတယ်ဆိုရင်လည်း ပညာဗဟုသုတ မဲ့တဲ့အတွက် တရားနာရကောင်းမှန်း မသိနိုင်ပြန်ပါဘူး။ ဒီတော့ လောကီ လောကုတ္တရာ ဗဟုသုတ ရှိဖို့လည်း အရေးကြီးပါတယ်။

## မဟုသုတ မရှိရင် ရမ်းလုပ်တတ်တယ်

သိပ်ဆင်းရဲလွန်းရင် တရားထူးရဖို့ ခဲယဉ်းသလို သိပ်ချမ်းသာလွန်းအားကြီးနေပြန်ရင်လည်း တရားထူးရဖို့ ခဲယဉ်းတာပါပဲ။ ရပ်ထဲရွာထဲမှာ တချို့ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ မိုးလင်းကနေ မိုးချုပ် ဥစ္စာပစ္စည်းတွေ မရရအောင်ရှာတယ်၊ ရလာတဲ့ ပစ္စည်းတွေကို သုံးဖြုန်းမှုးယစ်ပျော်ပါးပစ်လိုက်ကြတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေ မရှိဘူးလား။

တကယ်တော့ အဲဒီလူတွေက ကိုယ့်ခန္ဓာရဲ့ အတိုင်းအတာပမာဏကို အမှန်အတိုင်း မသိကြဘူး။ တို့တစ်တွေ ရနေတဲ့ဘဝသက်တမ်းက တိုတိုလေးရယ်နော်။ လောကီလောကုတ္တရာ နှစ်ဖြာစီးပွားတိုးတက်ဖို့ဆိုရင် "တတ်ကောင်းတတ်ရာ ဟူသမျှကို ကြားမြင်သုတ ရှိပါစေ"ဆိုတဲ့အတိုင်း တတ်သင့်တာကို တတ်ရမယ်။ မတတ်ရင် အန္ဓပုထုဇဉ်ဘဝနဲ့ပဲ အချိန်ကုန်သွားကြမှာပါ။

အန္ဓပုထုဇဉ်တဲ့။ အန္ဓဆိုတာ ကန်းတာ။ ပုထုဇဉ်ဆိုတာကရူးတာ။ တတ်ကောင်းတတ်ရာဆိုတဲ့ နေရာမှာ လောကီအတတ်ပညာတွေလည်း ရှိတယ်။ လက်သမားအတတ်၊ ပန်းရံအတတ်၊ အရောင်းအဝယ်အတတ် စတဲ့ သက်မွေးဝမ်းကြောင်းပညာတွေပေါ့။ ခန္ဓာရှိနေတဲ့အတွက် လောကီ သက်မွေးဝမ်းကြောင်းပညာတွေလည်း လိုပါတယ်။ ပညာတတ်မှ စီးပွားရှာရလွယ်တယ်နော်။

ဥစ္စာပစ္စည်းက ကိုယ့်မှာမရှိရင် သိပ်မျက်နှာငယ်တယ်။ ကုသိုလ်ကောင်းမှု သာသနာပြုလုပ်ငန်းတွေ လုပ်ချင်ရင်တောင်မှ ကိုယ့်ရှိမှကိုယ် မရှိရင် "ဖေဖေဘာလေး လှူချင်လို့ပါ သားရယ်"လို့ မျက်နှာငယ်လေးနဲ့ တောင်းရတာ။

သာသနာပြုလုပ်ငန်း တစ်ခု၊ ကုသိုလ်ကောင်းမှုတစ်ခုအောင်မြင်ဖို့ရာက "ပစ္စည်းသဒ္ဒါ၊ သာသနာ၊ သုံးဖြာဒုလ္လဘာ၊ ဆုံခဲလှ"တဲ့။

ပစ္စည်းရယ်၊ သဒ္ဓါရယ်၊ သာသနာရယ်လို့ သုံးမျိုးလုံးစုံဖို့ရာ အခင်မတန် ခဲယဉ်းတယ်။ ပစ္စည်းရှိပေမဲ့ သဒ္ဓါမရှိကြဘူး။ ပစ္စည်းနဲ့ သဒ္ဓါတရား ရှိပေမဲ့ သစ္စာအသိဉာဏ် ခန္ဓာဉာဏ်ရောက်နဲ့ ပတ်သက်တဲ့ အကြား အမြင် မရှိကြဘူး။

အကြားအမြင် မရှိတော့ ရမ်းပြီး ပေးကြတယ်။ သူတောင်းစား ကို ပေးသလိုမျိုး ပေးကြတာ။ တို့ ဗုဒ္ဓဘာသာဝင်တွေ ဒါန သီလ စသည် အားဖြင့် စွမ်းနိုင်သမျှ လုပ်ကြပါရဲ့။ ဒါပေမဲ့ သာသနာအစစ် အမှန်နဲ့ ကင်းပြီးတော့ လုပ်နေကြတာများပါတယ်။

## သိခေချင်ဘာက လောကုတ္တရာပညာပါ

သာသနာဆိုတာ အဆုံးအမ။ အဲဒီသာသနာက ဗဟိဒ္ဓသာသနာ၊ အဇ္ဈတ္တသာသနာလို့ နှစ်မျိုးရှိတယ်။ မြန်မာလိုတော့ အပြင်သာသနာနဲ့ အတွင်းသာသနာ။ အပြင်သာသနာဆိုတာက ခန္ဓာကိုယ်ပြင်ပမှာရှိတဲ့ စေတီပုထိုးကျောင်းကန်စတဲ့ အထည်လုံးရုပ် သဏ္ဌာန်တွေ။ ဘုရား အလိုတော်ကျအတိုင်း ခန္ဓာကိုယ်ထဲမှာ သီလ သမာဓိ ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်တွေ ကိန်းဝပ်ပြီးတော့မှ ဖြစ်ပျက်မင်္ဂကိုက်လို့ သိသင့် သိထိုက်တဲ့ ခန္ဓာအာယတန ဓာတ်သစ္စာဖြစ်ပျက်တွေ သိမြင်ပြီး ခန္ဓာ ဉာဏ်ရောက် အသိဉာဏ်တွေ ကိန်းနေတာက အဇ္ဈတ္တသာသနာ ဖြစ်ပါတယ်။ ဘုရားက ဘယ်လို ဆုံးမသလဲဆိုတော့ "တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ" စသည်ဖြင့် ခန္ဓာဉာဏ်ရောက်ပြီးတော့ ခန္ဓာဒုက္ခသစ္စာ ကြီးကို အမှန်အတိုင်း သိအောင်ကြိုးစားကြလို့ ဆုံးမတော်မူပါတယ်။ သိအပ်တဲ့သစ္စာတရားကို သိပြီဆိုရင် ဗာဟုသစ္စဥ္စ သိပ္ပဥ္စ မင်္ဂလာနဲ့ ညီညွတ်သွားပါတယ်။

ခုလို တရားနာနေကြတာလည်း မင်္ဂလာပါပဲ။ တရားတစ်အုပ်

ဖဟ်နေကြတာလည်း မင်္ဂလာပါပဲ။ တတ်ကောင်းတတ်ရာတွေကို ရှာဖွေလေ့လာနေကြတာလည်း မင်္ဂလာပါပဲ။ "သု စိ ပု ဘာ၊ ဝိ လိ သိဓာ" ဆိုတဲ့အတိုင်း ကိုယ့်အတွက် တိုးတက်ရာတိုးတက်ကြောင်း လောကီလောကုတ္တရာ ပစ္စုပ္ပန်သံသရာ ကြီးပွားရာကြီးပွားကြောင်း နာယူမှတ်သား လေ့လာဖတ်ရှုကြံစည် စဉ်းစား ဝေဖန်ပိုင်းခြား မေးမြန်း သုံးသပ်နေကြတဲ့ အချိန်ဟာ မင်္ဂလာရှိတဲ့အချိန်ပါပဲ။

တရားနာတဲ့အခါ သစ္စာအသိဉာဏ် ရင်မှာကပ်လို့ မျက်မှောက် ပြုသွားစေနိုင်တဲ့ လမ်းစဉ်၊ နိဗ္ဗာန်ရောက်ကြောင်းဖြစ်တဲ့အတွက် လောကမှ လွန်မြောက်ကြောင်း ကျင့်စဉ်မို့လို့ လောကုတ္တရာမင်္ဂလာ လည်း ဖြစ်ပါတယ်။

ကြားမြင်သုဟာဆိုတဲ့ ဖနရာမှာ ရပ်ကွဲရှာထဲက အဟာ၀ှာ်ပညာ၊ အဋ္ဌာရသ ၁၈ ရပ်ဆိုတာတွေက အားလုံးသိပြီးသား၊ ကြားဖူးပြီး သားပါ။ ဒီနေ့ လောကုတ္တရာ အတတ်ပညာကို သိစေချင် တတ်စေ ချင်ပါတယ်။ လောကမှ လွန်မြောက်နိုင်တဲ လောကုတ္တရာ အတတ် ပညာကို အဓိကထားပြီး ကျော့ရှုပြုသွားချင်ပါတယ်။

"လောကတော ဥတ္တရတိတိ လောကုတ္တရာ"ဆိုတဲ့အတိုင် ဖြစ်ပျက်မွေးသေ လောကကြီးက လွတ်မြောက်တာ။ အို နာ သေ ဒုက္ခ အပေါင်းမှ လွတ်မြောက်တာကို လောကုတ္တရာလို့ ခေါ်ပါတယ်။ အဲဒီ လွတ်မြောက်နည်း လောကုတ္တရာပညာကို အဓိက ပြောသွား ပါမယ်။

## ပဋိစ္စသမုပ္ပါဒ်သိမှ ဗုဒ္ဓဘာသာအစစ်

တို့တစ်တွေ ခန္ဓာကြီးကို ရထားတဲ့အတွက် မအိုချင်လည်း အိုကြရမယ်၊ မနာချင်လည် နာကြရမယ်၊ မသေချင်လည် သေကြ

ရမယ်။ အိုရ နာရ သေရ ဖြစ်ပြီးရင် ပျက်ကြရလို့ **"လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော"** ဖြစ်ပြီး ပျက်တတ်တဲ့အတွက် လောကလို့ ခေါ်ပါသတဲ့။

ဖြစ်ပြီး ပျက်တတ်လို့ လောက၊ မွေးပြီး သေတတ်လို့ လောက၊ သစ်ပြီး ဟောင်းတတ်လို့ လောက။ လောကသုံးပါးရှိတဲ့ အထဲက သတ္တလောကကလည်း မွေးပြီးသေတာပဲ။ သြကာသလောကလည်း ဖြစ်ပြီး ပျက်တာပဲ။ သင်္ခါရလောကကလည်း ဖြစ်ပြီ ပျက်တာပါပဲ။ တချို့က မွေးပြီးသေ၊ ဖြစ်ပြီးပျက်ဆိုတာကို လက်မခံချင်ကြဘူ ။ ဒါပေမဲ့ လောကနိယာမ ဓမ္မတာကတော့ ကိုယ့်အလိုအတိုင်း မလိုက် ပါဘူး။ အချိန်တန်ရင် ရောက်လာတာပါပဲ။ ဘယ်သူမှ ရှောင်လွှဲမရဘဲ ကြုံကြရတာပါပဲ။

ဖြစ်ပျက် မွေး သေ ဆိုတာ ခန္ဓာရဲ့သဘော ဖြစ်ပါတယ်။ တချို့က ဒီဗဟုသုတ မရှိကြတော့ တစ်သက်လုံး မသေတော့မည့် အတိုင်း နေနေကြတယ်။ ပစ္စည်း ဥစ္စာ သား သမီး ရာထူး ဂုဏ်သိန်ရဲ တွေနဲ့ မခွဲရ မခွာရတော့မည့်အတိုင်း၊ တစ်သက်လုံး ဖြည်မစားမည့် ကောက်ညှင်းထုပ်ကြီးကို ထုပ်ထားလိုက်ကြတာနော်။ သား အတွက် ထုပ်လိုက်ရတာနဲ့၊ သမီးအတွက် ထုပ်လိုက်ရတာနဲ့ ဟုတ်လား။

**"သင်္ခါရေ သဿတာ နတ္ထိ"** သင်္ခါရတရားမှန်သမျှ ဘာမှ မမြဲပါလားဆိုတဲ့ ဗဟုသုတလေးလောက်တောင် မရှိကြဘူး။ တချို့များ သစ္စာတရားကို နားကန်းတစ်လုံးတောင် နားမလည်ကြတာနော်။ ပြောတော့ ဗုဒ္ဓဘာသာဝင်တဲ့။ ဗုဒ္ဓဘာသာ ဘယ်ကစပြီး ဖြစ်မှန်းတောင် မသိကြဘူး။

ဗုဒ္ဓဘာသာသည် ဘုရားကို မှီပြီးတော့ ဖြစ်လာတယ်။ ဘုရားသည် သစ္စာလေးပါးကို သိပြီးတော့ ဘုရားဖြစ်လာတယ်။ သစ္စာ သိအောင် ပဋိစ္စသမုပ္ပါဒ်ကို အခြေခံရတယ်။ ဒါကြောင့် "ဗုဒ္ဓ

ဘာသာအစ၊ ပဋိစ္စသမုပ္ပါဒ်က” လို့ မှတ်ပါ။ ပဋိစ္စမုပ္ပါဒ်မှ ဗဟုသုတ မရှိတဲ့သူဟာ ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ ဗုဒ္ဓဘာသာအစစ်လို့ ပြောလို့ရပါ့မလား။

## ပိုက်ဆံချမ်းသာရင် ပညာသင်ဖို့ မလိုဘူးလား

ပဋိစ္စသမုပ္ပါဒ်၊ ခန္ဓာဉာဏ်ရောက်၊ ကြောင်းကျိုးနိယာမဆိုတဲ့ ဗဟုသုတကလည်း မရှိ။ လောကီအတတ်ပညာ၊ လောကုတ္တရာ အတတ်ပညာ ဗဟုသုတကလည်း မရှိဆိုရင် လောကီရော လောကုတ္တရာရော၊ ပစ္စုပ္ပန်ရော သံသရာမှာပါ ဆုံးရှုံးရတော့တာပါတယ်။

ဒါကြောင့် ပညာဗဟုသုတ ရှိဖို့ လိုတယ်လို့ ပြောရတာပါ။ လောကီအတတ်ပညာက ပစ္စုပ္ပန် ယာယီချမ်းသာ၊ လောကုတ္တရာ အတတ်ပညာက သံသရာလွတ်မြောက်ရေး၊ ထာဝရချမ်းသာ ဖြစ်ပါတယ်။ တို့မြတ်စွာဘုရားက မျက်လုံးတစ်ဖက်တည်းနဲ့ တစ်ဖက်သတ်ပဲ ကြည့်ပြီး ဟောသွားတာ မဟုတ်ပါဘူး။ လောကီဘက်ကိုလည်း ဟောတယ်၊ လောကုတ္တရာဘက်ကိုလည်း ဟောပါတယ်။ သာဓက ဇာတ်လမ်းလေး ပြောပြမယ်။

ဗာရာဏသီပြည်မှာ အင်မတန်ချမ်းသာကြွယ်ဝတဲ့ သူဌေးဓနီ မောင်နှံ ရှိသတဲ့။ သူတို့က ဘယ်လောက်ချမ်းသာသလဲဆိုရင် သူဌေး ဘွဲ့ကြီး ဘုရင်က ပေးထားတာ။ “မဟာဓနသေဋ္ဌိ”တဲ့။ သိပ်ကြီးကျယ် အောင် ချမ်းသာတဲ့ သူဌေးကြီးပေါ့။ မွေးထားတာက သားလေး တစ်ယောက်ပဲ ရှိတာတဲ့။

အဲဒီတော့ သူဌေးကြီး ဓနီမောင်နှံက “ငါတို့မှာ စုထား ဆောင်းထားတဲ့ ငွေကိုက ကုဋေရှစ်ဆယ်ကျော် ရှိတယ်။ ငါတို့သား လေး တစ်သက်မပြောနဲ့၊ ဆွေမျိုးသုံးလေ ဆက်စားတောင်မှ မကုန်ဘူး။

သူ့အတွက် အသက်မွေးဝမ်းကြောင်း ပညာသင်စရာ မလိုပါဘူး။ ပညာသင်နေရင် သူများအအော်ခံရမယ်။ မျက်စိလည်း ညောင်းတယ်လို့ ပြောကြသတဲ့။ ခုခေတ်မှာလည်း ငါ့သားမထိနဲ့ဆိုတဲ့ မိဘတွေ ရှိတယ်နော်။ သားသမီးထိရင် ကက်ကက်လန်အောင်ရန်တွေ့ တတ်ကြတယ်။

အဲဒီလို မိဘမျိုးက မွေးလာတဲ့ သားသမီးဟာ လောကကြီးထဲမှာ အခြေအမြစ်ရှိအောင် အလုပ်မလုပ်တတ်ဘူး။ မိဘမိုးခိုတာ အလကား လူပေါက်ပန်းဖြစ်တတ်တယ်။ ပေါက်ပန်းပွင့်များဟာ ပန်လို့မရဘူး၊ ရှူလို့မရ။ လောကီမှာလည်း အသုံးမဝင် လောကုတ္တရာမှာလည်း အသုံးမကျ။ ပတ်ဝန်းကျင်နဲ့လည်း မတည့်၊ တစ်ယောက်တည်းလည်း တည့်အောင် မနေနိုင်ဘူး။

တစ်ယောက်တည်း ရန်ဖြစ်ဟာ တွေ့ဖူးလား။ ခေါင်းကလည်းကိုက်၊ ဗိုက်ကလည်းနာ၊ နောက်ကျောတွေတက်လို့ ရှုံ့ကာမဲ့ကာနဲ့ ကိုယ့်ဟာကိုယ် ထုနေတာလေ။ အဲဒါ သူများကို မကျေနပ်တာလား၊ ကိုယ့်ဟာကိုယ် မကျေနပ်တာလား။

လူဆိုတာ ကိုယ်တစ်ယောက်တည်း တည့်အောင် နေတတ်မှ ပတ်ဝန်းကျင်နဲ့လည်း တည့်အောင်နေတတ်ပါတယ်။ တစ်ယောက်တည်း တည့်အောင်နေတယ်ဆိုတာ ခန္ဓာပေါ် ဉာဏ်ရောက်ပြီး နေရပါတယ်။

အဲဒီတော့ မဟာမေနသေဋ္ဌေး သူဌေးကြီး ဇနီးမောင်နှံက သူ့သားလေးကို ဘာမှ ပညာသင်ပေးစရာ မလိုဘူးတဲ့။ ပညာမတတ်ဗဟုသုတမရှိတော့ ဒီကလေးဟာ လူမိုက်နဲ့ လူလိမ္မာ ခွဲခြားနိုင်ရဲ့လား။ ပညာရှိ ပညာမဲ့ ခွဲနိုင်ရဲ့လား။

ပစ္စုပ္ပန်သံသရာ လောကီလောကုတ္တရာ နှစ်ဖြာကြီးပွားရေး၊ မိမိသူတစ်ပါးနှစ်ဦးသား ကြီးပွားရေးကို မငဲ့ကွက်၊ ဆင်းရဲရေးကိုသာ

မျှော်ကိုးပြီးတော့ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆိုပြီး ဘဝကို ဖျက်ဆီးတတ်တဲ့ ပုဂ္ဂိုလ်ဟာ လူမိုက်။ ကြောင်းကျိုးဝေဖန်ဆင်ခြင်တတ်ပြီး ပစ္စုပ္ပန်သံသရာ လောကီလောကုတ် မိမိ သူတစ်ပါး ချမ်းသာကြီးပွားရေးအတွက် မျှော်ကိုးရည်သန်ပြီး ကြိုးစားဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်ဟာ လူလိမ္မာပါ။

အခု သူဌေးသားလေးဟာ စာပေမသင် ပညာမတတ်တဲ့အတွက် လူမိုက်နဲ့လူလိမ္မာ ခွဲခြားပြီး မသိနိုင်ရှာဘူး။

## မိဘပညာ မတတ်ရင် သားကိုလည်း သင်မပေးချင်

လူတစ်ယောက် ကိုယ့်ကို ချဉ်းကပ်လာရင် ဘာကြောင့်လဲလို့ သိပါစေ။ ရာထူးကြောင့် ချဉ်းကပ်တာလား၊ ရွှေ ငွေ ဥစ္စာကြောင့် ချဉ်းကပ်တာလား သိရမယ်။ သားသမီးဆိုတာလည်း မိဘပိုက်ဆံရှိမှ ရှိသေပါတယ်။ ကိုယ့်မရှိလို့ သွားတောင်းမိရင် “အမေတို့ကလည်း ရှာရခက်ပါတယ်ဆိုမှ အသုံးကြီးလိုက်တာ”လို့ မလေးမစား ပြန်အော်ခံရတတ်တယ်နော်။

ဥစ္စာပစ္စည်းဆိုတာ “စားလည်းစား၊ ထားလည်းထား”တဲ့။ ကိုယ့်မှာ မရှိတော့ဘူးဆိုရင် သားသမီး ကတောင် မရိုသေတော့ဘူး။ မိဘက မိဘအရည်ချင်း ရှိရတယ်။ ဟောဒီသူဌေးကြီး ဇနီးမောင်နှံဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ထင်ရှားရှိနေပါလျက်နဲ့ တရားနာရကောင်းမှန်း မသိဘူး။ ပညာဗဟုသုတ ရှာဖွေရကောင်းမှန်း မသိဘူး။ ဒီတော့ ဗဟုသုတ မင်္ဂလာချို့ယွင်းနေတယ်။ “ကိုယ်က မင်္ဂလာချို့ယွင်းနေမှတော့ သားလေးကိုလည်း ဘယ်လိုလုပ် မင်္ဂလာရှိအောင် လုပ်ပေးနိုင်တော့မှာလဲ။ အိမ်မှာ “မင်္ဂလာ ရှိပါစေ”ဆိုတဲ့ ဆိုင်းဘုတ်ကြီး ချိတ်ထားရုံနဲ့တော့ မင်္ဂလာရှိလာမှာ မဟုတ်ပါဘူး။

လူတွေဟာ တစ်နေ့တစ်နေ့ မိုးလင်းက မိုးချုပ်ရောင်းဝယ် စားသောက်ပျော်ပါး အိပ်စက်နဲ့ အချိန်ကုန်နေကြတယ်။ အားရင်ဗီဒီယို လောက် ကြည့်နေတာပဲ။ ခန္ဓာဉာဏ်ရောက် ဗဟုသုတ လောကုတ္တရာ မင်္ဂလာ ရှိကြရဲ့လား။

ပညာဉာဏ်မရှိ ဘာသာရေး၊ အသိပညာမရှိတဲ့အိမ်များ သိပ်စိတ် ညစ်စရာကောင်းတယ်။ မိဘကလည်း ငါတကောကော၊ သားသမီး ကလည်း ငါတကောကော။ သူလည်း သွားချင်ရာသွား၊ ငါလည်း ထွက်ချင်ရာထွက်။ ဘာမှ ညှိညှိနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် မရှိကြဘူး။

ပစ္စည်းဥစ္စာ ကြွယ်ဝပေမဲ့ ဘာသာရေး ဗဟုသုတ မရှိတော့ ထိန်းထိန်းသိမ်းသိမ်း မနေတတ်ကြဘူး။ "လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ" ဆိုသလို ဒူးနဲ့ မျက်ရည် သုတ်နေတတ် ကြရတယ်။ ကိုယ်တိုင်က ပညာဗဟုသုတ မရှိတော့ သားသမီးကို လည်း ပညာအမွေပေးဖို့ စိတ်ကူးမရှိကြဘူးလေ။

ဒီလိုနဲ့ မဟာခနေ သူဌေးသားလည်း စာမသင် ပေမသင်နဲ့ တဖြည်းဖြည်း အရွယ်ရောက်လာတယ်။ လူကောင်က ထွားလာပေမဲ့ အသိဉာဏ်ပညာက ရင့်ကျက်ကြီးထွား မလာဘူးပေါ့။

## အိမ်တွင်းသာယာ ဗဟုသုတမင်္ဂလာ

သူဌေးသားလေး အရွယ်ရောက်လာတာနဲ့အမျှ မိဘတွေလည်း အိုမင်း သက်ရွယ်ရင့်လာပြီ။ မျက်လုံးမမှိတ်ခင်လေး ဒီကလေးအတွက် စိတ်ချချင်တယ်တဲ့။ ဒါနဲ့ သူတို့နဲ့မျိုးရိုး ဂုဏ်ထူး ပိုက်ဆံရှိတာ အတူ တူဖြစ်တဲ့ သူဌေးသမီးတစ်ယောက်နဲ့ နေရာချပေးလိုက်သတဲ့။

မိန်းကလေးကလည်း တစ်ဦးတည်းသောသမီး၊ ဒီဘက်က သားကလည်း တစ်ဦးတည်းသောသား။ ပညာမတတ်တာချင်လည်း

အတူတူ။ ဗဟုသုတမရှိတာလည်း အတူတူ။ မိန်းကလေးက "အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ"ဘာတစ်ခုမှ မတတ်ဘူး။ လောကီဗဟုသုတတောင် မရှိမှတော့ လောကုတ္တရာ ပညာဆိုတာ ဝေးရောပေါ့။

တချို့ မိဘတွေက သူတို့သားကို သကြင်္ကန်တွင်း ရောက်ရင်တော့ လာအပ်ပါတယ်။ လူဆိုး ဂိုဏ်းခိုင်းတာနော်။ များသောအားဖြင့် ဘုန်းကြီးကျောင်းအပ်တာထက် ချာ့ချ်ကျောင်းတို့ တရုတ်ဘုံကျောင်းတို့ပဲ အားကိုးလေ့ရှိတယ်။ အင်္ဂလိပ်စကားပြော၊ တရုတ်စကားပြောတတ်အောင်လို့တဲ့။ တရုတ်စကားတတ်ရင် တရုတ်နဲ့ အရောင်းအဝယ်လုပ်တဲ့အခါ အဆင်ပြေတာပေါ့ဗျာ။ ကျေးဇူးများပါတယ်။ ဒါပေမဲ့ လောကီဗဟုသုတနဲ့တင် အချိန်ကုန်မနေဘဲနဲ့လောကုတ္တရာဘာသာရေး၊ ယဉ်ကျေးမှု အမွေလေးလည်း ပေးကြပါဦး။

ဘာသာယဉ်ကျေးမှု မတတ်တဲ့အတွက် ကလေးတွေက "အရိုးရင့်လေ ရိုင်းလေ" ဖြစ်လာတယ်။ မိဘကို "ခင်ဗျားကြီးက၊ အဘိုးကြီးက၊ အဘွားကြီးက"နဲ့။ ခင်ဗျားကြီးတို့ခေတ် မမီဘူးဆိုပြီး သားသမီးနဲ့ မိဘ တစ်မိသားစု အတူတူနေကြရင်းနဲ့ တကျက်ကျက်ဖြစ်နေတတ်ကယ်။ အဲဒါ ဗဟုသုတ ပညာမဲ့လို့။ တတ်ကောင်းတတ်ရာ ဟူသမျှကို ကြားမြင်သုတ ရှိပါစေဆိုတဲ့ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ မင်္ဂလာချို့တဲ့နေလို့ပါပဲ။

သူဌေးသားနဲ့ သူဌေးသမီး အိမ်ထောင်ရက်သား ချပေးလိုက်ပြီဆိုတော့ ဟိုဘက်ကလည်း ကုဋေရှစ်ဆယ်၊ ဒီဘက်ကလည်း ကုဋေရှစ်ဆယ်။ စုစုပေါင်း ကုဋေတစ်ရာ့ခြောက်ဆယ်။ သူတို့အသက်က နှစ်ဆယ်ကျော်လေး။ ပညာဗဟုသုတ မရှိဘဲနဲ့ ဒီကုဋေတစ်ရာ့ခြောက်ဆယ်ကို ထိန်းသိမ်းဖို့ဆိုတာ လွယ်ပါ့မလား။ ဒီငွေတွေဆိုတာက သူတို့ရဲ့ ကံ ဉာဏ် ဝီရိယနဲ့ ရှာဖွေပြီး ရလာတာ မဟုတ်ဘူး။ မိဘ အမွေနော်။

သူဌေးသားနဲ့ သူဌေးနဲ့က တူတာ မဟုတ်ဘူး။ သူဌေးကတော့ သူကိုယ်တိုင် အပင်ပန်းခံ ကြိုးစားရှာဖွေလာရတဲ့ ပစ္စည်းဆိုတော့ ရှိသေတယ်၊ စေ့စေ့စပ်စပ် သုံးတယ်။ သူဌေးသားက သူ့လုပ်အား ပါတဲ့ ပစ္စည်းမဟုတ်တော့ သုံးဖြုန်းပစ်လိုက်တာပဲ။ လိုချင်တာ လွယ်လွယ်နဲ့ ဝယ်လိုက်တာပဲ။ ဘာမှ တန်၏ မတန်၏ စစ်ဆေး မနေဘူး။ ဒါကြောင့် သားတွေ သမီးတွေကို ပြောရပါတယ် "သူဌေး ဖြစ်အောင် ကြိုးစားပါ။ သူဌေးသား မဖြစ်ပါစေနဲ့"လို့။

ပညာမတတ် ဗဟုသုတ မရှိတဲ့ သူဌေးသားဟာ မိဘတွေ ရှိစဉ်ကတော့ မိဘအုပ်ထိန်းမှုကြောင့် အစစအရာရာ အဆင်ပြေ သာယာနေပါတယ်။ အုပ်ထိန်းသူ မိဘတွေ မရှိတော့တဲ့အခါ သူ ကိုယ်တိုင် အိမ်ဦးစီး ဖြစ်လာပြီဆိုတော့ အိမ်ကို အခြေအနေမပျက် ဆက်ပြီးတော့ ထိန်းသိမ်းနိုင်ပါ့မလား။ ပညာ ဗဟုသုတကမှ ထိန်းသိမ်း နိုင်စွမ်း အရည်အချင်းကို မွေးဖွားပေးနိုင်တာပါ။

## ပညာအမွေ ပေးခဲ့လေ

မိဘတွေ မရှိတော့တဲ့အခါမှာ မဟာနေသူဌေးသားက သူဌေး ကြီးဘွဲ့ခံပြီး အိမ်ထောင်ဦးစီးဖြစ်လာတယ်။ သူက မဟာနေသေဋ္ဌိ ဘွဲ့ရထားတဲ့အတွက် နန်းတော်ကို နေ့တိုင်း ညီလာခံတက်ရတာပေါ့။ လူက ဘာပညာမှ မတတ်ပေမဲ့ မိဘအရှိန်အဝါအမွေခံပြီး ထီးဖြူကြီးနဲ့ စလွယ်ကြီး တကားကားနဲ့ မြောက်ကြွားကြွား လုပ်နေတယ်။

နန်းတော်ကို သွားတဲ့လမ်းဘေးမှာ အရက်သမားတစ်စုက အမြဲတမ်း သောက်စား မူးယစ်နေကြတယ်။ သူဌေးသား ဒီလမ်းမှာ နေ့တိုင်းသွားနေ ပြန်နေတာကို မြင်ရတော့ အရက်သမားတွေက "ဒီကောင် မိဘရှာထားတဲ့ ပိုက်ဆံတွေနဲ့ သူဌေးသားလုပ်နေတာ။

ဘာ ပညာမှ တတ်တာလည်း မဟုတ်ဘူး။ တစ်ချက်လှိမ့်လိုက်ရင် ငွေတွေအများကြီး ထွက်လာမှာ။ ငါတို့ ဒီကောင်ကို မြှောက်ပင့်ပြီး စားကြစို့ရဲ့”လို့ တိုင်ပင်ကြပြီး သူဌေးသားကို အရက်သောက် သင်တော့တာပဲ။

အရက်သောက်ရင် ကျန်းမာရေးကောင်းတယ်၊ အသက်ရှည်တယ်ကနဲ့ ဆွယ်တရားဟောကြတော့ သူဌေးသား စိတ်ပါလာပြီး “တစ်ခွက်တစ်ဖလား စမ်းကြည့်ဦးမယ်”လို့အရက်တစ်ခွက် အိမ်ကို ယူသွားတယ်။ ဆေးဖြစ်ဝါးဖြစ် တစ်ခွက်တစ်ဖလားကနေ နောက်တော့ ပီပါကိုင်း တပ်လာတော့တာပါပဲ။ အပေါင်းအသင်းတွေနဲ့ သောက်လိုက်စားလိုက်၊ ကချေသည်တွေခေါ်ပြီး ကလိုက်ခုန်လိုက်နဲ့ တီးမှုတ်လိုက်နဲ့အိမ်မှာ တရုန်းရုန်းနဲ့ပေါ့။

အသောက်စား အပျော်ပါး ဖက်လာပြီဆိုရင် စီးပွားဥစ္စာက ခံနိုင်ဦးမှာတဲ့လား။ ဒီလိုနဲ့ မိဘလက်ထက်တုန်းကတော့ တိုက်နဲ့တာနဲ့။ သူတို့လက်ထက်ရောက်တော့ တဲနဲ့ဖြစ်သွားတယ်။ မိဘလက်ထက်က အိုးပိုင်အိမ်ပိုင် နေရပြီး သူတို့ကျမှ အိုးပစ်အိမ်ပစ် ဖြစ်ရတာ ရှိတယ်နော်။

မဟာဓနသူဌေးသားကတော့ အမူးသမား အလိမ်အညာသမားတွေရဲ့ စားကွက် ဖြစ်လာတယ်။ သူ့ဆီကပ်ရပ် စားသောက်ရုံတင်မကဘဲ ခိုးတဲ့လူကခိုး၊ ညာတဲ့လူက ညာဆိုတော့ ရှိသမျှ ဥစ္စာငွေကြေး၊ ပြောင်သလင်း ခါသွားတော့တာပေါ့။ ပိုက်ဆံမရှိတော့ပေမဲ့ အသုံးအဖြုန်းက အကျင့်ပါနေပြီ။ ရပ်လို့မရတော့ဘူး။ ဒါနဲ့ တိုက်ကြီးကို ရောင်းပြီးတော့ သုံးစာပစ်လိုက်တာပဲ။ ဥစ္စာပစ္စည်းတွေ ကုန်သလို အချိန်တွေကုန်ခဲ့လို့ သက်ရွယ်ကြီးရင့်ပြီး အဘိုးကြီး၊ အဘွားကြီးတွေ ဖြစ်ခဲ့ပြီ။ သူများအိမ်ဘေးမှာ အဖီလေးချနေရတယ်။ စားဖို့သောက်ဖို့အတွက် ခွက်လက်စွဲ တစ်အိမ်ဝင် တစ်အိမ်ထွက်နဲ့ တောင်းရမ်းရှာဖွေ

ကြရပါတော့တယ်။

မိဘတွေက သူတို့ရဲ့သား၊ တစ်သက်မက ဆွေစဉ်မျိုးဆက် စားလို့ မကုန်နိုင်ပါဘူးဆိုပြီး ပေးခဲ့တဲ့ အမွေဥစ္စာတွေ အခု ရှိသေးရဲ့လား။ "ဥစ္စာဟူသည် မျက်လှည့်မျိုး"ဆိုတဲ့ အတိုင်းပဲ မျက်လှည့်ပြလိုက်သလို ခဏခြင်းနဲ့ ကုန်သွားတယ်။ တကယ်လို့ မိဘတွေက ပညာသင်ပေးခဲ့ရင် ဥစ္စာပစ္စည်း မရှိတော့တည့်လည်း ပညာနဲ့လုပ်ကိုင်စားလို့ ရသေးတာပေါ့။ ခုတော့ ပညာလည်း မတတ်၊ ဗဟုသုတ မရှိနဲ့ ဒုက္ခရောက်ရပြီ။

ဒါကြောင့် ကိုယ့်သားသမီးကို တကယ်ချစ်ရိုးမှန်ရင် တိုက်တာ ပစ္စည်းဥစ္စာတွေနဲ့တင် ကျေနပ်မနေဘဲနဲ့ ပညာဗဟုသုတ အမွေကိုလည်း ပေးခဲ့ဖို့ မိဘတွေကို သတိပေးရပါတယ်။

## ဗဟုသုတ ပညာတိုးတော့ ဆိုးရှုံးရတယ်

ကုဋေ ၁၆၀ ကျော် ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးဘဝကနေ တောင်းစားရတဲ့ ဘဝကို ရောက်သွားရတဲ့ အသက် ၇၀၊ ၈၀ အဘိုးကြီး အဘွားကြီးနှစ်ယောက် အရပ်တကာလှည့်ပြီး ထမင်းကျန်ဟင်းကျန် တောင်းရင်းနဲ့ ဘုရားကျောင်းတော်ကို ရောက်သွားတယ်။ ကျောင်းထဲမှာ ဘုရားမြတ်စွာက တရားဒေသနာတွေ ဟောကြားလို့ တရားနာ ပရိသတ်တွေ စည်ကားနေတယ်။

အဘိုးကြီး အဘွားကြီးတွေဟာ တရားပွဲမှာ စားပွဲသောက်ပွဲတွေ မမြင်ရတော့ "ဒီနေရာမှာ ဘာမှတောင်းလို့ရမှာ မဟုတ်ပါဘူး" ဆိုပြီး ပြန်လှည့်ထွက်သွားကြသတဲ့။ တရားပွဲနဲ့ကြုံတုန်း တရားနာလိုက်ဦးမယ်လို့ မတွေးကြဘူးနော်။ ငယ်ငယ်ကတည်းက လေ့ကျင့်ထားတာ မဟုတ်တော့ တရားနာရကောင်းမှန်း မသိကြဘူးပေါ့။

သူတို့ ထွက်သွားတာကို ဘုရားကိုယ်တော်မြတ်ကြီးက တရားပလ္လင်ပေါ်ကနေ လှမ်းမြင်ပြီးတော့ ပြုံးတော်မူလိုက်တယ်။ အဲဒီမှာ အနားမှာထိုင်နေတဲ့ အရှင်အာနန္ဒာက "မြတ်စွာဘုရား၊ ဘာအကြောင်းထူးရှိလို့ ပြုံးတော်မူတာပါလဲ"လို့ မေးလျှောက်တော့ ဘုရားရှင်က "အာနန္ဒာ ဒီမြို့ထဲက မဟာဓနသူဌေးဆိုတာ ကြားဖူးရဲ့လား" "ကြားဖူးပါတယ်ဘုရား"သူတို့ဟာ အရင်တုန်းက ကုဋေ ၁၆၀ ကြွယ်ဝချမ်းသာတယ်လို့ နာမည်ကြီးလှပါတယ် ဘုရား" "အခု ဘယ်လိုနေသလဲ" မှန်ပါဘုရား။ အခုတော့ မွဲလွန်းလို့ တစ်အိမ်တက်ဆင်းတောင်းစားနေရတဲ့ဘဝကို ရောက်နေပါပြီဘုရား"တဲ့။

ဒီတော့ ရှင်တော်မြတ်ဘုရားက–

"အာနန္ဒာ... သူတို့ဟာ ပညာမတတ် ဗဟုသုတ မရှိခဲ့ကြဘူး။ ပညာဗဟုသုတသာ ရှိခဲ့ရင် မိဘအမွေအနှစ်တွေကို အရင်းတည်ပြီးမပျော့ သည့်ထက်သည် ချမ်းသာကြွယ်ဝအောင် ရှာနိုင်ကြမယ်။ ငယ်ငယ်တုန်းကသာ ရှာခဲ့ရင် ဒီတိုင်းပြည်မှာ အချမ်းသာဆုံး အထက်တန်းစားသူဌေးကြီး ဖြစ်နိုင်တယ်။ ခုတော့ ဒီအခွင့်အရေး ဆုံးရှုံးခဲ့ပြီ။ လောကုတ္တရာ ဗဟုသုတရှိခဲ့ရင်လည်း အနာဂါမ် သကဒါဂါမ် အရိယာတွေ ဖြစ်နိုင်တယ်။ ခုတော့ တရားနာရကောင်းမှန်း မသိ၊ တရားစာပေဖတ်ရကောင်းမှန်း မသိ။ ဗာဟုသစ္စ သိပ္ပဉ္စမင်္ဂလာ ချို့တဲ့ခဲ့တဲ့အတွက် အခွင့်အရေး ဆုံးရှုံးခဲ့ရတယ်။

အသက် ၂၅ ကနေ ၅၀ ဒုတိယအရွယ်မှာ ကြိုးစားရှာဖွေခဲ့ရင် ဒုတိယအလယ်တန်းစား သူဌေး၊ လောကုတ္တရာဘက်ကို လိုက်စားခဲ့ရင်လည်း သကဒါဂါမ်၊ သောတာပန် ဖြစ်နိုင်တာပဲ။ ဒါပေမဲ့ မင်္ဂလာချို့ယွင်းတော့ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရပြန်ရော။

အသက် ၅၀ ကနေ ၇၅ တတိယအရွယ်မှာ သတိသံဝေဂရပြီး ခြစ်ခြုပ်ကြိုးစားခဲ့ရင် တတိယတန်းစားသူဌေး။ တရားအားထုတ်ခဲ့ရင်

သောတာပန်နဲ့ သရဏဂုံတည်ပြီး စူဠသောတာပန် ဖြစ်နိုင်သေးတယ်။ အခုတော့ ဘာမှ မဖြစ်ရတော့ဘူး။ လောကီလည်း ဆုံးရှုံးသွားရတယ်။ လောကုတ္တရာလည်း ဆုံးရှုံးသွားရတယ်"

လို့ မိန့်တော်မူလိုက်ပါတယ်။

သူတို့မှာ အရိယာပုဂ္ဂိုလ် ဖြစ်နိုင် လောက်တဲ့ ပါရမီမျိုးစေ့တော့ ရှိမှာပါပဲ။ အဲဒီပါရမီမျိုးစေ့တွေ ဆုံးရှုံးပြီး အပေါသိက်ဖြစ်သွားတာ ဗာဟုသစ္စဥ္စ သိပ္ပဥ္စ မင်္ဂလာချို့တဲ့ခဲ့လို့ပေါ့။ ဗဟုသုတမင်္ဂလာ "တတ်ကောင်းတတ်ရာ ဟူသမျှကို ကြားမြင်သုတ ရှိပါစေ" လောကီ ဗဟုသုတ၊ လောကုတ္တရာ ဗဟုသုတ မင်္ဂလာတွေ မရှိခဲ့ကြဘူး။ ဒီတော့ ရသင့် ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးခဲ့ကြတာ သနားစရာ ကောင်းလိုက်တာ။

## နေ့စဉ်ကြီးပွားစေ မင်္ဂလာများ

လောကီ အတတ်ပညာနဲ့ လောကုတ္တရာ အတတ်ပညာ နှစ်မျိုး ရှိတဲ့အထဲက လောကီအတတ်ပညာကိုတော့ အထိုက်အလျောက် သည်းပူးခဲ့ကြမှာပါ။ အရေးကြီးတာက လောကုတ္တရာ အတတ်ပညာကို သည်းပူးဖို့ ဖြစ်ပါတယ်။

လောကုတ္တရာ အတတ်ပညာဆိုတာ ခန္ဓာပေါ် ဉာဏ်ရောက်တဲ့ အတတ်ပညာပါ။ ခန္ဓာပေါ် ဉာဏ်ရောက်တဲ့ ပညာကြီးကို ဘုရားရှင် ပေးတော်မူခဲ့ပါတယ်။ ခန္ဓာဆိုတာက အားလုံးမှာ ရှိနေတာပဲ။ ခန္ဓာ ငါး ပါး လူတိုင်းမှာ ရှိကြတယ်။ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ် ရတယ်။

အဲဒီခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို အလိုလိုရလာတာလား။ အကြောင်းကြောင့် ရလာတာလားဆိုတော့ အကြောင်းကြောင့်

ရလာတာပါ။ အတိတ်က အကြောင်းတရားတွေ လုပ်ခဲ့ကြတယ်။ ဘာတွေလဲဆိုတော့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝတဲ့။

အတိတ်အကြောင်း ကုသိုလ်တွေကို သစ္စာမသိဘဲ လုပ်ခဲ့တယ်။ သစ္စာမသိတာက အဝိဇ္ဇာ၊ လုပ်ခဲ့တာက သင်္ခါရ။ ဟိုဘုံဒီဘုံဝရပါစေလို့ ဆုတောင်းနဲ့ လုပ်ခဲ့တာက တဏှာ။ မရမနေ စွဲလမ်းတာက ဥပါဒါန်၊ ရအောင် အကောင်အထည်ဖော်တာက ဘဝပါပဲ။

ဒီတရားတွေဟာ ဆင်းရဲကြောင်းဖြစ်လို့ သမုဒယသစ္စာ၊ ကုသိုလ်ယူပြီး ဆုတောင်းတာ သမုဒယသစ္စာပွားနေတာလို့ မှတ်ပါ။ ကုသိုလ်လုပ်တာ ချမ်းသာချင်လို့ ဖြစ်ပေမဲ့ ချမ်းသာကြောင်း မလုပ်ဘဲ ဆင်းရဲကြောင်းတွေ လုပ်နေကြတာနော်။ အဲဒါ သစ္စာပညာ ဉာဏ် ဗဟုသုတ မရှိလို့ ဖြစ်ရတာပဲ။ ဗာဟုသစ္စဥ္စ သိပ္ပဉ္စမင်္ဂလာ ချီးယွင်းခဲ့ကြတာလေ။

သံသရာ အိုနာသေ ဒုက္ခမှ လွတ်ချင်တယ်၊ ထာဝရ ချမ်းသာတဲ့ မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်၊ ဒီဘဝသောတာပန် ကည်ချင်တယ်ဆိုရင်တော့ လောကုတ္တရာ အတတ်ပညာ ခန္ဓာဉာဏ် ရောက် ဗဟုသုတ လိုပါတယ်။

တို့တစ်တွေက တစ်နေ့တစ်နေ့ ရောင်းရေးဝယ်တာ လူမှုရေး ကိစ္စတွေနဲ့ သမုဒယသစ္စာ ပွားခဲ့ကြတယ်။ ကုသိုလ်ရေး လုပ်တာ တောင်မှ သမုဒယသစ္စာ ပွားခဲ့ကြတာ။ ပွားခဲ့ကြလို့လည်း ဒီနေ့ ခန္ဓာငါးပါး ဒုက္ခသစ္စာကြီး ရနေကြတာပဲ။ ဒါ ဗဟုသုတမင်္ဂလာ မရှိခဲ့ဘူးလို့ သက်သေပြနေတာ မဟုတ်လား။

ခန္ဓာငါးပါးရနေတာ အကျိုးတရား။ လောကဓံတွေကြုံရသမျှ ဟာလည်း အကျိုးတရား။ ပူမှုအေးမှု တောင့်တင်းမှု ဖောက်ပြန်မှုစတဲ့ ခန္ဓာကိုယ်ထဲမှာ ဖြစ်လာသမျှဟာလည်း အကျိုးတရား။ လောကမှာ တွေ့ကြုံနေရတဲ့ အဆင်ပြေတာ၊ အဆင်မပြေတာ။ သားသမီးတွေ

ပြောကောင်းတာ၊ ပြောမကောင်းတာ။ ချီးမွမ်းခံရတာ၊ ကဲ့ရဲ့ခံရတာ အကုန်လုံးဟာ အကျိုးတရားတွေ ဖြစ်ပါတယ်၊ အတိတ်အကြောင်း ကြောင့် ဖြစ်လာတဲ့ အကျိုးတရားတွေပါ။

အကြောင်းနဲ့အကျိုးကို ပိုင်းခြားသိပြီး ဉာဏ်ရှင်းရမယ်။ အဲဒီဉာဏ်ဝမ်းထဲမှာ ကိန်းပြီး ဖြစ်ပျက်မြင်ရင် အပါယ်မကျတော့ဘူး။ ခန္ဓာကြီးက ဖြစ်ပြီးပျက်တဲ့အတွက် ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာဖြစ်ပါတယ်။

ဖြစ်ပျက်ကို ပိုင်ပိုင်နိုင်နိုင်မြင်တဲ့ ဉာဏ်ပညာ ဗဟုသုတရှိရင် စူဠသောတာပန် ဖြစ်ပါတယ်။ သစ္စာလေးပါးကို သိတဲ့သစ္စဉာဏ်ဆိုရင် ဒီဘဝမှာ သောတာပန် တည်နိုင်ပါတယ်။ သောတာပန် တည်နိုင်တဲ့ ပါရမီမျိုးစေ့လည်းရှိ၊ ဗဟုသုတ မင်္ဂလာတွေလည်း ပြည့်တဲ့သူတွေ ဖြစ်ရအောင်နေ့တိုင်း ခန္ဓာပေါ်ဉာဏ်ရောက်အောင် အာစိဏ္ဏကံ ကြိုးစားအားထုတ်ပွားများကြပါ။ လောကီ လောကုတ္တရာ မင်္ဂလာနှစ်ပါးလုံး တိုးတက်ပြီးတော့ ဒီဘဝမှာပဲ သောတာပန်တည်လိမ့်မယ်လို့ ဆုံးဖြတ်ချက် ချနိုင်ကြပါပြီ။

# လေးထွေသီလ စောင့်ထိန်းကြ

## မင်္ဂလာအမှတ် (၈)

# ငြိမ်းချမ်းစေချင် ကျင့်ဝတ်သင်

မြတ်ဗုဒ္ဓဟောကြားတော်မူတဲ့ မင်္ဂလာတရားတော်များဟာ မည်သည့် ဘာသာဝင်မဆို လေ့လာကျင့်သုံးနိုင်တယ်။ ကျင့်သုံးသူတိုင်း အကျိုးများတဲ့ တရားတွေဖြစ်ပါတယ်။ "ဟေိပသိကော" လာပါ ရှုပါ၊ လေ့လာ ကျင့်သုံးကြည့်စမ်းပါလို့ အာမခံချက် ပေးထားပါတယ်။

မင်္ဂလာတရားတွေထဲက အမှတ် (၈) မင်္ဂလာက "ဝိနယောစ သုသိက္ခိတော" လင်္ကာလေးနဲ့ ပြောရင် "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ"တဲ့။

လူဆိုတာ တစ်ယောက်တည်း အထီးတည်းနေလို့ရတာ မဟုတ်ဘူး။ ပတ်ဝန်းကျင်နဲ့ နေရတယ်။ မိဘရယ်လို့ ဖြစ်လာရင် သားသမီးနဲ့အတူ နေရတယ်။ သားသမီး ဆွေမျိုး ဦးကြီး ဦးလေး တူ တူမ ဆရာတပည့် စသည်ဖြင့် အသိုင်းအဝိုင်း နားလည်အောင် သင်ထား လေ့လာထားရမယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက မိဘဆိုရင် မိဘကျင့်ဝတ်၊ သားသမီးဆိုရင် သားသမီးကျင့်ဝတ် စသည်ဖြင့် လူတွေ လိုက်နာ

ကျင့်သုံးရမည့် ကျင့်ဝတ်တွေကို ပါထိကဝဂ်မှာ ပြည့်ပြည့်စုံစုံပဲ ဟောတော်မူထားပါတယ်။ လူ့ကျင့်ဝတ်တွေကို ဘုရားကိုယ်တော်မြတ်ကျကျနန သင်ပေးထားတာနော်။ အဲဒီလို သင်ပေးရတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတော့ "ငြိမ်းချမ်းရေး" ဖြစ်ပါတယ်။

နေ့စဉ်နဲ့အမျှ မျက်နှာချင်းဆိုင် တွေ့နေရတဲ့သူတွေ ငြိမ်းချမ်းရေးရဖို့လိုတယ်။ တစ်ဦးနဲ့တစ်ဦး မြင်လိုက်တယ်ဆိုရင် မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဗြဟ္မစိုရ်တရား ပွားနိုင်ရမယ်။ အဲဒီလို ငြိမ်းချမ်းကြရအောင် သားသမီးကလည်း သားသမီးကျင့်ဝတ်နဲ့ ညီညွတ်စွာ၊ မိဘကလည်း မိဘကျင့်ဝတ်နဲ့ ညီညွတ်စွာ ပြည့်စုံအောင် ကြိုးစားကြရမှာနော်။ ကိုယ်ကျင့်ဝတ်နဲ့ကိုယ် ညီညွတ်နေကြရင် ငြိမ်းချမ်းရေးရပါတယ်။

"မြင်းကိုနိုင်လို့ ဇက်ကိုဆွဲ၊ လှေကိုနိုင်လို့ တက်ကိုမြဲ၊ ဆရာမိဘနိုင်လို့ ကျင့်ဝတ်မြဲ"တဲ့။ ကိုယ့်ကို သူများက ရိုသေလေးစား မြတ်နိုးတန်ဖိုးထားစေချင်တယ်ဆိုရင် ကိုယ်ကလည်း ကိုယ်နဲ့ဆိုင်တဲ့ ကျင့်ဝတ်ကို ပြည့်စုံလုံလောက်အောင် ကျင့်ထားဖို့ လိုပါတယ်။

## ဆောင်ရမည့်သီလ ရှောင်ရမည့်သီလ

"ဝိနယောစ သုသိက္ခိတော" မင်္ဂလာမှာ သီလကလေးကို ဘုရား ဟောခဲ့ပါတယ်။ သီလဆိုတာ ကိုယ်ကျင့်တရား။ ကိုယ်နှုတ်စိတ်ကို ကောင်းစွာစောင့်စည်းတတ်တဲ့ တရားကို သီလလို့ ခေါ်ပါတယ်။

သီလက လိုရင်းအားဖြင့် စာရိတ္တသီလနဲ့ ဝါရိတ္တသီလလို့ နှစ်မျိုးရှိတယ်။ စာရိတ္တသီလက ကျင့်ဆောင်ရမည့်အပိုင်း၊ ဝါရိတ္တသီလက ရှောင်ကြဉ်ရမည့်အပိုင်း။

ဝါရိတ္တသီလ ရှောင်ကြဉ်ရမည့် အပိုင်းကို အရင်ပြောရအောင်။ နေ့စဉ်စောင့်ထိန်း ခံယူနေကြတဲ့ ငါးပါးသီလ။ ဥပုသ်နေ့ အခါကြီး ရက်ကြီးများမှ စောင့်ထိန်းကြတဲ့ ရှစ်ပါးသီလတွေဟာ ရှောင်ကြဉ်ရမည့် သီလတွေပဲ။ ငါးပါးသီလထဲမှာ သူ့အသက်မသတ်နဲ့၊ သူ့ဥစ္စာ မခိုးနဲ့၊ သူ့သားမယား မစော်ကားနဲ့၊ မုသားမပြောနဲ့၊ အရက်သေစာ မသောက်စားနဲ့။ ရှောင်ကြဉ်ရမည့် အရာတွေချည်းပါပဲ။

ဥပုသ်သီလကို အခါကြီးရက်ကြီး၊ လပြည့်လကွယ်၊ တရားစခန်းဝင်တဲ့အချိန်ပွေမှာ ကျင့်သုံးဆောက်တည်ကြတယ်။ သဒ္ဓါတရား အလွန်ထက်မြက်တဲ့ အထက်တန်းစား၊ ဗုဒ္ဓဘာသာဝင်များကျတော့ ဝါတွင်းဝါပရယ် မဟုတ်ပါဘူး။ တစ်လ ဝါတွင်းသုံးလ၊ တစ်နှစ်ပတ်လုံး စသည်ဖြင့် အဓိဋ္ဌာန်ပြီးတော့ မကျိုးမပေါက်အောင် စောင့်ထိန်းလေ့ရှိကြတယ်။ ဥပါသကာ ဂုဏ်ရည်ထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ။

စာရိတ္တသီလ၊ ကျင့်ဆောင်ရမည့် သီလတွေကတော့ သားသမီးကျင့်ဝတ်၊ မိဘကျင့်ဝတ်၊ လင်ကျင့်ဝတ်၊ မယားကျင့်ဝတ် စတဲ့ဆိုင်ရာ ဆိုင်ရာ ကျင့်ဝတ်တွေပါပဲ။ ဒါက လောကီကိစ္စအတွက်ပေါ့။ လောကုတ္တရာကိစ္စအတွက် နောက်ပိုင်းမှာ ပြောသွားပါမယ်။

လောကီကိစ္စတွေက အဆင်ပြေလို့ ငြိမ်းချမ်းရေးရအောင်၊ ရပ်ထဲရွာထဲ နေရေးထိုင်ရေး လူမှုရေးအဆင်ပြေ၊ မိသားစု အိမ်တွင်းရေးငြိမ်းချမ်းရေး ရသွားအောင်လို့ဆိုရင် ကျင့်ဆောင်သင့်တဲ့ ကျင့်ဝတ်တွေကို လိုက်နာကျင့်ဆောင်ရပါမယ်။ ဘယ်လိုကျင့်ဝတ်တွေကို ဘယ်လိုကျင့်ဆောင်ရမယ်ဆိုတာ သိရအောင် လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်စတဲ့ ကျင့်ဝတ်တွေကို နားလည်အောင် အရင်လုပ်ထားရပါမယ်။ ဒါကြောင့် "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာမှတ်သားနားလည်စေ" လို့ ပြောလိုက်တာနော်။

ဘုရားရှင် ဟောကြားထားသမျှ တရားဓမ္မတွေအားလုံးဟာ

သတ္တဝါတွေ ချမ်းသာဖို့ ဖြစ်ပါတယ်။ "ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏိနံ"တဲ့။ သတ္တဝါတွေ စိတ်လည်း ချမ်းသာရမယ်၊ ကိုယ်လည်းချမ်းသာရမယ်။ ကိုယ်စိတ်နှစ်ပါး ချမ်းသာမှလည်း နိဗ္ဗာန် ရောက်ကြောင်းတရားကို လုပ်ဆောင်တဲ့နေရာမှာ ဖြောင့်ဖြူးပါလိမ့်မယ်။ စာရိတ္တဝါရိတ္တ သီလတွေဟာလည်း ဘုရားဟော တရားဓမ္မပဲ မို့လို့ ချမ်းသာကြောင်းတရားတွေပဲ ဖြစ်ပါတယ်။

ချမ်းသာကြောင်းဖြစ်တဲ့ ကျင့်ဝတ်တွေကို မင်္ဂလာတရားတော်မှာ ဆိုင်ရာဆိုင်ရာ ခွဲခြားထည့်သွင်း ဟောကြားသွားမှာပါ။

## သီလလေးတွေ သိထားစေ

သီလ လေးတွေ ဆိုတာကတော့ ပါတိမောက္ခသံဝရ သီလ၊ ပစ္စယသန္နိဿိတသီလ၊ အာဇီဝပါရိသုဒ္ဓိသီလ၊ ဣန္ဒြိယသံဝရ သီလတဲ့။

ပါတိမောက္ခသံဝရ သီလဆိုတာ ရဟန်းတော်များအတွက်တော့ ၂၂၇ သွယ် သိက္ခာပုဒ်ပေါ့။ ရှင်သာမဏေများအတွက် လိင်ဆယ်ပါး၊ ဒဏ်ဆယ်ပါး၊ သေခိယ၊ ခန္ဓကဝတ်စတာတွေပေါ့။ ဥပုသ်ရတဲ့ ယောဂီသူတော်စင်တွေ ဥပုသ်သီလ၊ ရှစ်ပါးသီလ၊ နေ့စဉ် ကျင့်သုံးရတဲ့ ငါးပါးသီလတွေပေါ့။

ရဟန်းလည်း ရဟန်းအလျောက်၊ ရှင်သာမဏေလည်း ရှင်သာမဏေအလျောက်၊ လူလည်းလူအလျောက် ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်သီလတွေဟာ ပါတိမောက္ခသံဝရသီလတွေပါပဲ။ ဒီတော့ ပါတိမောက္ခသံဝရသီလဆိုတာ ရဟန်းမှာ ရဟန်းဆိုင်ရာသီလ၊ လူမှာ လူဆိုင်ရာ သီလ၊ နေ့တိုင်းဆောက်တည်နေရတဲ့ သီလတွေပါလားလို့မှတ်ရမယ်။

နံပါတ်နှစ် ပစ္စယသန္နိဿိတသီလဆိုတာ ပစ္စဝေက္ခဏာသီလ။ ပစ္စဝေက္ခဏာ ဆင်ခြင်တာပါပဲ။ ယောဂီတို့ တရားစခန်းဝင်တဲ့အခါ

အာဟာရ သုံးဆောင်တော့မယ်ဆိုရင် "ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဟု၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်း ခပ်သိမ်းပြစ်ကို မဖြစ်လေအောင်၊ ချမ်းသာအောင်ဟု သုံးဆောင်မှီဝဲပါသတည်း"လို့ ဆင်ခြင်ကြတာ ပစ္စဝေက္ခဏာဆင်ခြင်တာပါပဲ။

ဆွမ်းအာဟာရ သုံးဆောင်တဲ့နေရာမှာ ဆင်ခြင်ရသလို၊ ကျောင်းအိပ်ရာ နေရာခင်းတွေ သုံးဆောင်တဲ့ နေရာမှာလည်း ဆင်ခြင်ရတယ်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဆင်ခြင်ရတာတွေ ရှိတယ်နော်။

အာဇီဝပါရိသုဒ္ဓိသီလ ဆိုတာ အသက်မွေးဝမ်းကြောင်း စင်ကြယ်တာကို ပြောတာပါ။ နောက်ပိုင်းကျမှ အကျယ်ပြောတာပေါ့။ နောက်တစ်ခုက ဣန္ဒြိယ သံဝရ သီလ။ ဣန္ဒြေခြောက်ပါးကို စောင့်စည်းတာ။ ဣန္ဒြေခြောက်ပါးဆိုတာက မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်စိတ်။ အဲဒီခြောက်ပါးကို စောင့်စည်း စောင့်ရှောက်တာတဲ့။ ဒီ ဣန္ဒြိယ သံဝရ သီလက ဝိပဿနာလုပ်ငန်းနဲ့ ပိုပြီးတော့ သက်ဆိုင်တဲ့အတွက် နောက်ပိုင်းမှာ အကျယ်တဝင့် ရှင်းပြမယ်။ လောလောဆယ် သီလလေးတွေကို ခေါင်းစဉ် သဘောလောက်ပဲ အကြမ်းအားဖြင့် မှတ်ထားခဲ့ပါ။

## စားရာနေရာ ဆင်ခြင်ပါ

သီလလေးတွေ ပါတိမောက္ခသံဝရသီလ ကျင့်ဝတ်တွေကို ထိုက်သင့်သလောက် ဆိုင်ရာဆိုင်ရာ သိထားပြီးပြီ။ ရဟန်းတော်တွေရဲ့

သိက္ခာပုဒ်တွေ မသိသော်လည်း လူကျင့်ဝတ်သီလတွေ သိသင့်သလောက် သိထားပြီးပြီမို့ နံပါတ်နှစ် ပစ္စယသန္နိဿိတ သီလကို လေ့လာကြည့်ရအောင်။

ပစ္စည်းလေးပါးကို သုံးဆောင်တဲ့အခါ ဆင်ခြင်ရတဲ့ ပစ္စယသန္နိဿိတ သီလကို ရဟန်းတော်များ နေ့စဉ်နဲ့အမျှ ကျင့်သုံးလိုက်နာကြရတယ်။ ယောဂီများလည်း လိုက်နာရမှာပဲ။ အနည်းဆုံး ကိုယ့်ထမင်း ကိုယ်စားတာတောင် ဆင်ခြင်ပြီးမှစားပါ။ အာဟာရကို သုံးဆောင်ပြီးရင် "လောကီလောကုတ္တရာ၊ ပစ္စုပ္ပန်သံသရာ၊ အတ္တဟိတ ပရဟိတ၊ မိမိသူတစ်ပါး၊ နှစ်ဦးသော အကျိုးစီးပွား၊ ကောင်းကျိုးမင်္ဂလာ လုပ်ငန်းဆောင်တာတွေ ဆောင်ရွက်နိုင်ပါစေခြင်း အကျိုးငှာ အာဟာရကို သုံးဆောင်ပါ၏"လို့ ဆင်ခြင်လိုက်ရမယ်။

"ကိုယ့်ထမင်း ကိုယ်စားတာ ဘယ်သူ့ ဂရုစိုက်ရမလဲ"လို့ တချို့က ပြောတတ်တယ်။ ကိုယ့်ထမင်း ကိုယ်စားပြီး အပါယ်သွားနေတာတွေ အများကြီး ရှိတယ်နော်။ ထမင်းစားတာ အကျိုးရှိတဲ့ လုပ်ငန်းတွေဆောင်ရွက်နိုင်ဖို့၊ အများကောင်းစားရေး လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့၊ ပရိယတ် ပဋိပတ်တရား အားထုတ်နိုင်ဖို့လို့ ဆင်ခြင်ရမယ်။

အဲဒီလို ဉာဏ်လေးနဲ့ ဆင်ခြင်လိုက်တော့ ကြွားချင်တယ်၊ ဝါချင်တယ်ဆိုတဲ့ စိတ်ပေါ်မလာတော့ဘူး။ ဘာဟင်းနဲ့မှ စားတာ ဘာထမင်းနဲ့မှ စားတာ၊ ဘာဆန်နဲ့မှ စားတာလို့ မာနတွေ မတက်နိုင်တော့ဘူးနော်။

အာဟာရကို ဆင်ခြင်တာက ကိုယ့်နေရာမှာ စားတဲ့အခါသာ ဆင်ခြင်ရတာ မဟုတ်ဘူး။ သူများဆီ သာရေး နာရေးသွားပြီးတော့ အာဟာရ အလှူခံ သုံးဆောင်ရမယ် ဆိုရင်လည်း ဆင်ခြင်ရမယ်။ အတိုကောက်ကလေးဖြစ်ဖြစ် ဆင်ခြင်လိုက်ပါ။ စိတ်ထဲကလည်း ဆင်ခြင်နော်။ အသံထွက်ပြီး မအော်လိုက်ပါနဲ့။ ဌာနာ ဌာနကောသလ္လ

ဆိုတာ ရှိတယ်။ ကိုယ်က မှန်တာလုပ်တယ် ဆိုဦးတော့ လက်မခံနိုင်တဲ့ ပတ်ဝန်းကျင်က ရှိသေးတာနော်။

အစာအာဟာရကို ဘာကြောင့် ဆင်ခြင်ရတာလဲ မေးရင် အကုသိုလ် မဖြစ်စေချင်လို့ပေါ့။ မဆင်ခြင်ရင် "ငါမှ စားနိုင်တယ်" ဆိုတဲ့ မာန၊ သူများကို ကဲ့ရဲ့ပြစ်တင်ခြင်းဆိုတဲ့ ဣဿာမစ္ဆရိယ စတဲ့ အကုသိုလ် ကိလေသာတွေ ဝင်လာတတ်တယ်။

ရဟန်းတော်များက ကျောင်းအိပ်ရာ နေရာကို ပစ္စဝေက္ခဏာ ဆင်ခြင်သလို လူတွေလည်း ဝင်းခြံတိုက်တာတွေကို ဆင်ခြင်ရပါတယ်။ အိပ်စက်တော့မယ်ဆိုရင် "မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ ကင်းသန်း ဘေးတွေက ကင်းဝေးစေဖို့ တရားအားထုတ်ပွားများနိုင်ဖို့ ဤအိုး ဤအိမ်မှာ နေထိုင်ပါတယ်"ကို ဆင်ခြင်လိုက်ပါ။ ဒီလိုမှ မဟုတ်ရင် "ငါ့လို တိုက်နဲ့တာနဲ့ နေထိုင်တာ ဘယ်သူရှိသလဲ ဟေ့"ဆိုပြီး မာနဝင်လာမှာပဲ။

## ကိလေသာမဝင်အောင် ဆင်ခြင်ရတယ်

အစားအသောက်အနေအထိုင်နဲ့ ပတ်သက်လို့ ဆရာတော်ဘုရားကြီးမိန့်တဲ့ စကားတစ်ခွန်းရှိတယ်။ "လူမမာက ဆေးရုံစောင့်ပြီးတော့ များ ကြွားနေသေးတယ်"တဲ့။ ဟုတ်တယ်နော်။ နံရံမှာကပ်ထားတဲ့ အရုပ်တွေက မျက်စိဆေးကုသဖို့၊ T.V. CD. VCD အသံမျိုးစုံက နားဆေးကုသဖို့၊ ရေမွှေး ပုလင်း အမွှေးနံ့သာတွေက နှာခေါင်းဆေး ကုဖို့၊ ရသာမျိုးစုံ ချိုချဉ် ငန်ဖန်တွေ အိတ်လိုက်ထောင်ထားတာက လျှာဆေးကုသဖို့၊ အိပ်ရာခင်းထာ အင်္ကျီ အဝတ်အစားမျိုးစုံထားတာက ကိုယ်ဆေးကုဖို့။

ဒီခန္ဓာကိုယ်ကြီးကို အဝတ်တွေနဲ့ ဖုံးဖိ ခြုံရုံပြီးတော့ မှက်၊

ခြင်၊ ယင်တွေ မကိုက်အောင် ကာကွယ်နေရတယ်။ လေစိမ်းတိုက် မခံနိုင်လို့ ဦးခေါင်းကို အုပ်ဆောင်းပေးရတယ်။ နေထိမခံနိုင်လို့ ထီးဆောင်းပေးရတယ်။ ဒီခန္ဓာကိုယ်ကြီးက သူ့အလိုလိုကို ရောဂါတုံးကြီးဖြစ်နေတယ်။ သိပ်ရောဂါ ထူပြောတဲ့ ခန္ဓာကိုယ်ကြီးပဲ။

သူ့ကို ဆေးကုဖို့ အိမ်မှာထားရတဲ့ ဆေးတွေက နည်းသလား။ မျက်စိကုမည့်ဆေး ပန်းချီကားတွေမျိုးစုံ၊ နားကုမည့်ဆေး အသံမျိုးစုံ၊ နှာခေါင်းကုမည့်ဆေး ရေမွှေးပုလင်းမျိုးစုံ ထားရတယ်။ လျှာဆေးကုဖို့ ဆန်ဆီ ပဲမျိုးစုံ အိမ်မှာ ထောင်ထားရတယ်။

ဒီခန္ဓာကိုယ်ကြီးကို နေ့တိုင်း ဆေးကုပေးနေရတာနော်။ ကုနေတဲ့ ကြားက ပျောက်သလားဆိုတော့ မပျောက်နိုင်ဘူး။ သက်သာသလိုလိုပဲ ရှိတယ်။ နောက်တစ်နေ့ မနက်မိုးလင်းတာနဲ့ ထမင်းကျွေးပေးပါဦး၊ ကော်ဖီလေး လုပ်ပါဦး။ အိမ်က ကျွေးတာ အားမရလို့ လက်ဖက်ရည်ဆိုင် ထွက်သောက်ရသေးတယ်။ လျှာကို အခွန်ဆက်ပြီး ဆေးကုပေးနေရတာပဲ။

ခန္ဓာကိုယ်ကို အဝတ်တွေ ဝတ်ပေးထားရတယ်ဆိုတာ ဒွါရကို ပေါက် အနာပေါက်တွေကို လူမမြင်အောင် ဖုံးဖိပေးထားတာ၊ ပတ်တီးစီးပေးထားတာပဲ။ ဘယ်လောက်ကောင်းတဲ့ အဝတ်အစား၊ နောက်ဆုံးပေါ် ဖက်ရှင်တွေ ဖြစ်နေဦးတော့ အနာဖုံးဖို့ပါပဲ။ ဒါနဲ့များ ဟိုအင်္ကျီလေးက ကောင်းတယ်၊ ဒီအင်္ကျီလေးက ကောင်းတယ်နဲ့ အနာဖုံးဖို့ ပတ်တီးရွေးနေကြတာ ရှိသေးတယ်။

ဒါကြောင့် အရွေးအချယ်ကင်းအောင်၊ ကိလေသာပါးအောင် ဆိုပြီးတော့ ပစ္စယသန္နိဿိတ သီလနဲ့ အဆင်ခြင်ခိုင်းတာပဲလို့ မှတ်ပါ။ အနေအထိုင်လည်း ဆင်ခြင်၊ အစားအသောက်လည်းဆင်ခြင်၊ ဆေးဝါးလည်းဆင်ခြင်၊ အကုန်လုံးကို ဆင်ခြင်ပြီးမှ သုံးဆောင်ရမှာပါ။

သိတဲ့အချိန်မှစ၍ ဆင်ခြင်ပါတော့

ပစ္စည်းလေးပါးဆိုတာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး။ စားဝတ်နေရေး ကျန်းမာရေးပေါ့။ အဲဒီ အရေးလေးပါးက ကင်းနိုင်တဲ့ သူရယ်လို့ လောကမှာ မရှိပါဘူး ။ လူတွေကျတော့ ထမင်း၊ အဝတ်၊ အိမ်၊ ဆေးဝါးပေါ့။ ဘာကိုပဲ သုံးဆောင်သည်ဖြစ်စေ၊ ဆင်ခြင်ရပါတယ်။

ဆေးသောက်တဲ့အခါ "ဤဆေးကို ကြွားချင်ဝါချင်လို့ မဟုတ်ပါဘူး"လို့ ဆင်ခြင်ပါ။ နေမကောင်းလို့ အသုဘအထည်ကြီး ကုနေရတာများ တချို့က "အသည်းဆေးလေး၊ လေယာဉ်နဲ့လာရတာ သိလား၊ ရေခဲအိတ်နဲ့ ထည့်ထားရတာသိလား"နဲ့ ကြွားတတ်သေးတယ်။ ဒါ ပစ္စယသန္နိဿိတ သီလ မရှိလို့ပေါ့။ "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ"လို့ မင်္ဂလသုတ်ကို ရွတ်ပြီးတော့ ဆင်ခြင်ရကောင်းမှန်း မသိကြဘူး။

အရင်က မသိပေမဲ့ အခုသိကြပြီ။ သိတဲ့အချိန်မှာ ကိုယ့်အတွက် အမြတ်ပဲလို့ ဆုံးဖြတ်ပါ။ ပစ္စည်းလေးပါးမှာ ဘာကိုပဲ သုံးဆောင်သည် ဖြစ်စေ ဆင်ခြင်ကြပါ။ မဆင်ခြင်တော့ ဘာဖြစ်မှာလဲ မေးရင် အိမ်ကို စွဲလမ်းပြီး သေသွားတာ၊ အဝတ်အထည်ကို စွဲလမ်းပြီးတော့ သေသွားတဲ့ ဦးတိဿတို့လိုပဲ ကြည့်ပါ။

တချို့များ အပြင်ထွက်ဖို့အရေး ပြင်လိုက် ဆင်လိုက်ရတာ မှန်တင်ခုံက မခွာနိုင်ဘူး။ ပြီးတော့လည်း ဒီပုံပါပဲ။ အဝတ်နဲ့ ပတ်သက်ပြီး အချိန်ကုန်ခံ၊ ငွေကုန်ခံ လုပ်နေကြတယ်။ သောင်းချီသိန်းချီ တန်တဲ့ အဝတ်အစားတွေတောင်ရှိသတဲ့။ ရွှေဝယ်ထားတာကမှ "မရှိ ဝမ်းစာ ရှိတန်ဆာ" လိုရင်ပြန်ရောင်းလို့ ရဦးမယ်။ ဝယ်ထားပြီးသား အဝတ်က ဘာလုပ်လို့ ရမှာတဲ့လဲ။

အဲဒီတော့ အဝတ်လည်း ဆင်ခြင်ဝတ်၊ အစားလည်း ဆင်ခြင်စား။ ရည်ရွယ်ချက်က လုံဖို့ခြုံဖို့ နေကောင်းဖို့၊ တရားအားထုတ်နိုင်ဖို့၊

မိမိအတွက် အများအတွက် ကောင်းရာကောင်းကြောင်း လုပ်နိုင်ဖို့ မဟုတ်လား။ ရည်ရွယ်ချက် မပျောက်ပါစေနဲ့။

## သက်မွေးစင်ကြယ် လူတို့နယ်

နံပါတ်သုံး အာဇီဝ ပါရိသုဒ္ဓိသီလကို ပြောကြရအောင်။ အာဇီဝ ပါရိသုဒ္ဓိသီလဆိုတာ အသက်မွေးဝမ်းကြောင်း စင်ကြယ်တာ။ အသက်မွေးဝမ်းကြောင်း လုပ်တဲ့နေရာမှာ သီလလုံလုံခြုံခြုံနဲ့ လုပ်ရမယ်လို့ ပြောတာပါ။ အရပ်စကားနဲ့ပြောရင် တစ်ဘဝစာ တစ်နပ်စာအတွက် သူများ မျက်ခုံးမွေးပေါ် စကြိုံ မလျှောက်ချင်နဲ့ပေါ့။

သူများ အသက်သတ်ပြီး အသက်မွေးတာ၊ သူများသားသမီး ဘဝပျက်စေတဲ့ ဘိန်းကင်းကဇော်လှော်စာ အရက်၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားတာတွေ၊ လက်နက်ခဲယမ်းမီးကျောက် ရောင်းပြီး တော့ စီးပွားရှာတာတွေကို ရှောင်ကြဉ်ရမယ်။ ဒီလုပ်ငန်းတွေလုပ်လို့ သိန်းပေါင်းရာနဲ့ချီ မြတ်ဦးတော့ ဥပါသကာ ဂုဏ်ရည်ထိုက်တဲ့ အထက်တန်းစား ဗုဒ္ဓဘာသာမှန်ရင် လုံးဝ မလုပ်ရပါဘူး။

ဗုဒ္ဓဘာသာဝင်ဆိုတာ အာဇီဝပါရိသုဒ္ဓိသီလ မြဲရပါတယ်။ တစ်ဘဝစာ၊ တစ်နပ်စာ မသေခင်ကလေး စားရတာနော်၊ သက်တမ်းကတိုတိုလေးပါ။ "ပစ္စည်းစု၊ ထိုက်သူဖို့"တဲ့။ ကိုယ်က ထောင်ကျခံ အပါယ်ကျခံရှာပြီး ကျန်တဲ့ သားသမီးတွေက စားသွားကြမယ်။ ကိုယ်က ရှာတုန်းကလည်း မတော်မတရား ရှာပြီးတော့လည်း အထုပ်ကြီးတပြင်ပြင်နဲ့။ အသက်မွေးဝမ်းကြောင်း မသန့်ရှင်းခဲ့သမျှ သေခါနီးကျရင် အရိပ်ပေါ်လာတော့တာပါ။

မကောင်းတာတွေ လုပ်ခဲ့တဲ့သူဟာ သေခါနီးကျတော့ "ငါ ဘယ်သူ့ကို လိမ်ခဲ့တယ်၊ ဘယ်သူ့ကို ကောက်ကျစ်ခဲ့တယ်"လို့ ဝိနယ

ကုက္ကုစ္စ ဖြစ်တော့တာပဲ။ ကောသလဘုရင်ကြီးရဲ့ မိဖုရားကြီး မလ္လိကာ ဆိုရင် "အလှူရေစက် လက်နဲ့မကွာနေလာခဲ့တဲ့သူ" အပြစ်ဆိုလို့ ကောသလမင်းကြီးကို တစ်ခါပဲလိမ်ဖူးသတဲ့။ အဲဒီအပြစ်ကလေးက သေခါနီးမှာ "ငါးပါးသီလ ကျိုးပါပကောလား"လို့ ဝိနယကုက္ကုစ္စ ဖြစ်ပြီး အဝီစိငရဲကျသွားတာနော်။

တိဿရဟန်းဆိုရင် တကယ့်ဝိနည်းမိုရ်ပုဂ္ဂိုလ်ကြီး။ လှေစီးရင်နဲ့ လှေလှော်ဖော့ ဆွဲမိဆွဲရာ ပိန်းရွက်ကလေး သွားဆွဲမိပါတယ်။ ရဟန်းတော်များဟာ စိမ်းစိုသော သစ်ပင်သစ်ရွက်ကို ဖျက်ဆီးရင် ပါစိတ် အာပတ် သင့်တယ်။ အဲဒါ သေခါနီးမှာ "ငါ အာပတ်တန်းလန်းကြီးနဲ့ ပါလား"လို့ ဝိနယကုက္ကုစ္စဖြစ်ပြီးတော့ ဧရကပတ္တနဂါးကြီး ဖြစ်သွားကဲ့။

ပိန်းသီးမိုရ်ရဟန်းလည်း နဂါးဖြစ်ရတယ်။ မိဖုရားကြီးလည်း ငရဲကျရတယ်။ သီလဟာ အဲဒီလောက် အရေးကြီးတာပါ။ ဒါကြောင့် "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာသင်ကြား နားလည်စေ"လို့ မင်္ဂလာတရားအနေနဲ့ သတ်မှတ်ထားပါတယ်။ သက်မွေးမှုအတွက် မတော်မတရားတွေ လုပ်ခဲ့ပြီးတော့မှ သေခါနီးမှာ နောင်တမရပါစေနဲ့။

## အပါယ်မလားရအောင် ဆင်ခြင်ပွားခဲ့ပါ

တို့တစ်တွေ ပုထုဇဉ်တွေမို့ မောဟကို မပယ်ကြရသေးပါဘူး။ မောဟ မပယ်ရသေးတဲ့အတွက် ဥဒ္ဓစ္စဆိုတာလာတာပါပဲ။ "မောဟော အဟိရိကံ အနောတ္တပ္ပံ ဥဒ္ဓစ္စန္တိ"လို့ ဆိုထားတယ်။ ဥဒ္ဓစ္စဆိုတာ ပျံ့လွင့်တာ။ ကုက္ကုစ္စက နောင်တရတာ။ ပျံ့လွင့်တာနဲ့အမျှ နောင်တ လည်း ပေါ်လာတယ်။

"ဘယ်သူ့ကိုတော့ လိမ်ခဲ့ပြီ။ ဘယ်သူ့ကိုတော့ ညာခဲ့ပြီ"နဲ့ သေခါနီးမှာ ခန္ဓာဉာဏ်ရောက်အလုပ်ကို မလုပ်နိုင်တဲ့ ပုဂ္ဂိုလ်မှန်သမျှ

အကုန်ပေါ်တာပဲ။ အဓိဝပါရိသုဒ္ဓိသီလ အားကောင်းတဲ့ ပုဂ္ဂိုလ်မှန်ရင် ကုဏ္ဍူစ္စ နောင်တဆိုတာ ဖြစ်ခဲပါတယ်။

အမြဲတမ်း ကိလေသာနဲ့ ရောယှက်နေတတ်လို့ ပုထုဇဉ်ခေါ်တယ်။ "မမှားသောရှေ့နေ၊ မသေသောဆေးသမား"ဆိုတာကို ပုထုဇဉ်မှန်ရင် အမှားမကင်းပါဘူး။ ကာယကံအမှား၊ ဝစီကံအမှား၊ မနောကံအမှားတွေ ရှိတာပါပဲ။ အခုအချိန်မှာ မသိသာပေမဲ့ သေခါနီးကျတော့ သိသာတယ်နော်။ ဒါကြောင့် အခုကတည်းက သီလလုံလုံခြုံခြုံ ကျကျနန လုပ်ထားခဲ့ရပါမယ်။

တချို့က ပြောတယ် "အို ပစ္စုပ္ပန်စီးပွားရေးတက်ဖို့ပဲ အရေးကြီးတယ်။ ဘယ်သူသေသေ ငတေမာပြီးရော၊ ငရဲကျတော့ ကိုယ်သိတာမှတ်လို့၊ ငရဲကျရင်လည်း ခါးစည်းခံမယ်"တဲ့။ ဥစ္ဆေဒဒိဋ္ဌိနဲ့ သက်သက်မဲ့ မိုက်ရူးရဲဆန်နေကြတာ။ ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်ပြီးတော့မှ ဒီအသံမျိုးထွက်တာ အံ့သြစရာလည်းကောင်းတယ်၊ သနားစရာလည်းကော င်းတယ်။ သူလိုလူမျိုးနဲ့ နီးနီးနားနား နေရမှာ ကြောက်စရာလည်း ကောင်းပါတယ်။

"ဟို အဖိုးကြီး အထုပ်ကြီးရယ်တဲ့ တပြင်ပြင်၊ အထုပ်ရှင် သေလို့သွား၊ ကျန်တဲ့လူတွေ ဝေလို့စား၊ အထုပ်ရှင်မှာတော့ အလကား၊ သေရာကိုလည်း ပါမသွား၊ အကျိုးပေးတော့ အပါယ်လား"တဲ့။ အဲဒီလူမျိုး သေပြီဆိုရင် အလောင်းက သုသာန်မှာ ရှိသေးတယ်။ အကျိုးပေးက ဒယ်အိုးထဲ ရောက်သွားပြီ။

သူ့မှာ ပါတိမောက္ခ သံဝရသီလလည်း မရှိ၊ ပစ္စယသန္နိဿိတသီလလည်း မရှိ။ အာဇီဝပါရိသုဒ္ဓိသီလလည်း မရှိဘူး။ ငါးပါးသီလလည်း မလုံ၊ ရှာတုန်းကလည်း မတော်မတရားရှာ၊ ရလာတဲ့ပစ္စည်းကျတော့လည်း သွားဖြုံ နားဖြုံစား။ ဆင်ခြင်တာ ဘာမှ မရှိဘူးနော်။

# ကျင့်ဝတ်ခံ့လင် ဤလေးအင်

သီလသုံးမျိုးကို ထပ်ပြီးတော့ ပြောရရင် လူနဲ့ဆိုင်ရာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလ၊ ရဟန်းတော်များ ကျင့်သုံးရတဲ့ သီလတွေက ပါတိမောက္ခ သံဝရသီလပေါ့။ စာနေဝတ် အရာရာ တိုင်းမှာ "သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ဖို့ ဤဆေးကို သောက်ပါတယ်၊ ဤထမင်းကို စားပါတယ်၊ ဤအဝတ်ကို ဝတ်ပါတယ်"လို့ ဆင်ခြင်တာက ပစ္စယသန္နိဿိတ သီလတဲ့၊ အသက်မွေးဝမ်းကြောင်း လုပ်တဲ့နေရာမှာ သန့်ရှင်းစင်ကြယ်တာက အာဇီဝပါရိသုဒ္ဓိသီလတဲ့။

တကယ်တော့ အသက်မွေးဝမ်းကြောင်း စင်ကြယ်တဲ့အလုပ်တွေမှ အများကြီး ရှိပါတယ်။ ဗာဟုသစ္စ သိပ္ပဉ္စတုန်းက ပြောခဲ့ပါပြီ။ ပန်းရံ၊ လက်သမား၊ ပန်းချီ၊ ပန်းပု၊ လက်မှု၊ အရောင်းအဝယ် စသဖြင့် သူများ အသက်အိုးအိမ် စည်းစိမ် မထိခိုက်တဲ့ အလုပ်တွေမှ အများကြီးပါ။ အဲဒီပညာတွေသာ တက်အောင် သင်ထားရင် လုပ်စရာ အလုပ်တွေ ပေါ်လိုက်တာနော်။

အရောင်းအဝယ် လုပ်တာချင်းအတူတူ သူများထိခိုက်နစ်နာမည့် မူးယစ်ဆေး လက်နက် သက်ရှိသတ္တဝါတွေမှ အရောင်းအဝယ် မဟုတ်ပါဘူး။ ဆန်ရောင်းတာလည်း မြတ်ချင်လို့၊ ဆီရောင်းတာလည်း မြတ်ချင်လို့၊ ရွှေရောင်းတာလည်း မြတ်ချင်လို့ပါ။ ဘယ်အရောင်းအဝယ်ဖြစ်ဖြစ် မြတ်တာပါပဲ။ မြတ်တာချင်းအတူတူ သူများထိခိုက်တာကို ဘာဖြစ်လို့ လုပ်ရမှာလဲ။ စင်စင်ကြယ်ကြယ်နဲ့ ရောင်းဝယ်ဖောက်ကား ရှာဖွေစားသောက်ဖို့ ကောင်းပါတယ်။ အာဇီဝပါရိသုဒ္ဓိသီလလည်း ဖြစ်ပါတယ်။

သီလလေးထွေမှာ နံပါတ်လေးက ဣန္ဒြိယသံဝရသီလတဲ့။

ဣန္ဒြေခြောက်ပါးကို စောင့်စည်းရမယ်။ ဣန္ဒြေခြောက်ပါးက စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ။ မြန်မာလိုပြောတော့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်။ အဲဒီခြောက်ပါးကနေ လောဘ ဒေါသ မောဟတွေ မဖြစ်ရအောင် ဉာဏ်နဲ့စောင့်ရှောက်ရမယ်။

ဒီသီလတွေဟာ "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ သင်ကြားနားလည်စေ" ဝိနယောစ သုသိက္ခိတော မင်္ဂလာမှာ လာတဲ့ ကျင့်ဝတ်တွေပါပဲ။ သီလလေးထွေ ကျင့်ဝတ်တွေကို နားလည်အောင် သင်ယူမှတ်သား လိုက်နာမယ်ဆိုရင် ဒီမင်္ဂလာနဲ့ ပြည့်စုံသူတွေဖြစ်ကြမှာပါ။

## မြင်ကာမတ္တ မှတ်လို့ရမရ

ဣန္ဒြိယ သံဝရသီလ=ဣန္ဒြေကို ဉာဏ်နဲ့ စောင့်ရှောက်ပုံကို ပြောရရင် မျက်လုံးနဲ့အဆင်းနဲ့ တိုက်လိုက်တော့ ဖျတ်ခနဲမျက်လုံးမှာ မြင်စိတ်ကလေးပေါ်လာတယ်။ မျက်လုံးကလည်း ရုပ်ပဲ။ အဆင်းကလည်း ရုပ်ပဲ။ အဲဒီရုပ်နှစ်ခု ပေါင်းစပ်လိုက်တော့ မြင်စိတ်ဆိုတဲ့ နာမ်တရားပေါ်လာတာ။ မြင်စိတ်ကလေး ပေါ်လာတဲ့အခါမှာ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ"ဆိုတဲ့အတိုင်း မြင်ကာမတ္တပဲ မှတ်ရတယ်။ လောဘ ဒေါသ မောဟ မလာအောင် ဉာဏ်နဲ့ ဖြတ်ရတယ်။ အဲဒါ ဣန္ဒြေခြောက်ပါးထဲက စက္ခုန္ဒြေကို စောင့်ရှောက်ပုံပါ။

သောတိန္ဒြေကျတော့လည်း နားနဲ့အသံ ရုပ်နှစ်ပါး တိုက်လိုက်တဲ့အခါ ဖျတ်ခနဲ ကြားစိတ်ကလေး ပေါ်လာတယ်။ ကြားစိတ်ကလေးကို "သုတေ သုတမတ္တံ" ကြားကာမျှ အဆင့်မှာပဲ ရပ်ထားရတယ်။ လောဘ ဒေါသ မောဟစိတ်တွေ မဝင်လာစေနဲ့။

ပြောလို့သာ ပြောတာနော်။ အဲဒီလို မြင်ရင် မြင်ကာမတ္တ၊ ကြားရင် ကြားကာမတ္တ၊ မှတ်ပြီးတော့ လောဘ ဒေါသ မောဟ ဝင်မလာအောင် ပိုင်းခြားရှုမှတ်တယ်ဆိုတာ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်တွေပဲ တတ်နိုင်တယ်။ သာမန်ပုဂ္ဂိုလ်တွေ ကျင့်နိုင်တဲ့အဆင့် မဟုတ်ဘူးနော်။

အဲဒီလိုမြင်ရင် မြင်ကာမတ္တ မှတ်နိုင်တာက ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်တဲ့။ ဒီပုဂ္ဂိုလ်က ခန္ဓာဉာဏ်ရောက် သစ္စာတရားကို အကျဉ်းချုပ်လေး ဟောရုံနဲ့ တစ်ကြိမ်တစ်ခါလေး နာပြီးတာနဲ့ တစ်ပြိုင်နက် သောတာပန်စတဲ့ အရိယာပုဂ္ဂိုလ် ဖြစ်သွားတယ်။ တရားအကျဉ်းလေးကို တစ်ကြိမ်တည်း နာတာနော်။ ထပ်ခါထပ်ခါနာနေစရာ မလိုဘူး၊ သာဝက အရာနဲ့ပြောရင် အဂ္ဂသာဝကပုဂ္ဂိုလ်တွေပေါ့။

အဂ္ဂသာဝကဆိုတာ တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ရတယ်။ သိဉာဏ်ထက်တယ်။ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန်တို့လို ပုဂ္ဂိုလ်မျိုးနော်။ အဂ္ဂသာဝကဆိုတာ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်မှာသာ ပေါ်လာထွန်းနိုင်ပါတယ်။ ဒါကြောင့် အဂ္ဂသာဝကစာရင်းထဲမှာ ခုခေတ်လူတွေ ပါနိုင်ရဲ့လား။

ဥဃ္ဃဋိတညူ ပုဂ္ဂိုလ်မည်သည် ဘုရားပရိနိဗ္ဗာန် ဝင်စံပြီးတဲ့နောက်မှာ ပေါ်လာရိုးထုံးစံ မရှိတဲ့အတွက် သူလိုဉာဏ်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေသာ မှတ်နိုင်တဲ့ "ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ" ကို ခုခေတ်လူတွေ လိုက်မမှတ်နိုင်ဘူးနော်။

နောက်ဒုတိယ ပုဂ္ဂိုလ်က ဝိပဉ္စိတညူပုဂ္ဂိုလ်တဲ့။ သူက ခန္ဓာဉာဏ်ရောက် သစ္စာတရားကို အကျဉ်းကလေးနာရုံနဲ့ မရဘူး။ အကျယ်ဝေဖန်ဟောကြားတဲ့ တရားကို နာရရင်တော့ တစ်ကြိမ်တည်းနဲ့ အရိယာပုဂ္ဂိုလ်ဖြစ်တယ်။ အဲဒီပုဂ္ဂိုလ်မျိုးဖြစ်အောင် ကမ္ဘာတစ်သိန်းပါရမီတွေ ဖြည့်ရတယ်။ သာဝက အနေနဲ့ ပြောရရင် မဟာသာဝက

ပုဂ္ဂိုလ်တွေတဲ့။ ပုဂ္ဂလဓိဋ္ဌာန်နဲ့ပြောတော့ ပဥ္စဝဂ္ဂီငါးဦးတို့၊ ယသ သတို့သား၊ သန္တတိအမတ်၊ စိတ္တသူကြွယ်တို့ပေါ့။

ဒီဒုတိယအဆင့် ပုဂ္ဂိုလ်မျိုးကလည်း ဘုရားသက်တော်ထင်ရှား ရှိစဉ်မှာပဲ ပေါ်ထွန်းတယ်။ ဘုရားပရိနိဗ္ဗာန် ဝင်စံတော်မူတဲ့နောက်မှာ ဒီလိုပုဂ္ဂိုလ်မျိုး မပေါ်ဟော့ဘူး။ မဟာသာပဏ ဝိပဥ္စိတည္ဆူ ပုဂ္ဂိုလ်တွေ ကလည်း **"ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ သုတေ သုတမတ္တံ"** မြင်မှုရဲ့နောက်က ဉာဏ်လိုက်နိုင်ရတယ်၊ ကြားမှုနောက်က ဉာဏ်လိုက်နိုင်တယ်။ ဉာဏ် လိုက်တာနဲ့ လောဘ ဒေါသ မောဟ ငြိမ်းတယ်။ ခုခေတ်မှာ ဒီလို ပုဂ္ဂိုလ်မျိုး မရှိပါဘူး။

နံပါတ်သုံးက နေယျပုဂ္ဂိုလ်။ သူကတော့ သစ္စာတရား အကျယ် တဝင့် ဝေဖန်ဟောကြားတာကို အကြိမ်ကြိမ်နာရမှ တရားထူးရတာ၊ အရိယာပုဂ္ဂိုလ်ဖြစ်တာ။ ဒီလိုပုဂ္ဂိုလ်မျိုးတော့ ခုခေတ်မှာ ရှိနိုင်ပါတယ် နော်။

## အကြိမ်ကြိမ် နာကြား အကြိမ်ကြိမ်အားထုတ်

သစ္စာတရားကို အကျယ်ဟောပြတာ အကြိမ်ကြိမ်နာယူ အကြိမ် ကြိမ်ခန္ဓာဉာဏ်ရောက် တရားအားထုတ်မှ တရားထူးရနိုင်တဲ့အတွက်။ နာရတဲ့တရားကလည်း သစ္စာတရားဖြစ်ဖို့ လိုတယ်။ ဒါန သီလ သမထတရားလောက်နဲ့ မရဘူး။

"ဒါနံ သဂ္ဂဿ သောပါနံ"ဆိုတဲ့အတိုင်း ဒါနက လူ့စည်းစိမ်၊ နတ်စည်းစိမ် ရနိုင်တယ်။ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်ဘူးနော်။ ဒါနနဲ့သာ နိဗ္ဗာန်ရောက်ရင် မလ္လိကာ အဝီစိရောက်စရာ အကြောင်း မရှိဘူး။ သီလနဲ့သာ နိဗ္ဗာန်ရောက်ရင် မဟာတိဿရဟန်း နဂါး ဖြစ်ရာအကြောင်း မရှိဘူး။ သမထနဲ့သာ နိဗ္ဗာန်ရောက်ရင် အရှင် ဒေဝဒတ် မြေမျိုစရာအကြောင်း မရှိဘူး။

ဒါန သီလ သမထကို သစ္စာအသိဉာဏ်တွေ ယှဉ်ပြီးတော့ အသုံးချတဲ့ပညာကို ဒါနဥမင်္ဂလာရောက်မှ ပြောပါမယ်။ သစ္စာတရားပဲ နာရမယ်ဆိုလို့ ဒါန သီလ တရား မနာရဘူးပြောတာ မဟုတ်ဘူးနော်။ ဒါနလည်း လုပ်ပါ၊ သီလလည်း ဆောက်တည်ပါ။ သမထလည်း ပွားများပါ။ အရိယာပုဂ္ဂိုလ်ဖြစ်ချင်တယ်၊ နိဗ္ဗာန်ရောက်ချင်တယ် ဆိုရင်တော့ သစ္စာတရားကို နာမှ ဖြစ်မှာပါ။

အဲဒီစကားကို ထောက်ဆလိုက်ရင် မင်္ဂလာတရားဟာ အသုံးချ ပညာဖြစ်ပါတယ်။ အကြိမ်ကြိမ်နာရပါတယ်။ နာပြီးတာနဲ့ လက်တွေ့ ကျင့်သုံးရမည့်တရား ဖြစ်ပါတယ်။ ဝိဇ္ဇာစရဏ သမ္ပန္န ဂုဏ်တော် အတိုင်း သိပြီးရင် ပစ်မထားဘဲ အကြိမ်ကြိမ်နာ အကြိမ်ကြိမ်ကျင့်သုံး ရပါတယ်။ နေယျပုဂ္ဂိုလ်များသည် အကြိမ်ကြိမ်နာ၊ အကြိမ်ကြိမ် ကျင့်သုံးသလို ခန္ဓာဉာဏ်ရောက် သစ္စာတရား ၃၈ ဖြာ မင်္ဂလာတရား တော်များကိုလည်း အာစိဏ္ဏကံမြောက် အကြိမ်ကြိမ်နာကြား ကျင့်ကြံ အားထုတ်သွားကြရမှာပါ။ "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ သင်ကြား နားလည်နိုင်ကြပါစေ"

# ပုဒ္ဓမိန့်ခွန်း စကားနှစ်ထွေ
## မင်္ဂလာအမှတ် (၉)

# ငယ်စဉ်မှာလည်း တရားရှာခဲ့စေချင်

၃၈ ဖြာ မင်္ဂလာတရားတော်မှာ အမှတ် (၉) မင်္ဂလာက သုဘာသိတာစ ယာဝါစာ။ မှန်ကန်ယဉ်ကျေး ချိုသာအေးဆိုရေး တတ်ပါစေ။ ဒီမင်္ဂလာကို မပြောခင် သူနှင့် တစ်ဂါထာတည်း အတူတွဲပါလာခဲ့တဲ့ မင်္ဂလာနှစ်ပါးထဲက ဗာဟုသစ္စဉ္စသိပ္ပဉ္စ တတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ မင်္ဂလာနဲ့ ပတ်သက်ပြီး ပြောစရာ ကျန်တာလေးတွေ အရင်ပြောမယ်။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ မင်္ဂလာကို "ကြားမြင်များမှ ချမ်းသာရ" ဆိုပြီးပြောခဲ့တယ်။ ကြီးပွားချမ်းသာချင်တဲ့ ပုဂ္ဂိုလ်မှန်ရင်သိသင့်သိထိုက်တဲ့ လောကီအတတ်ပညာ၊ လောကုတ္တရာ အတတ်ပညာတွေကို ကြိုးစား အားထုတ်ကြရမယ်။ သားလေး၊ သမီးလေးတွေ သူငယ်တန်းမှ ဆယ်တန်း၊ ဘွဲ့ရသည်အထိ ပညာတွေ သင်နေကြတာလည်း လောကီမင်္ဂလာ တစ်ပါးပါပဲ။

သားတို့ သမီးတို့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံချင်တယ်ဆိုရင် ကိုယ့်အလုပ် ကိုယ်လုပ်ပါ။ "ငယ်စဉ်အခါ ပညာရှာ၊ အလတ်စားမှာ ဥစ္စာရှာ၊ အရွယ်ရင့်တော့ တရားရှာ"လို့ လောကနီတိက ဆိုထား

ပါတယ်။ ဒါကို လှေနံဓားထစ် မှတ်မထားဘဲနဲ့ ပညာရှာရင်းနဲ့ တရားပါတွဲရှာဖို့ ကောင်းပါတယ်။

ဆယ်တန်းကျောင်းသားဆိုရင် အသက် ၁၅ နှစ် ၁၆ နှစ် ရှိနေပြီ။ ဒီအရွယ်ဟာ အသိပညာပိုင်းအရ တော်တော်လေး မှတ်ဉာဏ် အာ ကောင်းနေပါပြီ။ ခန္ဓာဉာဏ်ရောက် ဘာဝနာအလုပ်ကို လုပ်နိုင်တဲ့ အရွယ်ပေါ့ပါ။ ဘုရားလက်ထက်တော်တုန်းက သံကိစ္စသာမဏေ၊ ရေဝတ သာမဏေတို့ ခုနစ်သားနဲ့ ရဟန္တာအရိယာပုဂ္ဂိုလ် ဖြစ်သွားပြီ။ ကျောင်း အစ်မကြီး ဝိသာခါဆိုရင် ခုနစ်နှစ်သမီးနဲ့ သောတာပန် တည်ခဲ့ တာနော်။

တို့ သားငယ်သမီးငယ်တွေမှာ ခန္ဓာဉာဏ်ရောက် သစ္စာတရား ကို ထောင်နိုင်တဲ့ ဉာဏ်နားတွေ ပါပါတယ်။ သစ္စာအသိဉာဏ်ပေး နိုင်တဲ့ ဆရာကောင်း သမားကောင်းတွေလည်း ရှိနေတယ်။ ဆိုင်ရာ လောကအတတ်ပညာကို သင်သလို ခန္ဓာဉာဏ်ရောက် သစ္စာတရား ကိုလည်း သိထားဖို့ လိုပါတယ်။ ဒါမှလည်း ဗဟုဿုတ္တ သိပ္ပ မင်္ဂလာရှိလာမှာ ဖြစ်ပါတယ်။

## ဗဟုသုတ မရှိရင် ခံရပြီသာ မှတ်ပါ

လောကီပစ္စုပ္ပန် စီးပွားရေးတက်ရခြင်း၊ ပညာတတ်ရခြင်း အကြောင်းတရားက ကံ ဉာဏ် ဝီရိယ။ လောကုတ္တရာ ဘဝသံသရာ ငြိမ်းအေးရခြင်း အကြောင်းတရားက ဒါန သီလ ဘာဝနာလို့ အရင်က ပြောထားပြီးသားနော်။

ဘယ်နေရာမှာမဆို အကြောင်းတရားနဲ့ အကျိုးတရားက ရှိတာ ချည်းပဲ။ အဲဒီ ဗဟုသုတမရှိတဲ့အတွက် သူများ အလိမ်ခံနေရတာတွေ ဒိပ်များတယ်။ ကန်တော့ပွဲပေး၊ ဖယောင်းတိုင်ထွန်းရင် စီးပွားတက်

တယ်၊ ဘိုးတော်မတယ်၊ နတ်မတယ်လို့ ယုံနေကြတာတွေဟာ အကြောင်းအကျိုး ဗဟုသုတမရှိလို့ ခံနေကြရတာပဲ။

မဟာခေ သူဌေးသား ကုဋေ ၁၆၀ ချမ်းသာပြီးမှ မွဲပြာကျသွားတာလည်း ဗဟုသုတမရှိလို့။ ဟို ကိုးကွယ် ဒီကိုးကွယ်၊ ဟိုကမမယ် ဒီက မမယ် ထင်နေကြတာလည်း ဗဟုသုတ မရှိလို့။ အရက်ပုလင်းထဲမှာ နှင်းဆီပန်း ထိုးထားရင် လာဘ်ပွင့်သတဲ့။ ဈေးရောင်းကောင်းသတဲ့။ အခေါင်းရောင်းတဲ့လူက အဲဒီယတြာလုပ်ရင်တော့ လူတွေသေဖို့သာ ပြင်ပေတော့။ ဆေးရောင်းတဲ့သူက လုပ်ရင် လူတွေနာဖို့သာ ပြင်ပေတော့။ သူတို့လည်း ရောင်းကောင်အောင် လုပ်မှာကိုး။

မြတ်စွာဘုရားက လောကီလောကုတ္တရာ မင်္ဂလာရှိချင်ရင် "အတ္တာဟိ အတ္တနော နာထော" ကိုယ်အားကိုယ်ကိုးရမယ်လို့ ဟောခဲ့တာပါ။ လောကဓံရှစ်ပါးနဲ့ ကြုံရတာလည်း အကြောင်းအကျိုးနဲ့ ဖြစ်တာပေါ့။ ဘယ်ဖန်ဆင်းရှင်၊ ဘယ်ဘိုးတော်မှ ကြာခံမထားပါဘူး။ ကိုယ်လုပ်တဲ့အတိုင်း ကိုယ်ခံစားကြရတာတွေချည်းပါ။

ဗဟုသုတနည်းတော့ ဆင်ခြင်ဉာဏ်မပါဘဲနဲ့ မျက်စိမှိတ်ယုံလိုက်ကြတာပဲ။ ကိုယ်လည်း အကျိုးမရှိ။ မိစ္ဆာဒိဋ္ဌိဖြစ်ဟာသာ အဖပ်တင်တတ်ပါတယ်။ ဒါကြောင့် လောကီလောကုတ္တရာ အတတ်ပညာ ဗဟုသုတတွေ ပြည့်စုံအောင်ရှာမှီးလို့ မင်္ဂလာပြည့်စုံအောင် ကြိုးစားခဲ့ကြဖို့ ပြောလိုပါတယ်။

## ဆိုရေးတတ်ရလေအောင်

အခုပြောမည့် မင်္ဂလာအမှတ် (၉)က "သုဘာသိတာစယာဝါစ" "မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတတ်ပါစေ"တဲ့။ ပြောရေးဆိုရေးနဲ့ ပတ်သက်ပြီးတော့ လိုက်နာကျင့်သုံး ရမည့် မင်္ဂလာ။

လောကမှာ ပြောတတ်ဆိုတတ်ဖို့ အရေးကြီးတယ်။ "နှုတ်ကောင်းလျှင် ပြည်စိုး" အပြောကောင်းရင် ဘုရင်တောင် ဖြစ်နိုင်သတဲ့။ မပြောတတ်ဖူးဆိုရင်တော့ "နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ"ဆိုသလို ဒုက္ခရောက်ရတတ်ပါတယ်။

မြတ်ဗုဒ္ဓရဲ့ ဂုဏ်တော်တွေထဲမှာ သုဂတဂုဏ်တော်က "ကောင်းစွာမသွေ ပြောဆိုတော်မူတတ်ပေသော"တဲ့။ "စကားခြောက်ခွန်း၊ လျှို့ဝှက်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတည်"ဆိုတဲ့အတိုင်း စကားခြောက်ခွန်း ရှိရာမှာ ရှင်တော်မြတ်ဘုရားသည် နှစ်ခွန်းသော စကားကိုသာ ပြောဆိုတော်မူတတ်တယ်။ လောကုတ်လောကီ နှစ်လီသော အကျိုးစီးပွား ဖြစ်ထွန်းချင်တယ်ဆိုရင်တော့ ဘုရားပြောဆိုတော်မူလေ့ရှိတဲ့ စကားနှစ်ခွန်းမျိုးကို ပြောတတ်ဖို့ လိုပါတယ်။

စကားခြောက်ခွန်းမှာ နံပါတ်တစ်က ပြောလိုက်သောစကားသည် ဟုတ်လည်းမဟုတ်ဘူး။ မှန်လည်း မမှန်ဘူး။ အကျိုးလည်း မရှိဘူး၊ ကြားရတဲ့သူလည်း မကြိုက်ဘူးတဲ့။ ဒီစကားမျိုးက မပြောရမည့် စကားမျိုးနော်။

ဝစီဒုစရိုက်လေးပါးရှိတယ်။ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ။ မုသာဝါဒဆိုတာက လိမ်ပြောတာ။ ပိသုဏာဝါစာက ဂုံ တိုက်တာ။ ဖရုသဝါစာက ကြမ်းကြမ်းတမ်းတမ်း ပြောဆိုတာ။ သမ္ဖပ္ပလာပဆိုတာ အကျိုးမရှိ သိမ်ဖျင်းတဲ့စကား။ တစ်နေ့တစ်နေ့ ပြောနေကြတဲ့ စကားတွေမှာ ဟုတ်တာနဲ့ မဟုတ်တာ ဘယ်ဟာကများသလဲ။ သူတို့နှစ်ယောက်ချင်း အဆင်ပြေ ချစ်ခင်နေတာကို မတည့်အောင် ကွဲသွားအောင် ဂုံးတိုက်တာလား။ ရိုင်းရိုင်းစိုင်းစိုင်း ကြမ်းကြမ်းတမ်းတမ်းတွေ ဆဲဆိုနေတာတွေ များသလား။ ဟိုရောက်ဒီရောက် ရောက်တတ်ရာရာ အကျိုးမဲ့ ပြောနေကြတာက များသလား စဉ်းစားဖို့ ကောင်းပါတယ်။

ဘုရားမြတ်စွာက "သုဘာသိတာစ ယာဝါစာ၊ မှန်ကန် ယဉ်ကျေးချိုသာအေး ဆိုရေးတတ်ပါစေ"တဲ့။ မဟုတ်တာ ပြောရမယ် ရိုင်းရိုင်းစိုင်းစိုင်း ပြောရမယ်လို့ ဆိုမထားဘူးနော်။ တချို့များ ကိုယ့်သားသမီးဆုံးမတာ တိုးတိုးတိတ်တိတ်မဟုတ်ဘူး။ အော်ကြီးဟစ်ကျယ်နဲ့ လူကြားထဲမှာ ဆူပူနေတတ်တယ်။ ကလေးတွေက အပျိုလူပျို အရွယ်ရောက်နေပြီ။ ဆုံးမတာတော့ ဆုံးမရမှာပေါ့။ "မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်" မိဘဝတ္တရားအရ ပြောတဲ့အခါမှာ တိုးတိုးတိတ်တိတ် ချိုချိုသာသာလေး ကောင်းပါတယ်။

မိဘဆိုတာ အိမ်မှာအကြီးဆုံးဆိုတော့ နာယကတွေပါပဲ။ "ထကြွနိုးကြား၊ သနားသည်းခံ၊ ဝေဖန်ထောက်ရှု"ဆိုတဲ့ နာယကဂုဏ်အင်္ဂါတွေ ညီညွတ်ဖို့လိုတယ်။ သနားသည်းခံ ဝေဖန်ထောက်ရှုခြင်း မပါဘဲနဲ့ ဒေါသတကြီး နွားသိုးကြိုးပြတ် မဆုံးမရဘူး။ သားသမီးကို အော်ဟစ်ဆဲဆို ရိုက်ပုတ်မလုပ်ရဘူး။ ရိုက်လို့နားထောင်မယ် မထင်နဲ့၊ အသားနာတာပဲ အဖပ်ထင်မယ်။ နှလုံးသားမှာ အသိဉာဏ်ကိန်းသွားအောင် မှန်ကန်ယဉ်ကျေးချိုသာအေးနဲ့ စခန်းသွားရပါမယ်။

ပြောတဲ့စကားက ဟုတ်လည်းမဟုတ်ဘူး၊ မှန်လည်း မမှန်ဘူး၊ ကြားရတဲ့ သားသမီးကလည်း မကြိုက်ဘူး၊ အော်ဟစ်ပြောဆိုတော့ အကျိုးလည်း မများဘူး။ ဒီကြားထဲက ကိုယ့်စကား နားမထောင်တော့ ကိုယ့်မှာလည်း အကုသိုလ်ဖြစ်၊ သားသမီးလည်း အကုသိုလ်ဖြစ်တာပေါ့။ ဒီစကားမျိုး မပြောပါနဲ့တဲ့။

## မပြောဆိုရမည့် စကားမျိုး

စကားခြောက်ခွန်းမှာ နံပါတ်နှစ်က ဟုတ်လည်းမဟုတ် မှန်လည်းမမှန်ဘူး။ အကျိုးလည်း မရှိဘူး။ ဒါပေမဲ့ ကြားရတဲ့လူက

တော့ ကြိုက်နေတယ်။ အဲဒီစကားလည်း မပြောသင့်တဲ့ စကား တဲ့။

လူရှင်တော် ပြက်လုံးတွေမျိုးပေါ့။ မောင်နှမချင်း သားအမိချင်း နား မထောင်ရဲတဲ့ ပြက်လုံး တွေ။ ဟီရိဩတ္တပ္ပကင်းမဲ့တဲ့ စကားတွေ။ ဒါပေမဲ့ ပေါက်တတ်ကရလူတွေကတော့ ကြိုက်နေတာပဲ။

နံပါတ်သုံးက ဟုတ်တယ် မှန်တယ်၊ အကျိုးမရှိဘူး။ ကြားတဲ့ လူလည်း မကြိုက်ဘူး။ ဒီစကားမျိုးလည်း မပြောသင့်ဘူးတဲ့။ တချို့ လက်သီးလက်မောင်းတွေတန်းလို့ အခြေအနေ အချိန်အခါ မကြည့်ဘဲ ပြောတတ်တဲ့လူတွေ ရှိတယ်။ သူပြောတာ ဟုတ်တော့ ဟုတ်ပါရဲ့။ မှန်တော့မှန်ပါရဲ့။ ဒါပေမဲ့ သူ့အတွက်လည်း အကျိုးမရှိဘူး။ မတော် ဒုက္ခရောက်သွားနိုင်တယ်။ ပတ်ဝန်းကျင်က နားထောင်တဲ့ လူအတွက် လည်း အကျိုးမရှိဘူး။ "နှုတ်ကြောင့်သေ" နှုတ်မစောင့်လို့ ဆုံးရှုံးသွား ရတတ်တယ်။ သူတော်ကောင်း လုပ်မည့်သူတွေဟာ ကိုယ့်ကိုယ်ကို စောင့်စည်းဖို့ မလိုဘူးလား။

နံပါတ်လေးက ဟုတ်တယ် မှန်တယ်၊ အကျိုးမရှိဘူး။ ဒါပေမဲ့ ကြားရတဲ့သူက ကြိုက်နေတယ်။ ဒီစကားမျိုးလည်း မပြောသင့်ဘူး။ နားထောင်တဲ့လူက သဘောကျတော့။ "ပြောကွာ၊ ပြောကွာ"နဲ့ မြှောက်ပေးမှာပဲ။ ပတ်ဝန်းကျင်က မြှောက်ထိုးပင့်ကော်လုပ်တိုင်း အဟုတ်ကြီးထင်ပြီး မပြောလိုက်နဲ့။ ခံရတော့ ကိုယ်တစ်ယောက်တည်း ခံရမယ်။ လက်ခုပ်တီးပေးတိုင်း အဟုတ်မမှတ်ရဘူး။

တချို့က အဲဒီလိုပြောရဲတာ သတ္တိရှိတယ်လို့ ထင်နေတတ်ကြ တယ်။ အမှန်က စကားအရာ ဘယ်လိုပြောရမယ်လို့ ဗဟုသုတ မရှိတာ၊ ချိုချိုသာသာ မှန်မှန်ကန်ကန် အေးအေးဆေးဆေး ပြောတတ် ရမယ်လို့ သုဘာသိတဝါစာ မရှိတာ။ မင်္ဂလာတရားတွေ ချို့ယွင်း နေတာကို သတိမထားမိကြဘူးနော်။

သတ္တိဆိုတာ မပြောသင့်တာကို မပြောဘူးကွလို့ နှုတ်ပိတ်ရေင့်

နေနိုင်တာလည်း သစ္စာပါပဲ။ သူ့အတွက် ကိုယ့်အတွက် အကျိုးမရှိတဲ့ သမ္ဖပ္ပလာပစကားမျိုး မပြောနဲ့ သီလတရားကို ထိန်းသိမ်းလိုက်တာလည်း သစ္စာပါပဲ။ သစ္စာဆိုတာ ဝီရ=ရဲရင့်တာ။ ရဲရင့်ခြင်းဟာ အကျိုးရှိရတယ်။

နံပါတ်တစ်က မဟုတ်မမှန်၊ အကျိုးမရှိ၊ ကြားရတဲ့သူလည်း မကြိုက်။ နံပါတ်နှစ်က မဟုတ်မမှန်၊ အကျိုးမရှိ၊ ကြားရတဲ့သူကတော့ ကြိုက်တယ်။ နံပါတ်သုံး ဟုတ်တယ် မှန်တယ်၊ အကျိုးမရှိ၊ ကြားရတဲ့သူ မကြိုက်ဘူး။ နံပါတ်လေး ဟုတ်တယ် မှန်တယ်၊ အကျိုးမရှိဘူး၊ ကြားရတဲ့သူကတော့ ကြိုက်တယ်။ ဒီစကားလေးခွန်းကတော့ မပြောသင့်တဲ့ စကားတွေပါပဲ။

## မကြိုက်သော်လည်း ပြောသင့်ရင် ပြော

နံပါတ်ငါး ဟုတ်တယ်မှန်တယ်။ အကျိုးရှိတယ်။ ကြားရတဲ့လူကတော့ မကြိုက်ဘူးတဲ့။ ဒီစကားမျိုးကျတော့ နာထောင်တဲ့ သူက မကြားချင်တာ မှန်ပေမဲ့ ဟုတ်နေ အကျိုးရှိနေတဲ့အတွက် ပြောသင့်ရင် ပြောရမည့် စကားမျိုးပါ။ အခြေအနေ အချိန်အခါကို ကြည့်လို့ ပြောသင့်တဲ့စကားကို ပြောရဲရမယ်။

ခတ်တွေ နတ်တွေ ကြပ်တွေ အပြစ်ပြောရင် နတ်ကတော်က မကြိုက်ဘူး။ မိစ္ဆာဒိဋ္ဌိ အယူမှာ၊ အစွဲသန်နေတဲ့ ပုဂ္ဂိုလ်တွေက မကြိုက်ဘူး။ ဒါပေမဲ့ ဟုတ်နေ မှန်နေတယ်။ လေးစား လိုက်နာ နာထောင်လိုက်လို့ ဒီလူတွေ အယူမှာ စွန့်လိုက်လို့ရှိရင် အကျိုးများတယ်။ မကြိုက်ပေမဲ့ ပြောရမှာပဲ။ အခြေအနေ အချိန်အခါ မလွန်ခင် ပြောသင့်တာ ပြောရပါတယ်။

မသိလို့ ကိုးကွယ်မှုမှားနေတာတွေကို အချိန်မီ ပြောမပြခဲ့ရင်

သေလို့အပါယ်သွားတဲ့အခါကျတော့ ဘယ်သူက ကယ်မှာပါလိမ့်။ အမြင်မှန်ရဖို့ ဟောတာဟာ သူကြိုက်ဖို့ ဟောတာမှ မဟုတ်ဘဲ၊ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေပေါ့။ လက်တစ်ဆုပ်စာအတွက် မဟုတ်ဘဲ အများအတွက် ပြောနေတာ မဟုတ်လား။

ဟုတ်တယ်မှန်တယ် အကျိုးရှိတယ်ဆိုရင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြောရမယ်။ ဒါပေမဲ့ နေရာတကာတော့ လျှောက်မပြောရဘူး။ ပြောသင့် ပြောထိုက်တဲ့နေရာကို ရွေးပြီးမှပြောပါ။ နတ်ကိုးကွယ်မှုအကြောင်း အပြစ်တွေကို နတ်ကွန်းပေါ်တက် မပြောနဲ့၊ ကန္နားမှာလည်း မပြောနဲ့။ အခုလို တရားပွဲမျိုးမှာ ပြောပေါ့။

ပါဏာတိပါတာ သူ့အသက်ကို သတ်တဲ့အတွက် အသက်တိုတယ်၊ ရောဂါများတယ်လို့ ငါးစိမ်းသည်ဆီ သွား မဟောဘူး။ သူ့နေရာနဲ့သူ ဟောပေါ့။ ငါးစိမ်းတန်းသွားပြီး သူများအသက်သတ်ရင် အသက်တိုတတ်တယ်ဟောတော့ ဓားနဲ့မလိုက်ရင် ကံကောင်းနော်။ ဟုတ်တယ်၊ မှန်တယ်၊ လိုက်နာရင် အကျိုးရှိတယ်ဆိုပေမဲ့ ငါးစိမ်းသည်က ခံနိုင်ပါ့မလား။ ဒါကြောင့် "ဝေဖန်ကာ ဆင်မသင့်၊ မင်းပေါ်နှင့်ဦး"တဲ့။

ငါဟုတ်တယ်၊ ငါမှန်တယ်ဆိုပြီး နေရာတကာ အပြစ်မပြောပါနဲ့။ ပြောသင့် ပြောထိုက်မှ ပြော၊ မပြောသင့် မပြောထိုက်ရင် မပြောပါနဲ့။ အချိန်အခါ အခြေအနေကို ဝေဖန်ဆန်းစစ်ပြီးတော့ အချိန်မလွန်ခင် ပြောရမယ်။

ယောဂီတို့ကို အသေမဦးခင် ဉာဏ်ဦးအောင် ဟောနေတာဟာလည်း အချိန်မလွန်ခင် ဟောနေတာနော်။ မိစ္ဆာဒိဋ္ဌိ တန်းလန်းကြီးနဲ့ သေသွားရင် ကိုယ်ကျိုးနည်းကုန်ကြမှာ စိုးလို့။ မစင်စားပြိတ္တာ၊ အန်ဖတ်စား ပြိတ္တာ နှစ်ခုထဲက ဘယ်ပြိတ္တာ ဖြစ်ချင်သလဲ ပြောပါ။ ဘယ်ပြိတ္တာမှ မဖြစ်ချင်ဘူးဆိုရင်တော့ **သုဘာသိတာစ ယာဝါစာ**

မင်္ဂလာနဲ့ ပြည့်စုံရပါမယ်။ ဒါကြောင့် ဟုတ်တယ် မှန်တယ် အကျိုး ရှိတယ်၊ ကြားရသူကတော့ မကြိုက်ဘူး။ မကြိုက်လည်းဘဲ နေရာ အချိန်အခါ ကြည့်ပြီး အခါမလွန်ခင် ပြောရပါတယ်။

အရှင်ဒေဝဒတ်ကြီး ဘုရားကို ဂိုဏ်းခွဲပြီး ထွက်သွားတော့ "သံဃာ့ဘေဒက ကံထိုက်တယ်၊ ဒေဝဒတ် မြေမျိုမယ်"လို့ ဘုရား ရှင်က ဟောတာပဲ။ အဲဒီလို ဟောတာကို အရှင်ဒေဝဒတ်ကလည်း မကြိုက်ဘူး။ သူ့အဖေ သုပ္ပဗုဒ္ဓကလည်း မကြိုက်ဘူး။ ဒါပေမဲ့ နောင်လာ နောက်သားတွေ သူ့လို သံဃဘေဒကကံထိုက်မှာစိုးလို့ မကြိုက်ပေမဲ့ ဟောရတာပဲ မဟုတ်လား။ ကြိုက်ဖို့ မကြိုက်ဖို့ထက် နာယူသူတွေ အကျိုးများဖို့ အဓိကနော်။

ယောဂီတို့ အယူမှန် အမြင်မှန် သမ္မာဒိဋ္ဌိအယူဖြစ်အောင် ပြောတဲ့နေရာမှာ တစ်ဖက်ကို ကြည့်နေလို့ မဖြစ်ဘူး။ အရွယ်မရောက် သေးတဲ့ ကလေးတစ်ယောက် လေးဘက်ထောက်ခါစကလေးဟာ တွေ့ကရာ ကောက်စားတာပဲ၊ ခဲတွေ့လည်း မျိုးမှာပဲ၊ နေကြာစေ့ခွံ တွေ့လည်း မျိုမှာပဲ၊ သံတိုသံစတွေ့လည်း မျိုမှာပဲ၊ ကလေးဆိုတာ ဘာသိတာလိုက်လို့။

အဲဒီလို ကလေးက မသိလို့ ကောက်မျိုလိုက်ရင် မိဘက "ဒီကလေး သေတော့မှာပဲ"ဆိုပြီး လက်ညှိုးနဲ့ လက်မနဲ့ကောက်ပြီး နောက်လက်တစ်ဖက်နဲ့ ဆွဲထုတ်တာပဲ။ ကလေးကတော့ "ငါသေမှာ စိုးလို့ ဆွဲထုတ်နေဟာပါလား"လို့ လူကြီးရဲ့မေတ္တာ စေတနာကို နားမလည်ဘူး။ နဂိုကတည်းက မျိုချင်လို့ မျိုထားတာကို ဆွဲထုတ်တဲ့ အတွက် မကြိုက်ဘူးပေါ့။ မကြိုက်တော့ ခြေထောက်နဲ့လည်း ကန်၊ ပါးစပ်ကလည်း မပီကလာ ပီကလာနဲ့ ဆဲသေးတယ်။

ကလေးက သူ့ပါးစပ်ထဲက သံတိုသံစကို ဆွဲထုတ်တာ မကြိုက်တော့ ရန်းလိုက်ကန်လိုက်လုပ်ရော။ ရန်းရင်းကန်ရင်းနဲ့

သူ့နှုတ်ခမ်းကို မိဘလက်သည်းနဲ့ ခြစ်မိပြီး သွေးထွက်လာတယ်။ "သွေးတွေလည်း ထွက်တယ်၊ သူလည်း မကြိုက်ပါဘူးလေ"လို့ အဘလေး လွှတ်ပေးလိုက်ရင် သံတိုသံစတွေ ဒီကလေး ဗိုက်ထဲဝင်သွားမှာပေါ့။ သေသွားရင် မိဘမေတ္တာ စေတနာထားရာ ရောက်ပါ့မလား။

သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်။ သေမှာနဲ့စာရင် နှုတ်ခမ်းပွဲတာကမှ တော်သေးတယ်လို့ နှလုံးသွင်းပြီး မိဘက ဖွတ်ဆွဲထုတ်ရတာပဲ။ ယောဂီတို့ မကြိုက်ချင်နေပစေ၊ မကြည်ညိုချင်နေပစေ။ အပါယ်လေးဘုံကျသွားမှာစိုးလို့ ဟောရတာနော်။ ဒီလိုပဲ အကျိုးရှိမယ်ဆိုရင် မှန်တဲ့စကားကို မကြိုက်သည်ဖြစ်စေ ပြောရဲရမယ်။

## မှန်ကန်ယဉ်ကျေး ချိုအေးတဲ့စကားမျိုး

ဟုတ်တဲ့ မှန်တဲ့စကားကို အကျိုးရှိရက်နဲ့ သူမကြိုက်ဘူးဆိုတာကတော့ သူ့ဉာဏ်မမှီလို့ပေါ့။ ဗဟုဿုတ္တ မင်္ဂလာချို့တဲ့ပြီး ကြောင်းကျိုးသိရာမှာ ဗဟုသုတနည်းလို့ပေါ့။ ဒီစကားမျိုးကျတော့ မကြိုက်လည်း ဘုရားက ဟောတော်မူတာပါပဲ။

နံပါတ်ခြောက်က ဟုတ်တယ် မှန်တယ်၊ အကျိုးရှိတယ်၊ နာယူတဲ့လူလည်း ကြိုက်တယ်။ အဲဒီစကားမျိုးကိုလည်း ဘုရားဟောတော်မူပါတယ်။ စကားပြောတဲ့နေရာမှာ မှန်လည်းမှန်ရမယ်၊ ယဉ်လည်း ယဉ်ကျေးရမယ်၊ ချိုလည်း ချိုသာရမယ်။ တရားသဖြင့်လည်း ဖြစ်ရမယ်။ "မှန်ကန်ယဉ်ကျေး၊ ချိုသာအေး၊ ဆိုရေးတတ်ပါစေ"တဲ့။

စကားခြောက်ခွန်း ရှိရာမှာ နောက်ဆုံးနှစ်မျိုးကိုပဲ ဘုရားမြတ်စွာ မိန့်တော်မူလေ့ ရှိပါတယ်။ ဒါကြောင့် "ဗုဒ္ဓမိန့်ချွေ၊ စကားနှစ်ထွေ" လို့ အမည်ပေးထားတာပါ။ မင်္ဂလာအားဖြင့် "သုဘာသိတာစ

ယာဝါစာ" လက်ာနဲ့ပြောရင် "မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေး တတ်ပါစေ"။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် "အနုတ္တရောပုရိသ ဒမ္မသာရထိ"ဂုဏ်တော်ကြီးနဲ့ ပြည့်စုံတော်မူသည့်အတိုင်း ရိုင်းနေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ယဉ်ကျေးအောင် ဟောပြတော် မူနိုင်ပါတယ်။ ယဉ်ကျေးပြီးသား ပုဂ္ဂိုလ်တွေကိုလည်း နားဝင်အောင် ဟောပြတော် မူပါတယ်။

ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်တွေ နားဝင်အောင် ခန္ဓာပေါ် ဉာဏ်ရောက် အောင် ဟောလိုက်တာပါ။ ခန္ဓာပေါ် ဉာဏ်ရောက်ဖို့ကတော့ "တို့တစ်တွေ တရားဟောနေ တရားနာနေကြတဲ့ ခန္ဓာဟာ အလိုလို ရနေတာ မဟုတ်ဘူး။ အကြောင်းအကျိုးနဲ့ ရနေတယ်။ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တော့ ရုပ်နဲ့နာမ်။ ရုပ်ကလည်း ဖြစ်ပျက်၊ နာမ်က လည်း ဖြစ်ပျက်။ ဖြစ်ပျက်က ခန္ဓာမှာရှိတယ်။ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ"လို့ နားလည်ထားပါ။

ယဉ်ကျေးပြီးသား ပုဂ္ဂိုလ်တွေရဲ့ နှလုံးသားကို အထွင်အထိပ် ဉာဏ်ပညာတွေ တပ်ပေးလိုက်တာက ဗဟုဿစ္စဉ္စ သိပ္ပဉ္စ မင်္ဂလာပါ။ ခန္ဓာပေါ်ရောက်တဲ့ ပညာတပ်ပေးလိုက်တဲ့အခါ ဖြစ်ပျက်က ဒုက္ခသစ္စာ။ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ။ ကြောင်းကျိုးရုပ်နာမ် ဖြစ်ပျက်ကို မြင်လိုက် တဲ့အတွက်ကြောင့် မိစ္ဆာဒိဋ္ဌိ၊ ဣဿရ နိမ္မာနဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ ဒိဋ္ဌိတွေကို ပယ်သတ်လိုက်တာက သမုဒယသစ္စာ။ သမုဒယသစ္စာကို ပယ်သက်လိုက်တော့ အပါယ်လေးပါး မကျတော့ဘူး။ အပါယ် လေးပါးတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ ဖြစ်ပါတယ်။

နိရောဓသစ္စာဆိုတာ နိဗ္ဗာန်ပါ။ နိဗ္ဗာန်ဆိုတာ လောကုတ္တရာ မင်္ဂလာကြီး ဖြစ်ပါတယ်။ သုဘာသိတဝါစာ မင်္ဂလာတရားကြီးနဲ့ ညီညွတ်အောင် ပြောဆိုကျင့်ကြံနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ မြတ်သော နိဗ္ဗာန် မင်္ဂလာကြီးကို ရကြပါလိမ့်မယ်။ နိဗ္ဗာန်ရချင်ရင်၊ ဗုဒ္ဓမိန့်ချေ

စကားနှစ်ထွေကို ကိုယ်တိုင် နာကြားမှတ်သား အားထုတ်ပြီး လက်တွေ့ အသုံးချကြပါလို့ တိုက်တွန်းပါတယ်။

# သူတော်ကောင်းဓာတ် ကျေးဇူးဆပ်

## မင်္ဂလာအမှတ် (၁၀)

## မိဘကျေးဇူးဆပ်မို့ တာဝန်ရှိတယ်

**မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။**
**အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလာ မုတ္တမံ။**

မြင့်မိုရ်ရွှေတောင် မိဘကျေးကို၊
ကောင်းစွာဆပ်ပေး ဝင့်ကြေကြေ။
ကြွေးသစ်ချကာ သားနှင့်မယားကို၊
မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။
အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။
စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

"မာတာပိတု ဥပဋ္ဌာနံ = မြင့်မိုရ်ရွှေတောင် မိဘကြွေးကို ကောင်းစွာဆပ်ပေး ဝင့်ကြေကြေ"ဆိုတာ မင်္ဂလာအမှတ် (၁၀) ဖြစ်ပါတယ်။ မိဘကျေးဇူးကြွေးဟောင်း ဆပ်ပေးဖို့ဆိုတာ သားသမီးတွေရဲ့ တာဝန်ပိုင်းပါ။ ဝတ္တရားရယ် တာဝန်ရယ် နှစ်မျိုးရှိတဲ့အထဲမှာ ဝတ္တရားဆိုတာထက် တာဝန်က ပိုပြီး ရင့်ကျက်ထိရောက်ပါတယ်။ ဝတ္တရားက

ကျေချင်လည်း ကျေမယ်၊ မကျေချင်လည်း မကျေဘူး၊ ရှောင့်တိမ်ရှောင်ရဲ နိုင်တယ်။ တာဝန်ဆိုပြီး ချထားရင် အဲဒီတာဝန်ကို မကျေပွန်ကျေ ပွန်အောင်လုပ်ရတယ်။

သားသမီးတိုင်းမှာ မိဘပေါ်ပြန်လည်ပြုစု စောင့်ရှောက်ရမည့် တာဝန်ကြီးတွေ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘဆိုတာ သား သမီးတွေအတွက် အလွန်အင်မတန်မှ ကျေးဇူးကြီးမားတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တဲ့အတွက်ကြောင့်ပေါ့။

မိဘတွေဟာ ကိုယ့်သားသမီးလေး ဖြူသလား မဲသလားလို့ မသိရခင် သားသန္ဓေကိန်းတဲ့ အချိန်ကတည်းက ချစ်အားပိုခဲ့ကြတယ်။ တစ်နေ့ကို သချိုင်း မျက်စောင်းသုံးခါထိုးပြီးတော့မှ သေမင်းနဲ့ စစ်ခင်း အသက်လုပြီး လောကအလည် ရောက်အောင် မွေးထုတ်ပေးခဲ့ကြ တယ်။ အပြင်ရောက်တော့လည်း ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ကနေ ဝါးဖပ်တော် ကဆီနှစ်နဲ့ လူဖြစ်အောင် ကျွေးမွေးပေးခဲ့ကြတာ နော်။

ငယ်စဉ်တောင်ကျေး ကလေးဘဝကစပြီး "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း ထိမ်းမြားခြင်း လျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ" မိဘဝတ်ငါးပါး ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့ကြတယ်။ မိဘတွေက ငယ်ငယ်ကတည်းက လိမ္မာ ယဉ်ကျေးအောင် ဆုံးမသွန်သင် ပေးခဲ့ကြလို့သာ အခုလို ခန္ဓာဉာဏ် ရောက် မင်္ဂလာတရားတော်ကြီးတွေ နာကြားခွင့်ရကြတာ ဖြစ်ပါတယ်။ တရားတော်တွေ နာကြားရ၊ ပွားများအားထုတ်ခွင့်ရတာ မိဘကျေးဇူး ကြောင့်လို့ မှတ်ရမယ်။ သူတော်ကောင်းတွေပီပီ မိဘရဲ့ကျေးဇူးကို ကျေအောင်ဆပ်နိုင်ရမယ်။ ဒါကြောင့် မင်္ဂလာအမှတ် (၁၀)က "မြင့်မိုရ် ရွှေတောင် မိဘကျေးကို၊ ကောင်းစွာဆပ်ပေး ဝဋ်ကျေကျေ" လို့ ပြော လိုက်တာပါပဲ။

## သူတော်ကောင်း လက္ခဏာ ဂုဏ်ငါးဖြာ

တို့တစ်တွေ တရားနာကြ တရားထိုင်ကြတယ်ဆိုတာ သူတော်ကောင်းဖြစ်ချင်လို့ပါပဲ။ သူတော်ကောင်းဆိုတာ ဘယ်လိုပုဂ္ဂိုလ်လဲလို့ ရှင်တော်မြတ်ဘုရား ဟောကြားတော်မူထားတာ ရှိပါတယ်။

**ယော ဝေ ကတညူ ကတဝေဒိယော ကလျာဏ မိတ္တော ဒဠှဘတ္တိ ဟောတိ၊ ဒုက္ခိ ပတ္တာ သက္ကစ္စံ ကရောတိ ကိစ္စံ၊ သတံ ဝတံ သပ္ပုရိသာ ဝဒါတိ။**

သူတော်ကောင်း ဂုဏ်အင်္ဂါငါးပါး ရှိတယ်တဲ့။ ဘာတွေလဲဆိုတော့ သူများပြုဖူးတဲ့ ကျေးဇူးကို သိရမယ်။ ကျေးဇူးတုံ့ပြန်ဆပ်ရမယ်။ မိတ်ကောင်းဆွေကောင်း ဆရာကောင်း သမားကောင်း မိဘကောင်းတို့ရဲ့ တွေ့ရမယ်။ မိဘဆရာသမားတွေရဲ့ စကားကို နားထောင်ရမယ်။ ဆင်းရဲဒုက္ခရောက်နေတဲ့သူကို ကူညီရမယ်တဲ့။

ကျေးဇူးသိခြင်း၊ သိတဲ့အတိုင်း ကျေးဇူးဆပ်ခြင်း၊ မိဘဆရာ မိတ်ကောင်းရှိခြင်း၊ မိတ်ကောင်းတွေရဲ့စကားကို နားထောင်ခြင်း၊ ပရဟိတလုပ်ငန်း ဆောင်ရွက်ခြင်း ငါးမျိုးဟာ သူတော်ကောင်းတွေရဲ့ ဂုဏ်အင်္ဂါ လက္ခဏာများပါပဲ။

အဲဒီတော့ မိဘဆိုတာ ကျေးဇူးအများဆုံး ပုဂ္ဂိုလ်ဖြစ်လို့ မိဘကျေးဇူးသိတယ်၊ ကျေးဇူးဆပ်တယ်၊ မိကောင်းဖကောင်းရှိတယ်။ မိဘစကား နားထောင်တယ်ဆိုတဲ့ သားသမီးတွေသည် သူတော်ကောင်း လက္ခဏာနှင့် ညီနေပါတယ်။ မိဘအပါအဝင် ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီခြင်းဟာလည်း သူတော်ကောင်း လက္ခဏာပဲမို့လို့ ဆင်းရဲနွမ်းပါးတဲ့ မိဘတွေကို ပစ်မထားဘဲနဲ့ ကျွေးမွေးပြုစုစောင့်ရှောက်ဖို့လည်း လိုပါတယ်။ ဒီနေ့လို အများကောင်းစားရေး၊ လူမှုကယ်ဆယ်ရေး၊ နာရေးကူညီမှုအသင်းတွေ ဖွဲ့ပြီးတော့ ကြိုးစား

ဆောင်ရွက်နေကြတာဟာလည်း သူတော်ကောင်းလက္ခဏာပြည့်ဝသူ၊ သူတော်ကောင်းတွေရဲ့ လုပ်ငန်းပဲလို့ မှတ်ကြပါ။

သူတော်ကောင်း လက္ခဏာနဲ့အညီ နေထိုင်ပြီးတော့ မိခင်ဖခင် ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကို ပြန်လည်ဆပ်ပေးတဲ့ သားသမီးဟာ ဤစကားနဲ့ပင် သောတာပန်တည်နိုင်ပါတယ်။ သောတာပန်ဆိုတာ လောကုတ္တရာမင်္ဂလာဖြစ်လို့ လောကုတ္တရာမင်္ဂလာနဲ့ ကျေးဇူးဆပ်တယ်လို့ ပြောနိုင်ပါတယ်။

အမေအဖေက သားသမီးကို ဘယ်လောက်ထိ ချစ်သလဲဆိုတော့ ငယ်စဉ်ကာလမှာ သားသမီးမျက်နှာလေး အဲ့ခနဲ တစ်ချက်မဲ့လို့ မျက်ရည်တစ်ပေါက်များ ကျသွားခဲ့ရင် မိဘတို့ဝမ်း မငြိမ်းချမ်းဘူးတဲ့။ သားသမီးမျက်ရည်ကျဟာ မိဘတွေ မခံနိုင်ကြဘူး။ အဲဒီလို ရင်နှင့်အမျှ ခံစားပြီးတော့ ပြုစုစောင့်ရှောက်ခဲ့တဲ့ မိဘတွေ ကိုယ့်ရဲ့ မိုက်မဲမှုကြောင့် မျက်ရည်တစ်စက် ကျသွားပြန်ရင်လည်း “မိဘမျက်ရည်တစ်စက် သားသမီးတစ်သက်” ဘယ်တော့မှ မကြီးပွားနိုင်ဘူးလို့မှတ်ပါ။

## မိဘတွေရဲ့ မျှော်လင့်ချက်

မိခင် ဖခင် ကျေးဇူးရှင်တွေက သားသမီးတွေအပေါ်မှာ မျှော်လင့်ချက်လေးတွေ ထားပါတယ်။ အဲဒီမျှော်လင့်ချက်တွေကတော့ **ဘတောနေ ဘရိဿာမိ၊ ကိစ္စံ နေသံ ကရိဿာမိ၊ ကုလဝံသံ ဌပေဿာမိ၊ ဒါယဇ္ဇံ ပဋိပဇ္ဇာမိ၊ အထဝါ ပန ပေတာနံ ကာလင်္ကတာနံ ဒက္ခိဏံ အနုပ္ပဒဿာမိ။**

ငါတို့ကြီးပြင်းလို့ အလုပ်မလုပ်နိုင်တဲ့အခါ သားသမီးတွေက ငါတို့ကို ပြန်ပြီး ပြုစု လုပ်ကျွေးကြမယ်။ ငါတို့ရဲ့ ကိစ္စဝိစ္စတွေကို သားသမီးတွေက ငါတို့ကိုယ်စား ဆောင်ရွက်ဖော်ရကြလိမ့်မယ်။

အမျိုးဂုဏ် သာသနာ့ဂုဏ်ကို စောင့်ရှောက် ဖော်ရကြလိမ့်မယ်။ ငါတို့ ပေးတဲ့ လောကီလောကုတ္တရာ အမွေတွေကို ထိန်းသိမ်းစောင့်ရှောက် ဖော်ရကြလိမ့်မယ်။ ငါတို့ သေလွန်တဲ့အခါ ကုသိုလ်ကောင်းမှုပြုပြီး တော့ ငါတို့ကို အမျှအတမ်း ပေးဝေလိမ့်မယ်တဲ့။

နံပါတ်တစ်က ငါတို့ အသက်ကြီးရင် သားသမီးတွေက ငါတို့ကို ပြန်ပြီးတော့ ကျွေးမွေးပြုစု ဖော်ရကြလိမ့်မယ်တဲ့။ ငါတို့ မသွားနိုင် မလာနိုင်၊ မလုပ်နိုင် မကိုင်နိုင်၊ စီးပွားရေး မရှာနိုင်တဲ့ အခါမှာ သားသမီးတွေက ငါတို့ကို ရှာဖွေကျွေးမွေးကြလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတာ။ မိဘတွေရဲ့ မျှော်လင့်ချက်ကလေး မဆုံးရှုံး မနစ်နာ ကြပါစေနဲ့လို့ တိုက်တွန်းရပါတယ်။ မျှော်လင့်ချက် ပြည့်ဝအောင် ကိုယ့်အလှည့် ရောက်တဲ့အခါ သားသမီးတွေက မငြိုမငြင်နဲ့ ချမ်းသာ အောင်ထားပြီး ကျွေးမွေးပြုစုကြပါ။

နံပါတ်နှစ်က ငါတို့ရဲ့ကိစ္စ ဝိစ္စတွေကို သားသမီးတွေက ငါတို့ ကိုယ်စား ဆောင်ရွက် ဖော်ရကြလိမ့်မယ်တဲ့။ သာရေးနာရေး လူမှုရေး တွေ တစ်လျှောက်လုံး လုပ်လာခဲ့ပေမဲ့ အိုပြီဆိုတဲ့အခါကျတော့ မလုပ် နိုင်ကြတော့ဘူး။ ကျောင်းကန်ဘုရား သွားချင်တယ်။ ဆရာသမားကို ဖူးချင်တယ်။ ဒါပေမဲ့ ခန္ဓာကိုယ်က အိမ်အိုကြီး ကျားကန်ထားရသလို ယိုင်ရွဲ့နေပြီ။ ထိုင်မကောင်း ထမကောင်း ဖြစ်လာတဲ့အချိန်မှာ ငါတို့ ကိုယ်စား ငါတို့လုပ်ချင်တာလေးတွေကို သားသမီးတွေက လုပ်ပေး လိမ့်မယ်လို့ မျှော်လင့်ကြတယ်။ ဘာသာရေး၊ သာသနာရေး၊ လူမှုရေး ကိစ္စအဝဝကို သားသမီးတွေက ပခုံးပြောင်း တာဝန် ထမ်းကြလိမ့်မယ် လို့ မျှော်လင့်ပါသတဲ့။

နံပါတ်သုံးက အမျိုးဂုဏ် သာသနာ့ဂုဏ်ကို စောင့်ရှောက်ဖော်ကြ ရလိမ့်မယ်တဲ့။ တို့အမျိုးက ငါးပါးသီလ လုံတဲ့အမျိုး၊ ဘုရား ဒါယကာ ကျောင်းဒါယကာအမျိုး၊ သားသမီးတွေလက်ထက် ရောက်ရင်လည်း

ငါးပါးသီလ လုံခြုံတဲ့အကျင့်၊ ဘာသာရေးနဲ့ ရင်းနှီးတဲ့ အမူအရာတွေကို မပျောက်မပျက်အောင် ဆောင်ရွက်ကြပြီးတော့ အမျိုးဂုဏ်တက်အောင် ဆက်လက်ထိန်းသိမ်းကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နံပါတ်လေးက ငါတို့ပေးတဲ့ လောကီအမွေ လောကုတ္တရာအမွေတွေကို ထိန်းသိမ်းဖော်ရကြလိမ့်မယ်တဲ့။ ရွှေငွေ ရတနာအိုးအိမ် တိုက်တာဆိုတဲ့ လောကီအမွေတွေကိုလည်း ရေရှည်တည်တံ့အောင် တိုးတက်အောင် လုပ်ကြရလိမ့်မယ်။ ငါတို့ လှူဒါန်းခဲ့တဲ့ ကျောင်းကန်ဘုရားဆိုတဲ့ လောကုတ္တရာအမွေ ကုသိုလ်ကောင်းမှုတွေကိုလည်း ထိန်းသိမ်းပြုပြင် လှူဒါန်းကြလိမ့်မယ်တဲ့။ "မွေခံထိုက်စေ"ဆိုတဲ့အတိုင်း လောကီအမွေ၊ အိုးအိမ်စည်းစိမ်တွေကို လက်ခံသုံးစွဲကြသလို၊ လောကုတ္တရာကုသိုလ်ရေး အမွေတွေကိုလည်း ခံယူတဲ့အနေနဲ့ ပြင်ဆင်ပြုပြင်လှူဒါန်းကြရမှာ သားသမီးတွေရဲ့ တာဝန်ပါပဲ။ မိဘတွေရဲ့ ကောင်းမှုဘုရားကျောင်းကန်တွေကို ပြုပြင်စောင့်ရှောက် မိဘတွေ အားထုတ်ခဲ့တဲ့ တရားဓမ္မကိုလည်း အမွေဆက်ခံတဲ့အနေနဲ့ ဆက်လက်အားထုတ်ကြရပါမယ်။

နံပါတ်ငါးက ငါတို့သေလွန်တဲ့အခါ သားသမီးတွေက ငါတို့ကိုရည်စူးပြီးတော့ ကုသိုလ်ကောင်းမှုတွေလုပ်ပြီး အမျှအတန်းပေးဝေကြလိမ့်မယ်တဲ့။ မိဘဆိုတာ သားသမီးကို ဘယ်အရွယ်ရောက်နေနေ ကလေးလိုပဲမှတ်ပြီး စိတ်ချလက်ချ ရှိကြတာ မဟုတ်ဘူး။ သေတဲ့အခါမှာလည်း ဒီမောင်နှမတစ်တွေ သင့်မြတ်ပါ့မလား၊ ရန်များဖြစ်နေကြမှာလားနဲ့ ပူပန်နေတတ်ကြတယ်။ သားသမီးကို စွဲပြီး သေရင် "လောဘနဲ့သေ ပြိတ္တာပြည် မသွေရောက်တတ်သည်"ဆိုတဲ့ အတိုင်း နှလုံးသွင်းမှားပြီး ပြိတ္တာဖြစ်သွားနိုင်တယ်။ အဲဒီလို ဖြစ်ခဲ့ရင်လည်း ငါ့သားသမီးတွေက ကုသိုလ်ကောင်းမှုပြုပြီး အမျှဝေကြလိမ့်မယ်။

သူတို့ပေးဝေတဲ့ အမှုအတမ်းကို သာစုခေါ်ပြီးတော့ ကောင်းရာသုဂတိ ရောက်နိုင်မယ်လို့ မျှော်လင့်ချက်ထားခဲ့ကြသတဲ့။

အဲဒီနောက်ဆုံး မျှော်လင့်ချက်ကို သာမန်မိဘတွေ တော်တော်များများ ထားကြတယ်။ အသိဉာဏ်ရင့်ကျက် ဖြစ်ပျက်မင်္ဂကိုက်အောင် အားထုတ်ထားတဲ့သူမှာတော့ သေခါနီးကာလမှာလည်း ဖြစ်ပျက်မင်္ဂ ကိုင်ထားတဲ့အတွက် ဂတိလွဲပြီး ပြိတ္တာဘဝ ရောက်စရာ အကြောင်းမရှိပါဘူး။ "သတိပမေ့၊ ချိန်ပြည့်သိပြန်၊ မျက်လှန်ကြောခွဲ၊ မရှိသဲပျက်၊ သေလည်းမတောင့်တင်း၊ ပုပ်နံကင်းသည်၊ ကျိုးရင်း ဝိပဿနာတန်ခိုးတည်း"ဆိုတဲ့အတိုင်း ဝိပဿနာအလုပ်ရဲ့ ဟာန်စိုးလို့ မှတ်ပါ။

## သူများအမှုဝေတာ မျှော်မနေနဲ့

ဖြစ်ပျက်မင်္ဂကိုက် ပြီးတော့ရင်ထဲမှာ ငြိမ်းအေးအောင်လုပ်ထားတဲ့ မိဘတွေကျတော့ သားသမီးတွေ အမှုဝေတာ စောင့်နေစရာမလိုဘူး။ သူတို့ ကုသိုလ်ကောင်းမှုလုပ်ပြီး အမှုမှုဝေကြပါ့မလားလို့လည်း ကြောင့်ကြနေစရာ မလိုတော့ဘူး။

ခန္ဓာဉာဏ်ရောက် ဝိပဿနာလုပ်ငန်းနဲ့ နိဗ္ဗာန်ချမ်းသာ ခံစားခွင့်ဆိုတာကြီးသည် ငယ်သည်မရွေး၊ အမျိုးသား၊ အမျိုးသမီးမရွေး ခံစားနိုင်ကြပါတယ်။ နိဗ္ဗာန်ဆိုတာ ခန္ဓာရဲ့အဆုံးမှာရှိတယ်။ ဖြစ်လာတယ် ပျက်လာတယ်ဆိုတာ သတ္တဝါပုဂ္ဂိုလ်မဟုတ်ဘူး၊ ခန္ဓာသာ ဖြစ်တယ်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်အဆုံးဟာ ဒုက္ခဆုံးတာပဲပေါ့။ ဒုက္ခဆုံးတာ နိဗ္ဗာန်ပဲပေါ့။ ဒါကြောင့် ဖြစ်ပျက်ခန္ဓာအဆုံးမှာ နိဗ္ဗာန်ရှိတယ်လို့ ပြောတာပဲ။ ဖြစ်ပျက်မြင်ဖို့ အရေးကြီးပါတယ်။

ဖြစ်ပျက်မင်္ဂကိုက်ပြီး ခန္ဓာပေါ်မှာ ဉာဏ်ရောက်နေတဲ့ မိဘတွေမှာ သားသမီးပစ္စည်းဉစ္စာကို ခင်မင်စွဲလန်းတဲ့စိတ် မရှိဘူး။ မင်္ဂမရ

ဦ တောင်မှ သားသမီးဥစ္စာပစ္စည်းကို ခင်တွဲသဘော တဏှာဥပါဒါန် ပေါ်ခွင့်မရဘူး။ ခန္ဓာဉာဏ်ရောက် လောဘကင်းနေမှတော့ လောဘရဲ့ အကျိုးပေး ပြိတ္တာခန္ဓာရစရာ မလိုတော့ပါဘူး။

ခန္ဓာဉာဏ်ရောက် ဖြစ်ပျက်မဂ် ကိုက်တဲ့စိတ်ကလေးနဲ့သာ စုတိစိတ် ကျသွားရင် ပုံဆိုးပန်းဆိုးကြီးရဲ့ ကွန့်လိမ်ကောက်ကွေး မျက်လုံးကြီးပြူး၊ ပါးစပ်ကြီးဟ ဆိုဟာတွေ မရှိနိုင်တော့ဘူး။ မဂ်မရ ခဲ့ရင်တောင်မှ နတ်ခန္ဓာရပြီး အရိယာဖြစ်နိုင်ပါတယ်။ ဒီလိုပုဂ္ဂိုလ်မျိုး အတွက် တွတ်တွတ်အမျှဝေမှာကို မျှော်နေစရာမလိုတော့ပါဘူး။

ကိုယ်ပိုင်ဥစ္စာ ကိုယ်ပိုင်ရိက္ခာ ကိုယ်ပိုင် အနှစ်သာရမရှိတဲ့သူ တွေသာ သူများဆီ လက်ဝေခံ မျှော်နေရတာပါ။ ခန္ဓာဉာဏ်ရောက် အလုပ်လုပ်ထားကဲ့ မိဘတွေအတွက် သားသမီးဆီက အမျှဝေတာ မျှော်စရာ လိုဦးမှာတဲ့လား။

## ကြွေးဟောင်းတွေကျေအောင်ဆပ်

တချို့သားသမီးတွေက အလုပ်မရှိ အကိုင်မရှိ ဘာမှပြင်ဆင် ထားတာ မရှိဘဲနဲ့ အိမ်ထောင်ပြုချင်ကြတယ်။ ယူလာတဲ့ မိန်းကလေး ကြည့်ပြန်တော့လည်း ဆပ်ကော့လပ်ကော့။ ခဏနေတော့ အိမ်ပေါ် ပြန်ရောက်လာပြီး မိဘကကျွေးထားရတယ်။ သူတို့မွေးထားတဲ့ မြေး တွေလည်း ထိန်းပေးရသေးတယ်။ အိမ်ဝေယျာဝစ္စတွေ ကုန်းရုန်းလုပ် ကျွန်ခံနေတာတောင် အပြောအဆို မလွတ်ဘူး။ ဒါပေမဲ့ မိဘတွေက အပြုံးမပျက်ပါဘူး။

မိဘဆိုတာ အဆန်းသဘော အမြဲရှိတယ်။ စုန်ရေမဟုတ်ဘူး နော်။ သားသမီးဆီက လက်ဝေခံမယူချင်ဘူး။ သားတာဝန်၊ သမီး

တာဝန်၊ မြေးတာဝန်၊ မြစ်တာဝန် အကုန်လုံး သူ့တာဝန် သဘော ထားတယ်။ သိပ်ကျေးဇူးကြီးတဲ့ မိဘတွေပါ။

ကျေးဇူးကြီးတဲ့ မိဘတွေကို တရားနဲ့ကျေးဇူးဆပ်တာ အကောင်း ဆုံးဆိုပြီးတော့ ရိပ်သာပို့ပစ်လိုက်ရင်လည်း အခက်နော်။ "မြင့်မိုရ် ရွှေတောင် မိဘကြွေးကို ကောင်းစွာဆပ်ပေး ဝင့်ကျေကျေ" ဆိုတဲ့ အတိုင်း မိဘကြွေးက ကြွေးဟောင်းတွေမို့ ဆပ်ကိုဆပ်ရမယ်။ ကိုယ့်ကို ကျွေးမွေးပြုစုတာတွေအတွက် တုံ့ပြန်ပြီး ကျွေးမွေးပြုစုကြရမယ်။

မိဘကိုကျေးဇူးဆပ်တဲ့နေရာမှာ "မိကိုလက်ျာ၊ ဖမှာလက်ဝဲ" ဆိုတဲ့အတိုင်း အမေကို လက်ယာပခုံးပေါ်မှာတင်၊ အဖေကို လက်ဝဲပခုံး ပေါ်မှာတင်ပြီး အစားအသောက်တွေ ကျွေးမွေး။ ရေချိုးတော့လည်း ပခုံးပေါ်မှာပဲ။ ကျင်ကြီးကျင်ငယ်စွန့်တော့လည်း ဒီပခုံးပေါ်မှာပဲ။ အဲဒီလို နှစ်ပေါင်းတစ်ရာ ပြုစုလုပ်ကျွေးရင်တောင်မှ မိဘကျေးဇူး ဆပ်ရာမရောက်သေးဘူး" တာဝန်ကျေအောင် လုပ်ပေးတဲ့ အဆင့်ပဲ ရှိပါတယ်။

## မိဘကျေးဇူး အကောင်းဆုံးဆပ်နည်း

မိဘကျေးဇူး တကယ်ဆပ်ချင်တယ်ဆိုရင် သဒ္ဓါတရားမရှိတဲ့ မိဘတွေကို သဒ္ဓါတရားနဲ့ ပြည့်စုံအောင် စည်းရုံးပေးရမယ်။ အချို့မိဘ တွေက ရှေးရိုးသိပ်ဆန်းတာနော်။ "ငါတို့က ဒါနလည်း လုပ်ပြီးပြီ၊ သီလလည်း ဆောက်တည်ပြီးပြီ၊ သမထလည်း ပွားပြီးပြီ။ ငါတို့က သီလလုံလုံခြုံခြုံနေတယ်။ မတော်မတရားလည်း မလုပ်ဘူး။ သူများ ကိုလည်း အတင်မပြောဘူး။ ဘယ်မှလည်း မသွားဘူး။ စိတ်ကောင်း နှလုံးကောင်းရှိရင် ပြီးတာပဲ"ဆိုပြီးတော့ ပုတီးလေး ချောက်ချက် ချောက်ချက်လုပ်နေရရင် ကျေနပ်နေတာ။ ကိုရီးယားကား လာရင်

လည်း ပုတီးစိတ်ကို ရောက်တဲ့နေရာမှာရပ်ပြီး အပ်ချိတ်ကလေးနဲ့ ချိတ်ထားပြီး ကြည့်နေတာပဲ။ ပြီးတော့မှ ပုတီးလေး ကောက်စိတ်ပြန်ရော။

သူတို့မှာ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကို လုပ်ရမယ်လို့ ယုံကြည်ချက် သဒ္ဓါတရား မရှိဘူး။ အသိပညာ ခေါင်းပါးတယ်။ ဥပုသ်သီလ ဆောက်တည်ရမှာ ပျင်းတယ်။ လှူရတန်းရမှာ နှမြောတယ်။ အဲဒီလို သဒ္ဓါတရား ပညာ သီလ စာဂတရား နည်းပါးနေတဲ့ မိဘတွေကို သဒ္ဓါတရားထက်သန်လာအောင်၊ ပညာရင့်ကျက်လာအောင်၊ သီလဆောက်တည်ချင်လာအောင်၊ လှူချင်တန်းချင်လာအောင် ပြောဆိုညွှန်ပြတိုက်တွန်းပေးရမယ်။ ဒါ မိဘကို ကျေးဇူးဆပ်နေတာပါ။

ရှေးဆန်တဲ့ မိဘတွေက ကြာသာမစ္ဆရိယများပြီး လှူချင်တန်းချင်စိတ် နည်းတတ်တယ်။ သူတို့ကို ဒါနပြုချင်စိတ်ပေါ်လာအောင် "မေမေ ဒါကလေ သမီးရှာလို့ရတဲ့ ချွေးနဲစာလေး။ မေမေသုံးရအောင် ပေးတာနော်။ ကုသိုလ်ကောင်းမှုလည်း လုပ်ရအောင်နော်"လို့ ပြောပေးရမယ်။ တစ်ခါတစ်ခါ သူတို့စိတ်နဲ့ လှူချင်တာ ရှိလာရင်လည်း အထမြောက်အောင်လုပ်ပေးရတယ်။ "ကျောင်းမှာ ပန်ကာလှူချင်လို့ သမီးရယ်"ဆိုရင်။ "လှူရမှာပေါ့ မေမေ"ဆိုပြီး ဝယ်ပေးလိုက်။ ဘယ်လောက်ကျသလဲ မေးရင် လျှော့သာပြောနော်။ တစ်သောင်းခွဲကျတယ်ဆိုရင် "ငါးထောင်ထဲပါ မေမေရယ်"လို့ ပြော။ သူတို့က ခေတ်ကုန်ဈေးနှုန်းကို နားမလည်ဘူး။ တန်ဖိုးအများကြီးဆိုရင် လှူချင်တာ မဟုတ်ဘူး။ နှမြောတတ်တယ်။

သဒ္ဓါတရားမရှိတဲ့ မိဘကို သဒ္ဓါတရားရှိအောင်၊ ပညာနည်းတဲ့ မိဘကို ပညာရင့်ကျက်အောင်၊ သီလနည်းတဲ့ မိဘကို သီလဆောက်တည်အောင်၊ အလှူအတန်း နည်းတဲ့မိဘကို လှူချင်အောင် ဆောင်ရွက်ပေးတာ အကောင်းဆုံး မိဘကျေးဇူးဆပ်နည်း ဖြစ်ပါတယ်။

## မိဘကျေးဇူးဆပ်သူ ဘယ်တော့မှ မဆင်းရဲ

ဘုန်းကြီးတရားဟောခါစ အချိန်က အမေရော အဖေရော အသက် ၇၃ နှစ်ရှိနေကြပြီ။ တရားဟောခါစဆိုတော့ ၁၀ ရက်စခန်း ဓမ္မပူဇာမှ ၁၀၀၀ ပဲရတယ်။ စခန်းက ပြန်လာတာနဲ့ မိုးကုတ်ဆရာတော်ဘုရားကြီး တရားတိတ်ခွေ ၁၀ ခွေကူးပြီးသား တစ်ဖာကို ဝယ်လိုက်တယ်။ ၄၅၀ ပေးရတယ်။ ကျန်တဲ့ ၅၅၀ ထဲကမှ အမေနဲ့ အဖေကို လှူချင်တာလှူ စားချင်တာစားဆိုပြီး ၄၅၀ ကန်တော့တယ်။ အဖေက ရိပ်သာထဲမှာ သင်္ကန်းဝတ်နေတာနော်။ အမေအဖေကို လှူပြီး ကျန်တဲ့ငွေ ၁၀၀ နဲ့ လောက်အောင်သုံးပြီး နယ်လှည့်သာသနာပြု ခဲ့တာပါ။

ဘုန်းကြီးရဲ့ သာသနာပြုလုပ်ငန်းတွေ အောင်မြင်နေတာကို လူတွေ သိကြတယ်။ ဘယ်လောက်အဆင်းရဲ အပင်ပန်းခံပြီး အလုပ်လုပ်ခဲ့တယ်ဆိုတာကျတော့ ဘယ်သူမှ မသိဘူး။ မိဘဆရာသမားကို ရှိသေလေးစား မြတ်နိုးတန်ဖိုးထားပြီး လုပ်ကျွေးတဲ့ သားသမီးဟာ ဘယ်တော့မှ မဆင်းရဲဘူးဆိုတာကိုတော့ သဘောပေါက်စေချင်ပါတယ်။

ဘုန်းကြီး စာသင်သားဘဝတုန်းက ကျောက်မဲမြို့မှာရှိတဲ့ သီဟိုဠ်ပရိယတ္တိ စာသင်တိုက်မှာ နေတယ်။ ဆရာတော်ဘုရားကြီးက မန္တလေးကနေ စာချဆရာတော်ကို ပင့်လာတာ။ အဲဒီစာချဆရာတော်ဆီမှာ ဘုန်းကြီးတို့က စာသင်ရပါတယ်။

စာချဆရာတော်က မန္တလေးက လာတာဆိုတော့ ကျောက်မဲမှာ ရှမ်းဆန် ရှမ်းစာတွေကို မဘုဉ်းပေးနိုင်ဘူး။ စာချရင်းနဲ့ ချောင်းခဏခဏဆိုးတယ်။ “ဆရာတော် နေကောင်းရဲ့လား” မေးတော့ “ကောင်းပါတယ်ကွာ၊ ဒီက ဆန်စေးတွေ ငါမစားနိုင်ဘူး၊ ဟင်းတွေ

ကလည်း ချိုမလို ချဉ်မလိုနဲ့ အရသာ မတွေ့ဘူးကွာ”လို့ မိန့်တယ်။

ဘုန်းကြီးလည်း စာချဆရာတော်ကို သနားလွန်းလို့ ဆွမ်းခံတဲ့ အိမ်တွေကို ပြောပြပါတယ်။ ဆွမ်းခံအိမ်တွေက ဆရာတော်စားနိုင်မည့် ဆန်မာလေးတွေချက်ပြီး ဆွမ်းဟင်းပါ သင့်တင့်အောင် ချက်ပြုတ်ပြီးတော့ ဆွမ်းချိုင့်တည်ကြတယ်။ ဘုန်းကြီးက သပိတ်တစ်ဖက် ဆရာသမားအတွက် ဆွမ်းချိုင့်တစ်ဖက်နဲ့ ကျေးဇူးပြုခဲ့တာ ခြောက်နှစ်တိတိကြာတယ်။ မိုးရွာရွာနေပူပူ၊ ဖျားချင်ဖျား။ ကိုယ့်ဆရာသမား အာဟာရ ကောင်းကောင်း သုံးဆောင်နိုင်အောင်လို့ ဆွမ်းချိုင့်ဆွဲတာ မပျက်စေခဲ့ဘူး။

အဲဒီကျေးဇူးတရားကြောင့် ဒီနေ့အချိန်မှာ ဘုန်းကြီးတရားစခန်းဖွင့်တဲ့နေရာတိုင်း အာဟာရမပြည့်စုံဘူးဆိုတာ လုံးဝ မရှိစေရ။ မိုးကုတ်မှာ တစ်ဝါပတ်လုံး စခန်းပွဲလုပ်တယ်။ အလှူရှင်တွေ ကြိတ်ကြိတ်တိုးနေတာပဲ။ ဒါဟာ ဆရာသမားကို ကျေးဇူးဆပ်ခဲ့တဲ့ စွမ်းရည်၊ မိဘကို ကျေးဇူးဆပ်ခဲ့တဲ့ စွမ်းရည်ပါပဲ။

ဒါကြောင့် မိဘကို ကျေးဇူးဆပ်တဲ့ သားသမီး ဘယ်တော့မှ မဆင်းရဲဘူးဆိုတာ ဘုန်းကြီးဘဝနဲ့ရင်းပြီးတော့မှ အာမခံပါတယ်။ ဘဝမှာ အောင်မြင်ချင်တယ်၊ ကြီးပွားချင်တယ်၊ ပြည့်စုံချင်တယ်ဆိုရင် မိဘကျေးဇူးဆပ်ကြပါ။

## မိဘလုပ်ကျွေး ရဟန်းတော်လေး

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော် စံပျော်တော်မူစဉ် သာဝတ္ထိမြို့ထဲက သူဌေးသားတစ်ယောက်ဟာ ကျောင်းတော်ကို ရောက်လာပြီး မြတ်စွာဘုရားဟောကြားတဲ့ တရားတော်တွေကို နာကြားတယ်။ တရားနာပြီးတဲ့အခါမှာ သက်န်းဝတ်ချင်စိတ် ပေါက်လာပါသတဲ့။

ဒါနဲ့ အိမ်ပြန်ရောက်တော့ မိဘတွေဆီမှာ သင်္ကန်းဝတ်ခွင့်တောင်းတယ်။ မိဘတွေကလည်း ဒီသားလေးတစ်ယောက်ပဲရှိတာမို့ ခွင့်မပြုကြဘူး။ သူတို့က အိုမင်းမစွမ်းဖြစ်နေတော့ ဒီသားလေးတစ်ယောက်ပဲ အားကိုးနေရတာကိုး။ ဒါပေမဲ့ သားဖြစ်သူက တားမရဘူး "ငါကောင်းတာလုပ်တာပဲ"ဆိုပြီး ခွက်ထွက်သွားတယ်။ မိဘတွေမှာ မျက်ရည်နဲ့ မျက်ခွက်ကျန်ခဲ့ကြတာပေါ့။

အဲဒီသူဌေးသားက သင်္ကန်းဝတ်ပြီးတော့ ဘုရားထံမှာ ကမ္မဋ္ဌာန်း ဥပနိဿယတောင်းပြီး တောထဲမှာ တရား သွားကျင့်လိုက်တာ ၁၂ နှစ်တောင် ကြာသွားတယ်။ ကျန်ရစ်တဲ့ မိအိုဖအိုတွေမှာတော့ သားစိတ်ကတစ်မျိုး၊ ကူဖော်လောင်ဖက်မရှိတာက တစ်မျိုးနဲ့ စီးပွားရေးက ကရိုပ်ရိုပ် ကျလာလိုက်တာ အိမ်ကိုပါ ရောင်းပစ်လိုက်ရကဲ့ အခြေအနေရောက်သွားတယ်။ နောက်တော့ သူများအိမ်ဘေးမှာ အဖီကလေးနဲ့ နေပြီး တောင်းစားရတဲ့အထိ ဖြစ်သွားရှာသပဲ့။

တောထဲမှာ ၁၂ နှစ်ကြာတော့ သူနေတဲ့ တောကျောင်းလေးကို သာဝတ္ထိက အာဂန္တုရဟန်းတော်တစ်ပါး ရောက်လာသတဲ့။ အဲဒီရဟန်းနဲ့ စကားစမြည်ပြောကြရင်းနဲ့ သူ့မိဘတွေရဲ့အဖြစ်ကို သိသွားတယ်။ "၁၂ နှစ်လုံးလုံး တရားအားထုတ်တာတောင် တရားထူးမရတဲ့ အတူတူ လူထွက်ပြီးတော့ မိဘတွေ လုပ်ကျွေးတော့မယ်"ဆိုပြီး သာဝတ္ထိကို လိုက်လာခဲ့သတဲ့။

မြို့ထဲကို ရောက်ရော့ "လူမထွက်ခင် ဘုရားဆီ ဝင်ပါဦးမယ် လေဆိုပြီး ဘုရားထံ ဝင်သွားတယ်။ ဘုရားမြတ်စွာက "မိဘကို လုပ်ကျွေးတာများ သင်္ကန်းဝတ်နဲ့လည်း လုပ်ကျွေးနိုင်တယ်ကွဲ့"လို့ မိန့်တော်မူလိုက်တော့ အားရဝမ်းသာဖြစ်ပြီး မိအိုဖအိုတွေကို လိုက်ရှာ ဆွမ်းခံပြီးတော့ ကျွေးတော့တာပဲ။

ဆွမ်းခံပြန်လာတာနဲ့ မိဘကို အရင်ကျွေးတယ်။ မိဘတွေဝပြီ

ဆိုတော့မှ ကျန်တာလေးစားလိုက်တယ်။ မကျန်တဲ့အခါကျတော့လည်း ဒီအတိုင်း ရေသောက်နေလိုက်တာပဲ။ အဝတ်စလေး ရလာရင် မိဘ ပေ့ကို ချုပ်ပေးလိုက်တယ်။ ကြာတော့ ကိုယ်တော်လေးဟာ သက်န်း တွေလည်း စုတ်ပြတ်ဟောင်းနွမ်း ခန္ဓာကိုယ်လည်း ပိန်းချုံးလာတာပေါ့။

တခြားရဟန်းတွေက ကိုယ်တော်လေးကို မြင်တော့ "ဘယ်လို ဖြစ်တာလဲ၊ ပိန်လှချည်လား"မေးကြတယ်။ ကိုယ်တော်လေးကလည်း အမှန်အတိုင်း ပြောပြလိုက်တာပေါ့။ အဲဒီမှာ ရဟန်းကော်တွေက "လူတွေ သဒ္ဓါတရားနဲ့ လှူတဲ့ပစ္စည်းကို မိဘပေးသတဲ့။ အလှူရှင် သဒ္ဓါဖျက်ဆီးနေတာပဲ"ဆိုပြီး ဘုရားကို တိုင်ကြတယ်။ ဘုရားမြတ်စွာ က ကိုယ်တော်လေးကို မေးမြန်းစိစစ်တော်မူပြီး မိဘကို လုပ်ကျွေးတာ ဖြစ်တဲ့အတွက် သာခုသုံးကြိမ်ခေါ်တော်မူပါသတဲ့။

ဘုရားကိုယ်တော်မြတ်ကြီးက "ငါဘုရားလည်း နစဉ်အခါက မိဘကို လုပ်ကျွေးခဲ့တာပဲကွဲ့"ဆိုပြီး သုဝဏ္ဏသာမဇာတ်တော်ကို ပြန်ပြောင်း ဟောပြတော်မူပါတယ်။ အဲဒီမှာ ရဟန်းတော်လေးဟာ အားရဝမ်းသာ ဖြစ်သွားပြီးတော့ တရားအလုပ် ကြိုးစားအားထုတ် လိုက်တဲ့အခါမှာ သောတာပန်တည်သွားပါသတဲ့။ မိဘတွေကို ပြန်ပြီ တရားဟောတဲ့အခါမှာလည်း မိဘနှစ်ပါးလုံး သောတာပန် တည်ကြ ပါသတဲ့။

ရဟန်းတော်လေးဟာ သူ့သဘောနဲ့သူ တောထဲမှာ ၁၂ နှစ်လုံး လုံး တရားအားထုတ်စဉ်က တရားထူးမရဘဲနဲ့ မိဘကို ဆွမ်းခံကျွေး ပြီးတဲ့နောက်မှာ တရားထူး ရခဲ့တာနော်။ မိဘတွေကို အစားအဝတ် ပေးပြီး ကျွေးမွေးဆပ်ရုံတင် မကဘဲ တရားနဲ့လည်း ကျွေးမွေးဆပ်ခဲ့တဲ့ ရဟန်းတော်လေးမို့ ကြည်ညိုစရာ အားကျအတုယူစရာ ကောင်းလိုက် တာနော်။

## မိဘချစ်ရင် တရားနဲ့ ကျေးဇူးဆပ်

ဘုန်းကြီး မန္တလေးမှာ တရားဟောလို့ ခုနစ်လလောက်ရှိတဲ့ အချိန်မှာ ဘုန်းကြီးအမေက "ငါ့သားရဲ့ တရားနာရရင် သေပျော်ပါပြီ" ဆိုပြီး လိုက်လာတယ်။ သမီးတွေ တားတဲ့ကြားက "နင်တို့လမ်းစရိတ် မပေးချင်လည်းနေ၊ ငါ့မှာ ဆွဲကြိုးရှိတယ်"ဆိုပြီး လိုက်လာတယ်။ ရိပ်သာမှာ ငါးလလောက်နေတယ်။ မန္တလေး တရားစခန်းမှာ ခုနစ် ရက်လည်းနေရော ထိုင်လျက်နဲ့ စုတိစိတ် ကျသွားပါတယ်။

အမေ့ဈာပနမှာ မငိုလို့ဆိုပြီး ဘုန်းကြီးကို သူငယ်ချင်းတွေက အပြစ်ဆိုကြတာပဲ။ ဘုန်းကြီးသူငယ်ချင်းအတူနေ ဦးဇင်းတွေက အမေ့ ကို သိပ်ချစ်တယ်။ အမေက ကျောင်းလာလို့ရှိရင် "ငါ့သားလေး အတွက်"လို့ စိတ်မျိုးမရှိဘူး။ ကျောင်းမှာငါးပါးရှိတော့ မုန့်ဆိုလည်း ငါးခု၊ ဟင်းဆိုလည်း ငါးခွက်ယူလာခဲ့တယ်။ ဒီတော့ အမေ့ကိုချစ်ကြ တာ မဆန်းပါဘူး။

အမေ့ဈာပနမှာ အမေ့ရုပ်ကလာပ်ကို ဘေးမှာထားပြီးတော့ ဘုန်းကြီးက မာတုပေါသက သုတ္တန်နဲ့ အမေကျေးဇူးဆပ် တရားဟော ပါတယ်။ ပရိသတ်တွေရော ဘုန်းကြီးသူငယ်ချင်းတွေရော မျက်ရည် ကျတယ်။ တရားနာနေတဲ့ သူငယ်ချင်းတွေက "အမေ့ရုပ်ကလာပ်ဘေး မှာထားပြီး ပြုံးပြုံးကြီးနဲ့ တရားဟောနိုင်ရသလား"လို့ စိတ်ဆိုးဝမ်း နည်းနဲ့ ပြောကြတယ်။

"အရှင်ဘုရားတို့ တပည့်တော် အမေ့ကို သိပ်ချစ်တာပါ။ အမေ့ ကို ချစ်လွန်းလို့ တရားနဲ့ ကျေးဇူးဆပ်တာပါ။ အရှင်ဘုရားတို့ကော အမေကို ချစ်သလား၊ ချစ်ရင်တရားနဲ့ ကျေးဇူးဆပ်ကြပါ။ အမေ့ကို ချစ်တယ်ဆိုပြီး တရားသိအောင် လုပ်မပေးရင်ချစ်ရာမရောက်ပါဘူး"လို့ သူငယ်ချင်းတွေကို ပြန်ပြောရပါတယ်။

ယောဂီတို့တစ်တွေလည်း မိဘကိုချစ်တယ်ဆိုရင် သဒ္ဓါတရား မရှိတဲ့ မိဘကို သဒ္ဓါတရားရှိအောင် ကျေးဇူးဆပ်ရမယ်။ ဒါနမလုပ်ချင်တဲ့ မိဘကို ဒါန လုပ်ချင်စိတ်ရှိအောင်၊ သီလမရှိတဲ့ မိဘကို သီလ ဆောက်တည်ဖြစ်အောင်၊ ဖြစ်ပျက် မမြင်သေးတဲ့ မိဘကို ဖြစ်ပျက် မြင်လာအောင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် သင်ပေးရပါမယ်။

ငယ်စဉ်တောင်ကျေး ကလေးဘဝကစလို့ ပြုစုလုပ်ကျွေးမွေးခဲ့တဲ့ ကျေးဇူးရှင်မိဘတွေကို သားသမီးတွေက ကျေးဇူးတုံ့ပြန်ဆပ်ရမည့် တာဝန်ရှိပါတယ်။ ယုတ်မာတဲ့ စိတ်ဓာတ်ရှိရင် ကျေးဇူးမဆပ်နိုင်ပါဘူး။ သူတော်ကောင်းစိတ်ဓာတ်ရှိမှသာ တရားနဲ့အညီ ကျေးဇူးဆပ်နိုင်ပါတယ်။ ဒါကြောင့် "သူတော်ကောင်းဓာတ်၊ ကျေးဇူးဆပ်"လို့ ပြောလိုက်တာပါ။

သူတော်ကောင်းဓာတ်ခံရှိမှ မိဘကျေးဇူးဆပ်နိုင်ပါတယ်။ သူတော်ကောင်း ဓာတ်ခံရှိပြီး မိဘကို ကျေးဇူးဆပ်တဲ့ သားသမီးဟာ ဘယ်တော့မှ မဆင်းရဲဘူးလို့ ဆုံးဖြတ်ချက် ချထားပါ။ မိဘကို ကျေးဇူးဆပ်ခြင်းသည် မာတာပိတုဉပဋ္ဌာနံ မင်္ဂလာတရားတော်ကြီးနဲ့ ညီညွတ်ပါတယ်။ အဲဒီမင်္ဂလာတရားတော်ကြီးကို လက်တွေ့အသုံးချ ကြိုးစားအားထုတ်ကြပါစို့။

ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ
လောကီလောကုတ္တရာ အသုံးချပညာ

# ကြီးပွားကြောင်းရာ မင်္ဂလာ
# (ဒုတိယတွဲ)

မိုးကုတ်၊ မန္တလေး၊ မုံရွာ
ဓမ္မရံသီရိပ်သာကျောင်းတိုက်များ
၏
ဦးစီးပဓာနနာယက
နယ်လှည့်ဓမ္မကထိကဆရာတော်
ဘဒ္ဒန္တ သုနန္ဒ (ဓမ္မရံသီ)

## ပုံနှိပ်မှတ်တမ်း

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး၊ ဦးဝင်းနိုင်၏ စာအမှတ်(၁၁၉/၀၁/ (ပုံနှိပ်) သာသန – ၁၀/ခွင့်ပြုချက်အမှတ် ၀၇၈၄၃/၀၂၄၀၅ ဖြင့်၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၃၉၇/အေ) ၁၃ လမ်း၊ အမှတ် (၃) ရပ်ကွက်ရှိ ဦးအောင်မျိုး၏ ဆုလာဘ်ပြည့် ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

**အကြိမ်** – ပထမအကြိမ်

**အုပ်ရေ** – ၁၀၀၀

**ထုတ်ဝေသည့်ခုနှစ်** – မေလ၊ ၂၀၁၀ ခုနှစ်

**တန်ဖိုး** –

**ဖြန့်ချိရာဌာန**

ဓမ္မရံသီရိပ်သာ၊ မိုးကုတ်မြို့။

ဖုန်း – ၀၉–၉၀–၃၀၂၆၅

# မာတိကာ


(က) မော်ကွန်းမှတ်တမ်း — က

(ခ) စီစဉ်သူ၏ ရင်တွင်းစကား — ခ

(ဂ) ဓမ္မရံသီဆရာတော်ဘုရား၏ အာသီသဝဏ္ဏနာရည်ညွှန်းလွှာ — င


## ကြွေးဟောင်းကြွေးသစ်ဆပ်ဖို့သင့်


၁။ ကြွေးသစ်ချ မင်္ဂလာ — ၃

၂။ စိတ်တူသဘောတူ ခံတတ်တဲ့ အိမ်ထောင်ရေး — ၅

၃။ သိကြားမင်းကြီး ရှိခိုးခံထိုက်သူများ — ၇

၄။ အိမ်ထောင်မှုသာယာ မိသားစုမင်္ဂလာ — ၈

၅။ ဝတ်စားဆင်ယင် မြတ်နိုးကြင်နာပါ — ၁၁

၆။ အိမ်သူ့ဝတ္တရား၊ ကောင်းကျိုးပွား — ၁၃

၇။ ချစ်ခင်ကြင်နာ ကြွေးသစ်ချပါ — ၁၅

၈။ နေ့တိုင်းမှာ မင်္ဂလာဆောင်ကြဖို့ — ၁၈


## အပြစ်ကင်းစွာ လုပ်ကိုင်ပါ


၉။ ကိုယ့်ရဲ့တာဝန် ကိုယ်ကျေပွန် — ၂၃

၁၀။ အခြေခံလုံလောက်ဖို့ အရေးကြီး — ၂၄

၁၁။ မယဉ်ကျေးရင် ဘယ်သူမှ လက်မခံ ၂၅
၁၂။ သားသမီးကို ပတ်ဝန်းကျင်မျက်လုံးနဲ့ကြည့် ၂၆
၁၃။ ဗုဒ္ဓယဉ်ကျေးမှုအမွေ ခံထိုက်စေ ၂၈
၁၄။ ကျွန်ဖြစ်အောင်တော့ မနွံ့စေချင် ၃၀
၁၅။ မေတ္တာနဲ့ချစ်မှ အေးငြိမ်းရမယ် ၃၂
၁၆။ မျိုးနွယ်ဘာသာ စောင့်ထိန်းပါ ၃၃
၁၇။ ကျင့်ဝတ်ကျေလျှင် သိကြားမင်းက ရှိခိုးချင် ၃၅
၁၈။ မင်္ဂလာရှိတဲ့ အရိယာစံအိမ် ၃၆

## ဒါနရှစ်ဖြာ စွဲသိပါ

၁၉။ လှူတဲ့နေရာ အလှူခံအရေးပါတယ် ၄၁
၂၀။ သန့်ရှင်းစင်ကြယ်ပေးလှူဖွယ် ၄၂
၂၁။ စေတနာသုံးတန် ဖြူစင်ဟန် ၄၄
၂၂။ ရခဲတဲ့ ဒုလ္လဘတရားသုံးပါး ၄၅
၂၃။ လူမှုရေးဆန်တဲ့ အလှူများ ၄၆
၂၄။ ငွဲကွက်မှုပါတဲ့ အလှူများ ၄၉
၂၅။ မြတ်သော ဒါနမင်္ဂလာပြုလုပ်ပါ ၅၁

## မဂ္ဂင်ကျင့်မြတ် ကံကြွေးဖြတ်

၂၆။ အများကိုရှောင်၊ အမှန်ဆောင် ၅၅
၂၇။ ကမ္ဘာပျက်ခြင်း အကြောင်းရင်း ၅၆
၂၈။ ကြောင်းကျိုးမသိ မိစ္ဆာဒိဋ္ဌိဖြစ်ရ ၅၈
၂၉။ ခန္ဓာဉာဏ်ရောက် အလုပ်ဟာ ဓမ္မစရိယမင်္ဂလာ ၆၀
၃၀။ သီလဖြူ၍ အယူဖြောင့်ပါစေ ၆၁
၃၁။ ဝင့်သုံးဖြာမှာ အဝိဇ္ဇာတဏှာ သင်္ခါရအရေးပါ ၆၂
၃၂။ ဓမ္မစရိယာမဂ္ဂင် အကျင့်မြတ်နဲ့ ကံကြွေးဖြတ်ကြပါ ၆၄

## စရိယသုံးထွေ ကျင့်တတ်စေ


၃၃။ စရိယသုံးပါး မင်္ဂလာနှစ်ရပ် ၆၉
၃၄။ ဘုရားနဲ့ ဆွေမျိုးတော်ချင်သူ ၇၀
၃၅။ ဘုရားအလောင်း ဆွေမျိုးစောင့်ရှောက်ပုံ ၇၂
၃၆။ ဆွေမျိုးဆိုတာ အင်အားပါ ၇၄
၃၇။ မကူညီတဲ့အပြင် နှိပ်စက်ချင်သူ ၇၅
၃၈။ ဓမ္မိကဥပါသကာနဲ့ စရိယသုံးဖြာ ၇၇
၃၉။ အားလုံးအတွက် ကောင်းတဲ့အကျင့် ၇၉


## သမ္မပ္ပဓာန်လေးထွေ ကျင့်တတ်စေ


၄၀။ ရှောင်စရာရှိတာ ရှောင်ရမှာ ၈၃
၄၁။ သစ္စာမသိဘဲ သောတာပန်မတည်နိုင်ပါ ၈၅
၄၂။ သစ္စာသိမြင်မှ နိဗ္ဗာန်ဝင်စံနိုင်မယ် ၈၇
၄၃။ သမ္မပ္ပဓာန်လေးဖြာ မှတ်ဖွယ်ရာ ၈၈
၄၄။ မကောင်းမှုမဖြစ်ချင် ဖြစ်ပျက်မြင်ပါစေ ၉၀
၄၅။ တဏှာမာန ဒိဋ္ဌိသည် မကောင်းမှု ၉၂
၄၆။ ငါ့ဥစ္စာ ငါပိုင်ပါရဲ့လား ၉၃
၄၇။ မလွန်ကျူးစေရန် ဉာဏ်နဲ့ထိန်းပါ ၉၄


## သမ္မပ္ပဓာန်လေးထွေ ကြိုးစားလေ


၄၈။ ကြိုးစားလိုက်နော် တရားလေးဖြာ ၉၉
၄၉။ မဖြစ်သေးတဲ့ အကုသိုလ်ရှိသလား ၁၀၀
၅၀။ ဖြစ်ပြီးသားအကုသိုလ်ကို ဘယ်လိုပယ်မလဲ ၁၀၂
၅၁။ အကုသိုလ်ဓာတ်သိမ်းခန်း ၁၀၃
၅၂။ တောင်းစားတဲ့ဘဝမှာတောင် နှင်ထုတ်ခံရ ၁၀၄
၅၃။ ရွှေအိုးရမှ ဘုရားကိုယုံသူ ၁၀၆
၅၄။ သမ္မပ္ပဓာန်စုံလင် နိဗ္ဗာန်ဝင် ၁၀၈

## မေ့လျော့ကင်းမှ ချမ်းသာရ


၂၅။ မူးယစ်ခြင်းနှင့် မေ့လျော့ခြင်း ၁၁၃
၂၆။ အပြစ်အကြီးဆုံးဟာ အရက်သေစာ ၁၁၄
၂၇။ အရက်သောက်ခြင်းရဲ့ အပြစ်တွေ ၁၁၆
၂၈။ မူးလာတဲ့အခါ သားမှန်းမသိတော့ပါ ၁၁၈
၂၉။ ဇာတ်တော်ပြရင် ခြောက်လှန့်တယ်ထင် ၁၂၀
၃၀။ မိခင်စော်ကား အရက်သမား ငရဲလား ၁၂၂
၃၁။ သတိထား၍ တရားမမေ့စေလို ၁၂၄
၃၂။ မမေ့သူအတွက် နတ်ရထားအဆင်သင့်ရှိတယ် ၁၂၅


## နှလုံးသွင်းမှားလျှင် မာနဝင်


၃၃။ ရှိသေနှိမ်ချ ဂါရဝနဲ့ နိဝါတ ၁၃၁
၃၄။ နှလုံးသွင်းမှန်ဖို့လိုတယ် ၁၃၃
၃၅။ အရည်အချင်းပြည့်လေ ဂါဝရနိဝါတရှိလေ ၁၃၅
၃၆။ မာနထားလို့ တရားမရရှာသူ ၁၃၇
၃၇။ ဂါရဝထားရင် တရားရပါတယ် ၁၃၈
၃၈။ မာနကင်းစင်မှ အောင်မြင်ကြမည် ၁၃၉


## ပပဉ္စအလိုလိုက် သိပ်မိုက်တဲ့သား


၃၉။ ကိုယ့်အတိုင်းအတာသိမှ ရောင့်ရဲတယ် ၁၄၁
၄၀။ စီးပွားရှာရင် အန္တရာယ်ကိုလည်း ကြည့်မြင်ပါ ၁၄၇
၄၁။ ငါးမျှားချိတ်ကိုလည်း မြင်စေချင် ၁၄၈
၄၂။ ကြာကြာစံချင်ပေမဲ့ ကြာကြာခံနေကြရမယ် ၁၅၀
၄၃။ ဖြစ်ပျက်မမြင် ပပဉ္စတရားဝင် ၁၅၃
၄၄။ ပပဉ္စနဲ့ မိုက်မည့်သူ ၁၅၅
၄၅။ ငရဲကျွန်းကို ရွှေကျွန်းထင် ၁၅၇
၄၆။ ရောင့်ရဲရွှင်ကြည် သန္တုဋ္ဌိ မင်္ဂလာ ၁၅၉

# ကြွေးဟောင်းကြွေးသစ် ဆပ်ဖို့သင့်
## မင်္ဂလာအမှတ် (၁၁)

## ကြွေးသစ်ချမင်္ဂလာ

ရှင်တော်မြတ်ဗုဒ္ဓရဲ့ ရွှေနှုတ်တော်မှ မြွက်ကြားတော်မူခဲ့တဲ့ မင်္ဂလသုတ် တရားတော်ကြီးကို သူတော်စင်အများ လေ့လာမှတ်သားနိုင်ဖို့ ဟောကြားလာခဲ့တာ ဒီနေ့ (၁၁) ပုဒ်မြောက် ရောက်ရှိသွားခဲ့ပါပြီး အသေဝနာစ ဗာလာနံ ဂါထာ၊ လူမိုက်တို့ကို မပေါင်းခြင်းကနေ စတင်ပြီးတော့ မင်္ဂလာ (၁၀) ပါး ပြောပြခဲ့ပါပြီ။

ဒီနေ့ မာတာပိတု ဥပဋ္ဌာနံ ဂါထာမှာပါတဲ့ ဒုတိယမင်္ဂလာ နံပါတ် (၁၁) မြောက်၊ ပုတ္တဒါရဿ သင်္ဂဟော မင်္ဂလာကို နာယူမှတ်သားကြရပါမယ်။ မင်္ဂလသုတ်တော်ကြီးမှ ရှင်တော်မြတ်ဘုရားက–

**မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။**
**အနာကုလာစ ကမ္မန္တာ၊ ဧတံမင်္ဂလမုတ္တမံ။**

လို့ ဟောကြားတော်မူပါတယ်။ **မြန်မာလင်္ကာနဲ့ဆိုရင် မြင်းမိုရ်ရွှေတောင် မိဘကြွေးကို ကောင်းစွာဆပ်ပေး ဝတ်ကျေ၊ ကြွေးသစ်ချကာ သားနှင့်မယားကို မြှောက်စားချီးမြှင့် ဝတ်ကုန်စေ။ အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင် လုပ်ပါလေ။ စည်းစိမ်းကိုပေး ပြုစုရေး၊ မျှော်တွေးသုံးချက်ပေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

မင်္ဂလာတရားတော် အမှတ် (၁၀) မာတာပိတု ဥပဋ္ဌာနံ မိဘကို ကျေးဇူးဆပ်တာ မင်္ဂလာတစ်ပါးပါ။ မိဘကို ကျေးဇူးဆပ်တာဟာ သူတော်ကောင်းလက္ခဏာ ငါးပါးမှာ ပါဝင်ပြီး သူတော်ကောင်းတွေရဲ့ လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါတယ်။ ဒါကြောင့် 'သူတော်ကောင်းခတ်၊ ကျေးဇူးဆပ်'လို့ ရှေ့မှာ ပြောခဲ့ပြီးပါပြီ။ မိဘအပေါ် ကျေးဇူးဆပ်ခဲ့လို့ ရဟန်းတော်တစ်ပါး သောတာပန်တည် အရိယာဖြစ်သွားပုံ၊ မိဘတွေကိုလည်း တရားနဲ့ ကျေးဇူးဆပ်လိုက်တဲ့အခါမှာ မိဘနှစ်ပါး သောတာပန်တည်သွားပုံတွေကို အသေးစိတ် ပြောခဲ့ပြီးပါပြီ။

လောကမှာ လူရယ်လို့ဖြစ်လာရင် ဘယ်သူမဆို ကြွေးရှိကြတယ်။ ကြွေးဟောင်းရယ်၊ ကြွေးသစ်ရယ် နှစ်မျိုးရှိပါတယ်။ မိမိတို့ရဲ့ အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိဘများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြန်လည် တာဝန်ကျေအောင် ပြုစုလုပ်ကျွေး ဆောင်ရွက်ပေးတာက ကြွေးဟောင်းဆပ်တယ်လို့ ခေါ်ပါတယ်။ မိမိရဲ့ ဇနီးမယား၊ သမီးသား တွေကို ပြုစုစောင့်ရှောက် ကျွေးမွေးတာကိုတော့ ကြွေးသစ်ချတယ်လို့ ခေါ်ပါတယ်။

မိဘအပေါ် ကျေးဇူးဆပ်ခြင်း၊ ကြွေးဟောင်းဆပ်ခြင်းကို ပြောပြပြီးတဲ့နောက် ဒီနေ့ ဇနီးမယား၊ သမီးသားအပေါ် ကြွေးသစ်ချတဲ့ မင်္ဂလာကို ပြောပြဖို့ပါ။ ကြွေးဟောင်းကို ဆပ်ရမည့်တာဝန် ရှိသလို ကြွေးသစ်ချဖို့လည်း တာဝန် ရှိကြပါတယ်။ အဲဒီတာဝန် နှစ်ရပ်လုံး ကျေပွန်ကြမှ မင်္ဂလာရှိပြီး ရှင်တော်မြတ်ဘုရားရဲ့ သြဝါဒစကားတော်ကို လိုက်နာကျင့်သုံးရာရောက်မှာပါ။ ဒါကြောင့် လောကီလောကုတ္တရာ ပစ္စုပ္ပန်၊ သံသရာ ကြီးပွားချမ်းသာလိုသူတိုင်း လိုက်နာကျင့်သုံးရမည့် မင်္ဂလာဖြစ်တဲ့အတွက် ကြွေးဟောင်း ကြွေးသစ်ဆပ်ဖို့ သင့်ကြောင်း နားလည်သဘောကျအောင် ပြောပြသွားပါမယ်။

# စိတ်တူသဘောတူ ခတ်တူတဲ့ အိမ်ထောင်ရေး

လောကမှာ အမျိုးသားနဲ့ အမျိုးသမီး နှစ်ဦးနှစ်ဖက် ပေါင်းသင်းဖို့ အိမ်ထောင်ပြုကြတဲ့အခါမှာ ခတ်တူချင်းမှသာ ပေါင်းသင်းကြတယ်ဆိုတာ တွေ့ရပါလိမ့်မယ်။ "လင်ကောင်းမယား နိဗ္ဗာန်သွား၊ မယားကောင်းလင် နိဗ္ဗာန်ဝင်"ဆိုတဲ့ လောကစကားလည်း ရှိတယ်နော်။ ခတ်တူချင်း ပေါင်းသင်းမိမှသာ သူတော်ကောင်းတရားတွေ ပွားများနိုင်ကြပါတယ်။ ခတ်တူချင်းမှသာ အိမ်ထောင်ရေးရဲ့ အရသာ၊ သီရိမင်္ဂလာ အစစ် ဖြစ်နိုင်ကြမယ်။ ခတ်တူချင်း ပေါင်းမှသာ အရိယာစခန်းကို လင်ရော မယားရော မိသားစုပါ တက်လှမ်းနိုင်ကြပါမယ်။

လင်နဲ့ မယား၊ တစ်ယောက်နဲ့တစ်ယောက် ခတ်တူဖို့ဆိုရင် မိမိတို့ ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်ကလေးတွေ နားလည်ထားဖို့လိုပါတယ်။ အိမ်သောင်ရက်သားကျလို့ ဇနီးရယ်၊ ခင်ပွန်းရယ် ဖြစ်ကြတဲ့အခါ ခင်ပွန်းမှာလည်း ခင်ပွန်းရဲ့တာဝန် ဝတ္တရားရှိသလို ဇနီးမှာလည်း ဇနီးရဲ့ တာဝန်ဝတ္တရား ရှိလာကြပါပြီ။ ခင်ပွန်းသည်ရဲ့ ဂုဏ်အင်္ဂါ၊ ဇနီးသည်ရဲ့ ဂုဏ်အင်္ဂါ ညီညွတ်အောင် နေတတ် ထိုင်တတ်ကြရမယ်။ ခင်ပွန်းကျင့်ဝတ်၊ ဇနီးကျင့်ဝတ်ဆိုတဲ့ လူနဲ့ ဆိုင်ရာကျင့်ဝတ်တွေ လိုက်နာကြရမယ်။ ကိုယ့်ကျင့်ဝတ်ကိုကိုယ် ကောင်းမွန်စွာ နားလည်ပြီး ကိုယ့်ကျင့်ဝတ်ကို ရိုသေတတ်ရင် ပတ်ဝန်းကျင်ကလည်း ရိုသေလာပါလိမ့်မယ်။

နေဥယျသူဌေးက သူ့သမီး ဝိသာခါ ပုဏ္ဏဝမုနနဲ့ လက်ထပ်ထိမ်းမြားပြီး ရောင်နောက်ဆံထုံးပါ လိုက်သွားရတော့မယ်ဆိုတော့ စကားကြီး ဆယ်ခွန်းနဲ့ ဆုံးမသတဲ့။ အဲဒီဆယ်ခွန်းထဲမှာ "အတွင်းထရံကို အပြင်မကာပါနဲ့၊ အပြင်ထရံကို အတွင်းမကာပါနဲ့၊ အပြင်ကမီး

တွေကို အတွင်းထဲ မသွင်းခဲ့ပါနဲ့၊ အတွင်းကမီးတွေကို အပြင်မထုတ်လိုက်ပါနဲ့”လို့ ဆိုထားတယ်။ အဓိပ္ပာယ်ကတော့ “ကိုယ့်အိမ်တွင်းရေးကိစ္စတွေကို အပြင်ကို ထုတ်မပစ်နဲ့၊ ဖြစ်ပေါ်လာတဲ့ အကျိုးအကြောင်းပေါ်မှာ မူတည်ပြီး အိမ်တွင်းမှာပဲ အေးချမ်းတည်ငြိမ်စွာနဲ့ ရှင်းနိုင်အောင်ငါ့သမီးလေး ကြိုးစားနော်”လို့ ဆိုလိုပါတယ်။

အိမ်ထောင်ရေး သာယာမှုရှိမှ အိမ်ထောင်ရေးနဲ့ ဆက်သွယ်နေတဲ့ အကျိုးထူးတွေ ရနိုင်တာပါ။ အိမ်မှာ ပူညံပူညံ လုပ်နေရင် “အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ” ဆိုတာလို ဘဝမှာ သာယာမှုကင်းမဲ့တတ်ပါတယ်။ လူမှန်ရင် တစ်ယောက်တည်း တစ်ကောင်ကြွက်နေလို့မပါဘူး။ အသိုင်းအဝိုင်းနဲ့ နေကြရတာ။ ဇနီး၊ ခင်ပွန်း၊ အမေ၊ အဖေ၊ ဦးကြီး၊ ဦးလေး၊ ဒေါ်ကြီး၊ ဒေါ်လေး၊ သားသမီး၊ အဘိုး၊ အဘွား စသဖြင့် အသိုင်းအဝိုင်းနဲ့ နေကြရတာဖြစ်တော့ မိသားစုအရေးအေးချမ်းမှ ပတ်ဝန်းကျင်လည်း အေးချမ်းပါတယ်။ အဲဒီလို အေးချမ်းမှုရှိမှလည်း တရားဘာဝနာ အားထုတ်လို့ကောင်းပါတယ်။ အိမ်ထောင်ရေးဟာ လောကရေးဆိုပေမဲ့ ဘာဝနာအရေးနဲ့လည်း ဆက်စပ်နေတာပါ။

အဲဒီတော့ နိဗ္ဗာန်ရောက်ကြောင်း သစ္စာတရား၊ ဝိပဿနာတရားတွေ နာကြားပွားများချင်ကြတယ်ဆိုရင် အိမ်တွင်းရေး သာယာမှုရှိဖို့ကအရေးပါလာပြန်ရော။ အိမ်တွင်းရေး သာယာမှ အေးချမ်းတယ်၊ အေးချမ်းမှလည်း တရားအားထုတ်နိုင်မယ်။ အေးချမ်းချင်တယ်ဆိုရင်တော့ တစ်ဦးနဲ့တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်ဖို့လိုတယ်။ စိတ်တူ သဘောတူ ခံတတ်တူ ဖြစ်နေရပါမယ်။

## သိကြားမင်းကြီး ရှိခိုးခံထိုက်သူများ

လောကစကားက "ယောက်ျားပေါ်တယ်၊ လင်ရှားတယ်" တဲ့။ ဇနီး၊ ခင်ပွန်းရယ်လို့ အိမ်ထောင်ပြုကြတာ မှန်ပေနဲ့ လင့်ဂုဏ်အင်္ဂါနဲ့ ညီညွတ်အောင် တကယ့် အိမ်တွင်းနတ်၊ အိမ်ဦးနတ်ပီသအောင် နေတဲ့ ခင်ပွန်းသည်ကတော့ ရှားတယ်တဲ့။

နတ်ဆိုတဲ့ စကားက နာထဆိုတဲ့ ပါဠိစကားက လာတာ။ မြန်မာလိုပြန်လိုက်တော့ ကိုးကွယ်ရာ၊ အားထားရာ၊ မှီခိုရာ၊ ဆည်းကပ်ရာတဲ့။ အမျိုးသမီးတွေဟာ အမျိုးသားတွေကို ကိုယ့်မိဘထက် အားကိုးရမလားလို့ အိမ်ထောင်ပြုခဲ့ကြတာ။ မှီခိုရမလား၊ ဘဝလက်တွဲဖော် ကူညီဖော်၊ ကြင်နာဖော်၊ ပါရမီဖြည့်ဖက် ဖြစ်မလားဆိုပြီး အိမ်ထောင်ရက်သား ပြုခဲ့ကြတာနော်။

တချို့ကတော့ အိမ်ထောင်ရေးကို လေးလေးနက်နက် တွေးမနေဘဲ "ခုမြင်၊ ခုကြိုက်၊ ခုလိုက်၊ ခုကွဲ" လုပ်ပစ်လိုက်ကြတယ်။ အိမ်ထောင်ရေးကို အဓိက၊ အနှစ်သာရတစ်ခုအနေနဲ့ မှတ်ယူမထားကြပါဘူး။ အမှန်ကတော့ အရာရာတိုင်းမှာ သူ့အမှန်တရားနဲ့သူ၊ သူ့အနှစ်သာရနဲ့သူ ရှိပြီးသားပါ။ အိမ်ထောင်ရေးမှာလည်း အနှစ်သာရဆိုတာ ရှိပါတယ်။

အိမ်ထောင်ရေးရဲ့ အနှစ်သာရက ဘာလဲ။ လူ့ကျင့်ဝတ်တရားနဲ့ အညီ နေထိုင်ခြင်းပါပဲ။ လင်မှာလည်း လင့်ကျင့်ဝတ်၊ မယားကလည်း မယားကျင့်ဝတ်နဲ့အညီ နေထိုင်တတ်ရမယ်။ အဲဒီလို ဆိုင်ရာဆိုင်ရာ ကျင့်ဝတ်တွေကို ရှင်တော်မြတ်ဗုဒ္ဓက ပါထိကဝဂ် ပါဠိတော်မှာ သေသေချာချာ ဟောထားပါတယ်။

အိမ်ထောင်ဦးစီး၊ အိမ်ဦးနတ်ဖြစ်တဲ့ ခင်ပွန်းသည်၊ လင်ယောက်ျားတွေ လိုက်နာရမည့် ကျင့်ဝတ်ငါးပါး ဟောထားရာမှာ "မထေမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုး

ကြင်၊ ငါးအင် လင်ကျင့်ရာ”တဲ့။ လင့်ဝတ္တရားငါးပါးကို ဘုရားမြတ်စွာ ဟောတော်မူတဲ့အတိုင်း လက်ထပ်ကလေး ရေးဖွဲ့မှတ်သားခဲ့ကြတယ်။

အဲဒီ လင့်ဝတ္တရား မယားဝတ္တရား ဆိုတာတွေက အိမ်ထောင် မပြုခင် မင်္ဂလာဆောင်မှာကတည်းက သိခဲ့ကြရမှာနော်။ တချို့ ဟိုတယ် မိုတယ် ခန်းမကြီးတွေနဲ့ အကြီးအကျယ် မင်္ဂလာဆောင်ကြတယ်။ လင့်ဝတ္တရားငါးပါး ဘာမှန်းမသိလိုက်ဘူး။ မနက်ပိုင်း မင်္ဂလာဆွမ်းကပ် တော့လည်း သံဃာတော်တွေ ပရိတ်ရွတ်ပြီးရင် သာဓုခေါ်လိုက်ကြတာ ရှိတာပဲ။ များသောအားဖြင့် အိမ်ထောင်ကျသွားတဲ့ ဇနီးမောင်နှံတွေဟာ လင်ကလည်း လင့်ဝတ္တရားနားမလည်၊ မယားကလည်း မယား ဝတ္တရား နားမလည်ကြဘူး။

လင်ကျင့်ဝတ်၊ မယားကျင့်ဝတ်ဆိုတာ လောကီကိစ္စဖြစ်ပေမဲ့ ကျင့်ဝတ်ဝတ္တရား ပျက်ကွက်ရင် အပါယ်လေးဘုံ ကျနိုင်ပါတယ်။ လင့်ဝတ္တရား ကျေပွန်တယ်၊ မယားဝတ္တရား ကျေပွန်တယ်ဆိုရင်လည်း အဖိုးတန် လူသားတွေမို့လို့ သိကြားမင်းကြီးကတောင် ရှိခိုးတိုက်ပါ တယ်တဲ့။

## အိမ်ထောင်မှုသာယာ မိသားစုမင်္ဂလာ

လင့်ဝတ္တရားငါးပါးမှာ နံပါတ်တစ်က “မထေမဲ့ကင်း” တဲ့။ ခင်ပွန်းသည် လင်ယောကျ်ားများဟာ ကိုယ့်ရဲ့ အိမ်သူဇနီးမယားကို မထေမဲ့မြင် မလုပ်ရဘူး။ များသောအားဖြင့် အမျိုးသားတွေဟာ အိမ် ထောင်မကျခင်တုန်းကတော့ မြင်းမိုရ်တောင်ကြီးပဲ ခြေဖဝါးအောက် ရောက်အောင် လုပ်ပေးတော့မှာလိုလို၊ ကောင်းကင်က ကြယ်ကြီးပဲ ဆွတ်ခူးပေးတော့မှာလိုလို အပြောတွေ ချိုတတ်ကြတယ်။ အိမ်ထောင် မကျခင် “မောင်ရယ်၊ မရယ်” လုပ်နေပြီး အိမ်ထောင်လည်းကျသွား

ရော "မင်းနဲ့ငါ" ဖြစ်သွားကုန်ရော။ "ငါ ရှာပေးလို့ မင်းတို့ ဒီလို နေရတာကွ၊ ငါ သောက်တာလည်း မဝေဖန်နဲ့၊ ငါ ဖဲရိုက်တာလည်း မဝေဖန်နဲ့၊ ငါ နေချင်သလိုနေမယ်၊ မင်းတို့ ပါးစပ်ပေါက်ပြည့်အောင် ငါ ဖြည့်ပေးနိုင်ရင် ကျေနပ်တော့"လို့ မထေမဲ့မြင် လုပ်လာတဲ့ သဘောရှိတယ်။

ကိုယ်က စီးပွားရှာရတယ်ဆိုပြီး အဲဒီလို မထေမဲ့မြင် မလုပ်ရဘူး။ မိသားစုဆိုတာ တစ်ဦးနဲ့တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေကြရတာနော်။ ကိုယ် သူတော်ကောင်းအလုပ်တွေ လုပ်နိုင်တယ်၊ စီးပွားရေး အောင်မြင်အောင် လုပ်နိုင်တယ်ဆိုတာ နောက်က ဇနီးမယား၊ သားသမီးတွေရဲ့ ပံ့ပိုးမှု အများကြီးပါပါတယ်။ ဒါကြောင့် ဇနီးမယားကို မထေမဲ့မြင် မလုပ်ဘဲ အမေလို အစ်မလို ညီမလေးလို သဘောထားပြီး ဂရုတစိုက်နဲ့ ချစ်တတ်ဖို့လိုပါတယ်။ ကိုယ်က လေးစားမှု သူတို့ဘက်ကလည်း ရှိသေလာမှာပါ။

နံပါတ်နှစ်က "အပ်နှင်းဥစ္စာ"၊ မိမိ ရှာဖွေရရှိလာတဲ့ ဥစ္စာပစ္စည်းတွေကို ဇနီးသည်ထံ အပ်နှံရမယ်။ မေတ္တာကရုဏာထားပြီးတော့ "ငါ ရှာဖွေရရှိထားတဲ့ ဥစ္စာပစ္စည်းတွေကို အသုံးပြုပြီးတော့ သူတို့လေးတွေ ပစ္စုပ္ပန်သံသရာ နှစ်ဖြာကောင်းကျိုး ဆောင်ရွက်နိုင်ပါစေ၊ အတ္တဟိတ ပရဟိတကိစ္စတွေ ဆောင်ရွက်နိုင်ပါစေ။ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း ဖြစ်ကြပါစေ။ သူတော်ကောင်းတရားကုသိုလ်ကောင်းမှု ဘာဝနာလုပ်ငန်းတွေ တိုးတက်လုပ်ကိုင်နိုင်ကြပါစေ"လို့ စိတ်ထားရမယ်။ အပင်ပန်းခံ ရှာဖွေကျွေးမွေးရတာချင်း အတူတူ အခုလို စိတ်ထားလိုက်တော့ မေတ္တာသဘော သက်ရောက်ပြီး ကုသိုလ်လည်း ရတယ်နော်။

ဇနီးမယားကို အမေလို သဘောထား ဆက်ဆံလိုက်ရင် ကိုယ်က ရိုသေတော့ သူကလည်း ပြန်ရိုသေလာမှာပေါ့။ "မြင်းကိုနိုင်လို

ဓက်ကိုဆွဲ၊ လှေကိုနိုင်လို ဘက်ကိုမြဲ၊ ဆရာမိဘနိုင်လို ကျင့်ဝတ်ရှိ သေမြဲ"လို့ ဆိုရိုးစကားလည်း ရှိနေတာပဲ။ ကိုယ်ကသာ ရှိသေလိုက်စမ်းပါ။ ဇနီးမယား သမီးသားဟာ မော်လို့တောင် မကြည့်ရဲပါဘူး။ အော်နေ ငေါက်နေ ရိုက်နေမှ နိုင်တာမဟုတ်ပါဘူးနော်။

ကိုယ်က အပြင်ထွက်ပြီး စီးပွားရှာထွက်နေရတဲ့ အချိန်မှာ အိမ်ထောင့်တာဝန်တွေ အကုန်လုံး ဇနီးမယားက ထမ်းဆောင်နေရတယ်။ မီးဖိုချောင် ကိစ္စဝိစ္စကစလို့ပေါ့။ ဝယ်စရာခြမ်းစရာ ပေးစရာကမ်းစရာ လှူစရာတန်းစရာတွေ အဆင်ပြေပြေနဲ့ ဆောင်ရွက်နိုင်အောင် ဥစ္စာပစ္စည်းကို အပ်နှင်းထားရတယ်။ ဒါမှ ဇနီးသည်က အဝင်အထွက် မျှတအောင် ဝေဖန်ပိုင်းခြားလို့ ပြည့်ပြည့်စုံစုံနဲ့ ထောင့်စေအောင် လုပ်သွားနိုင်ပါတယ်။ ရှာဖွေရလာသမျှ ဥစ္စာပစ္စည်းတွေကို အပ်နှင်းတာဟာ ကြွေးသစ်ချတဲ့ သဘောလည်း သက်ရောက်ပါတယ်။

နံပါတ်သုံးက "မိစ္ဆာမမှား" ကိုယ့်ရဲ့ အမျိုးသမီးကလွဲရင် ကျန်တဲ့ အမျိုးသမီးတွေအပေါ် မပြစ်မှားပါနဲ့၊ မသာယာပါနဲ့။ ပုထုဇဉ် ဆိုတော့ စိတ်ကစားချင်လည်း ကစားမိမှာပေါ့။ ဒါပေမဲ့ ပြစ်မှားတဲ့ အထိ ရောက်မသွားစေနဲ့။ တချို့ အမျိုးသားတွေက အိမ်မှာ အတည် ပေါက်ကြီး နေတတ်ပေမဲ့ လှေကားသုံးထစ် ဆင်းလိုက်တာနဲ့ လူပျို ဖြစ်ချင်နေတတ်ကြတာနော်။

လင်ယောကျ်ားက စီးပွားရှာဖွေ တာဝန်ကျေလို့ တိုက်နဲ့နေရ၊ ကတ္တီပါ ရွှေကော်ဇော်မှာ ထိုင်ရ၊ စိန်နားကပ်ကြီး ပန်ရပေမဲ့ အိမ်ထောင်ရေး သစ္စာမရှိဘူးဆိုရင် အိမ်ကလူတွေ စိတ်ချမ်းသာပါ့မလား။ စိန်နားကပ်ကြီးပန်ပြီး ရွှေဘုံပေါ်မှာ ထိုင်နေရပေမဲ့ ရင်ထဲမှာ ပူလောင်နေကြရမယ်။ အမျိုးသားက စည်းမစောင့်ရင် အမျိုးသမီးဘက်ကလည်း ပျက်စီးတတ်ပါတယ်။ အိမ်ထောင်စုတစ်စု၊ စီးပွားရေး ပျက်စီးခြင်းရဲ့ အစဟာ အဲဒီအိမ်ထောင်ရေး ဖောက်ပြန်တာက စပါတယ်။

စီးပွားပျက်ပြီဆိုတော့ "မင်းကြောင့်၊ ငါ့ကြောင့်၊ မင်းဘာလဲ၊ ငါဘာလဲ"နဲ့ တစ်ယောက်နဲ့တစ်ယောက် ကတောက်ကဆဖြစ်ပြီး သံသယတွေဝင်လာပြီး နေ့တိုင်းမြင်နေရတဲ့ မျက်နှာတွေဆိုတော့ စိတ်ချမ်းသာမှုရှိကြပါဦးမလား။ လောကီမင်္ဂလာ စိတ်ချမ်းသာမှုမှ မရှိဘဲနဲ့ လောကုတ္တရာ ဘာသာရေး မင်္ဂလာကို ရနိုင်ပါဦးမလား။ အိမ်ထောင်မှု သာယာ အိမ်ထောင်မှုမင်္ဂလာ ရှိမှသာ အေးအေးချမ်းချမ်းနဲ့ တရားနာနိုင် တရားအားထုတ်နိုင်ကြမှာပါ။ အဲဒီလို အားထုတ်နိုင်အောင် ကိုယ့်ရဲ့ အိမ်ကလေးကို သာယာတဲ့ သီရိဂေဟာလေးဖြစ်အောင် အရင်လုပ်ခဲ့ရပါမယ်။

ဘယ်လောက် တောင့်တင်းချမ်းသာတဲ့ အိမ်ပဲဖြစ်ဖြစ် အိမ်ထောင်ရေး ဖောက်ပြန်မှုရှိလာရင် စီးပွားရေးက တရိပ်ရိပ်နဲ့ ကျဆင်းလာတော့တာပဲ။ "အိတ်ပေါက်နဲ့ ဖားကောက်၊ ခြင်းကြားနဲ့ ရေခပ်" ဆိုတာလို ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်လာပါတယ်။ အိမ်ထောင်စီးပွားရေး အဆင်မပြေရင် အေးချမ်းသောနယ်မြေလို့ ဆိုရမည့် မင်္ဂလာလမ်းပေါ် လျှောက်နိုင်ဖို့လည်း မလွယ်ကူနိုင်တော့ပါဘူး။

## ဝတ်စားဆင်ယင် မြတ်နိုးကြင်နာပါ

လင့်ဝတ္တရား၊ နံပါတ်လေးက "ဝတ်စားဆင်ယင်" အမျိုးသမီးတွေရဲ့ သဘာဝက အမျိုးသားကို အားကိုးတန်ဖိုးထားလေ့ရှိတယ်။ အမျိုးသားက ကိုယ့်ကို မြတ်မြတ်နိုးနိုး ဂရုတစိုက်နဲ့ ဝယ်ခြမ်းပေးရင် သိပ်သဘောကျတတ်တယ်။ ရှာဖွေရရှိလာတဲ့ ငွေကြေးဥစ္စာကို အပ်နှင်းထားပြီးဖြစ်လို့ သူ့ဟာသူ ကြိုက်တာဝယ်ဝတ်နိုင်ပေမဲ့ တကူးတက အလိုက်တသိနဲ့ ဝယ်ခြမ်းဆင်ယင်ပေးတာကို ပိုကြိုက်တာတဲ့။

သူ့ဟာသူ အိမ်မှာ ကြက်သားဆီပြန်၊ ဝက်သားဆီပြန်တွေ ဘယ်လောက်ချက်ထားထား ယောက်ျားဝယ်လာတဲ့ ဝက်သားတုတ်

ထိုးလောက် မမြတ်နိုးဘူး။ အပြင်ကပြန်လာရင် မုန့်ပျားသကာလေး တစ်ချပ်၊ ခေါက်ဆွဲထုပ်လေး တစ်ထုပ်လောက် ပါလာရင် ကျေနပ်နေ တာနော်။ အဲဒီလို ဇနီးမယား ကြည်လင်ရွှင်ပျအောင် လုပ်ပေးတော့ အိမ်ထောင့်အရသာ အိမ်ထောင့်မင်္ဂလာ ဖြစ်လာပါတယ်။

ရုံးပိတ်ရက်၊ လခထုတ်ရက်လေးများကြုံရင် ဈေးထဲကိုသွားလို့ သူနဲ့လိုက်ဖက်မယ်ထင်တဲ့ အဝတ်အစားလေးတွေဝယ်ပြီး ဆင်ယင် ပေးရတယ်။ တချို့က ကလေးအမေဖြစ်နေပြီ ဘာမှနားလည်တာ မဟုတ်ဘူး။ သင့်၏ မသင့်၏ မစဉ်းစားဘဲနဲ့ ရေ့ကွဲ နောက်ကွဲ၊ ဘေးကွဲ စကတ်တွေ ဝတ်ချင်ဝတ်တာ။ အမေက စကတ်ဝတ်မှတော့ သမီးက လံကွတ်တီဝတ်ပြီး ထွက်ခုံရှိတာပဲ။

ဇနီးမယားများ လှူရှိသေ ရှင်ရှိသေ မဝတ်တတ် မစားတတ်တာ ခင်ပွန်းသည် လင်ယောကျ်ားတွေမှာ တာဝန်ရှိတယ်နော်။ အမြင် မတော်တာ မဝတ်လေအောင် ကိုယ်က သင့်တော်တာကို ဆင်ယင်ပေး ရမှာပေါ့။ ဒီလို ဝတ်စားဆင်ယင်ပေးတာကို တာဝန်တစ်ခု ကျင့်ဝတ် တစ်ရပ်အနေနဲ့ကို ဘုရားရှင်က သတ်မှတ်ပေးထားတာပါ။ ကိုယ့် တာဝန် ကိုယ်ကျေဖို့ လိုပါတယ်။ တာဝန်ကျေမှလည်း အိမ်တွင်းရေး သာယာပြီး အိမ်လုံတယ်။ ကြွေးသစ်ချရာလည်း ရောက်ပါတယ်။

နံပါတ်ငါး လင့်ဝတ္တရားက "မြတ်နိုးကြင်"တဲ့။ မြတ်မြတ်နိုး နိုး ကြင်ကြင်နာနာ ရှိရမယ်။ ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ခေါ်ဝေါ်သုံးနှုန်း ပြောဆိုရမယ်။ ဘာမဆို ကိုင်ပင်စရာရှိတာကို ဂရု တစိုက်နဲ့ ဆွေးနွေးတိုင်ပင်ရမယ်။ သွားတာလာတာလည်း နှုတ်ဆက် အသိပေးပြီးမှ သွားရမယ်။ အဲဒီလို မြတ်နိုးတန်ဖိုးထားရမှာ လင့် ဝတ္တရားပါပဲ။

အိမ်ထောင်ရေး သာယာစေချင်တယ်ဆိုရင် လင်ကလည်း လင့် ဝတ္တရား ကျေဖို့လိုပါတယ်။ အိမ်ဦးနတ်ရယ်လို့ ကိုးကွယ်အားထားရာ

ပုဂ္ဂိုလ်ကြီးဖြစ်ချင်ရင် တစ်ဖက်က အားထားကိုးကွယ်လောက်တဲ့ ဂုဏ် အင်္ဂါရှိပါစေ။ လင့်ဝတ္တရားငါးပါးဟာ အိမ်ဦးနတ်ဆိုတဲ့ နာထတွေရဲ့ ဂုဏ်အင်္ဂါလို့မှတ်ပါ။ ရှေးတုန်းကတော့ ဒီလို ကျင့်ဝတ်တွေကို ဗုဒ္ဓ ဘာသာဝင်မှန်ရင် ကလေးကတည်းက သိလာခဲ့တာပဲ။ ခုခေတ်မှာ အရက်ကလေး တမြမြနဲ့ နေဖို့ပဲတတ်တယ်။ ဘာကျင့်ဝတ်မှ မသိဘူး။ သိအောင်လည်း မလုပ်ဘူး။ လိုက်နာဖို့ဆိုတာတော့ ဝေးရောပေါ့။

သားသမီးတွေရဲ့ အနာဂတ်ဘဝ သာယာရေးဟာ မိဘတွေ အပေါ်မှာ အများကြီး မူတည်ပါတယ်။ သားပေါ့၊ သမီးပေါ့ အရွယ် ရောက် လူပျို အပျိုဖြစ်လာရင် "ဟာ သူ့အဖေက အရက်သမားကြီး၊ ပေါက်လွတ်ပဲစား၊ ဒီလိုကောင်မျိုးနဲ့များ အိမ်ထောင်ကျရင်တော့ သွားရော" လို့ အပြောခံရတတ်ပါတယ်။ သားသမီးမကောင်း မိဘ ခေါင်း ဆိုတာလိုပဲ မိဘမကောင်းရင်လည်း သားသမီးတွေ ခံရတာ ပါပဲ။

## အိမ်သူ့ဝတ္တရား ကောင်းကျိုးများ

အိမ်ထောင်တစ်ခုဟာ လင်ကလည်း လင့်ဝတ္တရားကျေလို့၊ မယားကလည်း မယားဝတ္တရားကျေကြမှ သာယာအေးချမ်းနိုင်ပါ တယ်။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက် တာဝန်မကျေဘူးဆိုရင် အပြစ်တွေမြင်လာပြီး "နင်ဘာလဲ၊ ငါဘာလဲ" နဲ့ ယက်မလေးတွေ ထောင်လို့ ကွဲကြကွာကြပြီဆိုရင် သားသမီးတွေလည်း နစ်နာပါတယ်။ အမေဘက် ပါသွားတဲ့ သားသမီးတွေက အဖေကို မြင်နေရက်နဲ့ အဖေ မခေါ်နိုင်ဘူး။ အဖေဘက် ပါသွားတဲ့ သားသမီးတွေကလည်း အမေလို့ ခေါ်ခွင့်မရတော့ဘူး။

ဝတ္တရားမကျေတဲ့ အဖေနဲ့ အမေ ကွဲကြကွာကြတော့ အမေကို ရှိမခိုးရတဲ့ဘဝ၊ အဖေကို ရှိမခိုးရတဲ့ဘဝ အလိုလို ရောက်သွားရော။

မိဘနဲ့ပတ်သက်တဲ့ ကုသိုလ်တွေ၊ ဒီကလေးတွေရဲ့ သန္တာန်မှာ မရနိုင်တော့ဘူး။ တစ်ခုခု အဆင်မပြေဖြစ်တိုင်း အမေ့ကို နာကျည်း၊ အဖေ့ကို နာကျည်းနဲ့ မလိုလားအပ်တဲ့ အကုသိုလ်တွေ ဖြစ်ရတယ်။ မိဘကို အဂါရဝ ဖြစ်ထားကဲ့ သားသမီးတွေအတွက် ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကို ဘယ်လောက်ပဲလုပ်နေပါစေ တရားထူး၊ တရားမြတ်ရဖို့ ခဲယဉ်းသွားပါပြီ။

အဲဒါ "အရင်းစစ်တော့ အမြစ်မြေက" ဆိုသလို မိဘတွေ ဝတ္တရား မကျေတာဟာ အရင်းခံပါပဲ။ ကြွေးသစ်ချတဲ့ မင်္ဂလာပျက်စီးပြီးတော့ ခင်ပွန်းကလည်း ခင်ပွန်းဝတ္တရား ကျင့်ဝတ်မညီ။ မယားကလည်း မယားဝတ္တရား ကျင့်ဝတ်မညီခဲ့ကြလို့ သူတို့နှစ်ဦးတင်မကဘဲ သားသမီးတွေပါ လိုက်နစ်နာကြရရှာတယ်။

လင့်ဝတ္တရား ငါးပါးရှိသလို မယားဝတ္တရားကလည်း ငါးပါးရှိပါတယ်။ ဘာတွေလဲဆိုတော့ "အိမ်တွင်းမှုလုပ်၊ သိမ်းထုတ်သေချာ၊ မိတ္တာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်ဂူကျင့်အပ်စွာ"တဲ့။ နံပါတ်တစ်က "အိမ်တွင်းမှုလုပ်" လင်ရယ် မယားရယ်လို့ တစ်အိုးတစ်အိမ် ထူထောင်ကြပြီဆိုမှတော့ ပျင်းနေလို့မဖြစ်တော့ဘူး။ အိမ်အလုပ်တွေ လုပ်ရတော့မယ်။

အိမ်ထောင်မကျခင် မိဘအိမ်မှာနေတုန်းကတော့ ဘယ်အချိန်မှ အိပ်ရာထပါစေ။ "သမီးလေးရေ ထတော့နော်" နှိုးမည့်လူ အဆင်သင့်ပဲ။ နိုးလာတော့လည်း မောင်ဖီအဆင်သင့်၊ ထမင်းကြော်အဆင်သင့်နော်။ အိမ်ထောင်ရက်သား ကျလာရင် အဲဒီပုံစံမျိုး မရတော့ဘူး။ လင်မအိပ်ခင် ကိုယ်က အရင်မအိပ်ရဘူး။ လင် အိပ်ယာမထခင် ကိုယ်က နိုးနိုးကြားကြားနဲ့ ထနှင့်နေရမယ်။ အိမ်တွင်းမှုဆိုတဲ့အတိုင်း အိမ်ထဲမှာ လုပ်စရာရှိတာမှန်သမျှ အမျိုးသမီးရဲ့ တာဝန်ချည်းပဲမှတ်ပါ။ ချက်တာပြုတ်တာ၊ လျှော်တာဖွတ်တာ၊ ကြမ်းတိုက်တာ၊ စားပွဲမှာ

ပန်းတင်တာ၊ ဘုရားပန်းအိုးထိုးတာ အကုန်လုံး အိမ်သူ့အလုပ်တွေ ချည်းပဲ။

လူ့အသုံးအဆောင်ပစ္စည်းက အမျိုးမျိုးအထွေထွေမို့ သူ့နေရာနဲ့သူ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် မလုပ်ချင်လို့ကို မရဘူး။ အိမ်တွင်းမှုလုပ် ကျင့်ဝတ်မကျေတဲ့ အမျိုးသမီးရဲ့ အိမ်ကို ကြည့်လိုက်ရင် ဘုရားပန်းအိုးတွေကလည်း လန်းလန်းဆန်းဆန်း စိုစို ပြည်ပြည်မရှိဘူး။ ပန်းတွေက ခြောက်လို့၊ သွေ့လို့၊ သောက်တော်ရေခွက်ကလည်း ချိုးတွေကပ်လို့။ ဧည့်ခန်းစားပွဲက ပန်းတွေလည်း ညှိုးနွမ်း၊ ဟိုနေရာမှာ အဝတ်ပုံ၊ ဒီနေရာ ဂျာနယ်စာအုပ်တွေနဲ့ ရှုပ်ရှက်ခတ်နေတာပဲ။

အိမ်မှာ ကြမ်းတိုက်၊ တံမြက်စည်းလှည်း၊ သန့်သန့်ရှင်းရှင်း လုပ်မထားရင် အနံ့အသက်လည်း မကောင်းဘူး။ တစ်နေကုန် အလုပ်လုပ်ပြီး မောမောနဲ့ ပြန်လာတဲ့ ခင်ပွန်းသည်ရဲ့ ရင်ဘတ်ကို ဆောင့်ကန်လိုက်သလိုပဲ။ အမျိုးသမီးတွေ အိမ်တွင်းမှုလုပ်တာဝန် မကျေခြင်းဟာ လင်ယောက်ျားတွေရဲ့ နှလုံးသားကို ပူလောင်စေတတ်ပါတယ်။ အိုးခွက်ပန်းကန်ကအစ တိုက်ချွတ်ဆေးကြော သန့်သန့်ရှင်းရှင်း လုပ်ထားတော့ ကိုယ့်အတွက်လည်း ထထကြွကြွနေရလို့ ကျန်းမာရေးလည်းကောင်းတယ်။ နေရာတကာ သန့်ရှင်းသပ်ရပ်နေမှ လင်ယောက်ျားကအစ တစ်အိမ်သားလုံးနဲ့ ကိုယ့်အိမ်လာလည်တဲ့ ဧည့်သည်ပါမကျန် ရွှင်လန်းချမ်းမြေ့နိုင်ကြပါတယ်။

## ချစ်ခင်ကြင်နာ ကြွေးသစ်ချပါ

အိမ်တွင်းမှုအလုပ်တွေဟာ အိမ်သူဇနီးရဲ့ တာဝန်ဖြစ်သလို ခင်ပွန်းသည်က ရှာဖွေပေးအပ်လာတဲ့ ဥစ္စာငွေကို စာရင်းဇယား

ကျကျနနနဲ့ သိမ်းဆည်းထားဖို့လည်း တာဝန်ရှိတယ်။ အဲဒါကို "သိမ်းထုပ်သေချာ"လို့ ဆိုပါတယ်။

ရလာတဲ့ ဝင်ငွေကို စနစ်တကျ သိမ်းဆည်းထားတတ်မှ စီးပွားကက်ပါကယ်။ ရသမျှ အကုန် စနစ်ဇယားမရှိဘဲနဲ့ သုံးစွဲနေရင် ဘယ်လိုလုပ် တိုးတက်နိုင်မှာလဲ။ ပင်ငွေ ငါးထောင်ရှိရင် သုံးထောင်နဲ့ လောက်အောင်သုံးပြီး နှစ်ထောင်တော့ ရအောင်စုရမယ်။ လှူတဲ့နေရာမှာလည်း အဲဒီလို စနစ်ဇယားရှိရမှာပဲ။ အနာဂတ်အရေးအတွက် စုဆောင်းသိမ်းဆည်းမှု လိုပါတယ်။

"သိမ်းထုပ်သေချာ"ဆိုတဲ့ နေရာမှာ ငွေကြေးမှ မဟုတ်ဘူး။ အသုံးအဆောင်ပစ္စည်းတွေကိုလည်း စနစ်တကျ သူ့နေရာနဲ့သူ ထားတတ်ရမယ်။ အဟောင်းနေရာ အဟောင်း၊ အသစ်နေရာအသစ်ပေါ့။ ပန်းချီကား၊ ပန်းပုကအစ သူ့နေရာနဲ့သူ ထားတတ်ရတယ်။ အိမ်တစ်အိမ်ကို ဝင်လိုက်တာနဲ့ ဒီအိမ်ရဲ့ အိမ်ရှင်အမျိုးသမီးဟာ အမျိုးသမီးကောင်း ဟုတ်မဟုတ်၊ နံရံမှာချိတ်ထားတဲ့ ပုံကိုကြည့်ရင် သိသာပါတယ်။

အိမ်တစ်အိမ်ရဲ့ အဆင့်အတန်းကို အိမ်ခန်းထဲအထိ ဝင်ကြည့်နေစရာ မလိုဘူး။ ဘုရားစင်ကြည့်လိုက်တာနဲ့ သိသာတယ်။ မိုးကုတ်က အိမ်တွေမှာ ဘုရားစင်ဟာ အမြဲတန်း ဝင်းပြောင်ပြီး လန်းဆန်းကြည်လင်နေတယ်။ အိမ်ထဲဝင်လိုက်တာနဲ့ အင်မတန် ကျက်သရေရှိတာ။ ရန်ကုန် မိုးကုတ် ဝိပဿနာလုပ်ငန်းစဉ်နဲ့ ပြန့်ပွားရေး အဖွဲ့ချုပ်ဂုဏ်ထူးဆောင်နာယကကြီး ဥက္ကဋ္ဌကြီးဦးမြင့်အိမ်က ဘုရားခန်းကိုရောက်တော့ အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ်၊ မှန်လုံခန်းမှာ အဲယားကွန်းတပ်ထားတယ်။ ပန်းကလေးတွေ စိမ်းလန်းစိုပြည်၊ နံ့သာလေး တသင်းသင်းနဲ့ ဘုရားရုပ်ပွားတော်၊ ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ရုပ်ပွားတော်ကလွဲလို့ ကျန်တာ ဘာမှမထားဘူး။

ရှင်းလင်းကြည်လင်နေတယ်။ ဒကာကြီးဦးမြင့်က အပြင်ကပြန်လာရင် ဘုရားခန်း အရင်ဝင်တာ၊ ပြီးမှ အိမ်ကလူတွေနဲ့ စကားပြောတာတဲ့။

ဘုရား အာရုံပြုပြီးမှ ဇနီးမယားကို စကားပြောတော့ အသံက မေတ္တာဓာတ် ပါနေတယ်။ အမှားလည်းကင်းတယ်၊ ဒီတော့ ဇနီး မယားကလည်း ရှိသေတာပေါ့။ ရင်ထဲမှာ ပူလောင်နေတဲ့ အချိန် စကားမပြောနဲ့၊ ဒေါသဖြစ်နေတဲ့အချိန်မှာ စကားမပြောနဲ့။ အပြင်မှာ တွေ့ကြုံလာတဲ့ ကိစ္စဝိစ္စတွေကို အိမ်ထဲအထိပါအောင် ယူမလာနဲ့။ အပြင်ကာမီး အိမ်ထဲမသွင်းရဘူးလို့ မှတ်ပါ။

အမျိုးသမီးကလည်း ပါးနပ်ရတယ်။ အပြင်ကပြန်လာတဲ့ အမျိုး သားမျက်နှာ ကြည်သာမှု ရှိမရှိ အကဲခတ်တတ်ရတယ်။ လစာ ငွေကြေး ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အမောပြေအောင် ကြိုဆို နှုတ်ဆက် ပြောဆိုတတ်ရတယ်။ အင်္ကျီလေးချွတ်ပေး၊ ရေအေးလေး တစ်ခွက်တိုက်ပေး လုပ်ရတယ်။ ထမင်းဆာရင် စားလို့ရအောင် အဆင် သင့် လုပ်ထားရတယ်။

တချို့ကတော့ တာဝန်ကျေအောင် ထမင်းဟင်း အစောကြီး ချက်ပြုတ်ပြင်ဆင်ပြီး စားပွဲမှာ အုပ်ထားလိုက်တာပဲ။ လင်ယောကျ်ား ပြန်ချိန်ရောက်တော့ သူက ကိုရီးယားကား ကြည့်နေပြီး ဘာမှလည်း ကြိုဆိုနှုတ်ဆက် လုပ်မနေတော့ဘူး။ ထမင်းပွဲပြင်ထားပေးရင် သူ့ တာဝန်ကျေပြီ အောက်မေ့တာကိုး။ အမျိုးသားကလည်း ယင် တလောင်းလောင်းနဲ့ အေးစက်နေတဲ့ထမင်းကို ပဲ့တစ်ယောက်တည်း စား၊ ကြာတော့ အိမ်မှာ မပျော်တော့ဘူး။ အိမ်ထောင့်အရသာကို အိမ်မှာမရရင် အပြင်မှာရှာတော့တာပဲ။ ယောကျ်ားဆိုတာ အယုယခံ ချင်တယ်နော်။

လင်သားအပေါ်မှာ ဂရုမစိုက်တာ မဟုတ်ဘူး။ ကလေးတွေ အပေါ်လည်း ဂရုမစိုက်ချင်ကြဘူး။ မိုးလင်းတာနဲ့ ဆဲဆိုရိုက်ပုတ်နှိုး

မုန့်ဖိုးပေးလိုက်ရင် တာဝန်ကျေပြီ။ ကလေးက အိပ်ချင်မူးတူး နဲ့ ကျူရှင်သွား၊ ကျူရှင်ကပြန်လာတော့ အိမ်ဖော်ကျွေးတဲ့ ထမင်းလေးစားပြီး ကျောင်းကိုပြေး။ ညနေ ကျောင်းကပြန်လာ၊ ထမင်းသုပ်သုပ်စား ကျူရှင်သွား။ ပြန်လာတော့ အမေက တီဗွီမှာမော့လို့။ တစ်နေကုန်လို့ အမေ တစ်ခွန်းမခေါ်လိုက်ရဘူး။ အမေ့ဆီက ယဉ်ကျေးဖွယ်ရာ ဆုံးမစကားမပြောနဲ့ ချင်ခင်ကြင်နာမှုတောင်မှ မရတော့ ဒီကလေး ရိုင်းချင်တိုင်း ရိုင်းတော့တာပေါ့။ ဖသိမ်းထုပ်သေချာ”ဆိုရာမှာ အဲဒါပဲ ပါတယ်နော်။ ဒါမှလည်း ကြွေးသစ်ချရာ ရောက်ပါတယ်။

## နေ့တိုင်းမှာ မင်္ဂလာဆောင်ကြဖို့

မယားကျင့်ဝတ်ထဲမှာ နံပါတ်သုံး “မိစ္ဆာကြဉ်ရှောင်” ဆိုတာ အိမ်ထောင်ရေး မဖောက်ပြန်ရဘူးလို့ ပြောတာပါပဲ။ လင်ယောကျ်ား မှတစ်ပါး တခြားအမျိုးသားနဲ့ မဖောက်ပြန်ရဘူး။ တခြား အမျိုးသားကို စိတ်မဝင်စားရဘူး။ ခင်ပွန်းသည်ကို ဘေးနားထားပြီးတော့မှ “ကိုရီးယားမင်းသားလေးက လှလိုက်တာဟယ်” မလုပ်ရဘူးနော်။

မိစ္ဆာကြဉ်ရှောင်ဆိုတဲ့ နေရာမှာ တခြားအမျိုးသားတွေကို စိတ်ကလေးနဲ့တောင်မှ မပြစ်မှားမိပါစေနဲ့။ အိမ်ထောင်ရေး ဖောက်ပြန်တယ်ဆိုတာ အဲဒီလို အသေးအဖွဲလေးတွေ ၊ စတာပဲ။ အိမ်ထောင်ရေး ဖောက်ပြန်ရင် စီးပွားရေးလည်း ပျက်စီးဖို့ လမ်းစရောက်ပြီ။ ဗုဒ္ဓဘာသာ မြန်မာမှန်ရင် အိမ်ထောင်ရေးကိစ္စမှာ မလော်လီရဘူး။ တစ်လင်တစ်မယား စနစ်ကိုပဲ လိုက်နာရမယ်။ မိစ္ဆာကြဉ်ရှောင်မှု မရှိရင် မင်္ဂလာ ပျက်စီးပြီး စီးပွားရေးလည်း မတိုးတက်နိုင်တဲ့အတွက် ဘုရားက အတိအကျ လိုက်နာဖို့ မှာကြားခဲ့တာ ဖြစ်ပါတယ်။

မယားကျင့်ဝတ် နံပါတ်လေးက “လျှော်အောင်ဖြန့်ချိ”တဲ့။ လင်ရယ် မယားရယ် ဖြစ်လာမှတော့ သူမိဘလည်း ကိုယ့်မိဘပဲ၊

သူ့ဆွေမျိုးလည်း ကိုယ့်ဆွေမျိုးပဲလို့ သဘောထားရတယ်။ သူ့ဘက် ကိုယ့်ဘက် ပေးတာ ကမ်းတာ ကူညီတာ အညီအမျှဖြစ်စေရတယ်။ ကိုယ့်အမျိုးကျတော့ "စားဟယ် သောက်ဟယ်"နဲ့ တပြုံးပြုံးလုပ်နေပြီး ယောကျ်ားဘက်က အမျိုးကျတော့ မသဒ္ဓါဘူးဆိုတာမျိုး မဖြစ်စေရဘူး။

ယောက်ခမဆိုပေမဲ့ မိဘအရင်းလို သဘောထားပြီး ချစ်ချစ်ခင်ခင် ပြောဆိုဆက်ဆံ ပြုစုတတ်ရတယ်။ ပေးစရာရှိရင်လည်း ရက်ရက်ရောရော ကြည်ကြည်ဖြူဖြူနဲ့ ရိုရိုသေသေ ပေးကမ်းကတ်ရမယ်။ "ကြည့်ပါဦး၊ ချွေးမက သမီးအရင်းဖြစ်လို့၊ သားကတောင် စိမ်းနေသေးတယ်"လို့ ချီးမွမ်းစကား ထွက်လာပါစေ။ သူ့ဘက်က မောင်နှမသားချင်းကို ကိုယ့်မောင်နှမသားချင်း အရင်းလိုပဲ သဘောထားဆက်ဆံပေးကမ်းတတ်မယ်ဆိုရင် ဒီအိမ်ထောင်ရေးဟာ သာယာပြီး တိုးတက်ဖို့ပဲ ရှိပါတယ်။

နံပါတ်ငါးက "ပျင်းရိမှု" အိမ်ရှင်မရယ်လို့ ဖြစ်လာရင် ပျင်းနေလို့မရဘူး။ အိမ်တစ်အိမ်မှာ လုပ်စရာတွေက အများကြီး။ ချက်ရေးပြုတ်ရေး၊ လျှော်ဖွပ်သန့်ရှင်းရေးက အစပေါ့။ အိမ့်တာဝန်မှန်သမျှ အိမ်ရှင်မတာဝန်ချည်းပဲ။ အလုပ်တွေ ဘယ်လောက်များများ၊ တစ်ခုပြီးတစ်ခု အလိုက်သင့် လုပ်သွားရင် အချိန်တန်ပြီးသွားမှာပဲ။ ပျင်းနေလို့ကတော့ ဘာမှပြီးမှာ မဟုတ်ဘူး။ ကိုယ့်အိမ်လည်း ရှုပ်ပွညစ်ပတ်နေပြီး သီရိဂေဟာ ဖြစ်မလာနိုင်ပါဘူး။

ခင်ပွန်းသည် ယောကျ်ားကလည်း ဝတ္တရားငါးပါး ကျေပြွန်လို့ ဇနီးမယားကလည်း ဝတ္တရားငါးပါး ကျေပြွန်လို့ဆိုရင် "ပုတ္တဒါရဿ၊ သင်္ဂဟမင်္ဂလာ"ကြီး ဆောင်ယူထားရာ ရောက်ပါတယ်။ သားသမီး ဇနီးမယားအပေါ် "ကြွေးသစ်ချ"တဲ့ တာဝန်ကြီးကို အောင်အောင်မြင်မြင် ရွက်ဆောင်နိုင်ပါတယ်။

ကျက်သရေရှိတဲ့ အိမ်ဂေဟာလေး ဖြစ်ချင်တယ်၊ လောကီမင်္ဂလာအပေါင်း ပြည့်စုံတိုးတက်ချင်တယ်ဆိုရင်ဖြင့် လင့်ဝတ္တရား၊ မယားဝတ္တရား ကျေပွန်ခြင်း မင်္ဂလာကို နေ့တိုင်းဆောင်ထားကြရပါမယ်။ နေ့တိုင်း နေ့တိုင်း မင်္ဂလာဆောင်ဖြစ်အောင် ကြိုးစားသွားကြဖို့ပါ။

# အမြစ်ကောင်းစွာ လုပ်ကိုင်ပါ

## မင်္ဂလာ အမှတ် (၁၂)

## ကိုယ့်ရဲ့တာဝန် ကိုယ်ကျေပွန်

ဒီကနေ့ နံပါတ် (၁၂) မင်္ဂလာ "အနာကုလာစ ကမ္မန္တာ– အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင်လုပ်ပါလေ" ဆိုတာ ပြောရအောင်၊ အလုပ်တာဝန် ကျေခြင်းဟာ အပြစ်ကင်းပါတယ်။ မနေ့က ပြောခဲ့တဲ့ လင့်ဝတ္တရား၊ မယားဝတ္တရား၊ အခုပြောမည့် မိဘဝတ္တရား၊ သားသမီးဝတ္တရားတွေနဲ့အညီ ကျင့်ကြံလုပ်ကိုင်ရင်း အပြစ်ကင်းတဲ့အလုပ်ကို လုပ်ရာရောက်ပါတယ်။

လူအမျိုးမျိုး စိတ်အထွေထွေ ဆိုတာလို လူတွေဟာတစ်ယောက်နဲ့ တစ်ယောက် မတူညီကြပါဘူး။ လူငယ် လူလတ် လူကြီးရယ်လို့ အသက်အရွယ်အလိုက် အရွယ်သုံးပါး ပိုင်းခြားထားသလိုပဲ။ ဉာဏ်ရည်ဉာဏ်သွေးအနေနဲ့လည်း ဉာဏ်နု၊ ဉာဏ်ရင့်၊ ဉာဏ်ထက်ရယ်လို့ သုံးမျိုးသုံးစား ကွဲပြားနေကြပါတယ်။

အသက်အရွယ်အရလည်း သိမြင်တဲ့ ရှုထောင့်ချင်း မတူညီကြဘူး။ ရှုထောင့်တစ်ခုတည်းမှာပဲ ဉာဏ်နု ဉာဏ်ရင့် ဉာဏ်ထက် ကွဲပြားသလို ရှုမြင်ပုံ၊ တွေးခေါ်ပုံတွေ ကွဲပြားခြားနားနေတတ်ပါတယ်။ အသိအမြင် ကွာခြားတာကို ပဓာနမထားဘဲနဲ့ ကိုယ့်တာဝန်ကိုယ် ကျေပွန်လို့ အပြစ်ကင်းအောင် လုပ်နိုင်ကြရင် မင်္ဂလာတရားတော်နဲ့ ညီညွတ်ပြီးတော့ ကြီးပွားချမ်းသာနိုင်ကြတာပါပဲ။

# အခြေခံလုံလောက်မှု အရေးကြီး

အသက်အရွယ်အရ ဉာဏ်ရည်ဉာဏ်သွေးအရ အသိအလိမ္မာ တရားတွေ ရှာဖွေလေ့လာကြတဲ့နေရာမှာ အထက်တန်း ခန္ဓာဉာဏ် ရောက် တရားတွေကို နာကြားအားထုတ်ကြသလို အခြေခံဖြစ်တဲ့ ဘာသာ၊ သာသနာ ယဉ်ကျေးမှုတရားတွေကိုလည်း လေ့လာလိုက်စား ပြီးတော့ ကျင့်ကြံလိုက်နာကြရပါမယ်။ အထက်တန်းခန္ဓာဉာဏ်ရောက် တရားတွေတော့ နာပါရဲ့။ အခြေခံကျင့်ဝတ်တွေ မသိခဲ့တော့ မိမိရဲ့ အိမ်ထောင်စုကို ကျင့်ဝတ္တရား အင်္ဂါအချက်အလက်တွေနဲ့ ညီညွတ်စွာ ထိန်းသိမ်းစောင့်ရှောက်မှု မပြုခဲ့ဘူးဆိုရင် ဘဝမှာ အဆင်မပြေလှ ပါဘူး။

အထက်တန်းတရားတွေတော့ သိပါရဲ့၊ အိမ်ထောင်ကျင့်ဝတ် တွေကျတော့ အမှတ်တမဲ့နေပြီး တာဝန်မကျေခဲ့ဘူးဆိုရင် မောင့် ကျက်သရေခေါင်းပေါင်းကြီး ပေါင်းပြီး အောက်ပိုင်းက ပုဆိုးမပါဘဲ လံကွတ်တီလေးပဲ ဝတ်ထားတဲ့အမျိုးသားနဲ့ တူမနေဘူးလား။ အမျိုး သမီးတွေ အနေနဲ့ ပြောရရင် အထက်ပိုင်းမှာ ဆံထုံးကြီး အကြီးကြီး ထုံး၊ ပုဝါကြီးများချလို့ ခွံ့ခွံ့ညားညား ဝတ်ထားမှတော့ အောက် ပိုင်းကလည်း လုံလုံခြုံခြုံဖြစ်အောင် ဝတ်ဆင်သင့်တယ် မဟုတ်လား။

ခန္ဓာကိုယ် အထက်ပိုင်းကို အပျံစားဖြစ်အောင် ပြင်ဆင်ထားပြီး အောက်ပိုင်းမှာ ဘာမှ ဝတ်မထားရင် မတင့်တယ်ဘူး။ ကြည့်ရတာ အဆင်မပြေဘူးနော်။ အဲဒီတော့ တရားမမှ ရှာဖွေနာကြား လေ့လာတဲ့ အခါမှာလည်း အခြေခံ လူ့ကျင့်ဝတ်တရားတွေ လုံလောက်အောင် မလေ့လာခဲ့ဘဲနဲ့ ခန္ဓာဉာဏ်ရောက် အထက်တန်းတရားတွေ နာနေလို့ သင့်တော်ပါ့မလား။ တချို့ဆို တရားဆိုလို့သာ နာလိုက်တာ သဘော မပေါက်ကြဘူး။ ခန္ဓာဉာဏ်ရောက်လို့ ပြောပေမဲ့ တရားမနာတတ်

တော့ တရားဟောတဲ့ပုဂ္ဂိုလ် ဘယ်လောက်နားလည်အောင် ရှင်းပြနေပါစေ ဘာပြောနေမှန်း မသိပါဘူးဆိုတဲ့ လူမျိုးလည်း ရှိနေသေးတာပဲနော်။

အဲဒီတော့ အထက်တန်းတရားတွေ မနာကြားခင်မှာ အခြေခံကျင့်ဝတ်တွေလည်း သိထားနှင့်ပါစေ။ လူကြီးရဲ့ အခြေခံဟာ လူငယ်ဖြစ်သလို အလုပ်တစ်ခုရဲ့ အခြေခံဟာလည်း စတင်လုပ်ဆောင်ခြင်းဖြစ်ပါတယ်။ လူငယ်ကောင်းမှ လူကြီးဘဝရောက်ရင် အောင်မြင်မယ်။ လုပ်ငန်းအစ ကောင်းမှလည်း ရေရှည်မှာ ကြီးပွားတိုးတက်နိုင်မယ်။ မင်္ဂလာတရားတော်လို အခြေခံတရားတွေ လုံလောက်အောင် သိထားပြီးမှ အထက်တန်း ခန္ဓာဉာဏ်ရောက် တရားတွေနာရင် ပိုကောင်းပါတယ်။ "ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး"၊ "အစကောင်းမှ အနှောင်းသေချာ"ဆိုတဲ့ စကားဆိုရိုးများအတိုင်း အခြေခံ လုံလောက်ဖို့ဟာ သိပ်အရေးကြီး ပါတယ်။

## မယဉ်ကျေးရင် ဘယ်သူမှ လက်မခံ

လူဆိုတာက ဘယ်သူမှ တစ်ယောက်တည်း တစ်ကောင်ကြွက်နေလို့မရဘူး။ ကိုယ့်တစ်ယောက်တည်း ရပ်တည်ရှင်သန်လို့ မရပါဘူး။ အသိုင်းအဝိုင်း ပတ်ဝန်းကျင်နဲ့ နေကြရပါတယ်။ ဒီပတ်ဝန်းကျင်နဲ့ အဆင်ပြေဖို့ ချောမွေ့ဖို့က လူ့ကျင့်ဝတ်၊ လူ့ဝတ္တရား မင်္ဂလာတရား အခြေခံရှိထားဖို့ လိုအပ်ပါတယ်။

မိဘဝတ်၊ သားသမီးဝတ်စတဲ့ အခြေခံကျင့်ဝတ်တွေဟာ ဘုရားမြတ်စွာ ဟောကြားခဲ့တာမို့ ဗုဒ္ဓဘာသာဝင်တွေပဲ လိုက်နာရမည့်တရား မဟုတ်ပါဘူး။ ခရစ်ယာန်တွေလည်း ကျင့်လို့ရတယ်၊ အစ္စလာမ်တွေလည်း ကျင့်လို့ရတယ်။ ဘယ်ဘာသာဝင် ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ ကိုယ်မွေးထားတဲ့ သားသမီးက မိဘကို စော်ကားရင် လက်ခံပါ့မလား။

အထက်တန်းကျ လူနေမှုမြင့်မားတဲ့ အိမ်ထောင်ရှင်တိုင်းဟာ တစ်အိုးတစ်အိမ်ထောင် တစ်လင်တစ်မယားစနစ် ကျင့်သုံးတာကိုပဲ ကြိုက်ကြပါတယ်။ အိမ်ထောင်ရေးမှာ ရှုပ်တဲ့ပွေတဲ့ ခင်ပွန်းသည်ကိုပဲ ဖြစ်ဖြစ်၊ ဇနီးသည်ကိုပဲဖြစ်ဖြစ် ဘယ်ဘာသာဝင်ကမှ မနှစ်ခြိုက်ပါဘူး ။ ရှုပ်တာ ပွေတာကို ယဉ်ကျေးသိမ်မွေ့တဲ့ အသိုင်းအဝိုင်းက ဘယ်သူမှ လက်မခံပါဘူး။

ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်ဟာ ကျင့်ဝတ် အခြေခံကို သိထားသင့်ပါတယ်။ ငြိမ်းချမ်းရေးလို့ နှုတ်က ကကွက်ကွက်ပြောနေပြီး ငြိမ်းချမ်းရေးရဲ့ အခြေအမြစ် အနှစ်သာရကို နားမလည်ရင် လက်ကတော့ "တဒက်ဒက်" ဖြစ်နေဦးမှာပါပဲ။ ငြိမ်းချမ်းရေးကို ပြောမယ်ဆိုရင် ငြိမ်းချမ်းမှုရဲ့ အခြေခံသဘောတရားတွေကိုတော့ နားလည်ထားသင့်တာပဲပေါ့။

## သားသမီးကို ပတ်ဝန်းကျင် မျက်လုံးနဲ့ကြည့်

"အနာကုလာစကမ္မန္တာ–အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင် လုပ်ပါလေ"ဆိုတဲ့ အပြစ်ကင်းအောင်လုပ်ခြင်း မင်္ဂလာ အခြေခံ လူ့ကျင့်ဝတ်တရားကို ပြောကြရအောင်ပါ။ အိမ်ထောင်တစ်ခု မိသားစုတစ်ခုမှာ လင်နဲ့မယား၊ မိဘနဲ့ သားသမီးရယ်လို့ ရှိကြပါတယ်။ အိမ်ထောင်ဦးစီးဖြစ်တဲ့ မိဘက သားသမီးနဲ့ ဇနီးမယားတွေကို ရှာဖွေကျွေးမွေး စောင့်ရှောက်တဲ့နေရာမှာ အပြစ်ကင်းအောင် ရှာဖွေကျွေးမွေးတတ်ဖို့ လိုပါတယ်။ အပြစ်ကင်းသော နှလုံးသားဖြင့် မိမိရဲ့ မိသားစုကို စီမံအုပ်ချုပ်တတ်ဖို့ လိုပါတယ်။

မိဘတာဝန် မလစ်ဟင်းစေဘဲနဲ့ အပြစ်ကင်းအောင် လုပ်ချင်တယ်ဆိုရင် မိဘတို ့ မိဘတိုင်း လိုက်နာရမည့် မိဘဝတ္တရားကို

သိထားနှင့်ရပါမယ်။ မိဘဝတ္တရားက "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ"တဲ့။ မိဘတို့ရဲ့ ကျင့်စဉ်တရား ငါးပါးပေါ့။

မိဘဆိုတာ သားသမီးတွေ အမြင်မတော်တာ၊ မကောင်းတာလုပ်နေရင် တားမြစ်ရမည့် တာဝန်ရှိတယ်။ ကိုယ်က သိလျက် မြင်လျက်နဲ့ မတားမြစ်ခဲ့ရင် ပတ်ဝန်းကျင်က ပြောလာမှာပဲ။ "ကျွန်မတို့က သားသမီးချင်း ကိုယ်ချင်းစာလို့ ပြောတာပါနော်။ ရှင့်သားက စကားပြောရင် အခြောက်လိုလို ဘာလိုလိုနဲ့၊ ပိန်လိုက်တာများ မျက်ရစ်တွေတောင် ပျောက်နေပြီ၊ သွေးလေးဘာလေးလည်း စစ်ကြည့်ကြပါဦး၊ ဆေးတွေရှူနေတယ် ထင်ပါရဲ့၊ ကြည့်ရတာ အခြေအနေမကောင်းဘူး"လို့ ပြောလာရင် စိတ်မဆိုးပါနဲ့။ ကိုယ့်အပေါ် စေတနာနဲ့ပြောတယ်လို့ လက်ခံပါ။ ကိုယ်မှ မိဘဝတ္တရားနဲ့အညီ မတားမြစ်ခဲ့တာကိုးနော်။

မိဘတွေက ကိုယ့်သားသမီးကို အချစ်မျက်လုံးနဲ့ ကြည့်တာဆိုတော့ အပြစ်မမြင်နိုင်ဘူးပေါ့။ ဒါကြောင့် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "ဒကာကြွယ်တို့ရေ ကိုယ့်သားသမီးကို ကြည့်တဲ့အခါ အချစ်မျက်လုံးနဲ့ မကြည့်ဘဲ ပတ်ဝန်းကျင်မျက်လုံးနဲ့ကြည့်တာကို အတည်ယူပေးပါ"လို့ မိန့်တော်မူခဲ့တာပေါ့။ အချစ်မျက်လုံးနဲ့ကြည့်တော့ ချစ်တာတစ်ခုတည်းပဲသိပြီး အမှန်အတိုင်း နားမလည်နိုင်တော့ဘူး။ ဒီလိုနဲ့ "သားသမီးယုံ စုံလုံးကန်း"တဲ့ မိဘတွေ သိပ်များနေတယ်နော်။

သားသမီးတောင်းတာ ပေးနိုင်ရင် အဖေ အမေရဲ့ တာဝန်ကျေပြီလို့ ယူဆနေကြတာ များတယ်။ မိဘဝတ္တရားငါးပါးကို သိလည်းမသိ၊ လေ့လည်းမလေ့လာကြဘူး။ မိဘနဲ့ သားသမီး ကိုယ့်ဝတ္တရား

နဲ့ကိုယ် ကျေပွန်ကြမှသာ အေးမြသာယာတဲ့ သိရိဂေဟာတစ်ခုကို ပိုင်ဆိုင်ကြမှာပါ။ သိရိဂေဟာလေးမှာ နေကြရမှလည်း လောကီဥစ္စာ ရတနာ မင်္ဂလာရော လောကုတ္တရာဥစ္စာ ရတနာမင်္ဂလာပါ တိုးတက်ကြီးပွား ရရှိနိုင်ကြပါလိမ့်မယ်။

## ဗုဒ္ဓယဉ်ကျေးမှု အမွေခံထိုက်စေ

မိဘတွေက ကိုယ့်သားသမီး မကောင်းတာတွေ့ရင် မြင်ရင် တားမြစ်ရတယ်။ "မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်"ဆိုတဲ့ အပိုင်း ကောင်းရာကောင်းကြောင်း အတွက်လည်း ညွှန်ပြပေးရမယ်။ ကလေးတွေကို လိမ္မာရေးခြားရှိအောင် လုပ်ပေးဖို့က မိဘတာဝန်ပဲ။ "အလိမ္မာ စာမှာရှိ" ဆိုလို့ စာဖတ်တိုင်း လိမ္မာတယ်များ မထင်ပါနဲ့။ ခုခေတ်ကလေးတွေ ကာတွန်းဖတ်လိုက်၊ ဗွီဒီယိုကြည့်လိုက်နဲ့ ဝတ်ပုံစားပုံက ကာတွန်းရုပ်ပေါက်နေပြီ။

အပျော်အပါးနဲ့ချည်း ပစ်ထားတော့ အကုန်လုံး ဗရုတ်သုတ်ခ ဖြစ်ကုန်တယ်။ ပြောတတ်ဆိုတတ် နေတတ် ထိုင်တတ် ယဉ်ကျေးလိမ္မာတဲ့ ရင်သွေးရတနာတွေ ဖြစ်စေချင်ရင် ဗုဒ္ဓဝင် ဓမ္မပဒ ဝတ္ထုတွေ နိပါတ်တော် ဇာတ်လမ်းတွေ ပြောပြပေးရမယ်။ မိဘက မပြောပြတတ်ရင် အဲဒီလို စာအုပ်ကောင်းလေးတွေ ဝယ်ပြီးတော့ အဖတ်ခိုင်းရမယ်။

ကောင်းရာမှန်ရာ ညွှန်ကြားပေးဖို့ဆိုတာက မိဘကလည်း သင်ထားလေ့လာထားဦးမှ ဖြစ်တာကိုး။ ကိုယ့်ရဲ့ မိဘဘိုးဘွား ဆရာသမားတွေဆီက ပြောဆိုဆုံးမစကားနဲ့ ကြီးပြင်းခဲ့ရမှလည်း ကိုယ်မိဘဖြစ်တဲ့အလှည့်မှာ ပြန်ပြီးတော့ ပြောဆိုဆုံးမနိုင်ပါတယ်။ အခုတော့ အများစုက အဖေကလည်း ပြောမပေးနိုင်၊ အမေကလည်း ပြောမပေး

နိုင်၊ သားသမီး မှားနေတာကို လမ်းကြောင်းတည့်ပေး၊ ပြင်ပေးရကောင်းမှန်းမသိဘဲ ပျက်စီးနေတာက များနေပါပြီ။

မိဘဝတ္တရား တစ်ခုက "အတတ်သင်စေ"တဲ့။ ကိုယ့်သားသမီးကို လူထဲသူထဲ တင့်တင့်တယ်တယ်နဲ့ ဝင်ဆန့်နိုင်အောင် ပညာသင်ပေးရမယ်။ ပညာဆိုတဲ့နေရာမှာ B.A၊ B.com ဘွဲ့တွေရလို့ လောကတတ်ပညာ ကွန်ပျူတာနည်းပညာတွေရဖို့ လုပ်ပေးနေကြတာပါပဲ။ "ဘဝတက္ကသိုလ်"လို့ ခေါ်တဲ့ လောကထဲမှာ ပေါင်းသင်းဆက်ဆံလုပ်ရှားတဲ့အခါမှာ အောင်အောင်မြင်မြင် ကျွမ်းကျွမ်းကျင်ကျင်ဖြစ်ဖို့ကျတော့ ဘာသာယဉ်ကျေးမှု ဗုဒ္ဓဓမ္မတွေကိုလည်း သိကျွမ်းနားလည်အောင် သင်ပြပေးဖို့ လိုပါသေးတယ်။

ရှေးတုန်းက ပညာရေးက ဘုန်းတော်ကြီးကျောင်းသင် စနစ်ဆိုတော့ ယဉ်ကျေးလိမ္မာဖို့အတွက် စိတ်ချရပြီးသားပဲ။ ဘုန်းကြီးကျောင်းထွက်ဆိုရင် လောကထဲမှာ အဆင်ပြေပြေနဲ့ ပြောဆိုဆက်ဆံတတ်ပြီးသားပါ။ အခုခေတ်တော့ အဲဒီလို ချောချောငံငံ ပြေပြေပြစ်ပြစ် မလုပ်တတ်ကြဘူး။ လောကီပညာတွေ ဘွဲ့ရအောင် တတ်ပေမဲ့ လူမှုဆက်ဆံရေးပညာ သိပ်ညံ့နေတယ်။ ဒါကြောင့်လည်း လောကကြီးပွားတိုးတက်ရေးမှာ အောင်မြင်သင့်သလောက် မအောင်မြင်ကြတာပဲ။

**"တို့မြေဌာနီ ရှေးခါဆီဝယ်၊ မထေရ်အပေါင်း စံရာကျောင်းမှာ ငြိမ့်ပြောင်းသာယာ၊ မိန့်အာဏာကို ရပ်ရွာလူများ လွန်လောစားခဲ့။**

**ခုကာလဝယ်၊ နုနယ်ပွားစီး၊ သားသမီးတို့၊ ဘုန်းကြီးကျောင်းတွင်၊ စာမသင်ခဲ့။ မိခင်မြန်မာ၊ တို့မွေစာကို၊ များစွာလေးစား၊ မသင်ကြားဘဲ၊ တခြားရပ်ဝေး၊ စာမထွေးကို၊ အလေးတမူ၊ အရေးယူ၍၊ ကြည်ဖြူခဲ့ရာ၊ နှစ်ပေါင်းကြာသော်၊ မြန်မာပြည်သား၊ တိုင်းရင်းဖွားတို့၊ ဘုရားကိုစွန့်၊ တရားစွန့်၍၊ စွန့်လိမ့်မှန်စွာ၊ မြတ်သံဃာသည်၊ ရှောင်ခွာသာသနာကွယ်ကြောင်းတည်း။**

ဆိုတဲ့ ကဗျာလေးထဲကအတိုင်း ရတနာသုံးပါးကို တန်ဖိုးမထား တတ်တော့ဘူး။ အမျိုးဂုဏ်၊ ဘာသာ၊ သာသနာရဲ့ဂုဏ်ကိုလည် ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်း မသိကြတော့ဘူး။ ဘာသာ သာသနာကို မလေးစားရင် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ကိုယ်ကျင့် တရားဆိုတာလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားမှာပဲ။ မြန်မာ့ ယဉ်ကျေးမှုဆိုတာက ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ အခြေခံထားရတာ မို့ ဘာသာ သာသနာလေးစားမှု လျော့နည်းလေး၊ ယဉ်ကျေးတဲ့ ကိုယ်ကျင့်တရား မှေးမှိန်လေဖြစ်ပြီး လောကကြီးထဲမှာ နေရထိုင်ရတာ ကြောက်စရာကောင်းလာတော့မယ်။

"ပေးဝေနိုးရင်း"ဆိုတဲ့ မိဘဝတ္တရားကိုလည်း ကျေပွန်ရမည်။ သားသမီးတွေ ကြီးပြင်းလို့ သူ့လက် သူ့ခြေ ရပ်တည်နိုင်ပြီဆိုရင် ဥစ္စာရင်းနှီး ထုတ်ပေးရမယ်။ ပညာအရင်းအနှီးလည်း အရင်းအနှီး ပါပဲ။ "ထိမ်းမြားခြင်း" ဝတ္တရားကတော့ မိဘတိုင်း လုပ်ဆောင်ပေးနေ ကြတာမို့ အကျယ်ပြောစရာ မလိုတော့ပါဘူး။

## ကျွန်ဖြစ်အောင်တော့ မနဲ့စေချင်

သားသမီးတွေရဲ့ကျင့်ဝတ်မှာ "ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ"လို့ အထင်အရှားပါနေတယ်။ မိခင်ဖခင်ကို သားသမီးက ပြင်ဆင်ကျွေးမွေး လုပ်ကိုင်ပေးရမှာပါ။ ခုတော့ အမေခူးပေးတဲ့ ထမင်း ကို ဇိမ်နဲ့စားနေတဲ့ သားသမီးက များနေတယ်နော်။

စာမေးပွဲအရေးကြီးလို့၊ အလုပ်အရေးကြီးလို့ တစ်ခါတစ်ရံ ခူးပေးတာ မဆိုလိုပါဘူး။ ကိုယ့်မှာ ခြေလက်အင်္ဂါအပြည့်အစုံနဲ့ မွေးပေး ထားတာပဲ၊ ကိုယ်စားဖို့ ထမင်း ကိုယ်တိုင် ခူ ရမှာပေါ့။ အမေက

ချက်ကျွေးနေတာပဲ လွန်လှပြီ။ တချို့များ မိဦး ဖဦး စားဦးစားဖျားကို အရင်ရှုးစားတတ်တာက ရှိသေးတယ်။

တချို့များ အပြင်ထွက်တော့ မင်းသမီးလေးလိုပဲ ကြော့လို့ မော့လို့။ အိမ်မှာဖြင့် သမီးတွေ စကတ်တွေက ဟိုနားတစ်ပုံ၊ ဒီနားတစ်ပုံ။ အမေကိုယ်တိုင် လိုက်ကောက် လျှော်ဖွပ် မီးကြွေတိုက်ထားတာလေးနဲ့ သူက ဝတ်စားနေတယ်။ ကိုယ်က ပြုစုလုပ်ကိုင် ကျွေးမွေးရမည့်အစား မိဘတွေဆီကနေ အလကား နို့သက်ခံနေကြတာနော်။ အမေ အဖေက ချစ်တော့ အလိုလိုက်လွန်းလို့ ဆိုးနေကြတာလည်း ပါပါတယ်။

ဒါကြောင့် မိဘတွေကို ပြောချင်တာက ကိုယ့်သားသမီးကို ချစ်တော့ချစ်ပါ၊ ကျွန်ဖြစ်အောင်ထိ အလိုမလိုက်ကြပါနဲ့လို့။ သားသမီးတွေကလည်း မိဘကိုနွဲ့တာတော့ နွဲ့ပေါ့။ ဒါပေမဲ့ ကျွန်ဖြစ်အောင်တော့ မနွဲ့ပါနဲ့။ အဖေအမေရဲ့ ဝေယျာဝစ္စလုပ်မပေးနိုင်သေးရင် ရှိပါစေ။ ကိုယ့်အဝတ်အစား ကိုယ်လျှော်ဖွပ်၊ ကိုယ့်ထမင်းကို ရှုးစား၊ ဆေးကြော။ ဒီလောက်တော့ လုပ်ကြပါ။

မြတ်ဗုဒ္ဓ လက်ထက်တော်က ခုဇ္ဇုတ္တရာ ကျွန်မဆိုတာ ကြားဖူးတယ်မဟုတ်လား၊ ဆွမ်းခံကြွလာတဲ့ ရဟန္တာထေရီမကို “မရှိမသေ ဟိုကြုတ်ဘူးလေး လှမ်းလိုက်စမ်းပါ”လို့ ဘဝတစ်ခုမှာ ခိုင်းခဲ့ဖူးသတဲ့။ ရဟန္တာ ထေရီမကလည်း အဘိညာဉ်ခြောက်ပါး ရထားတဲ့ ပုဂ္ဂိုလ်ဆိုတော့ “ငါ လုပ်မပေးလို့ ပြစ်မှားမိရင် သူ အဝီစိ ကျတော့မယ်၊ လုပ်ပေးပြန်ရင်လည်း ကျွန်ဖြစ်ရှာတော့မယ်၊ အဝီစိကျတာနဲ့စာရင် ကျွန်ဖြစ်တာက တော်သေးတယ်”ဆိုပြီးတော့ လုပ်ပေးခဲ့တာ အဲဒီအပြစ်ကြောင့် ဘဝပေါင်းငါးရာ ခုဇ္ဇုတ္တရာ ကျွန်မဖြစ်ခဲ့ရတယ်။

မိဘဆိုတာ မခိုင်းစေကောင်းဘူး၊ ခိုင်းတဲ့ သားသမီးများ နောင်ဘဝများစွာ ကျွန်ဖြစ်ရတတ်ပါတယ်။ ဒါကြောင့် မိဘကို

ချစ်တော့ ချစ်ပါ မနွဲ့ပါနဲ့။ ကျွန်ဖြစ်ရလောက်အောင် မဆိုးကြပါနဲ့လို့ မှာချင်ပါတယ်။ ထမင်းမရှုးတတ်၊ အဝတ်မလျှော်တတ်သေးတဲ့ မူလတန်း ကျောင်းသားအရွယ်ဆိုရင်တော့ ထားပါတော့။ အလယ်တန်း အထက်တန်းရောက်နေတဲ့ ကလေးတွေအဖို့ ကိုယ့်ဝေယျာဝစ္စ လုပ်စရာရှိတာ ကိုယ်တိုင်လုပ်ကြပါ။ တတ်နိုင်ရင် မိဘရဲ့ဝေယျာဝစ္စ တွေကို ကူညီလုပ်ကိုင်ပေးကြပါ။ ဒါမှ သားသမီးဝတ်နဲ့ ညီကြပါမယ်။

## မေတ္တာနဲ့ ချစ်မှ ငြိမ်းအေးရမယ်

ကိုယ်စားဖို့ထမင်း ကိုယ်တိုင်ရှုးခပ်စား၊ ကိုယ့်အဝတ်ကိုလျှော်ဖွပ်၊ ကိုယ့်အားကိုယ်ကိုးတတ်တဲ့ သားသမီးလေးများဖြစ်ခဲ့ရင် အမေအဖေရဲ့ ရင်ထဲမှာ ငြိမ်းအေးရပါတယ်။ ငြိမ်းအေးခြင်းဟာ မေတ္တာရဲ့ ပြယုဂ် မဟုတ်ပါလား "မေတ္တာဟာ အေးမြတဲ့ စမ်းချောင်းငယ် တစ်ခု"လို့ သီချင်းတစ်ပုဒ်မှာ ပါတယ်လေ။

အဲဒီသီချင်းထဲမှာ "၅၂၈ ထက် ပိုရင် ငိုပွဲတွေစု"တဲ့ သမုဒယ နယ် ဖြတ်သန်းသွားရင်တော့ ငိုပွဲတွေစုတော့မှာပါပဲ။ မေတ္တာနယ်ထဲမှာသာ ငြိမ်းအေးခြင်းကို ရနိုင်ပါတယ်။ သားသမီးနဲ့ ပတ်သက်ပြီး ပူလောင်နေရမယ်ဆိုရင် မေတ္တာ မဟုတ်တော့ပါဘူး။ ကိုယ့်သားသမီး တွေကို မေတ္တာနဲ့ချစ်ပြီး လိမ္မာယဉ်ကျေးအောင် ပြောသင့်တာ ပြောရ တယ်။ တရားချစ်နဲ့ ရမ်းချစ်မှန်းချစ် အကန်းချစ်နဲ့ အလိုလိုက် အကြိုက်ဆောင် အကုန်လုပ်ကိုင်ပေးနေရင်တော့ "သားသမီးယုံ စုံလုံး ကန်း" ဖြစ်တတ်ပါတယ်၊ ဘယ်လိုနည်းနဲ့မှ ငြိမ်းအေးမှာ မဟုတ် ပါဘူး။

လိမ္မာယဉ်ကျေးတဲ့ သားသမီးတွေဖြစ်မှလည်း မိဘရင်မှာ တကယ် ငြိမ်းအေးရပါတယ်။ ကျင့်ဝတ်ကျေပွန်တဲ့ သားလိမ္မာ သမီး

လိမ္မာလေးတွေဖြစ်အောင် ပြောဆို ဆုံးမပေးဖို့ ဝန်လေးမနေပါနဲ့ လို့လည်း မိဘတွေကို သတိပေးပါရစေ။

## မျိုးနွယ်ဘာသာ စောင့်ထိန်းပါ

သားသမီးတွေက "ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ"သာ လုပ်မပေးကြရင် ရှိမယ်။ အမွေတော့ ခံချင်နေကြတာချည်းပဲ။ ကိုယ့်ကိုယ်ကိုလည်း အမွေခံထိုက်သလား၊ မထိုက်ဘူးလား စဉ်းစားနေတာ မဟုတ်ဘူး။ မိဘမသေခင်ကကို အမွေလုချင်နေကြတာနော်။ "မွေခံထိုက်စေ"ဆိုတာ မိဘကို လုပ်ကျွေး ပြုစုခဲ့တဲ့ သားသမီးတွေနဲ့သာ သက်ဆိုင်ပါကယ်။

ဒီမိဘက ကျွေးမွေးစောင့်ရှောက်ခဲ့လို့ ခြေလက်အင်္ဂါပြည့်စုံ သန်မာစွာနဲ့ ကြီးပြင်းခဲ့ရတယ်။ အမေအဖေရဲ့ ဥစ္စာအမွေကိုလည်း ခံယူခဲ့ပြီ။ မိဘတွေ သင်ပေးတဲ့ပညာ၊ တည်ထောင်ပေးခဲ့တဲ့ လုပ်ငန်းတွေဟာလည်း အမွေတွေပါပဲ။ မိဘအမွေကို ခံယူထားပြီးရင် တမလွန်ကို ကူးပြောင်းသွားတဲ့ မိဘတွေ ကောင်းကျိုးခံစားရအောင် ရည်ရွယ်ပြီး လှူရတန်းရမယ်။ မိဘတွေကို အမျှအတန်းပေးဝေရပါမယ်။ အဲဒါ "လှူမျှဝေ၍"ဆိုတဲ့ ကျင့်ဝတ်ပေါ့။

သားသမီးတွေမှာ "စောင့်လေမျိုးနွယ်"ဆိုတဲ့ ကျင့်ဝတ်ကလည်း အရေးကြီးပြန်ပါတယ်။ အမျိုးဂုဏ် ဘာသာဂုဏ် သာသနာဂုဏ် စောင့်ထိန်းရမယ်။ မိဘမျိုးရိုးစဉ်လာ လှူမှုတန်းမှုလေ့ယိုးစုံမပျွ ထိန်းသိမ်းဆောင်ရွက်မှ "ဘယ်သူ့သား၊ ဘယ်သူ့သမီး"လို့ မိဘတွေရဲ့ နာမည် ဂုဏ်သတင်းကို မညှိုးမှိန်အောင် လုပ်ရာရောက်ပါတယ်။

ကိုယ့်ဘာသာ ကိုယ့်မျိုးရိုး မိဘအစဉ်အလာကို စောင့်ထိန်းတယ်ဆိုကာ တခြားဘာသာကို အပြစ်ပြောဖို့၊ သူတို့ကောင်းကွက်တွေ

ကို လျစ်လျူရှုဖို့ မဟုတ်ဘူးနော်။ ကောင်းတာ ကိုယ့်အကျိုးရှိတာကို အတုယူသင့်ရင် ယူရမှာပဲ။ အစ္စလာမ်တွေဆိုရင် မျိုးနွယ်ကို စောင့်ရှောက်တဲ့နေရာမှာ "၇၈၆"လို့ ရေးထားတဲ့ဆိုင်မှာပဲ ဝယ်သတဲ့။ တို့တစ်တွေလည်း ဘုရားဂုဏ်တော် ၉ ပါး၊ တရားဂုဏ်တော် ၆ ပါး၊ သံဃာ့ဂုဏ်တော် ၉ ပါးကို သင်္ကေတယူပြီး "၉၆၉"လို့ဖြစ်ဖြစ်၊ ဗုဒ္ဓံ ဓမ္မံ သံဃံလို့ဖြစ်ဖြစ် ရေးထားရင် ကောင်းမယ်။ ကိုယ့်အမျိုး အနွယ်ဆိုင်ကို အားပေးလို့ရတယ်လေ။

နောက်တစ်ခုက သူတို့ဘာသာမှာ စီးပွားရှာလို့ ငွေတစ်ရာရလာရင် တစ်ကျပ် သာသနာပြုဖို့ လှူရသတဲ့။ တို့တစ်တွေလည်း အဲဒီလို စည်းကမ်းထားရင် ကောင်းမယ်။ လှူတဲ့နေရာမှာကော့ ကို့တစ်တွေက ပြောစရာမလိုအောင် စေတနာ သဒ္ဓါတရား ထက်သန်ပြီးသားပါ။ ဝယ်တဲ့ ခြမ်းတဲ့နေရာမှာသာ စည်းကမ်းရှိဖို့ လိုနေတယ်။ အမျိုးဘာသာ သာသနာ စောင့်ရှောက်ထိန်းသိမ်းတဲ့ နေရာမှာ ကောင်းတာဆိုရင် အတုယူသင့်ပါတယ်။

မိဘက ကျွေးသစ်ချပြီးတော့ အတတ်ပညာသင်ပေးတဲ့ နေရာမှာ အဲဒီလို အသိဉာဏ်လေးတွေလည်း မျှဝေပေးရမယ်။ အထူးသဖြင့် အိမ်ထောင်ပြုတဲ့အခါ စည်းကမ်းရှိပါ၊ မျိုးနွယ်စောင့်ပါ။ ဒီလိုမှ မဟုတ်ရင် ဘိုးဘွား၊ မိဘအစဉ်အဆက် ကိုးကွယ်စောင့်ထိန်းလာခဲ့တဲ့ ဘာသာတရားနဲ့ အမျိုးအနွယ်ဆိုတာ ခဏခြင်းနဲ့ ပျောက်ကွယ်သွားလိမ့်မယ်။ ကိုယ့်ဘာသာတရား ကိုယ့်လူမျိုး အနှိမ်ခံရ အစော်ကားခံရတဲ့ အပြစ်မျိုးမရောက်အောင် စောင့်ထိန်းကာကွယ်သွားဖို့ မိဘတိုင်း သားသမီးတိုင်းရဲ့ တာဝန်လို့ နားလည်ပါ။

## ကျင့်ဝတ်ကျေရင် သိကြားမင်းက ရှိခိုးချင်

သိကြားမင်းကြီးက တာဝတိံသာ နတ်ပြည်ကနေ လူ့ပြည်ကို လှမ်းပြီးတော့ ရှိခိုးလေ့ရှိသတဲ့။ တစ်နေ့တော့ မာတလိနတ်သားက "အရှင်သိကြားမင်း လူ့ပြည်ကို ရှိခိုးရအောင် ဘယ်သူတွေကများ ရှိခိုးခံထိုက်တဲ့သူတွေ ဖြစ်နေလို့တုန်း"လို့ စူးစမ်းမေးမြန်းတဲ့အခါ သိကြားမင်းက ဂါထာလေး တစ်ပုဒ်နဲ့ အဖြေပေးတယ်။

**ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။**
**ဓမ္မေန ပုတ္တံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။**

"မာတလိရေ လူ့ပြည်မှာ ငါသိကြား ရှိခိုးရမည့်သူတွေ အများကြီး ရှိတယ်ကွဲ့။ မင်းသိအောင် ပြောရရင် သာရဏဂုံသုံးပါး ကံကံ၏အကျိုးတရား ယုံကြည်ပြီး ကုသိုလ်ကောင်းမှု ပြုလုပ်နေတဲ့သူ၊ ငါးပါးသီလ အနည်းဆုံးထားပြီး သီလလုံခြုံတဲ့သူ၊ ဖြစ်ပျက် မဂ်ကိုက် အောင် သိထားတဲ့ ဥပါသကာ ပုဂ္ဂိုလ်၊ သားသမီး ဇနီးမယားကို တရားသဖြင့် လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေဟာ ငါသိကြားမင်း ရှိခိုးထိုက်တဲ့ သူတွေပေါ့။ အခု ငါရှိခိုးနေတာ အဲဒီပုဂ္ဂိုလ်တွေပါပဲ"

လို့ ဖြေသတဲ့။ မိဘကို လုပ်ကျွေးပြီး ကြွေးဟောင်းဆပ်တဲ့ သားကောင်းသမီးမွန်တွေ၊ သားသမီး ဇနီးမယားအပေါ်မှာ အပြစ်ကင်း အောင် လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်တွေဟာ ကျင့်ဝတ်ကျေပွန်တဲ့သူတွေဖြစ်လို့ သိကြားမင်းက သိပ်ကြည်ညိုလေးစားတယ်။ နေ့စဉ်လည်း အလေးထားပြီး ရှိခိုးလေ့ရှိသတဲ့။ ကျင့်ဝတ်တရား ကျေပွန်တဲ့ မိဘ သားသမီးကို ပေါ့ဆဆ မမှတ်နဲ့နော်။ လူမှုဝတ္တရား၊ သူ့ဘာသာ ကျေပွန်တာ ဘာဖြစ်သလဲ၊ ဘာဆန်းသလဲလို့ မမြင်နဲ့။ သိကြားမင်း ကိုယ်တိုင်က လေးစားရတယ်လို့ သဘောကျစေချင်ပါတယ်။

# မင်္ဂလာရှိတဲ့ အရိယာစံအိမ်

"မာတာပိတု ဥပဋ္ဌာနံ" စတဲ့ မင်္ဂလာတရားတော်ကြီးဟာ နှုတ်တက်ဆောင်ထား ရွတ်ပွားဖို့သာမက လက်တွေ့လည်း ကျင့်သုံးကြရပါမယ်။ မင်္ဂလာတရားတော်ကို နာကြားမှတ်သားပြီးတဲ့နောက် ဆက်လက်ပြီး သုံးစွဲကြရမည့် အသုံးချပညာရပ်ဖြစ်ပါတယ်။

မိဘတွေက တာဝန်ကျေကျေ ကျွေးမွေးစောင့်ရှောက်ခဲ့ကြပြီဆိုမှတော့ သားသမီးကလည်း ထိုက်တန်တာထက်ပိုပြီး အခွင့်အရေး မယူချင်ကြပါနဲ့။ ကိုယ်လုပ်နိုင်တဲ့ ခွန်အားရှိတာနဲ့ တစ်ပြိုင်နက် ကိုယ့်အလုပ်ကို ကိုယ့်ဘာသာလုပ်ကြပါ။ မိဘကို ခိုင်းစားပြီး ကျွန်အဖြစ် မခံချင်ကြပါနဲ့။

"ယနေ့လူငယ်၊ နောင်ဝယ်လူကြီး"ဆိုတဲ့အတိုင်း တစ်နေ့မှာ သားသမီးတိုင်းဟာ မိဘနေရာ ဆက်ခံကြရတော့မယ်။ မိဘကို လုပ်ကျွေးဖို့ သားသမီးကို ပြုစုဖို့ စီးပွားဥစ္စာ ရှာဖွေတဲ့နေရာမှာ "အလုပ်တာဝန် မလစ်ဟင်းနဲ့ အပြစ်ကင်းအောင် လုပ်ပါလေ"ဆိုတဲ့ အတိုင်း အပြစ်ကင်းစင် တရားနည်းလမ်းကျနတဲ့ လုပ်ငန်းတွေနဲ့ ရှာဖွေဖို့လည်း သတိထားခဲ့ရပါမယ်။

မိဘက မိဘဝတ္တရားကျေ၊ ဇနီးမယားသမီးသားကလည်း သူ့တာဝန်သူကျေပြီဆိုရင် ငြိမ်းချမ်းတဲ့ အိမ်ဂေဟာလေး ဖြစ်လာပါလိမ့်မယ်။ မင်္ဂလာတရားနဲ့အညီ နေကြတဲ့အတွက် မင်္ဂလာရှိသော အိမ်လေးဖြစ်လာပါလိမ့်မယ်။ သားသမီးတွေက လိမ္မာယဉ်ကျေးတော့ မိဘတွေစိတ်အေးရပြီး စိတ်ချလက်ချနဲ့ တရားစခန်းဝင် တရားအားထုတ်နိုင်ပါလိမ့်မယ်။ လောကီမင်္ဂလာကနေ လောကုတ္တရာ ငြိမ်းချမ်းရေးနယ်ပယ်ကို အရောက်လှမ်းခွင့် ရနိုင်ကြပါတယ်။

စီးပွား ရှာဖွေရာမှာ အပြစ်ကင်းတဲ့အလုပ်ကို လုပ်ခဲ့ရင် ကိလေသာသောခြင်းဆိုတဲ့ အပြစ်ကင်း တဲ့လမ်း ကို အောင်မြင်အောင် လျှောက်လှမ်းနိုင်ကြတော့မှာပါ။ အနာထပိဏ်၊ ပုညလက္ခဏာဒေဝီနဲ့ သားသမီးများ ဖြစ်ကြတဲ့ မဟာသုဘဒ္ဒါ၊ စူဠသုဘဒ္ဒါ၊ သုမနဒေဝီ၊ မောင်ကာလတို့ နေထိုင်ရာ အရိယာစံအိမ်လေးမှာ ငြိမ်းချမ်းသာယာတဲ့ မင်္ဂလာစံအိမ်ကလေးကို ရယူပိုင်ဆိုင်နိုင်ကြပါစေ။ ဆက်လက်ပြီး "တော်မင်္ဂလမုတ္တမံ-မြတ်သော နိဗ္ဗာန်" မင်္ဂလာကြီးကိုလည်း တိုးတက်ရရှိနိုင်ကြပါစေ။

# ဒါနရှစ်ပြား ခွဲသိပါ

## မင်္ဂလာအမှတ် (၁၃)

## လှူတဲ့နေရာ အလှူခံအရေးပါတယ်

မင်္ဂလသုတ္တန် တရားတော်ကြီးကို ရှင်တော်မြတ်ဘုရားဆက်လက်ဟောကြားတော်မူနေပါတယ်။

**ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော။**

**အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။**

ဘုရားဟော မင်္ဂလသုတ်ဂါထာကို မြန်မာလင်္ကာနဲ့ မှတ်သားကြည့်ရအောင်ပါ။

– **သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေ။ ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့ သုစရိုက်တရားကို ကျင့်ပါလေ။ ဆွေမျိုးတွေကို ပစ်ကာ မထားနဲ့၊ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။ သန့်စင်ပြစ်မျိုး လူထုကျိုး၊ သည်ပိုးရွက်ဆောင် စေ၊ အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

နံပါတ် (၁၃) မင်္ဂလာက ဒါနမင်္ဂလာ။ "သုံးတန်စေတနာဖြူစင်လန်းလို့၊ ပေးကမ်းဝေမျှ လှူနိုင်စေ"တဲ့ စေတနာသုံးတန်ပြဋ္ဌာန်းပြီးတော့ လှူဒါန်းပေးကမ်းကြရမယ်။ လှူဒါန်းခြင်းဟာ မင်္ဂလာရှိတဲ့ကောင်းမြတ်တဲ့ လုပ်ငန်းတစ်ရပ်ဖြစ်ပါတယ်။

လှူတဲ့နေရာမှာ ပုဂ္ဂိုလ်မရွေး၊ အရွယ်မရွေး လှူနိုင်ကြတယ်ဆို ပေမဲ့ အကျိုးပေးကတော့ မတူနိုင်ဘူး။ ရိုးရိုးအန္ဓပုထုဇဉ် တစ်ယောက် ကို လှူတာထက် ကမ္မဿကတာ ဉာဏ်အမြင့်ရှိတဲ့ ကလျာဏပုထုဇဉ် သီလဝန္တပုဂ္ဂိုလ်ကို လှူတာက ပိုကြီးပါတယ်။ သီလ သမာဓိ ပညာနဲ့ ပြည့်စုံတဲ့ ကလျာဏပုထုဇဉ် ပုဂ္ဂိုလ်ထက် ရှုဋ္ဌသောတာပန် လောင်း လျာဖြစ်ပျက်မင်္ဂကိုက်အောင် လေ့ကျင့်နေတဲ့ မဂ္ဂင်တရားတွေ ရင်ထဲမှာ ကိန်းနေတဲ့ သူတော်ကောင်း ယောဂီပုဂ္ဂိုလ်ကို လှူရတာက ပိုအကျိုး ကြီးပါတယ်။

သုံးတန်စေတနာ ပြဋ္ဌာန်းပြီး လှူတာချင်းတူပေမဲ့ အလှူခံ ပုဂ္ဂိုလ်ကွာခြားရင် အကျိုးပေးလည်း ကွာခြားတဲ့အကြောင်း အလှူခံ ပုဂ္ဂိုလ်တစ်ကျိပ်လေးနဲ့ ပတ်သက်ပြီး ရှင်တော်မြတ်ဗုဒ္ဓ ဟောကြားခဲ့ ပါပြီ။ သီလ သမာဓိပညာ အဆင့်အတန်းချင်းမတူတော့ လှူတဲ့အခါ အကျိုးပေးလည်း ကွာမှာပဲလေ။

ကျွတ်ဖာတစ်ခုဟာ လေပြည့်လေ၊ ရေ့ကနေ တုတ်နဲ့ရိုက်ကြည့် တဲ့အခါ တုန့်ပြန်အားကောင်းလေပဲပေါ့၊ လေပြည့်နေတဲ့ ကျွတ်ဖာ၊ လေနည်းနည်းလျော့နေတဲ့ကျွတ်ဖာ၊ လေအလတ်စားရှိတဲ့ ကျွတ်ဖာ၊ လေလုံးလုံးမရှိတဲ့ ကျွတ်ဖာ။ တစ်ခုနဲ့တစ်ခု တုန့်ပြန်အားကောင်းပုံ မတူဘူးပေါ့။ သဗ္ဗညုတဉာဏ်တော်ရပြီး ပွင့်တော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားရှင်နဲ့ သစ္စာသိပြီး ပွင့်တော်မူတဲ့ ပစ္စေကဗုဒ္ဓါနဲ့တောင် အကျိုးပေးချင်း သိပ်ကွာကယ်။ ပစ္စေကဗုဒ္ဓါ အပါးတစ်ရာ လှူတာနဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားတစ်ဆူလှူတာ အကျိုးပေးချင်း ညီမျှပါသတဲ့။

## သန့်ရှင်းစင်ကြယ် ပေးလှူမှုဖွယ်

ဒါနမင်္ဂလာမြောက်အောင် လှူတဲ့အခါမှာ ပရမတ်နဲ့ ကြည့်မယ် ဆိုရင်တော့ သီလ သမာဓိရှိတဲ့ လူလည်း ဒီရုပ် ဒီနာမ်၊ အကျင့်

မကောင်းတဲ့ လူမိုက်လည်း ဒီရုပ် ဒီနာမ်ပဲ ရှိတာမို့ အကျိုးပေးဘာဖြစ်လို့ ကွာရသလဲ မေးစရာ ရှိပါတယ်။ သမုတိသစ္စာ ပညတ်ရခြင်းအကြောင်း ရှစ်ချက်ထဲမှာ အဲဒီလို အလှူခံပုဂ္ဂိုလ် ရွေးချယ်စိစစ်နိုင်အောင်လို့ကို သမုတိသစ္စာကို သမုတ်ရတာ ဖြစ်ပါတယ်။

ဒါကြောင့် သမုတိသစ္စာကိုလည်း မပယ်နဲ့၊ ပရမတ်ကိုလည်း မကွယ်စေနဲ့တဲ့။ "လှူတာပဲ ဘယ်ပုဂ္ဂိုလ်လှူလှူ၊ ပြီးတာပဲရော"လို့ ပေါ့ပျက်ပျက် မလုပ်ရပါဘူး။ အလှူခံပုဂ္ဂိုလ်မှန်တာကို ရွေးချယ်လှူတတ်မှသာ မင်္ဂလာမြောက်တဲ့အလှူဖြစ်ပါတယ်။

မင်္ဂလာမြောက်တဲ့ အလှူတစ်ခုဖြစ်ဖို့ရာ ၁။ အလှူခံပုဂ္ဂိုလ်၊ ၂။ အလှူပေးပုဂ္ဂိုလ်၊ ၃။ လှူဖွယ်ဝတ္ထု။ ဒီသုံးချက်လုံးသန့်ရှင်းစင်ကြယ်ဖို့ လိုပါတယ်။ အလှူခံပုဂ္ဂိုလ်ဘက်က သီလ၊ သမာဓိ၊ ပညာ အဆင့်မြင့်တာကို ရွေးထားပြီးပေမဲ့ လှူမည့်အလှူရှင်ဘက်ကလည်း သီလရှိအောင် မကြိုးစားရင် အလှူဟာ သန့်ရှင်းတဲ့အလှူဖြစ်မလာဘူး။

ဒါကြောင့် မလှူခင်ကာလမှာ အလှူရှင်ဟာ သရဏဂုံသီလ ဆောက်တည်ရမယ်၊ ဖြစ်ပျက်မင်္ဂကိုက်အောင် မင်္ဂအသိဖြစ်ပွားအောင် အားထုတ်ပြီးမှ လှူရင် ကိုယ့်ဘက်ကလည်း သန့်ရှင်းစင်ကြယ်တဲ့ အတွက် အကျိုးပေးတဲ့အခါ ကြီးကျယ် မွန်မြတ်စွာ ရရှိပါရတယ်။

အလှူခံ ပုဂ္ဂိုလ်နဲ့ အလှူရှင်နှစ်ဦးသား သီလ သမာဓိတွေ အားကောင်းနေပြီဆိုတော့လည်း အလှူဝတ္ထုကို စိစစ်ကြည့်ရပါဦးမယ်။ အခုလှူမည့်ပစ္စည်းဟာ ခိုးဆိုးတိုက်ခိုက်ပြီး ရလာတာ မဖြစ်စေရဘူး။ သူများအသက် သတ်ဖြတ်ပြီးမှ ရလာတာမျိုးလည်း မဟုတ်ရဘူး။ လိမ်ညာလှည့်လည် မတရားအမြတ်ထုတ်ထားတဲ့ ပစ္စည်းဆိုရင်လည်း မရဘူး။ စင်စင်ကြယ်ကြယ် ရိုးရိုးသားသား အာဇီဝပါရိသုဒ္ဓိသီလ မြဲမြဲစွာနဲ့ ရှာဖွေရရှိလာတဲ့ ဓမ္မိယလဒ္ဓ တရားသဖြင့် ရလာတဲ့ ပစ္စည်း ဖြစ်ရပါမယ်။

အဲဒီလို အလှူရှင် အလှူခံ လှူဖွယ်ဝတ္ထုသုံးမျိုးလုံး သန့်စင်ပြီးမှ မင်္ဂလာမြောက်တဲ့ဒါန ပေးကမ်းဝေမျှ လှူနိုင်တဲ့သူအစစ် ဖြစ်နိုင်ပါတယ်။ ဒီလိုမှလည်း အကျိုးပေးတဲ့အခါ ဖွံ့ဖြိုးထက်သန်ပါတယ်။

## စေတနာသုံးတန် ဖြူစင်ဟန်

"သုံးတန်စေတနာ ဖြူစင်လန်းလို့"ဆိုတဲ့ အတိုင်း အလှူဒါန တစ်ခုပြုလုပ်တဲ့အခါမှာ ပုဗ္ဗစေတနာ၊ မုဉ္စစေတနာ၊ အပရစေတနာ လို့ စေတနာသုံးတန်လုံး ဖြူစင်နေဖို့ အရေးကြီးပါတယ်။ မလှူခင် ကလည်း ဖြူဖြူစင်စင် ဝမ်းမြောက်ဝမ်းသာ လှူနေဆဲမှာလည်း ဖြူစင် ဝမ်းမြောက်၊ လှူပြီးပြီဆိုတဲ့ အချိန်မှာလည်း ဖြူစင်ဝမ်းမြောက်နေဖို့ လိုပါတယ်။ စေတနာသုံးတန်ညီမှ အကျိုးပေးသန်ပါတယ်။

လှူတော့မယ်လို့ ရှာဖွေစုဆောင်း ပြင်ဆင်ကြံဆနေချိန်မှာလည်း စေတနာလေးက ဖြူစင်နေရမယ်တဲ့။ လှူရတော့မယ် လှူရတော့မယ် ဆိုပြီး ကြည်နူးနေရမှာ။ ငါက ပင်ပင်ပန်းပန်း ရှာဖွေထားရပြီးမှ မသုံးမစွဲဘဲနဲ့ လှူလိုက်လို့ ကောင်းပါ့မလားဆိုပြီး စေတနာကွက် မနေရဘူး။ လှူနေဆဲ အခိုက်အတန့်မှာလည်း လှူသင့် မလှူသင့် တွေဝေ ငဲ့ကွက်မနေဘဲနဲ့ ရဲရဲရင့်ရင့် ပြတ်ပြတ်သားသား လှူလိုက်နိုင် ရမယ်။ လှူပြီးတော့လည်း ငါ အချိန်များစွာ နှစ်ပေါင်းများစွာ လှူချင်နေတဲ့ ဆန္ဒလေးကို အောင်မြင်ထမြောက်အောင် အကောင် အထည်ဖော်လိုက်ရပြီပဲလို့ ဝမ်းသာကြည်နူးနေရမယ်။ လှူလိုက်လို့ ငါ့ပစ္စည်းတွေ ကုန်သွားတာ နှမြောလိုက်တာလို့ ကြေကွဲနေရင် စေတနာ ပျက်ပါလေရော။

စေတနာသုံးတန် ညီဖို့ လွယ်တယ်များ မထင်နဲ့။ ရှေးတုန်း က လူတစ်ယောက် သားကြီး ရှင်ပြု အလှူပွဲလုပ်တော့ အလှူနေ့မှာ

မိုးလေးကလည်း တဖွဲဖွဲရွာနေလို့ ဖိတ်ထားတဲ့လူက ထင်သလောက် မလာဘူး။ ဧည့်သည်ကျွေးဖို့ ထည့်ထားတဲ့ ထမင်းပုတ်ကြီးကို မမ ကြည့်သတဲ့။ အဲဒါ ပုတ်မစေတနာတဲ့။ နောက်တစ်ခါ အလှူကူငွေ လက်ခံတဲ့စာရင်းကို ကြည့်လိုက်တော့လည်း သိပ်မဟန်ဘူး။ သူ့အလှူ တုန်းက ငါးထောင်ကူခဲ့တာကို ငါ့အလှူကျတော့ နှစ်ထောင်ပဲ ကူတယ်ဆိုပြီး မုန်းစပြုလာတယ်။ အဲဒါ "မုန်းစ"စေတနာ။ နောက် တော့ ဧည့်ခံချိန်လည်း ကုန်ပြီ။ ကူငွေလည်း နောက်ထပ်မတိုးလာ တော့ဘူး။ သူတို့ပါတဲ့ဟာ ရတော့မှာပဲလို့ စိတ်ဒုံးဒုံးချလိုက်တော့ "ပါရ"စေတနာတဲ့။ "ပုတ်မ စေတနာ၊ မုန်စစေတနာ၊ ပါရစေတနာ" ဖြစ်မနေဖို့လည်း လိုသေးတယ်နော်။

## ရခဲတဲ့ ဒုလ္လဘတရား သုံးပါး

ဒါနမင်္ဂလာကြီး အောင်မြင်ဖို့ကလည်း ကြုံရခဲတဲ့ ကိစ္စပါ။ "ပစ္စည်း သဒ္ဓါ၊ သာသနာ၊ သုံးဖြာဒုလ္လဘာ၊ စုံခဲစွ"လို့ ဆရာတော်ကြီး များက ဆုံးမတော်မူပါတယ်။ လှူချင်တန်းချင်တဲ့စိတ်တွေ ဘယ် လောက်ပဲ ထက်သန်နေပါစေ၊ လှူစရာ ပစ္စည်းရှိနေမှလည်း အလှူ တစ်ခု ထမြောက်ပါတယ်။ တချို့လူတွေ သိပ်စေတနာထက်သန်ကြ ပေမဲ့ ဥစ္စာစီးပွား လက္ခဏာ ရှားပါးဆင်းရဲရှာကြတော့ အလှူတစ်ခု အောင်မြင်အောင် မလုပ်နိုင်ကြဘူး။ သူများတွေ သိန်းနဲ့သောင်းနဲ့ချီ လှူနေတယ်ကြားရင် သူလည်း လှူချင်တဲ့စိတ်တွေ တဖွားဖွားပေါ်နေ တယ်။ ဒါပေမဲ့ လှူစရာပစ္စည်းက ကိုယ့်လက်ထဲမှာ မရှိရင် မလှူနိုင် ဘူး။ လှူစရာပစ္စည်း ရှိနေခြင်းကလည်း အရေးကြီးတယ်။

သဒ္ဓါတရား ထက်သန်တဲ့ ပုဂ္ဂိုလ်ဖြစ်ဖို့လည်း လိုတယ်။ ဘယ် လောက်ပဲချမ်းသာချမ်းသာ၊ လှူစရာ ဥစ္စာပစ္စည်း ဘယ်လောက်ပဲ

ပေါများပေါများ သဒ္ဓါတရာမရှိရင် မလှူဖြစ်ဘူး။ မလှူချင်ဘူး ဥစ္စာ စီးပွားချမ်းသာပေမယ့် စေတနာသဒ္ဓါတရားထက်သန်နေဖို့ကလည်း လိုသေးတာပဲ။ သဒ္ဓါတရား မထက်သန်ရင်လည်း အလှူက မအောင် မြင်ဘူး။

ပစ္စည်းလည်း ရှိတယ်။ သဒ္ဓါတရားလည်းရှိလို့ လှူချင်တန်းချင် စိတ်တွေ ပေါ်ပေါက်နေပါတယ်။ ဒါပေမဲ့ သာသနာတော်မထွန်းကား တဲ့ အရပ်မှာ လူဖြစ်နေရင် ဘယ်လိုလုပ် အလှူခံပုဂ္ဂိုလ်ကောင်းနဲ့ တွေ့နိုင်မှာတဲ့လဲ။ နိုင်ငံခြားမှာ သွားနေလို့ ကိုယ်နေတဲ့နေရာမှာ ရဟန်းသံဃာတော်တွေ မရှိခဲ့ရင် လှူလို့ရပါဦးမလား။

သာသနာတော်တွင်းမှာရှိတဲ့ အလှူခံပုဂ္ဂိုလ်မှသာ သီလ၊ သမာဓိ၊ ပညာ အဆင့်မြင့်ပြီးတော့ အလှူအကျိုးပေး ထက်သန်အောင် လုပ်ပေး နိုင်ပါတယ်။ သာသနာပမှာ ဘယ်လောက် သီလ စင်ကြယ်ပါတယ် ဆိုဆို ဖြစ်ပျက် မဂ်ကိုက်လို့ သစ္စာလေးပါး သိမြင်တဲ့ ပုဂ္ဂိုလ်တော့ မရှိပါဘူး။ အဆင့်မြင့် အလှူခံပုဂ္ဂိုလ်ကို သာသနာတော်တွင်းမှာသာ တွေ့နိုင်တဲ့အတွက် သာသနာတော်ကြီးနဲ့ ကြုံကြိုက်မှ ဒါနမင်္ဂလာ အောင်မြင်စွာ ဆောင်ရွက်နိုင်ပါတယ်။ ပစ္စည်းရော၊ သဒ္ဓါတရားရော၊ သာသနာတော်ရော။ အားလုံးဟာ ရခဲကြုံခဲတဲ့ ဒုလ္လဘတရားကြီးတွေ ပါတဲ့။

## လူမှုရေးဆိုတဲ့ အလှူများ

ဒါနမင်္ဂလာကြီးနဲ့ ညီအောင် ကျင့်ကြံနေထိုင်ကြတဲ့ နေရာမှာ အင်္ဂုတ္တိုရ်ပါဠိတော်၊ အဋ္ဌကနိပါတ်၊ ပထမဒါနသုတ်အရ ဒါနရှစ်မျိုး ဟောထားတဲ့အကြောင်းကို လေ့လာကြရအောင်ပါ။ လှူတယ်ပေးကမ် တယ်ဆိုတာ ရှစ်မျိုးရှိပါတယ်တဲ့။

**- ရောက်လာ၍လှူ ကြောက်၍လှူခြင်း ပေးခဲ့၍လှူ ပေးလိမ့်**
**လှူမှတည်၊ ရှေးသုတ်ငြိမ်း ဖျောက်ဆွမ်းတည်း၊ ချီးမွမ်းလှူလို**
**မင်္ဂိုလ်လိုသည်၊ မိန့်ဆိုအိန ရှစ်မျိုးတည်း။**

**နံပါတ်တစ်အလှူက** “ရောက်လာ၍လှူ”တဲ့။ လှူဖို့တန်းဖို့ စိတ်ကူးမထားပေမဲ့ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလို့ အားနာပါးနာနဲ့ လှူလိုက်ရတဲ့ အလှူမျိုး။ စေတနာက ပြောသလောက် မရှိဘူးပေါ့။ ဒါပေမဲ့ ကိုယ်နဲ့ဆက်နွယ် ပတ်သက်နေလို့ လာပြီး အကူအညီတောင်းတဲ့ သဘောမျိုးဆိုတော့ မလှူလို့ မကောင်းဘူး။ သူ မြန်မြန်ပြန်ရင် အေးတာပဲဆိုပြီး တာဝန်ကျေသဘောနဲ့ လှူလိုက်တယ်။ အိမ်ကို ရောက်လာလို့လှူတာဟာ ဒါနတော့ ဒါနပါပဲ။ ဒါပေမဲ့ စေတနာသုံးတန် မမြောက်နိုင်ပါဘူး။

နံပါတ်နှစ်အလှူက “ကြောက်၍လှူ”။ မထည့်ရင်မဖြစ်လို့ ထည့်လိုက်ရတဲ့ ခွဲတမ်းအလှူမျိုး။ တစ်အိမ်ထောင်ကို ငွေကျပ် ၅၀၀၊ ၁၀၀ စသည်ဖြင့် သတ်မှတ်ပြီးတော့ တောင်းတာတဲ့။ ကုသိုလ်ရေးတော့ ကုသိုလ်ရေးပဲ။ ဘုရားဆွမ်းတော်ကပ်၊ ကျောင်းဆောက် စသဖြင့် အများစုပေါင်း ကုသိုလ်လုပ်တဲ့နေရာမှာ ဘယ်ရွေ့ဘယ်မျှထည့်ပါလို့ ကြေးသတ်မှတ်ပြီးတော့ တောင်းတယ်။ လှူချင်လည်းလှူ၊ မလှူချင်လည်းလှူ။ “အဲဒါမျိုးကျတော့ စိတ်ထဲက မပါဘဲနဲ့ ပေးလိုက်ရတာမျိုးမို့ ဘယ်လိုလုပ် စေတနာသုံးတန်မြောက်မှာလဲနော်။ လှူမည့်သူ မလှူချင်တဲ့ ခွဲတမ်းအလှူမျိုးကတော့ မလုပ်တာပဲ ကောင်းပါတယ်။ စေတနာပေါက်လာအောင် ဟောပြောပြီး သူ သဒ္ဓါသလောက် လှူတာကျေနပ်ရင်တော့ တော်သေးတာပေါ့။ ခုဟာက မလှူမနေရမို့လို့ လှူရပုံ၊ ကြောက်လို့ မလှူရင် မဖြစ်လို့ လှူရတာ၊ ဘယ်လိုမှ မကောင်းပါဘူး။

နံပါတ်သုံးက "ပေဖူး၍လှူ" ကိုယ့်ကို ပေးခဲ့ဖူးလို့ လှူတယ်။ သူ့ကျေးဇူး ရှိခဲ့လို့ ကျေးဇူးဆပ်တဲ့ အနေမျိုးပေါ့။ သူ့ဆီက ယူတုန်းက ယူခဲ့ပြီး ကိုယ့်အလှည့်ကျ မပေးရင် မကောင်းဘူးဆိုပြီး လှူလိုက်တာ တဲ့။ ဒီအလှူမျိုးမှာ စေတနာသုံးတန် မပါသလို အလှူခံပုဂ္ဂိုလ်သည် သီလ သမာဓိ ဖြူစင်မှု ရှိမရှိ စီစစ်တာလည်း မပါပါဘူး။ လူမှုရေး တာဝန်ကျေတဲ့အနေနဲ့ လှူတာမျိုးပေါ့။

နံပါတ်လေးက "ပေးလိမ့်လှူတည်း" သူ့ဆီက တစ်ခုခု ရလိမ့် မယ်လို့ မျှော်လင့်ပြီးလှူတာနော်။ "ဆန်ပေးလို့ ဆေးရတယ်"ဆိုတဲ့ သဘောမျိုး။ "ထောင်မြင် ရာစွန့်"ဆိုတာလို လှူလိုက်ရတာထက် ပိုပြီးတော့ သူ့ဆီက ပြန်ရစရာရှိတယ်။ အဲဒီလို လာဘ်မြင်ပြီး ရလိုမှုနဲ့ လှူတာဆိုတော့ စေတနာက ပါကို မပါတာနော်။ ရလိမ့်မယ်ထင်ပြီး ပေးလိုက်တယ်၊ ကိုယ်ထင်တဲ့အတိုင်း ရမလာရင် ဒေါသဖြစ်ရာ အဖတ် တင်ဦးမယ်။

အဲဒီအလှူလေးမျိုးက ဘာသာရေးကိစ္စမှာတင် မဟုတ်ဘူး။ လူမှုရေးလည်းပါကဲ့ ပေးကမ်းမှုတွေပါပဲ။ ကြောရရင် မကောင်းတတ် လို့ ပေးလိုက်ရတာတွေမို့ စေတနာဖြူစင်ဖို့ မလွယ်ပါဘူး။ ပါးစပ်က တော့ ကြည်ကြည်ဖြူဖြူ ပြုံးပြုံးလေး ပေးလိုက်ရပေမဲ့ စိတ်ထဲက သိပ်ကြည်တာ မဟုတ်တော့ ဒါန စေတနာသုံးတန်ပါဖို့ မလွယ်ပါဘူး။ အိမ်ရောက်လာမှဖြင့် လှူရမှာပေါ့။ ခွဲတမ်းကို အများနည်းတူ မထည့် ရင် ကောင်းပါ့မလား။ သူပေးတုန်းက ယူခဲ့ပြီး ကိုယ့်အလှည့်ကျမှ ပြန်မပေးရင် ရှိင်းရာကျတော့မယ်။ သူ့ကို လှူလို့ ကိုယ့်ဘက်က အရှုံးမရှိတဲ့အပြင် အမြတ်တောင် ထွက်ဦးမယ်။ အဲဒီလို သဘောထား တွေနဲ့ ပေးရတာဆိုတော့ လူမှုရေး သိပ်ဆန်တဲ့ အလှူတွေပါပဲ။

## ငဲ့ကွက်မှုပါတဲ့ အလှူမျိုး

အလှူငါးမျိုးမှာ နံပါတ်ငါးက "ရှေးသူတို့ငြိမ်း"တဲ့။ လှူတယ်ဆိုတာ ရှေးမြန်မာအစဉ်အလာ ဘိုးဘွားမိဘတွေ လုပ်ခဲ့ကြတာမို့ လိုက်ပြီး လုပ်တဲ့သဘောမျိုးပဲ။ အဘိုးအဘွားတွေက ဘုရားတည် ကျောင်းဆောက် ကုသိုလ်တွေလုပ်ခဲ့တော့ ကိုယ့်လက်ထက်ရောက်တော့လည်း ဘိုးမွေဘွားမွေ ဘုရားကျောင်းကန်တွေကို ပြင်ဆင်စောင့်ရှောက်တယ်။ မိဘတွေ ဆွမ်းပို့နေကျ သင်္ကန်းကပ်လှူနေကျ ကျောင်းတွေ ဆရာတော်တွေကို ထုံးစံမပျက် ဆက်လက်လှူဒါန်းတယ်။ ပြောရရင်တော့ မိရိုးဖလာ အလှူပေါ့။

"လက်အုပ်ခါ ရှိခိုးလို့၊ မိရိုးမို့ဖလာ။ အသိမျိုးဉာဏ်ကမပါ၊ ပေးလှူကြဒါနာ"ဆိုတဲ့ စကားလိုပေါ့။ အဖေအမေက ဗုဒ္ဓဘာသာဆိုတော့ ကိုယ်လည်း ဗုဒ္ဓဘာသာပဲ။ အဖေအမေသင်ပေးတဲ့အတိုင်း ဘုရားပုထိုး ရဟန်းသံဃာကို လက်အုပ်ချီမိုး ရှိခိုးမယ်၊ အရိုအသေပေးမယ်။ ဆွမ်းခံသံဃာတော်ကို ဆွမ်းလောင်းမယ်။ အသိဉာဏ်ယှဉ်ပြီးတော့ လုပ်တာမျိုးမဟုတ်ဘူး။ ရှေးအစဉ်အလာ မပျက်ထုံးစံဆိုပြီးတော့ လိုက်နာတဲ့ သဘောမျှသာပါပဲ။ စေတနာသုံးတန် ပြဌာန်းဖို့မလွယ်တဲ့ အလှူမျိုးပါ။

မိဘတွေရဲ့ ကုသိုလ် လက်ငုတ်အမွေဖြစ်တဲ့ ကျောင်းကန်ဘုရားတွေကို ပြုပြင်မွမ်းမံလှူဒါန်းတာ၊ မိဘတွေ နှစ်စဉ်ရက်စဉ် လှူနေကျသင်္ကန်းကပ် ဆွမ်းကပ်စတဲ့ ကောင်းမှုတွေကို ဆက်လက်အမွေခံပြီးတော့ လှူဒါန်း ဆောင်ရွက်တာကတော့ ကောင်းပါတယ်။ မိဘတွေက "ငါတို့ ကွယ်လွန်တဲ့အခါ ငါတို့ရဲ့ သားသမီးတွေ၍ ကုသိုလ် လက်ငုတ်တွေကို ဆက်လက်စောင့်ရှောက် ပြုလုပ်ကြလိမ့်မယ်"လို့ မျှော်လင့်အားကိုးထားခဲ့ကြတာနော်။ အဲဒီ မိဘတွေရဲ့ မျှော်လင့်ချက် ကုလဝံသ

စိရံတိဋ္ဌတုကို ဖြည့်ဆွမ်းပေးတော့ တာဝန်ကျေရာ ရောက်ပါတယ်။ မိဘလုပ်ခဲ့လို့ လိုက်လုပ်ရတာထက် ကိုယ်ပိုင်အသိဉာဏ်ရှိပြီး လှူမယ်ဆိုရင် ပိုကောင်းတာပေါ့။

နံပါတ်ခြောက်က **"မချက်ဆွမ်းနှင့်"**။ ရဟန်းသံဃာတော်တွေ ခမျာ ပရိယတ် ပဋိပတ် သာသနာတာဝန်ထမ်းဆောင်တော်မူနေကြရာတယ်။ သူကို့ရဲ့ ဆွမ်းကွမ်းဝေယျာဝစ္စအတွက် ကိုယ်တိုင်လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခွင့် မရှိသလို၊ ချက်ပြုတ်စားသောက်ခွင့်လည်း မရှိကြဘူး။ ဆွမ်း၊ ဆွမ်းဟင်းချက်တဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ဆွမ်းခံစားကြရတယ်။ ဆွမ်းမချက်တဲ့ ပုဂ္ဂိုလ်တွေကို ချက်ပြုတ်စားသောက်တဲ့ ပုဂ္ဂိုလ်တွေက လှူဖို့လောင်းဖို့ တာဝန်ရှိတယ်ဆိုပြီး လှူတာတဲ့။

ထမင်းမချက်လို့ ချက်တဲ့လူက လှူမှုရေးအရ ငဲ့ညှာပြီ လှူတဲ့ သဘောဆိုရင် မကောင်းဘူး။ အသိဉာဏ်လေး ဦးစီးပြီးတော့ စေတနာထားပြီး ရိုရိုသေသေ လောင်းလှူရင် စေတနာသုံးတန်မြောက်နိုင်ပါတယ်။ တချို့က ဆွမ်းလောင်းတာ အရေးမပါတဲ့ သဘောမျိုးနဲ့ ကိုယ်တိုင်မလောင်းဘဲ သူများကို ခိုင်းကြတာနော်။ ပေါ့ပျက်ပျက်လုပ်တဲ့ ကုသိုလ်ဟာ စေတနာမြောက်ပါဦးမလား။

နံပါတ် ခုနစ်က "ချီးမွမ်း၍လှူ"တဲ့။ သူများချီးမွမ်းတာ ခံချင်လို့လှူတာ၊ လှူချင်ပေးချင် ကျွေးမွေးချင်တဲ့ စေတနာက နည်းနည်း၊ ဘယ်နှစ်သိန်းကုန် လှူလိုက်တာတဲ့။ အလှူက ဝက်သားကျွေး၊ ဓာတ်တွေ၊ အငြိမ့်တွေ ဆိုင်းတွေ ဘိသိက်တွေလည်း ပါတယ်။ အလှူလှည့်တာတောင်မှ ဆင်နဲ့လှည့်တာ။ ပါဂျဲရိုကား ကအစီးဘယ်လောက်၊ ရှေ့ဝင်းက ဘယ်လိုတဲ့ ဆိုပြီး ဂုဏ်ပကာသနလိုချင်လို့ သူများချီးမွမ်းတာ ခံချင်လို့ လှူတယ်။

အလှူတော်မင်္ဂလာကြီးလို့ ဆိုပေမဲ့ သံဃာတော်တွေ လှူတာက နာမည်ခံလောက်ပဲ ရှိတယ်။ အလှူမှာ ပန်ဖို့ သစ်ခွပန်းက ရန်ကုန်က

မှာရတာ ရေခဲအိတ်နဲ့ လာတာမို့ ဘယ်နှစ်သောင်း။ အလှူ့အစ်မ ဝတ်ဖို့ ချိတ်လုံချည်က ပိုးတူချည်ပါ လေးသိန်းခွဲ၊ အလှူ့ဒကာဝတ်ဖို့က လေးသိန်းခွဲ။ အဲဒီ အဝတ်အစားအတွက် ကုန်နေကြတယ်။ ပရိက္ခရာ ကျတော့ ခုနစ်ရက်ဝတ်မှာပဲကွာ ဆိုပြီး နေရောင်မှာ ဖြန့်မဝတ်ရဲအောင် ပါးလုပ်နေတဲ့သင်္ကန်း၊ သပိတ်ကတော်သလို လျှော်သလို၊ သင်တုန်းဓား က ကော်ဓား။ ပရိက္ခရာ မဟုတ်ဘဲ ပရိက္ခချာဖြစ်နေပြီ။ စကတည်းက အချီးမွမ်းခံချင်လို့ လှူတာမို့ လူမြင်သူမြင်ကြွားစရာကိစ္စတွေ အတွက်ပဲ အကုန်ခံတယ်။ စေတနာမြောက်ဖို့ မမြောက်ဖို့ ထည့်မတွက်ပါဘူး။

## မြတ်သောဒါန မင်္ဂလာပြုလုပ်ပါ

**အဲဒီတော့ အင်္ဂုတ္တိုရ်ပါဠိတော်လာ ဒါန** ရှစ်မျိုးထဲမှာ ရောက်လာ လို့ လှူ၊ ကြောက်လို့လှူ၊ ပေးဖူးလို့လှူ၊ ပေးလိမ့်လှူဆိုတဲ့ လေးမျိုးက လူမှုရေးအရ မလှူမဖြစ်ဖို့ လှူကြရတဲ့ အလှူတွေပါပဲ။ ရှေးသူတို့ ငြမ်း၊ မချက်ဆွမ်းနှင့် ချီးမွမ်း၍ လှူဆိုတဲ့ သုံးမျိုးကတော့ ထုံးစံမို့လို့ လှူရတာနဲ့၊ ဆွမ်းမချက်တဲ့ ပုဂ္ဂိုလ်မို့ လှူရတာနဲ့၊ အချီးမွမ်းခံချင်လို့ လှူရတာနဲ့ ဆိုတော့ စေတနာပြတ်သားမှု နည်းပြီးတော့ ငဲ့ကွက်မှု သိပ်များတဲ့ အလှူတွေ ဖြစ်ပါတယ်။

ပျော့ပြဲတန်းတဲ့ အလုပ်ဆိုတာ ကုသိုလ်ရဖို့ လုပ်တာနော်။ ဒါပေမဲ့ အလှူမှာ ကျွေးဖို့မွေးဖို့ သားသတ်ရုံ ကြိုမှာထားရတယ် ဆိုတော့ ကောင်းပါဦးမလား ကိုယ့်အလှူအတွက် သေလိုက်တဲ့ သတ္တဝါတွေ အများကြီး။ ပိုက်ဆံအကုန်ခံ အကုသိုလ်ယူနေကြတယ်။ အကုသိုလ်နဲ့ ပကာသန အချီးမွမ်းခံရတာနဲ့ လဲယူနေကြတာနော်။

ရှေ့ကဒါန ခုနစ်မျိုးက လူမိုက်တွေက လက်ခုပ်တီးတဲ့ အလှူ၊ ဝမ်းသာ ကျေးဇူးတင် ချီးမွမ်းတဲ့အလှူ။ ဒါပေမဲ့ ဘုရားရှင်နဲ့ ပညာရှိ

သူတော်ကောင်းတွေ သာဓုမခေါ်တဲ့အလှူ ဖြစ်ပါတယ်။ အလှူလှူရခြင်းရဲ့ အကျိုးအကြောင်းကို မသိ၊ သစ္စာတရားကို မသိဘဲနဲ့လှူတဲ့အတွက် လှူရာမရောက်ဘဲ ဖြုန်းရာရောက်နေတတ်ပါတယ်။

နံပါတ်ရှစ်ဒါနက "မင်္ဂဖိုလ်လိုသည်"တဲ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လိုချင်လို့ လှူတဲ့ အလှူမျိုး။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက

**"ဒါနံ ဒေတိ သမထဝိပဿနံ စိတ္တဿ အလင်္ကာရ စိတ္တေဿယေဝ ဒါနံ ဒေတိ"**

ချစ်သားတို့ ဒါနရှစ်မျိုးထဲမှာ ဝိပဿနာခြံရံပြီး လှူတဲ့ နံပါတ်ရှစ် ဒါနမျိုးဖြစ်ပါစေတဲ့။ ဝိပဿနာခြံရံပြီးတော့ လှူတဲ့ဒါနမျိုးကသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ကျေးဇူးပြုပါတယ်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်တယ်ဆိုရင်တော့ ဝိပဿနာခြံရံပြီးတော့ လှူရမယ်။

ဝိပဿနာခြံရံပုံက ခန္ဓာဉာဏ်ရောက်ပြီးတော့ လှူရမှာ ခန္ဓာပေါ် ဉာဏ်ရောက်တော့ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သိလိုက်တဲ့အတွက် ဂုဏ်ပကာသန လောဘ ဒေါသ မောဟတွေ ဖြစ်ခွင့်မရတော့ဘူး။ ကိလေသာတွေ သေသွားပါတယ်။ အဲဒီသေသွားတဲ့ ကိလေသာတွေက သမုဒယသစ္စာ၊ သမုဒယသစ္စာ သေထားတဲ့ ဒီအလှူဒါနဟာ နောက်ထပ် ဒုက္ခမရနိုင်တော့တဲ့အတွက် နောင် ဒုက္ခတို့ရဲ့ ချုပ်ရာငြိမ်းရာက နိရောဓသစ္စာ ဖြစ်ပါတယ်။

အဲဒီလို ခန္ဓာဉာဏ်ရောက်ပြီး လှူတဲ့ဒါနသည်သာ နိဗ္ဗာန်ရောက်ကြောင်းအလှူ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်လိုချင်လို့ လှူတဲ့အလှူ။ စေတနာ သုံးတန် ပြည့်ဝတဲ့ အလှူ၊ ဒါနမင်္ဂလာမြောက်တဲ့ မြတ်သောအလှူ ဖြစ်ပါတယ်။ "ဒါနဋ္ဌ သုံးတန်စေတနာ ဖြူစင်လန်းလို့ ပေးကမ်းဝေမျှ လှူနိုင်စေ" လောကီမင်္ဂလာ လောကုတ္တရာ မင်္ဂလာနှစ်မျိုးလုံးရတဲ့ မြတ်သော အလှူဒါနမျိုး လုပ်နိုင်အောင် ဆင်ခြင်ဆောင်ရွက် နိုင်ကြဖို့ ပါပဲ။

# မဂ္ဂင်ကျင့်မြတ် ကံကြွေးဖြတ်

## မင်္ဂလာအမှတ် (၁၄)

# အမှားကိုရှောင် အမှန်ဆောင်

ဓမ္မစရိယာ မင်္ဂလာကို ပြောဖို့ အလှည့်ရောက်ပါပြီ။ တရားနဲ့ လျော်ညီစွာကျင့်သုံး နေထိုင်ခြင်းဟာ ဓမ္မစရိယာ မင်္ဂလာနဲ့ ပြည့်စုံခြင်း ပါပဲ။ လောကမှာ သွားတာလာတာ နေတာထိုင်တာ ပြောတာဆိုတာ ကြံတွေးတာကစလို့ အရာခပ်သိမ်းမှာ တရားနဲ့လျော်ညီစွာ နေထိုင် တတ်ရပါမယ်။

တရားအားလုံးထဲမှာ သစ္စာတရားက အရေးအကြီးဆုံး ဖြစ် ပါတယ်။ သစ္စာတရားကို သိမှ နိဗ္ဗာန်ဝင်နိုင်ပါတယ်။ ဓမ္မစရိယာကို လင်္ကာအနေနဲ့ "ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ"လို့ ဖွင့်ပြထားပါတယ်။

သုစရိုက်တရားက **ကောင်းတဲ့အကျင့်၊** **ဒုစရိုက်တရားက** **မကောင်းတဲ့ အကျင့်။ ဒုစရိုက်တရားက ဆယ်ပါးရှိပါတယ်။** ကာယ ဒုစရိုက်သုံးပါ။ **ဝစီဒုစရိုက်လေးပါး၊ မနောဒုစရိုက်သုံးပါး** ပေါင်း လိုက်တော့ **ဒုစရိုက်ဆယ်ပါးပေါ့။**

ဒုစရိုက်ဆယ်ပါးကို **ရေတွက်ပြရင် ပါဏာတိပါတ**–သူ့အသက် သတ်တာ၊ **အဒိန္နာဒါန**–သူ့ဥစ္စာခိုးတာ၊ **ကာမေသုမိစ္ဆာစာရ**–သူ့သား မယားပြစ်မှားတာ။ ဒီသုံးပါးက ကာယကံမြောက် လုပ်တာမို့ ကာယဒုစရိုက်တဲ့။

**မုသာဝါဒ**–လိမ်ပြောတာ၊ **ပိသုဏာဝါစာ**–ကုန်းချောတာ၊ **ဖရုသဝါစာ**– ကြမ်းတမ်းစွာ ဆဲရေးတာ၊ **သမ္ဖပ္ပလာပ**–အကျိုးမရှိတဲ့ စကားကို ပြောတာ။ ဒီလေးပါးက နှုတ်နဲ့ပြောဆိုရတဲ့ ဝစီကံမြောက် ဒုစရိုက်မို့လို့ ဝစီဒုစရိုက်ခေါ်တယ်။

သူတစ်ပါးဥစ္စာစီးပွားကို လိုချင်စိတ်နဲ့ ကြံစည်တာက–**အဘိဇ္ဈာ၊** သူတစ်ပါး ပျက်စီးရာပျက်စီးကြောင်း တွေးတောတာက–**ဗျာပါဒ၊** အယူလွဲမှားနေတာက–**မိစ္ဆာဒိဋ္ဌိ**။ ဒီသုံးပါးက စိတ်နဲ့တွေး ကြံ မှားယွင်းတဲ့လုပ်ရပ်မို့လို့ မနောဒုစရိုက်တရားလို့ ခေါ်ပါတယ်။

ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်တွေကို မကျင့်သုံးဘဲ ရှောင်ကြဉ်လိုက်ရင် သုစရိုက်တရား ဆယ်ပါးဖြစ်လာတော့တာပါပဲ။ ဒါကြောင့် "ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့ သုစရိုက်တရားကို ကျင့်ပါလေ"လို့ ပြောနေတာ ဖြစ်ပါတယ်။ ကိုယ်နဲ့ နှုတ်နဲ့ စိတ်နဲ့ မှားယွင်းစွာ လုပ်ကိုင်ပြောဆို ကြံစည် မိုက်မှားနေတာကို ရှောင်လိုက်ရင် သုစရိုက်တရားကို ကျင့်သုံးရာ ရောက်ပါပြီ။

## ကမ္ဘာပျက်ခြင်း အကြောင်းရင်း

ဒီဖက်နှစ်ပိုင်းတွေမှာ ရာသီဥတုတွေ ဖောက်ပြန်လာနေတယ်။ အပူဓာတ်တွေ လွန်ကဲလာလိုက်တာ နွေရာသီတင် မကဘူး၊ တစ်မိုးတွင်းလုံးလည်း ပူလောင်နေတာပဲ။ ခါတိုင်းအေးနေကျ တန်ဆောင်မုန်း၊ နတ်တော်ရောက်နေတာတောင် ပူနေတုန်းပဲ၊ ကမ္ဘာ့သိပ္ပံပညာရှင်တွေက ကမ္ဘာကြီးပူနွေးလာပြီလို့ ပြောနေတယ်။

နေရောင်ခြည်ရဲ့ အပူဒဏ် ကမ္ဘာက မခံရအောင် ကာဆီးပေးထားတဲ့ အိုဇုန်းလွှာကြီးလည်း ပေါက်ကွဲတော့မယ်တဲ့။ ခုတောင် အပေါက်က ကြီးလာနေလို့ ရာသီဥတု ပိုပူလာတာပဲ။ အိုဇုန်းလွှာ

ပေါက်ကွဲလို့ ချော်တောင်တွေ ပေါက်ကွဲတယ်၊ ရေခဲတောင်တွေ ပြိုကျတယ်၊ လေပြင်တွေလှုပ်၊ မုန်တိုင်းတွေကျနဲ့ ဟိုးတစ်နှစ်ကဆို ရေရော လေရော မုန်တိုင်းသင့်တဲ့ နာဂစ်ဆိုတာကြီး မြစ်ဝကျွန်းပေါ် တစ်ခုလုံး နှိပ်စက်သွားခဲ့တယ် မဟုတ်လား။

အဲဒီလို အပူဓာတ်တွေ ပြင်းထန်လာရတာ ဘာကြောင့်လဲမေးတော့ ကမ္ဘာမှာ အပူလောင်စာ စွမ်းအင် အသုံးပြုတာများလာတဲ့ အတွက်ကြောင့်လို့ သိပ္ပံပညာရှင်ကြီးတွေကပြောကြပါတယ်။ လောင်စာ စွမ်းအင်သုံး စက်ရုံကြီးတွေက အပူဓာတ်တွေ အများကြီး လွှင့်ထုတ်ပေးနေတယ်။ အဆိုးဆုံးက နျူကလီးယားဓာတ်ငွေ့ လောင်စာသုံး တာပဲ။ ဒါကြောင့် နျူကလီယား ဓာတ်ပေါင်းဖိုတွေ ထိန်းချုပ်ဖို့ တိုင်ပင်နေကြတာပေ့ါ။ သစ်တောတွေပြုန်းတီးလာတာ၊ မြစ်ချောင်း အင်းအိုင်က ရေအရင်းအမြစ်တွေကို မဆင်မခြင်သုံးစွဲနေတာတွေ့ ကြောင့် သဘာဝပျက်ပြီးတော့ သဘာဝရာသီဥတု ဘေးဒဏ်တွေ အမျိုးမျိုး ကျရောက်လာတော့မှ ကာကွယ်ဖို့ ကမ္ဘာ့ခေါင်းဆောင်တွေ တိုင်ပင်နေကြတာနော်။

သဘာဝရာသီဥတုဒဏ်ကို ကာကွယ်မထားဘူးဆိုရင် ဒီကမ္ဘာကြီးတောင် ပျက်သွားနိုင်တယ်တဲ့။ ပိဋကတ်တော်မှာ စက္ကဝတ္တိသုတ္တန်၊ အဘိဏှရာဟုလောဝါဒသုတ္တန် စတာတွေမှာ ကမ္ဘာပျက်ကြောင်းတွေ ပါပါတယ်။ ကမ္ဘာကြီးက ရေနဲ့ပျက် လေနဲ့ပျက် မီးနဲ့ပျက်။ မိုးခေါင် ရေရှား ဖြစ်ရတာတွေ၊ လေပြင်းမုန်တိုင်းကျရတာတွေ၊ ချော်တောင် မီးတောင်ကြီးတွေ ပေါက်ကွဲရတာတွေ များလာတော့ ကြာရင် ကမ္ဘာ ပျက်ဘော့မယ်တဲ့။

ရှင်တော်မြတ်ဗုဒ္ဓအလိုကျ ပြောရရင် ကမ္ဘာကြီးပူနွေးလာတာဟာ သတ္တဝါတွေ ကိလေသာထူပြောလာလို့ပဲ။ ကိလေသာ ထူပြောလာ တော့ သုစရိုက်တရားတွေ ပျက်လာတဲ့အတွက် ရေဒဏ် လေဒဏ်

မီးဒဏ်တွေ သင့်ပြီး ကမ္ဘာကြီး ပျက်နိုင်တယ်။ သိပ္ပံပညာရှင်တွေက အပူလောင်စာ စွမ်းအင် အသုံးများတာကြောင့် ကမ္ဘာကြီးပျက်နိုင်တယ်လို့ ယူဆနေကြပေမဲ့ **သီလဝီမံသက ဇာတ်တော်**ကို ကြည့်ရင် **သုစရိုက်**တရား **ကိုယ်ကျင့်တရား**တွေ **ပျက်ပြားပြီး** ကိလေသာတွေ **ထူပြော**လာကြလို့ **ကမ္ဘာပျက်ရတယ်ဆိုတဲ့ အကြောင်းမှန်**ကို **ထင်ထင်ရှားရှား** တွေ့နိုင်ပါတယ်။

**အဆိုးဆုံးကတော့ ကမ္ဘာပေါ်မှာ လူသားတွေအချင်းချင်း စစ်ပွဲ**တွေ ခင်းပြီးတော့ ငြိမ်းချမ်းရေး **မရနိုင်သေးတာပါ**။ **ငြိမ်းချမ်းရေး** ဆိုတာ နှလုံးသားထဲမှာပဲ ရှိပါတယ်။ သုစရိုက်တရားတွေ မထိန်း**သိမ်း**နိုင်သေးသမျှ ကာလပတ်လုံး ငြိမ်းချမ်းရေးဆိုတာ ကမ္ဘာမှာ ပေါ်မလာနိုင်ပါဘူး။

## ကြောင်းကျိုးမသိ မိစ္ဆာဒိဋ္ဌိဖြစ်ရ

ဒုစရိုက်ဆယ်ပါးထဲမှာ အပြစ်အကြီးဆုံးက မိစ္ဆာဒိဋ္ဌိ၊ နားလည်ရအခက်ဆုံးကလည်း မိစ္ဆာဒိဋ္ဌိ။ ဒုစရိုက်အားလုံးရဲ့ အရင်းခံဟာလည်း မိစ္ဆာဒိဋ္ဌိဖြစ်လို့ မိစ္ဆာဒိဋ္ဌိကို နားလည်အောင်လေ့လာဖို့ လိုလာပါပြီ။

မိစ္ဆာဒိဋ္ဌိဆိုတာ လွယ်လွယ်ပြောရင် အယူမှားအမြင်မှားတွေကို လက်ခံထားတာပါပဲ။ အဲဒီအယူအဆတွေက သက္ကာယဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိလို့ သုံးမျိုးရှိတယ်။ ခန္ဓာငါးပါး အရှိတရားကို ငါကောင် သူကောင်လို့ အယူလွဲပြီး မှားတာက သက္ကာယဒိဋ္ဌိ။ မမြဲတဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ခိုင်တယ် မြဲတယ်၊ ဘဝကူးတယ်၊ ဘဝပြောင်းတယ်လို့ အယူမှားတာက သဿတဒိဋ္ဌိ။ ရှေးဘဝလည်းမရှိ၊ နောက်ဘဝလည်း မရှိ၊ အကျိုးလည်း မရှိ၊ သေရင် အေးတာပဲ၊ ဘဝပြတ်တာပဲလို့ ယူထားတာက ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါတယ်။

**ခန္ဓာဉာဏ်** မရောက်သေးသမျှ၊ ပဋိစ္စသမုပ္ပါဒ် နားမလည်သေးသမျှ **ကာလပတ်လုံး** မိစ္ဆာဒိဋ္ဌိဆိုတဲ့ မနောဒုစရိုက်ကနေ လွတ်မြောက်ဖို့ **မလွယ်ကူပါဘူး**။ အကြောင်းကြောင့် အကျိုးပေါ်တဲ့ ပဋိစ္စသမုပ္ပါဒ်ကို **ခန္ဓာဉာဏ်ရောက်** ပိုင်ပိုင်နိုင်နိုင် နားလည်ထားဖို့ အရေးကြီးပါတယ်။ **အဲဒီလိုမှ နား**မလည်ရင် အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိက **ဒိဋ္ဌိဆိုတဲ့ မိစ္ဆာဒိဋ္ဌိ** အယူမှားတွေ ဖြစ်လာလိမ့်မယ်။

**အဟေတုကဒိဋ္ဌိဆိုတာ အကြောင်း**ပယ်တာ၊ အကိရိယဒိဋ္ဌိဆိုတာ အကျိုးပယ်တာ၊ **နတ္ထိကဒိဋ္ဌိဆိုတာ** အကြောင်းအကျိုး နှစ်မျိုးလုံးပယ်တာတဲ့။ **အကြောင်းကြောင့် အကျိုး**ဖြစ်ရတဲ့ ပဋိစ္စသမုပ္ပါဒ်သဘောကို နားမလည်တော့ **ဒီခန္ဓာကြီးက သိကြားဖြ**ဟ္မာ ထာဝရဆိုတာတွေ ဖန်ဆင်းထားတာလို့ ယူလိုက်တော့ **အတိတ်**အကြောင်း ပယ်လိုက်တဲ့အတွက် အဟေတုကဒိဋ္ဌိ **ဖြစ်သွားပါတယ်**။

အကြောင်းကြောင့် **အကျိုးဖြစ်တာ မဟုတ်ဘူး**။ **သူ့ဘာသာ**သူ ဖြစ်ချင်သလို ဖြစ်တယ်။ ကောင်းတာလုပ်လို့ **ကောင်းကျိုးပေးတာ**လည်း မဟုတ်ဘူး။ မကောင်းတာလုပ်လို့ မကောင်းကျိုး ပေးတာလည်းမဟုတ်ဘူး။ ဒီအကျိုးတရားတွေ ရနေတာ သူ့ဘာသာသူအလိုလို ရနေတာလို့ အကျိုးတရားကို ပယ်လိုက်တော့ အကိရိယဒိဋ္ဌိဖြစ်သွားပါတယ်။

နတ္ထိကဒိဋ္ဌိကျတော့ အကြောင်းရော အကျိုးတရားပါ ပယ်တာ။ အကြောင်းလည်း မရှိဘူး။ အကျိုးလည်း မရှိဘူး။ သေရင်ပြီးတာပဲ၊ ပြတ်တာပဲလို့ စွဲယူနေတာဖြစ်ပါတယ်။ ဒီဒိဋ္ဌိသုံးမျိုး ဘာကြောင့်ဖြစ်ရတာလဲ မေးရင် အကြောင်းအကျိုးကို ပြောပြတဲ့ ခန္ဓပဋိစ္စသမုပ္ပါဒ်ကို နားမလည်လို့လို့ အဖြေထုတ်နိုင်ပါတယ်။

# ခန္ဓာဉာဏ်ရောက်အလုပ်ဟာ ဓမ္မစရိယမင်္ဂလာ

ခန္ဓပဋိစ္စ သမုပ္ပါဒ်ဆိုတာ အကြောင်းနဲ့ကျိုးကိုပြတာ ဖြစ်ပါတယ်။ အကြောင်းသည် ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဓမ္မသာဖြစ်သည်။ အကျိုးကလည်း ပုဂ္ဂိုလ်သတ္တဝါမဟုတ်၊ ဓမ္မပါပဲ။ ဒီတော့ အကြောင်း ဓမ္မ အကျိုးဓမ္မကို သိအောင်လုပ်ပြီး ကျင့်သုံးမှ ဓမ္မစရိယာ မင်္ဂလာနဲ့ ပြည့်စုံတယ်လို့ မှတ်ရပါမယ်။

ဓမ္မ–အကြောင်းအကျိုးကို **စရိယ**–ကျင့်သုံးနေခြင်း၊ ခန္ဓပဋိစ္စ သမုပ္ပါဒ်ကို နားလည်အောင် လုပ်နေတာ ဓမ္မစရိယာ မင်္ဂလာဖြစ်ပါတယ်။ ဖြစ်ပျက်မြင်အောင် ကြိုးစားနေတာလည်း ဓမ္မစရိယာ မင်္ဂလာ၊ ဘယ်စိတ်ပဲ ပေါ်လာပေါ်လာ စိတ်ရဲ့ နောက်ကနေ ဉာဏ် ကလေးလိုက်နေတာလည်း ဓမ္မစရိယာ မင်္ဂလာပါပဲ။

"ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊ သုစရိုက်တရားကို ကျင့်ပါလေ"လို့ ဓမ္မစရိယာမင်္ဂလာကို ဖွင့်ဆိုထားပါတယ်။ မိစ္ဆာဒိဋ္ဌိ ရင်ထဲမှာ ကိန်းနေတာဟာ အတွေးအခေါ် အကြံအစည် မလိမ္မာ မိုက်မဲမှုပဲပေါ့။ ဒုစရိုက်တရားပဲပေါ့။ အဲဒီဒုစရိုက်တရားရဲ့ ဆန့်ကျင်ဘက် သုစရိုက် တရားဖြစ်တဲ့ ခန္ဓာဉာဏ်ရောက်အလုပ်ကို လုပ်နေခြင်းဟာ ကိုယ်နှုတ် စိတ်ကြံကို ထိန်းနေတာဖြစ်တဲ့အတွက် ဓမ္မစရိယာ မင်္ဂလာဖြစ်ပါတယ်။

အတွေးအကြံ မှန်ကန်အောင် ပဋိစ္စသမုပ္ပါဒ် ခန္ဓာဉာဏ်ရောက် အလုပ်ကို လုပ်ရပါတယ်။ ခန္ဓာဉာဏ်ရောက်အလုပ်သည် ကိုယ်နှုတ် စိတ်ကြံ မမိုက်မမှားတဲ့ သုစရိုက်တရားကို ကျင့်နေတာမို့ ဓမ္မစရိယာ မင်္ဂလာဖြစ်တယ်လို့ မှတ်ပါ။

# သီလဖြင့် အယူဖြောင့်ပါစေ

ဒုစရိုက်ကို ထိန်းလိုက်တာနဲ့ သုစရိုက်ဖြစ်သွားပါတယ်။ ကိုယ် နှုတ် စိတ်ကြီး မိုက်မှားနေတဲ့ ကာယဒုစရိုက် သုံးပါး၊ ဝစီဒုစရိုက် လေးပါး၊ မနောဒုစရိုက်သုံးပါးကို ကောင်းစွာထိန်းသိမ်းလိုက်မယ် ဆိုရင် ကာယသုစရိုက် သုံးပါး၊ ဝစီသုစရိုက်လေးပါး၊ မနောသုစရိုက် လေးပါးလို့ ဖြစ်သွားတယ်။

ပဋိစ္စသမုပ္ပါဒ်နဲ့ပြောရင် ဒုစရိုက်တရားက အပုညာဘိသင်္ခါရ၊ သုစရိုက်တရားက ပုညာဘိသင်္ခါရ။ ပုညာဘိသင်္ခါရမှာ ကုသလကမ္မ ပထတရား ဆယ်ပါးဆိုတာ ရှိသေးတယ်။ **ကုသလ**က ကုသိုလ်၊ **ကမ္မ**ကအလုပ်၊ **ပထ**က အောင်မြင်ကြောင်းတရား။ သူတော်ကောင်း တရားတွေ အောင်မြင်ဖို့အတွက် အကြောင်းတရား ဆယ်ပါးရှိတယ် တဲ့။

အဲဒီ ကုသလကမ္မပထတရားဆိုတာက ဘာတွေလဲဆိုတော့ ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌုဇုကမ္မ တဲ့။ မြန်မာလို လှူတာ၊ သီလဆောက်တည်တာ၊ ဘာဝနာပွားတာ၊ ကြီးသူကို ရိုသေ တာ၊ အမှုကြီးငယ်လုပ်ပေးတာ၊ အမျှဝေတာ၊ သာဓုခေါ်တာ၊ တရား နာတာ၊ တရားဟောတာ အယူဖြောင့်မှန်တာပေါ့။

ကုသလကမ္မပထတရား ဆယ်ပါးထဲမှာ အရေးအကြီးဆုံးက ဒိဋ္ဌုဇုကမ္မပါ။ အယူဖြောင့်မှန်တယ်၊ ဖြောင့်မှန်သောအယူရှိတယ်ဆိုတာ ဒါန သီလ ဘာဝနာစတဲ့ ဘယ်လိုကောင်းမှုမျိုးကိုပဲလုပ်လုပ် ဖြောင့် မှန်စွာ လုပ်တာကို ဆိုလိုပါတယ်။

ဗာဟိရဒါရုစိရိယ သုတ္တန်မှာ မြတ်စွာဘုရားကို ဗာဟိရ ဒါရု စိရိယက လျှောက်တယ် "မြတ်စွာဘုရား ဒီဘဝ ဒီခန္ဓာနဲ့ သောတာ

ပတ္တိမင်္ဂလာတည်းဟူသော မင်္ဂလာတရားကြီးကို ရလိုလျှင် ဘယ်လို ကျင့်သုံးရမလဲဘုရား”ဆိုတော့ မြတ်စွာဘုရားရှင်က–

**တသ္မာဟိ ဗာဟိရ အတိစေဟ ကုသလေသု ဓမ္မေသု ကုသလာနံ ဓမ္မာနံ သီလံသု ဝိသုဒ္ဓိ၊ ဒိဋ္ဌိစ ဥဇုကံ။**

**ချစ်သား–** ဒီဘဝ ဒီခန္ဓာနဲ့ လောကာပတ္တိမင်္ဂလာရချင်တယ် ဆိုရင်တော့ **ဘယ်လိုကောင်း**မှုမျိုးပဲလုပ်လုပ်၊ သီလဖြူစင်ရမယ်၊ အယူ ဖြောင့်**မှန်ရမယ်လို့** ဟောတော်မူပါတယ်။ ဒုစရိုက်တရားတွေက ရှောင်**ကြဉ်နေတာ သီလ**ဖြူစင်တာပဲပေါ့။ ကုသလကမ္မပထ တရား**တွေ လုပ်ဆောင်တဲ့နေရာ**မှာ အယူဖြောင့်မှန်စွာ လုပ်ဆောင်ရပါတယ်။ **ယခု တရားဟောတရား**နာ လုပ်နေကြတာလည်း ကုသလကမ္မပထ **တရားထဲမှာ ပါဝင်တဲ့**အလုပ်၊ ကိုယ်နှုတ်စိတ်ကြဲ မမိုက်မှားစေဘဲ **သုစရိုက်တရားကို** ကျင့်သုံးနေခြင်းဖြစ်လို့ ဓမ္မစရိယာ မင်္ဂလာကြီး **ဖြစ်မြောက်နေပါပြီ။**

## ဝဋ်ဆုံးဖြာမှာ အဝိဇ္ဇာ တဏှာ သင်္ခါရ အရေးပါ

ပုထုဇဉ်ပုဂ္ဂိုလ်တွေမှာ နေ့စဉ်နဲ့အမျှ ပြုလုပ်ထားတဲ့ ကံတွေ ရှိပါတယ်။ ကံဆိုတာ စေတနာ၊ စေတနာဆိုတာ သင်္ခါရ။ ဒီဘဝမှာ ပြုလုပ်ထားတဲ့ ကုသိုလ်သင်္ခါရတွေလည်း ရှိတယ်။ အကုသိုလ်သင်္ခါရ တွေလည်း ရှိတယ်၊ ဘယ်ဟာက များသလဲဆိုတော့ အကုသိုလ်သင်္ခါရ တွေက များတယ်နော်။

အတိတ်တုန်းကလည်း ဒီကုသိုလ် အကုသိုလ်သင်္ခါရတရား တွေကို လုပ်ခဲ့ကြတာပဲ။ အတိတ်ကုသိုလ်ကံက အကျိုးပေးလိုက်တော့ ခန္ဓာငါးပါးရလာခဲ့ပြီ။ ခန္ဓာငါးပါးဟာ အကျိုးတရား၊ အကျိုးပေးမှုဖြစ် လို့ ဝိပါကတဲ့။ ဒီခန္ဓာကိုယ်ကြီး နေ့စဉ်နဲ့အမျှ နာတယ် ကျင်တယ် ကိုက်ခဲတယ် ယားယံတယ် စသည်ဖြင့် နှိပ်စက်ခံနေရတာက ဝဋ်တဲ့။

အကျိုးပေးတာက ဝိပါက၊ နှိပ်စက်ခံနေရတာက ဝဋ်။ ယခု တရားနာနေတဲ့ ခန္ဓာကြီးဟာ ဝိပါကဝဋ်ဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် အရ နှစ်အကွက် ခန္ဓာငါးပါး ပစ္စုပ္ပန်တရားပေါ့။

နေ့တိုင်းနေ့တိုင်း နှိပ်စက်ခံနေရတော့ ဒီခန္ဓာကြီးက ချမ်းသာ သလား၊ ဆင်းရဲသလားမေးရင် ဆင်းရဲပါတယ်။ ဆင်းရဲတဲ့အတွက် ဒုက္ခသစ္စာ၊ ဒီလို နှိပ်စက်ခံရတာမျိုးက အခုမှမဟုတ်ဘူးနော်၊ အတိတ် တုန်းကလည်း ခံစားခဲ့ရတယ်။ ဒါပေမဲ့ အမှန် ဝိပါကဝဋ် ဒုက္ခသစ္စာ ကြီးကို ဘယ်ဘဝမှာပဲ ရနေရနေ အမှန်အတိုင်း မသိခဲ့တာ အဝိဇ္ဇာ ဖြစ်ပါတယ်။ မသိဘဲနဲ့ ကုသိုလ်လုပ်တာက သင်္ခါရဖြစ်ပါတယ်။ ဘုံဘဝတွေကို ဆုတောင်းခဲ့တာက တဏှာပါ။ မရမနေ စွဲလန်းတာက ဥပါဒါန်ပဲ။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ကို ကိလေသဝဋ်လို့ ခေါ်ပါတယ်။ ကိလေသာဆိုတာ ညစ်နွမ်းကြောင်း၊ ဝဋ်ဆိုတာ အချိန်ကုန်တာပါ။ ဘယ်ဘဝကမှ သစ္စာမသိဘဲနဲ့ အချိန်ကုန်ခဲ့ကြတယ်။ သံသရာတစ် လျှောက်လုံး အဝိဇ္ဇာ ဖုံးလွှမ်းခံခဲ့ရပါတယ်။ အဝိဇ္ဇာအပြည့်ဖုံးလွှမ်း ခဲ့တယ်ဆိုတာ သိစေချင်လို့ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းမှာ အဝိဇ္ဇာကို အပြည့်ဝိုင်းပြီး ပြခဲ့တာဖြစ်ပါတယ်။

သတ္တဝါတွေ ဖြစ်လေရာဘဝတိုင်းမှာ ပျော်မွေ့နေအောင်လို့ ရင်ထဲမှာ တဏှာက ကိန်းထားပါတယ်။ ဘဝတိုင်းဘဝတိုင်းကို စွဲလန်း နေအောင်လို့ တဏှာ ဥပါဒါန်က စီမံထားပါတယ်။ သတ္တဝါတွေဟာ တဏှာနဲ့ပဲ အချိန်ကုန်ခဲ့တယ်ဆိုတာ သိစေချင်လို့ တဏှာကို ဝိုင်းပြ ထားပါတယ်။

သတ္တဝါတွေဟာ ကာယကံ ဝစီကံ မနောကံ ကံသုံးပါးနဲ့ ကုသိုလ်တွေလည်း လုပ်ခဲ့တယ်။ အကုသိုလ်တွေကိုလည်း လုပ်ခဲ့တယ်။ ဒုစရိုက်တွေလည်း လုပ်ခဲ့တယ်၊ သုစရိုက်တွေလည်း လုပ်ခဲ့တယ်။

အဲဒါ ကမ္မဝဋ်တဲ့။ ကမ္မကပြုလုပ်တာ၊ ဝဋ်က အချိန်ကုန်တာ။ အတိတ်တုန်းက ဉာဏ်အလုပ်နဲ့ အချိန်မကုန်ဘဲ ကံအလုပ်နဲ့ပဲ အချိန်ကုန်ခဲ့တယ်ဆိုတာ သိစေချင်လို့ သင်္ခါရဘေးမှာ ဝိုင်းပြထားပါတယ်။

## ဓမ္မစရိယာမဂ္ဂင် ကျင့်မြတ်နဲ့ ကံကြွေးဖြတ်ကြပါ

တရားသဘောဆိုတာ မူလကတည်းက ရှင်းနေပြီးသားပါနော်။ လင်းအောင်လုပ်ပေးဖို့ပဲ လိုပါတယ်။ လင်းအောင်လုပ်ပေးမည့် ပုဂ္ဂိုလ် မရှိလို့ ဉာဏ်အမြင် မှားနေတာ ဖြစ်ပါတယ်။ သံသယကင်းအောင် အခုလို ရှင်းပြလိုက်တဲ့အတွက် ဉာဏ်အလင်းရမလာဘူးလား။ ဉာဏ်အလင်းရမှလည်း နိဗ္ဗာန်ဆိုတဲ့ ဇော်မဂ်လမုတ္တာမံကို ရကြမှာနော်။

အတိတ်တုန်းက ကံအလုပ်တွေကို ကိလေသာဝဋ်နဲ့ ကမ္မဝဋ် ပေါင်းပြီးတော့ လုပ်ခဲ့ကြတယ်။ ဖြူစင်ကြောင်းမဟုတ်ဘဲ ညစ်နွမ်းကြောင်းတွေ လုပ်ခဲ့ကြတော့ ဆင်းရဲကြောင်း သမုဒယသစ္စာ ဖြစ်ပါတယ်။ သမုဒယသစ္စာဆိုတာ ဆင်းရဲကြောင်း အမှန်ပါ။

ကိလေသာဝဋ် ကမ္မဝဋ် လုပ်လိုက်၊ ဝိပါက ဝဋ်ဖြစ်လိုက်နဲ့ ဝဋ်သုံးပါးနဲ့ သံသရာလည်ခဲ့ရတယ်။ ကိလေသာဝဋ်နဲ့ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဒုက္ခသစ္စာ အိုနာသေ ဖြစ်ပျက်ရပါတယ်။ လက်ရှိ ခန္ဓဝိပါက ဝဋ်ဒုက္ခသစ္စာ ဖြစ်ပျက်ကို မြင်အောင် စောင့်ကြည့်ရပါတယ်။

ဖြစ်ပျက်ကဓမ္မ၊ စောင့်ကြည့်နေတာက စရိယ။ ဖြစ်ပျက်ကို စောင့်ကြည့်နေခြင်းသည် ဓမ္မစရိယဆိုတဲ့ သုစရိက်တရားကို ကျင့်နေခြင်းပါပဲ။

အဲဒီလို ဓမ္မစရိယနဲ့ ကျင့်နေတဲ့အတွက် ကိလေသဝဋ် ကမ္မဝဋ် ဆိုတဲ့ ကိလေသာ ဒုစရိုက်တွေ မလာနိုင်တော့ပါဘူး။ ကိလေသာ

ဒုစရိုက်တွေကို မကျူးလွန်တော့ပါဘူး။ ကိလေသာဒုစရိုက် မကျူး လွန်တော့တာ သမုဒယသစ္စာ သေတာပါပဲ။ ဝဋ်နဲ့ပြောရင် ကိလေသ ဝဋ်နဲ့ ကမ္မဝဋ် သေသွားပါတယ်။

ဗြဟ္မစရိယကို ခန္ဓာဉာဏ်ရောက် ကျင့်သုံးတဲ့ ပုဂ္ဂိုလ်ဟာ ဝိပါက ဝဋ် ခန္ဓာ ဒုက္ခက လွတ်မြောက်နိုင်ပါတယ်။ ဝဋ်သုံးပါးက လွတ် မြောက်သွားပါတယ်။

ဗြဟ္မစရိယ ခန္ဓာဉာဏ်ရောက် ကျင့်စဉ်ဟာ မဂ္ဂင်ကျင့်စဉ် ဖြစ် ပါတယ်။ မဂ္ဂင်ကျင့်စဉ်ကသာ ကံအကျိုးကို ဉာဏ်နဲ့ ဖြတ်နိုင်ပါတယ်။ မဂ္ဂင်အကျင့်မြတ်နဲ့မှသာ ကံကြွေး ဖြတ်နိုင်ပါတယ်။ ကံကြွေးပြတ်မှ လည်း ကံကအကျိုးပေးတဲ့ ဝိပါကဝဋ်ဆိုတဲ့ နောင်ဒုက္ခက လွတ် မြောက်နိုင်ပါတယ်။

ဝိပါကဝဋ် ခန္ဓာက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ကိလေသာဝဋ်နဲ့ ကမ္မဝဋ်က သမုဒယသစ္စာ၊ ဝိပါကဝဋ် တို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာဖြစ်ပါတယ်။ ဗြဟ္မစရိယ ကို ကျင့်သုံးတဲ့ ပုဂ္ဂိုလ်မှသာ ဝိပါကဝဋ်ရဲ့ ကျွတ်လွတ်ရာ နိဗ္ဗာန်ကို ရရှိနိုင်တဲ့အတွက် နိဗ္ဗာန်ရချင်တယ်ဆိုရင်တော့ ဗြဟ္မစရိယာမင်္ဂလာနဲ့ ပြည့်စုံအောင် လုပ်ခဲ့ကြဖို့ပါနော်။

# စရိယသုံးထွေ ကျင့်တတ်စေ

## မင်္ဂလာအမှတ် (၁၅)

## စရိယာသုံးပါး မင်္ဂလာနှစ်ရပ်

ဉာတကာနဋ္ဌ သင်္ဂဟော "ဆွေမျိုးတွေကို ပစ်ကာမထားနဲ့ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ" မင်္ဂလာနဲ့၊ အနဝဇ္ဇာနိ ကမ္မာနိ "သန့်စင်ပြစ်မျိုး လူထုကျိုး သည်ပိုးရွက်ဆောင်လေ" မင်္ဂလာ။ ဆွေမျိုးတို့ကို ထောက်ပံ့ချီးမြှောက်ခြင်း၊ အပြစ်ကင်းတဲ့ အများအကျိုးလုပ်ငန်းဆောင်ရွက်ခြင်း မင်္ဂလာနှစ်ရပ်ကို တစ်ပေါင်းတည်း ရှင်းပြသွားပါတယ်။

ရှင်တော်ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအလောင်းတော်ဘဝမှာရော၊ ဘုရားအဖြစ်သို့ ရောက်တော်မူတဲ့ ဘဝမှာပါ ကျင့်သုံးတော်မူခဲ့တဲ့ စရိယသုံးပါးဆိုတာ ရှိပါတယ်။ ဗုဒ္ဓတ္ထစရိယ၊ ဉာတတ္ထ စရိယ၊ လောကတ္ထစရိယတဲ့။ ပထမဦးဆုံး သစ္စာလေးပါးတရားကို ကိုယ်တော်တိုင် သိအောင် အားထုတ်ပါတယ်။ နောက်တော့ ဆွေတော်မျိုးတော်တွေကို တရားနဲ့ ကျေးဇူးဆပ်ပါတယ်။ ပြီးတော့မှ တစ်လောကလုံး ရှိရှိသမျှ သတ္တဝါ ဝေနေယျတွေကို သစ္စာသိအောင် နေ့မအား ညမအား ကျေးဇူးပြု ဟောကြားတော်မူပါတယ်။

ယောဂီတို့တစ်တွေလည်း ရှင်တော်မြတ်ဘုရားရဲ့ စရိယသုံးပါး

ကျင့်ထုံးနှလုံးမူပြီးတော့ ပထမဦးဆုံး ဗုဒ္ဓတ္တစရိယအနေနဲ့ သစ္စာသိအောင် ကြိုးစားကြရပါမယ်။ သစ္စာသိမှ နိဗ္ဗာန်မြင်မယ်၊ နိဗ္ဗာန်မြင်မှလည်း ဇေတ်မင်္ဂလမုတ္တမံဆိုတဲ့ အမြတ်ဆုံး နိဗ္ဗာန် လောကုတ္တရာမင်္ဂလာကြီးကို ရရှိပိုင်ဆိုင်နိုင်ကြပါတယ်။

ငြိမ်းချမ်းသော ဘဝပိုင်ရှင်အဖြစ်နဲ့ လောကုတ္တရာအစစ် မင်္ဂလာကြီးနဲ့ ပြည့်စုံချင်တယ်၊ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရောက်ချင်တယ်ဆိုရင်တော့ နံပါတ်တစ် ကိုယ်တိုင်သစ္စာ သိအောင် ကြိုးစားရမယ်။ နံပါတ်နှစ် ကိုယ်သိပြီးသား သစ္စာတရားကို မိဘတွေ ဆွေမျိုး မိတ်ဆွေတွေကို ပြန်လည်ကျေးဇူးပြု ဟောပြရမယ်။ ဒါဆိုရင် ဉာတကာနဉ္စသင်္ဂဟောနဲ့ အနဝဇ္ဇာနိကမ္မာနိ မင်္ဂလာနှစ်ပါးက ဆွေမျိုးတွေကို ပစ်ကာမထားနဲ့ သင်္ဂဟတရားနဲ့ ချီးမြှောက်လေ၊ သန့်စင်ပြစ်မျိုး လူထုကျိုး သည်ပိုးရွက်ဆောင်လေ မင်္ဂလာနှစ်ရပ် ပြည့်စုံစွာ ရရှိနိုင်ပါပြီ။

## ဘုရားနဲ့ ဆွေမျိုးတော်ချင်သူ

ဆွေမျိုးဆိုတာက အမျိုးအစားချင်းတူမှ တော်လို့ရတာနော်။ မြတ်စွာဘုရားကိုယ်တော်မြတ် လောကအလယ်မှာ ပွင့်တော်မူလာတဲ့အခါ တိုင်းပြည်အုပ်ချုပ်တဲ့ ရှင်ဘုရင်တွေရော၊ အနာထပိဏ် ဝိသာခါတို့လို သူဌေးသူကြွယ်တွေရော လေးစားကြည်ညို ဆည်းကပ်ကြတယ်။ အဲဒီအထဲမှာ ကောသလမင်းကြီးက ဘုရားကို ဘယ်လောက်ကြည်ညိုသလဲဆိုရင် ဘုရားနဲ့ ဆွေမျိုးတော်ချင်သတဲ့။ ကြည်ညိုလွန်း အထင်ကြီးလွန်းလို့ ဘုရားနဲ့ ဆွေမျိုးတော်ရရင် ပိုပြီးတော့ ရင်းနှီးကျွမ်းဝင်မယ်လို့ တွေးတယ်။

အဲဒီတော့ ကောသလမင်းကြီးကို မြတ်စွာဘုရားက–

**ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ။**
**ယော ဓမ္မံ ပဿတိ၊ သောမံ ပဿတိ ပဏ္ဍိတော။**

သစ္စာသိတဲ့ပုဂ္ဂိုလ်မှန်ရင် ငါဘုရားနဲ့ ဆွေမျိုးတော်ပြီတဲ့။ တရားသိရင် ဘုရားသိတယ်၊ တရားနဲ့နီးရင် ဘုရားနဲ့နီးတယ်။ တရားနဲ့ဝေးရင် ဘုရားနဲ့ဝေးတာပဲ။ ဒီတော့ ဘုရားနဲ့နီးချင်တယ်၊ ဆွေမျိုးတော်ချင်တယ်ဆိုရင် တရားသိအောင် သစ္စာသိအောင်လုပ်ပေတော့လို့ ဘုရားက ဟောတယ်နော်။

ဘုရားက အဲဒီလို သေသေချာချာ ဟောတာတောင် ကောသလမင်းက အသိဉာဏ်နည်းပါးတဲ့သူမို့ သဘောမပေါက်ဘူး။ ဘုရားနဲ့ ဆွေမျိုးတော်ရအောင် ဘုရားရဲ့ဆွေတော်မျိုးတော်ထဲက အမျိုးသမီး တစ်ယောက်ကို ကောက်ယူမှပဲလို့ ကြံတယ်။ ဘယ်လောက်ပေါချောင် ကောင်းကြိုက်တဲ့ ဘုရင်လဲလို့။

ဒါနဲ့ ဘုရားဆွေတော်မျိုးတော်တွေရှိရာ ကပိလဝတ်ကိုသွားပြီး သတို့သမီးတောင်းပါလေရော။ ကောသလတိုင်းက တိုင်းကြီးပြည်ကြီး အင်အားကြီးနိုင်ငံဆိုတော့ ကပိလဝတ်ပြည်ငယ်လေးက တင်းခံလို့ မရဘူး။ ဒါပေမဲ့ သာကီဝင်မင်းမျိုးဆိုတာ သိပ်ဇာတ်ကြီးတယ်။ တခြား အမျိုးအနွယ်နဲ့ လုံးဝရောယှက်တာ မဟုတ်တော့ ကောသလဘုရင် ကျေနပ်အောင် ကျွန်မတစ်ယောက်ကို သာကီဝင်မင်းသမီးဆိုပြီး ထည့် ပေးလိုက်တယ်။

အဲဒီ မင်းသမီးနဲ့ ကောသလနဲ့ လက်ထပ်ပြီးတော့ သားယောကျ်ားလေးတစ်ယောက် မွေးတယ်။ နာမည်က ဝိဍူဍဘ တဲ့။ အရွယ်ရောက်လို့ အဋ္ဌာရသပညာရပ်တွေ တတ်မြောက်ပြီဆိုတော့ ဝိဍူဍဘမင်းသားက အမေ့ဘက်က အဆွေအမျိုးတွေဆီ သွားပြီး ကန်တော့တယ်။ ဟိုကလည်း သာကီဝင်အစစ်မဟုတ်တော့ သူ့ထက်ကြီးတဲ့ သူတွေကပဲ အကန်တော့ခံပြီး သူ့ကို ကန်တော့ရမည့် ငယ်ရွယ်

သူတွေက ပုန်းနေ ရှောင်နေကြတယ်။ ဒါနဲ့ ဝိဋူဍဘကလည်း မသက်သာနဲ့ စားတစ်ချောင်းထားခဲ့ပြီး နောက်မှ အမတ်တစ်ယောက်ကို ယူခိုင်းသတဲ့။

အဲဒီအမတ် ပြန်ရောက်လာတော့ ဟိုမှာ ဝိဋူဍဘမင်းသား ထိုင်ခဲ့တဲ့နေရာကို နွားနို့နဲ့ ဆေးနေတာ တွေ့ရသတဲ့။ "ကျွန်မသားထိုင်ခဲ့တဲ့နေရာမို့လို့ သန့်ရှင်းသွားအောင်လုပ်တာ"လို့ သိရတော့ ဝိဋူဍဘ စိတ်ဆိုးပြီး သာကီဝင်အမျိုးတွေ အကုန်လုံး သတ်ဖို့ပြင်တော့တာပဲ။ ဆွေတော်မျိုးတော်တွေရဲ့ အသက်ကို ကယ်တင်ဖို့ ဘုရားက ဟောပြလို့ ဝိဋူဍဘ နှစ်ကြိမ်တော့ ရှောင်ထွက်သွားသေးတယ်။ သုံးကြိမ်မြောက်မှာတော့ မတားတော့ဘူး။ ဝိပါက ဝဋ်ကြွေးသင့်ပြီဆိုရင် ဘုရားတောင်မှ တားမရဘူးနော်။ ဆွေတော်မျိုးတော်တွေ သေလိုက်ကြတာ အတုံးအရုန်းပါပဲ။

## ဘုရားအလောင်း ဆွေမျိုးစောင့်ရှောက်ပုံ

ဝိပါကဝဋ်ကြွေးရှိလို့သာ သာကီဝင်မင်းမျိုးတွေ အသတ်ခံလိုက်ရပေမဲ့၊ ဘုရားရှင်ကတော့ ဉာတတ္ထစရိယမင်္ဂလာနဲ့အညီ ကယ်တင်ဖို့ ဆောင်ရွက်တော်မူခဲ့ပါတယ်။ ရှင်တော်ဘုရားက "ငါ အခု ဘုရားဖြစ်မှ ကယ်တာ မဟုတ်ဘူး၊ နစဉ်ကာလကလည်း ဆွေတော်မျိုးတော်များကို ကယ်တင်ခဲ့ဖူးတယ်"ဆိုပြီး ကုက္ကုရဇာတ်တော်ကို ဟောကြားတော်မူပါတယ်။

ကုက္ကုရဇာတ်တော်မှာ ဘုရားအလောင်းက ခွေးမင်းဖြစ်ပြီး ဗာရာဏသီမြို့ရဲ့ အပြင်ဘက် သုသာန်မှာ ခွေးတွေကို အုပ်ချုပ်ပြီး နေတယ်။ တစ်နေ့တော့ ဘုရင်က မြင်းရထားနဲ့ တိုင်းခန်းလှည့်လည်ရင်း နန်းတော်ကို ပြန်အရောက်မှာ ရထားမောင်းသမားက ရထားကို

မသိမ်းဘဲနဲ့ နန်းရင်ပြင်မှာ ထားလိုက်မိသတဲ့။ အဲဒီည မိုးတွေရွာတော့ ရထားက သားရေတွေ မိုးမိပြီး အစိုတွေပြန် အနံ့တွေထွက်လာသတဲ့။ ဒါနဲ့ နန်းတွင်းထဲမှာရှိတဲ့ ခွေးတွေက အဲဒီသားရေကြိုးတွေကို ကိုက်စားပစ်ကြရောတဲ့။

အဲဒါဘုရင်ကို သံတော်ဦးတင်ကြတော့ မြို့ပြင်ကခွေးတွေ ရေဆိုးထွက်ပေါက်ကနေ ဝင်ပြီးစားတာပဲ။ မြို့ပြင်က "ခွေး အကုန်သတ်ကွာ" အမိန့်ပေးတော့ ခွေးတွေ ပြေးကြလွှားကြနဲ့ ဒုက္ခရောက်ကုန်ကြရော။ နောက်တော့ ဘုရားအလောင်း ခွေးမင်းကို တိုင်တဲ့အခါ "ငါ့ဆွေမျိုးတွေကို ကယ်ရမယ်"ဆိုပြီး ဘုရားအလောင်းက နန်းမြို့ထဲကိုဝင်သွားတယ်။ မဝင်ခင် ရှင်ဘုရင်နဲ့ မှူးမတ်တွေကို မေတ္တာပို့ဘုတ်တစ်ချောင်း ခဲတစ်လုံးမျှ ငါ့ကျောပေါ် မကျပါစေသတည်းလို့ အဓိဋ္ဌာန်ပြီးမှ သွားတာတဲ့။

နန်းတော်ထဲရောက်တော့ တံခါးစောင့်တွေက မောင်းထုတ်ပေမဲ့ ဘုရင့်သလွန်တော်အောက်ကို ရောက်အောင်ဝင်ပြေးတယ်။ ဘုရင်က မေးတော့ "အရှင်မင်းကြီး၊ ရထားက သားရေတွေကို ခွေးတွေစားတဲ့အတွက် မြို့ပြင်က ခွေးတွေကို ဘာကြောင့် သတ်ခိုင်းရပါသလဲ။ တကယ်ဆိုရင် နန်းတွင်းမှာထားတဲ့ ရထားကို နန်းတွင်းက ခွေးတွေကပဲ စားနိုင်တယ် မဟုတ်လား"ဆိုတော့ ဘုရင်က လက်မခံဘူး။ ဒါနဲ့ နွားနို့ရယ် ရက်တက် ရေရယ် မြက်ရယ် သုံးမျိုးရောကြိုပြီး နန်းတွင်းက ခွေးတွေတိုက်ခိုင်း လိုက်တော့ ခွေးတွေအန်ပြီး သားရေစတွေ ထွက်ကျလာသတဲ့။

အဲဒီမှာ ဘုရင်က သူမှားကြောင်း ဝန်ခံပြီး ဘုရားအလောင်း ခွေးမင်းကို ပလ္လင်ပေါ်တင်လို့ ထီးဖြူဆောင်းလို့ ကျကျနနပူဇော်တယ်။ ဘုရားအလောင်းကလည်း "ငါ့ဆွေမျိုးဉာတကာတွေကို ဘေးမဲ့ပေးပါ" လို့ခွင့်တောင်းတယ်။ ဘုရင်ကို မင်းကျင့်တရား ဆယ်ပါးနဲ့အညီ

ကျင့်သုံးပြီး တိုင်းပြည်အုပ်ချုပ်ဖို့ ဩဝါဒပေးပြီး ထီးနန်းကို ပြန်အပ်ပါတယ်။ ဘုရင်ကလည်း ဘုရားအလောင်းနဲ့ ဆွေမျိုးခွေးတွေအတွက် နေ့တိုင်း အစားအစာတွေ ချက်ပြုတ်ကျွေးစေပါသတဲ့။

ဘုရားကိုယ်တော်မြတ်လည်း နှစ်ဦးကားကပင် ဆွေမျိုးတွေကို ပစ်မထားဘဲ သင်္ဂဟတရားနဲ့အညီ စောင့်ရှောက်ခဲ့တဲ့ သာဓကတစ်ရပ် ဖြစ်ပါတယ်။

## ဆွေမျိုးဆိုတာ အင်အားပါ

ဆွေမျိုးဆိုတာ အထက်ခုနစ်ဆက် အောက်ခုနစ်ဆက်လို့ သတ်မှတ်ထားတယ်။ အထက်ခုနစ်ဆက် "ဘ ဘိုး ဘေး ဘီ ဘင် ဘောင် ဘော"တဲ့။ အောက်ခုနစ်ဆက်က "သား မြေး မြစ် တီ တွတ် ကျွတ် ဆတ်" တဲ့။ အဲဒီအတောအတွင်း ရှိသမျှဟာ ဆွေမျိုးပါပဲ။ မျက်မြင်အားဖြင့် အထက်မှာ ဘိုးဘေးအထိတော့ ရှိနေနိုင်သေးတယ်။ အောက်မှာ မြေးမြစ်အထိပေါ့။ တချို့အသက်ရှည်တဲ့ အမျိုးကျတော့ ဒီထက်ပိုပြီး သက်ရှိထင်ရှားရှိချင် ရှိနေနိုင်ပါတယ်။

အဓိကအားဖြင့် ညီအစ်ကို မောင်နှမ ဦးကြီး ဦးလေးအဒေါ် စသဖြင့် တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲ ကိုယ်နဲ့ဆက်စပ်နေသမျှဟာ ဆွေမျိုးပါပဲ။ ဆွေမျိုးတွေကို ကိုယ်ကတ်နိုင်တဲ့ဘက်က စောင့်ရှောက်ပေးရမယ်။ ကိုယ့်ထက်နွမ်းပါးတဲ့ ဆွေမျိုးတွေကို အဝတ်အစား အာဟာရတွေ ကူညီပေးကမ်းလို့ ကိုယ်နဲ့ဆွေမျိုးအချင်းချင်း တန်းတူသဘောထားပြီး စောင့်ရှောက်ရပါတယ်။

ကိုယ်က လုပ်ငန်းကိုင်ငန်းကောင်းလို့ တိုက်နဲ့ကားနဲ့ ကြွယ်ဝချမ်းသာတယ်ဆိုရင် ပိုပြီးတော့ ကူညီစောင့်ရှောက်ရမှာနော်။ ကိုယ့်လောက် မချောင်လည်တဲ့ မပြည့်စုံရှာတဲ့ ဆွေမျိုးတွေကို ပညာရေး

အတွက် အဆင်ပြေအောင်ထောက်ပံ့တာ၊ ကျန်းမာရေးအတွက်ဆေးဝါး စားဖွယ် သောက်ဖွယ်တွေ ပေးကမ်းတာ လုပ်ပေးရပါမယ်။ ကိုယ့်ဆီ ရောက်လာတဲ့ ဆွေမျိုးတွေ ဝင်ထွက်သွားလာရဲအောင် ရွှင်ရွှင်ပျပျ ခင်ခင်မင်မင်နဲ့ ကြိုဆိုနှုတ်ဆက် ဧည့်ခံကျွေးမွေးလို့ လိုအပ်တာကို မေးမြန်းပြီး ကူညီရပါမယ်။ ကိုယ့်အိမ် ပြန်သွားရင်လည်း လက်ချည်း သက်သက်မပြန်စေရဘူး။ လက်ဆောင်တစ်ခုခုတော့ ထည့်ပေးလိုက် နိုင်ရမယ်။

ဆွေဝတ်မျိုးဝတ်ဆိုတာ ချမ်းသာမှ မဟုတ်ပါဘူး။ ကိုယ့်အင် အားအလျောက် ချီးမြှောက်ထောက်ပံ့ဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။ ကိုယ့်ထက်ကြီးတဲ့ ဆွေမျိုး၊ ဦးကြီး အဒေါ် အဘိုးအဘွားတွေကို ရိုသေသမှုပြုပေး၊ ခြေဆုပ်လက်နယ်လုပ်ပေး။ ငယ်ရွယ်သူတွေကို ချစ်ချစ်ခင်ခင် မြတ်မြတ်နိုးနိုး ခေါ်ပြော။ မုန့်ကလေး ပဲကလေးကအစ ပေးကမ်းရမယ်။

ဆွေမျိုးဆိုတာ အင်အားတစ်ရပ် ဖြစ်ပါတယ်။ "ငါ့မှာ အမျိုး တွေရှိသဟဲ့၊ ငါ့အမျိုးတွေက ကူညီကြသဟဲ့။ အရေးနဲ့အကြောင်းနဲ့ ဆိုရင် ပစ်မထားကြဘူး"လို့ အားတက်အောင် ဆက်ဆံဆက်သွယ် နေကြရပါတယ်။ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဆွေမျိုး အချင်းချင်း အတူလက်တွဲပြီး ခင်ခင်မင်မင်နဲ့ တစ်ဦးနဲ့တစ်ဦး အပြန် အလှန် စောင့်ရှောက် ကူညီကြမယ်ဆိုရင် လောကီမင်္ဂလာတွေ ပြည့်စုံ လာကြပါလိမ့်မယ်။

## မကူညီတဲ့အပြင် နှိပ်စက်ချင်သူ

ဆွေမျိုးတွေကို ကူညီရိုင်းပင်း ချီးမြှောက်တဲ့ ပုဂ္ဂိုလ်ဟာ ဒီဘဝ မှာလည်း မျက်နှာပွင့်လန်းပြီး လူချစ်လူခင်များတယ်။ ကိုယ်က ကူညီ

ထားတဲ့အတွက် ကိုယ့်အရေးရှိရင်လည်း ကူညီအားပေးမည့်သူတွေ ဝိုင်းဝိုင်းလည်နေတတ်တယ်။ ဒါတင်မကသေးဘူး။ ဆွေမျိုးကို ချီးမြှောက်တဲ့သူများမှာ ဒီဘဝ စုတိကျလို့ သေခဲ့ရင်တောင်မှ အပါယ်မလာဘဲ သုဂတိနယ်ကို သွားရပါသတဲ့။

တချို့ကျတော့ ဆွေမျိုးကို မကူညီဘဲ ပစ်ထားတဲ့အပြင် ငွေအား၊ ပညာအားကိုးနဲ့ နှိပ်စက်ကလူ ပြုတတ်တာရှိသတဲ့။ ဇာတ်တော်ထဲမှာ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ မိဘတွေ ကွယ်လွန်တော့ ရှိသမျှ ဥစ္စာရတနာရွှေငွေတွေ ကျန်ရစ်တယ်။ အဲဒီမှာ အစ်ကိုကြီးက ဘုရားအလောင်း။ "ငါတို့ မိဘတွေ ဘယ်လောက်ပဲ ကြွယ်ဝချမ်းသာကြပေမဲ့ သေတော့ဘာမှ ယူမသွားနိုင်ကြပါလား"လို့ သံဝေဂရပြီး ဥစ္စာပစ္စည်းအမွေတွေ အကုန်လုံးကို သူ့ညီလေးအား အပ်နှင်းလိုက်တယ်။ သူ့သားနဲ့ မယားကိုလည်း စောင့်ရှောက်ဖို့ မှာကြားပြီး တောထဲမှာ ရသေ့ဝတ်သွားပါသတဲ့။

အစ်ကိုကြီး တောထွက်သွားတော့ ညီငယ်လည်း ။ မိသားစုနဲ့အတူ မရီးနဲ့တူလေးပါ စောင့်ရှောက်ရင်း အိမ်မှာကျန်ရစ်ခဲ့တယ်။ တစ်နေ့မှာ သူ့တူလေး အရွယ်ရောက် ကြီးပြင်းလာတာကို မြင်တော့ "တစ်နေ့မှာ အမွေကိစ္စ အရှုပ်အရှင်း ဖြစ်လာနိုင်တယ်။ ခုကတည်းက အပြတ်ရှင်းထားမှ ကောင်းမယ်"ဆိုပြီး သူ့တူကို ရေချိုးဆိပ်ခေါ်သွားပြီး ရေနှစ်သတ်ပစ်တာပဲ။

အဲဒီမှာ ဘုရားအလောင်း ရသေ့က တရားအားထုတ်လို့ ဈာန်အဘိညာဉ်တွေ ရလာတယ်။ တောထဲကနေ ဈာန်အဘိညာဉ်တန်ခိုးနဲ့ ကြည့်လိုက်တော့ သူ့ညီက သူ့သားကို ရက်ရက်စက်စက် သတ်ပစ်ထားတာ မြင်သွားရော။ ဒါနဲ့ ညီကိုလာပြောတော့ ညီက "မဟုတ်ပါဘူး"လို့ ငြောင်းညင်းသတဲ့။ အစ်ကိုကတော့ သူတော်ကောင်းမို့လို့ သည်းခံပြောဆိုဆုံးမပြန်သွားပါတယ်။ ဒါပေမဲ့ ကိုယ့်ကာယကံ

ကိုယ့်ထံပြန် ကိုယ်လုပ်သမျှ ကိုယ်ခံရတဲ့ သဘာဝအတိုင်းပဲ ညီဖြစ်သူ သေလွန်တဲ့အခါ မဟာရောရုဝငရဲမှာ ကျရောက်ရပါသတဲ့။ ငရဲသက်နဲ့ အနှစ်ခြောက်သောင်း လူ့အသက်နဲ့တွက်ရင် နှစ်ပေါင်း ကိုးကုဋေ ခြောက်သန်း ပြစ်ခံရပါတယ်။

ဆွေမျိုးဆိုတာ သူတို့ဒုက္ခရောက်ရင်တောင် ကိုယ်က ဖေးမ ကူညီရမှာနော်။ တချို့က နိမ့်ပါးတဲ့ ဆွေမျိုးဆိုရင် အမျိုးအရာ မသွင်းဘဲနဲ့ နှိပ်စက်ချင်ကြတယ်။ တချို့ကျတော့လည်း ကိုယ့်အမျိုး ထဲက အောင်မြင်တယ် စီးပွားတက်တယ်ဆိုရင် မကြည်ဖြူနိုင်ကြဘူး။ အောင်မြင်ရင် တိုက်ခိုက်နင်းခြေဖို့ တွန်းဖို့ တိုက်ဖို့အကွက် စောင့်နေ ကြတာနော်။ တကယ်ဆို ကိုယ့်ဆွေမျိုးရင်းခြာ အောင်မြင်ကြီးပွား နေတာ ကိုယ်က ဝမ်းသာအားရနဲ့ လက်ခုပ်တီးပေးရမှာပေါ့။

## ဓမ္မိကဥပါသကာနဲ့ စရိယသုံးဖြာ

ဆွေမျိုးတွေကို ထောက်ပံ့တဲ့နေရာမှာ အပြစ်ကင်းအောင် ထောက်ပံ့တတ်ဖို့ လိုပါတယ်။ ဒါမှလည်း ဉာတကာနဉ္စသင်္ဂဟော မင်္ဂလာ၊ အနဝဇ္ဇာနိကမ္မာနိ မင်္ဂလာ နှစ်ရပ်လုံးနဲ့ ပြည့်စုံပါတယ်။ အဲဒီလို မင်္ဂလာနှစ်ရပ်လုံးနဲ့ ပြည့်စုံချင်တယ်ဆိုရင် ဗုဒ္ဓတ္ထစရိယ၊ ဉာတတ္ထစရိယ၊ လောကတ္ထစရိယ သုံးပါးလုံးနဲ့ ညီအောင် ကျင့်သုံးနေ ထိုင်ကြရပါတယ်။

အဲဒီလို မင်္ဂလာနှစ်ရပ် စရိယသုံးထွေနဲ့ ကျင့်သုံးနေထိုင်တဲ့ စံပြပုဂ္ဂိုလ်ကို ပြပါဆိုရင် ဓမ္မိကဥပါသကာကြီးကို ပြရမှာပဲ။ ဓမ္မိက ဥပါသကာကြီးက သူကိုယ်တိုင် သစ္စာအရင်သိအောင်လုပ်ပြီး ဗုဒ္ဓတ္ထ စရိယကို ကျင့်သုံးတယ်။ သားသမီးတွေကို ဘုရားကျောင်းတော်ကို ခေါ်သွားပြီး တရားနာခိုင်းတယ်။ ဖြစ်ပျက်တွေမြင် ဖြစ်ပျက်တွေသိ အောင်လုပ်ခိုင်းခြင်းဖြင့်လည်း ဉာတတ္ထစရိယကို ကျင့်သုံးပါတယ်။

ဓမ္မိက ဥပါသကာကြီးက ဒီလောက် ကျေးဇူးများတဲ့ သာသနာတော်ကို တစ်လောကလုံး ကျေးဇူးရှိစေရမယ်ဆိုပြီး ဓမ္မိက ဥပါသကာ အဖွဲ့ ဖွဲ့လိုက်တာ အဖွဲ့ဝင် ငါးရာတောင်မှ ရှိသတဲ့။ အဲဒီအဖွဲ့က ရပ်ကျိုးရွာကျိုး တိုင်းပြည်အကျိုးတွေ ဆောင်ရွက်၊ ရပ်ထဲရွာထဲက နာမကျန်းသူတွေ ဆေးကုစောင့်ရှောက်၊ တံတားတွေဆောက် လမ်းတွေ ခင်းလုပ်ကြတယ်။ စုပေါင်းပြီးတော့ ဘုရားသွား ကျောင်းတက်၊ တရားနာ တရားအားထုတ်လုပ်ကြတယ်။ လောကတ္ထစရိယနဲ့အညီပေါ့။

ဓမ္မိက ဥပါသကာကြီး အသက်အရွယ်ကြီးရင့်လို့ မီးစာကုန်ဆီခန်း အနေမျိုးရောက်ပြီဆိုတော့ သံဃာတော်တွေပင့်ပြီး သတိပဋ္ဌာန်ခန္ဓာဉာဏ်ရောက် တရားများ နာကြားသတဲ့။ နာနာက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်ရင်း ဖြစ်ပျက်ကို သိမြင်နေတဲ့အချိန်မှာ နတ်ပြည်က နတ်ရထားခြောက်စင်း ရောက်လာပြီး ဓမ္မိက ဥပါသကာကြီးကို "သူ့ရထားပေါ် တက်ပါ၊ ငါ့ရထားပေါ် တက်ပါ"နဲ့ အလုအယက်ခေါ်ကြပါရောတဲ့။ နတ်ပြည်ခြောက်ထပ်ကလာတဲ့ ရထားတွေကို "ငါ တရားနာနေတုန်းမို့လို့ ခဏနေပါဦး"ဆိုတဲ့ သဘောနဲ့ လက်ကာပြလိုက်တော့ သံဃာတော်တွေက သူတို့ သတိပဋ္ဌာန်တရားဟောတာ အရပ်ခိုင်းတယ်မှတ်ပြီး ပြန်ကြွသွားရောတဲ့။

သံဃာတော်တွေ့ရဲ့ တရားသံမကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တယ်။ သံဃာတော်တွေ မမြင်တာနဲ့ သားသမီးတွေ မေးကြည့်တဲ့အခါ "အဖေက လက်ကာပြတော့ ကြွသွားကြတာပေါ့"လို့ ဖြေကြသတဲ့။ "နတ်ပြည်ကရထားတွေနဲ့ လာခေါ်နေလို့ ခဏနေပါဦးလို့ လက်ကာပြတာပါကွာ"ဆိုတော့ သားသမီးတွေက မယုံကြဘူး။ သူတို့အဖေ ကယောင်ကတန်းပြောတာလို့ ထင်ကြတယ်။ ရထားတွေကို သူတို့က မမြင်ရဘူးလေ။

ဒါနဲ့ သားသမီးတွေကို ပန်းကုံးတစ်ခု လုပ်ခိုင်းပြီး ရထား ခြောက်စင်းထဲက တုသိတာနတ်ပြည်က ရထားဆီကို လှမ်းပစ်လိုက်တော့ အဲဒီရထားရဲ့ဦးစွန်းမှာ ပန်းကုံးကြီး သွားချိတ်ပါရောဗျ။ သားသမီးတွေ အမြင်မှာတော့ ပန်းကုံးကြီး ကောင်းကင်မှာ တန်းလန်းကြီးပေါ့။ ဓမ္မိက ဥပါသကာကြီး တုသိတာနတ်ပြည်ကို ရွေးရတာက အဲဒီနတ်ပြည်မှာ အနာဂါမ် ဗြဟ္မာကြီးတွေ စုပြီး တရားဆွေးနွေးတဲ့ သာလာယံဇရပ်ကြီး ရှိလို့တဲ့။ သူတို့ တရားဆွေးနွေးတာကို နာရအောင်လို့ တုသိတာနတ်ပြည်ကို ရွေးလိုက်တာပဲပေါ့။

## စားလှေးအတွက် ကောင်းတဲ့အကျင့်

ဓမ္မိက ဥပါသကာကြီးဟာ သူ အသက်ရှင်သန်နေတဲ့ အချိန်မှာလည်း သူ့အကျိုး ဆွေမျိုးသားချင်း မိသားစုအကျိုး လောကကောင်းကျိုးတွေကို ထက်ထက်သန်သန် စေတနာအပြည့်ထားပြီး ဆောင်ရွက်ခဲ့ပါတယ်။ လူဆိုတာ ဒီလိုနေထိုင်ကျင့်သုံးမှ လူ ပီသတယ်ကွလို့ စံနမူနာပြခဲ့တယ်။ သေခါနီးမှာလည်း သားသမီးတွေကို "ဘုရားမြတ်စွာ အဆုံးအမ သာသနာတော်နဲ့အညီ ဆွေမျိုးတွေကို စောင့်ရှောက်ကူညီ၊ လောကကြီးကောင်းစားအောင်လည်း လုပ်ဆောင်ပြီး အပြစ်ကင်းအောင်နေကြပါ။ ကိုယ့်အတွက်လည်း သစ္စာသိအောင် အားထုတ်ကြပါ"လို့ မှာကြားသွားပါတယ်။

ဓမ္မိက ဥပါသကာကြီးဟာ တုသိတာနတ်ပြည်ကို သွားရတာဆိုတော့ ကောင်းသောသေခြင်းနဲ့ သေရတာပေါ့နော်။ မြေအိုးနဲ့တူတဲ့ လူ့ခန္ဓာကို ခွဲခွာပြီးတော့ ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာကို ရသွားခဲ့တယ်။ ဝမ်းမြောက်မှုနဲ့ သေရတာမို့ မဲ့သေမဟုတ်ဘဲ ပြုံးသေဖြစ်ပါတယ်။ ဘဝတစ်ခုမှာ သေရမှာချင်းအတူတူ ပြုံးပြုံးလေး သေရတာက ပိုကောင်းတာပေါ့နော်။

တို့တစ်တွေလည်း ပြုံးပြုံးလေးနဲ့ သေချင်တယ်ဆိုရင် ဓမ္မိက ဥပါသကာကြီး ကျင့်ကြံနေထိုင်ခဲ့သလို အတုယူပြီး နေကြဖို့ပဲ ဖြစ်ပါတယ်။ ကိုယ့်အတွက် သစ္စာသိတာက ဗုဒ္ဓတ္ထစရိယ ဆွေမျိုးတွေ အတွက် သစ္စာသိအောင်လုပ်တာက ဉာတတ္ထစရိယ၊ လောကကြီး ကောင်းစားရေးအတွက် အပြစ်ကင်းအောင် ဆောင်ရွက်တာက လောကတ္ထ စရိယ ဖြစ်ပါတယ်။

အဲဒီ စရိယသုံးထွေကို ကျင့်သုံးလိုက်တာနဲ့ "ဆွေမျိုးတွေကို ပစ်ကာ မထားနဲ့ သင်္ဂဟတရားနဲ့ စောင့်ရှောက်လေ"ဆိုတဲ့ ဉာတကာနဉ္စ သင်္ဂဟော မင်္ဂလာ၊ "သန့်စင်ပြစ်မျိုး လူထုကျိုး သည်ပိုး ရွက်ဆောင်လေ"ဆိုတဲ့ အနဝဇ္ဇာနိ ကမ္မာနိ မင်္ဂလာနှစ်ရပ်လည်း ပြည့်စုံသွားပါပြီ။

အသေလည်းကောင်း၊ အနေလည်းကောင်း၊ မိမိအတွက်လည်း ကောင်း ဆွေမျိုးအတွက်လည်းကောင်း၊ လောကလူသားထု တစ်ရပ်လုံး အတွက်ပါ ကောင်းမွန် ကျေးဇူးကြီးမားလှတဲ့ စရိယသုံးဖြာ မင်္ဂလာ နှစ်ရပ်ကို အစဉ်မပြတ် သတိချပ်လျက် ကျင့်သုံးနေထိုင်ကြပါစို့ရဲ့။

# သမ္မပ္ပဓာန်လေးထွေ ကျင့်တတ်စေ

## မင်္ဂလာ အမှတ် (၁၆)

## ရှောင်စရာရှိတာ ရှောင်ရမှာ

မင်္ဂလသုတ္တန်မှာ ရှင်တော်မြတ်ဘုရားက နံပါတ်ခြောက်ဂါထာအဖြစ် ဆက်လက်ဟောကြားတော်မူပုံက

**အာရတီ ဝိရတီပါပါ၊ မဇ္ဇပါနာစ သံယမော။**
**အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။**

ဘုရားဟော မင်္ဂလသုတ်ဂါထာတော်ကို မြန်မာလို နားလည်ပြီး မှတ်သားရလွယ်ကူအောင် ကဗျာလင်္ကာလေးနဲ့ ကျက်မှတ်ထားရပါမယ်။

မကောင်းမှုတွေ ဟူသမျှကို၊ မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းလေ။
အရက်သေစာ မသောက်စားနဲ့၊ မှောက်မှားတတ်တဲ့အရာပေ။
လုပ်ကိုင်ပြောကြား သတိထား၊ တရားမမေ့စေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဒီမင်္ဂလာတရားတွေကို ကြည့်လိုက်ရင် ဘာမလုပ်နဲ့၊ ဘာမကိုင်နဲ့လို့ တားမြစ်ထားတာတွေက များတယ်နော်။ စာစကားနဲ့ပြောမယ်

ဆိုရင် ရှောင်ကြဉ်ရမည့် အရာတွေပေါ့။ မကောင်းမှုဆိုရင် မတွေ့ခင် ကလည်း ရှောင်၊ ထိပ်တိုက် လက်ငင်းတွေ့လာပြီဆိုရင်လည်း မလွန် ကျူးမိစေဘဲအထူးရှောင်၊ အရက်သေစာ မူးယစ်ဆေးဝါး သုံးစွဲခြင်းကို လည်း ရှောင်ရမယ်ဆိုတော့ ရှောင်ကြဉ်စရာတွေချည်းပဲပေါ့။ လုပ်ကိုင် ပြောကြား သတိထား တရားမမေ့စေနဲ့"ဆိုတာလည်း မေ့လျော့ခြင်းမှ သတိထားပြီးတော့ ရှောင်ရတာပဲ မဟုတ်လား။

အဲဒီလို ရှောင်ကြဉ်တဲ့ နေရာမှာ သတိထား လုံ့လစိုက် အာရုံ စိုက်ပြီးတော့ ခိုင်ခိုင်မြဲမြဲ စိတ်ဓာတ်နဲ့ ရှောင်ရတာပါ။ ပါဠိလိုတော့ သမ္ပပ္ပဓာန်လို့ ခေါ်ပါတယ်။ သမ္မပ္ပဓာန်ဆိုတာက မဂ်ဉာဏ် ဖိုလ်ဉာဏ် ရောက်ကြောင်း ရကြောင်းအကျင့်မှန်တွေဖြစ်တဲ့ ဗောဓိပက္ခိယတရား၊ ၃၇ ပါးထဲမှာ ပါဝင်နေပါတယ်။ မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သာမန်အားဖြင့် ကြည့်လိုက်ရင် လောကီမင်္ဂလာလို့ မြင်နိုင်ပေမဲ့ နိဗ္ဗာန်ချမ်းသာဆိုတဲ့ လောကုတ္တရာ မင်္ဂလာကြီးဆီကို အရောက်လှမ်း နေတဲ့ မင်္ဂလာကြီးလို့လည်း မှတ်ယူနိုင်ပါတယ်။ ဒါကြောင့် နိဗ္ဗာန် လိုလား ယောဂီပုဂ္ဂိုလ်သူတော်စင်များ မဖြစ်မနေ မှတ်သား လိုက်နာ ကျင့်ကြံကြရမည့် မင်္ဂလာများ ဖြစ်ပါတယ်။

"အာရတီ ဝိရတီပါပါ"ဆိုတဲ့ မင်္ဂလသုတ္တန်စကားကို အာရတီ ပါပါ၊ ဝိရတီပါပါလို့ တွဲစပ်ကြည့်ပါ။ အာရတီပါပါက မကောင်းမှု ဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်ရမယ်၊ ခွတ်မတိုးပါနဲ့။ ဝိရတီပါပါ က တွေ့ကြုံလာတဲ့ မကောင်းမှုတွေကိုလည်း မလွန်ကျူးမိအောင် စောင့်ထိန်းပါ။ ကဗျာလင်္ကာနဲ့ပြောရရင် "မကောင်းမှုတွေ ဟူသမျှ ကို မတွေ့ခင်က ရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့၊ အထူးသဖြင့် စောင့်စည်းလေ"တဲ့။ ရှောင်ကြဉ်ထိုက်တာကို ရှောင်ကြဉ် မှသာ ဘုရားစကားလိုက်နာပွားရာ ရောက်တဲ့အတွက် ကောင်းမြတ်တဲ့ မင်္ဂလာကြီး ဆိုက်ရောက်လာပါလိမ့်မယ်။

# သစ္စာမသိဘဲ သောတာပန် မတည်နိုင်ပါ

မင်္ဂလသုတ္တန် တရားတော်ကြီးသည် ဘုရားကိုယ်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်မှာ ပါဝင်ပါတယ်။ ဓမ္မက္ခန္ဓာပေါင်းရှစ်သောင်းလေးထောင်ကို အနှစ်ချုပ်ပြီး ပြောတော့ သုတ္တန်ပိဋကတ်၊ ဝိနည်းပိဋကတ် အဘိဓမ္မာပိဋကတ်ဆိုပြီး ပိဋကသုံးပုံဖြစ်လာပါတယ်။ ပိဋကသုံးပုံကို ထပ်ပြီး အကျဉ်းချုပ်လိုက်တော့ ဗောဓိပက္ခိယတရား ၃၇ ပါး ရပါတယ်။

**ဗောဓိပက္ခိယ**မှာ **ဗောဓိ**နဲ့ **ပက္ခိယ**နှစ်ပုဒ် ရှိတယ်။ **ဗောဓိဗောဓ ဉာဏော**=သစ္စာသိတဲ့ဉာဏ်ရဲ့၊ **ပက္ခိယ**=အထောက်အပံ့ ဖြစ်တဲ့တရား။ မြန်မာလိုပြောရင် သစ္စာသိရန် ထောက်ပံ့တတ်တဲ့ တရားပေါ့။ ဘုရားရှင်ကိုယ်တော်မြတ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ကို အပင်ပန်းခံ ဟောခဲ့တာဟာ သတ္တဝါတွေ သစ္စာသိစေချင်တဲ့ ဆန္ဒနဲ့ ဟောခဲ့တာဖြစ်ပါတယ်။

ဘာကြောင့် သစ္စာသိစေချင်ရတာလဲဆိုတော့ သစ္စာသိမှသာ နိဗ္ဗာန်ကို မြင်နိုင်မှာမို့လို့ပါ။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်မှာမို့လို့ပါ။ နိဗ္ဗာန်မြင်ရတာ မင်္ဂလာရှိပါတယ်။ ဧတံမင်္ဂလမုတ္တမံ။ ဧတံ– ဤသို့ သစ္စာသိသော ပုဂ္ဂိုလ်အတွက်၊ ဥတ္တမံ–မြတ်လှစွာသော၊ မင်္ဂလံ– မင်္ဂလာဆိုတဲ့ နိဗ္ဗာန်ကြီးကို၊ ဟောတု– မုချမသွေ မြင်နိုင်ပါပေ၏ လို့ ဆိုထားတယ် မဟုတ်လား။

သဘာဝအားဖြင့် သစ္စာမသိဘဲနဲ့ သောတာပန်တည်တဲ့ ထုံးစံ မရှိပါဘူး။ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက "ဘယ်သူကဖြင့် သောတာပန်တည်တယ်၊ သကဒါဂါမ်တည်တယ်၊ အနာဂါမ်တည်တယ်၊ ရဟန္တာဖြစ်တယ်၊ အရိယာဖြစ်တယ်လို့ ပြောပါစေ။ လောကကြီးတစ်ခုလုံး အုတ်အော်သောင်းနင်းဖြစ်ပြီး ကောလာ

ဟလနဲ့ ကျော်ကြားနေပါစေ၊ သစ္စာသိရဲ့လားလို့ အကဲခတ်ပါဦး”လို့ မိန့်တော်မူခဲ့ဖူးပါတယ်။

သောတာပန်တည်တာမှန်ရင် သစ္စာကို သစ္စဉာဏ် ကိစ္စဉာဏ်၊ ကတဉာဏ်ဆိုတဲ့ ဉာဏ်သုံးပါးနဲ့ သိရှိနားလည်ပြီးသား ဖြစ်ရပါမယ်။ သစ္စာသိတဲ့နေရာမှာ အပေါင်းအပေါင်းကို သိတဲ့ သစ္စဉာဏ်၊ အစိတ် အစိတ်ကိုသိတဲ့ ကိစ္စဉာဏ်၊ ဖြစ်ပျက်မြင်ပြီး လမ်းဆုံးတိုင်ရောက် ကိုယ်တိုင်သိမြင်လို့ ဝမ်းမြောက်ဝမ်းသာဖြစ်တဲ့ ကတဉာဏ်။ ဒီဉာဏ် သုံးပါးနဲ့ သိရပါမယ်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက “ဒကာကြွယ် ဒကာလှဘူးတို့ရေ၊ သောတာပန်တည်တယ်ပြောပြီး ဉာဏ်သုံးပါးနဲ့ သစ္စာကို ပိုင်ပိုင်နိုင်နိုင် မသိဘူးဆိုရင် တိုင်မပါဘဲနဲ့ ဒိုင်းတင်တာနဲ့ အတူတူပါပဲ။”လို့ မိန့်တော်မူခဲ့ပါတယ်။ အိမ်တစ်လုံးဆောက်တဲ့အခါ တိုင်စိုက်ပြီးမှ ဒိုင်းတင်ရတာနော်။ တိုင်မပါဘဲနဲ့တော့ ဒိုင်းတင်လို့ ရပါ့မလား။ အရိယာစခန်းကို တက်လှမ်းဟဲ့အခါမှာလည်း သစ္စာ အသိဉာဏ်ပါမှ သောတာပန်တည်နိုင်ပါတယ်။ သစ္စာအသိဉာဏ်မပါ ရင် သောတာပန်တည်တဲ့ ထုံးစံ မရှိပါဘူး။

နောက်ထပ် ဥပမာတစ်ခုနဲ့ပြောရရင် လူနှစ်ယောက် တောလမ်း ခရီးကြမ်းကို သွားကြတော့ တစ်ယောက်က မောလိုက်တာပြောတယ်။ ကျန်တဲ့လူက “သူငယ်ချင်းရေ မင်း မောနေတာ အမောပြေ ရေလေး သောက်ရအောင် ငါ ဓားရှက်နဲ့ ရေထုပ်ခဲ့တယ်”လို့ ပြောသတဲ့။ ဓားရှက်နဲ့ ရေထုပ်လို့ မရနိုင်တဲ့အတွက် မောနေတဲ့လူ စိတ်ချမ်းသာ အောင် ယုံတမ်းစကားပြောလိုက်တာပါပဲ။ အဲဒီလိုပဲ ဉာဏ်သုံးပါးနဲ့ သစ္စာ မသိဘဲ သောတာပန်တည်တယ်လို့ ပြောလာရင် ယုံတမ်းစကား လို့သာ မှတ်လိုက်ပါ။

# သစ္စာသိမြင်မှ နိဗ္ဗာန်ဝင်စံနိုင်မယ်

လူတစ်ယောက်ဟာ သောတာပန်တည်ချင်တယ်၊ မင်္ဂလာအစစ် ဖြစ်ချင်တယ်ဆိုရင် သစ္စာသိအောင် လုပ်ဖို့လိုပါတယ်။ သစ္စာသိရန် ထောက်ပံ့တတ်တဲ့ တရားကို ရှာလိုက်တော့ ဗောဓိပက္ခိယတရား ၃၇ ပါးကို တွေ့ရပါမယ်။ ဗောဓိပက္ခိယတရား ၃၇ ပါးကို အနှစ်ချုပ်လိုက်တော့ မဂ္ဂင်ရှစ်ပါး ဖြစ်ပါတယ်။ မဂ္ဂင်ရှစ်ပါးမှာလည်း သီလမဂ္ဂင်က သုံးပါး၊ သမာဓိမဂ္ဂင်က သုံးပါး၊ ပညာမဂ္ဂင်က နှစ်ပါး အတိုချုပ်အားဖြင့် သီလ သမာဓိ ပညာ ဖြစ်လာပါတယ်။

သီလ သမာဓိ ပညာဟာ သာသနာတော်ရဲ့ အနှစ်သာရပါပဲ။ ပိဋကတ်သုံးပုံ ဟောတော်မူရာမှာ သီလအတွက် ဝိနည်းပိဋကတ်၊ သမာဓိအတွက် သုတ္တန်ပိဋကတ်၊ ပညာအတွက် အဘိဓမ္မာပိဋကတ် ကို ဟောတော်မူပါတယ်။ ပိဋကတ်သုံးပုံရဲ့ အနှစ်ချုပ်က သီလ သမာဓိ ပညာပါပဲ။ သိက္ခာအနေနဲ့ ပြောရင်လည်း သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာလို့ သိက္ခာသုံးရပ် သာသနာမြတ်လို့ ဆိုထားပြန်ပါတယ်။

သောတာပန်တည်အောင် ခန္ဓာမှာပေါ်နေတဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဆိုတဲ့ လက္ခဏာယာဉ်သုံးပါးကို မဂ္ဂင်ရှစ်ပါးနဲ့မြင်အောင် ကြည့်ရပါတယ်။ မဂ္ဂင်ရှစ်ပါးမှာလည်း ပွားမင်္ဂဆိုက်မင်္ဂခွဲလိုက်တော့ ပွားမင်္ဂက ငါးပါး၊ ဆိုက်မင်္ဂက ရှစ်ပါးဖြစ်ပါ တယ်။

ဖြစ်ပျက်မြင်နေဆဲမှာ မဂ္ဂင်ငါးပါးပဲရပါတယ်။ ပုထုဇဉ်သီလ ဖြစ်တဲ့အတွက် မခိုင်မြဲတဲ့ ဝီရတီသီလမို့လို့ သီလမဂ္ဂင်ငါးပါး မရပါ ဘူး။ သူက ဖြစ်ပျက်မြင်နေဆဲမှာ သီလလုံခြုံနေပေမဲ့ တရားထိုင်ရာ ကနေ ထသွားတဲ့အခါ သီလမလုံခြုံနိုင်ဘူး။ ဒါကြောင့် ပွားမင်္ဂငါးပါး

လို့ ပြောတာပါ။ တကယ်သောတာပန်တည်သွားတဲ့အခါ သီလကို အသက်နဲ့လဲပြီး တည်သွားတဲ့အတွက် ဆိုက်မင်္ဂရှစ်ပါး ဖြစ်သွားပါပြီ။

ပုထုဇဉ်ကတော့ တရားထိုင်ရာကနေ ထလိုက်တာနဲ့ မုသား စကားပြောတာ၊ ကုန်းချောတာ၊ ကြမ်းကြမ်းတမ်းတမ်း ပြောတာတွေ ပေါ်လာမှာပဲ။ ဣဿာမစ္ဆရိယ ဗျာပါဒတွေ ပေါ်လာမှာပဲ။ ဓမ္မာရုံကနေ ဆင်းလိုက်တာနဲ့ "ငါ့ဖိနပ် ဘယ်သူ လျှိုသွားတာတုန်း၊ ဒါလောက် လေးမှ မျက်စိက မမြင်ကြဘူးလား"နဲ့ မိစ္ဆာဒိဋ္ဌိက ကပ်ပါလာတာနော်။

လက္ခဏာယာဉ် သုံးပါးဖြစ်တဲ့ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဆိုတာ အနှစ်ချုပ်လိုက်တော့ ဖြစ်ပျက်ပါပဲ။ ဖြစ် ပျက်က ဘယ်မှာရှိတာလဲဆိုရင် ခန္ဓာမှာ ရှိပါတယ်။ ခန္ဓာမှာ ရှိတဲ့ ဖြစ်ပျက်ကို မြင်ချင်ရင် မဂ္ဂင်နဲ့ ကြည့်ရပါတယ်။ အဲဒီလို ကြည့်လိုက် တဲ့အခါ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွား တဲ့ ကိလေသာက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာပါ။ သစ္စာလေးချက်ဆိုက်ရင် ဒီဘဝ သောတာပန်တည်ပါတယ်။ သောတာပန်ဖြစ်ပြီဆိုတာနဲ့ ပထမနိဗ္ဗာန် တော်မင်္ဂလမုတ္တမံ သေချာပါပြီ။

ရှင်တော်မြတ်ဘုရား ၄၅ ဝါကာလပတ်လုံး ဟောကြားခဲ့တဲ့ ဓမ္မက္ခန္ဓာတွေ အကုန်လုံးဟာ နောက်ဆုံးတော့ ဖြစ်ပျက်မြင်ဖို့ သစ္စာ သိဖို့အတွက် ဟောကြားတော်မူခဲ့ခြင်းပါ။ သစ္စာသိမှ နိဗ္ဗာန်ဝင်မယ်၊ နိဗ္ဗာန်ဝင်စံနိုင်မှသာ တော်မင်္ဂလမုတ္တမံနဲ့ ညီမှာဖြစ်ပါတယ်။

## သမ္မပ္ပဓာန်လေးဖြာ မှတ်ဖွယ်ရာ

သစ္စာသိအောင် ဆောင်ကြဉ်းပေးနိုင်တဲ့ ထောက်ပံ့ကူညီနိုင်တဲ့ တရားက ဗောဓိပက္ခိယတရားတွေပဲပေါ့။ အဲဒီ ဗောဓိပက္ခိယတရားတွေ

ထဲမှာ သမ္မပ္ပဓာန်တရား လေးပါးဆိုတာ ပါပါတယ်။ သမ္မပ္ပဓာန် ပါဠိတော်က

**ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော။**

**အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော။**

**အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော။**

**ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။**

မြန်မာလိုပြန်လိုက်တော့

၁။ ဖြစ်ပြီးသော အကုသိုလ်ကို ပယ်နိုင်အောင် ကြိုးစားပါ။

၂။ မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်ပေါ်အောင် ကြိုးစားပါ။

၃။ မဖြစ်သေးတဲ့ ကုသိုလ်ကို ဖြစ်အောင် ကြိုးစားပါ။

၄။ ဖြစ်ပြီးသား ကုသိုလ်ကို ပွားများအောင် ကြိုးစားပါ။

သမ္မပ္ပဓာန်လေးပါးကို တရားကိုယ်ကောက်တော့ ဝါယာမ၊ ဝါယာမကို မြန်မာလိုပြောရင် ကြိုးစားပါတဲ့။ ဘာတွေ ကြိုးစားရမှာလဲ ဆိုတော့ ဖြစ်ပြီးသား အကုသိုလ်ကို ပယ်ဖို့၊ မဖြစ်သေးတဲ့ အကုသိုလ် မဖြစ်ဖို့၊ မဖြစ်သေးတဲ့ ကုသိုလ်ဖြစ်ဖို့၊ ဖြစ်ပြီးသား ကုသိုလ်တိုးပွား များပြားဖို့ ကြိုးစားရမှာပါတဲ့။

လိုရင်းအားဖြင့် အကုသိုလ် မဖြစ်အောင် ကြိုးစား၊ ကုသိုလ် ဖြစ်အောင် ကြိုးစားဆိုတာက ပွင့်တော်မူကြတဲ့ ဘုရားအဆူဆူ ဟောကြားဆုံးမသွားတဲ့ စကားတော်တွေပါပဲ။ ဒီလို တရားတွေကို တချို့ နာရကောင်းမှန်း မသိခဲ့ကြဘူး။ ယခုမှ နာဖူးကြလို့ အခုမှသိကြ ရင်လည်း သိတဲ့အချိန်ဟာ ကိုယ့်အတွက် အချိန်ကောင်းလို့ မှတ်ရမယ်။ သူတော်ကောင်းတရား နာကြားတယ်ဆိုတာ ရက်စရာ ကြောက်စရာ မဟုတ်ပါဘူး။ "ပညာလို အိုသည်မရှိ"ဆိုတဲ့အတိုင်း တရားနဲ့တွေ့တဲ့ အချိန်ဟာ ကိုယ့်အတွက် အမြတ်ဆုံးလို့ပဲ မှတ်ရမယ်။

ပွင့်တော်မူပြီး ဘုရားအဆူဆူ ဟောတော်မူနေကျ လက်သုံးတရားတော်ကြီးက-

**သဗ္ဗပါပဿ အကရဏံ၊ ကုသလဿူပ သမ္ပဒါ။**
**သစိတ္တ ပရိယောဒါပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။**

အလုံးစုံသော အကုသိုလ်ကို မပြုမိအောင် ရှောင်ကြဉ်ပါ။ ကုသိုလ်ကောင်းမှုကို တိုးပွားအောင် ကြိုးစားပါ။ မိမိရဲ့စိတ်ကလေးကို ဖြူစင်အောင်ထားပါတဲ့။ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား"လို့ လင်္ကာကလေးနဲ့ မှတ်သားခဲ့ကြပါ၊

သမ္မပ္ပဓာန်တရားလေးပါးနဲ့အညီ မကောင်းမှုရှောင် ကောင်းမှုဆောင်ဖို့ ကြိုးစားကျင့်သုံးခြင်းဟာ "အာရတီဝိရတီပါပ မင်္ဂလာ" မကောင်းမှုတွေဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့ အထူးသဖြင့် စောင့်စည်းလေ"ဆိုတဲ့ မင်္ဂလာတရားတော်ကြီး ပြည့်စုံညီညွတ်ခြင်းပါပဲ။

## မကောင်းမှုမဖြစ်ချင် ဖြစ်ပျက်မြင်ပါစေ

မကောင်းမှုရဲ့ ပေါက်ဖွားရာကို လိုက်ရှာကြည့်လိုက်တော့ အပြင်အာယတန ခြောက်ပါးကို တွေ့ရပါတယ်။ မြတ်စွာဘုရားကိုယ်တော်မြတ်က သဠာယတနဝဂ္ဂသံယုတ်၊ အာသီဝိသောပမ သုတ်တော်မှာ အပြင်အာယတနခြောက်ပါးကို အဆိပ်ရောထားတဲ့ ရေနဲ့ ဥပမာပေးထားပါတယ်။

အပြင်အာယတနခြောက်ပါးက အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာဆိုတဲ့ အာရုံခြောက်ပါးကို ဆိုလိုပါတယ်။ အဲဒီအာရုံခြောက်ပါးရဲ့ဆွဲဆောင်ရာကို လိုက်ပါနေမယ်ဆိုရင် မကောင်း

မှုတွေဖြစ်ပွားလာနိုင်တယ်။ အာရုံတွေနောက်လိုက်ပြီး အပျော်အပါး အမော်အကြွား အကာအရုန် အတီးအမှုတ် ပွဲလမ်းသဘင်တွေနဲ့ အချိန်ကုန်နေမယ်။ အဲဒီအာရုံတွေမှာ တပ်မက်တွယ်တာပြီး ရှာဖွေရုန်းကန်လှုပ်ရှားရင်းနဲ့ နေနေကြရင် ဘယ်လိုမှ အခြေအနေ တိုးတက်စရာအကြောင်း မရှိပါဘူး။

ဥစ္စာရွှေငွေ အာရုံတွေကို မြဲတယ်လို့ ယူမှတ်တဲ့ဒိဋ္ဌိ၊ ခင်မင်စွဲလမ်းတဲ့တဏှာ၊ ငါ့မှာ ဥစ္စာနေတွေရှိတယ်လို့ ထောင်လွှားတဲ့မာနစတဲ့ မကောင်းမှုတွေ တစ်ခုပြီးတစ်ခု ပေါ်လာတော့တာပေါ့။ အဲဒီလို မကောင်းမှုတွေ မဖြစ်ရအောင် ဘယ်လိုလုပ်ရမှာလဲဆိုတော့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေရဲ့ အဖြစ်အပျက် ဒီနှစ်ချက်ကို သိမြင်အောင် အားထုတ်ထားရပါမယ်။

ခန္ဓာငါးပါးရှိတဲ့အထဲက ရူပက္ခန္ဓာဆိုတာ ဖောက်ပြန်တတ်တဲ့ သဘောအစု ဖြစ်ပျက်မှု၊ ဝေဒနာက္ခန္ဓာဆိုတာ ခံစားတတ်သော သဘောအစု ဖြစ်ပျက်မှု၊ သညာက္ခန္ဓာဆိုတာ မှတ်သားတတ်သော သဘောအစု ဖြစ်ပျက်မှု၊ သင်္ခါရက္ခန္ဓာဆိုတာ ပြုပြင်စေ့ဆော်တတ်သော သဘောအစု ဖြစ်ပျက်မှု၊ ဝိညာဏက္ခန္ဓာဆိုတာ သိတတ်သမှုဖြစ်ပျက်မှု။ အဲဒီလို ခန္ဓာငါးပါးရဲ့သဘောကို ဖြစ်ပျက်မြင်အောင် သိပါစေ။

ခန္ဓာငါးပါးကို တိုတိုကျဉ်းကျဉ်း မှတ်ရင်–

- **ဖောက်ပြန်ခံစား၊ မှတ်သားပြုပြင်၊ သိဝိညာဉ်၊ ငါးအင် ခန္ဓာမှတ်။**

ခန္ဓာငါးပါးကို အတိုချုပ်တော့ ရုပ်နဲ့နာမ်နှစ်ပါးပဲ ရတယ်။ ရူပက္ခန္ဓာက ရုပ်၊ ကျန်တဲ့ ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ လေးပါးက နာမ်။ ရုပ်က ဖောက်ပြန်တာ၊ နာမ်က သိတာလို့ အတိုချုပ် မှတ်သားခဲ့ရပါမယ်။

# တဏှာမာန ဒိဋ္ဌိသည် မကောင်းမှု

ရုပ်ဆိုတာ ဖောက်ပြန်တာပဲ။ အခုတရားနာနေတဲ့ အခိုက်အတံ့လေးမှာတောင်မှ ခန္ဓာကိုယ်ထဲက ပူခန့် အေးခန့် လှုပ်ခန့် ဖြစ်နေတာ ဖောက်ပြန်နေတာပဲပေါ့။ အဲဒီဖောက်ပြန်မှုကို အသာလေး စောင့်ကြည့်ရင် ဖောက်ပြန်မှုဟာ တည်တံ့မနေဘဲနဲ့ ပျက်သွားတာတွေ့ရလိမ့်မယ်။

တရားနာနေရင်းနဲ့ ခန္ဓာကိုယ်မှာ ထစ်ခနဲပေါ်လာတာက ဖောက်ပြန်တာ၊ နောက် အဲဒီသဘောလေး မရှိတော့တာက ပျက်သွားတာ။ အဲဒီတော့ ဖောက်ပြန်တာကဖြစ်တာ။ ဖောက်ပြန်တဲ့သဘော မရှိတာက ပျက်တာလို့ မှတ်ပါ။ ဖောက်ပြန်တာနဲ့ ဖြစ်တာနဲ့အတူတူပဲ။

တချို့က ဖောက်ပြန်တာတော့ လက်ခံတယ်။ ဖြစ်ဆိုတဲ့ စကားလုံးကျတော့ လက်မခံဘူး။ ယောဂီတို့ ခန္ဓာထဲမှာ ဖောက်ပြန်တဲ့ တရားတွေရှိတယ်။ ဖောက်ပြန်တာကို စောင့်ကြည့်တဲ့အခါ တည်မနေဘဲ ပျက်သွားတယ်။ ဖောက်ပြန်လိုက်၊ ပျက်သွားလိုက်။ အဲဒီလို ဖောက်ပြန်ပျက်စီးနေလို့ ဒီခန္ဓာဟာ မမြဲတဲ့တရားလို့ ပြောရတာပေါ့။ ဖြစ်ပြီးပျက်နေတဲ့ ခန္ဓာကြီးဟာ ဒုက္ခသစ္စာ၊ ဖြစ်ပျက် ဒုက္ခသစ္စာလို့ ပြောတာပေါ့။

အဲဒီဖြစ်ပျက်ကြောင်းကျိုး ရုပ်နာမ် နိယာမ ခန္ဓာ သစ္စာတရားကို မသိရင် ကိုယ့်မှာရှိတဲ့ ဥစ္စာ ရွှေငွေတွေကိုလည်း ခိုင်မြဲတယ်လို့ ယူလိုက်တာပဲ။ ငါကိုယ် ငါ့ဟာ ငါ့ဥစ္စာလို့ ခိုင်မြဲတယ် ယူလိုက်တာဟာ အယူမှန်မဟုတ်ဘဲ အယူမှားသက်သက်ပို့ ဒိဋ္ဌိ။ ငါကိုယ် ငါ့ခန္ဓာဖြစ်လို့ ချစ်ရခင်ရမှာပဲ၊ ငါ့ဥစ္စာ ငါ့ပစ္စည်းကို တွယ်တာရမှာပဲဆိုတာက တဏှာ။ ငါတို့က ချမ်းသာတယ် ပစ္စည်းရှိတယ်၊ ဂုဏ်ကြီးရှင်နေရှင်ဟေ့ဆိုပြီး မမြဲတဲ့ဥစ္စာရတနာ ရွှေငွေကို မြဲတယ်ထင်ပြီး မာန်မာနတက်တာက မာန။ အဲဒီ တဏှာ မာန ဒိဋ္ဌိဆိုတာတွေက အကုသိုလ်တွေပါပဲ။

အကုသိုလ်ဖြစ်တဲ့ တဏှာ မာန ဒိဋ္ဌိတွေကို မဖြစ်အောင် ရှောင်ကျဉ်ရတယ်၊ ရှောင်ကြဉ်မှုလည်း အာရတိ ဝိရတီပါပါ မင်္ဂလာ ဖြစ်ပါတယ်။ တဏှာ မာန ဒိဋ္ဌိ အဝင်ခံတဲ့နေ့ဟာ အကုသိုလ်များတဲ့ နေ့လို့ မှတ်ရမယ်။

## ငါ့ဥစ္စာ ငါပိုင်ပါရဲ့လား

ဥစ္စာပစ္စည်းဆိုတာ မမြဲတဲ့သဘောမို့လို့ ကိုယ်က ဘယ်လောက်ပဲ တွယ်တာမက်မောနေပါစေ၊ အချိန်တန်ရင် အကြောင်းတစ်ခုခုနဲ့ ပျက်စီးရတာ သဘာဝနိယာမဖြစ်ပါတယ်။ စားလို့ကုန်၊ လှူလို့ကုန်၊ ပျက်စီးပျောက်ပျက်လို့ကုန်ဆိုတာလို တစ်နည်းနည်းနဲ့ ကုန်သွားတာပဲ။ ဒီသဘောတရားတွေကို နားလည်ရပါတယ်။ သိအောင် နာကြား မှတ်သားထားရပါမယ်။

မြတ်စွာဘုရား လက်ထက်တော်တုန်းက သာဝတ္ထိမြို့တော်ထဲမှာ အာနန္ဒသေဋ္ဌိဆိုတဲ့ သူဌေးကြီးရှိတယ်။ သူက ကုဋေလေးဆယ် ကြွယ်ဝ ချမ်းသာတယ်။ အဲဒီပစ္စည်းတွေကို သူကိုယ်တိုင် မက်မော တွယ် တာသလို သူ့ရဲ့သား မူလသေဋ္ဌိနဲ့ ဆွေမျိုးသားချင်းတွေကိုလည်း တွယ်တာစေချင်တော့ တစ်နေ့မှာ သူ့အနားခေါ်ပြီးပြောတာပေါ့။ "ပစ္စည်းဥစ္စာဆိုတာ အများကြီးရှိသားပဲဆိုပြီး လှူမပစ်ရဘူးကွ။ နောက် ထပ်နောက်ထပ် တိုးပွားလာအောင်သာ ရှာရမယ်။ ခြကို ပုံတု ပျားလို စုရမယ်။ ဟောဒီ ကုဋေလေးဆယ် ဥစ္စာပစ္စည်းတွေဟာ ငါ့သား အတွက် အဖေရှာထားတာမို့ လှူဒါန်းပေးကမ်းပြီး ဖြုန်းမပစ်လိုက်ပါနဲ့။ ပိုတိုးလာအောင်ပဲ ရှာရမယ်"လို့ ဆုံးမတာတဲ့။

အဲဒီ အာနန္ဒသေဋ္ဌိ သူဌေးကြီးသေတော့ သာဝတ္ထိမြို့ထဲမှာပဲ သူတောင်းစားမျိုးမှာ သွားဖြစ်သတဲ့။ မိဘမျိုးရိုးက ရုပ်ဆိုးကြတဲ့အထဲ

မလျှုရက်မတန်းရက် နှမြောစေးနှဲခဲ့တဲ့ အကုသိုလ်ကံကြောင့် အဲဒီဘဝမှာ တစ္ဆေသူရဲတစ်ကောင်လို သိပ်အရုပ်ဆိုးတဲ့ကလေးဖြစ်ရတယ်။ ကြီးလာတော့ မိဘတွေက ခွက်တစ်လုံးပေးပြီး တောင်းစားခိုင်းတယ်။ ရွာထဲရပ်ထဲ လှည့်တောင်းရင်းနဲ့ အရင်ဘဝက သူ့အိမ်ရောက်သွားတော့ သူ့သား မူလသေဋ္ဌိရဲ့ အိမ်ဖော်တွေက ဒီဇလာကာက်ရုပ်ဆိုးတဲ့ကောင်ကျက်သရေမရှိဘူးဆိုပြီး ရိုက်လွှတ်ကြသတဲ့။

တကယ်ဆိုတော့ အဲဒီအိမ်က ဥစ္စာပစ္စည်းတွေဟာ သူရှာဖွေစုဆောင်းခဲ့တာတွေပဲ မဟုတ်လား။ အခု သူ့ပစ္စည်းတွေ သူမပိုင်တဲ့အပြင် ထမင်းကျန် ဟင်းကျန်လေးသွားတောင်းတာကောင်မှ ကြည်ဖြူကြသေးရဲ့လား။ ငါ့ဥစ္စာ ငါမပိုင်ဘူးဆိုတာ အာနန္ဒသေဋ္ဌိ သူဌေးက သက်သေပြနေပါတယ်။

## မလွှမ်းကျူးစေရန် ဉာဏ်နဲ့ထိန်းပါ

အာနန္ဒသေဋ္ဌိသူဌေးဟာ ဘုရားပွင့်တော်မူတဲ့အချိန်ကောင်း အခါကောင်းနဲ့ ကြုံကြိုက်ခွင့်ရပေမဲ့ ဘုရားတရားကို နာရကောင်းမှန်းမသိခဲ့ဘူး။ မသိတော့ ငါ ငါ့ဥစ္စာ ငါမှ ငါဆိုတဲ့ တဏှာမာနဒိဋ္ဌိတွေ ဖုံးလွှမ်းနေခဲ့တယ်။ တဏှာမာန ဒိဋ္ဌိဆိုတာ မကောင်းမှုလို့လက်မခံဘူး။ မကောင်းမှုတွေကို မရှောင်ကြဉ်ခဲ့ဘူးပေါ့။

သူ့ရဲ့ သန္တာန်မှာ တဏှာမာနဒိဋ္ဌိဆိုတဲ့ မကောင်းမှုတွေ ပေါ်လာတာဟာ ခန္ဓာပေါ်မှာ နှလုံးသွင်းမှားလို့ ခန္ဓာပေါ်ဉာဏ်မရောက်ခဲ့လို့ပါပဲ။ ယောနိသော မနသိကာရ မရှိဘဲ အယောနိသော မနသိကာရနဲ့နှလုံးသွင်းခဲ့တာ။ အဲဒီလို ခန္ဓာနဲ့ ပတ်ဝန်းကျင်အပေါ်မှာ နှလုံးသွင်းမှားပြီးတော့ တဏှာ မာန ဒိဋ္ဌိ အကုသိုလ်တွေ ဝင်လာတာ ဖြစ်ပါတယ်။ နေ့စဉ်နဲ့အမျှ ဆင်းရဲကြောင်း၊ သမုဒယသစ္စာပွားပြီးတော့ဒုက္ခသစ္စာဝန်ကြီး ထမ်းနေခဲ့တာ ဖြစ်ပါတယ်။

တဏှာ မာန ဒိဋ္ဌိ စတဲ့ မကောင်းမှုတွေကို မတွေ့ခင်က ရှောင်ကြဉ်ရမယ်၊ လွန်ကျူးချင်တဲ့ စိတ်ကလေးကို ဉာဏ်နဲ့ထိန်းရပါမယ်။ ဉာဏ်နဲ့ထိန်းလိုက်တော့ လွန်ကျူးချင်တဲ့ စိတ်ကလေးက ဖြစ်ပျက် ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ မသွားရ မနေနိုင် မစားရ မနေနိုင်ဆိုတဲ့ ဥပါဒါန်ကံတွေ ချုပ်တာက သမုဒယသစ္စာ သေရာဖြစ်ပါတယ်။ သမုဒယသစ္စာသေရင် ဒုက္ခသောက ပရိဒေဝတွေ မလာတော့ဘူး။ အဲဒီဒုက္ခသောက ပရိဒေဝတွေ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာပါ။

သစ္စာလေးပါး ပြည့်စုံသွားတော့ သားအတွက်လည်း စိတ်ချမ်းသာ၊ သမီးအတွက်လည်း စိတ်ချမ်းသာ၊ အိမ်ထောင်မှု ဥစ္စာ၊ ရွှေငွေ ရတနာတွေလည်း တိုးတက်ပြီး လောကီမင်္ဂလာလည်း ပြည့်စုံသွားပါပြီ။ ကိလေသာတွေ ပါးရှားလို့ လောကုတ္တရာနယ်ပယ်ထဲကို ရောက်သွားတဲ့အတွက် တော်မင်္ဂလမုတ္တမံဆိုတဲ့ နိဗ္ဗာန်မင်္ဂလာမြတ်ကြီးနဲ့လည်း ပြည့်စုံနိုင်ကြပါတော့တယ်။

# သမ္မပ္ပဓာန်လေးထွေ ကြိုးစားလေ

## မင်္ဂလာအမှတ် (၁၇)

## ကြီးစားလိုက်နှာ တရားလေးဖြာ

အာရဂျတိဝိရတိပါပါ မင်္ဂလာ"မကောင်းမှုတွေ ဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ၊ တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့ အထူးသဖြင့်စောင့်စည်းလေ" မကောင်းမှုဆိုတာ မတွေ့ခင်ကလည်း ဝေးဝေးကရှောင်ပါ၊ တွေ့ကြုံလာပြီဆိုရင်လည်း ဉာဏ်လေးနဲ့ မြော်မြင်ပြီးတော့ရှောင်ပါ။

မကောင်းမှုတွေက ဘာဖြစ်လို့ ရှောင်ရတာလဲဆိုတော့ ဒီဘဝဒီခန္ဓာနဲ့ ဇော်မင်္ဂလမုတ္တမံဆိုတဲ့ လောကုတ္တရာမင်္ဂလာကြီး နိဗ္ဗာန်မင်္ဂလာမြတ်ကြီးကို ကိုယ်တိုင်ကိုယ်ကျ ပြက်ပြက်ထင်ထင် မြင်နိုင်အောင်လို့ ဖြစ်ပါတယ်။ မကောင်းမှုဆိုတာက တပ်မက်ဖွယ်ရုပ်ဆင်း၊ နားထောင်ချင်စဖွယ်အသံ၊ ရှူရှိုက်ချင်စဖွယ် အနံ့ အမွှေးအကြိုင်တွေနဲ့ ချိုမြိန်ကောင်းမြတ်တဲ့ အရသာအတွေ့အထိတွေနဲ့ ထုံမွှမ်း ဖုံးလွှမ်းထားတာဆိုတော့ ရှောင်ရတိမ်းရ ခက်ခဲပါတယ်။ ခက်ခဲတဲ့အတွက်လည်း ဘုရားကိုယ်တော်မြတ်ကြီးက "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စိတ်ကိုဖြူအောင်ထား"ဆိုပြီး မကောင်းမှုကနေ ရှောင်ရှားဖို့ထိပ်ဆုံးကထား ဟောကြားတော်မူခဲ့ရတာပါ။

သမ္မပ္ပဓာန်တရားလေးပါးမှာလည်း မကောင်းမှု အကုသိုလ်မှန်ရင် ဖြစ်ပြီးသားလည်း ရှောင်ရမယ်၊ မဖြစ်သေးတာလည်း မဖြစ်အောင်

ရှောင်ရမယ်လို့ ထည့်သွင်း ဟောကြားတော်မူခဲ့ပါတယ်။ စောစောက ပြောခဲ့တဲ့အတိုင်း မကောင်းမှုကို ရှောင်ဖို့ဆိုတာ အာရုံတွေက ဖွဲ့ဆောင်အားပြင်းထန်လှလို့ ရှောင်ရတိမ်းရ မလွယ်ဘူး မလွယ်ပေမဲ့ မရှောင်ရင် အပြစ်ကြီးလှတဲ့အတွက် ကြိုးစားပြီးတော့ ရှောင်ရမှာတဲ့။

ကြိုးစားတာကို ပါဠိလိုကျတော့ ဝါယာမ။ သမ္မပ္ပဓာန်လေးပါးမှာ **"ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပာဒါယ ဝါယာမော"**လို့ ဟောခဲ့တယ်။ ဝါယာမ လုံ့လ ဝီရိယ ထထကြွကြွ ကြိုးကြိုးစားစားနဲ့ ရှောင်ပါ။ ဘယ်လောက်အထိ ကြိုးစားရမှာလဲ မေးတော့ သမ္မပ္ပဓာန ပြင်းပြင်းထန်ထန်ကြီး ယက်ထက်သန်သန်ကြီးကို ကြိုးစားရပါတယ်။ လိုက်နာချင်စိတ်မရှိဦးတော့၊ အတင်းရုန်းထွက်ပြီး မကောင်းမှုက ရှောင်နိုင်အောင် ကြိုးစားလိုက်နာရပါတယ်။

## မဖြစ်သေးတဲ့ အကုသိုလ်ရှိသလား

သမ္မပ္ပဓာန်တရားလေးပါးမှာ မကောင်းမှု အကုသိုလ်နဲ့ ပတ်သက်ပြီးတော့ ဖြစ်ပြီးသား အကုသိုလ်ရယ်၊ မဖြစ်သေးတဲ့ အကုသိုလ်ရယ်လို့ နှစ်မျိုးနှစ်စား ခွဲပြထားတာ တွေ့ရမယ်။ အကုသိုလ်ဆိုတာ ဘာလဲမေးရင် သူ့အသက်သတ်တာ၊ သူ့ဥစ္စာခိုးတာ၊ လိမ်ညာလှည့်ဖြားတာ စတဲ့မကောင်းမှုတွေပေါ့။ ဘဝများစွာ သံသရာမှာ သူဌေးသူကြွယ်လူဆိုး သူခိုးစသည်ဖြင့် ဇာတ်ရုပ်အမျိုးမျိုးနဲ့ ကျင်လည်ခဲ့ရာမှာ မကောင်းမှုတွေကို မလုပ်မိဘဲနေမှာ မဟုတ်ဘူး။ မလုပ်ဖူးတဲ့ အကုသိုလ်ရယ်လို့ ရှိနိုင်ပါ့မလား။

သူ့အသက်သတ်တယ်ဆိုတဲ့ နေရာမှာ လူကို သတ်ချင်လည်း သတ်ခဲ့မယ်။ ခွေး၊ နွား၊ ကျွဲ၊ ဝက်၊ ကြက် ငှက် စတဲ့ သတ္တဝါတစ်မျိုး

မျိုးကို သတ်ခဲ့တာလည်း ရှိနိုင်တယ်။ အသတ်ခံရတဲ့ သတ္တဝါ တူချင်မှ တူမယ်၊ သတ်တာတော့ သတ်ခဲ့ဖူးမှာပဲ။ ခိုးတဲ့နေရာမှာလည်း ရွှေငွေကို ခိုးခဲ့မယ်။ လက်ဝတ်လက်စား အဝတ်အစား အသုံးအဆောင်တွေ ခိုးခဲ့မယ်။ စပါးပြောင်းပဲနှမ်းစတဲ့ အစားအသောက်တွေ ခိုးခဲ့မယ်၊ ခိုးတဲ့ပစ္စည်း မတူပေမဲ့ ဘဝတွေက များလွန်းတော့ တစ်ချိန်ချိန်မှာ ခိုးတာ ဝှက်တာ လွန်ကျူးခဲ့ဖူးမှာပဲ။

သတ်တဲ့နေရာမှာ တုတ်နဲ့ရိုက်မယ်၊ ဓားနဲ့ထိုးမယ်၊ လက်နက်ကွဲပြားတာ၊ သတ်ပုံသတ်နည်း မတူတာ ရှိမှာပေါ့။ အလစ်သုတ်တာ။ ခါးပိုက်နှိုက်တာ၊ ဓားပြတိုက်တာ စသဖြင့် ခိုးပုံခိုးနည်း တူချင်မှ တူမယ်။ သတ်တာ ခိုးတာစတဲ့ မကောင်းမှုတွေကိုတော့ လုပ်ခဲ့ကြပါတယ်။

ဒီလိုဆိုရင် မဖြစ်သေးတဲ့ အကုသိုလ်ရယ်လို့ ရှိသေးရဲ့လား။ မဖြစ်သေးတဲ့ အကုသိုလ်ကို မဖြစ်အောင် ကြိုးစားရမယ်လို့ သမ္မပ္ပဓာန်တရားလေးပါးမှာ နံပါတ်နှစ်အနေနဲ့ ဘာကြောင့် ပြောရတာလဲမေးတော့ ဘဝများစွာ ရှိနေတဲ့အတွက် မဖြစ်သေးတဲ့ အကုသိုလ်ရယ်လို့ မရှိနိုင်တာလည်း အမှန်ပါပဲ။ ဒီဘဝမှာလည်း အခြေအနေအရ ခြင်ကလေး၊ ပုရွက်ဆိတ်ကလေးက အစ သတ်ဖြတ်ဖူး၊ ပန်းကလေးတစ်ပွင့် သစ်သီးလေးတစ်လုံး စသည်ဖြင့် ခိုးဖူးဝှက်ဖူးတာလည်း ရှိတာပါပဲ။

မဖြစ်သေးတဲ့ အကုသိုလ်ဆိုတာ ဒီဘဝ ဒီခန္ဓာမှာ မဖြစ်ဖူးတာကိုပြောတာပါ။ အရင်ဘဝတွေတုန်းကတော့ လုပ်ချင်လည်း လုပ်ခဲ့မှာပေါ့။ နောက်တစ်မျိုးကတော့ အာရုံအသစ်အဆန်းကို ကြည့်ပြီးတော့ မဖြစ်သေးတဲ့ အကုသိုလ်လို့လည်း ပြောရတယ်။ ကျွဲနွား သတ်ဖူးပေမဲ့ လူမသတ်ဖူးဘူး။ ဓားနဲ့ ခုတ်ဖူးပေမယ့် တုတ်နဲ့ မရိုက်ဖူးဘူး။ အဲဒီလို အာရုံက အသစ်အဆန်း ဖြစ်နေတဲ့အတွက် မဖြစ်ဖူးသေးတဲ့ အကုသိုလ်

လို့ ပြောနိုင်ပါတယ်။ တစ်ဦးတည်းပိုင်ပစ္စည်းကို ခိုးဖူးပေမယ့် အများပိုင်ပစ္စည်း မခိုးဖူးဘူး။ ဓားပြတိုက်ဖူးပေမယ့် ခါးပိုက်မနှိုက်ဖူးဘူး စသဖြင့်ပေါ့။

အကုသိုလ်မှန်သမျှ လုပ်ခဲ့ဖူးကြတာချည်းပါပဲ။ ဒီဘဝ ဒီခန္ဓာနဲ့ မလုပ်ဖူးတာ၊ လုပ်ပုံကိုင်ပုံ အပြုအမူအာရုံအသစ်အဆန်းဖြစ်ပြီး မတူကွဲပြားတာတွေကြောင့်သာ မဖြစ်ဖူးသေးတဲ့ အကုသိုလ်လို့ ပြောရတာပါတဲ့။

## ဖြစ်ပြီးသား အကုသိုလ်ကို ဘယ်လိုပယ်မလဲ

မကောင်းမှု အကုသိုလ်ဆိုတာက လုပ်ပြီးသွားပြီဆိုတာနဲ့ အဲဒီရဲ့ အကျိုးဆက်ကို ခံရမှာ အသေအချာပဲ။ လုပ်ထားပြီးမှတော့ ရှောင်လွှဲလို့ မရနိုင်ဘူး။ ကိုယ်လုပ်ထားတဲ့ အကုသိုလ်ကို ဘယ်ဗြဟ္မာကြီး ဘယ်ထာဝရကြီးကမှ ပျောက်အောင် လုပ်မပေးနိုင်ပါဘူး။ ဘုရားလည်း ပယ်မပေးနိုင်ပါဘူး။ တန်ခိုးရှင်တွေတောင်မှ မတတ်နိုင်ဘဲနဲ့ ကိုယ်က ဘယ်လိုလုပ် ပယ်နိုင်မှာတဲ့လဲ။

သမ္မပ္ပဓာန်လေးပါးမှာတော့ နံပါတ်တစ်အနေနဲ့ ဖြစ်ပြီးသား အကုသိုလ်ကို ပယ်နိုင်အောင် ကြိုးစားရမယ်လို့ အတိအလင်းဆိုထားပါတယ်။ ဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ရအောင် ပယ်ရမှာပဲ။ သေချာတာကလည်း လုပ်ထားပြီးသား မကောင်းမှုကို ဘယ်လိုမှ ပယ်လို့ မရဘူးနော်။

လုပ်ပြီးသားကို မပယ်နိုင်ပေမဲ့ မလုပ်သေးတာကိုတော့ မလုပ်ဖြစ်အောင်စောင့်စည်းနိုင်တယ် မဟုတ်လား။ အရင်တုန်းက မကောင်းတာကို မကောင်းမှန်းသိလို့ လုပ်ခဲ့ပေမဲ့ အခုတရားနာရ စာပေပရိယတ်တွေ ဖတ်ရှုရတော့ မကောင်းမှန်း သိသွားပြီ။ သိသွားတော့ မကောင်းတာကို မလုပ်ချင်တော့ဘူး။ မလုပ်ဘဲ နေနိုင်သွားပြီ။

အဲဒီလို လုပ်ဖူးပြီးသား မကောင်းမှုကို အခုဆက်ပြီး မလုပ်တော့တာကိုပဲ ဖြစ်ပြီးသား အကုသိုလ်ကို ပယ်တယ်လို့ ပြောတာပါတဲ့။ ဥပမာ လူတစ်ယောက်ဟာ အသက်မွေးဝမ်းကြောင်းတစ်ခု အနေနဲ့ ဘဝတစ်လျှောက်လုံး သူများကို လိမ်ညာလှည့်ဖြားစားသောက်နေခဲ့မယ်။ နောက်တော့ ဆရာသမားက ပြောပြလို့ဖြစ်စေ၊ ကိုယ်တိုင်လေ့လာ ဖတ်ရှုသိရှိရလို့ဖြစ်စေ လိမ်တယ်ညာတယ်ဆိုတဲ့ အလုပ်ဟာ မကောင်းဘူးလို့သိသွားတယ်၊ သိပြီဆိုတာနဲ့ ဆက်မလုပ်ဘဲ ရှောင်ကြဉ်လိုက်တယ်ပေါ့။ အဲဒါ ဖြစ်ပြီးသား အကုသိုလ်ကို ပယ်တာပါပဲ။ လုပ်ခဲ့ဖူးပြီးသား မကောင်းမှုမျိုးကို နောက်ထပ်တစ်ကြိမ်တစ်ခါမျှ မလုပ်တော့ပါဘူးလို့ သန္နိဋ္ဌာန်ချပြီးရှောင်ကြဉ်လိုက်တာဟာ ဖြစ်ပြီးသား အကုသိုလ်ကို ပယ်တာလို့ သဘောပေါက်ရပါမယ်။

## အကုသိုလ်ဇာတ်သိမ်းခန်း

ပုထုဇဉ်ဆိုတာ လောဘ ဒေါသ မောဟစတဲ့ ကိလေသာတွေနဲ့ အမြဲမပြတ် ဆက်စပ်ပတ်သက်နေရတာဆိုတော့ မကောင်းမှု အကုသိုလ်နဲ့ကင်းဖို့ မဖြစ်နိုင်ပါဘူး။ မမှားသောရှေ့နေ မသေသော ဆေးသမားဆိုတဲ့အတိုင်း လူတိုင်းလူတိုင်းဟာ အမှားကို လွန်ကျူးခဲ့ကြဖူးတွေချည်း ဖြစ်ပါတယ်။ အမှားကင်းတဲ့ ပုဂ္ဂိုလ်ရယ်လို့ မရှိနိုင်ပါဘူး။

မြတ်ဗုဒ္ဓသာသနာတော်မှာ နေလိုလလို ထင်ရှားတဲ့ တန်ခိုးတော်အရာမှာ ဧတဒဂ်ရတော်မူသော လက်ဝဲတော်ရံ အဂ္ဂသာဝက ပုဂ္ဂိုလ်မြတ်ကြီးဖြစ်တဲ့ အရှင်မဟာမောဂ္ဂလာန်တောင်မှ နုစဉ်ကာလက မယားဖြစ်သူရဲ့စကားကို မလွန်ဆန်နိုင်ဘဲ မိဘအရင်းကို ခိုးသားဓားပြဟန်ဆောင်ပြီး ရိုက်ခဲ့မိသေးတယ် မဟုတ်လား၊ အပျော်အပါး အမော်အကြွား၊ အမှားအယွင်း ကိလေသာရဲ့ စေ့ဆော်မှုကြောင့် မိုက်မှားခဲ့ကြဖူးတာချည်းပဲပေါ့။

ပုထုဇဉ်သဘာဝ လောဘ ဒေါသ တဏှာ မာန ဒိဋ္ဌိစတဲ့ အကုသိုလ် ကိလေသာတွေ စေ့ဆော်လာပြီဆိုရင် ကာယကံ ဝစီကံ မနောကံ သုံးပါးစလုံးမှာ ပြုမှား၊ ပြောမှား၊ အတွေ့အကြုံမှားတွေ ဖြစ်ခဲ့ကြရတာပါပဲ။ မှားယွင်းတဲ့ အကုသိုလ်ကံတွေဟာ ဒီအတိုင်း လေလိုတိမ်လို လွင့်ပါမသွားဘဲ သူ့အစွမ်း သူ့သတ္တိအလျောက် အကျိုး ပေးတာကို ခံကြရဦးမှာပေါ့။

မကောင်းမှု အကုသိုလ်ကံဆိုတာ ရုပ် နာမ် ခန္ဓာကို အကြောင်း ပြုပြီး ဖြစ်ပေါ်လာရတာပါ။ အဲဒီ ခန္ဓာအပေါ်မှာ ဉာဏ်ရောက်အောင် လုပ်ပြီး ဖြစ်ပျက်ကို မြင်မှန်း ဆုံးပြီဆိုတော့မှ သစ္စာလေးပါးသိမြင်မယ်၊ နိဗ္ဗာန်လောကုတ္တရာ မဂ်လာမြတ်ကြီး ရရှိပြီး ဒုက္ခခပ်သိမ်း အပြီးတိုင် ချုပ်ငြိမ်းကြရပါတယ်။

## တောင်းစားတဲ့ဘဝမှာတောင် နှင်ထုတ်ခံရ

မလှူရက် မတန်းရက် မသုံးရက် မစွဲရက်နဲ့ ရသမျှဥစ္စာ ရွှေငွေ တွေ တိုးသည်ထက်တိုးအောင် စုဆောင်းနေလာခဲ့တဲ့ အာနန္ဒ သေဋ္ဌိ သူဌေးကြီးသေတော့ ဥစ္စာပစ္စည်းအပေါ် စွဲလမ်းတဲ့တဏှာ၊ ငါ သူဌေးကြီးပဲလို့ မောက်မာထောင်လွှားခဲ့တဲ့ မာန၊ နှမြောဝန်တိုခဲ့တဲ့ ဣဿာ မစ္ဆရိယဆိုတဲ့ မကောင်းမှု အကုသိုလ်တွေရဲ့ အကျိုးပေးလိုက်ပုံ က သာဝတ္ထိမြို့တံခါးနားက သူတောင်းစားရွာမှာ သွားပြီး လူဖြစ်ရ တယ်။

သူက ဘယ်လောက်အထိ နှမြောသလဲဆိုရင် တိတ်တိတ် ကလေး မြှုပ်နှံထားခဲ့တဲ့ ရွှေအိုးကြီးငါးလုံး ဘယ်နေရာမှာ ရှိတယ် ဆိုတာ သူ့သား မူလသေဋ္ဌိကိုတောင်မှ မပြောမဆို အသိမပေးဘဲနဲ့ သေသွားခဲ့တယ်။ အာနန္ဒသေဋ္ဌိသူဌေးကြီးက သူတောင်းစားရွာမှာ

သူတောင်းစားလေးဖြစ်တဲ့ အချိန် သူ့သား မူလသေဋ္ဌိကတော့ သူ့နေရာမှာ သူဌေးကြီးဘွဲ့ရပြီးတော့ ကောင်းစားနေရစ်တယ်။

နှမြောတွန့်တိုတဲ့ အကုသိုလ်စိတ်များ ဘယ်လောက်အကျိုးပေးမကောင်းသလဲဆိုရင် ဒီကလေး ပဋိသန္ဓေရှိခဲကတည်းက သူတောင်းစားတွေ စားဖို့သောက်ဖို့ အဆင်မပြေကြတော့ဘူး။ စားစရာသောက်စရာလောက်လောက်ငငမရဘဲ အငတ်ငတ်အပြတ်ပြက် ဖြစ်လာသတဲ့။ အဲဒီမှာ ရွာသူကြီးက "ငါတို့ရွာမှာ အကုသိုလ်ကံကြီးလွန်းတဲ့ သတ္တဝါတစ်ယောက် ရောက်လာတယ်နဲ့ တူတယ်"ဆိုပြီး အကုသိုလ်ကောင်ဘယ်သူလဲ ရွေးမယ်လို့ အိမ်ခြေတစ်ထောင်ကို ငါးရာစီခွဲ၊ ဒီကလေးမိခင်ပါတဲ့ ငါးရာဘက်က တောင်းရမ်းမရတော့ဘူး၊ ငါးရာကို နှစ်ရာ့ငါးဆယ်စီ ခွဲတော့လည်း သူပါတဲ့ဘက်က ငတ်တာပဲ။ အဲဒီလိုခွဲရင်း ခွဲရင်းနဲ့ နောက်ဆုံးတော့ ကလေးအမေ တစ်ယောက်တည်းကျန်တဲ့ဘက်က ငတ်နေတယ်တဲ့။ ဒါနဲ့ "ညည်းတစ်ယောက်တည်းအတွက်နဲ့ တစ်ရွာလုံးတော့ဖြင့် အငတ်မခံနိုင်ဘူး"ဆိုပြီး သူ့ကိုနှင်ထုတ်လိုက်တော့တာပဲ။

လောကမှာ ကုသိုလ်ကံကြီးမားတဲ့ သန္ဓေသား လွယ်ထားရပြီဆိုရင် အဲဒီအိမ်ဟာ စီးပွားရှေ့ဒွေ့ ဒီရေအလား တိုးပွားလာတယ်၊ အကုသိုလ်ကံ ကြီးမားတဲ့ သားသမီးဆိုရင်တော့ သူ့ဒဏ် တစ်အိမ်လုံးခံရပြီး မွဲတော့တာပဲ မဟုတ်လား။ ကလေးအမေကည်း ရွာကထွက်လို့ငတ်တစ်လှည့် ပြတ်တစ်လှည့်နဲ့ ဆင်းဆင်းရဲရဲရှာဖွေ တောင်းရမ်းရင်း ဒီကလေးကို မွေးရရှာတယ်။ မွေးလာတဲ့ကလေးက အသားမည်းမည်းနဖူးမောက်မောက် နှာရောင်ကောက်ကောက်၊ လက်ပြင်ကုန်း ဗိုက်ပူခြေတိုလက်တိုနဲ့ ဂြိုဟ်သားလေးလို ဘီလူးတစ္ဆေလေးလို ရုပ်ဆိုးပန်းဆိုးကြီး ဖြစ်နေသတဲ့။

ဣလ္လသာမစ္ဆရိယ အကုသိုလ်ကံ အကျိုးပေးလိုက်ပုံများ ဒီကလေး ပွေ့ပိုက်ပြီး သွားတောင်းရင် ဘာမှ မရဘူး။ ဇရပ်တစ်ခုမှာ ပစ်ထား ခဲ့ပြီး အမေတစ်ယောက်တည်း သွားတောင်းမှ စားစရာသောက်စရာ လေး ရရှာတယ်။ သားက ဘယ်လောက်အရုပ်ဆိုးလို့ ကံအကျိုးပေး မလှပါစေ၊ အမေဆိုတာ ကိုယ့်သားကိုယ်တော့ ချစ်ကြတာပဲ။ ဒီကလေး ရဲ့ ဒဏ်ကို သည်းခံပြီးတော့ ကျွေးမွေးပြုစုရှာတယ်။ ဒါပေမဲ့ ဒီကလေး သူ့ဟာသူ သွားနိုင်လာနိုင်တဲ့အရွယ် ရောက်ပြီလည်းဆိုရော၊ ခွက်တစ် လုံးပေးလို့ လမ်းခွဲတော့တာပဲ။ နေ့စဉ်နဲ့အမျှ ဝတ်တစ်လှည့် ပြတ် တစ်လှည့်ဒဏ် အမေခံခဲ့ရတာကြာပြီလေ။

## ရွှေအိုးရမှ ဘုရားကို ယုံသူ

သူတစ်ယောက်တည်း မြို့ထဲလှည့်ပြီးတော့ တောင်းရမ်း စားသောက်နေရင်း တစ်နေ့ကျတော့ အာနန္ဒသေဋ္ဌိသူဌေး ဘဝတုန်း က နေခဲ့တဲ့ အိမ်ကြီးရှေ့ရောက်သွားတယ်။ ဇာတိဿရဉာဏ်နဲ့ မှတ်မိ ပြီးတော့ သူ့အိမ်ဆိုတဲ့ အမှတ်နဲ့ အိမ်ထဲကို ဝင်သွားတာ။ အိမ်ထဲ ရောက်တော့ မူလသေဋ္ဌိရဲ့သား သူ့မြေးလေးကို မြင်လိုက်ရတယ်။ အတိတ်ဘဝကို သတိရပြီး အားရပါးရ ငိုတော့တာပဲ။

အဲဒီမှာ မူလသေဋ္ဌိရဲ့ အလုပ်သမားတွေက "အိမ်ထဲလည်း မပြောမပြောဝင်လာသေးတယ်၊ ရုပ်ဆိုး အကျည်းတန်နဲ့ ကျက်သရေမရှိ ငိုနေရပါ့မလား"ဆိုပြီး ရိုက်ပုတ်လွှတ်ကြသတဲ့။ အရင်တုန်းကဆိုရင် သူ့ကို မော်လို့တောင်မှ မကြည့်ရဲခဲ့ကြသူတွေက ရိုက်နှက်တာကို ခံနေရ ရှာပြီ။ သူဌေးကြီးဘဝနဲ့တုန်းက အိမ်ကိုလာတောင်းရမ်းကြတဲ့ သူတွေကို ရိုက်လွှတ်ဆဲဆို မောင်းချခဲ့တဲ့ဒဏ်တွေ ခန္ဓာကြီးနဲ့ ကြွေးဆပ် နေရ တယ်နော်။

သူ့ကို အလုပ်သမားတွေက မောင်းထုတ်နေတဲ့အချိန် အိမ်ရှေ့မှာ ဘုရားမြတ်စွာ ဆွမ်းခံကြွတော်မူတာနဲ့ တိုက်ဆိုင်နေတယ်။ မြတ်စွာဘုရားရှင်က နောက်တော်မှာပါလာခဲ့တဲ့ ညီတော်အာနန္ဒာကို "မူလသေဋ္ဌိသူဌေး သွားခေါ်ချေ"လို့ ခိုင်းတော်မူတယ်။ သူဌေးရောက်လာတော့ "မင်း ဒီကလေးကို သိရဲ့လား" မေးတော့ "မသိပါဘူးဘုရား၊ အဲဒါ မင်းအဖေ အာနန္ဒသေဋ္ဌိသူဌေးကြီးပဲ"လို့ မိန့်တော်မူလိုက်တယ်။ မူလသေဋ္ဌိက ဘုရားစကားကို မယုံဘူး။ သူတို့ ပုဏ္ဏားတွေမှာ သေရင် ဗြဟ္မာပြည်ရောက်တယ်ဆိုတဲ့ အစွဲက ရှိနေတာကိုး။ အခုဖြင့် သူ့အဖေက ဗြဟ္မာမဖြစ်တဲ့အပြင် လူပြိတ္တာလေး ဖြစ်နေတယ်ဆိုတော့ ပိုတောင် မကျေနပ်ဘူးပေါ့။

"မူလသေဋ္ဌိ...မင်းအဖေ အာနန္ဒသေဋ္ဌိ သူဌေးကြီးဟာ ရွှေအိုးကြီးငါးလုံးကို မြှုပ်ထားခဲ့တာ ပြောဖူးရဲ့လား" "မပြောခဲ့ဖူးပါဘူးဘုရား" "ဒီကလေးကို ချိုချိုသာသာနဲ့ ချော့မော့ပြီး မေးကြည့်ပါလား"လို့ မိန့်တော်မူတော့မှ မူလသေဋ္ဌိက ဒီကလေးကို အစားအသောက်ကောင်းတွေကျွေး၊ ချော့မော့ပြီး မေးကြည့်တာ ရွှေအိုးကြီး ငါးလုံးရှိတဲ့နေရာကို ပြောပြတဲ့အတွက် ရွှေအိုးကြီးတွေရလိုက်တယ်။ ဒီတော့မှ မူလသေဋ္ဌိလည်း ဘုရားကို ယုံသွားတာ။ စောစောပိုင်းက ဘုရားကို စိတ်တိုနေတာနော်။ ဗြဟ္မာကိုးကွယ်နေရာကနေ မြတ်စွာဘုရားနဲ့တကွ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ် ယုံကြည်တဲ့ ဥပါသကာကြီး ဖြစ်သွားပါတော့တယ်။

မူလသေဋ္ဌိ သူဌေးက နောက်ရက်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို အိမ်မှာ ပင့်ဖိတ်ပြီး မွန်မြတ်လှတဲ့ ဆွမ်းဘောဇဉ်တွေနဲ့ ဆက်ကပ်လှူဒါန်းတယ်။ မလှူမတန်း မပေးမကမ်းဘဲနဲ့ နှမြောဝန်တိုခဲ့ရင် ဘာဖြစ်တတ်တယ်ဆိုတာ သူ့အဖေ သူဌေးကြီးက သာဓကပြခဲ့ပြီ

ကိုး။ ငါတော့ဖြင့် အဖေ့လို လူ့ပြိတ္တာအဖြစ် မခံနိုင်ဘူးလို့ဆိုပြီး ဘုရားရှင်နဲ့ သံဃာတော်တွေကို သင်္ကန်းပရိက္ခရာ လှူဖွယ်တွေ ဆက်ကပ်တယ်။ ဆွမ်းဘုဉ်းပေးပြီးချိန်မှာ မြတ်စွာဘုရားရှင်က "ပုတ္တမတ္ထိ ဓနမတ္ထိ"အစရှိတဲ့ ဂါထာတော်နဲ့ ဓမ္မဒေသနာဟောကြားတော်မူပါတယ်။

ဘုရားမြတ်စွာက "သူဌေး လူတွေက ငါ့မှာ သားသမီးရှိတယ်၊ ဥစ္စာပစ္စည်းရှိတယ်၊ "ငါ့ကိုယ်ငါလည်း အားကိုးလို့ရတယ်လို့ ထင်တစ်လုံးနဲ့ တဏှာမာနတွေ ဖြစ်နေကြတယ်။ တကယ်တော့ ငါ့ကိုယ် ငါ့ခန္ဓာ ဆိုတာတောင် မရှိတဲ့အတွက် ဘယ်လိုနည်းနဲ့ ငါ့သား ငါ့သမီး ငါ့ဇနီးငါ့ဥစ္စာလို့ အားကိုးနိုင်မှာတဲ့လဲ။ ငါ့ကိုယ်ငါတောင် အားကိုးလို့ မရနိုင်ဘူး"လို့ မိန့်တော်မူပါတယ်။

သားသမီး ဇနီးစီးပွားဥစ္စာ အားကိုးနဲ့ မာန်တက်ဖို့ အသာထားပါဦး။ ငါ့ကိုယ် ငါ့ဥစ္စာဆိုတာတောင် မရှိတဲ့အတွက် ကိုယ့်ကိုယ်ကိုတောင် အားကိုးလို့ရရဲ့လား။ ခန္ဓာဟာ ငါမဟုတ်ဘူး။ ရုပ်နဲ့ နာမ်နှစ်ပါးသာဖြစ်တယ်။ ဘုရားမြတ်စွာက မူလသေဌေးသူဌေးကို ခန္ဓာဉာဏ်ရောက် သစ္စာတရားဟောကြားလိုက်တာနော်။ ခန္ဓာဖြစ်ပျက်က "ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ"သေသွားတဲ့ တဏှာမာန ဒိဋ္ဌိစတဲ့ အကုသိုလ်တွေက သမုဒယသစ္စာ။ သမုဒယတို့ရဲ့ချုပ်ရာ ငြိမ်းရာ သိမ်းရာက နိရောဓသစ္စာပါပဲလို့ ဟောကြားတော်မူခဲ့ပါတယ်။

## သမ္မပ္ပဓာန်စုံလင် နိဗ္ဗာန်ဝင်

သမ္မပ္ပဓာန်တရားလေးပါးနဲ့အညီ ကြိုးစားအားထုတ်ခြင်းဟာ အာရတိ ဝိရတိပါပါ မင်္ဂလာ "မကောင်းမှုတွေ ဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေ" တွေ့ကြုံလာလျှင် မလွန်ကျူးနဲ့ အထူးသဖြင့်

စောင့်စည်းလေ” မင်္ဂလာကြီးနဲ့ ပြည့်စုံခြင်း ဖြစ်ပါတယ်။ မဖြစ်သေးတဲ့ အကုသိုလ်မဖြစ်အောင် ဖြစ်ပြီးသား အကုသိုလ်နောက်ထပ်မဖြစ်အောင် ကြိုးစားအားထုတ်ခြင်းပါပဲ။

မဖြစ်သေးတဲ့ ကုသိုလ်ဆိုတာကတော့ အလှူဒါနပေးကမ်းခြင်း၊ သီတင်းသီလဆောက်တည်ခြင်း၊ သမထဘာဝနာစီးဖြန်းခြင်းတွေက ဘဝသံသရာ အဆက်ဆက်မှာ လုပ်ဖူးခဲ့ပေါင်း များလှပါပြီ။ မဖြစ်သေးတဲ့ ကုသိုလ်ရယ်လို့ မဂ်ကုသိုလ်ပဲ ရှိပါတယ်။ အဲဒီမဂ်ကုသိုလ် ဖြစ်ပေါ်လာအောင် ဝိပဿနာကုသိုလ် ပြုလုပ်ခြင်းဖြင့် ကြိုးစားရယူသွားရပါမယ်။

ခန္ဓာပေါ်ဉာဏ်ရောက်လို့ သစ္စာလေးချက်ကိုက်ပြီး ဖြစ်ပျက်မြင်လိုက်တဲ့ ဉာဏ်ကနေပြီးတော့ ဖြစ်ပြီးသား အကုသိုလ်တွေ မဖြစ်အောင်၊ မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်ရအောင် ဖြတ်ပေးရပါတယ်။ ခန္ဓာပေါ် ဉာဏ်ရောက်ခဲ့တဲ့အတွက် ဉာဏ်နဲ့ဖြတ်နိုင်တယ်။ ဖြစ်ပြီးသားရော မဖြစ်သေးတဲ့ အကုသိုလ်တွေအားလုံးကို ပယ်သတ်နိုင်ပါတယ်။

တစ်သံသရာလုံးမှာ ယောဂီတို့တစ်တွေ မလုပ်ဖူးတဲ့ အကုသိုလ်ဆိုးလို့ မဂ်ကုသိုလ်ပဲ ရှိပါတယ်။ ဖြစ်ပျက်မဂ်ကိုက်တဲ့အခါ မလုပ်ဖူးသေးတဲ့ မဂ်ကုသိုလ်ကို ရအောင်လုပ်ရာရောက်ပါတယ်။ **အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော**=မဖြစ်ပေါ်သေးတဲ့ မဂ်ကုသိုလ်တရားကို ဖြစ်ပေါ်လာအောင် ကြိုးစားရမယ်ဆိုတဲ့ သမ္မပ္ပဓာန်တရားတော်နဲ့လည်း ညီညွတ်သွားပါပြီ။

ခန္ဓာပေါ် ဉာဏ်ရောက်ပြီး ဖြစ်ပျက်ကို မြင်မှန်းဆုံးလိုက်တဲ့အခါမှာ မဂ်ကုသိုလ် တိုးပွားလိုက်တာ မဂ္ဂင်ငါးပါးကနေ မဂ္ဂင်ရှစ်ပါးဖြစ်လာပါတယ်။ သမ္မပ္ပဓာန်တရားအညီအမျှ ထားခဲ့တဲ့ မူလသေဋ္ဌီ

သူဌေးမိသားစုက သစ္စာသိမြင်ပြီး သောတာပန် တည်သွားခဲ့ပါတယ်။
သောတာပန်ဆိုတဲ့ ပထမနိဗ္ဗာန် မင်္ဂလာမြတ်ကြီး ရရှိခဲ့ခြင်းပါပဲ။

# မေ့လျော့ကင်းမှ ချမ်းသာရ
# မင်္ဂလာအမှတ် (၁၈)

## မူးယစ်ခြင်းနှင့် မေ့လျော့ခြင်း

"မဇ္ဇပါနာစ သံယမော၊ အပ္ပမာဒေါစဓမ္မေသု" အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့ အရာတွေ၊ လုပ်ကိုင်ပြောကြား သတိထား တရားပမေ့စေ"။ အရက်သေစာ မသောက်စားခြင်းက မင်္ဂလာတစ်ခု။ မမေ့မလျော့ သတိတရားရှိခြင်းက မင်္ဂလာတစ်ခု။ ဒါပေမဲ့ ဒီမင်္ဂလာနှစ်ပါးက ဆက်စပ်နေတဲ့အတွက် ပေါင်းပြီးတော့ ပြောရပါမယ်။

ရှစ်ပါးဥပုသ်သီလ ခံယူတဲ့နေရာမှာ သုရာမေရယ မဇ္ဇပ္ပမာဒဋ္ဌာနာ ဝေရမဏီ မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော အရက်သေစာ သောက်စားခြင်းလို့ ဆိုထားတယ်မဟုတ်လား။ အရက်သောက်ရင် မေ့တတ်တယ်တဲ့။ တချို့ပညာတွေ တတ်လိုက်တာ။ စာတွေပေတွေ ကဗျာလင်္ကာတွေ ကျက်မှတ်ထားလိုက်ကြတာ။ ကြီးလာတော့ အရက်သေစာ သောက်စားတဲ့အခါမှာ အဲဒီတတ်ထားတဲ့ ပညာတွေ၊ ရထားတဲ့ စာပေကဗျာတွေ အကုန်လုံး မေ့ကုန်သတဲ့။

အရက်သေစာ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းဟာ မေ့လျော့ခြင်းရဲ့အကြောင်း၊ မေ့လျော့စေနိုင်တဲ့အရာဖြစ်လို့ အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့ အရာတွေ မင်္ဂလာနှင့် 'လုပ်ကိုင်

ပြောကြား သတိထား တရားမမေ့စေ’ မင်္ဂလာနှစ်ရပ်ကို တစ်ဆက်တည်း လေ့လာကြရအောင်ပါ။

လူတွေက တရားအလုပ် ကုသိုလ်ကောင်းမှုအလုပ် လုပ်ရမှာကျတော့သာ မေ့နေတတ်တာ။ မူရူးပျော်ပါး မော်ကြွားလို့ မူးမူးမေ့မေ့နေဖို့ကျတော့ တယ် ဝါသနာပါတယ်။ အာရုံခြောက်ပါး ကာမဂုဏ်တရားတွေ ခံစားပျော်ပါးကြတဲ့နေရာမှာ အစားအသောက်၊ အဝတ်အစားဆိုတာတွေက လိုအပ်ချက်ရှိလို့ စားရသောက်ရတယ်၊ ဝတ်ရဆင်ရတယ်။ အရသာလည်းမရှိ၊ ကျန်းမာရေးလည်း အထောက်အကူမပေးတဲ့ ဒီအရက်သေစာကို ဘာကြောင့်များ စွဲလမ်းနေကြရတာပါလိမ့်။ အရက်သေစာက လူမှုရေးလည်း နိမ့်ကျစေတယ်။ စီးပွားဥစ္စာလည်း ပျက်စေတယ်။ အဆိုးဆုံးကတော့ အရက်သေစာ သောက်စားထားရင် မှတ်ဉာဏ်တွေ ပျက်ပြားပြီး မေ့လျော့တတ်တာပဲ။

မေ့လျော့မူးမိုက်နေလို့ ကုသိုလ်ကောင်းမှု မလုပ်နိုင်တော့ဘူး။ ကုသိုလ်တရားတွေလုပ်ဖို့ သတိမရတော့ဘူး။ အဲဒါကြောင့် “မဇ္ဇပါနာစ သံယမော။ အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာတွေ” လို့ သိရှိရှောင်ကြဉ်နိုင်ခြင်းဟာလည်း မင်္ဂလာတစ်ရပ်ပါ။ “အပ္ပမာဒေါစ ဓမ္မေသု လုပ်ကိုင်ပြောကြား သတိထား တရားမမေ့စေ” ခြင်းဟာလည်း နောက်ထပ်ရရှိလာတဲ့ မင်္ဂလာတစ်ရပ် ဖြစ်ပါတယ်။

## အပြစ်အကြီးဆုံးဟာ အရက်သေစာ

တချို့ပုဂ္ဂိုလ်တွေက သူတို့ကိုယ်တိုင် အရက်သေစာကို စွဲလမ်းနှစ်သက်နေကြတော့ အရက်သောက်တာ အပြစ်မဟုတ်ပါဘူးလို့ ယုတ္တိယုတ္တာနဲ့ ဆင်ခြေကန်လေ့ရှိပါတယ်။ သူတို့က ပွဲလမ်းသဘင်မှာလည်းသောက်၊ လုပ်ငန်းကိုင်ငန်း တိုင်ပင်ဆွေးနွေးတဲ့ နေရာမှာလည်း

သောက်၊ အိမ်မှာလည်း ခွက်ပုန်းကြိတ်နေကြတာမို့ အရက်ကိုထိရင် သိပ်ခံချင်တာ မဟုတ်ဘူး။ သောက်တာစားတာ လူကြီးလူကောင်း အလုပ်လို့ ထင်နေကြသတဲ့။

မြန်မာနိုင်ငံက သာသနာပြုဆရာတော်တွေက နိုင်ငံရပ်ခြား ကြွပြီး တရားဟောတော့ အနောက်နိုင်ငံသားတွေက "သူတို့လည်း နေစဉ်နဲ့အမျှ အရက်သေစာ သောက်စားနေကြတာပဲ၊ အပြစ်ရယ်လို့ မထင်မိပါဘူး။ ဒါကြောင့် ငါးပါးသီလထဲကနေ အရက်သောက်တာ ကို ပယ်ပစ်ရင် ကောင်းမယ်"လို့ လျှောက်ကြသတဲ့။ ဆရာတော်တွေက အရက်သောက်ခြင်းရဲ့ အပြစ်တွေကို အမျိုးမျိုးပြောပေမဲ့ လက်မခံဘူး။ သဘောမကျကြဘူး။ ဒါနဲ့ ဆရာတော်တွေက "ခင်ဗျားတို့ သဘော မကျချင်လည်းနေကြတော့ တစ်လျှောက်လုံး ကျင့်သုံးလာခဲ့တဲ့ ငါးပါး သီလကို အခုကျမှ လျှော့မပစ်နိုင်ပါဘူး"လို့ တင်းခံခဲ့ရပါသတဲ့။

"ဘီယာဟာ အရက်တော့ မဟုတ်ပါ"လို့ ကြိုက်တဲ့လူကတော့ ပြောမှာပဲ။ ဘီယာလည်း အရက်ပဲ။ အရက်တင်မကပါဘူး မူးယစ် မိုက်မှားစေတတ်တဲ့ ဘိန်းကင်း၊ ကဇော်၊ လှော်စာ၊ မူးယစ်ဆေးဝါး မှန်သမျှ သုရာမေရယထဲမှာ ပါပါတယ်။ မူးယစ်စေတတ်တာမှန် သမျှ သုံးစွဲရင် အပြစ်ရှိပါတယ်။

တချို့က ပြောသေးတယ်။ အရက်သောက်တာဟာ လူ့အသက် သတ်တာလည်း မဟုတ်၊ ခိုးတာ၊ ဝှက်တာလည်း မဟုတ်ဘူး။ အကုသလ ကမ္မပထတရားတွေထဲမှာ အရက်သောက်တာ မပါတဲ့ အတွက် ငရဲမကျနိုင်ဘူးတဲ့။ ပြောဘတ်လိုက်တာနော်။ အရက်ဆိုတာ အာဟာရလည်းမဖြစ်၊ စားနေသောက်နေကျ သာမန်ချက်ပြုတ်လုပ် ကိုင်ထားတဲ့ အရာမဟုတ်ဘဲ မူးယစ်အောင်လို့ အထူးတလည် စီမံ လုပ်ကိုင်ထားတဲ့အတွက် ရသာရုံ အစားအသောက်မှာ လော်လီရာ

ရောက်တယ်။ ဒါကြောင့် အရက်သောက်ခြင်းဟာ ကာမေသုမိစ္ဆာစာရ ထဲမှာ ပါဝင်တယ်လို့ အတိအလင်း ဆိုထားတာပါ။

ကာမေသုမိစ္ဆာစာရကလည်း ကိုယ့်မှာ ကိုယ်ပိုင်လင်ရယ်၊ မယားရယ်ရှိရက်နဲ့ သူများ သားမယားအပေါ် အတတ်ဆန်းပြီး လော်လီဖောက်ပြားတာ။ အရက်သေစာကလည်း တခြားစားသောက်ဖွယ်ရာတွေ ရှိရက်နဲ့ ဆန်းဆန်းပြားပြား ရီဝေရီဝေ ခံစားချင်လို့ အရသာအပေါ်မှာ လော်လီဖောက်ပြားတာ။ အရက်သောက်ခြင်းသည် ကာမေသုမိစ္ဆာစာရမှာ စာရင်းဝင်သွားတယ်။ အရက်သောက်ရင် အပါယ်ငရဲကျနိုင်ပါတယ်။

ကမ္ဘပထတရား ဆယ်ပါးထဲမှာ အရက်သောက်တာ တိုက်ရိုက်မပါပေမဲ့ အရက်ကလေးဝင်လာရင် အဲဒီ ကမ္ဘပထမြောက်တဲ့ မကောင်းမှုတွေ အကုန်လုံး လုပ်တော့တာပဲ။ လူလည်း သတ်မယ်၊ ခိုးလည်းခိုးမယ်၊ လိမ်လည်းပြောမယ်။ အကုန်လုံး ကျူးလွန်နိုင်ပါတယ်။ ဒါကြောင့် အရက်သောက်ခြင်းဟာ ကမ္ဘပထ အကုသိုလ်တွေရဲ့ အရင်းအမြစ် အပြစ်အကြီးဆုံးတရား ဖြစ်ပါတယ်။

## အရက်သောက်ခြင်းရဲ့အပြစ်တွေ

ထန်းရည်၊ အရက်၊ ဘီယာ၊ ဘိန်းဖြူ၊ ဆေးခြောက် မူးယစ်ဆေးမှန်သမျှ သုံးစွဲတဲ့ပုဂ္ဂိုလ်တွေ ကျရောက်နိုင်တဲ့ အပြစ်များကို ရှေးဆရာတော်ဘုရားကြီးတွေက–

“သေရည်သောက်လင့်၊ သင့်မသင့်ဌ<br>
ရေးခွင့်မသိ၊ ပျင်းရိမေ့မူ<br>
ကျေးရူးမဆပ်၊ ဟိရောတ္တပ်ကင်း<br>
ခပင်းများထို၊ အကုသိုလ်ကို

မငြိုလွယ်စွာ၊ ပြုတတ်ရာသည်
ရှောင်ခါအပြန်အကျိုးတည်း။"

လို့ လင်္ကာလေး ဖွဲ့စီပေးတော်မူခဲ့ကြပါတယ်။ အရက်သောက်တဲ့ပုဂ္ဂိုလ်ဟာ အရေးအခွင့် သင့်မသင့်ကို နှိုင်းယှဉ်ပြီး မသိတတ်ဘူး။ အပျင်းထူတယ်။ မူးရူးမေ့လျော့တယ်။ သူများက ကိုယ့်အပေါ် လုပ်ပေးခဲ့တဲ့ ကျေးဇူးကိုလည်း မသိမမြင်မဆပ်ဘူး။ အရက်အကြောက်ကင်းတယ်။ မကောင်းမှု အကုသိုလ်မှန်သမျှ အကုန်လုံးကို လွယ်လွယ်နဲ့ လုပ်မိတတ်တယ်တဲ့။ ဒါ့အပြင် ဖြစ်လေရာဘဝတိုင်းမှာ အရူးအပေါ ဖြစ်ရတတ်ပါတယ်။ ငါးပါးသီလ ချိုးဖောက်တဲ့ ပုဂ္ဂိုလ်ဖြစ်လို့ အပါယ်ငရဲကို မလွဲကေန် ကျရောက်ရဦးမှာပါ။

အရက်သေစာ မသောက်မစားဘဲနဲ့ နေနိုင်ရင်တော့ "ရှောင်ခါအပြန် အကျိုးတည်း"ဆိုတဲ့အတိုင်း လုပ်သင့် မလုပ်သင့်၊ အခွင့်အလမ်းကောင်း ဟုတ်မဟုတ်၊ အကျိုးရှိမရှိ ဆိုတာတွေ သိလာမယ်။ ဝီရိယလုံ့လကောင်းလာမယ်။ ကြည်ကြည်လင်လင်နဲ့ သတိကောင်းလာမယ်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်သူ ဖြစ်လာမယ်။ အရှက်အကြောက်ရှိလို့ သိက္ခာရှိလာမယ်။ ကောင်းမှုကုသိုလ် လုပ်ငန်းတွေရွေးပြီးတော့ လုပ်လာမယ်။ ဘဝတိုင်း ဘဝတိုင်းမှာ လူကောင်း သူကောင်း ဖြစ်ရပြီးတော့ လောကုတ္တရာ နိဗ္ဗာန်မြတ် မင်္ဂလာကြီးကို ရရှိနိုင်မယ်စတဲ့ အကျိုးတရားတွေ ရရှိလာနိုင်ပါတယ်။

ငါးပါးသီလဆိုတာ ကမ္ဘာ့သီလ၊ လောကသီလပါ။ ဗုဒ္ဓဘာသာကိုးကွယ်သူဖြစ်စေ၊ တခြားဘာသာ ကိုးကွယ်သူဖြစ်စေ မဖြစ်မနေ လိုက်နာရပါတယ်။ မလိုက်နာခဲ့ရင် လောကဥပဒေအရလည်း အပြစ်ပေးခံရတယ်။ သဘာဝကအားဖြင့်ကို အရက်သောက်ခြင်းစတဲ့ မကောင်းမှုတွေကို ရှောင်ကြဉ်ခဲ့ကြရပါလိမ့်မယ်။

# မူးလာတဲ့အခါ သားမှန်းမသိတော့ပါ

လောကမှာ ဖခင်ဖြစ်သူ အရက်သမားဖြစ်နေရင် သားသမီးတွေက အလကားနေရင်း မျက်နှာငယ်ရတယ်နော်။ အရွယ်ရောက်လာလို့ အိမ်ထောင်ပြုမယ်ကြံရင် ကျန်တာတွေ အကုန်လုံး အဆင်ပြေလျက်နဲ့ အရက်သမားသားမို့လို့ မပေးစားနိုင်ပါဘူးလို့ ငြင်းပယ်တာခံရတတ်တယ်။ အရက်သောက်ထားတော့ အမြီးအမောက်မတည့်ပြောချင်ရာတွေ စွတ်ပြောလို့ နစ်နာရပေါင်းလည်း များပြီ။

အဖေက အရက်သမားဖြစ်နေမှတော့ ကိုယ့်သားသမီ ကို ဆုံးမလို့ ရပါဦးမလား။ လူငယ်တွေ ပျက်စီးတယ်၊ ပျက်စီးတယ်နဲ့ ခေါင်ကမိုးမလုံတာကိုး။ သားသမီး မကောင်းတော့ မိဘခေါင်းလို့ ပြောနေကြပေမဲ့ မိဘ မကောင်းလို့ သားသမီးတွေ ဒုက္ခရောက်တာကျတော့ ထည့်မပြောကြဘူးနော်။

အဆိုးဆုံးကတော့ ဒီအရည်ဝင်လာရင် မှန်မှန်ကန်ကန် မတွေးနိုင်၊ မဆင်ခြင်နိုင်တော့တာပဲ။ ရှေးတုန်းက ဗာရာဏသီပြည်မှာ ဘုရင်တစ်ပါး အုပ်စိုးတော့ အဲဒီဘုရင်က သိပ်အသောက်ကျူးသတဲ့။ ပွဲတော်တည်ရင်လည်း အသားဟင်းမပါဘဲနဲ့ ပွဲတော်တည်လေ့ မရှိဘူးတဲ့။ သူ့အတွက် စားဖိုမှူးက အသားဟင်း နေ့စဉ်ပါအောင် ဂရုစိုက်ပေးရတယ်။ သူတို့ တိုင်းပြည်မှာက ဥပုသ်နေ့ဆိုရင် သားငါး သတ်ဖြတ်ရောင်းချခြင်း မပြုရတဲ့ အစဉ်အလာရှိတော့ နက်ဖြန် ဥပုသ်နေ့ဆိုရင် ဒီနေ့လို့ အဖိတ်နေ့ကတည်းက ကြိုတင်ပြီး ဝယ်ခြမ်းထားရသတဲ့။

တစ်ရက်မှာတော့ စားဖိုမှူးက ဘုရင်အတွက် ဝယ်ထားတဲ့ အသားကို မီးဖိုချောင်မှာ ချိတ်ထားတုန်း ခွေးတစ်ကောင်က ဝင်ဆွဲသွားသတဲ့။ အသားထပ်ဝယ်ဖို့လုပ်တော့ ဥပုသ်နေ့ဖြစ်နေလို့ ဘယ်မှာမှ ဝယ်လို့မရဘူး။ ဒါနဲ့ ကြံရာမရဖြစ်ပြီး မိဖုရားခေါင်ကြီးဆီဝင်ပြီးတော့

အကူအညီတောင်းသတဲ့။ မိဖုရားခေါင်ကြီးက "မပူပါနဲ့ကွယ်၊ မင်းတို့ဘုရင်က သူ့သားတော်လေးကို သိပ်ချစ်တယ်၊ ပွဲတော်တည်ချိန်မှာ သားတော်လေးရှိနေရင် အသားဟင်း ပါတယ် မပါဘူး ပြောနေမှာ မဟုတ်ဘူး"လို့ နှစ်သိမ့်ပေးလိုက်တယ်။

ပွဲတော်တည်ခါနီးအချိန်ရောက်တော့ မိဖုရားကြီးက သားတော်လေးကို ပြင်ဆင်လိမ်းခြယ်ပေးပြီး ဘုရင့်နားမှာ ပို့ထားလိုက်သတဲ့။ ဘုရင်ကလည်း သားတော်လေးကို ရင်ခွင်ထဲမှာထားလို့ ချော့မြှူကစားရင်းနဲ့ အရက်သောက်နေတယ်။ အဲဒီအခိုက်မှာ စားဖိုမှူးက အခြေအနေကောင်းပြီဆိုပြီး ပွဲတော်စာကို ဝင်ဆက်ကာပေါ့။ ဘုရင်က အရက်နဲ့မြည်းဖို့ ပွဲတော်စာအုပ်ကို လှန်ကြည့်တော့ သူကြိုက်တဲ့ အသားဟင်းကို မတွေ့ဘူး။ "ဟဲ့ ဘယ်လိုဖြစ်တာလဲ"မေးတော့ စားဖိုမှူးက ဒီနေ့ ဥပုသ်နေ့မို့လို့ အမဲဟင်းလျာများ ဝယ်မရပါကြောင်းလို့ လျှောက်တယ်။

အဲဒီမှာ အရက်မူးနေပြီဖြစ်တဲ့ ဘုရင်ကြီးက "ငါ အသားဟင်းမပါရင် ပွဲတော်တည်လို့မရဘူးဆိုတာ မင်း သိတယ်မဟုတ်လား။ ငါလို ဘုရင်တစ်ပါးအတွက် အသားငါးက ဒီလောက်တောင် ခက်ရသလား"ဆိုပြီး ရင်ခွင်ထဲက သားတော်လေးကို လည်ပင်းလိမ်ချိုးသတ်လိုက်တယ်။ "ရော့ ဒါကို ခုတ်ထစ်ပြီး မြန်မြန်ကြော်ခဲ့"လို့ ပြောသတဲ့။ ခဏနေတော့ စားဖိုမှူးယူလာတဲ့ သားတော်လေးရဲ့ အသားဟင်းကို မြိန်မြိန်ရှက်ရှက် ပွဲတော်တည်လိုက်ပါသတဲ့။ နောက်တော့ မူးမူးရူးရူးနဲ့ အိပ်ပျော်သွားတာပေါ့။

မနက် မိုးလင်းတဲ့အခါ ဘုရင်ကြီးက "သားတော်လေး ခေါ်ခဲ့ပါ"လို့ပြောတော့ မိဖုရားကြီးက ငိုယိုပြီး အကြောင်းစုံရှင်းပြတာပေါ့။ အဲဒီမှာ သားတော်လေးမရှိမှန်းလည်းသိရော ဘုရင်ကြီး ထိတ်လန့်တုန်လှုပ်သွားတယ်။ နောက်ကို ဘယ်တော့မှ အရက်မသောက်တော့

ပါဘူး”လို့လည်း ပြောသတဲ့။ အရက်သေစာက သူ သိပ်ချစ်တဲ့ သားတော်လေးကို ဝါးမျိုလိုက်တာကိုး။ နောက်ဆို အရက်သောက်ဖို့ ဒီဘုရင် စကားမစပ်တော့ဘူး။ ဒီအရည်ဝင်လာရင် သိပ်ချစ်တဲ့သားကို တောင် သားလို့မမြင်နိုင်တော့ဘူးနော်။

သားတော်လေးကို သိပ်ချစ်တာဆိုတော့ သာမန်အားဖြင့်ကြည့် ရင် ဒီသားတော်လေးကို ရန်ပြုလာရင်တောင်မှ အဲဒီလူကို သတ်ပစ် မှာပဲ။ အခုတော့ ဖခင်ကိုယ်တိုင်က ရက်ရက်စက်စက် သတ်ပစ်မိ တယ်။ အရက်သေစာဟာ အဲဒီလောက် ကြောက်စရာကောင်းပါတယ်။

## ဇာတ်တော်ပြရင် ခြောက်လှန့်တယ်ထင်

အရက်ကြောင့် မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရပုံ နိပါတ်ဇာတ်တော် တွေထဲမှာ အများကြီးပါတာပေါ့။ ရှင်ဒေဝဒတ်အလောင်း ပတာပမင်း ဆိုရင် သူ့သားတော်လေးနဲ့ မိဖုရားကြီးနဲ့ သားအမိချင်း ရင်းရင်း နှီးနှီး ချစ်ခင်ပျော်ရွှင်နေတာကို ဒီမိဖုရား ငါ့ကိုတောင် ဂရုမစိုက်နိုင် ဘူး။ သူ့သား ဒီလောက်တောင် ချစ်ရသလားဆိုပြီး လက်တွေဖြတ်၊ ခြေတွေဖြတ် ဓားနဲ့ခုတ်သတ်ပစ်တဲ့အထိ အဖြစ်ဆိုးခဲ့ရတာလည်း ဒီအရက်ကြောင့်ပဲ။

အရက်သာ မသောက်ခဲ့ရင် ကိုယ်မွေးထားတဲ့သားပဲ မချစ်ဘဲနေ ပါ့မလား။ ခုလို သားအရင်းကို ရက်ရက်စက်စက် သတ်ပစ်ရဲတယ် ဆိုတာ အရက်ရဲ့သတ္တိပါပဲ။ အရက်ကြောင့် သားလည်းဆုံးရတယ်။ မိဖုရားကြီးလည်း သားစိတ်နဲ့ ရင်ကွဲနာကျပြီး သေရရှာတယ်။ နောက် ဆုံး သူကိုယ်တိုင် သေရပြီး ငရဲကျတယ်။

ဒါက လောကီဘက်က နစ်နာမှုနော်။ သူတို့လောက် အဖြစ် မဆိုးတောင်မှ ဥစ္စာစီးပွားပျက် နာမည်ဆိုးထွက်တာကတော့ သေချာ

ပေါက်ပဲ။ အရက်သေစာသောက် မူးရူးမေ့လျော့ ပေါ့ဆနေရင် ခန္ဓာဉာဏ်ရောက် အလုပ်မလုပ်နိုင်ဘူး။ လောကုတ္တရာဘက်ကလည်း ရှုံးတယ်။ ဓာတ်တော်သာကတွေ ပြောပေမဲ့ ယုံချင်မှယုံတဲ့လူကလည်း ရှိနေသေးတာပဲ။

ဖိုးဖြူဆိုတဲ့ လူကြီးတစ်ယောက်ဆိုရင် အရက်မသောက်ဖို့ ဘယ်လိုပြောလို့မှ မရဘူး။ သူက သောက်ပေမဲ့ သူများကို မူးပြီးရမ်းတာ မဟုတ်လို့ အပြစ်မရှိဘူးတဲ့။ အိမ်ထဲမှာ တစ်ယောက်တည်းကျိတ်ပြီး သောက်တာမို့ ဘယ်သူမှ မသိဘူးလို့ပြောသေးတယ်။ တကယ်လို့ သူ အရက်သောက်တာ သူကိုယ်တိုင်တော့ သိနေတာပဲ။

အဲဒီ ဖိုးဖြူက တစ်နေ့တော့ အရက်မူးမူးနဲ့ ဘုရားကိုသွားတယ်။ ဘုရားစောင်းတန်းထဲမှာ ငါးပါးသီလနဲ့ ပတ်သက်တဲ့ ဓာတ်နိပါတ် သရုပ်ဖော် ပန်းချီကားတွေ လိုက်ကြည့်သတဲ့။ ပါဏာတိပါတ သူ့အသက်သတ်နေတဲ့ပုံ၊ ငရဲမှာခံနေရတဲ့ပုံတွေကို ကြည့်ပြီးတော့ "ခံပေါ့ကွာ၊ သူများအသက် အလကားနေရင်းနဲ့ သတ်ချင်တဲ့ လူမိုက်"လို့ ပြောသတဲ့။ နောက်တစ်ခါ အဒိန္နာဒါန ငရဲကားကြည့်ပြီး "အလုပ်လုပ်မစားချင်တဲ့ပျင်း၊ သူများပစ္စည်း ခိုးတဲ့ကောင် ခံလိုက်ဟော့"တဲ့။ ကာမေသုမိစ္ဆာစာရ ငရဲကားကိုကြည့်ပြီး "သူများသားမယား သွားစော်ကားတဲ့ကောင်မျိုး ဒီလိုပဲဖြစ်ရမှာပေါ့"တဲ့။ မုသာဝါဒ ငရဲကားကိုကြည့်ပြီးတော့ "အလကား အတင်းခုတ်ချင်တဲ့ကောင် ခံလိုက်စမ်း"ပေါ့။ သုရာမေရယလည်းရောက်ရော အရက်သောက်လို့ ငရဲခံနေရပုံကြည့်ရင်းနဲ့ "ဟာ... ဖိုးဖြူလိုကောင်မျိုး ဒီလိုလာခြောက်လို့ရမလား"လို့ ပြောသတဲ့။ သူ့အလှည့်ကျတော့ သိတတ်တယ်နော်။ ဖိုးဖြူလိုကောင်မျိုးထဲ မပါဖို့အရေးကြီးပါတယ်။

## မိခင်စော်ကား အရက်သမား ငရဲလား

မြစ်ဝကျွန်းပေါ် ဘိုကလေးမြို့နယ်ထဲက ရွာတစ်ရွာမှာ သားအမိနှစ်ယောက်ရှိတယ်။ အမေက ဒေါ်လှကြည်တဲ့၊ သားက မောင်လှအောင်တဲ့။ အဖေလုပ်တဲ့လူက အရွယ်ကောင်းတုန်းမှာ ဆုံးပါးသွားတော့ သားလေး မျက်နှာငယ်ရမှာစိုးလို့ အမေ ဒေါ်လှကြည် အိမ်ထောင်မပြုဘဲ ခေါင်းရွက်ဗျပ်ထိုး ဈေးရောင်းကျွေးပြီး ဒီသားလေးကို စောင့်ရှောက်လာခဲ့တာ။

မောင်လှအောင် အရွယ်ရောက်တော့ မြေကလေးတစ်ကွက်ဝယ်ပြီး ပဲစိုက်တယ်။ ပဲတွေ ပိုးမကျအောင် ပိုးသတ်ဆေးဖျန်းတော့ အမေလုပ်သူက တားတယ်။ "ငါ့သားရယ် သူများအသက် သတ်တဲ့အလုပ် မလုပ်ပါနဲ့ကွယ်"ဆိုတော့ မြစ်ထဲချောင်းထဲမှာ ငါးမျှားသတ်။ တစ်နေ့မှာ မောင်လှအောင်က အပေါင်းအသင်းတွေနဲ့ မူးရူးသောက်စားပြီး အိမ်ပေါ်တက်လာချိန်မှာ အမေက ဘုရားရှိခိုး၊ မေတ္တာပို့နေတယ်။ အပေါင်းအသင်းတွေက "မင်းအမေ မေတ္တာပို့ ဘုရားရှိခိုးလုပ်နေလို့ မေတ္တာစူးပြီး ငါတို့ ငါးမရတာနေမှာပဲ"လို့ပြောတော့ မောင်လှအောင်က သူ့အမေကို မေတ္တာမပို့ဖို့ တားသတဲ့။

ဒါနဲ့ ဒေါ်လှကြည် အသက် ၆၀ ပြည့်တဲ့ မွေးနေ့မှာ ဘုရားကိုဆွမ်းတော်ပွဲတွေ၊ သစ်သီးမုန့်ပွဲတွေ၊ ပန်းရေချမ်း ဆီမီးတွေ ကျကျနနပြင်ပြင်ဆင်ဆင် ဆက်ကပ်ပူဇော်နေတုန်း အိမ်ခန်းထဲမှာ မူးပြီးအိပ်နေတဲ့ မောင်လှအောင် ထွက်လာတယ်။ "ခင်ဗျားဗျာ ဘုရားရှိမခိုးပါနဲ့၊ မေတ္တာမပို့ပါနဲ့ကို့ ကျုပ် ပြောထားရက်နဲ့ ဘာဖြစ်လို့ လုပ်ရတာလဲ"လို့ ပြောပြောဆိုဆိုနဲ့ ပြင်ဆင်ထားတဲ့ ဆွမ်းတော်ပွဲတွေကို ခြေထောက်နဲ့ ကန်ပစ်သတဲ့။ "ရတနာသုံးပါးကို စော်ကားရင် ကံကြီးထိုက်တော့မှာပေါ့ သားရယ်"လို့ လာတားတဲ့ ဒေါ်လှကြည်ကိုလည်း ကန်ပစ်လိုက်တယ်။

မောင်လှအောင်က သူ ဒီလောက်တားနေတဲ့ကြားက လုပ်ရပ်ရပါ့ မလားဆိုပြီး နံရံမှာချိတ်ထားတဲ့ ဓားကိုဆွဲပြီး ခုတ်မယ်လုပ်တော့ သားဖြစ်သူ ကံကြီးထိုက်မှာစိုးလို့ ထွက်ပြေးရရှာတယ်။ အမေက ရှေ့ကပြေး၊ သားက ဓားကြီးတဝင့်ဝင့်နဲ့ နောက်ကနေလိုက်။ "အရပ် ကတို့ လုပ်ကြပါဦး၊ ဆွဲကြပါဦး၊ ကယ်ကြပါဦး"လို့ အော်ပေမဲ့ မနက် ငါးနာရီလောက်ဆိုတော့ လူတွေ မနိုးကြသေးဘူး။ ဒေါ်လှ ကြည်လည်း ပြေးမိပြေးရာ ရွာအပြင်ဘက်ကို ထွက်ပြေးတော့ ရွာ အပြင်ဘက် ဒေါ်လှကြည်နဲ့ ဝါးတစ်ရိုက်လောက်အကွာမှာ မောင်လှ အောင်ကို မြေမျိုတော့တာပါ။ "ပူလိုက်တာ အမေရယ်၊ ကယ်ပါဦး" လို့လည်း အော်နေတယ်။ သားကိုချစ်တဲ့စိတ်နဲ့ ဝင်ကယ်ချင်ပေမဲ့ ဝါးတစ်ရိုက်အတွင်း ဘယ်လိုမှ ဝင်မရအောင် ခြစ်ခြစ်တောက်ပူလောင် နေပြီ။

"အမေ သားကို ခွင့်လွှတ်ပါ"လို့ အဝေးကနေ လက်အုပ်ချီ တောင်းပန်ရှာတယ်။ အမေကတော့ ခွင့်လွှတ်မှာပါပဲ။ ဒါပေမဲ့ ကံ ကတော့ ခွင့်မလွှတ်ဘူး။ အရက်သေစာ သောက်စား၊ မိဘစော်ကား တဲ့ သားတစ်ယောက် အရှင်လတ်လတ် မြေမျိုခံလိုက်ရရှာပြီ။

အရက်သောက်တော့ ဘာဖြစ်လဲ၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ် သောက် တာ၊ ဘယ်သူ့ဂရုစိုက်ရမှာလဲဆိုတဲ့သူတွေ။ မိဘစော်ကားလို့ မြေမျို တယ်ဆိုတာ စာထဲမှာပဲရှိတာပါ။ ဒီခေတ်ထဲမှာ မရှိတော့ပါဘူးဆိုတဲ့ လူတွေအတွက် သိပ်မကြာသေးခင်က ဖြစ်ခဲ့တဲ့ လက်တွေ့သာဓက ဖြစ်ရပ်ကလေးနဲ့ ပြောပြလိုက်ပါရဲ့။

# သတိထား၍ တရားမမေ့စေလို

အရက်သေစာ သောက်စားတဲ့ ပုဂ္ဂိုလ်မှာ "မဇ္ဇပါနာစ သံယမော" မင်္ဂလာပျက်တယ်။ ဒါကြောင့် "အရက်သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာတွေ"လို့ ဆုံးမထားပါတယ်။ အရက်သောက်ရင် မေ့လျော့တတ်တယ်။ အဲဒီတော့ "အပ္ပမာဒေါစ ဓမ္မေသု" မင်္ဂလာလည်း ပျက်ပြန်ရော။ "လုပ်ကိုင်ပြောကြား သတိထား တရားမမေ့စေ"တဲ့။ တရားမမေ့မှ သတိရှိမှ မင်္ဂလာရှိပါတယ်။

လူတွေမှာ မေ့တတ်တာတွေ များလွန်းလို့ ရှင်တော်မြတ်ဘုရားက–

**"အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနောပဒံ။**

**အပ္ပမတ္တာ နမီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။**

မမေ့မှ နိဗ္ဗာန်ရောက်မယ်၊ မေ့ရင် သေမင်းနိုင်ငံကိုရောက်မယ်။ မမေ့ရင် မသေဘူး။ မေ့တဲ့သတ္တဝါတွေ အကြိမ်ကြိမ်သေရဦးမယ်"

လို့ အထပ်ထပ် မှာတော်မူခဲ့ပါတယ်။ "ချစ်သားတို့ရေ... မမေ့မလျော့ သတိတရားနဲ့ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ကြစမ်းပါ။ တစ်နေ့တစ်ချိန်မှာ အားလုံးဟာ သေကြရမှာပဲ။ သေကြရပြီဆိုရင် မျက်ရည်ကြီးငယ်ကျလို့ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်ကြရတယ်။ အဲဒါ မေ့လျော့ခဲ့တဲ့ အပြစ်ကြောင့်ပဲလို့ သဟီပေးတော်မူခဲ့တာပါ။

မင်္ဂလသုတ်တော်မှာ–

"အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံမင်္ဂလမုတ္တမံ

ဓမ္မေသု ကုသိုလ်ဓမ္မတို့၌၊ အပ္ပမာဒေါ၊ မမေ့မလျော့ မပေါ့မဆသော သတိတရားဖြင့် ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်ကို ကြိုးစားမယုတ် ပွားများအားထုတ်သော၊ ဧဝ–ဤကဲ့သို့ မင်္ဂလာတရာ

ကို ဆောင်ထားသောပုဂ္ဂိုလ်သည်၊ ဥတ္တမံ မင်္ဂလံ–မြတ်လှစွာသော နိဗ္ဗာန်မင်္ဂလာကြီးဆီသို့၊ ဟောတု ဘဝတု–မုချမသွေ ရရပေလိမ့်မယ်” လို့ မိန့်တော်မူပြန်ပါတယ်။ မမေ့မလျော့ မပေါ့မဆတဲ့ ပုဂ္ဂိုလ်ဟာ နောက်ဆုံးမှာ နိဗ္ဗာန်ရမှာပဲ။ ပထမ နိဗ္ဗာန်ဖြစ်တဲ့ သောတာပန် အရိယာအဖြစ်ကို မုချရနိုင်ပါတယ်လို့ ဘုရားမြတ်စွာ ဟောတော်မူပါတယ်။

မေ့မေ့မူးမူး ပျော်ပါးမော်ကြွား သောက်စားပြီး အချိန်ကုန်ခံမနေကြပါနဲ့၊ တရားအားထုတ်ရမှာကို ပျင်းရိမနေကြပါနဲ့။ မမေ့မလျော့ သတိတရားနဲ့ နေခြင်းဖြင့် ဘုရားစကား လိုက်နာပွားကြပါစို့။

## မမေ့သူအတွက် နတ်ရထားအဆင်သင့်ရှိတယ်

ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ် ကောင်းမှုကုသိုလ်တရားတွေမှာ မမေ့လျော့တဲ့ သတိတရားရှိတဲ့ ပုဂ္ဂိုလ်များကျတော့ ဒီဘဝမှာလည်း ပျော်ပျော်ရွှင်ရွှင် ချမ်းချမ်းသာသာ နေရတယ်။ တမလွန်ဘဝမှာလည်း ဝမ်းသာရွှင်ပျဖွယ် ချမ်းသာသုခတွေက အဆင်သင့်စောင့်ကြိုနေကြပါလိမ့်မယ်။

သာဝတ္ထိမြို့က မဟာဓမ္မိက ဥပါသကာကြီးဆိုတာ သားခုနစ်ယောက်၊ သမီးခုနစ်ယောက် ရှိတယ်။ အဖေက သူတော်ကောင်းမို့ သားသမီးတွေ အကုန်လုံး အကျင့်သီလ လုံခြုံ၊ လှူတန်းပေးကမ်းမှု မပြတ်၊ သူတော်ကောင်းစိတ်ဓာတ်တွေ လွှမ်းနေကြတာပေါ့။ မဟာဓမ္မိက ဥပါသကာကြီးကို အားကျခေါင်းဆောင်ထားပြီးတော့ ကုသိုလ်ကောင်းမှုတွေ အတူလိုက်လုပ်နေတဲ့ ဥပါသကာတွေကိုက ငါးရာလောက် ရှိပါသတဲ့။

ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်မှာ စိတ်စိုက်ပြီး သတိမပြတ်တဲ့ မဟာဓမ္မိက ဥပါသကာကြီး သက်ရှယ်ကြီးရင့်လို့ သေရာညောင်စောင်း လဲလျောင်းရှာပြီဆိုတော့ သားသမီးတွေက တရားမမေ့အောင် နှိုးဆော်ပေးတဲ့အနေနဲ့ သံဃာတော်တွေ ပင့်ဖိတ်ပြီးတော့ သတိပဋ္ဌာနသုတ်တော်ကို နာကြားကြတယ်။ အဲဒီလို တရားနာနေတုန်း အိမ်ခေါင်မိုးပေါ်မှာ နတ်ပြည်ခြောက်ထပ်က နတ်ရထားခြောက်စင်းက ဥပါသကာကြီးကို သူခေါ်မယ်၊ ငါခေါ်မယ်နဲ့ အလုအယက်ရောက်လာကြတာတဲ့။

နတ်တွေပြောနေတဲ့ အသံကြားတော့ ဥပါသကာကြီးက သူတရားနာနေတုန်းမို့ "ခဏဆိုင်းပါဦး"လို့ လှမ်းပြောလိုက်တယ်။ အဲဒါ သံဃာတော်တွေက သူတို့ကို တားတယ်ထင်ပြီး ရွတ်ဖတ်နေကြတာကို ရပ်ပစ်လိုက်တာပေါ့။ ဒီမှာပဲ "ငါတို့အဖေတော့ သေရမှာကြောက်ပြီး သံဃာတော်တွေ ရွတ်တာဖတ်တာကို တားနေပါပေါ့လား" လို့ သားသမီးတွေက ဝမ်းနည်းပမ်းနည်း ငိုကြသတဲ့။ သံဃာတော်တွေကလည်း သူတို့ ငိုနေမှတော့ ပြန်ကြမယ်ဆိုပြီး ပြန်ကြွသွားကြတာပေါ့။

မဟာဓမ္မိက ဥပါသကာကြီးက သားသမီးတွေ ငိုသံကြားတော့ "နင်တို့ ဘာလို့ငိုတာလဲ" မေးတယ်။ "အဖေ သေရမှာကြောက်ပြီး ရွတ်တာဖတ်တာ တားတဲ့အတွက် ငိုတာပါ"ဆိုတော့ "ငါ သံဃာတော်တွေ တားတာမဟုတ်ဘူးဟဲ့၊ နတ်ရထားပေါ်က နတ်သားတွေကို တားတာ"၊ "အဖေ့ နတ်ရထားလည်း သားတို့ သမီးတို့ မမြင်ရပါလား"၊ "ပန်းကုံးတစ်ကုံး ယူခဲ့ကြကွာ"လို့ ခိုင်းရင်းနဲ့ "နတ်ပြည်ခြောက်ထပ်မှာ ဘယ်နတ်ပြည်က အသာယာဆုံးလဲ"လို့ မေးသတဲ့။

"ဘုရားအလောင်း နောက်ဆုံးဘဝမှာ နေသွားတဲ့ တုသိတာနတ်ပြည်ဟာ ပျော်စရာအကောင်းဆုံးပဲ"လို့ သားသမီးတွေက ပြန်ဖြေ

တဲ့ခါ ဥပါသကာကြီးက ပန်းကုံးကို "တုသိတာနတ်ပြည်က ရထားမှာ ချိတ်ပါစေ"လို့ အဓိဋ္ဌာန်ပြီး ကောင်းကင်ကို ပစ်လိုက်တယ်။ တုသိတာနတ်ပြည်ကလာတဲ့ ရထားမှာ ပန်းကုံးချိတ်နေတာကို ဥပါသကာကြီးပဲ မြင်ရတယ်။ သားသမီးတွေ မြင်ရတာကတော့ ကောင်းကင်မှာ ပန်းကုံးကြီး တန်းလန်းဆွဲနေတာကိုပဲ မြင်ရတယ်။

ကုသိုလ်ကောင်းမှု ခန္ဓာဉာဏ်ရောက် အလုပ်မှာ မမေ့မလျော့ သတိတရားရှိတဲ့သူအတွက် နတ်ပြည်က နတ်ရထားတွေ ဆင်းလာစောင့်ကြိုကြမှာ အမှန်ပါပဲ။ "လုပ်ကိုင်ပြောကြား သတိထား တရားမမေ့စေ"လို့ ကိုယ့်ကိုယ်ကိုယ် နှိုးဆော်သတိပေးကြဖို့ပဲ လိုပါတယ်။ "အရက်သေစာ သောက်စားခြင်းဟာ မှောက်မှားတတ်တဲ့အရာ၊ အသိဉာဏ်ကင်းမဲ့ မေ့လျော့စေနိုင်တဲ့အရာဆိုတာ သိထားရပါမယ်။ မှောက်မှားတတ်တဲ့ အရာတွေကို လုံးဝရှောင်ရှားလို့ မေ့လျော့မှုတွေကင်းရှင်း သတိတရားနဲ့ ခန္ဓာပေါ် ဉာဏ်ရောက်အောင်သွင်းပြီး ချမ်းသာခြင်းအစစ်ကို ရရှိနိုင်ကြပါလိမ့်မယ်။

# နလုံးသွင်းမှားလျှင် မာနဝင်

## မင်္ဂလာအမှတ် (၁၉)

## ရိုသေနှိမ့်ချ ဂါရဝနဲ့ နိဝါတ

မင်္ဂလသုတ္တန်မှာ ဘုရားမြတ်စွာ ဆက်လက်ဟောကြားတော်မူလိုက်တာက–

**ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ။**
**ကာလေန ဓမ္မဿဝနံ၊ ဧတံမင်္ဂလ မုတ္တမံ။**

ဒီပါဠိဂါထာတော်ကို မြန်မာကဗျာလင်္ကာအနေနဲ့ မှတ်သားကြရမယ်။

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက ဆည်းကပ်ခစား ရိုသေသေ။
မာနတံခွန် ဂုဏ်မကြွနဲ့ ကိုယ်ကိုနှိမ့်ချ အမြဲနေ။
လောဘ အပိုလိုမလိုက်နဲ့ ကိုယ်လိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊ နာကြားမပြတ်လေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

'ဂါရဝေါစ၊ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက ဆည်းကပ်ခစား ရိုသေသေ"၊ "နိဝါတောစ၊ မာနတံခွန် ဂုဏ်မကြွနဲ့ ကိုယ်ကိုနှိမ့်ချ

အမြဲနေ”။ ဂါဝရမင်္ဂလာနဲ့ နိဝါတမင်္ဂလာ။ ရိုသေတာရယ်၊ နှိမ့်ချတာရယ်။ ဒီမင်္ဂလာနှစ်ရပ်က ဆက်စပ်နေလို့ နှစ်ပါးလုံးပေါင်းပြီးတော့ လေ့လာကြရအောင်ပါ။

စကားပြောတဲ့အခါမှာ “ဂါရဝနိဝါတ ရှိရမယ်”လို့ တွဲပြီးပြောလေ့ရှိပါတယ်။ ဂါရဝဆိုတာက ကိုယ့်ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမားတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ ရိုသေလေးစား တန်ဖိုးထားခြင်း ဖြစ်ပါတယ်။ နိဝါတဆိုတာက ကိုယ့်ကိုယ်ကို မာန်မာနတွေ သိပ်မထားဘဲနဲ့ ဂုဏ်မကြွ မမောက်မာဘဲနဲ့ ရိုသေကျိုးနွံစွာ မာန်မာနနှိမ့်ချလို့ ပြောဆိုရောင်းဝယ် ဖောက်ကားလုပ်ကိုင်တတ်ခြင်း ဖြစ်ပါတယ်။

ရိုသေနှိမ့်ချပြီးတော့ ဂါရဝမင်္ဂလာ နိဝါတမင်္ဂလာ နှစ်ပါးနဲ့အညီ နေတတ် ထိုင်တတ်မယ်ဆိုရင် ဒီဘဝမှာ လောကီဥစ္စာရတနာ မင်္ဂလာနဲ့ တိုးတက်မယ်။ လောကုတ္တရာရတနာလည်း တိုးတက်ပြီးတော့ နိဗ္ဗာန်ရသည်တိုင် အကျိုးပေးနိုင်ပါတယ်။

အရိုအသေပေးပြီး ဂါရဝထားရမည့် ပုဂ္ဂိုလ်တွေက ဂုဏဝုဍ္ဎိ၊ ဝယဝုဍ္ဎိလို့ နှစ်မျိုးရှိပါတယ်။ ကိုယ့်ထက် ရာထူးအာဏာ ပါဝါကြီးမားတာက ဂုဏဝုဍ္ဎိ၊ ကိုယ်ထက် အသက်သိက္ခာ ဂုဏ်ဝါကြီးမားတာက ဝယဝုဍ္ဎိပေါ့။

ကိုယ့်ထက် အသိက္ခာ ဂုဏ်အာဏာကြီးမားတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာ မထေမဲ့မြင် မပြုရဘူး။ ရိုရိုသေသေ လေးလေးစားစား ဆက်ဆံကြရပါမယ်။ အဲဒီပုဂ္ဂိုလ်တွေကို မရိုမသေ ဆက်ဆံရင် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ မရဘဲ လောကီဥစ္စာရတနာတွေ ဆုံးရှုံးတတ်ပါတယ်။ ကိုယ့်ကိုယ်ကိုယ် သူဌေးကြီးပဲ၊ အရာရှိကြီးပဲ။ ပညာတတ်ကြီးပဲဆိုပြီး မာန်မာနတွေ တက်ကြွထောင်လွှားလို့ တဖက်လူကို မတူသလို မတန်သလို သဘောထား ဆက်ဆံရင်လည်း ရသင့်ရထိုက်တာ ဆုံးရှုံးရပြန်တာပါပဲ။

ရှိသေထိုက်သူကို ရှိသေလိုက်ရင် ဂါ၀ရမင်္ဂလာဖြစ်တယ်။ အရှိအသေခံရတဲ့ ပုဂ္ဂိုလ်က သဘောကျလို့ အခွင့်အရေးပေးမယ်။ မာန်မာနတက်စရာတွေ ကိုယ့်မှာ ဘယ်လိုပဲရှိနေပါစေ နှိမ့်နှိမ့်ချချ ရှိရှိသေသေ သေသေ၀ပ်၀ပ် နေတတ်ရင် လူချစ်လူခင်များပြီး ၀ိုင်း၀န်းကူညီ စောင့်ရှောက်ကြပါလိမ့်မယ်။ ဒီမင်္ဂလာနှစ်ရပ်ဟာ လောကီအတွက်ရော လောကုတ္တရာ ကြီးပွားတိုးတက်ရေးအတွက်ပါ များစွာအရေးကြီးပါတယ်။

## နှလုံးသွင်းမှန်ဖို့လိုတယ်

ဂါရ၀ နိ၀ါတ ရှိဖို့ရာအတွက် အခြေခံအကျဆုံး လိုအပ်ချက်ကတော့ "ယောနိသော မနသိကာရ"ဆိုတဲ့ သင့်တင့်လျောက်ပတ်မှန်ကန်တဲ့ နှလုံးသွင်းရှိခြင်းပါပဲ။ ခန္ဓာနဲ့တကွ လောကပတ်၀န်းကျင်အပေါ်မှာ နှလုံးသွင်း မှန်ကန်မှုရှိဖို့ လိုပါတယ်။

ခန္ဓာပေါ်မှာ နှလုံးသွင်း မှန်ကန်ပုံကို ပြောရရင် တို့တစ်တွေ တရားဟော၊ တရားနာလုပ်နေတာ ခန္ဓာနဲ့ပါ။ ဒီခန္ဓာဟာ မြဲတဲ့တရားမဟုတ်ဘဲ မမြဲတဲ့တရားသာ ဖြစ်ပါတယ်။ ခန္ဓာအပေါ်မှာ ခိုင်မြဲတယ်။ တည်တံ့တယ်၊ ငါကောင်း သူကောင်းလို့၊ အယူမှား အမှတ်မှားခဲ့ရင် သညာ၀ိပ္ပလ္လာသ ဖြစ်သွားပါပြီ။ ငါသာလျှင် မြဲတယ်၊ ငါပြောတာမှ မှန်တယ်၊ ငါကျင့်တာမှ မှန်တယ်လို့ တစ်ဖက်သတ် အယူမှားတာဟာ နှလုံးသွင်း မှားယွင်းခြင်းပါပဲ။

နှလုံးသွင်းမှားယွင်းတဲ့ ၀ိပ္ပလ္လာသဆိုတာက အမှတ်မှားခြင်း၊ သညာ၀ိပ္ပလ္လာသ။ အသိမှားခြင်း၊ စိတ္တ၀ိပ္ပလ္လာသ။ အယူမှားခြင်း ဒိဋ္ဌိ၀ိပ္ပလ္လာသရယ်လို့ သုံးမျိုးရှိပါတယ်။ အဲဒီလို အမှတ်မှား၊ အသိမှား၊

အယူမှားတွေ မဖြစ်ရအောင် ခန္ဓာကိုယ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာယာဉ်သုံးပါးနဲ့ နှလုံးသွင်း ဆင်ခြင်ရပါမယ်။

ဖြစ်ပြီးပျက်တဲ့သဘောဟာ အနိစ္စလက္ခဏာ။ ခန္ဓာထဲမှာ ယားတဲ့ သဘော၊ ကျင်တဲ့သဘော၊ နာတဲ့သဘော၊ အောင့်တဲ့သဘော စသည် ဖြင့် ဖောက်ပြန်တဲ့ သဘောလေးတွေနဲ့ အနိစ္စလက္ခဏာလို့ ပြောရ ပါတယ်။

ခန္ဓာကိုယ်ထဲမှာ စစ်ကနဲ ပေါ်လာတာက အနိစ္စ၊ ပျက်သွားတဲ့ သဘောလေးက လက္ခဏာ။ ပေါင်းလိုက်တော့ အနိစ္စလက္ခဏာဖြစ် ပါတယ်။ ပေါ်လာတာက ဒုက္ခ၊ မရှိတာက လက္ခဏာ။ ပေါင်းလိုက် တော့ ဒုက္ခလက္ခဏာ ဖြစ်ပါတယ်။

ယားတာ အောင့်တာ ကျင်တာနာတာ ပေါ်လာခဲ့ရင် မပေါ်ပါနဲ့ လို့ ပြောလို့မရဘူးနော်။ ယားတာ အောင့်တာဆိုတာ သူ့သဘောမို့လို့ မယားပါနဲ့၊ မအောင့်ပါနဲ့လို့ ပြောမရတာပေါ့။ အဲဒီလိုပြောမရတဲ့ အတွက် ကိုယ် မပိုင်ဆိုင်ဘူးဆိုတာ သိသာနေပါပြီ။ ကိုယ်မပိုင်ဆိုင်တဲ့ အတွက် အတ္တမဟုတ်ဘူး။ အနတ္တသာ ဖြစ်ပါတယ်။

ယားတာ၊ ကျင်တာ အောင့်တာဆိုတဲ့ ဖောက်ပြန်မှုလေးကိုပဲ အနိစ္စလို့ရော ဒုက္ခလို့ရော၊ အနတ္တလို့ရော ပြောပါတယ်။ တချို့က အနိစ္စလို့ပြောမှ သဘောပေါက်မှာမို့ အနိစ္စလို့ ပြောရတယ်။ ဒုက္ခလို့ ပြောမှ သဘောပေါက်ရင် ဒုက္ခ၊ အနတ္တလို့ပြောမှ သဘောပေါက်ရင် အနတ္တလို့ ပြောရတာပါ။ ရှမ်းတွေကို ထမင်းလို့ပြောချင်ရင် 'ခေါက်' လို့ ပြောရသလိုမျိုးပဲ။ ပုဂ္ဂိုလ်ရဲ့ စရိုက်၊ အလိုဆန္ဒအရ သုံးရတာဖြစ် လို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခွဲပြီးပြောနေရပေမဲ့ သဘောတရားကတော့ တစ်မျိုးတည်းပါပဲ။

ပေါ်လာတာက အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ပေါ်လာတာ မှန်သမျှ ပျက်စီးသွားတာက လက္ခဏာ။ အနိစ္စနဲ့တွဲရင် အနိစ္စလက္ခဏာ၊ ဒုက္ခ နဲ့တွဲရင် ဒုက္ခလက္ခဏာ၊ အနတ္တနဲ့တွဲရင် အနတ္တလက္ခဏာလို့ ခေါ်ရ

ပါတယ်။ ကိုယ်မြင်တာကတော့ တစ်ခုတည်းပါ။ ဖြတ်ပျက်တစ်ချက်တည်းကိုပဲ မြင်တာနော်။ ဖြစ်ပျက်တစ်ချက်လေး မြင်လိုက်တာနဲ့ လက္ခဏာယာဉ် သုံးပါးလုံး ပါသွားပါတယ်။

ခန္ဓာကိုယ်ကြီးနဲ့တကွ ဘယ်အရာဝတ္ထုမှ မမြဲကြပါဘူး။ ခန္ဓာကိုယ်ကြီးကို သုဘထင်ပြီးတော့ ပြင်ဆင်နေလိုက်ကြတာနော်။ တကယ်တော့ "တစ်ဒွါရမှာ စားကြသွယ်သွယ်၊ ကိုးဒွါရမှ ထွက်ကျသွယ်သွယ်"ဆိုတဲ့အတိုင်း ဒွါရကိုးပေါက်က ထွက်လေသမျှ မတင့်တယ်လို့ သန့်ရှင်းပေးနေကြရတာပဲ မဟုတ်လား။ ဒါကို သုဘထင်ပြီး "ငါကောင် သူကောင်"လို့ မာနတွေ ထောင်နေကြတာ ဖြစ်ပါတယ်။

အသုဘကို သုဘ ယူလိုက်ရင်လည်း နှလုံးသွင်းမှားတယ်၊ အနိစ္စကို နိစ္စလို့ ယူလိုက်ရင်လည်း နှလုံးသွင်းမှားတယ်။ ဒုက္ခကို သုခလို့ ယူလိုက်ရင်လည်း နှလုံးသွင်းမှားတယ်။ အနတ္တကို အတ္တလို့ ယူလိုက်ရင်လည်း နှလုံးသွင်းမှားပါတယ်။

## အရည်အချင်းပြည့်လေ ဂါရဝနိဝါတရှိလေ

အသုဘကို သုဘ စသည်ဖြင့် နှလုံးသွင်းမှားရာကနေ မာန်မာနတွေ ဝင်လာတတ်ပါတယ်။ ဒါကြောင့် "နှလုံးသွင်းမှားလျှင် မာနဝင်"တဲ့။ ဘယ်ပေါ်မှာ နှလုံးသွင်းမှားတာလဲဆိုတော့ ခန္ဓာပေါ်မှာပါ။ အနိစ္စ၊ ဒုက္ခ၊ အသုဘတွေက ဘယ်မှာပေါ်လာတာလဲဆိုတော့လည်း ဒီခန္ဓာပေါ်မှာပါပဲ။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ အားလုံးပါအောင် ပြောရင် 'ဖြစ်ပျက်'တဲ့။ ဒီဖြစ်ပျက်ကို မမြင်ကြလို့ ခန္ဓာကိုယ်ပေါ်မှာ အမှန်အတိုင်းမမြင်ကြဘူး။ နှလုံးသွင်းမှားကြပြီး မာန်မာနတွေ ဝင်လာတယ်။ နှလုံးသွင်းမှားရင် ဂါဝရ နိဝါတ မထားနိုင်ကြတော့ပါဘူး။ ထောင်ထောင်ထောင်ထောင် လုပ်လာတတ်ကြပါတယ်။

ထောင်ထောင်ထောင်ထောင်လုပ်တာ မပြည့်သေးလို့ပဲပေါ့။ စပါးနှံများ အဆန်မပြည့်ခင် နို့နှစ်ကလေး တည်စမှာ ထောင်တာပဲ။ ထောင်လွန်းရင် လဲတတ်ပါတယ်။ ရှိထားကြီးသား ဥစ္စာ၊ ရွှေငွေ၊ ရာထူးတွေ ကျဆင်းတတ်ပါတယ်။ "ထောင်လွန်းရင်လဲ၊ မော်လွန်းရင် မွဲ" ဆိုတာ မာန်မာနဝင်ပြီး ဂါရဝနိဝါတ မရှိကြတဲ့အတွက် ဖြစ်ရတာပါ။ ဘုရားမြတ်စွာက သတ္တဝါတွေကို လဲလည်းမလဲစေချင်ဘူး၊ မွဲလည်း မမွဲစေချင်ဘူး။ လောကီမင်္ဂလာရတနာတွေ တိုးတက်တာပဲ မြင်ချင်တဲ့အတွက် ဂါရဝနိဝါတ မင်္ဂလာကို ဟောတော်မူခဲ့တာဖြစ်ပါတယ်။

အဆန်မပြည့်သေးတဲ့ စပါးနှံထောင်တာပဲ။ အရည်အသွေး မပြည့်သေးတဲ့ လူလည်း ထောင်တာပဲ။ ပြည့်လာတဲ့အခါ မထောင်ကြဲတော့ဘူး။ စပါးနှံ အဆန်ပြည့်လေ ငိုက်လေ။ လူလိမ္မာ ပညာစုံလေ စိုက်လေ" ဖြစ်ပါတယ်။ ပြည့်ဝနေတဲ့ သူတစ်ယောက်ဟာ မာန်မာန မထောင်လွှားတဲ့အပြင် ဂါရဝ နိဝါတ ပိုပြီးအားကောင်းလာပါတယ်။

ဂါရဝ နိဝါတနဲ့ ပတ်သက်ပြီး အတုယူဆရာကောင်းတဲ့ စံပြပုဂ္ဂိုလ်ကတော့ လက်ယာတော်ရံ အဂ္ဂသာဝက အရှင်မြတ်ကြီးဖြစ်တဲ့ အရှင်သာရိပုတ္တရာ ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာက ပညာအရာမှာ အမြတ်ဆုံး၊ အမြင့်ဆုံး ဧတဒဂ်တွဲ့ထူး ရရှိထားပေမဲ့ မာန်မာန လုံးဝကင်းစင်လှပါတယ်။ တစ်နေ့မှာ အရှင်မြတ်ကြီး သွားရင်းလာရင်းနဲ့ သင်္ကန်းအစွန်းလေး တွဲတွဲကျနေသတဲ့။ ကိုရင်လေးတစ်ပါးက "အရှင်ဘုရား... သင်္ကန်းအစွန်း ကျနေတယ်၊ မညီဘူးဘုရား"လို့ လျှောက်တော့ အရှင်မြတ်ကြီးက တစ်နေရာသွားပြီး သင်္ကန်းကို ညီညာအောင် ပြင်ဝတ်ပါတယ်။ ခဏနေတော့ ကိုရင်လေးရဲ့ရှေ့မှာ လက်အုပ်ချီပြီးတော့ "ဒီလောက်ဆိုရင် ညီပါပြီလားဘုရား"လို့ ရိုရိုသေသေနဲ့ လျှောက်တာတဲ့။

အမှန်ဆို ကိုယ်က ပညာအရာ တေဒဂ်ကြီးပဲ။ မာန်မာနထား ချင်ရင် ဒီကိုရင်ကလေး ဝေဖန်တာကို ဂရုစိုက်စရာ မလိုပါဘူး။ ဒါပေမဲ့ သူတော်ကောင်းကြီးဆိုတော့ မာန်မာနတက်မနေပါဘူး။ "ကိုရင် နောက်နောင် တပည့်တော် သွားတာလာတာ နေတာထိုင်တာ ပြောတာဆိုတာ အဆင်မပြေလို့ ကြည်ညိုဖွယ် ပါသာဒိကဂုဏ် မဆောင်ဘူးဆိုရင် အခုလိုပဲ ဆုံးမပါဦးဘုရား"လို့ လျှောက်သေးတယ်။ ပြည့်ဝတဲ့ ပုဂ္ဂိုလ်များမှာ အဲဒီလို ဂါရဝနိဝါတ ရှိကြတာပါ။

## မာနထားလို့ တရားမရရှာဘူး

ကောသမ္ဗီပြည့်ရှင် ဘုရင်ဥတေနမှာ မာဂဏ္ဍီ၊ ဝါသုလဒတ္တနဲ့ သာမာဝတီဆိုပြီးတော့ မိဖုရားကြီး သုံးယောက်ရှိတယ်။ အဲဒီအထဲက မာဂဏ္ဍီဆိုတာက ကုရုတိုင်းက မာဂဏ္ဍီပုဏ္ဏားကြီးနဲ့ ပုဏ္ဏားမကြီးရဲ့ သမီး။ အဖေ မာဂဏ္ဍီ၊ အမေ မာဂဏ္ဍီ၊ သမီးမာဂဏ္ဍီ နာမည်တူတွေ မှည့်ထားတာ။ မာဂဏ္ဍီနွယ်ဝင် ဇာတ်မြင့်တဲ့ ပုဏ္ဏားမျိုးတွေတဲ့။

အဲဒီ မာဂဏ္ဍီသမီးလေး အရွယ်ရောက်လာတဲ့အချိန်မှာ ရုပ်ဆင်း ရူပကာ သိပ်လှတာပဲတဲ့။ သူတို့သမီးနဲ့ လက်ထပ်ထိမ်းမြားပါရစေလို့ လာပြီးတောင်းရမ်းတဲ့သူတွေ ရှိပေမဲ့ သမီးက သိပ်လှတော့ မတူဘူး မတန်ဘူး၊ တော်ရုံတန်ရုံလူနဲ့ မပေးစားနိုင်ပါဘူးဆိုပြီး ပြောလွှတ် တယ်။ သူတို့က ဗေဒင်လက္ခဏာ တက်ကျွမ်းတော့ ဘုန်းတန်ခိုး လက္ခဏာနဲ့ ပြည့်စုံတဲ့ ယောက်ျားကောင်း ယောက်ျားမြတ်နဲ့တွေ့မှ ပေးစားမယ်လို့ ကြံရွယ်ထားကြတာတဲ့။

တစ်နေ့မှာ ပုဏ္ဏားကြီးက မြို့ထဲကို ဆွမ်းခံကြွလာတဲ့ ဘုရား မြတ်စွာကို မြင်လိုက်ရတော့ ငါ့သမီးနဲ့ ထိုက်တန်တဲ့ ယောက်ျားမြတ် တွေ့ပြီဆိုပြီး အားရဝမ်းသာနဲ့ ပုဏ္ဏေးမကြီး ပြောတယ်။ သမီးလေး

ကိုပါခေါ်ပြီး ဘုရားနောက်ကို လိုက်ကြတော့ လမ်းမှာ ဘုရားမြတ်စွာ ချထားခဲ့တဲ့ ခြေတော်ရာကိုကြည့်ပြီး ပုဏ္ဏေးမကြီးက "ဘုန်းလက္ခဏာနဲ့ ပြည့်စုံတဲ့သူတော့ မှန်တယ်။ ဒါပေမဲ့ ငါးပါးအာရုံ ကာမဂုဏ်တောမှာ ပျော်မည့်သူတော့ မဟုတ်ဘူး"လို့ ဆုံးဖြတ်တယ်။

ဘုရားနဲ့လည်း တွေ့ရော ပုဏ္ဏားကြီးက "ရှင်ရဟန်း ကျွန်ုပ်ရဲ့ သမီးကို သိမ်းပိုက်ပြီး အိမ်ထောင်ပြုပါ"လို့ လျှောက်တယ်။ အဲဒီမှာ ဘုရားရှင်က "ပုဏ္ဏားကြီး... ငါဘုရား၊ ဖောခိပင်နဲ့ ရွှေပလ္လင်ကိုအောင်မြင်လို့ ဘုရားဖြစ်တော်မူပြီးစ အဇပါလ ညောင်ပင်ရင်းမှာ သီတင်းသုံးနေခိုက် မာရ်နတ်ရဲ့ သမီးသုံးယောက် တဏှာ၊ ရာဂါ၊ အရတီ ဆိုတာတွေ မြူဆွယ်ဖြားယောင်းတာတောင် လက်မခံခဲ့ဘူး။ သင့်လိုလူရဲ့ သမီးကို ဘယ်လိုလုပ် စိတ်ဝင်စားမှာလဲ"လို့ အမိန့်ရှိပြီး သင့်သမီးဟာ ဘယ်လောက်ပဲ ချောတယ်ပြောပြော အနိစ္စ၊ ဒုက္ခ၊ အနတ္တ အသုဘပါပဲ စသည်ဖြင့် တရားဟောတော်မူလိုက်တဲ့အခါ ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီး နှစ်ယောက်လုံး ဖြစ်ပျက်မှန်လို့ အနာဂါမ် အရိယာပုဂ္ဂိုလ်ကြီးတွေ ဖြစ်သွားကြပါတယ်။

နှလုံးသွင်း မှန်ကန်တဲ့ မိဘတွေက အနာဂါမ် တည်သွားကြပေမဲ့ သမီး မာဂဏ္ဍီကတော့ ကျန်ရစ်တယ်။ ခန္ဓာအကြောင်းပြောတာလည်း နားမဝင်နိုင်၊ အိုနာသေ သဘောတရားကိုလည်း လက်မခံနိုင်ဘူးတဲ့။ သူ့ရဲ့ ခန္ဓာကြီးကို ခိုင်မြဲတယ်။ သူ့ရဲ့ အလှအပဟာလည်း တည်တံ့တယ်ထင်ပြီးတော့ နှလုံးသွင်းမှားယွင်းပြီး မာနတွေဝင်နေပါတယ်။ သူ့လို လှပတဲ့ မိန်းကလေးကိုများ အပုပ်ကောင် အသုဘပြောရမလားလို့ ဘုရားကို မကျေနပ်ဘူး။ ငါ့ကို ချိုးချိုးဖွဲ့ဖွဲ့ပြောတဲ့ ဘုရား တစ်နေ့ ငါ့အကြောင်း ပြရသေးတာပေါ့ဆိုပြီး မြတ်စွာဘုရားကို ရန်ငြိုးဖွဲ့လိုက်ပါသတဲ့။

## ဂါရဝထားရင် တရားရပါတယ်

မာဂဏ္ဍီ ပုဏ္ဏားကြီး ဇနီးမောင်နှံက အနာဂါမ် အရိယာပုဂ္ဂိုလ်တွေ ဖြစ်သွားတော့ တရားနဲ့ပဲ နေတော့တယ်။ သမီးလေး မာဂဏ္ဍီကို သူ့ဦးလေးဆီမှာ အပ်နှံထားသတဲ့။ ဦးလေးဖြစ်သူက "ငါ့တူမလေး သိပ်လှတယ်၊ ဘုရင်ကတော် ဖြစ်နိုင်တယ်"ဆိုပြီး ဥတေနဘုရင်ဆီ သွားဆက်တော့ ဘုရင်က သဘောကျပြီး မိဖုရားမြှောက်လိုက်တယ်။

ဘုရင့်မိဖုရားဖြစ်လို့ အာဏာလည်းရှိလာရော ဘုရားကို ရန်ပြုဖို့ ကြံတော့တာပဲ။ အရက်သမား လူရမ်းကားတွေကို ပိုက်ဆံပေးပြီးတော့ ဘုရားကို အဆဲခိုင်းတယ်။ ဘုရားရှင်နဲ့ သံဃာတော်တွေက သည်းခံနေကြတော့ သူ ဘာမှဆက်မလုပ်ဟုတ်ဟော့ဘူး။ နောက်တော့ မိဖုရားတစ်ပါးဖြစ်တဲ့ သာမာဝတီကို သွားတွေ့တယ်။ သာမာဝတီက ရတနာမြတ်သုံးပါးကို ကြည်ညိုတယ်၊ ဘုရားရှင်နဲ့ သံဃာတော်တွေကို ဆွမ်းလောင်းတယ်။ ဘုရားကို ရန်လုပ်လို့မရရင် ဘုရားတပည့် သာမာဝတီမိဖုရားကို ရန်ရှာရမှာပဲလို့ ကြံသတဲ့။

သာမာဝတီ မိဖုရားက စောစောပိုင်းမှာ ဗုဒ္ဓဘာသာဝင် မဖြစ်သေးဘူး။ သူ့ရဲ့ ကျွန်မ ခုဇ္ဇုတ္တရာဆိုတာ ရှိတယ်။ ခုဇ္ဇုတ္တရာ ကျွန်မက သာမာဝတီ မိဖုရားအတွက် နေ့စဉ်နေ့တိုင်း ပန်းတွေဝယ်ပေးရတော့ တစ်နေ့မှာ ပန်းတွေအများကြီးပါလာတာနဲ့ "ပန်းသည် လက်ဆောင်ပေးလိုက်တာလား"လို့ မေးကြည့်တယ်။ "မဟုတ်ပါဘူး၊ ခါတိုင်း ပန်းဖိုးထဲက တစ်ဝက်ယူထားပြီး တစ်ဝက်ဖိုးပဲ ဝယ်ပါတယ်။ ဒီနေ့တော့ ပန်းဖိုး အပြည့်ဝယ်ခဲ့တဲ့အတွက် ပန်းတွေ အများကြီးဖြစ်နေတာပါ"လို့ ရှင်းပြသတဲ့။

အဲဒီမှာ သာမာဝတီက "ခါတိုင်းတော့ ပန်းဖိုးတွေ နုတ်ထားပြီး အခုမှ ဘာဖြစ်လို့ အပြည့်ဝယ်ပေးရတာလဲ" မေးတော့ "သုမန

ပန်းသည်ဆီ ပန်းဝယ်သွားရင်း မြတ်စွာဘုရားကို ဆွမ်းကပ်တာနဲ့ ကြုံကြိုက်လို့ ဘုရားလည်းဖူးရ တရားလည်းနာရပြီး ကျွန်မ သောတာ ပန်တည်ခဲ့ပါပြီ။ ဒါကြောင့်မို့ ပန်းဖိုးမနုတ်ဘဲနဲ့ အပြည့်ဝယ်ခဲ့တာပါ” လို့ ရှင်းပြတဲ့အခါ သဘောကျသွားတယ်။ ခုဇ္ဇုတ္တရာကို ရေမိုးချိုး သန့်ပြန့်တဲ့ အဝတ်အစားတွေ ဝတ်ပေးပြီးတော့ သလွန်ပေါ်မှာ အထိုင် ခိုင်းတယ်။ သူကတော့ ကြမ်းပြင်ပေါ်မှာ ထိုင်ပြီးတော့ ဘုရားတရား တော်ကို ဟောပေးပို့ တောင်းပန်ပါတယ်။

ခုဇ္ဇုတ္တရာက ကျွန်မဖြစ်ပေမဲ့ သောတာပန်အရိယာကြီးဆိုတော့ လေးစားရှိသေရမယ်။ ဘုရားဟောတဲ့ တရားကိုလည်း ရိုသေလေးစား တဲ့အနေနဲ့ အမြင့်မှာ အထိုင်ခိုင်းပြီးတော့မှ တရားနာပါတယ်။ သာမာ ဝတီဟာ ငါ မိဖုရားကြီးဆိုတဲ့ မာန်မာန မထားဘဲ ဗုဒ္ဓဂါရဝ ဓမ္မဂါရဝ သံဃဂါရဝ ဂါရဝနိဝါတတရား လက်ကိုင်ထားလိုက်ပါတယ်။ ခုဇ္ဇုတ္တ ဟောကြားတဲ့ သစ္စာတရားကို နာကြားပြီး ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတွေက သမု ဒယသစ္စာ၊ သမုဒယချုပ်ရာ ငြိမ်းရာနိရောဓသစ္စာ သစ္စာလေးချက်ဆိုက် ပြီးတော့ သာမာဝတီ မိဖုရားကြီးနဲ့တကွ မောင်းမငါးရာတို့ သောတာ ပန်တည်သွားပါတယ်။

မာန်မာနမထားဘဲ ဂါရဝ နိဝါတတရားနဲ့အညီ မင်္ဂလာနှစ်ရပ်ကို ကျင့်သုံးလိုက်တဲ့အတွက် မင်္ဂလိုဖိုလ်ချမ်းသာ ရရှိသွားခြင်းဖြစ်ပါတယ်။ ဂါရဝ နိဝါတ မင်္ဂလာသည် လောကီမှာလည်း ကျေးဇူးပြုသလို လောကုတ္တရာမှာလည်း ကျေးဇူးပြုကြောင်း ထင်ရှားပါပြီ။ ကျွန်မ ဖြစ်သော်လည်း သောတာပန် အရိယာဆိုတဲ့ ဂုဏဝုမ်ိကို ရိုသေ လေးစား ဂါရဝထားခဲ့တယ်။ အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးရင် ဆည်းကပ်ခစား ရိုသေရ”ကြရမှာ အမှန်ပါပဲ။

## မာနကင်းစင်မှ အောင်မြင်ကြမည်

ခုဇ္ဇုတ္တရာဆိက တရားနာပြီး သောတာပန်ဖြစ်သွားပေမဲ့ သာမာဝတီက မြတ်စွာဘုရားရှင်ကို ဖူးမျှော်ဖူးတာ မဟုတ်ဘူး။ တစ်နေ့တော့ မြတ်စွာဘုရားရှင် ကောသမ္ဗီပြည်ကို ကြွလာတော်မူတယ်ဆိုတဲ့ သတင်းစကား ကြားရတာနဲ့ ဘုရားဖူးခွင့်ရအောင် ခုဇ္ဇုတ္တရာကို အကူအညီတောင်းတယ်။ ခုဇ္ဇုတ္တရာကလည်း ဥတေနဘုရင်က မိစ္ဆာဒိဋ္ဌိဘုရင်ဆိုတော့ ဘုရား၊ တရား မကြည်ညိုဘူး။ သူ့မိဖုရား မောင်းမတွေဘုရားဖူးတာသိရင် အမျက်ရှမှာအမှန်ပဲ။ ဒီတော့ ဘုရားဆီရောက်အောင် သွားလို့တော့ မသင့်တော်ဘူး။ နန်းတော်ဆောင်ထဲကနေ အပေါက်ကလေးတွေ ဖောက်ထားပြီး ဖူးကြပေတော့လို့ စီစဉ်ပေးလိုက်သတဲ့။

ဒီသတင်း မာဂဏ္ဍီကြားတော့ ဘုရင်ဥတေနကို ဂုံးချောတော့တာပဲ။ ဒါပေမဲ့ ဥတေနက မယုံဘူး။ နောက်တစ်ခါ မာဂဏ္ဍီက ကြက်အရှင်လေးကောင် ယူလာပြီး ဘုရင် ပွဲတော်စာအတွက် ချက်ခိုင်းတယ်။ သာမာဝတီက သောတာပန်ဆိုတော့ သူ့အသက် မသတ်မှန်း သိရက်နဲ့ တမင်ခိုင်းတာပဲ။ သာမာဝတီကလည်း ချက်မပေးဘူးပေါ့။ ပြီးတော့ ကြက်အသေတွေ ပို့ပေးပြီး ဘုရားကပ်ရအောင် အချက်ခိုင်းပြန်တယ်။ သာမာဝတီကလည်း ချက်ပေးတယ်။ အဲဒါ "ဘုရင့်အတွက် ကြက်သားချက်ခိုင်းတာကျတော့ မချက်ပေးဘူး၊ သူ့ဘုရားအတွက်ကျတော့ ချက်တယ်"လို့ ဂုံးချောပြန်ရော။

နောက်တစ်ခါ သာမာဝတီ အဆောင်ထဲက စောင်းထဲကို မြွေထည့်ပြီး ဘုရင်ဥတေန၊ အထင်လွဲအောင် ကြံပြန်တယ်။ ဘုရင်က ဘယ်လိုမှ အရေးမယူဘူးဆိုတော့ သာမာဝတီအဆောင်ကို မီးရှို့တော့တာပဲ။ မာဂဏ္ဍီရဲ့ လက်ချက်မှန်းသိတော့ ဘုရင်ဥတေနက မာဂဏ္ဍီ

နဲ့တကွ ဆွေမျိုးတွေ အကုန်လုံး ဆုပေးမယ်ဆိုပြီး အခေါ်ခိုင်းလို့ သတ်ပစ်လိုက်သတဲ့။

သာမာဝတီနဲ့ မာဂဏ္ဍီ သေရတာချင်း တူပေမဲ့ သာမာဝတီက သောတာပန်အရိယာ ဖြစ်သွားတယ်။ မာဂဏ္ဍီကတော့ ငရဲကျရတယ်။ တကယ်ဆိုတော့ မာဂဏ္ဍီက ဘုရားကို အရင်ဆုံး ဖူးတွေ့ခဲ့ရသူပဲ။ သာမာဝတီ သောတာပန်ဖြစ်ရင် သူက ရဟန္တာအဆင့်တောင် ဖြစ်နိုင်တယ်။ ဒါပေမဲ့ သူ့ကိုယ်သူ လောကမှာ အချောဆုံး၊ အလှဆုံးလို့ မာန်မာနတွေ တက်နေခဲ့တော့ ဘုရားနဲ့တွေ့ခဲ့ရတာလည်း ရှိသေလေးစားရကောင်းမှန်း မသိခဲ့ဘူး။ သူ့လို လှပတဲ့ မိန်းကလေးကို ငြင်းရပါ့မလားလို့ ဘုရားရှင်ကို ဒေါသနဲ့ ရန်ငြိုးဖွဲ့တယ်။ သာမာဝတီကိုလည်း ငါနဲ့မတူ ငါ့ရန်သူ၊ လင်တူမယားလည်းဖြစ်တော့ မနာလိုဝန်တို ဣဿာမစ္ဆရိယတွေ ဝင်နေတဲ့အတွက် သောတာပန်အရိယာမကြီးကို ပြစ်မှားမိပြန်တယ်။

ရတနာမြတ်သုံးပါးကို မရိုသေ၊ အရိယာပုဂ္ဂိုလ်ကို ပြစ်မှားမိတာဟာ မာနတရားက နှိပ်စက်တာပါပဲ။ လူဆိုတာ မာနတရားဝင်လာရင် ဘဝင်မြင့်ပြီး ရိုသေထိုက်သူကိုလည်း မရိုသေနိုင်၊ ကိုယ့်ကိုယ်ကိုလည်း မနှိမ့်ချနိုင်နဲ့ ဂါရဝ နိဝါတ မင်္ဂလာ ပျက်ခဲ့ရပါတယ်။ ဂါရဝနိဝါတမင်္ဂလာ ချို့ယွင်းတဲ့အတွက် လောကီစည်းစိမ် အသက်ချမ်းသာ ပျက်စီးရုံမကဘဲ အပါယ်ငရဲကို ကျရောက်ခဲ့ရကယ်။ ဂဗ္ဘပွက် သံသရာ နှစ်ဖြာလုံး အကျိုးမဲ့ရပြီး လောကုတ္တရာမင်္ဂလာကြီးနဲ့လည်း လွဲချော်ခဲ့ရပါတော့တယ်။

မာဂဏ္ဍီ ခုလိုမျိုး အဖြစ်ဆိုးနဲ့ ကြုံရအောင် မာနတရားက လုပ်ပေးလိုက်တာပါ။ မာနတရားကလည်း နှလုံးသွင်းမှားရာကနေ ဝင်ရောက်လာတာ ဖြစ်ပါတယ်။ ဒါကြောင့် "နှလုံးသွင်းမှားလျှင် မာနဝင်"လို့ ပြောနိုင်ပါတယ်။

နှလုံးသွင်းမှားရခြင်းဟာ ခန္ဓာပေါ် ဉာဏ်မရောက်လို့ ဖြစ်ရတာပဲ။ နှလုံးသွင်း မမှားရအောင် ခန္ဓာပေါ်မှာ ဉာဏ်ရောက်အောင် အားထုတ်ကြရပါမယ်။ အဲဒီလို အားထုတ်ခဲ့ရင် မာနမဝင်ဘဲ ဂါရဝ နိဝါတ မင်္ဂလာ ပြည့်စုံကြပြီး သာမာဝတီမိဖုရားတို့လို လောကုတ္တရာ မင်္ဂလာ တိုးပွားလို့ သောတာပန်အရိယာပုဂ္ဂိုလ်ကြီးတွေ ဖြစ်နိုင်ကြပါတယ်။ လောကမှာ အောင်မြင်ကြီးပွား ကျော်ကြားတဲ့ ပုဂ္ဂိုလ်များကို ကြည့်ရင် "နှုတ်ချိုသျှိုတစ်ပါး"ဆိုတဲ့အတိုင်း စကားပြော ချိုသာကောင်းမွန်တာ၊ မာန်မာန နှိမ်ချပြီး ရိုသေထိုက်သူကို ရိုသေတာတွေ့ရပါလိမ့်မယ်၊ အောင်မြင်တိုးတက်ချင်တယ်ဆိုရင်တော့ မာန်မာန မထားဘဲ ဂါရဝ နိဝါတ ပြည့်စုံအောင် နေကြဖို့ လိုအပ်တာအမှန်ပါပဲ။

# ပပဋ္ဌအလိုလိုက် သိပ်မိုက်တဲ့သား

## မင်္ဂလာအမှတ် (၂၀)

## ကိုယ့်အတိုင်းအတာသိမှ ရောင့်ရဲတယ်

သန္တုဋ္ဌိစ "လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ" ကိုယ့်ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်နိုင်တာ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်။ လူ့လောက လူ့ဆန္ဒဆိုတာက ဘယ်လောက်ပဲ ရရ၊ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ။ ကျေနပ်သွားပြီ၊ တော်ပါပြီ ရယ်လို့ မရှိဘဲ "ရလေလိုလေ အိုတဏှာ" ဖြစ်နေတတ်ပါတယ်။ ကိုယ့်ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်နိုင်တဲ့ သန္တုဋ္ဌိချမ်းသာ၊ သန္တုဋ္ဌိ မင်္ဂလာသည်သာလျှင် အကောင်းဆုံး အပြည့်စုံဆုံး ချမ်းသာဖြစ်ပါတယ်။ ဒါကြောင့် "ရောင့်ရဲတင်းတိမ် လူ့စည်းစိမ်း"လို့တောင်မှ ဆိုရိုးစကား ပေါ်ထွန်းလာရပါတယ်။

လူဆိုတာ ကိုယ့်အတိုင်းအတာကို ကိုယ်သိရမယ်။ ကိုယ့်အနေအထားကို ကိုယ်သိရမယ်။ အဲဒီလို အတိုင်းအတာ မသိဘဲနဲ့ လွန်လွန်ကဲကဲ အလိုရမ္မက်ဖြစ်ပြီး ရချင်လိုချင် ခင်မင်စွဲမက်လွန်းအားကြီးရင် မကောင်းနိုင်ပါဘူး။ သန္တုဋ္ဌိစဆိုတဲ့ ရောင့်ရဲတင်းတိမ်ခြင်း မင်္ဂလာ ပျက်တော့တာပါပဲ။ လိုချင်တာက တဏှာ၊ လောဘ "သန္တုဋ္ဌိစက အလောဘ၊ သန္တုဋ္ဌိစ အလောဘက မင်္ဂလာပြဋ္ဌာန်းပြီးတော့ လောဘရဲ့ သဘောက အမင်္ဂလာ ပြဋ္ဌာန်းပါတယ်။

ခန္ဓာဉာဏ်ရောက် တရားကို တစ်ကြိမ်တစ်ခါမျှဖြစ်စေ နာကြားဖို့ လိုပါတယ်။ အဲဒီလို နာကြားဖူးမှသာလျှင် လောဘနည်းပါးပြီး တော့ ရောင့်ရဲတင်းတိမ်တတ်ပါတယ်။ တရားမနာ အသိမဝင်မထား ဘူးဆိုရင် ငါးဖြာအာရုံ ကာမဂုဏ်ဥစ္စာ ပစ္စည်းနဲ့ ခန္ဓာရရှိဖို့ရာ နောက်ကို တစ်ကောက်ကောက် လိုက်နေတော့တာပါပဲ။

တဏှာလောဘစိတ်တွေနဲ့ မရမနေ စွဲလမ်းစွာ ရှာမှီးနေကြပေမဲ့ ရလာတဲ့ဥစ္စာ ခန္ဓာတွေက မြဲသလားမေးရင် မမြဲပါဘူး။ ရလာရင် ချမ်းသာမယ် ထင်နေပေမဲ့ တကယ်တော့ မချမ်းသာပါဘူး။ ငါ ငါ့ကိုယ် ငါ့ခန္ဓာ၊ ငါ့ဥစ္စာ၊ ငါ့သားသမီးလို့ ဘယ်လိုပဲ စွဲလမ်းနေကြပေမဲ့ အနတ္တသဘောသာ ဖြစ်ပါတယ်။

မမြဲတဲ့ အနိစ္စတရားကို နိစ္စလို့ထင်ရင် မာနဝင်တတ်ပါတယ်။ ဆင်းရဲဒုက္ခကို သုခလို့ ထင်မြင်နေတာဟာ တဏှာဝင်နေတာပါပဲ။ အနတ္တလို့ အတ္တလို့ ယုံကြည်လက်ခံထားရင်လည်း ဒိဋ္ဌိဝင်နေတာ ဖြစ်ပါတယ်။ တဏှာမာန ဒိဋ္ဌိတွေ ဝင်လာရတာသည် ရောင့်ရဲတင်းတိမ်ခြင်း၊ သန္တုဋ္ဌိစမင်္ဂလာ ချို့တဲ့နေလို့ပါပဲ။

## စီးပွားရှာရင် အန္တရာယ်ကိုလည်း ကြည့်မြင်ပါ

တဏှာမာန ဒိဋ္ဌိ တရားသုံးပါးကို ပပဉ္စတရားလို့ ခေါ်ပါတယ်။ ပပဉ္စဆိုတာ အပါယ်သံသရာကို ချဲ့ထွင်တတ်တဲ့ တရားတဲ့။ တဏှာမာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေဟာ မိုးပေါ်ကကျလာတာ မဟုတ်ဘဲ ခန္ဓာပေါ် ဉာဏ်မရောက်လို့ ရောင့်ရဲတင်းတိမ်ခြင်း သန္တုဋ္ဌိစ မင်္ဂလာ မရှိလို့ ဖြစ်လာရတဲ့ တရားတွေပါ။

ရောင့်ရဲတင်းတိမ်ခြင်းဟာ မင်္ဂလာရှိတယ်။ အလောဘဖြစ်တယ်။ အလောဘရဲ့ ဆန့်ကျင်ဘက် လောဘဖြစ်နေရင်တော့အမင်္ဂလာ

ဖြစ်သွားပါတယ်။ ဒါကြောင့် "လောဘအပို လိုမလိုက်နဲ့ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ"လို့ ပြောနေရတာ ဖြစ်ပါတယ်။ ကိုယ့်ဝင်ငွေ ကိုယ့်အဆင့်အတန်း၊ ကိုယ့်ပတ်ဝန်းကျင် အနေအထားက ချဉ်ပေါင်ဟင်းပဲ စားသင့်တယ်ဆိုရင် ချဉ်ပေါင်ဟင်းနဲ့ပဲ ကျေနပ်တတ်ရမယ်။ စက်ဘီးလေးနဲ့ပဲ သွားလာသင့်တယ်။ သုံးသင့်တယ်ဆိုရင် စက်ဘီးလောက်နဲ့ပဲ ကျေနပ်နိုင်တာ၊ ရောင့်ရဲတင်းတိမ်ခြင်း မင်္ဂလာဖြစ်တာပေါ့။

အခုတော့ ဒီလိုမဟုတ်ကြဘူး။ ချဉ်ပေါင်ဟင်းစားရတဲ့ အဆင့်အတန်း ဖြစ်နေပါလျက်နဲ့ ဝက်သားဟင်း စားချင်ကြတယ်။ စက်ဘီးလောက်နဲ့ ကျေနပ်သင့်လျက်နဲ့ မော်တော်ဆိုင်ကယ်တွေ ကားတွေ စီးချင်လာကြတယ်။ ဝက်သားစားရရေးအတွက် ဖြတ်လမ်းကနေ မတော်မတရား စီးပွားရှာကြတော့တာပဲ။ ဆိုင်ကယ်စီးရအောင် ကားစီးရအောင် မရရတဲ့နည်း မဖြစ်ဖြစ်တဲ့နည်းနဲ့ လုပ်ကြတော့တာပဲ။

ကိုယ့်ရပ်ကိုယ့်ရွာ မိရိုးဖလာ လုပ်ငန်းလေးတွေနဲ့တင် အားမရတော့ဘဲ စီးပွားဖြစ်တယ်၊ ငွေအရများတယ်ဆိုတဲ့ မိုင်းရှူး၊ လုံးခင်း၊ ဖားကန့်၊ မိုးကုတ်၊ ဇရပ်ကွင်းစတဲ့ ရွှေတောကျောက်တောတွေ အရောက်သွားကြတာနော်။ အဲဒါ လောဘအပို အလိုလိုက်နေကြတာ မဟုတ်လား။ ရွှေတော ကျောက်တောပါလို့ ဆိုနေမှ ရွှေရ ကျောက်ရနဲ့ သူဌေးဖြစ် ချမ်းသာသွားတဲ့လူလည်း ရှိမှာပေါ့။ ဒါပေမဲ့ သူများ ရွှေရတယ်၊ ကျောက်ရတယ်ဆိုတိုင်း ကိုယ်က ရဖို့သေချာတာ မဟုတ်ပါဘူး။

ရွှေတောသွားတိုင်းသာ သူဌေးဖြစ်ရင် ဇရပ်ကွင်းမှာ အလုပ်သမားတောင်မှ ရှိပါဦးမလား။ ချမ်းသာနေမှတော့ ဘယ်သူက သက်စွန့်ဆံဖျား ဆင်းရဲပင်ပန်းအောင် လုပ်ကိုင်နေကြမှာတဲ့လဲ။ ခုတော့

ရွှေတောမှာ သူဌေးနဲ့ အလုပ်သမား ဆင်းရဲသား ဘယ်သူက ပိုများလဲ အသိသာကြီးပါနော်။

ရွှေရတာ ကျောက်ရတာတော့ သိတယ်။ ငှက်ဖျားမိပြီး သေတာကြ လူမမြင်ဘူး။ ကျောက်တွင်း၊ ရွှေတွင်းဆိုတာ ကြက်လိုယက်ပြီး တူးကြရတာ။ တွင်းပြို မြေပိလို့ သေရတာနဲ့၊ တောင်ပိလို့ သေရတာနဲ့ နည်းတာမဟုတ်ဘူး။ ဖြစ်လိုက်ရင်လည်း တစ်ယောက်စ နှစ်ယောက်စ မဟုတ်ဘဲ ငါးဆယ် တစ်ရာ နှစ်ရာအထိ သေကြ ကြေကြရတာ။ သိပ်သနားစရာ၊ ဝမ်းနည်းစရာကောင်းပါတယ်။ လောဘအပို အလိုလိုက်မိတဲ့အတွက်ကြောင့် ဒုက္ခရောက်ရပုံတွေပါ။

စီးပွားဥစ္စာ ရှာတဲ့နေရာမှာ အဲဒီလိုပဲ ကြိုးစားပမ်းစား ရှာဖွေကြရဟာပါပဲ။ ဥစ္စာရှာတာကို အပြစ်မပြောပါဘူး။ ထိုက်သလောက် လုပ်ကိုင်ရှာဖွေတာတော့ ရှာဖွေပေါ့။ ကိုယ်သွားမည့်လမ်းကို အန္တရာယ် ရှိမရှိ ကြည့်ဖို့ကောင်းပါတယ်။ သန္တုဋ္ဌိစ ရောင့်ရဲကင်းကိမ်ခြင်းမရှိရင် အန္တရာယ်ကို မမြင် အမှန်ကို မဆင်ခြင်မိဘဲ ဒုက္ခရောက်တတ်ပါတယ်။

## ငါးမျှားချိတ်ကိုလည်း မြင်စေချင်

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးက ဝေဒနာသံယုတ်ကို ကိုးကားပြီးတော့ "ရေထဲကငါး၊ ကုန်းပေါ်မှာသေတာ ဘာကြောင့်လဲ။ လောဘအပို အလိုလိုက်လို့ကွ"လို့ မိန့်တော်မူခဲ့ဖူးပါတယ်။ "စက္ခုရူပေန သံဝါသာ ရာဂပုတ္တံ ဝိဇာယတိ"ဆိုတဲ့အတိုင်း ငါးတစ်ကောင်ရဲ့ မျက်လုံးနဲ့ တံငါပစ်ချလိုက်တဲ့ ငါးစာနဲ့ တန်းမိသွားတော့ အစာကို ဟပ်ချင်တဲ့ တဏှာ၊ ငါးရဲ့ နှလုံးသားထဲမှာ ပေါ်လာတယ်။ ငါဆိုတဲ့ သတ္တဝါက ငါးစာကိုသာ မြင်ပါတယ်။ ငါးစာရဲ့အောက်မှာ ကွယ်နေတဲ့ ငါးမျှားချိတ်ကိုတော့ မြင်တာမဟုတ်ဘူး။

ခါတိုင်းစားနေကျ ရေပိုး၊ ရေမွှားလေးတွေနဲ့တင် အားရကျေနပ် မနေဘဲနဲ့ ငါးစာတီကောင်လည်း မြင်လိုက်ရော၊ လောဘအပို အလို လိုက်ပြီး ဟပ်လိုက်တာပဲ။ သူက တီကောင်ရဲ့ အရသာကိုပဲ တွေးနေ တယ်။ စားသွားပေါ်က ပျားရည်စက်ကိုသာမြင်ပြီး စားသွားရဲ့ အန္တရာယ်ကို မမြင်သလိုမျိုး ငါးမျှားချိပ် အန္တရာယ်ကျတော့ မမြင်ဖူး လေ။ တီကောင်ကို ဟပ်လိုက်တာနဲ့ တပြိုင်နက် အာခေါင်ကို ငါးမျှား ချိတ်က ဖပ်ကနဲ စူးတော့တာပေါ့။ ငါးမျှားချိတ်မှာ ငါးမိမှန်းလည်း သိရော တံငါသည်က ကုန်းပေါ်ပစ်တင်လိုက်တာပဲ။ ရေထဲကငါး ကုန်းပေါ်ရောက်တာနဲ့ သေခြင်းဆိုးနဲ့ သေရတော့တာပဲပေါ့။

ရေထဲကငါး ကုန်းပေါ်ရောက်ပြီး သေခြင်းဆိုးနဲ့ သေရတာဟာ တဏှာရဲ့ လက်ချက်ပါပဲ။ ယောဂီတို့တစ်တွေ ခန္ဓာငါးပါး ရှိပြီဆိုမှ တော့ မအိုချင်လည်းပဲ အိုရမယ်၊ မနာချင်လည်းပဲ နာရမယ်၊ မသေ ချင်လည်းပဲ သေရမယ်။ အိုခြင်းဆိုး၊ နာခြင်းဆိုး၊ သေခြင်းဆိုးတွေနဲ့ သေရတာဟာ တဏှာရဲ့ လက်ချက်ဖြစ်ပါတယ်။

**"နန္ဒိရာဂသဟဂတာ တတြတတြာဘိနန္ဒိနီ"** ဆိုတဲ့အတိုင်း ဘဝတိုင်း ဘဝတိုင်းမှာ ဒီခန္ဓာမျိုး လိုချင်ခဲ့ကြတာကို၊ လိုချင်တော သေလိုက်ပေါ့။ ခန္ဓာရှိလို့ သေကြရတာပဲဥစ္စာ။ သေတာချင်းအတူဟူ ဖြစ်ပျက်မြင် ခန္ဓာဉာဏ်ရောက် အသိမျိုးနဲ့ သေဖို့ကောင်းပါတယ်။ ဖြစ်ပျက်မြင်ပြီး တောထဲက တဲလေးတစ်လုံးမှာ တစ်ယောက်တည်း သေရင်လည်း သေခြင်းကောင်းဖြစ်ပါတယ်။ ဖြစ်ပျက်မမြင်ရင်တော့ သားတွေ၊ သမီးတွေ အစုံအလင်နဲ့ တိုက်ကြီးပေါ်မှာသေလည်း သေခြင်းဆိုးပါပဲ။

သေခြင်းကောင်းနဲ့ သေချင်တယ်ဆိုရင်တော့ ခန္ဓာပေါ် ဉာဏ် ရောက်အောင် လုပ်ခဲ့ကြပါ။ ခန္ဓာပေါ် ဉာဏ်မရောက်ခဲ့တဲ့အတွက်

တစ်သံသရာလုံး သေခြင်းဆိုးနဲ့ သေခဲ့ကြရတာ များလှပါပြီ။ ခန္ဓာပေါ်မှာ တဏှာမာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေ ပေါ်လာတာလည်း ဉာဏ်မရောက်ခဲ့ကြလို့ပါပဲ။ ဒီပပဉ္စတရားတွေ ချုပ်ချင်တယ်ဆိုရင် ခန္ဓာပေါ် ဉာဏ်ရောက်တဲ့အလုပ်ကို လုပ်ကြရပါလိမ့်မယ်။

## ကြာကြာစံချင်ပေမဲ့ ကြာကြာစံနေကြရမယ်

လောဘအပို အလိုလိုက်ခဲ့မယ်ဆိုရင် အကျိုးပေးမှန်သမျှကလည်း ဆင်းရဲကျိုးလို့ပဲ ပေးပါလိမ့်မယ်။ ဆင်းရဲကျိုးမို့ ဒုက္ခသစ္စာ၊ လောဘအလို တဏှာ ဥပါဒါန်ကံက သမုဒယသစ္စာ ဖြစ်ပါကယ်။ အတိတ်က သမုဒယသစ္စာနောက် ကောက်ကောက်ပါအောင် လိုက်ခဲ့မိလို့ ဒီနေ့ ဒုက္ခသစ္စာ ရနေတာပေါ့။ ဒီဘဝမှာလည်း ထပ်ပြီးတော့ သမုဒယသစ္စာ တဏှာနောက် ဆက်လိုက်နေဦးမယ်ဆိုရင် အနာဂတ်မှာ ဒုက္ခသစ္စာပဲ ပြန်ရပါမယ်။ တစ်သံသရာလုံး သမုဒယသစ္စာ၊ ဒုက္ခသစ္စာနဲ့ချည်း လည်နေခဲ့ကြတာနော်။

တဏှာ သမုဒယနောက်လိုက်ပြီး တဏှာသမုဒယ ခိုင်းစေတာကို အကုန်လုပ်နေခဲ့ကြတယ်။ ကုသိုလ်လိုလို ဘာလိုလိုနဲ့ ဘုရားရှေ့မှာ လုပ်ကောင်းမှန်းမသိ၊ မလုပ်ကောင်းမှန်းမသိ လုပ်နေကြတာတွေ ရှိတယ်နော်။ ဆွမ်းတော်တင်တဲ့အခါ ထောအောင်လို့ ထောပတ်သီးလှူသတဲ့။ ကြာကြာစံချင်လို့ ကြာဖုံကြော်လှူသတဲ့။ အဝိဇ္ဇာတဏှာ ပွားပြီး ကုသိုလ်ထဲမှာ အကုသိုလ်ရောနေကြတယ်။

ဘုရားကို လှူချင်တဲ့စိတ်ကလေးက ကုသိုလ်၊ ထောချင်တဲ့ တဏှာက အကုသိုလ်။ ကြာကြာစံရအောင် ကြာဖုံကြော်လှူတယ်။ ယခု ခန္ဓာရနေတာ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ (၂) အကွက်၊ ဆင်းရဲကျိုးအမှန်။ ဘယ်ထဲမှာ ကြာကြာစံချင်တာလဲမေးတော့ ဆင်းရဲကျိုးအမှန်

ထဲမှာပဲ။ ကြာကြာစံချင်တယ်ဆိုပြီး ဆင်းရဲတွင်းထဲနစ်အောင် လုပ်နေကြတာ မဟုတ်လား။

ဘုရား အရိယာ သူတော်ကောင်းတွေက ပဋိစ္စသမုပ္ပါဒ် ထောက်ပြပြီး တရားမမ္မတွေ ဟောပေးနေတာက ယောဂီတို့ကို ဆင်းရဲတွင်းက လွတ်စေချင်လို့နော်။ ခုတော့ ကြာကြာစံချင်တယ်ဆိုပြီး ဆင်းရဲတွင်း နစ်ချင်နေကြတယ်။ ကြာကြာစံတယ်ဆိုတာ ဆင်းရဲကျိုးအမှန် ဒုက္ခသစ္စာ ဖြစ်ပါတယ်။ အဲဒါကို မသိအောင် ဖုံးထားတာက တဏှာ။ ကြာကြာမခံရရင် မနေနိုင်တာက ဥပါဒါန်။ ကြာဖံကို ကြော်လိုက်၊ ချက်လိုက် ပြင်ဆင်လိုက် လုပ်နေတာက ကမ္မ။ သမုဒယသစ္စာ ပွားနေကြပါတယ်။

ကြာဖံကြော်လှုရင် ကြာကြာမစံရဘဲနဲ့ ကြာကြာခံရမယ်လို့ မသိတာက အဝိဇ္ဇာ။ အဝိဇ္ဇာခေါင်းဆောင်ပြီးတော့ သမုဒယသစ္စာ ပွားနေကြတာပဲ။ ဘုရားရှေ့ရောက်တဲ့အခါ မင်္ဂလာရှိရမည့်အစား ဘရုတ်သုတ်ခတွေ အကုန်လုပ်နေကြတယ်။ လောဘအလို အပိုလိုက်ပြီး ကိုယ်ထိုက်တာနဲ့ မကျေနပ်နိုင်ကြတော့ ဆက်ပြီး ကြာကြာခံကြပေဦးပေါ့။

## ဖြစ်ပျက်မမြင် ပပဉ္စတရားဝင်

တဏှာ၊ မာန၊ ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားတွေကို အလိုလိုက်ပြီးတော့ မိုက်နေခဲ့ကြပါတယ်။ အဲဒီ ပပဉ္စတရားတွေ ချုပ်ချင်တယ်ဆိုရင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ကြရပါမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး မြင်အောင်လုပ်မှ တဏှာ မာနဒိဋ္ဌိ ပပဉ္စတရားတွေ ချုပ်နိုင်ပါတယ်။

ခန္ဓာကို ဉာဏ်လေးနဲ့ စိုက်ကြည့်လိုက်တဲ့အခါ ဘယ်လိုသဘော တရားကိုပဲမြင်မြင်၊ အဲဒီတရားက တည်မနေဘဲ ပျက်သွားပါတယ်။ ပေါ်လာတဲ့ တရားကိုက ဖြစ်ပြီးတာနဲ့ ပျက်မှာသေချာတဲ့အတွက် အနိစ္စလို့ ပြောရတာပါ။ ယားတာပေါ်ရင်လည်း အနိစ္စ၊ အောင့်တာပေါ်တင်လည်း အနိစ္စ၊ ကျင်တာပေါ်လာရင်လည်း အနိစ္စပါပဲ။ ဖြစ်ပြီးပျက်မှာ သေချာလို့ အနိစ္စခေါ်ပါတယ်။

ပေါ်လာတာက အနိစ္စ၊ ပျက်သွားတာက လက္ခဏာ၊ မရှိတော့ပါလားလို့ သိလိုက်တာက ဉာဏ်၊ ပေါင်းလိုက်တော့ အနိစ္စလက္ခဏာဉာဏ်ပါ။ အနိစ္စလက္ခဏာမြင်ရင် မာနစင်ပါတယ်။ အနိစ္စနဲ့ မာန၊ ဒုက္ခနဲ့ တဏှာ၊ အနတ္တနဲ့ ဒိဋ္ဌိ။ လက္ခဏာယာဉ်သုံးပါးနဲ့ ပပဉ္စတရားသုံးပါး တွဲစပ်ထားပြီးတော့ အနိစ္စလက္ခဏာမြင်ရင် မာနစင်တယ်၊ ဒုက္ခလက္ခဏာမြင်ရင် တဏှာစင်တယ်၊ အနတ္တလက္ခဏာမြင်ရင် ဒိဋ္ဌိစင်တယ်လို့မှတ်ပါ။

လက္ခဏာယာဉ်သုံးပါးလို့ ခွဲပြီးတော့ ပြောရပေမဲ့ ဖြစ်ပျက်တစ်ချက် မြင်လိုက်တာနဲ့ လက္ခဏာယာဉ်သုံးပါးလုံး အကုန်မြင်လိုက်တာပါ။ ဖြစ်ပျက်မြင်လို့ လက္ခဏာယာဉ်သုံးပါးလုံးမြင်မှ ပပဉ္စတရားသုံးပါး ချုပ်ပါတယ်။ ပပဉ္စတရားသုံးပါး ချုပ်ပြီဆိုရင် အပါယ်လေးပါ မကျရောက်နိုင်တော့ပါဘူး။

ခန္ဓာပေါ် ဉာဏ်ရောက် ဖြစ်ပျက်မြင်ထားတဲ့ ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ ကိုယ် ဘယ်လောက်ပဲ ရှာဖွေထားပါစေ၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ဒီဥစ္စာ သားသမီးဆိုတာတွေ ထားခဲ့ရမယ်လို့ သိနေပါတယ်။ ငါ့ခန္ဓာလို့ ဘယ်လောက်ပဲ စွဲနေစွဲနေ၊ တစ်နေ့ ထားခဲ့ရမယ်လို့သိနေပါတယ်။ အဲဒီလို သိနေတဲ့ လူတစ်ယောက်ဟာ ပစ္စည်းနဲ့ပတ်သက်ပြီးတော့လည်း တဏှာမာနဒိဋ္ဌိ မလာတော့ပါဘူး။ ခန္ဓာနဲ့ပတ်သက်ပြီးတော့လည်း တဏှာမာနဒိဋ္ဌိ မလာတော့ပါဘူး။

ခန္ဓာပေါ် ဉာဏ်ရောက်ထားရင် တဏှာမာနဒိဋ္ဌိ ပပဉ္စတရားတွေ စင်ပါတယ်။ ခန္ဓာပေါ် ဉာဏ်မရောက်သေးသမျှ ဖြစ်ပျက်မမြင်နိုင်သေး သမျှ ပပဉ္စတရားအပေါ် အလိုလိုက်ပြီးတော့ မိုက်နေကြဦးတော့မှာ အမှန်ပါပဲ။

## ပပဉ္စနဲ့ မိုက်မည်းသူ

ကဿပဘုရားရှင် လက်ထက်တော်တုန်းက အလွန်ကြွယ်ဝ ချမ်းသာတဲ့ သူဌေးကြီး ဇနီးမောင်နှံမှာ မိတ္တဝိန္ဒကဆိုတဲ့ သားလေးတစ် ယောက်ရှိတယ်။ တစ်ဦးတည်းသောသားမို့ မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြတယ်။ လိုရာမက အကုန်ရအောင် လုပ်ပေးထားကြတယ်။

မိဘ အလိုလိုက်တဲ့ သားလည်းဖြစ်၊ ပဋိသန္ဓေဉာဉ်ကလည်း ကြမ်းတမ်းယုတ်မာ ကိလေသာထူပြောခဲ့တော့ ပြောမရဆိုမရနဲ့ အင်မတန် မိုက်သတဲ့။ မိဘဆိုတာ ကိုယ့်သားသမီး လိမ္မာရေးခြားရှိတာ မြင်ချင်တာပဲ။ ဒါပေမဲ့ တစ်ဦးတည်းသောသားမို့ အပြစ်မမြင် အချစ် တွေဝင်ခဲ့ကြတယ်။ စာပေဗဟုသုတ သင်ကြားလေ့လာခြင်းမရှိဘဲနဲ့ အသက်အရွယ်ရပြီး ကြီးဂြင်းလာခဲ့တယ်တဲ့။

အရွယ်ရောက်လာတော့ အပေါင်းအသင်းစုံလာပြီး ပျက်စီးတော့ တာပဲ။ သူဌေးသားဆိုတော့ အိမ်မှာလည်း အခိုင်းအစေတွေ တစ်လှေ ကြီးနဲ့၊ သူက ဘာမှလုပ်စရာ မလိုဘူး။ လုပ်လည်း မလုပ်တတ်၊ လုပ်ရမှာလည်း ပျင်း။ တစ်နေကုန် လျှောက်လည်၊ အချိန်ကုန်နေ တာပဲ။ ဒီလိုနဲ့ ဖခင်ကြီး အိုမင်းလို့ ကွယ်လွန်သွားချိန်မှာ သားအမိ နှစ်ယောက်တည်းပဲ ကျန်ခဲ့တယ်။

ပိုက်ဆံချမ်းသာလို့ စီးပွားရေးလုပ်တာ မလိုပေမဲ့ မိခင်က ကိုယ့်သား လိမ္မာတာ မြင်ချင်တယ်။ ဒါနဲ့ သားဖြစ်သူကို "သားရယ် အလကား လျှောက်လည်နေမဲ့အစား ဘုရားကျောင်းတော်သွားပြီး တရားနာချေပါ" ခိုင်းတယ်။ "အမေကလည်း တရားနာတယ်ဆိုတာ ပျင်းစရာကောင်းတယ်၊ အသက်ကြီးတဲ့သူတွေမှ တရားနာရတာဗျ"လို့ ပြန်ပြောသတဲ့။ အမေဖြစ်သူက သား ဘုရားကျောင်း မသွားချင်တာကို သွားချင်အောင်လို့ "ဒီနေ့ တစ်ရက်တည်းပါသားရယ်၊ ကျောင်းမှာ သီလယူ တရားနာ၊ ညတရားပွဲပါနာခဲ့။ မနက်မိုးလင်းတာနဲ့ သားကို မုန့်ဖိုးတစ်ထောင်ပေးမယ်"လို့ ချော့မော့ပြောတယ်။

မိတ္တဝိန္ဒက ကျောင်းတော့သွားပါရဲ့ သီလမယူ၊ တရားမနာ တော်သင့်ရာ ဇရပ်တစ်ခုပေါ် အိပ်ပြီးတော့ ပြန်လာသတဲ့။ မိုးလင်းတာ နဲ့ အိမ်ပြန်ရောက်၊ အမေတိုက်တဲ့ မနက်စာ ဆန်ပြုတ်ကလေးတောင်မှ မသောက်နိုင်ဘူး။ ငွေတစ်ထောင် လက်ထဲရောက်တာနဲ့ လမ်းထွက် သွားပြီး အပြင်မှာ အပေါင်းအသင်းတွေနဲ့ သောက်စားပစ်လိုက်တာပဲ။ အဲဒီလို တရားတစ်ခါနာခိုင်းလိုက်၊ ငွေတစ်ထောင်ရလိုက်၊ သုံးလိုက် ဖြုန်းလိုက်နဲ့ နေလာရင်း အပေါင်းအသင်းတွေ မြှောက်ပေးတော့ ကုန်ရောင်းကုန်ဝယ် သွားချင်တယ်ဖြစ်လာတယ်။ အမေ ပေးတဲ့မုန့်ဖိုး လေး သုံးရတာ အားမရဘူးပေါ့။

"သားရယ် ဒီအိမ်မှာ အမေနဲ့ သား နှစ်ယောက်တည်းရှိတာပဲ။ အမေ ပိုင်တဲ့ပစ္စည်း သားပစ္စည်းပဲပေါ့။ ဘာမှ ကုန်ရောင်းကုန်ဝယ် ထွက်နေစရာမလိုပါဘူး"လို့ တားပေမဲ့ နားမဝင်တော့ဘူး။ မျက်ရည် လည်ရွှဲနဲ့ တားဆီးနေတဲ့ အမေကို တွန်းလှဲပြီးတော့ ထွက်သွားပါရော။

မိတ္တဝိန္ဒကအနေနဲ့ "ငါ စီးပွားရှာတာပဲ၊ ငါ ကောင်းတာလုပ် တာပဲ"လို့ မြင်နေပေမဲ့ မိဘစကား နားထောင်ရပါမယ်။ မိဘမျက်ရည် ကျအောင်လုပ်တဲ့ သားသမီးဟာ ဘယ်တော့မှ မကြီးပွားပါဘူး။ မိဘ

မျက်ရည်တစ်စက်၊ သားသမီး သောကတစ်သက်”ဆိုတဲ့အတိုင်း ဆင်းရဲ သက်ရှည်တတ်ပါတယ်။

အမေနဲ့အတူ အိမ်မှာ လုပ်စရာရှိတာလေးတွေ ကူညီလုပ်ကိုင်ပေးပြီး အေးအတူပူအမျှ နေလို့ရပါလျက်နဲ့ အပြင်ထွက် ကုန်ရောင်းကုန်ဝယ် လုပ်ချင်တယ်ဆိုတာက ပစ္စည်းဥစ္စာကို ငါ့ဘာသာ ရှာနိုင်တယ်။ ဖွေနိုင်တယ်၊ လုပ်နိုင်တယ် ကိုင်နိုင်တယ်ဆိုတဲ့ မာန။ ငါ့ကိုယ်မှာ ငါ့အင်အားတွေ အပြည့်ရှိတယ်ဆိုတဲ့ တဏှာ။ ငါလုပ်တာမှန်တယ်လို့ ငါတကောကောတဲ့ ဒိဋ္ဌိဖြစ်ပါတယ်။ မိတ္တဝိန္ဒကရဲ့ ရင်ထဲမှာ တဏှာမာနဒိဋ္ဌိဆိုတဲ့ ပပဉ္စတရား အလိုလိုက်ပြီးတော့ မိုက်ဖို့ကြနေပါပြီ။

## ရေကျွန်းကို ရွှေကျွန်းထင်

မိတ္တဝိန္ဒကဟာ အမေ့ဆီက အရင်းအနှီးတွေယူပြီး ပင်လယ်ကူးသင်္ဘောပေါ် တက်သွားတယ်။ သင်္ဘောထွက်လို့ တော်တော်ကြာတော့ ကမ်းမမြင်၊ လမ်းမမြင် ပင်လယ်ပြင်ကြီးထဲမှာ သင်္ဘောက အလိုလိုရပ်သွားသတဲ့။ ကပ္ပတိန် မာလိန်မှူးက “ငါတို့အထဲမှာ အကုသိုလ်ကံကြီးမားတဲ့ကောင်ပါလို့ သင်္ဘောရပ်တာပဲ”ဆိုပြီး မဲချရှာတော့ သုံးကြိမ်သုံးခါတိတိ မိတ္တဝိန္ဒကပဲ မဲကျသတဲ့။

ဒါနဲ့ မိတ္တဝိန္ဒကကို သင်္ဘောပေါ်ကနေ လှေကလေးတစ်စင်းနဲ့ ပစ်ချလိုက်တယ်။ လှေကလေးက ပင်လယ်ထဲမှာ မျောပါနေရင်း ကံအားလျော်စွာ ကျွန်းလေးတစ်ကျွန်းကို ရောက်သွားတယ်။ ကျွန်းပေါ်မှာ လူယောင်ဆောင်ထားတဲ့ ပြိတ္တာမတွေက အားရဝမ်းသာနဲ့ ကြိုဆိုပြီး ကျွေးမွေးစောင့်ရှောက်ထားကြသတဲ့။ အရသာရှိရှိစား၊ ခိမ်နဲ့

နေရပေမဲ့ မိတ္တဝိန္ဒက လောဘမသတ်နိုင်ဘူး။ ခရီးထွက်ဦးမယ်လို့ လှေကလေးနဲ့ ပင်လယ်ထဲကို မျောပြန်ရော။

ပင်လယ် တစ်နေရာမှာ ရွှေရောင်တောက်နေတဲ့ ကျွန်းတစ်ကျွန်း ကိုမြင်တော့ သဘောကျသွားတယ်။ ကျွန်းနားကို ကပ်သွားတော့ လူတစ်ယောက် ခေါင်းမှာ ပန်းကုံးကြီးစွပ်လို့။ သီချင်းဆိုနေတာ မြင်ရ ကြားရတော့ ပျော်သွားသတဲ့။ အမှန်က သူရောက်နေတဲ့ကျွန်းက ဥဿဒငရဲငယ်တစ်ခုပါ။ ဟိုလူရဲ့ခေါင်းမှာ စွပ်ထားတာက ဓားစက်ကြီးဖြစ်ပြီး သူ့ခေါင်းကို ဓားစက်ကြီးက တိတိနဲ့ လှီးဖြတ်နေလို့ နာလွန်းလို့ အော်နေရှာတယ်။ မိတ္တဝိန္ဒက မိဘကို စော်ကားခဲ့တဲ့ အကုသိုလ်ကံကြောင့် ငရဲကျွန်းကို ရွှေကျွန်းလို့ထင်၊ ငရဲပန်းကို ရွှေပန်း ထင်ပြီး သီချင်းသံလေးက နားထောင်လို့ကောင်းလိုက်တာ ဖြစ်နေပါ တယ်။

ခုခေတ် ဆံပင်စုတ်ဖွား တွန့်လိမ်ကောက်ကွေး နားကပ်တစ်ဖက် တပ်ထားတဲ့ အဆိုတော်ကို သဘောကျနေတာမျိုးဖြစ်မယ်။ ဂူးဂူးဝါးဝါး သံသေးသံကြောင် အော်နေတာ သီချင်းဆိုတာပဲ။ ဝတ်ထားတာက လည်း မပေါ့တပေါ်နဲ့။ မပေါ့တပေါ်ဝတ်လို့သာ ခေတ်မီတယ်ဆိုရင် တိရစ္ဆာန်ရုံထဲက မျောက်တွေက ရယ်လိမ့်မယ်။ ဆိုနေလိုက်တာ စည်းမမိ ဝါးမမိနဲ့ မိတ္တဝိန္ဒက အမျိုးတွေပဲ သဘောကျမှာပေါ့။

မိတ္တဝိန္ဒက သီချင်းဆိုနေတဲ့လူဆီသွားပြီး "အစ်ကိုကြီး သီချင်း ဆိုတာ နားထောင်လို့ကောင်းလိုက်တာ၊ ခေါင်းက ပန်းကုံးကြီးက လည်း သိပ်လှတာပဲ။ ကျွန်တော့်ကို ပေးစမ်းပါ"လို့ တောင်းသတဲ့။ ဟိုလူက "ဟကောင်ရ ငါ သီချင်းဆိုနေတာ မဟုတ်ဘူး၊ နာလွန်းလို့ အော်နေတာကွ၊ ခေါင်းမှာ စွပ်ထားတာလည်း ပန်းကုံးမဟုတ်ဘူး။ ဓားစက်ကြီးကွ"လို့ ရှင်းပြပေမဲ့ မယုံဘူးတဲ့။ လူတစ်ယောက် ပျက်စီး

တော့မယ်ဆိုရင်။ အမှားကို အမှန်ထင်၊ အမှန်လို့ မြင်တတ်တဲ့ မိစ္ဆာဒိဋ္ဌိက ဝင်လာတာပဲ။

ပြောလို့မရတော့ ဟိုလူက "ကေန္တ ဒီကောင် ငါ့နေရာမှာ အစားထိုးဝင်ခံရမည့်ကောင်နဲ့တူရဲ့"ဆိုပြီး ဓားစက်ကို ဖြုတ်ကြည့်တော့ အရင်တုန်းက ဖြုတ်လို့မရပေမဲ့ အခုတော့ ရလာတယ်။ ဒါနဲ့ "ရော့ ကွာ မင်းလိုချင်တဲ့ ပန်းကုံးကြီး"ဆိုပြီး မိတ္တဝိန္ဒကဆီ ပစ်ပေးလိုက်တော့ မိတ္တဝိန္ဒကလည်း အားရဝမ်းသာနဲ့ ကောက်စွပ်လိုက်တယ်။ စွပ်လိုက်တာနဲ့ ဓားစက်ကြီးက သူ့အလုပ်သူ ဆက်လုပ်ပြီး မိတ္တဝိန္ဒက ရဲ့ခေါင်းကို လှီးတော့တာပေါ့။ နာလွန်း ကျင်လွန်းလို့ "အောင်မယ် လေး ကြောက်ပါပြီဗျ။ တော်ပါပြီ မလိုချင်တော့ပါဘူးဗျ" အော်ပေမဲ့ မရတော့ဘူး။

မိဘကို စော်ကားပြီး ပပဉ္စအလိုလိုက် မိုက်ခဲ့တဲ့ မိတ္တဝိန္ဒကဟာ ဥဿဒငရဲမှာ ဒုက္ခဝေဒနာ ခံစားနေရရှာပါပြီ။ ခုချိန်ကျမှ "ကျွန်တော် မှားပါပြီခင်ဗျ။ အမေ့ကို ရိုရိုသေသေနဲ့ လုပ်ကျွေးပါတော့မယ်ခင်ဗျ" လို့ နောင်တရပေမဲ့ ငရဲက မလွတ်တော့ပါဘူး။ ငရဲအသက် နှစ်တစ်သိန်း နှစ်သောင်း။ လူတွေရဲ့နှစ်နဲ့တွက်ရင် ၁၄ ကုဋေ နှစ် ၆ သန်းတိတိ ဥဿဒငရဲမှာ ခံရပါတော့တယ်။

## ရောင့်ရဲရွှင်ကြည် သန္တုဋ္ဌိမင်္ဂလာ

မိဘရဲ့ မေတ္တာရိပ်မှာ ကောင်းကောင်းမွန်မွန် အေးအေးဆေး မနေနိုင်ဘဲနဲ့ မိဘကို တော်လှန်စော်ကားပြီး ထွက်သွားတဲ့သား။ လောဘအလို ပိုလိုက်ပြီး ကိုယ့်ထိုက်တာနဲ့ မကျေနပ် မရောင့်ရဲခဲ့တဲ့ သား။ တဏှာမာန ဒိဋ္ဌိ ပပဉ္စတရားတွေ အလိုလိုက် သိပ်မိုက်ခဲ့တဲ့ သားဟာ ဘယ်လိုခံစားရတယ်ဆိုတာ ခုခေတ် သားသမီးတွေ သင်ခန်း

စာယူကြပြီး သံဝေဂရသင့်ပါတယ်။ မိဘကို ကိုယ်လိုချင်တာ မရတာလေးနဲ့ ပြန်အော်တာ။ ဆူဆောင့်ဆဲဆို ပုတ်ခတ်တာတွေ မလုပ်မိကြဖို့လည်း သတိပေး ပြောပြချင်ပါတယ်။

သားတို့ သမီးတို့တစ်တွေဟာ ပပဉ္စတရား အလိုလိုက်ပြီး မိုက်မှားနေကြမည့်အစား သဒ္ဓိဋ္ဌိစ ရောင့်ရဲတင်းတိမ်ခြင်း မင်္ဂလာတရားကို ရင်ဝယ်ပိုက်ပြီး လူ့ဘဝ ခဏတာလေးကို အရသာရှိအောင် တန်ဖိုးရှိအောင် အနှစ်သာရရှိအောင် နေလိုက်ကြစမ်းပါ။ မိဘမေတ္တာအေးရိပ်မှာ ဆိပ်ဆိပ်ငြိမ်ငြိမ် ပျော်ပျော်ရွှင်ရွှင် နေတတ်ကြစမ်းပါ။

သားသမီးကို သိပ်ချစ်တတ်တဲ့ မိဘတွေကို သတိပေးချင်တာက ကိုယ့်သားသမီးကို အလွန်အကဲ အလိုမလိုက်ကြပါနဲ့။ ကိုယ့် မေတ္တာစေတနာကြောင့် အစော်ကားခံရတာမျိုး မဖြစ်ကြပါစေနဲ့။ သားသမီးတွေကို ငယ်ငယ်ကတည်းက လိမ္မာရေးခြားရှိအောင် ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်တတ်အောင် သင်ပေးခဲ့ကြပါ။ ဘဝကို ပျက်စီးအောင် ဒုက္ခပေးမည့် တဏှာမာန ဒိဋ္ဌိပပဉ္စတရားတွေ ကလေးတွေရဲ့ ရင်ထဲမှာ မကိန်းစေဖို့ ခန္ဓာဉာဏ်ရောက် သစ္စာသိမြင်တဲ့အလုပ် လုပ်ဖြစ်အောင် တိုက်တွန်းပေးခဲ့ကြပါ။

ငရဲပန်းနဲ့ သစ္စာပန်း နှိုင်းယှဉ်လိုက်ရင် သစ္စာပန်းကိုသာ ပန်ဆင်ချင်ကြပါလိမ့်မယ်။ သစ္စာပန်းကို ပန်ချင်တယ်ဆိုရင်ဖြင့် ခန္ဓာပေါ်ဉာဏ်ရောက်အောင် လုပ်ခဲ့ကြရမယ်။ ခန္ဓာဖြစ်ပျက်က ဒုက္ခသစ္စာသိတဲ့ ဉာဏ်က မဂ္ဂသစ္စာ။ လက္ခဏာယာဉ်သုံးပါးမြင်လို့ ဖြစ်ပျက်ဒုက္ခသစ္စာ အမှန်အတိုင်းမြင်လို့ ဒုက္ခသစ္စာ ဝမ်းထဲမှာကိန်းရင် ပပဉ္စတရားတွေ မလာတော့ပါဘူး။ ပပဉ္စတရားတွေ ချုပ်တာသည် သမုဒယ သစ္စာ သေတာပါပဲ။ ပပဉ္စတရားတွေရဲ့ချုပ်ရာ နိဗ္ဗာန်က နိရောဓသစ္စာ ဖြစ်ပါတယ်။

နိဗ္ဗာန်ရတဲ့ ပုဂ္ဂိုလ်ဟာ အပါယ်လေးဘုံ ကျစရာ မလိုတော့ဘူး။ ဥဿဒငရဲ ခံစရာမလိုတော့ဘူး။ ငရဲလက်က အပြီးပိုင်လွတ်မြောက်သွားတာ နိဗ္ဗာန်ဆိုတဲ့ ဧတံမင်္ဂလမုတ္တမံ မင်္ဂလာကြီးဖြစ်ပါတယ်။ တဏှာလောဘတွေ၊ အပိုမလိုက်ဘဲနဲ့ ကိုယ်ထိုက်တာလေး ကိုယ်ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်ပြီး မိဘကို လုပ်ကျွေးပြုစု ကျွေးမွေးဆပ်ရင်း မိဘစကား နားထောင်တဲ့ ပုဂ္ဂိုလ်ဟာ သန္တုဋ္ဌိဆိုတဲ့ မင်္ဂလာမြတ်ကြီးကို သေချာပေါက် ရရှိပါတော့တယ်။

ဆက်လက်၍ မင်္ဂလာတရားတော်များကို လေ့လာမှတ်သား ကျင့်ကြံပွားများကြပါဦးစို့။

**ဓမ္မရုံသီဆရာတော်**

ရှင်တော်မြတ်ဗုဒ္ဓအလိုတော်ကျ
လောကီလောကုတ္တရာ အသုံးချပညာ

# ကြီးပွားကြောင်းရာ မင်္ဂလာ
# (တတိယတွဲ)

မိုးကုတ်၊ မန္တလေး၊ မုံရွာ
ဓမ္မရံသီရိပ်သာကျောင်းတိုက်များ
၏
ဦးစီးပဓာနနာယက
နယ်လှည့်ဓမ္မကထိကဆရာတော်
ဘဒ္ဒန္တ သုနန္ဒ (ဓမ္မရံသီ)

# မာတိကာ

(က) မော်ကွန်းမှတ်တမ်း — က
(ခ) စီစဉ်သူ၏ ရင်တွင်းစကား — ခ
(ဂ) ဓမ္မရံသီဆရာတော်ဘုရား၏
အာသီသဝဏ္ဏနာရည်ညွှန်းလွှာ — င

## ကျေးရှူးကိုဆပ် သားမောင်မြတ်

၁။ ကျေးရှူးဆပ်ဖို့ အရေးကြီးတယ် — ၃
၂။ ကျေးရှူးဆပ်ဖွယ် နည်းငါးသွယ် — ၅
၃။ ဖန်ဆင်းရှင်ဝါဒသည် အဟေတုကဒိဋ္ဌိ — ၆
၄။ နက္ခတ်သဘင်ပွဲမှ ဓမ္မသံဝေဂ — ၈
၅။ တရားနာတဲ့မင်္ဂလာ ကောင်းကျိုးဖြာ — ၁၀
၆။ အကြိမ်ကြိမ်နာကြား အကြိမ်ကြိမ်အားထုတ် — ၁၂
၇။ နာကြားဆင့်ပွား ကောင်းကျိုးများ — ၁၃
၈။ ကျေးရှူးဆပ်မည့် သားကောင်းမြတ် — ၁၆

## သည်းခံနိုင်မှ နိဗ္ဗာန်ရ

၉။ အရေးကြီးတဲ့ သည်းခံခြင်း — ၂၁
၁၀။ အာရုံငါးဖြာ သည်းခံပါ — ၂၃
၁၁။ အသိ၊ သတိပညာနဲ့ ထိန်းချုပ်ပါ — ၂၄
၁၂။ ပညတ်ပရမတ်ကွဲမှ သည်းခံနိုင်တယ် — ၂၆
၁၃။ သည်းခံနိုင်မှ နိဗ္ဗာန်ရမယ် — ၂၇

၁၄။ သည်းခံစောင့်ကြည့် ခန္တီပါရမီဖြည့် ၂၉
၁၅။ ဘုရားအလောင်းရဲ့ ကြည်ညိုဖွယ် ခန္တီပါရမီ ၃၀
၁၆။ ခန္တီတရား လက်ကိုင်ထားပါ ၃၂

## ဆုံးမလွယ်သူ နိဗ္ဗာန်ယူ

၁၇။ ဆုံးမတတ်မှ ဆုံးမလွယ်မယ် ၃၇
၁၈။ နားထောင်ချင်အောင် ပြောပြပါ ၃၈
၁၉။ ဆုံးမလွယ်သူ အရှင်ရာဓ ၄၀
၂၀။ လမ်းစဉ်နှစ်သွယ် နားလည်ဖွယ် ၄၃
၂၁။ နားမထောင်သူဟာ ရှင်လျက်သေသူပါ ၄၄
၂၂။ နိဗ္ဗာန်ရချင်ရင် ဆုံးမလွယ်ရမယ် ၄၆

## ရဟန်းသံဃာ ဖူးမြင်ပါ

၂၃။ သမိုင်းပေး ဘာဝန်နှစ်ရပ် ၅၁
၂၄။ ဘာသာရေးနှင့် မဝေးစေချင် ၅၂
၂၅။ မေးမြန်းလျှောက်ထားတတ်ပါစေ ၅၅
၂၆။ ကိုးကွယ်မှု မှန်ကန်အောင်ပြောပေးပါ ၅၆
၂၇။ လုံခြုံစိတ်ချ အေးမြလှသောရိပ်မြုံ ၅၈
၂၈။ ရဟန်းသံဃာကို နတ်ပြဟ္မာတွေလည်းဖူးမြင် ၅၉
၂၉။ တရားနဲ့ ကျေးဇူးဆပ်ပါတယ်အမေ ၆၂
၃၀။ ရတနာသုံးပါး၊ တရားနဲ့ ကျေးဇူးဆပ်ကြပါစို့ ၆၄

## ခြိုးခြံချွေတာ အောင်ကြောင်းဖြာ

၃၁။ သုံးစွဲပါ မဖြုန်းတီးပါနဲ့ ၆၉
၃၂။ အကြောင်းတရားကောင်းများ ထိန်းသိမ်းထား ၇၁
၃၃။ ပြဿဒါး၊ ရက်ရာဇာ ဘာမှမတတ်နိုင်ပါ ၇၃

၃၄။ အပိုအလုပ်တွေနဲ့ ရင်မောမနေကြစေနဲ့ ၇၅
၃၅။ ရူပါရုံမက်လို့ အခက်ကြုံရသူ ၇၆
၃၆။ အပျော်ကြူးတာ သည်းခံပါ ၇၈
၃၇။ အာရုံ ထိန်းချုပ်သည်းခံခြင်းအကျိုး ၇၉

## မြတ်သောကျင့်စဉ် နိဗ္ဗာန်မြင်

၃၈။ လောကချမ်းသာ ကျင့်လေးဖြာ ၈၅
၃၉။ မေတ္တာစစ်နဲ့ မေတ္တာတု ၈၇
၄၀။ ရင်ထဲအသည်းထဲကလာတဲ့ မေတ္တာ ၈၈
၄၁။ ဥပေက္ခာထားသင့်ရင် ထားလိုက်ပါ ၉၀
၄၂။ နိဗ္ဗာန်မရောက်ခြင်း အကြောင်းသုံးပါး ၉၂
၄၃။ ဗြဟ္မာ့ပြည်ရောက်နိုင်တဲ့ ဗြဟ္မစိုရ်တရား ၉၄
၄၄။ သမထထက် ဝိပဿနာက ပိုကောင်းတယ် ၉၆
၄၅။ နိဗ္ဗာန်မဂ်လာ ဝိပဿနာနဲ့သာရောက်နိုင် ၉၈

## ပြီးသေဖြစ်မှ စိတ်ချရ

၄၆။ တရားလက်ာ အရသာ ၁၀၃
၄၇။ သေနည်း သင်ပေးနေတာ ၁၀၄
၄၈။ လေးပါးသစ္စာ ဉာဏ်မြင်ကြည့်ပါ ၁၀၅
၄၉။ လောဘနဲ့သာ သေခဲ့ပါသော် ၁၀၇
၅၀။ ဒေါသစိတ်ထား ငရဲလားရမယ် ၁၁၀
၅၁။ တိရစ္ဆာန် အသူရကာယ်ဖြစ်နိုင်ဖွယ် ၁၁၁
၅၂။ သစ္စာမြင်မှ စိတ်ချရမယ် ၁၁၂

## လှိုင်းဂယက်နဲ့ လှေငယ်ရှင်

၅၃။ လောကခံ လှိုင်းထဲဝယ် ၁၁၇
၅၄။ လှိုင်းပုတ်တိုင်း လှေမလှုပ်ပါစေနဲ့ ၁၁၉

၅၅။ ရှက်စရာကိုသာ ရှက်တတ်ပါ ၁၂၁
၅၆။ စိတ်ကိုရှုတာ သည်းခံခြင်းပါ ၁၂၂
၅၇။ ဖြစ်ပျက်ကိုသာ ရှုစမ်းပါ ၁၂၄
၅၈။ အခုရှု အခုငြိမ်းတဲ့နည်း ၁၂၆
၅၉။ မနေ့က သူဌေး၊ ဒီနေ့ သူတောင်းစား ၁၂၇


## လှိုင်းဂယက်နဲ့ လှေငယ်ရှင် (၂)


၆၀။ အောင်ခြင်းဆိုတာ သည်းခံတာ ၁၃၁
၆၁။ လောကဓံကတော်တော် စိတ်ကြောင့်ကများများ ၁၃၃
၆၂။ လှိုင်းပုတ်တိုင်းသာ လှေလှုပ်ပါလျှင် ၁၃၄
၆၃။ ကောင်းတာလိုချင်ရင် မကောင်းတာလည်း လက်ခံရမယ် ၁၃၅
၆၄။ လူ့ဘဝဆိုတာ ခဏလေးပါ ၁၃၆
၆၅။ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့် ၁၃၈
၆၆။ ကမ်းနဲ့မဝေး လှေငယ်ကလေး ၁၄၁


## သောကကင်းဝေး မဂ်ရေအေး


၆၇။ လိုက်နာကြည့်ပါ ချမ်းသာမှာ ၁၄၅
၆၈။ တရားရေအေး မျှပေးဝေချင် ၁၄၇
၆၉။ အပူဓာတ်သိမ်း၍ အေးငြိမ်းခဲ့သူ ၁၅၀
၇၀။ အသက်အရွယ်ရလို့ စိတ်ဓာတ်မကျပါနဲ့ ၁၅၁
၇၁။ မင်္ဂလာ မဂ်ရေအေး သောက်သုံးလို့ပေးပါလေ ၁၅၃

# ကျေးဇူးကိုဆပ် သားမောင်မြတ်

## မင်္ဂလာအမှတ် (၂၁)

## ကျေးဇူးဆပ်ဖို့ အရေးကြီးတယ်

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ္တန်ဂါထာတော်များကို "အသေဝနာစဗာလာနံ–လူမိုက်ဆိုလျှင် ရှောင်သွေလွှဲလို့ မမှီဝဲနှင့် ကင်းအောင်နေ" က စတင်ပြီးတော့ တင်ပြလာခဲ့တာ ယခု "ဂါရဝေါစ နိဝါတောစ" ဂါထာကို ရောက်လာခဲ့ပါပြီ။ ဘုရားဟောဂါထာတော်နဲ့ မြန်မာကဗျာလင်္ကာတို့ကို ရှေးဦးစွာ လေ့လာရအောင်ပါ။

**ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌီစ ကတညုတာ။**
**ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။**

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊ ဆည်းကပ်ခစား ရိုသေသေ။
မာနတံခွန် ဂုဏ်မကြွနဲ့၊ ကိုယ့်ကိုနှိမ်ချ အမြဲနေ။
လောဘအပို လိုမလိုက်နဲ့၊ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။
ကိုယ့်ပေါ်ပြုဖူး၊ သူ့ကျေးဇူး အထူးသိတတ်စေ။
ကောင်းကျိုးဆင့်ပွား မြတ်တရား၊ နာကြားမပြတ်လေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဒီမင်္ဂလာများထဲက အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက ဆည်းကပ်ခစား ရိုသေသေဆိုတဲ့ ဂါရဝမင်္ဂလာ၊ မာနတံခွန် ဂုဏ်မကြွနဲ့ ကိုယ့်ကိုနှိမ်ချ အမြဲနေဆိုတဲ့ နိဝါတမင်္ဂလာ၊ လောဘအပို လိုမလိုက်နဲ့ ကိုယ်ထိုက်တာနဲ့ ကျေနပ်လေဆိုတဲ့ သန္တုဋ္ဌိမင်္ဂလာများကို ပြောခဲ့ပြီးပြီမို့ ကျန်နေတဲ့ ကတညုတာမင်္ဂလာ၊ ဓမ္မသဝနမင်္ဂလာများကို "ကျေးဇူးကိုဆပ် သားမောင်မြတ်" ရယ်လို့ ဆက်လက်ပြောသွားပါမယ်။ ကဗျာနဲ့ပြောတော့ "ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ" နဲ့ "ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်လေ" ဖြစ်ပါတယ်။

မိခင်ဖခင် ကျေးဇူးရှင်တွေဟာ ဒီဘဝ ဒီခန္ဓာနဲ့ သောတာပန်အရိယာဖြစ်နိုင်ကြတယ်။ ဒီဘဝ သောတာပန် မတည်နိုင်တောင်မှ ဒုတိယဘဝ သောတာပန်တည်နိုင်တဲ့ ပါရမီမျိုးစေ့တွေ ရှိကြပါတယ်။ မိခင်ဖခင် ကျေးဇူးရှင်တို့ကို သောတာပန်တည်အောင် တရားဓမ္မနဲ့ ကျေးဇူးဆပ်ရမယ်။ ဒီလို ကျေးဇူးဆပ်ခြင်းဟာ သူတော်ကောင်းတွေရဲ့အလုပ် ဖြစ်ပါတယ်။

သူတော်ကောင်းအလုပ်ဖြစ်တဲ့ ကတညုတ ကတဝေဒီသူများ ပြုဖူးတဲ့ ကျေးဇူးကို သိမြင်ပြီး သိတဲ့အတိုင်း ကျေးဇူးပြန်ဆပ်တဲ့နေရာမှာ နောင်လာနောက်သားတွေ အတုခိုးသင့်တဲ့ ပုဂ္ဂိုလ်ကတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ လက်ယာတော်ရံ ပညာအရာမှာ ဧတဒဂ်ဘွဲ့ထူးရတဲ့ အရှင်သာရိပုတ္တရာ ဖြစ်ပါတယ်။

မိဘတွေဟာ သားသမီးတွေအပေါ်မှာ လူ့ဘဝထဲရောက်အောင် ပို့ဆောင်ပြီး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးပြုစု ယုယစောင့်ရှောက် အနွံအနာခံခဲ့ကြတဲ့အတွက် ကျေးဇူးအထူး ကြီးမားတဲ့ ပုဂ္ဂိုလ်များ ဖြစ်ပါတယ်။ ကျေးဇူးရှင် မိဘများကို ကျေးဇူးဆပ်ဖို့သည် သားသမီးတွေအတွက် အရေးအကြီးဆုံး တာဝန်တစ်ရပ်ပါ။ အဲဒီတာဝန်ကို မဖြစ်မနေ ဆောင်ရွက်ကြရပါမယ်။

မိဘကို ကျေးဇူးဆပ်တဲ့ သားသမီးသည် ကတညုတာမင်္ဂလာ ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်စေ မင်္ဂလာကြီး ပြည့်စုံသွားတဲ့အတွက် လောကီဥစ္စာရတနာ မင်္ဂလာ လောကုတ္တရာနိဗ္ဗာန် မင်္ဂလာမြတ်ကြီးတွေကို ရရှိနိုင်ကြမှာ ဖြစ်ပါတယ်။

## ကျေးဇူးဆပ်ဖွယ် နည်းငါးသွယ်

ကျေးဇူးဆပ်တဲ့ နေရာမှာ “ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ” ဆိုတာကို သားသမီးဝတ္တရားနဲ့အညီ မိဘနှစ်ပါးကို ထမင်းခဲဖွယ် ချိုချဉ်ရသာ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ကျွေးမွေး လှူဒါန်းကြတာမျိုးတော့ လုပ်ကြမှာပဲ။ အဲဒါ မိဘကျေးဇူးဆပ်တာလားဆိုတော့ မဟုတ်သေးပါဘူး။ သားသမီးတွေရဲ့ ဝတ္တရားအတိုင်း ဆောင်ရွက်ပေးတာသာ ဖြစ်ပါတယ်။ ကျေးဇူးဆပ်တဲ့အဆင့်ကို ရောက်မလာသေးပါဘူး။

မိဘကို ကျေးဇူးဆပ်တယ်ဆိုတာက သဒ္ဓါတရားမရှိသေးတဲ့ မိဘတွေကို သဒ္ဓါတရားနဲ့ ပြည့်စုံလာအောင် တိုက်တွန်းပေးရပါတယ်။ လှူဒါန်းပေးကမ်းချင်တဲ့စိတ် မရှိတဲ့ မိဘတွေ လှူချင်စိတ်ပေါ်လာအောင် ပြောပြပေး။ လှူစရာ အလှူပစ္စည်းတွေ ပို့ပေးပြီးတော့ အလှူခိုင်း စသည်ဖြင့် သဒ္ဓါတရားကောင်းလာအောင် လုပ်ပေးရပါမယ်။

ဗဟုသုတမရှိတဲ့မိဘတွေကို သစ္စာအသိဉာဏ် ဓမ္မအသိဉာဏ်တွေရအောင် ကိုယ်တိုင်လည်း ပြောပြပေးရမယ်။ ပြောပြနိုင်တဲ့ပုဂ္ဂိုလ်တွေဆီ ခေါ်သွားပေးရမယ်။ စာဖတ်တတ်တဲ့ မိဘတွေဆိုရင်လည်း အသိဉာဏ် ဖွံ့ဖြိုးစေနိုင်တဲ့ စာအုပ်စာပေ၊ တရားဓမ္မကျမ်းစာတွေကို ရှာဖွေပေးရမယ်။ မိဘတွေကို အသိဉာဏ်တိုးတက်အောင် လုပ်ပေးတာဟာလည်း ကျေးဇူးဆပ်ခြင်းတစ်မျိုးပါပဲ။

အတွေးအခေါ် အယူအဆမှားပြီး မိစ္ဆာဒိဋ္ဌိဖြစ်နေတဲ့ မိဘတွေကို သမ္မာဒိဋ္ဌိ အမြင်မှန်ရအောင် တိုက်တွန်းပေးရမယ်။ တချို့မိဘတွေက ဗုဒ္ဓဘာသာဝင်ဆိုပေမယ့် တရားလည်းမနာ၊ စာပေလည်းမကြည့်၊ ဆွေးနွေးမေးမြန်းမှုလည်းမရှိနဲ့ အမြင်မှားအယူမှားတွေ လက်ခံ ယုံကြည်နေတတ်ကြတယ်။ အဲဒီလို အယူမှားနေတဲ့ မိဘတွေကို သမ္မာဒိဋ္ဌိအမြင်မှန်ရအောင် လုပ်ပေးတာလည်း ကျေးဇူးဆပ်ရာ ရောက်ပါတယ်။

တချို့မိဘတွေကျတော့ ရိုးရာဓလေ့အရဖြစ်စေ၊ သက်မွေးဝမ်းကြောင်းအရဖြစ်စေ အကျင့်သီလ မကောင်းဘဲ ဖြစ်နေတတ်တယ်။ လူမှန်ရင် အနည်းဆုံး လုံခြုံမှုရှိရမည်။ ငါးပါးသီလလေးမှ လုံအောင် မစောင့်တတ်ကြဘူး။ အဲဒီလို မိဘတွေကို သီလရှိဖို့ တိုက်တွန်းပေးရမယ်။ စားဝတ်နေရေးကြောင့် သီလပျက်ရတာဆိုရင်လည်း အဝတ်အစားကစလို့ လိုအပ်တာ ထောက်ပံ့ပေးပြီး သီလလုံခြုံအောင် လုပ်ပေးရမယ်။

မိဘတွေက သီလလည်းလုံခြုံ၊ အလှူအတန်းလည်းရက်ရော၊ ဗဟုသုတလည်းရှိ၊ အယူအမြင်လည်း မှန်ကန် သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တွေတော့ ဖြစ်ပါရဲ့ ခန္ဓာဉာဏ်ရောက် ဝိပဿနာလုပ်ဖို့ကျတော့ ဝန်လေးနေတတ်ကြတာရှိတယ်။ သူတို့ကို ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်တွေလုပ်ဖြစ်အောင်၊ ပုထုဇဉ်နယ်ထဲကနေ အရိယာနယ်ထဲရောက်လာအောင် ညွှန်ပြတိုက်တွန်းပေးရပါမယ်။ အဲဒီ ငါးမျိုးနဲ့ ပြည့်စုံအောင် ရှင်းလင်းပြောပြ တိုက်တွန်းဆောင်ရွက်ပေးခြင်းသာလျှင် ကတညုတာမင်္ဂလာ ကျေးဇူးဆပ်ခြင်းအစစ် ဖြစ်ပါတယ်။

## ဖန်ဆင်းရှင်ဝါဒသည် အဟေတုကဒိဋ္ဌိ

အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးရဲ့ ဇာတိက နလန္ဒမြို့တဲ့။ မိခင်ကြီးက သာရီပုဏ္ဏေးမကြီး။ ဥပတိဿ၊ စုန္ဒ၊ ရေဝတဆို

ပြီး ညီအစ်ကိုသုံးယောက်။ စာလာ၊ ဥပစာလာ၊ သီသူပစာလာလို့ ညီအစ်မသုံးယောက်။ ပေါင်း မွေးချင်း ၆ ယောက်ရှိတယ်။ သူတို့ မိသားစု ဆွေမျိုးသားချင်းအသိုင်းအဝိုင်းတွေ အကုန်လုံးက ဘုရားပွင့် တော်မမူခင်ကတည်းက မဟာဗြဟ္မာကြီးကို ကိုးကွယ်လာခဲ့ကြတဲ့ ဗြဟ္မဏဘာသာဝင်တွေ ဖြစ်ပါတယ်။

ဗြဟ္မဏဘာသာဝင်တွေက ဘယ်အရာမဆို မဟာဗြဟ္မာကြီး ကပဲ ဖန်ဆင်းတယ်လို့ ယုံကြည်ထားကြတယ်။ သူတို့ရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အရာအားလုံးကို မဟာဗြဟ္မာကြီးက ဖန်ဆင်း တယ်လို့ လက်ခံထားကြတယ်။ အရာရာတိုင်းကို ဗြဟ္မာကြီးက ဖန် ဆင်းတဲ့အတွက် အဲဒီ ဗြဟ္မာကြီးကို ကိုးကွယ် ဆည်းကပ်ရမယ်လို့ လက်ခံထားကြတဲ့ ဗြဟ္မဏဘာသာဝင်တွေပေါ့။

သာရိပုတ္တရာမကြီးနဲ့တကွ ဗြဟ္မဏဘာသာဝင်တွေ အကုန်လုံး လောကမှာ ရှိရှိသမျှ ပုဂ္ဂိုလ်သတ္တဝါတွေ အကုန်လုံးမှာ အမှန်စင်စစ် ရှိနေတာက ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသာ ဖြစ်ပါတယ်။ ခန္ဓာငါးပါး ရှိနေတဲ့အတွက် ဘဝများစွာ သံသရာမှာ မအိုချင်ဘဲနဲ့လည်း အိုခဲ့ ကြရတယ်။ မနာချင်ဘဲနဲ့လည်း နာခဲ့ကြရတယ်။ မသေချင်ဘဲနဲ့လည်း သေခဲ့ကြရတယ်။ ခန္ဓာရယ်လို့ ရလာပြီဆိုရင် ဘယ်ဘဝ ဘယ်ခန္ဓာ ကိုယ်ပဲရရ အိုနာသေဘေးကြီးတွေနဲ့ တွေ့ကြရမှာပါပဲ။

အဲဒီလို အိုနာသေဘေးကြီးတွေနဲ့ တွေ့ကြရမှာပါလားလို့ အတိတ်က မသိခဲ့ကြဘူး။ မသိတာက အဝိဇ္ဇာ။ ဘုံဘဝတွေရကြောင်း အလုပ်တွေပြုလုပ်ခဲ့ကြတယ်။ ပြုလုပ်တာက သင်္ခါရ။ ဟိုဘဝ ဒီဘဝ ရချင်တော့ ဆုတောင်းခဲ့ကြတယ်။ လိုချင်ရချင်တာက တဏှာ။ မရ မနေနိုင် စွဲလန်းခဲ့ကြတာက ဥပါဒါန်။ ရအောင်လုပ်တာက ကမ္မဘဝ ဖြစ်ပါတယ်။

အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဆိုတဲ့ အကြောင်းတရားငါးပါးကြောင့် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တစ်နည်းအားဖြင့် ခန္ဓာငါးပါး ဖြစ်လာ ရပါတယ်။ အတိတ်အကြောင်း ငါးပါးကြောင့် ပစ္စုပ္ပန်အကျိုးတရား ငါးပါး ဖြစ်လာရတာပါ။ ရှင်းရှင်းပြောရင် အခုဘဝ ခန္ဓာရနေတာဟာ အကြောင်းမမှုကြောင့် အကျိုးမမှုဖြစ်လာခြင်းသာပါပဲ။

အရှင်သာရိပုတ္တရာရဲ့ မိခင်ကြီးနဲ့ ဗြဟ္မဏဘာသာဝင် အားလုံး ဟာ အတိတ်အကြောင်းကြောင့် ဖြစ်လာရတဲ့ ခန္ဓာငါးပါးကို ဗြဟ္မာ ကြီးက ဖန်ဆင်းတယ်လို့ ယူဆလိုက်တဲ့အတွက် အတိတ်အကြောင်း ငါးပါးကို ပယ်ရာရောက်ပါတယ်။ အတိတ်အကြောင်းကို ပယ်လိုက် တော့ အဟေတုကဒိဋ္ဌိတွေ ဖြစ်နေကြပါတယ်။ အကြောင်းတရားရှိ လို့ ဖြစ်လာတဲ့ အကျိုးတရားကို ဗြဟ္မာကြီးက ဖန်ဆင်းတယ်လို့ ယူ လိုက်တော့ အတိတ်အကြောင်းကိုပယ်တဲ့ အဟေတုကဒိဋ္ဌိတွေပဲပေါ့။

## နက္ခတ်သဘင်ပွဲမှ ဓမ္မသံဝေဂ

ဗြဟ္မဏဘာသာဝင်တွေမှာ နှစ်စဉ်နှစ်တိုင်း ဗြဟ္မာကြီးကို ပူ ဇော်ပသတဲ့ ဗာလနက္ခတ်သဘင်ပွဲဆိုတာ ရှိတယ်။ သူတို့ ဗြဟ္မာကြီး က အခြံအရံ နတ်မင်းကြီးကိုးပါးရှိသတဲ့။ အဲဒီနတ်မင်းကြီးတွေက နက္ခတ်တာရာ ကိုးလုံးမှာနေတာတဲ့။ ဗာလနက္ခတ် ပူဇော်ပွဲမှာ နတ် မင်းကြီးတွေကို သတ္တဝါကိုးမျိုးကိုးလီရဲ့ လည်ချောင်းသွေးတွေနဲ့ သွန်း ပြီးတော့ ဗလိနတ်စာ ကျွေးရသတဲ့။

သတ္တဝါကိုးမျိုးကိုးလီဆိုတာ မင်းသားကိုးယောက် မင်းသမီး ကိုးယောက်၊ ဆင်းကိုးကောင်၊ မြင်းကိုးကောင်၊ ကြက်ကိုးကောင်၊ ဆိတ်ကိုးကောင် စသည်ဖြင့် တစ်မျိုးကို ကိုးကောင်စီ။ အားလုံးပေါင်း

ရှစ်ဆယ့်တစ်ကောင်ပေါ့။ ကိုးနဝင်း မိုးလင်းမှသိဆိုတာ အဲဒါပြောတာပဲ။ ကိုးနဝင်းဆိုတဲ့စကားက ထေရဝါဒ ဗုဒ္ဓဘာသာကလာတဲ့စကား မဟုတ်ပါဘူး။ ဗြဟ္မဏဘာသာဝင်တွေ နတ်မင်းကြီးကိုးယောက်ကို လည်ချောင်းသွေးတွေနဲ့ ပူဇော်တဲ့ ဗာလနက္ခတ်သဘင်ပွဲက ဆင်းသက်လာတာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာ ဘုရားဂုဏ်တော်နဲ့ကပ်ပြီးတော့ ကိုးနဝင်း မိုးလင်းမှသိမယ်လို့ ကူးစက်လာပြန်တာနော်။ နောက်တစ်ခါ ဘုရားကိုးဆူပူဇော်ပွဲဆိုတာလည်း အဲဒီလို ကူးစက်လာတယ်။ ဘုရားနှင့်တကွ ရဟန္တာရှစ်ပါးကို အလည်မှာထည့်ပြီး နတ်မင်းကြီး ကိုးယောက်ရဲ့ နတ်မင်းကြီးကိုးယောက်ဘေးမှာမှ နက္ခတ်ကိုးလုံး ရံလိုက်ပြန်ရော။

တနင်္ဂနွေ ဂဝံ့ပွန်၊ တနင်္လာ ကျား၊ အင်္ဂါ ခြင်္သေ့၊ ဗုဒ္ဓဟူး ဆင်၊ ကြာသပတေး ကြွက်၊ သောကြာ ပူး၊ စနေ နဂါးတဲ့။ လူတစ်ယောက်မှ မပါဘူး။ အဲဒါတွေနဲ့ ဂြိုလ်ပြေနံ့ပြေဆိုပြီး လုပ်ကြသေးတယ်။ ဘုရားကိုးဆူဆိုတာလည်း နက္ခတ်ကြီးကိုးလုံး၊ နတ်မင်းကြီးကိုးပါးကို ပူဇော်တာက အဓိကပါ။ ဘုရားကိုးဆူ ပူဇော်ပွဲ ပြင်ထားဆင်ထားတာကြည့်ရင် သိသာပါတယ်။ အလယ်မှာမလိုဘဲ ကိုယ့်သဘောနဲ့ တို့ဘုရားနဲ့ ရဟန္တာရှစ်ပါးကို ထည့်ထားတာပဲ။

တစ်နှစ်တစ်ခါ နက္ခတ်ပွဲသဘင်ကြီး အကြီးအကျယ် ကျင်းပတော့ ဗြဟ္မဏဘာသာဝင် အားလုံး ဝတ်ကောင်းစားလှတွေ ဝတ်ပြီး သွားကြတယ်။ ပျော်ပွဲစားထွက်ကြတယ်။ အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနဲ့ အရှင်မဟာမောဂ္ဂလာန်အလောင်း ကောလိတ သူငယ်ချင်းတို့လည်း လူငယ်ဘာဝ လိုက်ပါလာရင်း ပွဲကြည့်တော့ မင်းသားမင်းသမီးတွေ ပွဲကနေတာ အရိုးစုကြီးတွေ ပါလားလို့ ဓမ္မသံဝေဂရကြတယ်။

ပွဲလမ်းဆိုတာ ကြည့်တတ်ရင် ဘာဝနာတဲ့။ ဒီခေတ် ရုပ်ရှင်တွေ တချို့ဇာတ်ကားဆိုရင် သိပ်အဆင့်မြင့်တယ်။ မိဘနဲ့ သားသမီး မေတ္တာဖွဲ့ စုန်ရေတို့၊ ဆန်ရေတို့လို့ သားသမီးတွေ လိမ္မာဖို့ မိဘတွေဝတ္တရားကျေပြွန်ဖို့ အသိပေးထားတာ သိပ်ကောင်းတယ်လို့ ပြောကြတယ်။ ကြည့်တက်ရင် ဘာဝနာဆိုတာ အဲဒီဇာတ်ကားမျိုးပြောတာနေမှာပဲ။ အရှင်သာရိပုတ္တရာတို့ သူငယ်ချင်းနှစ်ယောက်လည်း ဗာလနက္ခတ်သဘင်မှာ မင်းသား မင်းသမီး ကခုန်နေတာကြည့်ပြီးတော့ သံဝေဂရကုန်ပြီ။ "သူငယ်ချင်းရေ တစ်ခဏတာဖြစ်ရတဲ့ လူ့ဘဝမှာ အနှစ်မရှိတဲ့ အကာအလုပ်တွေနဲ့ အချိန်ကုန်နေကြတယ်။ တို့နှစ်ယောက် တရားထူး တရားမြတ်ကို ရအောင်ရှာကြပါစို့" တဲ့။

## တရားနာတဲ့ မင်္ဂလာကောင်းကျိုးဖြာ

သူငယ်ချင်းနှစ်ယောက် လောကီစည်းစိမ်တွေ စွန့်ခွာပြီး တရားရှာထွက်လာကြတယ်။ ပထမတော့ သိဉ္စည်းဆရာကြီးဆီ ရောက်သွားကြသေးတယ်။ တုံးခုန် ဇယ်ခတ်အလုပ်တွေဟာ တရားအလုပ် မဟုတ်ဘူး။ တရားကလည်း အစစ်အမှန် မဟုတ်ဘူးလို့ သိလာတော့ ပြန်ခဲ့ကြတယ်ပေါ့။ တရားစစ် တရားမှန် မြန်မြန်တွေ့အောင်လို့ သူငယ်ချင်းနှစ်ယောက် ခွဲပြီး တစ်လမ်းစီ ထွက်ခဲ့ကြသတဲ့။

အရှင်သာရိပုတ္တရာလောင်းလျာ ဥပတိဿက ဆွမ်းခံကြွလာတဲ့ အရှင်အဿဇိကိုတွေ့တော့ "ဒီအရှင်ဟာ ဣန္ဒြေသိက္ခာရှိတယ်။ တရားထူး တရားမြတ်ရနေလောက်တယ်" လို့ အကဲခတ်မိပြီးတော့ "အရှင်က ဘယ်သူရဲ့တပည့်ပါလဲ" လို့ မေးလိုက်သတဲ့။ အရှင်အဿဇိက "မာရ်ငါးပါးကို အောင်မြင်တဲ့ ဗိနဗုဒ္ဓရဲ့တပည့်ပါ" "ဪ- အရှင်တို့ရဲ့ဆရာက ဘယ်အယူရှိသလဲ" မေးတော့ "ကျွန်ုပ်က သင်္ကန်း

ဝတ်တာ သုံးလပဲရှိသေးတယ်။ ဘုရားရှင်ရဲ့ အနန္တတန်ခိုးတော် ဉာဏ်တော်ကံတော်ကို ဘယ်လိုလုပ်သိနိုင်မှာတဲ့လဲ” “ဟုတ်ပါတယ် ဟုတ်ပါတယ်။ ဒါပေမဲ့ အရှင်တို့ဆရာ ဟောလေ့ဟောထရှိတဲ့ တရားလေးတော့ မပြောနိုင်ဘူးလား” ဆိုတော့မှ အရှင်အဿဇိက “ကျွန်ုပ်နာကြားသမျှလေးတော့ ဟောနိုင်ပါတယ်” လို့ ဖြေတယ်။

အရှင်အဿဇိ ဟောလိုက်တာက “ကျွန်ုပ်တို့ဆရာ မြတ်စွာဘုရားက အကြောင်းကြောင့် အကျိုးဖြစ်တယ်လို့ ယူဆပါတယ်” တဲ့ ဉပတိဿလည်း “ဒီလောက်ဆို တော်ပါပြီဘုရား” လို့ လျှောက်ထားရင်း ခန္ဓာပေါ် ဉာဏ်လှည့်လိုက်တဲ့အခါမှာ ခန္ဓာက ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားဟဲ့ ဒိဋ္ဌိဝိစိကိစ္ဆာက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာလို့ သစ္စာလေးချက်ဆိုက်ပြီးတော့မှ သောတာပန်တည်သွားပါပြီ။

ဉပတိဿဟာ ဘုရားနဲ့ မတွေ့ရသေးခင်မှာပဲ ဘုရားဟောသစ္စာတရားကို နာကြားရပြီးတော့ သောတာပန်တည်သွားပါတယ်။ သစ္စာတရားဆိုတာ အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ် တရားပါပဲ။ အကြောင်းအကျိုး လက်ခံတဲ့ဝါဒဟာ ဘုရားရဲ့ဝါဒဖြစ်လို့ ဗုဒ္ဓဘာသာဝင်ဆိုတာလည်း အကြောင်းအကျိုး လက်ခံယုံကြည်တဲ့ ဝါဒပဲဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင် စစ်စစ်ဆိုရင် အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်တရားကို သိရှိနားလည်အောင် နာကြားထားသင့်ပါတယ်။

ဆွမ်းခံကြွနေဆဲ အရှင်အဿဇိထံကနေ “ကာလေနဓမ္မဿဝနံ–ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ” မင်္ဂလာနဲ့အညီ သစ္စာတရား နာကြားလိုက်ရတဲ့အခါမှာ အရှင်သာရိပုတ္တရာလောင်းလျာ ဉပတိဿဟာ သောတာပန်တည်ခြင်းဆိုတဲ့ ဇော်မင်္ဂလမုတ္တမံ လောကုတ္တရာ မင်္ဂလာမြတ်ကြီးကိုပါ ရရှိသွားပါတော့တယ်။

## အကြိမ်ကြိမ်နာကြား အကြိမ်ကြိမ်အားထုတ်

ဥပတိဿဟာ အရှင်အဿဇိထံမှ သစ္စာတရားနာရလို့ သောတာပန် အရိယာဖြစ်သွားပြီးတဲ့နောက် အရှင်မြတ်ရဲ့ သီတင်းသုံးရာဌာနကို မေးလျှောက်ပါတယ်။ "အရှင်ဘုရား ကြွနှင့်ပါဘုရား။ တပည့်တော်နောက်က လိုက်ခဲ့ပါမယ်" လို့ လျှောက်ထားပြီး သူငယ်ချင်းရှင်မောဂ္ဂလာန်အလောင်းအလျာကို လိုက်ရှာပါတယ်။ သူတို့အချင်းချင်း "တရားထူး အရင်နာရတဲ့သူက ကျန်တဲ့လူကို ပြောပြကြေး" လို့ ကတိထားခဲ့ကြတယ်လေ။

အရှင်မောဂ္ဂလာန်အလောင်းအလျာ ကောလိတကလည်း သူ့ဆီကိုလာနေတဲ့ ဥပတိဿရဲ့ ဣန္ဒြေတည်ငြိမ်မှုကို လှမ်းကြည့်ပြီးတော့ တရားထူးရနေလောက်ပြီလို အကဲခတ်တယ်။ ဥပတိဿ ပြန်ဟောပြတဲ့ သစ္စာတရားကို နာကြားရပြီး ကောလိတလည်း ခန္ဓာပေါ်ဉာဏ်ရောက်လို့ သောတာပန် တည်ပါတယ်။ သူတို့နှစ်ယောက်လုံးဟာ ဘုရားနဲ့ မတွေ့ဖူးသေးဘူး။ ဘုရားရှင်နှုတ်တော်က တိုက်ရိုက်ဟောတဲ့တရားကိုတော့ မနာရဖူးသေးဘူး။ ဒါပေမဲ့ ဘုရားရှင်ရဲ့ သာဝကအရှင်အဿဇိဟောတဲ့ တရားကို နာရတဲ့အတွက် တရားထူးရကြတာပါပဲ။

ဒါကြောင့် တို့တစ်တွေဟာ ဘုရားနဲ့ မတွေ့လိုက်ရသော်လည်းပဲ ဘုရားဟော သစ္စာတရားကို ဆရာသမားများထံက နာကြားခွင့်ရနေကြတယ်။ ကြိုးစားရင် သောတာပန် တည်နိုင်တာပါပဲ။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့က ဉာဏ်ကြီးရှင်တွေဆိုတော့ တစ်ကြောင်းတစ်ဝါကျနဲ့ သောတာပန် တည်နိုင်ကြတယ်။ ပဥ္စဝဂ္ဂီငါးဦးဆိုရင် အကျယ်ဝေဖန်ဟောပြမှ သောတာပန်တည်တာနော်။

သူတို့လို မြန်မြန်ဆန်ဆန် သောတာပန် မတည်နိုင်ပေမယ့်

မျှော်လင့်စရာ အခွင့်အရေးရှိပါတယ်။ နေယျပုဂ္ဂိုလ်များဟာ သစ္စာတရားကို အကြိမ်ကြိမ် နာကြားပြီးတော့ ခန္ဓာဉာဏ်ရောက် အကြိမ်ကြိမ်အားထုတ် ဖြစ်ပျက်မြင်မှန်းဆုံးအောင် ကြိုးစားရင် ဒီဘဝမှာပဲ သောတာပန်တည်နိုင်ပါသတဲ့။ တို့တစ်တွေဟာလည်း သစ္စာတရားကို အကြိမ်ကြိမ် နာကြား၊ အကြိမ်ကြိမ် ခန္ဓာဉာဏ်ရောက် တရားအားထုတ်ကြရင် သောတာပန်ဖြစ်မယ်လို့ မျှော်လင့်နိုင်ပါတယ်။ တစ်နေကုန် မထိုင်နိုင်ရင်ရှိစေ တစ်နာရီလုံးလုံး မထိုင်နိုင်ရင်လည်းရှိစေ။ ရတဲ့အချိန်လေးမှာ လုပ်သွားရမယ်။ အဓိကအားဖြင့် လုပ်သလောက် ကျေးဇူးများဖို့ လိုပါတယ်။ အကြိမ်ကြိမ် အားထုတ်သွားရပါမယ်။

အထက်တန်းတရားတွေ နားလည်ချင်ရင် အခြေခံကို ကျကျနနသိအောင် လုပ်ရပါမယ်။ **"ဝိမုတ္တိ တစ်ပတ်ပြန်၊ ပရမတ်သံ ကြားရစမြဲ။ သာသနာတစ်ဝက်၊ မေ့စက်၊ အင်းခန်းတော့ လယ်တီ၊ လယ်တီတော့ ငှက်ကျ၊ ငှက်ကျတော့ ထွန်ဆင်း ထွန်ဆင်းတော့ မိုးရွာ၊ ဒီတစ်ခါရွာတဲ့မိုး၊ ဝအောင်သာချိုး"** ဆိုတဲ့ တဘောင်လင်္ကာလေးထဲကအတိုင်း တရားမိုးကို ဝအောင်ချိုးလိုက် သုံးလိုက်ကြစမ်းပါ။ နှလုံးသားထဲ ဖြူစင်သွားအောင် အေးချမ်းသွားအောင် သစ္စာမိုးရေ သောက်လိုက်ကြစမ်းပါ။

## နာကြားဆင့်ပွား ကောင်းကျိုးများ

ဥပတိဿဆိုက တရားနာရပြီး ကောလိတလည်း သောတာပန်တည်သွားပြီးတဲ့နောက် အရှင်အဿဇိပေးထားတဲ့ လိပ်စာအတိုင်း ကျောင်းတော်ကို ရောက်သွားတယ်။ မြတ်စွာဘုရားကို ဖူးမြော်ကန်တော့ကြပြီး ဘုရားဟောကြားတဲ့ သစ္စာတရားကို နာကြားကြတယ်။ ခန္ဓာဉာဏ်ရောက် ကျင့်ကြံအားထုတ်လိုက်ကြတဲ့အခါ ဖြစ်ပျက်မြင်မှန်းဆုံးပြီးတော့မှ သစ္စာလေးကြိမ်လေးခါဆိုက်လို့ ရဟန္တာ

အရှင်မြတ်ကြီးတွေ ဖြစ်သွားကြပါတယ်။ "ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်ပေ" ဆိုတဲ့အတိုင်း အကြိမ်ကြိမ် ကြားနာအားထုတ်လိုက်တဲ့အခါ အသိဉာဏ်တွေ တစ်ဆင့်ပြီးတစ်ဆင့် မြင့်တက်လာခဲ့တာပါပဲ။

အရှင်သာရိပုတ္တရာနဲ့ အရှင်မောဂ္ဂလာန် မထေရ်မြတ်နှစ်ပါးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ တရားတော်တွေ နာကြားပြီးတော့ ရဟန္တာဖြစ်တဲ့အချိန်ကစပြီး ဘုရားရှင် ကိုယ်တော်မြတ်ကြီးနဲ့အတူ သာသနာပြုနေလိုက်တာ ၄၄ နှစ်ကာလကြာအောင်ပါပဲ။ အရှင်သာရိပုတ္တရာဆီက တရားနာကြားရပြီးတော့ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ ဖြစ်သွားသူတွေ အများကြီးပါ။ အကုန်လုံးဟာ ဘုရားရှင်တရားနာရလို့ အရိယာဖြစ်တာ မဟုတ်ပါဘူး။ သူ့သာဝကနဲ့သူ ဖြစ်လိမ့်မယ်လို့ ဟောထားတာရှိပါတယ်။

ဒါကို သဘောပေါက်ရင် ကျေးဇူးရှင် ဆရာတော်ကြီးများ ဖြစ်ကြတဲ့ မဟာစည်၊ မိုးကုတ်၊ ဝေဘူးစွန်းလွန်း၊ သဲအင်းဂူဆရာတော်ကြီးများရဲ့ ဥပနိဿယတွေနဲ့အညီ သူ့နည်းနဲ့သူ ကျင့်ကြံအားထုတ်ရင် တရားထူးရနိုင်တယ်ဆိုတာ လက်ခံနိုင်မှာပါ။ သူ့သာဝကနဲ့သူရှိနေတယ်ဆိုတာ သဘောပေါက်ပါ။ တစ်ဦးနဲ့တစ်ဦး ပြိုင်တယ်ဆိုတာ အနှစ်မပြည့်သေးလို့၊ တရားမပြည့်သေးလို့ပဲ။ တရားပြည့်ရင် မပြိုင်တော့ပါဘူး။

အဲဒီလို ဘုရားမြတ်စွာနဲ့အတူ သာသနာပြုတော်မူနေကြရင်း ဘုရားရှင်က ၄၅ ဝါအရောက် အရှင်သာရိပုတ္တရာက ၄၄ ဝါအရောက် သက်တော်အားဖြင့် ရှစ်ဆယ်။ အသက်အရွယ် အိုမင်းကြီးရင့် အရွယ်လင့်လာခဲ့ကြပြီ။ ပရိနိဗ္ဗာန်ဝင်စံကြရတော့မယ်ဆိုတော့ ထုံးစံအားဖြင့် ရှင်တော်မြတ်ဘုရားထက်အရင် လက်ဝဲတော်ရံ၊ လက်ယာတော်ရံ ပုဂ္ဂိုလ်တွေက အရင်ပရိနိဗ္ဗာန်စံကြရတယ်။

ပရိနိဗ္ဗာန်မစံခင်မှာ ဇာတိဖြစ်တဲ့ နာလန္ဒမှာ ကျန်ရစ်ခဲ့တဲ့ မိခင်ကြီးနဲ့ ညီအစ်ကိုမောင်နှမတွေကိုလည်း သစ္စာတရား သိမြင်အောင် ဟောပြရမည့်တာဝန်ရှိတယ်ဆိုပြီး နာလန္ဒာကို ကြွသွားပါတယ်။ မိခင်ကြီးက မိစ္ဆာဒိဋ္ဌိ ဗြဟ္မာကြီးကို ကိုးကွယ်တဲ့ အယူအစွဲ သိပ်ပြင်းတာမို့လို့ အိမ်ကိုမဝင်သေးဘဲ တစ်နေရာမှာ သီတင်းသုံးတယ်။ အစ်ကို ဥပတိဿ ရောက်နေတယ်ကြားလို့ ညီအလတ် စုန္ဒက လာတွေ့တယ်။ စုန္ဒကို သစ္စာတရားဟောပြ ဖြစ်ပျက် မြင်မှုန်းဆုံးပြီး သောတာပန် တည်တဲ့အခါ ရဟန်းပြုပါတယ်။ ရဟန်းပြုပြီး မကြာခင်မှာ စုန္ဒ ရဟန္တာအရှင်မြတ်ကြီး ဖြစ်သွားပါတယ်။ နောက်တော့ စာလာ၊ ဥပစာလာ၊ သီသူပစာလာဆိုတဲ့ ညီအစ်မသုံးယောက်လည်း သစ္စာတရား နာကြားရပြီး ရဟန္တာ ထေရီမကြီးတွေအဖြစ်နဲ့ သာသနာတော်ရဲ့ဂုဏ်ကို ဆောင်နေကြပါပြီ။

အမေ သာရီပုဏ္ဏေးမကြီးနဲ့အတူ ရေဝတဆိုတဲ့ ညီတစ်ယောက်ပဲ ကျန်တော့တယ်။ အစ်ကိုတွေ၊ အစ်မတွေ ရဟန်းပြုကုန်ကြတော့ ကြာရင် မျိုးဆက်ပြတ်ရချည်ရဲ့ဆိုပြီး ခုနစ်နှစ်သား ရေဝတလေးကို အိမ်ထောင်ချပေးဖို့လုပ်တယ်။ ရေဝတကလည်း မင်္ဂလာဆောင်ကနေ သတို့သားဝတ်စုံကြီးနဲ့ ထွက်ပြေးလာပြီး ဘုန်းကြီးကျောင်းမှာ ကိုရင်ဝတ်တာ ရှင်သာရိပုတ္တရာက သံဃာတော်တွေကို "တကယ်လို့များ ကလေးတစ်ယောက် တပည့်တော်ညီဆိုပြီး ရောက်လာခဲ့ရင် သင်္ကန်းဝတ်ပေးလိုက်ကြပါ" လို့ ကြိုတင်မှာထားတာတဲ့။ ရေဝတလည်း သစ္စာတရား နာကြားရလို့ **တစပဉ္စက** ကမ္မဋ္ဌာန်းနဲ့ ခံချနေတဲ့အချိန်လေးမှာတင် ဖြစ်ပျက်မြင်မှုန်းဆုံးလို့ သောတာပန်တည်ပါတယ်။

အစ်ကိုဖြစ်သူ သာသနာတော်မှာ ရှိနေတော့ ကျန်တဲ့မောင်နှမတွေ အကုန်လုံး အစ်ကိုနည်းတူ ကောင်းသောအတု စံနမူနာယူပြီး သစ္စာတရား နာကြားရတယ်။ အရိယာပုဂ္ဂိုလ်တွေဖြစ်ပြီး သာသနာ

တော်ရဲ့ ဂုဏ်ရောင်ထွန်းပြောင်အောင် စွမ်းဆောင်နိုင်ကြကာ ဂုဏ်ယူဝမ်းမြောက်စရာအထိပါပဲ။

## ကျေးဇူးဆပ်မည့် သားကောင်းမြတ်

သားဖြစ်တဲ့ အရှင်သာရိပုတ္တရာတောင် သက်တော် ရှစ်ဆယ်ရှိပြီဆိုတော့ အမေအိုသာရီပုဏ္ဏေးမကြီးက အသက်တစ်ရာကျော် ရှိနေပါပြီ။ ကြွယ်ဝချမ်းသာတဲ့ အမျိုးမို့လို့ အလုပ်သမား၊ အိမ်စေတွေ အမြောက်အမြား ရှိနေမှာပါပဲ။ သားတွေ၊ သမီးတွေက အကုန်လုံး သင်္ကန်းဝတ်ကုန်ကြတော့ အရင်းအခြာထဲက အားကိုးစရာ မရှိရှာဘူး။ အားငယ်မယ်ဆိုရင် အားငယ်စရာကောင်းလိုက်တာ။

အမေအိုကြီးက ဗြဟ္မာဝါဒ ကိုးကွယ်တဲ့ မိစ္ဆာဒိဋ္ဌိကြီး။ အလှူဒါနပေး လှူရကောင်းမှန်းလည်းမသိ။ သီလဆောက်တည်ရကောင်းမှန်းလည်းမသိ။ ခန္ဓာဉာဏ်ရောက် ဗဟုသုတလည်းမရှိ။ မိစ္ဆာဒိဋ္ဌိ အယူကိုလည်း မပယ်သတ်နိုင်သေးဘူးပေါ့။ အဲဒီမှာ အရှင်သာရိပုတ္တရာ မထေရ်မြတ်က "ငါ့တရားကို နာကြားရလို့ သတ္တဝါဝေနေယျများစွာ တရားထူးရကြပြီ။ ညီအစ်ကိုမောင်နှမတွေလည်း ကျွတ်တန်းဝင်ခဲ့ကြပြီ။ အမေ သာရီပုဏ္ဏေးမကြီး တစ်ယောက်ပဲ ကျန်တော့တယ်။ သူများကို ကျွတ်အောင်ချွတ်နိုင်ပြီးမှ အမေ့ကို မချွတ်နိုင်ဘူးဆိုရင် ပညာအရာ ဧတဒဂ်ရပုဂ္ဂိုလ်ကြီး ဖြစ်ရက်နဲ့ ဒီလောက်ညံ့ရလားလို့ ကဲ့ရဲ့ကြတော့မယ်။ ငါ မိခင်ကို ကျေးဇူးဆပ်တရား ဟောပေးပြီးမှ ပရိနိဗ္ဗာန်စံမယ်" လို့ ကြံတော်မူပါတယ်။

ဒါနဲ့ ပရိနိဗ္ဗာန်စံမည့်အကြောင်း ဘုရားကို သွားလျှောက်ပါတယ်။ ဘုရားရှင်က ပရိနိဗ္ဗာန်စံဖို့လည်း မတိုက်တွန်းဘူး။ မစံနဲ့လို့လည်း တားတော်မမူဘူး။ ပရိနိဗ္ဗာန်စံဖို့တိုက်တွန်းရင် သေခြင်းတရား

ကို ချီးမြှောက်အားပေးရာ ရောက်မယ်။ မစံပါနဲ့လို့ တားရင်လည်း ဒုက္ခသစ္စာ မကောင်းဘူးပြောပြီးတော့ ဆက်အနေခိုင်းတယ်လို့ ကဲ့ရဲ့ ကြလိမ့်မယ်။ ဒါကြောင့် ဘုရားက "ဘယ်အရပ်မှာ ပရိနိဗ္ဗာန်စံမှာ လဲ" လို့ အစွန်းလွတ်အောင် မေးတော်မူလိုက်ပါတယ်။

အဲဒီမှာ အရှင်သာရိပုတ္တရာက "တပည့်တော်မွေးဖွားရာနာလန္ဒာ မြို့က မိခင်ကြီးအိမ်က တိုက်ခန်းလေးမှာ ပရိနိဗ္ဗာန် စံပါမယ်ဘုရား။ မိစ္ဆာဒိဋ္ဌိ အယူစွဲနေတဲ့ မိခင်ကြီးကို ကျေးဇူးဆပ်တဲ့အနေနဲ့ တရား ဟော ချွတ်ပြီးမှ ပရိနိဗ္ဗာန်စံပါမယ်ဘုရား" လို့ လျှောက်ပါတယ်။ အဲဒီနောက် ဘုရားမြတ်စွာရဲ့ အမိန့်တော်အတိုင်း ညီတော်၊ ညီမတော် ထေရီထေရာ ရဟန္တာအရှင်မြတ်ကြီးတွေကို နှုတ်ဆက်ပါတယ်။ အဲဒီ နောက် ကောင်းကင်ကို ဈာန်တန်ခိုးနဲ့ တက်ကြွပြီးမှ တရားဟောကြား ပါတယ်။

တရားဟောအပြီးမှာ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ခြေဖမိုး ပေါ် မျက်နှာအပ်ပြီးတော့ "မြတ်စွာဘုရား တပည့်တော်သည် ၄၄ ဝါပတ်လုံး ရှင်တော်မြတ်ဘုရားနဲ့အတူ နေလာခဲ့ရာမှာ အရှင်ဘုရား အပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးဖြင့် ပြစ်မှားကျူးလွန် ခဲ့ပါလျှင် တပည့်တော်အား ခွင့်လွှတ်တော်မူပါဘုရား" လို့ လျှောက် ထားတောင်းပန် ကန်တော့ပါတယ်။ လောကုတ္တရာဖခင်ကြီးဖြစ်တဲ့ မြတ်စွာဘုရားကို ကန်တော့ရှိခိုး နှုတ်ဆက်နေခြင်း ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာရဲ့ ကောင်းမြတ်တဲ့ အမူအရာကို အတုယူကြ စေချင်ပါတယ်။ မိဘကို သွားစရာလာစရာရှိရင်လည်း ကန်တော့ပါ။ အိပ်ရာဝင် အိပ်ရာထမှာလည်း နေ့တိုင်း ကန်တော့ရမယ်။ မိဘနှစ် ပါး မရှိတော့တဲ့သူတွေကလည်း ဓာတ်ပုံလေးတွေကြည့်ပြီး ကန်တော့ ရင်းနဲ့ အမျှအတမ်း ပေးဝေသင့်ပါတယ်။ အဲ့ဒါ မိဘကို ကျေးဇူးဆပ် ခြင်းပါပဲ။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကတော့ ဘုရားကို ရှိခိုးကန်တော့ နှုတ်ဆက်ပြီးတဲ့နောက်မှာ မိခင်ကြီးကို တရားဓမ္မနဲ့ ကျေးဇူးဆပ်ဖို့ မိခင်ကြီးရှိရာ နာလန္ဒာမြို့ကို ကြွသွားတော်မူပါပြီ။ "ကိုယ့်ပေါ်ပြုဖူး သူ့ကျေးဇူး အထူးသိတတ်" တဲ့ ကတညုတာမင်္ဂလာ၊ "ကောင်းကျိုးဆင့်ပွား မြတ်တရား နာကြားမပြတ်" ခဲ့တဲ့ ကာလေနဓမ္မဿဝနမင်္ဂလာနှစ်ရပ်ကို သားကောင်းသားမြတ်အဖြစ် ကျေးဇူးဆပ်တော်မူခဲ့တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးကို စံပြအနေနဲ့ အတုယူကျင့်သုံးခြင်းဖြင့် မင်္ဂလာရှိအောင် ရွက်ဆောင်ကြပါစို့။

# သည်းခံနိုင်မှ နိဗ္ဗာန်ရ

## မင်္ဂလာအမှတ် (၂၂)

## အရေးကြီးတဲ့ သည်းခံခြင်း

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ္တန် တရားတော်တွေထဲက ခန္တီစသော ဝစသတော အစရှိတဲ့ မင်္ဂလာမြတ်များကို ပြောပြဖို့ အချိန်ရောက်လာပါပြီ။

**ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။**
**ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံမင်္ဂလ မုတ္တမံ။**

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို၊ ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှကို၊ မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး မှန်ကန်ရေး၊ ဆွေးနွေးမပြတ်ပေ။
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

တို့တစ်တွေ တရားနာကြ၊ တရားထိုင်ကြ၊ တရားစခန်းတွေ ဝင်ပြီး တရားအားထုတ်ကြ၊ နေ့စဉ်နဲ့အမျှ အာစိဏ္ဏကံ ဝိပဿနာ တရားကို အားထုတ်ကြတယ်ဆိုတာ နိဗ္ဗာန်လိုချင်လို့ပါပဲ။ နိဗ္ဗာန် လိုချင်တယ်။ သောတာပန် တကယ်တည်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်များ

အခြေခံကျကျ လက်ကိုင်ထားရမှာကတော့ သည်းခံခြင်းတရား ဖြစ်ပါတယ်။

ရှင်တော်မြတ်ဗုဒ္ဓသည် သာသနာတော်မြတ်ကြီးကို အသက်သွေးချွေးတွေနဲ့ ရင်းနှီးပြီးတော့ တည်ထောင်ပေးသွားခဲ့ပါတယ်။ သာသနာတော်ကြီး တည်ထောင်နိုင်ဖို့ သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဖြစ်အောင်လို့ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီဆယ်ပါး၊ စွန့်ခြင်းကြီးငါးပါး၊ စရိယသုံးပါးတွေကို ဖြည့်ကျင့်တော်မူခဲ့ရာမှာ အရေးအကြီးဆုံးကတော့ သည်းခံခြင်းဆိုတဲ့ ခန္တီပါရမီဖြစ်ပါတယ်။

သည်းခံခြင်းတရားသာမရှိဘူးဆိုရင် ဒါနပါရမီအနေနဲ့ ဝေဿန္တရာ မင်းဘဝမှာ သားတော်တဇာနဲ့ သမီးတော် ဓာလီတို့ကို လှူတော့ ဇူဇကာပုဏ္ဏားက သူ့ရှေ့မှာတင် ကလေးတွေ ကြိုးနဲ့တုပ်ပြီး ရိုက်တာ ဘုရားအလောင်းတော် ဒေါသထွက်လွန်းလို့ ဓားကိုတောင်ဆွဲသတဲ့။ သည်းခံလိုက်လို့သာ ပါရမီအောင်မြင်သွားတာနော်။ အဲဒီတုန်းကသာ သည်းမခံရင် ပုဏ္ဏားကြီးလည်း မသက်သာဘူး။ ဒါနပါရမီ၊ ဒါနပရမတ္ထပါရမီကြီးလည်း ပျက်စီးသွားပါလိမ့်မယ်။

ဘူရိဒတ်နဂါးမင်းဖြစ်စဉ်ကလည်း အလမ္ပာယ်ဆရာက အမျိုးမျိုး နှိပ်စက်တာကို သည်းခံခဲ့ပါတယ်။ ဒေါသအလျောက်သာ မျက်လုံးလေးတစ်ချက် စိုက်ကြည့်လိုက်ရင် အလမ္ပာယ်ဆရာ ပြာကျသွားမှာပေါ့။ ခန္တီပါရမီကြီးလည်း မအောင်မြင်တော့ ဘုရားဖြစ်ဖို့ အလှမ်းဝေးသွားမှာပဲ။ သည်းခံခြင်းခန္တီစ တရားဟာ သိပ်ကို အရေးကြီးပါတယ်။

ဘုရားဖြစ်ဖို့ရာလည်း ခန္တီပါရမီအရေးကြီးဆုံး တို့တစ်တွေ နိဗ္ဗာန်ရဖို့ သောတာပန်အရိယာဖြစ်ဖို့မှာလည်း ခန္တီအရေးကြီးဆုံးမို့လို့ မင်္ဂလာတရားတော်က "ခန္တီစ ဝတ်စားနေထိုင်ရန်ခပ်သိမ်း၊ စိတ်ကို ချုပ်ထိန်းသည်းခံလေ" လို့ ပြောခဲ့တာ ဖြစ်ပါတယ်။

# အာရုံငါးဖြာ သည်းခံပါ

သည်းခံဆိုတဲ့နေရာမှာ အာရုံငါးပါးလုံး သည်းခံရပါတယ်။ အထူးသဖြင့် ငယ်တုန်းရွယ်တုန်း သန်မြန်တုန်းမှာ ကံထက်ဉာဏ်ထက်တဲ့ အချိန်လေး တရားအားထုတ်ခဲ့ကြရင် ဘယ်လောက်ကောင်းမလဲ။ ခုတော့ အာရုံနဲ့ ပတ်သက်ပြီး သည်းမခံဘဲနဲ့ အပျော်ဘက်ကို အချိန်ပေးခဲ့ကြတယ်။ ကံမွဲ ဉာဏ်မွဲ မျက်စိမွဲ နားထိုင်း ခါကိုင်းသွားကြွေ ခွန်အားတွေကုန်မှ တရားအားထုတ်ဖို့ သတိရကြတာနော်။ အပျော်အပါးက ခွန်အားတွေနုတ်သွားလို့ တရားအားထုတ်ဖို့ သိပ်အားမရှိတော့ဘူး။

အာရုံငါးပါးထဲက အဆင်းရူပါရုံမြင်ပြီး ဒုက္ခရောက်ခဲ့ရတာ အများကြီးပါပဲ။ လှူယောင်ဆောင်ထားတဲ့ ဘီလူးမကို ရူပါရုံတပ်မက်ပြီး ဘုရင်က နန်းတော်ထဲ ခေါ်သွားတယ်။ နန်းတော်ထဲရောက်တော့ ဘုရင်ဆီက တံခါးမရှိ ဓားမရှိ ဝင်ခွင့်ထွက်ခွင့်တောင်းတယ်။ ညရောက်တော့ အဲဒီဘီလူးမက သူ့ဆွေမျိုးဘီလူးတွေခေါ်ပြီး တစ်နန်းတော်လုံး ရှိသမျှလူတွေ အကုန်းစားပစ်လိုက်သတဲ့။ အဲဒါ အလှအပကို တပ်မက်လို့ စားမိလို့ သေခြင်းဆိုးနဲ့ သေရတာပေါ့။

အသံနဲ့ပတ်သက်လို့ပြောရရင် ဘုရားအလောင်းတော် စောင်းသမားဘဝက သူ့လက်သံ သိပ်ကောင်းတော့ သဘောကျကြသတဲ့။ အဲဒီအထဲမှာ အမျိုးသမီးတစ်ယောက်က အကဲဆုံးပဲ။ ဒီစောင်းသံကြားရရင်ကို မနေနိုင် မထိုင်နိုင်ဖြစ်နေတာတဲ့။ တစ်နေ့တော့ ဘုရားအလောင်း စောင်းသမားက ဘုရင်ကို ရွှေနားတော်သွင်းရမှာမို့ စောင်းတီးလေ့ကျင့်နေသတဲ့။ အဲဒီစောင်းသံကိုကြားရတဲ့ အမျိုးသမီးက အိမ်အပေါ်ထပ်မှာ နားထောင်နေတယ်။ နားထောင်ရင်း နားထောင်ရင်းနဲ့ စောင်းသံနဲ့နီးအောင် တဖြည်းဖြည်း တိုးလာတာတဲ့။ နောက်တော့

ပြတင်းပေါက်ကို လေ့ကားရှိတယ်မှတ်ပြီး ဆင်းလိုက်လို့ သေရှာပါ ရောလား။

အနံ့အရသာကို သည်းမခံနိုင်လို့ အရက်သေစာတွေ အလွန် အကျွံသောက်ပြီး လမ်းဘေးမှာ ဝက်လစ်စလစ်နဲ့ အိပ်ရင်း လေဖြတ် သေတဲ့ အရက်သမားတွေ အများကြီး။ အစားအသောက်နဲ့တွေ့ရင် ထိန်းမနိုင်သိမ်းမရ၊ အသားလည်းမရှောင်၊ အသီးလည်းမရှောင်၊ အပူ အအေးတွေ့ကရော အကုန်စားပြီး အစာအဆိပ်သင့်လို့ သေရတာ လည်း ရှိတာပဲ။

တချို့ကျတော့ အတွေ့အထိအပေါ် သည်းမခံနိုင်ဘူး။ HIV တွေ AIDS တွေဖြစ်ပြီး ပုံပျက်ပန်းပျက် သေကုန်ရော။ အတွေ့အထိ ပေါ်မှာ သာယာမိလိုက်လို့ ကာမတရား ဖောက်ပြန်မှုကြောင့် ဖြစ်လာ ရတဲ့ ဆိုးကျိုးတွေက များလှပါတယ်။ ဒါကြောင့် ဘုရားရှင်က ဘယ် အရာမှ အလွန်အကျူးမလုပ်ဘဲ သည်းခံဖို့ မိန့်တော်မူခဲ့တာပေါ့။

ပုထုဇဉ်ဆိုတာ ဖြစ်ချင်တာကိုပဲ ဦးစားပေးတတ်ကြတဲ့အတွက် ဖြစ်သင့်တာတွေ နောက်ဆုတ်သွားတတ်ပါတယ်။ နေရတဲ့ဘဝလေ ကလည်း အခိုက်အတန့်လေးပဲ ရှိတာပါ။ တစ်ခဏဖြစ်ရတဲ့ လူ့ဘဝ မှာ အနှစ်သာရရှိအောင် လုပ်ခဲ့ကြရပါမယ်။ ဘုံစဉ်စံ သောတာပန် အရိယာကြီးတွေ ဖြစ်ချင်တယ်ဆိုတော့ အာရုံငါးပါး ကာမဂုဏ်တရာ တွေ ဆွဲဆောင်ရာနောက်ကို လိုက်ပါမနေဘဲနဲ့ သည်းခံခဲ့ကြရပါလိမ့် မယ်။

## အသိ သတိပညာနဲ့ ထိန်းချုပ်ပါ

အာရုံငါးပါးကို သည်းခံနိုင်မှု ရှိ၊ မရှိဆိုတာက ကိုယ့်စိတ်ကို အသိလေးနဲ့ ထိန်းချုပ်မှု ရှိ၊ မရှိနဲ့ အများကြီး သက်ဆိုင်ပါတယ်။

အသိလေးနဲ့ ထိန်းချုပ်ထားရင် ဘယ်လောက် ဆွဲဆောင်မှုအားကောင်းတဲ့အာရုံပဲဖြစ်စေ လိုက်ပါမသွားအောင် ထိန်းနိုင်သွားတာပါ။

သူတော်ကောင်းအလုပ်ကို များများလုပ်နေရင် တရားဘာဝနာပွားများတာ များလာရင် စောစောပိုင်းက အရက်ကို ဘယ်လောက်ပဲကြိုက်ခဲ့ကြိုက်ခဲ့ အရက်ဆိုင်ရှေ့ ဖြတ်လျှောက်ရမှာတောင် ရှက်လာတတ်ပါတယ်။

အသိစိတ်ကလေးနဲ့ ထိန်းမယ်ဆိုရင်လည်း ရတာပါပဲ။ ငါအရက်သေစာ သောက်စားတာက အရေးမကြီးဘူး။ "ငါ့သားသမီးတွေက ပညာတတ်တွေ၊ လူထဲသူထဲ ဝင်ထွက်ဆက်ဆံလို့ အပေါင်းအသင်း ခင်မင်ကြည်ညိုသူပေါတဲ့ သားသမီးတွေ။ သူတို့ ငါ့ကြောင့်သိက္ခာကျရတော့မယ်" လို့ နည်းနည်းလေး ငဲ့လိုက်မိရင် ဒီအရည်ကို မသောက်ဖြစ်တော့ဘူးပေါ့။

အပေါင်းအသင်းကောင်းလို့ နိုက်ကလပ်တက်ဖို့ လိုက်သွားရင်တောင် တစ်ယောက်ယောက်ကများ တွေ့သွားရင် "ဒီလူကြီး ဘာသာရေး သာသနာရေးတွေလုပ်နေပြီး နိုက်ကလပ်ကျတော့လည်း ထိပ်ဆုံးက ရောက်တာပါပဲလား" လို့ သူများတွေ ကဲ့ရဲ့တော့မှာပဲလို့ ကြောက်နေရမယ်။ ငါလုပ်ထားတဲ့ အလုပ်ကောင်းလေးတွေ အလကားဖြစ်ကုန်ကော့မှာပါလားလို့ အသိဉာဏ်ကလေးတစ်ချက် 'ဒိုင်း' ခနဲ ဝင်လိုက်တာနဲ့ အဲဒီနေရာကို နောက်တစ်ခေါက် မသွားဖြစ်တော့ပါဘူး။

အများအတွက် အလုပ်လုပ်နေရတဲ့ ဘုန်းကြီးတို့ဆိုရင် နေ့လယ်နေ့ခင်း စတိုးဆိုင်ရှေ့ ဈေးသွားမဝယ်ရဲဘူး။ ဘာဖြစ်လို့လဲဆိုတော့ကိုယ့်ကိုယ်ကိုယ်လည်း ငဲ့ရမယ်။ ပတ်ဝန်းကျင်ကိုလည်း ငဲ့ရမယ်။ အဓိကအားဖြင့် ကိုယ်ဟောတဲ့ တရားတော်ကြီးက သိပ်မွန်မြတ်နေလေတော့ ကိုယ်က ဖြစ်သလိုနေလိုက်ရင် တရားတော်ကို အထင်သေးမှာပေါ့။ ဘုရားရှင် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ

ဖြည့်ဆည်းပြီးမှ တည်ထောင်ထားရတဲ့ သာသနာတော်ကြီး ငါ့ကြောင့် အကဲ့ရဲ့ခံရမှာကို တွေးပြီးတော့ ရှောင်ရတာပါ။

အာရုံငါးပါး ကိုယ်လုပ်ချင်တာလေးတွေ လုပ်မယ်လို့ကြံတဲ့ အခါမှာ အဲဒီလို အသိ၊ သတိလေး နည်းနည်းထားပြီး ရှောင်ရမှာပါ။ အသိ၊ သတိရှိလာရင် အာရုံနောက်ကို လိုက်ပါချင်တဲ့စိတ်ဟာ နောက်ဆုတ်သွားတာပါပဲ။ စိတ်ထဲက ဘယ်လိုရှိနေပါစေ လွန်ကျူးတဲ့အဆင့် ရောက်မသွားတော့ပါဘူး။ အသိ၊ သတိ၊ ပညာ နောက်ကနေ လိုက်ပါပြီးတော့ ထိန်းသွားကြရပါမယ်။

## ပညတ်ပရမတ်ကွဲမှ သည်းခံနိုင်တယ်

အာရုံငါးပါး ဟာမဂုဏ်တရား အကြမ်းစားတွေကို သည်းခံပြီးတော့ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ကြရပါမယ်။ ခန္ဓာငါးပါးကို အကျဉ်းချုပ်လိုက်တဲ့အခါ ရုပ်နဲ့နာမ်နှစ်မျိုးပဲ ရှိပါတယ်။ ရုပ်က ဖောက်ပြန်တာ၊ နာမ်က ဖောက်ပြန်မှန်းသိတာပါ။

ခန္ဓာကို ဝိပဿနာရှုတဲ့အခါမှာ ခန္ဓာက အထည်ခန္ဓာရယ်၊ သဘောခန္ဓာရယ်လို့ နှစ်မျိုးရှိပါတယ်။ အထည်ခန္ဓာက ခေါင်းခါ၊ ခြေလက်ပညတ်၊ သဘောခန္ဓာက ပရမတ် ဖြစ်ပါတယ်။

ဘုရားရှင်အလိုတော်ကျ အဋ္ဌကထာဋီကာဆရာများက **"ပညတ္တိံ ဌပေတွာ အနိစ္စာဒိ အာကာရေန ဝိဝိဓံ ပဿတီတိ ဝိပဿနာ**ပညတ်ကို ခွာပြီးတော့ ခန္ဓာရဲ့အဖြစ်အပျက် အနိစ္စ စတဲ့ အခြင်းအရာအားဖြင့် အထူးထူးသော ဉာဏ်ဖြင့် ရှုခြင်းဟာ ဝိပဿနာပါတဲ့။ ဝိပဿနာရှုတယ်ဆိုတာ ပညတ်ကိုမရှုဘဲ ပရမတ်ကိုပဲ ရှုရပါတယ်။

အထည်ခန္ဓာဟာ သဏ္ဌာနပညတ်ပုံသဏ္ဌာန်ကို အာရုံပြုရှုမှတ်နေတာ ဖြစ်တဲ့အတွက် သမထကုသိုလ်တော့ ရပါတယ်။ ဝိပဿနာ

မဟုတ်လို့ မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ပါဘူး။ အထည်ခန္ဓာသည် သမာဓိအတွက်တော့ ကောင်းပါတယ်။ ဝိပဿနာရှုမယ်ဆိုရင်တော့ သဘောခန္ဓာကိုယ် ရှုရပါမယ်။ သဘောခန္ဓာက ပရမတ်၊ အထည်ခန္ဓာဆိုတာက ပညတ်ဖြစ်ပါတယ်။

သဘောခန္ဓာလေးက ခံစားမှုတွေ အမြဲတမ်းပေါ်နေတာ မဟုတ်ပါဘူး။ အကြောင်းတိုက်ဆိုင်မှ ပေါ်တာမို့လို့ ဖောက်ပြန်တာပါ။ ဖောက်ပြန်တာလေးကို ပြပါဆိုလို့ မပြနိုင်ပါဘူး။ ဘာကြောင့်လဲမေးရင် အထည်ဒြပ်မရှိလို့ပါပဲ။

ဖောက်ပြန်တဲ့ သဘောတရားက အရှုခံ၊ ဘယ်သဘောတရားရှိမလဲလို့ စောင့်ကြည့်တာက အရှုဉာဏ်၊ ပေါ်တာလေးကို ကြည့်တာက အဖြစ်ကိုကြည့်တာပါ။ အဲဒီသဘောလေး မရှိဘူးလို့ သိတာက အပျက်ကို ကြည့်တာပါ။ ဉာဏ်လေးနဲ့ အသာစောင့်ကြည့်တဲ့အခါမှာ လှုပ်တာလည်း သိပါတယ်။ မရှိတာလည်း သိပါတယ်။ အဲဒီကျမှ မရှိပါလားလို့ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်ပျက်ကွဲဖို့လိုပါတယ်။ လောကခံသည်းခံနိုင်ဖို့က ပရမတ်ပညတ် ကွဲဖို့လိုပါတယ်။ ပညတ်ပရမက်ကွဲမှ ဖြစ်ပျက်မြင်ပြီး လောကခံကို သည်းခံနိုင်ပါတယ်။

## သည်းခံနိုင်မှ နိဗ္ဗာန်ရမယ်

"ပရမတ်မသိ၊ ဝမရှိ၊ ဝိလည်းမဖြစ်နိုင်။ ဝိမဖြစ်က အနတ္တ၊ မှုချဉာဏ်မပိုင်။ ဉာဏ်မြင်အနတ္တ၊ မတွေ့က ဒုက္ခမဆုံးနိုင်" ဆိုတဲ့အတိုင်း ပညတ်ပရမတ်မှမကွဲရင် ဒိဋ္ဌိကိုလည်း မခွာနိုင်ပါဘူး။ "ပရမတ်ကို ကြပ်ကြပ်ကြည့် ချိန်ခွင်ကြီးကို မတ်မတ်သိ" တဲ့။ "ဉာဏ်ကလေးက ပရမတ်သားကို ချိန်ခွင်လို တည်နေရမယ်" လို့ ကျေးရွာရှင်နတ္တားဆရာတော်ကြီး မိန့်ခဲ့ပါတယ်။

တရားအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ရုပ်တရားကြီးက ဖောက်ပြန်လာတိုင်း ဖောက်ပြန်လာတိုင်း စောင့်ကြည့်ရမယ်။ သည်းခံပြီးတော့ စောင့်ကြည့်ရမှာနော်။ ခန္ဓာကတော့ အမြဲတမ်း နှိပ်စက်နေမှာ၊ ဖောက်ပြန်နေမှာပဲ။ "မခံသာ မှန်ပါသည့် သည်တရား ခံသာလျှင် သံသာကြော မျောလိမ့်အများ" ဆိုတဲ့အတိုင်း ခန္ဓာရဲ့ နှိပ်စက်ချက်တွေကို ဉာဏ်နဲ့ စောင့်မကြည့်ဘဲနဲ့ ခဏခဏ ဣရိယာပုတ်ပြောင်းနေရင်း သံသရာကြောမှာ မျောရပေဦးတော့မယ်။

အတိတ်တုန်းက သစ္စာမသိဘဲနဲ့ တဏှာက ဝင်မွေပြီး လျှာရှည်ခဲ့ကြတော့ ဒီကနေ့ ဒုက္ခတွေ့ရပြီး နှိပ်စက်ခံနေကြရတယ်။ နှိပ်စက်ခံရလို့ မသက်သာတဲ့အကြောင်း အမြဲတမ်း အနှိပ်စက်ခံနေရတဲ့ ခန္ဓာကြီးကပဲ ပြနေတာပါ။ အဲဒါကို သည်းခံပြီးတော့ စောင့်ကြည့်ရပါတယ်။

သည်းမခံဘဲနဲ့ ဣရိယာပုတ်ကို ရွှေ့ပြောင်းနေရင်တော့ "ဖြစ်ပျက်ကို ဣရိယာပုတ်က ဖုံးတယ်" ဆိုတဲ့အတိုင်း သူ့သဘာဝကို မြင်နိုင်မှာ မဟုတ်ပါဘူး။ ခန္ဓာက ပြောင်းလဲဖောက်ပြန်မှုတွေ ပြတော့မည့်အချိန်မှာ နည်းနည်းလေးနာတာနဲ့ ဣရိယာပုတ်ကို ပြောင်းရွှေ့ပစ်လိုက်တော့ ဖြစ်ပျက်ကို မတွေ့နိုင်တော့ပါဘူး။ အဲဒါ သည်းမခံနိုင်လို့ပေါ့။ နိဗ္ဗာန်လိုချင် သည်းခံရပါတယ်။ သည်းခံနိုင်မှ နိဗ္ဗာန်ရပါတယ်။

"ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊ စိတ်ကိုချုပ်ထိန်းသည်းခံလေ" လို့ ခန္တီစမဂ်လာမှာ ဆိုထားတဲ့အတိုင်း တရားအားထုတ်ရင်းနဲ့ နည်းနည်းလေး နာလို့ကျင်လို့ ဣရိယာပုတ် ပြောင်းရွှေ့ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာရင် သည်းခံလိုက်ပါ။ သည်းခံလိုက်မှ ဖြစ်ပျက်ကို မြင်ရပါလိမ့်မယ်။

# သည်းခံစောင့်ကြည့် ခန္တီပါရမီဖြည့်

တရားအားထုတ်တဲ့ နေရာမှာ သည်းခံပြီးတော့ ဝေဒနာကို စောင့်ကြည့်ရပါတယ်။ သည်းခံပါဆိုလို့ တချို့က ဒေါသနဲ့ အံကြိတ်ပြီးနေတာ ရှိသေးတယ်။ စိတ်ကို တင်းထားလိုက်တော့ ရုပ်က ပုံပျက်ပန်းပျက် ဖြစ်သွားတယ်။ စိတ်တင်းတော့ ရုပ်လည်းတင်းသွားတာပေါ့။ ဒေါသနဲ့သည်းခံတာ မတူပါဘူး။

သည်းခံရမည့်အစား ဒေါသဘက်ရောက်သွားတော့ "ဝိညတ္တိ ဒွယံ စိတ္တဇမေဝ" ဆိုတဲ့အတိုင်း ဒေါသနဲ့ချုပ်တည်းထားရတဲ့ စိတ်ကြောင့် ကာယဝိညတ် ဝစီဝိညတ်တွေ တင်းလာတယ်။ နတ်ပူးသလို တဆတ်ဆတ်တုန်လာပြီး မတော်မတည့်တွေ ဖြစ်ကုန်တော့တာပဲ။ သည်းခံတယ်ဆိုတာက သူ့နေရာနဲ့ သူ့အတိုင်းအတာ ရှိပါတယ်။

ဖြစ်ပျက်မြင်အောင် စောင့်ကြည့်တဲ့နေရာမှာ ကိုယ်နိုင်တဲ့ ဝန်နဲ့အားနဲ့ စောင့်ကြည့်ပါ။ ဒေါသဘက် မယိုင်ပါစေနဲ့။ ခံနိုင်ရည် မရှိတော့ဘူးဆိုရင် ဣရိယာပုတ်ကို ရွှေ့ပစ်လိုက်ပါ။ မဇ္ဈိမပဋိပဒါ ဖြစ်အောင်လုပ်ပါ။ အတ္တကိလမထာနုယောဂ လွန်လွန်ကဲကဲကြီး မဖြစ်ပါစေနဲ့။ တချို့ဆို အမြုပ်တွေများထွက်လို့၊ တချို့ဆို မေ့ကိုသွားရော။

တချို့က တစ်နေ့ နာရီဘယ်မျှထိုင်ရမယ်လို့ ကန့်သတ်တယ်။ ဆရာထိုင်ခိုင်းလို့ ထိုင်ရတာနဲ့ ကိုယ့်သဒ္ဓါတရားနဲ့ ကိုယ်ထိုင်ရတာ အများကြီး ကွာပါတယ်။ ဣန္ဒြေငါးပါး ညီသွားလို့ရှိရင် တစ်နာရီ မဟုတ်ပါဘူး နာရီပေါင်းများစွာ ထိုင်လို့ရပါတယ်။

တကယ် နိဗ္ဗာန်လိုချင်တယ်ဆိုရင် ဖြစ်ပျက်အမြင်သန်ချင်တယ်ဆိုရင် ကိုယ်နိုင်တဲ့ အင်အားလေးနဲ့ ကိုယ့်ဟာကိုယ် သည်းခံပြီး စောင့်ကြည့်ပါ။ စိတ်ကို တင်းမထားပါနဲ့။ စိတ်ကို လျှော့ထားမှ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ၊ ကာယလဟုတာ စိတ္တလဟုတာဆိုတဲ့

အတိုင်း ပျော့ပျောင်းတဲ့ သဘောတွေ ပေါ်လာပါတယ်။ သူ့သဘော အတိုင်း အသာလေး စောင့်ကြည့်ရပါတယ်။

သည်းခံတာ များလာရင် ဖြစ်ပျက်မြင်လာပါတယ်။ ဖောက်ပြန်တာလည်း သိတယ်။ ပျက်စီးတာလည်း သိပါတယ်။ အာရုံငါးပါး အပေါ်မှာ သည်းခံသလို ခန္ဓာရဲ့ နှိပ်စက်ချက်အပေါ်မှာလည်း သည်းခံပြီးတော့ စောင့်ကြည့်ရပါတယ်။ အဲဒီလို သည်းခံပြီး စောင့်ကြည့်တာဟာ ခန္တီပါရမီဖြည့်နေတာ ဖြစ်ပါတယ်။

ဘုရားမြတ်စွာ သဗ္ဗညုတဉာဏ်တော်ကို ရခဲ့တာ ဒီခန္တီပါရမီကို ဖြည့်လို့ရဟာ ဖြစ်ပါတယ်။ ယောဂီတို့တစ်တွေလည်း ဖြစ်ပျက်မြင်ချင်တယ်ဆိုရင် ခန္တီပါရမီ ဖြည့်ကြရမှာပါပဲ။

## ဘုရားအလောင်းရဲ့ ကြည်ညိုဖွယ် ခန္တီပါရမီ

ဘုရားအလောင်းတော် ဗာရာဏသီပြည်မှာ သူဌေးသား ဖြစ်ခဲ့စဉ်က မိဘတွေ ဆုံးပါးသွားချိန်မှာ ရွှေငွေဥစ္စာတွေ အများကြီး ကျန်ခဲ့တယ်။ ဒီပစ္စည်းတွေကြည့်ပြီး "ငါ့မိဘတွေဟာ ဥစ္စာပစ္စည်းတွေ ရှာဖွေစုဆောင်းခဲ့ပေမယ့် သူတို့နောက်ကို ဘာတစ်ခုမှ ပါမသွားပါလား။ မလှူမတန်း မပေးမကမ်းနဲ့ သံသရာမှာ ဆင်းရဲရှာကြတော့မှာပဲ။ ငါတော့ ဒီပစ္စည်းတွေ ငါ့နောက်ပါအောင် ယူမယ်" လို့ ဘုရားလောင်းက ဆုံးဖြတ်တယ်။ ရှိသမျှပစ္စည်း ဥစ္စာတွေ အကုန်လှူပြီးတော့ ရသေ့ဝတ်နဲ့ တောထွက်သွားခဲ့သတဲ့။

တောထဲမှာ တရားကျင့်နေရင်းနဲ့ မြို့ထဲကိုလာတဲ့အခါ ဘုရင့်ဥယျာဉ်ထဲမှာ သီတင်းသုံးသတဲ့။ ဘုရားအလောင်းရသေ့ ဥယျာဉ်ထဲရောက်နေခိုက် ဘုရင်ကလည်း ဥယျာဉ်ထဲလာပြီး ပျော်ပွဲစားထွက်သတဲ့။ ဘုရင်က သောက်စားပျော်ပါးရင်း အိပ်ပျော်သွားတုန်း သူ့ရဲ့

မောင်းမမိသံ အခြေအရံတွေက ဥယျာဉ်ထဲမှာ လျှောက်ကြည့်ကြတယ်။ တစ်နေရာမှာ ထိုင်နေတဲ့ ဘုရားအလောင်းကို မြင်တယ်။ ကြင်လင်တည်ငြိမ်တဲ့ ဣန္ဒြေသိက္ခာရှိတဲ့ ဘုရားအလောင်းကို ကြည်ညိုပြီး ဝိုင်းကန်တော့နေကြသတဲ့။

အဲဒီအချိန်မှာ ဘုရင်က အိပ်ရာကနိုးလာပြီး ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ တစ်ယောက်မှမရှိဘဲ တိတ်ဆိတ်နေတဲ့အတွက် စိတ်တိုသွားတယ်။ ဒါနဲ့ သူ့လူတွေလိုက်ရှာတော့ ဘုရားအလောင်း ရသေ့ရဲ့ဘေးမှာ ဝိုင်းနေတာမြင်ပြီး ရသေ့ကို မျက်တော့တာပေါ့။ "ရှင်ရသေ့ ဘာတရားများ ကျင့်ကြံပါသလဲ" မေးတော့ ဘုရားအလောင်းက "ငါ ခန္တီအယူ ယူပါတယ်။ သည်းခံတဲ့အကျင့်ကို ကျင့်ပါတယ်" လို့ ဖြေတယ်။

"သည်းခံတဲ့ ရသေ့တော့ တွေ့ကြသေးတာပေါ့။ ဘယ်လောက်များ သည်းခံနိုင်မလဲ စမ်းကြည့်ရအောင်" ဆိုပြီး အာဏာပါးကွက်သားကိုခေါ်ပြီး ရှင်ရသေ့ရဲ့ လက်တွေ၊ ခြေတွေ၊ နားရွက်တွေကို ဖြတ်ပစ်သတဲ့။ တစ်ခုဖြတ်လိုက် "ရှင်ရသေ့ ဘာအယူယူသလဲ" မေးလိုက်။ ရှင်ရသေ့ကလည်း "ခန္တီအယူယူပါတယ်" လို့ ဖြေလိုက်နဲ့ပေါ့။ ဒီလောက်ပြင်းထန်တဲ့ ဝေဒနာခံစားနေရပေမယ့် ဘုရားအလောင်းက ဘုရင်ကို အမျက်ဒေါသတစ်စက်မထွက်ဘဲ သည်းခံနေတာတဲ့။

ဘုရားအလောင်းရဲ့ ခန္တီပါရမီက ဘယ်လောက်ကြည်ညိုဖို့ကောင်းလိုက်သလဲ။ တို့တစ်တွေကို သစ္စာလေးပါး မြတ်တရား ဟောကြားချင်လွန်းလို့ ဒီလောက်သည်းခံပြီး ပါရမီတော်တွေ ဖြည့်ခဲ့တာနော်။ တို့တစ်တွေအပေါ်မှာ ဘယ်လောက်အထိ ကျေးဇူးကြီးတယ်ဆိုတာ သိဖို့ကောင်းတယ်။ ရင်ထဲက အမှန်တကယ်သိတဲ့ အသိလေးရှိပြီး ဘုရားရဲ့ မေတ္တာကရုဏာကို တန်ဖိုးထားပြီးတော့ ဘုရားစကားကို နားထောင်ဖို့ သင့်ကြပါတယ်။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ မင်္ဂလာတရားတော်ကို နာယူပြီးတော့ မင်္ဂလာရဲ့ ဆန့်ကျင်ဘက် အမင်္ဂလာအလုပ်တွေ မလုပ်တော့ပါဘူးလို့ ဆုံးဖြတ်ကြရပါမယ်။ အိမ်ထောင်ရှင်များအနေနဲ့ဆိုရင် လင့်ဝတ္တရားငါးပါး၊ မယားဝတ္တရားငါးပါးနဲ့ညီအောင် နေခြင်းဖြင့် ဘုရားကို ကြည်ညိုတတ်ကြရပါမယ်။ ဘုရားအလောင်းတော်ဘဝမှာ သစ္စာသိဖို့ရာအတွက် သည်းခံတော်မူခဲ့သလို တို့တစ်တွေလည်း ဘုရားအလောင်းနည်းတူ သစ္စာသိဖို့ သည်းခံကြရပါလိမ့်မယ်။ ခန္ဓာကနှိပ်စက်တိုင်း မြင်အောင်ကြည့်ပြီးတော့ သည်းခံကြရမှာပါ။

## ခန္တီတရား လက်ကိုင်ထားပါ

ဘုရားအလောင်းရသေ့ကို ဘုရင်က "ဘာအယူယူသလဲ" လို့မေးလိုက် ဘုရားအလောင်းက "ခန္တီအယူကို ယူပါတယ်" လို့ဖြေလိုက်နဲ့ ဘုရားအလောင်းရဲ့အဖြေကို ကြားတိုင်း ဘုရင်မိုက်က ဒေါသတွေ ပိုဖြစ်ပြီး ပိုနှိပ်စက်လိုက် ဘုရားအလောင်းကလည်း ဘယ်လောက်နှိပ်စက်ပါစေ သည်းခံပြီးနေလိုက်တာပဲ။ နောက်ဆုံးမှာတော့ ဘုရားအလောင်းရသေ့ရဲ့ ခန္ဓာကိုယ် အပိုင်းပိုင်းဖြစ်ပြီး ကံကုန်သွားပါတော့တယ်။

အလောင်းတော် ရသေ့ရဲ့ ခန္ဓာကိုယ်ကို စစ်သေနာပတိက ကောင်းမွန်စွာ သင်္ဂြိုဟ်ပါတယ်။ သူတော်ကောင်းကို နှိပ် ကဲ်ခဲ့တဲ့ ဘုရင်မိုက်ကတော့ ဥယျာဉ်ကအထွက်မှာပဲ မြေမျိုခံရပြီး မဟာအဝီစိငရဲကို တစ်ခါတည်း ရောက်သွားပါသတဲ့။ ဘုရားအလောင်းရဲ့ မွန်မြတ်တဲ့ သည်းခံခြင်းတရားကို ဒေါသနဲ့ တုန့်ပြန်ခဲ့တဲ့အတွက် သူ့အကုသိုလ်က အပြစ်ပေးတာခံရပြီး ဒုက္ခရောက်ရတာ ဖြစ်ပါတယ်။

သည်းခံခြင်း ခန္တီပါရမီရဲ့ ဆန့်ကျင်ဘက်ဟာ ဒေါသဖြစ်ပါတယ်။ ဒေါသက ဒုက္ခကိုဖြစ်စေပါတယ်။ အရာရာကို သည်းခံခြင်း

ဟာ အကောင်းဆုံးပါ။ သည်းခံခြင်းရဲ့ ဆန့်ကျင်ဘက် ဒေါသနဲ့ မတုန့်ပြန်လိုက်မိဖို့ သတိထားကြရပါတယ်။ ဒေါသတရားသည် အပါယ်လေးပါးရောက်တဲ့အထိ ဒုက္ခပေးနိုင်ပါတယ်။

တို့တစ်တွေ အပါယ်လေးပါးနဲ့ ဒုက္ခဟူသမျှက လွတ်မြောက်ချင်တယ်ဆိုရင် ယားရင်လည်း ဒေါသနဲ့ မတုန့်ပြန်လိုက်ပါနဲ့။ နာရင်လည်း ဒေါသနဲ့ မတုန့်ပြန်လိုက်ပါနဲ့။ ဒေါသနဲ့ တုန့်ပြန်ရင် အမှားများတတ်ပါတယ်။ ဒုက္ခရောက်တတ်ပါတယ်။ ခန္တီတရား လက်ကိုင်ထားပြီး သည်းခံခြင်းကို ကျင့်သုံးမှသာ ချမ်းသာရာရပြီး ဒီဘဝ ဒီခန္ဓာနဲ့ နိဗ္ဗာန်ရကြမှာပါ။

သည်းခံပြီးတော့ ရှုမှတ်ပွားများလိုက်တဲ့အခါ ခန္ဓာက ဖြစ်ပျက်ကို ပြပါလိမ့်မယ်။ ဖြစ်ပျက်က ဒုက္ခသစ္စာ။ ဉာဏ်ပညာ သမာဓိကောင်းကောင်းနဲ့ မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ကိလေသာတွေက သမုဒယသစ္စာ၊ သမုဒယသစ္စာချုပ်တော့ အပါယ်လေးပါးကျစရာ မလိုတော့ဘဲ အပါယ်လေးပါးရဲ့ ချုပ်ရာသိမ်းရာ နိဗ္ဗာန်နိရောဓသစ္စာကို ရပါတော့တယ်။

သစ္စာလေးချက် ဖြစ်ပျက်မြင်ပြီး ရင်ထဲမှာ အေးချမ်းပြီးတော့ ဖြစ်ပျက်မြင်မှန်းဆုံးရင် ဒီဘဝ သောတာပန်တည်ပါတယ်။ သောတာပန်တည်ရင် "ဝတ်စားနေထိုင်ရန် ခပ်သိမ်းစိတ်ကို ချုပ်ထိန်းသည်းခံလေ" ဆိုတဲ့ ခန္တီမင်္ဂလာ နိဗ္ဗာန်တည်းဟူသော တော်မင်္ဂလမုတ္တမံ လောကုတ္တရာ မင်္ဂလာမြတ်ကြီးကိုပါ ရရှိနိုင်ကြပါပြီ။

# ဆုံးမလွယ်သူ နိဗ္ဗာန်ယူ

## မင်္ဂလာအမှတ် (၂၃)

F. 3B

## ဆုံးမတတ်မှ ဆုံးမလွယ်မယ်

ဆရာကောင်းသမားကောင်း မိကောင်းဖကောင်းတွေရဲ့ ကောင်းစွာ ဆုံးမအပ်သောစကားကို ပါဠိလို 'သုဝစ' လို့ သုံးပါတယ်။ သု–ကောင်းသော၊ ဝစ–စကားပေါ့။ မိဘဆရာသမားတွေက သုဘာသိတာ စယာဝါစာ–မှန်ကန်ယဉ်ကျေး ချိုသာအေး ဆိုရေးတဘ်ပါစေ မင်္ဂလာနဲ့ အညီ နားထောင်ချင်စဖွယ် ဆိုဆုံးမလာတဲ့အခါ သားသမီးတပည့်တွေကလည်း "သောဝစဿတာ–ကျိုးကြောင်းပြည့်ဝှန် ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ" ဆိုတဲ့အတိုင်း လွယ်လင့်တကူ ကိုင်းညွတ်ရှိသေစွာနဲ့ ကြည်ကြည်သာသာ နားထောင်တတ်ရပါတယ်။

ကလေးတွေ "သောဝစဿတာ–လိုက်နာလွယ် ပြောလွယ်ဆိုလွယ်တဲ့ မင်္ဂလာ" ကြီးနဲ့ ညီညွတ်လာအောင် ဆရာမိဘတွေကလည်း ဆုံးမကတတ်ဖို့ လိုပါတယ်။ ကိုယ်က စေတနာနဲ့ ပြောဆိုဆုံးမတဲ့ စကားကို သူတို့ နားထောင်တော့ စိတ်လည်း ချမ်းသာ၊ လိုရာ ရည်မှန်းချက်လည်း ပြည့်ဝပါတယ်။ ကလေးတွေ နားထောင်ချင်လာအောင် ပြောတာကလည်း ပညာတစ်ရပ်ပါ။

ကလေးတွေကို မပြောခင် မဆုံးမခင်မှာ ကိုယ်ဆုံးမမည့်စကား၊ အကြောင်းအရာ အချက်အလက်ကို ကိုယ်တိုင် အရင်ဆုံး တစ်ယောက်တည်း ပြောကြည့် လေ့ကျင့်ကြည့် နားထောင်ကြည့်ရမယ်။ ကိုယ်

ပြောမည့်စကားတစ်လုံးသည် ဟုတ်မှန်ရဲ့လား။ အကျိုးများနိုင်ရဲ့လား ဆင်ခြင်ပါ။ ဟုတ်မှန်အကျိုးများတဲ့ စကားဖြစ်ပြီဆိုမှ အကျိုးအကြောင်း ညီညီညွတ်ညွတ်နဲ့ နားထောင်ချင်စဖွယ် ပြောရပါတယ်။

ကိုယ်ပြောမည့်စကားဟာ မထေမဲ့မြင်လုပ်စရာ မဖြစ်ရဘူး။ ကိုယ်ကိုယ်တိုင်က လေးစားတဲ့စကားမျိုး ဖြစ်ရပါမယ်။ ကိုယ့်စကားကို လေးစားမှလည်း သားသမီးတပည့်တွေက လေးစားကြပါလိမ့်မယ်။

အားလုံးသိလောက်ပြီးသားဖြစ်တဲ့အတိုင်း မိဘက သားသမီးကို ဆုံးမတယ်ဆိုတာ သားသမီးတွေ ကောင်းစားစေချင်လို့ပါပဲ။ နစ်နာစေချင် နစ်မွန်းစေချင်ရင် အချိန်ကုန်ခံ လေကုန်ခံ ပြောနေစရာမလိုပါဘူး။ အိုးဖုတ်သမားများ အိုးကိုရိုက်နှက်တာဟာ အိုးကွဲစေချင်လို့မဟုတ်ဘဲ ခိုင်ခန့်ချောပအောင် လုပ်ပေးနေတာပဲပေါ့။

မိကောင်းဖကောင်း ဆရာကောင်းတို့သည် မည်သည့်သားသမီးတပည့်တွေကို ဆုံးမတဲ့နေရာမှာ ပြတ်ပြတ်သားသား ရှိရပါတယ်။ အဲဒီလို ဆုံးမတဲ့အခါမှာလည်း နားထောင်ချင်စဖွယ် ပြောဆိုဆုံးမတတ်ဖို့လည်း လိုပါတယ်။ လူကြီးက သုဘာသိတာစယာဝါစာ– ချိုသာမှန်ကန် ဆုံးမတတ်ပါမှ ကလေးတွေလည်း နားထောင်တတ်၊ နာယူတတ်တဲ့ သားသမီးကောင်း တပည့်ကောင်းတွေဖြစ်ပြီး "သောဝစဿတာ–ကျိုးကြောင်းညွှန် ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ" ဆိုတဲ့ မင်္ဂလာကြီးနဲ့ ပြည့်ဝကြပါလိမ့်မယ်။

## နားထောင်ချင်အောင် ပြောပြပါ

စကားပြောနည်းမှာ "မှန်ကန်ယဉ်ကျေး ချိုသာအေး" ဆိုတာ တိုရှင်းလိုရှင်းနဲ့ သိပ်ပြည့်စုံပါတယ်။ ပြောတဲ့စကားက မှန်ကန်ရမယ်။

စကားအသုံးအနှုန်းက ယဉ်ကျေးရမယ်။ ပြောတဲ့အသံက ချိုချိုသာသာ အေးအေးဆေးဆေး ရှိရမယ်။ ဘယ်လောက်ကောင်းတဲ့ စကားပြောနည်းလဲနော်။

"စကားခြောက်ခွန်း လူ့ဩထွန်း" တဲ့အထဲမှာ ဘုရားရှင်သုံးစွဲတဲ့စကားက နှစ်ခွန်းပဲ ရှိတယ်။ ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်ဆိုတဲ့ စကားမျိုးကို ဘုရားက နားထောင်တဲ့သူ ကြိုက်ရင်လည်း ပြောမှာပဲ။ မကြိုက်လည်း ပြောမှာပဲ။ စကားက ဟုတ်မှန်ပြီး အကျိုးရှိနေရင် ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပြောတော်မူပါတယ်။ ကလေးတွေကို ဆုံးမတဲ့နေရာမှာလည်း ဘုရားသုံးတဲ့စကား နှစ်ခွန်းကိုပဲ သုံးရမှာ။ သူတို့အတွက် ဟုတ်မှန်အကျိုးရှိနေမှတော့ ကြိုက်လည်းပြောရမှာပဲ။ မကြိုက်လည်း ပြောရမှာပဲ။

ပြောတဲ့အခါတော့ အခြေအနေ အချိန်အခါကြည့်ဖို့ လိုတာပေါ့။ သူစိမ်းဧည့်သည်တွေရှိနေခိုက်မှာ ငေါက်တာပြုတာ မလုပ်သင့်ဘူး။ တခြားလူတွေရှေ့မှာ ငေါက်ရင် ရှက်မှာပဲ။ ဆုံးမသင့်တဲ့အချိန် မဟုတ်ဘဲနဲ့ ဆုံးမတော့ ကလေးက နားမထောင်တဲ့အပြင် ကလန်ကဆန်လုပ်တတ်ပါသေးတယ်။ တချို့မိဘတွေဆို ကားပေါ်မှာလည်း ပြောပစ်တာပဲ။ လမ်းပေါ်မှာလည်း ဆူပစ်လိုက်တာပဲ။ အဲဒီလို မလုပ်သင့်ပါဘူး။ ကလေးတွေမှာလည်း အရှက်နဲ့အသိက္ခနဲ့ ရှိတယ်ဆိုတာ သဘောပေါက်ထားပါ။

မိဘဆိုတာ သားသမီးတွေရဲ့ မီးပြတိုက်ဖြစ်ပါတယ်။ အမှန်အမှားကို ခွဲခြားပြသပေးတာလည်း ဒီမိဘပါပဲ။ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနဲ့ဘ" ဆိုတဲ့အတိုင်း မိဘက သင်ပေးမှ မဟုတ်ဘူး မိဘတွေပြောတဲ့ ဆိုတဲ့ လုပ်ကိုင်တဲ့ အမူအရာတွေကိုလည်း သားသမီးတွေက လိုက်ပြီးတော့ အတုယူကြတယ်။ မိဘက ယဉ်ကျေးချိုသာ သိမ်မွေ့မှ သားသမီးလည်း ယဉ်ကျေးချိုသာ သိမ်

မွေ့ပါတယ်။ ဆရာမိဘ ကြမ်းတမ်းရင် သားသမီး ယဉ်ကျေးသိမ်မွေ့စရာ မရှိပါဘူး။

ဒါကြောင့်မို့ ဆုံးမတဲ့နေရာမှာ မှန်ကန်ရမယ်။ ယဉ်ကျေးရမယ်။ ချိုသာရမယ်။ အဲဒါကို သုဝစလို့ ခေါ်ပါတယ်။ အဲဒီလို စကားမျိုးကိုမှလည်း ဆုံးမစကား မှန်သမျှကို ကောင်းမွန်စွာ နားလည်တဲ့ သောဝစဿတာမင်္ဂလာ ဖြစ်လာပါမယ်။ နားထောင်ကောင်းတဲ့ စကားမှ နားထောင်ချင်ကြမှာပါ။

"ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ" ဆိုတဲ့အတိုင်း နားထောင်လွယ်တဲ့ လိုက်နာကျင့်ကြံတဲ့သူတွေဟာ သောဝစဿတာ အကြောင်းမင်္ဂလာကို လိုက်နာတဲ့အတွက် ဇော်မင်္ဂလ မုတ္တမံဆိုတဲ့ အကျိုးမင်္ဂလာကိုလည်း ရရှိကြပါလိမ့်မယ်။

## ဆုံးမလွယ်သူ အရှင်ရာဓ

အကြောင်းကောင်းမှ အကျိုးကောင်းပါတယ်။ အကြောင်းဆိုးရင် အကျိုးလည်း ဆိုးတတ်တာ သဘာဝပါပဲ။ အကြောင်းမင်္ဂလာကောင်းလို့ အကျိုးမင်္ဂလာကောင်း ဖြစ်ထွန်းလာပုံကို ဘုရားလက်ထက်တော်က အရှင်ရာဓဆိုတဲ့ မထေရ်အကြောင်းကို လေ့လာကြည့်ရင် သိနိုင်ပါတယ်။

ရာဓမထေရ်က သာဝတ္ထိပြည်မှာ အလွန်ကြွယ်ဝ ချမ်းသာတဲ့ မျိုးရိုးကနေ ဆင်းသက်လာတာတဲ့။ မြတ်စွာဘုရားရှင်ရဲ့ တရားတော်ကို နာကြားရပြီးတော့ သာသနာတော်ကို ကြည်ညိုလို့ သာသနာ့ဘောင်မှာ ရဟန်းအဖြစ်ကို ခံယူလာခဲ့တာပါ။ သက်န်းဝတ်တဲ့နေ့ကစပြီး အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ရာဓမထေရ်ကို သွားလေရာ ခေါ်သွားပြီး ပြောဆိုဆုံးမစရာရှိတာ ပြောဆိုတယ်။ ရာဓ

မထေရ်ကလည်း ဆရာဖြစ်တဲ့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ဆုံးမတာမှန်သမျှ မြေဝယ်မကျ နားထောင်ပြီး မှတ်သားလိုက်နာတယ်တဲ့။

အထူးသဖြင့် နေ့လယ်နေ့ခင်း ဆွမ်းဘုဉ်းပေးပြီးချိန်မှာ အရှင်မြတ်ကြီးက ဂိဇ္ဈကုဋ်တောင်ပေါ်ကိုကြွပြီး နေ့သန့်စင်တဲ့အခါ အရှင်ရာဓကို အမြဲခေါ်သွားလေ့ရှိသတဲ့။ နေ့သန့်စင်ပြီးတဲ့အချိန်မှာ အရှင်ရာဓကို ပြောဆိုဆုံးမလေ့ရှိသတဲ့။

နေ့သန့်စင်တယ်ဆိုတာ နိဗ္ဗာန်ကို အာရုံပြုတာကို ခေါ်ပါတယ်။ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ နိရောဓသမာပတ်ဝင်စားတော်မူနေတာကို နေ့သန့်စင်တယ်လို့ သာသနာတော် ဝေါဟာရနဲ့ ပြောရပါတယ်။ အရှင်သာရိပုတ္တရာ မျက်မှောက်ပြုတဲ့နိဗ္ဗာန်ဟာ သဥပါဒိသေသနိဗ္ဗာန် ဖြစ်ပါတယ်။

နားလည်အောင်ပြောရရင် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးရှိရာမှာ ရုပ်ကလည်း ဖြစ်ပြီးပျက်၊ ခန္ဓာကလည်း ဖြစ်ပြီးပျက် ခန္ဓာဉာဏ်ရောက် အလုပ်လုပ်တဲ့အခါ ခန္ဓာကိုယ်ထဲက ဖောက်ပြန်ပျက်စီးမှုတွေ ပြနေတယ်။ ဖြစ်ပျက်ကလေး မြင်နေရင်းကနေ 'ဖျတ်' ခနဲဆို ဖြစ်ပျက်မရှိတဲ့နေရာကို အာရုံပြုလိုက်တာ။ ဖြစ်ပျက်တို့ရဲ့ ဆုံးရာသည် နိဗ္ဗာန် ဖြစ်ပျက်တို့ ဆုံးရာကို အာရုံပြုတဲ့ဇောက ဖိုလ်ဇောဖြစ်ပါတယ်။

အဲဒီဖိုလ်ဇောနဲ့ ဖြစ်ပျက်တို့ဆုံးရာ နိဗ္ဗာန်ကို အာရုံပြုနေတာကို နိရောဓသမာပတ် ဝင်စားတယ်လို့ ခေါ်ပါတယ်။ နိရောဓဆိုတာ စိတ်စေတသိက်တွေ ခဏချုပ်တာ၊ ဖလ–က ဖိုလ်ဇော၊ သမာပတ်က– အာရုံပြုနေတာတဲ့။

အရှင်သာရိပုတ္တရာက နိဗ္ဗာန်ကို အာရုံပြုပြီး နိရောဓသမာပတ် ဝင်စားလိုက်တယ်။ ဘယ်အချိန်မှာ သမာပတ်ကနေ ထမယ်လို့ အဓိဋ္ဌာန်ပြုလိုက်တယ်။ ဖြစ်ပျက်တွေ ချုပ်ငြိမ်းပြီး နိဗ္ဗာန်ကို အာရုံ

ပြုရာကနေ ဖြစ်ပျက်တွေ ပြန်မြင်လာတာကို နိရောဓသမာပတ်က ထတယ်လို့ ခေါ်ပါတယ်။

နိရောဓသမာပတ်က ထလာပြီးတော့ အရှင်ရာဓကို ဆုံးမစကား ပြောတယ်။ ဝိနည်းသုတ္တန် အဘိဓမ္မာပိဋကတွေထဲက အဆုံးအမတွေကို ပြောပေးတာပါ။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဟာ အလိုလို ရလာတာ မဟုတ်ဘူး။ အကြောင်းတရားကြောင့် ရလာတယ်။ အကြောင်းတရားက ဘာလဲဆိုတော့ အဝိဇ္ဇာနဲ့ သင်္ခါရ။ အတိတ်တုန်းက ခန္ဓာငါးပါး ရုပ်နာမ် ဒုက္ခသစ္စာတရားတွေကို ရခဲ့တယ်။ ဘယ်ဘဝ ဘယ်ခန္ဓာကိုယ်ရရ ဒုက္ခသစ္စာအမှန်ပါလားလို့ မသိခဲ့ကြဘူးနော်။ အဲဒီလို မသိတာက အဝိဇ္ဇာ။ မသိဘဲနဲ့ ဟိုဘဝဒီဘဝ ရကြောင်းလုပ်ခဲ့တာက သင်္ခါရပေါ့။

အဝိဇ္ဇာပစ္စယာသင်္ခါရာ–သစ္စာမသိဘဲလုပ်တဲ့ ကုသိုလ်မှန်သမျှ ဆင်းရဲကြောင်းဖြစ်တဲ့အတွက် ကုသိုလ်ကောင်းမှုလုပ်ရင် သစ္စာသိပြီး လုပ်ရမယ်လို့ မထေရ်မြတ်ကြီးက ဆုံးမတယ်။ အရှင်ရာဓကလည်း သောဝဓာသတာ မင်္ဂလာနဲ့အညီ နားထောင်တယ်။

ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတွေ အားထုတ်တယ်ဆိုတာ နိဗ္ဗာန်လိုချင်လို့ အားထုတ်တာ ဖြစ်တယ်။ နိဗ္ဗာန်လိုချင်ရင် အရှုခံတရားကို သိရမယ်။ အရှုခံတရားက ဘာလဲဆိုတော့ ခန္ဓာငါးပါးပဲ။ ခန္ဓာငါးပါးကလည်း အဝိဇ္ဇာသင်္ခါရဆိုတဲ့ အကြောင်းတရားကြောင့် ရလာတာပဲ။ အဝိဇ္ဇာသင်္ခါရသည် အကြောင်းတရား သမုဒယသစ္စာပါ။ သမုဒယသစ္စာဆိုတာ ဆင်းရဲကြောင်း အမှန်ပါ။

ဒါကြောင့် နောင်ခန္ဓာရအောင်လုပ်နေတာဟာ ဒုက္ခရောက်အောင် လုပ်နေတာမို့ လူမိုက်လမ်းစဉ်ကွဲ့။ နောင်ခန္ဓာမရအောင်လုပ်တာကမှ သုခရရှိစေတဲ့ လူလိမ္မာလမ်းစဉ်ကွဲ့။ လူမိုက်လမ်းစဉ်ကို ရှောင်ပြီး လူလိမ္မာလမ်းစဉ်ကို လိုက်ရမယ်လို့ ဆုံးမတော်မူတာကို အရှင်ရာဓက ရိုသေစွာ နားထောင်တယ်တဲ့။

# လမ်းစဉ်နှစ်သွယ် နားလည်ဖွယ်

နောင်ခန္ဓာရအောင် လုပ်တဲ့လမ်းစဉ်ဟာ မိစ္ဆာပဋိပဒါ မိုက်မဲသော လမ်းစဉ်ပါ။ မလုပ်သင့်တဲ့ လမ်းစဉ်ပေါ့။ ကောင်းမှုကုသိုလ်လုပ်မယ်ဆိုရင် သစ္စာသိပြီးမှ လုပ်ရတယ်။ အတိတ်က မသိဘဲနဲ့ သမုဒယသစ္စာ ပွားအောင်လုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာ ကိုယ်တိုင်ရနေကြရပါပြီ။

အဲဒီလို အကျိုးအကြောင်း ပြည့်စုံပြီး ဆုံးမတဲ့လူရှိပါလျက်နဲ့ တချို့က နားမထောင်ချင်ကြဘူး။ သစ္စာသိမှ လှူရမှာလား။ ဒီအတိုင်း လှူတော့ကော မရဘူးလား” လို့ ကတ်တိကတ်ဖဲ့ ပြောတတ်တဲ့လူက ရှိသေးတာနော်။ သစ္စာမသိဘဲနဲ့လှူရင် သုခမရဘဲ ဒုက္ခပဲရတော့မှာပေါ့။ ဆင်းရဲကြောင်းလုပ်မှဖြင့် ဆင်းရဲကျိုးပဲ ရမှာပေါ့။

“ကျိုးကြောင်းပြည့်စုံ ဆုံးမစကားကို ပြောကြားလာက နာလွယ်စေ” လို့ ဘုရားက မိန့်တော်မူထားပါတယ်။ ကျကျနန ပြောဆိုဆုံးမ သွန်သင်ပေးပေမယ့် နာယူရကောင်းမှန်းမသိ၊ နားစွန်နားဖျားနဲ့ ဂျစ်တစ်တစ်လုပ်တဲ့လူက ရှိသေးတယ်။ အဲဒီလူမျိုးကို ဆုံးမရမလွယ်သူ။ သောဝစဿတာမင်္ဂလာနဲ့ မညီညွတ်သူလို့ ခေါ်ပါတယ်။ ဆုံးမရခက်တဲ့လူဟာ နိဗ္ဗာန်နဲ့ဝေးတော့တာပါပဲ။

ဝိပဿနာရှုတဲ့နေရာမှာ အရှုခံတရားဟာ ခန္ဓာငါးပါးပဲ။ ခန္ဓာငါးပါးဟာလည်း အလိုလိုရလာတာ မဟုတ်ဘဲ အကြောင်းအကျိုးဖြစ်တယ်။ ခန္ဓာကြီးမှာ ဘယ်ခံစားမှုလေး ပေါ်လာလာ ဖြစ်ပေါ်လာသမျှ အလိုလိုပေါ်လာတာ မဟုတ်ဘူး။ အကြောင်းအကျိုးပါပဲ။ အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာ သေပါတယ်။

လောကသမုတိစကားနဲ့ပြောရင် စီးပွားဖြစ်တာလည်းအကြောင်းအကျိုး၊ စီးပွားရေး ကျဆင်းသွားတာလည်း အကြောင်းအကျိုး။ အကြောင်းအကျိုးကင်းပြီးတော့ဖြစ်ဟာ ၃၁ ဘုံလောကမှာ ဘာမှမရှိ

ပါဘူး။ အားလုံးဟာ အကြောင်းအကျိုးနဲ့ ဖြစ်နေတာပါလားလို့ အကြောင်းအကျိုး မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်တဲ့ ပုဂ္ဂိုလ်သည် သူများကို လက်ညှိုးထိုးတဲ့ သံသယဖြစ်စရာ မလိုတော့ပါဘူး။

ပေါ်လာတဲ့ ဓမ္မမှန်သမျှဟာ ဖောက်ပြန်တာပဲ ဖြစ်ပါတယ်။ ဖောက်ပြန်တာကို ဖောက်ပြန်တယ်လို့ သိထားရင် "ငါ နာတယ်၊ ငါ ကျင်တယ်၊ ငါ အောင့်တယ်" မလာတော့တဲ့အတွက် ဒိဋ္ဌိပြုတ်ပါတယ်။ အကြောင်းအကျိုးပေါ် ဉာဏ်ရှင်ရင် ဝိစိကိစ္ဆာ သေတယ်။ ခန္ဓာပေါ် ဉာဏ်ရောက်တော့ ဒိဋ္ဌိပြုတ်တယ်။ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာပြုတ်ရင် သောတာပန်တည်ပြီး ပထမ နိဗ္ဗာန်ရပါတော့တယ်။

ပထမ နိဗ္ဗာန်ရတယ်ဆိုတာ ဇေတံမင်္ဂလမုတ္တမံ–မြတ်သောမင်္ဂလာကြီး ဖြစ်ပါတယ်။ အဲဒီ မင်္ဂလာကြီးကို ရရှိချင်တယ်ဆိုရင် သောဝစဿတာမင်္ဂလာနဲ့ ပြည့်စုံပြီး ဆုံးမလွယ်သူ ဖြစ်ဖို့လိုပါတယ်။ အရှင်ရာဓမထေရ်ကတော့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးရဲ့ ဆုံးမစကားနားထောင် ဖြစ်ပျက်မြင်မှန်းဆုံးပြီးတော့ သောတာပန်တည်သွားပါပြီ။

ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်သည် အရှုခံ အရှုဉာဏ်၊ ပညတ် ပရမတ်၊ သမထ ဝိပဿနာ၊ အဖြစ်နဲ့အပျက်ကို ဂဃနဏ သိထားဖို့ လိုပါတယ်။ မသိခြင်းအဝိဇ္ဇာ၊ မသိဘဲလုပ်နေခြင်း သင်္ခါရတွေ ရှိနေရင်တော့ သမုဒယသစ္စာ လမ်းပေါ်လျှောက်နေတာပါပဲ။ ဝိပဿနာရှုခြင်းကသာ မဂ္ဂင်လမ်းပေါ်လျှောက်တာ ဖြစ်ပါတယ်။ မဂ္ဂင်လမ်းပေါ်လျှောက်မှ နိဗ္ဗာန်ရောက်နိုင်ပါတယ်။

## နားမထောင်သူဟာ ရှင်လျက်သေသူပါ

ဆုံးမစကား နားမထောင်ဘဲ အပြောရခက်တဲ့ ပုဂ္ဂိုလ်တွေထဲမှာတော့ ဖွားဖက်တော် အရှင်ဆန္နမထေရ်က အထင်ရှားဆုံးပါပဲ။

သူက ဆန္နအမတ်၊ မြင်းမြီးဆွဲ မောင်ဆန်လို့ လူသိများပါတယ်။ အရှင်သခင်ဖြစ်တဲ့ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားက ဘုရားဖြစ်ပြီဆိုတော့ သူလည်း သက်န်းဝတ်သာသနာ့ဘောင် ရောက်လာပြီး ဆန္နမထေရ်လို့ ဖြစ်လာတာပါပဲ။

ဆန္နမထေရ်ကို ဘုရားရှင်က ဆုံးမဩဝါဒတွေပေးပြီး သွန်သင်ပါတယ်။ သစ္စာသိဖို့ ခန္ဓာဉာဏ်ရောက်တရားတွေ ဟောပေးပါတယ်။ အရှင်ဆန္နကလည်း အလောင်းတော်ဘဝကတည်းက ဘုရားကို ရှိသေလေးစားတဲ့အတွက် ဘုရားခိုင်းတဲ့အတိုင်း တရားအားထုတ်တာပါပဲ။ ဒါပေမဲ့ တရားမရဘူး ဖြစ်နေသတဲ့။

ဆန္နမထေရ်တရားမရခြင်း အကြောင်းရင်းကို ရှာလိုက်တော့ သူ့မှာ မာန်မာနခံနေလို့တဲ့။ သာကီဝင်မင်းမျိုး ဘုရားရှင်ရဲ့ ဖွားဖက်တော်ဆိုပြီး ဘုရားကလွဲရင် ဘယ်သူ့မှ ဂရုမစိုက်ချင်ဘူး။ ဘုရားတောထွက်တော်မူတုန်းက ငါက မြင်းမြီးဆွဲပြီး လိုက်လာခဲ့တာ။ “ငါရဲ့အရှင် ငါရဲ့ဘုရား” လို့ မာန်မာနတွေ ထောင်လွှားနေသတဲ့။

ငါဆိုတာက ဒိဋ္ဌိ၊ သာကီဝင်ဆိုတဲ့အစွဲက မာနနော်။ အမျိုးဇာတိ မြင့်မြတ်ခြင်းအပေါ်မှာ သာယာနေတာက တဏှာပေါ့။ တဏှာ မာန ဒိဋ္ဌိဆိုတဲ့ ပပဉ္စတရားသုံးပါး ဆန္နမထေရ်မှာ ကိန်းနေတယ်။ အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်လည်း ဂရုမစိုက်ဘူး။ ဘုရားမှတစ်ပါး သူ့ကို ဘယ်သူကမှ ဆုံးမလို့မရဘူး။

“အခုမှ လက်ဝဲရံ၊ လက်ယာရံနဲ့ ကြီးကျယ်နေလိုက်တာ။ တောထွက်တုန်းကဖြင့် ဘယ်သူမှ မလာဘူး။ မောင်ဆန်တစ်ယောက်တည်း ပါတယ်” လို့ ပြောသေးတာ။ ဘုရားရှင်က အကြိမ်ကြိမ် ဆုံးမပေမယ့် မာန်မာနမကျဘူး။ ကွယ်ရာရောက်ရင် ဘယ်သူပြောပြောနားမထောင်တော့ဘူး။ အတ္တဝါဒစွဲလမ်းတဲ့ ပုဂ္ဂိုလ်များဟာ အဲဒီလို

ဆုံးမရခက်တာပဲ။ ဒိဋ္ဌိရဲ့သတ္တိကြောင့် ဆိုဆုံးမရခက်နေခြင်း ဖြစ်ပါတယ်။

သောတာပန် မဖြစ်သေးတဲ့အတွက် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကို မခွာနိုင်ဘဲ ဖြစ်နေရှာတယ်။ အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်ကို နားမလည်တော့ အဆုံးမရခက်နေပါတယ်။ ရှင်ဆန္နကို ဘယ်လိုမှ ဆုံးမလို့ မရဘူး။ နားမထောင်ဘူးလို့ မထေရ်မြတ်ကြီးတွေက ဘုရားကို လျှောက်ကြတော့ ဘုရားက ရှင်ဆန္နကို ဗြဟ္မဒဏ်ပေးလိုက်သတဲ့။

ဗြဟ္မဒဏ်ဆိုတာ ရှင်ဆန္နကို ဘယ်သူမှ မဆုံးမနဲ့တော့လို့ အပြစ်ပေးလိုက်တာပါပဲ။ လူမိုက်တွေက "မဆုံးမရဘဲ နားထောင်ရသက်သာတာပေါ့" လို့ တွေးကြမှာပေါ့။ အမှန်က အဆုံးမ မခံရတာ သေတာနဲ့ အတူတူပါပဲ။ ဘုရားမြတ်စွာက "ငါဘုရားဟာ ဆုံးမရခက်တဲ့တပည့်ဆို သတ်ပစ်တာပဲ" လို့ မိန့်တော်မူဖူးပါတယ်။ မိကောင်းဖကောင်း၊ ဆရာကောင်းတွေရဲ့ ဆုံးမဩဝါဒပေးတာ မခံရတော့ဘူးဆိုရင် သတ်ပစ်တာနဲ့ အတူတူပဲ။ ဘာမှ တိုးတက်မှုမရှိဘဲ ဘဝ သေတော့တာပဲ။ ရှင်လျက်သေတဲ့လူ ဖြစ်သွားတယ်။

ဆုံးမရခက်လို့ ဆရာမိဘတွေကလည်း မဆုံးမတော့ဘူး။ ပတ်ဝန်းကျင်ကလည်း ဘာမှပြောမနေတော့ဘူးဆိုရင် သေသွားပြီ။ ရှင်လျက်နဲ့ သေသွားတယ်။ ရှင်လျက်မသေချင်ဘူးဆိုရင် သောဝစဿတာဂုဏ်နဲ့အညီ ဆုံးမစကား နားထောင်ပြီး မင်္ဂလာရှိအောင် နေကြရပါမယ်။

## နိမ္မာန်ရချင်ရင် ဆုံးမလွယ်ရမယ်

"သူ့ကို မဆုံးမနဲ့တော့" လို့ ပြောလိုက်တာ အစပိုင်းမှာ ကောင်းသလိုလို၊ သက်သာသလိုလိုနဲ့ ကြာလေ ဒုက္ခရောက်လေပဲ။

အရှင်ဆန္နက ဘုရားကလွဲရင် ဘယ်သူဆုံးမတာမှ နားမထောင်တဲ့ အတွက် ဘုရားရှင်လည်း ပရိနိဗ္ဗာန်စံရော အားကိုးရာမဲ့ ဖြစ်ရတော့ တာပဲ။

မဆုံးမဘဲ ပစ်ထားတာဟာ အထည်ဒြပ်မရှိတဲ့တုတ်နဲ့ ရိုက် လိုက်တာပါပဲ။ အရိုက်ရာမရှိပေမယ့် သိပ်နာပါတယ်။ အားကိုးရာဖြစ် တဲ့ ဘုရားရှင် ပရိနိဗ္ဗာန် စံဝင်သွားတဲ့အထိ အရှင်ဆန္န သောတာပန် မတည်ခဲ့ပါဘူး။ တဏှာမာနဒိဋ္ဌိ ပပဉ္စတရားတွေကြောင့် တရားအား ထုတ်နေပါလျက်နဲ့ သောတာပန် မတည်ရရှာတာပါ။

ဘုရားရှိတုန်းက ဘုရားဆုံးမတာပဲ ခံမယ်ဆိုတဲ့သူ၊ အခု ဘုရား မရှိတော့ ဘယ်သူက ဆုံးမဦးမှာလဲ။ ဆုံးမည့်လူမရှိမှ ဆုံးမစကား ဆိုတာ အဖိုးတန်ပါတယ်။ အဆုံးအမ ရရာရကြောင်း မထေရ်မြတ် ကြီးတွေဆီ လိုက်လံလျှောက်ထားရင်း နောက်ဆုံးမှာ အရင်းအနှီးဆုံး အခင်မင်ဆုံးဖြစ်တဲ့ အရှင်အာနန္ဒာဆီကို ရောက်သွားပါတယ်။ အရှင် အာနန္ဒာကလည်း ဘုရားမရှိမှတော့ ဆုံးမပေးသင့်ပါတယ်လို့ တွေး ပြီး ဆန္နမထေရ်ကို အားပေးစကား ပြောပါတယ်။

အရှင်အာနန္ဒာဟောပြတဲ့ ဆုံးမစကားနဲ့ တရားကို နာရတော့ အားတက်ရွှင်လန်းလာပြီး ပဋိစ္စသမုပ္ပါဒ်အခြေခံပြီးတော့ ခန္ဓာဉာဏ် ရောက် ဝိပဿနာတရားကို အားထုတ်လိုက်တဲ့အခါ အရှင်ဆန္နသည် ဖြစ်ပျက်မြင် သစ္စာလေးချက်ဆိုက်ပြီးတော့ သောတာပန် တည်သွား ပါတော့တယ်။

အရှင်ဆန္နသည် ဆုံးမရခက်နေတဲ့အချိန်မှာ တရားမရဘဲနဲ့ ဆုံးမရလွယ်တဲ့အချိန်ကျမှ တရားရသွားတာကို ထောက်ရှုရင် ဆုံးမ လွယ်ဖို့ရာ အရေးကြီးကြောင်း သိနိုင်ပါတယ်။ ဆုံးမလွယ်ခြင်းဟာ သောဝစဿတာ မင်္ဂလာဖြစ်ပြီး၊ ဆုံးမလွယ်သူမှန်ရင် နိဗ္ဗာန်ကို

အလွယ်တကူနဲ့ ရနိုင်ပါတယ်။ ဒါကြောင့် နိဗ္ဗာန်ရယူချင်တယ်ဆိုရင် ဆုံးမလွယ်ကူသော တော်မင်္ဂလမုတ္တမံ မင်္ဂလာရှိတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ကြိုးစားခဲ့ဖို့ အထူးလိုအပ်လှပါတယ်။

# ရဟန်းသံဃာ ဖူးမြင်ပါ
# မင်္ဂလာအမှတ် (၂၄)

# သမိုင်းပေးတာဝန်နှစ်ရပ်

မြတ်ဗုဒ္ဓရဲ့ အဆုံးအမ သာသနာတော်နဲ့ မြန်မာလူမျိုးတွေဟာ လူမျိုးကြီးတွေကြားမှာ ဝင့်ဝင့်ကြွားကြွား ခန့်ခန့်ထည်ထည် နေလာခဲ့တာ နှစ်ပေါင်းထောင်နဲ့ချီ ရှိနေခဲ့ပါပြီ။ ကိုယ့်ကိုးကွယ်မှုနဲ့ကိုယ်၊ ကိုယ့်ယဉ်ကျေးမှုနဲ့ကိုယ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့လို့ လူမျိုးကြီး နိုင်ငံကြီးတွေ ဝါးမြိုတာ မခံရဘဲနဲ့ သက်တမ်းရှည်ကြာ နေလာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကိုးကွယ်မှု ယဉ်ကျေးမှုသာ မခိုင်လုံခဲ့ဘူးဆိုရင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးရယ်လို့ ရှိပါဦးမလား။ လူဦးရေ သန်းပေါင်း ငါးဆယ်ကျော် ခြောက်ဆယ်ဆိုတာ များသလိုလို ထင်ရပေမယ့် သန်းပေါင်း ထောင်ကျော်ရှိတဲ့ လူမျိုးတွေ နိုင်ငံတွေနဲ့ နှိုင်းစာကြည့်လိုက်ရင် မပြောပလောက်တဲ့ အရေအတွက်မျှသာပါပဲ။ ယဉ်ကျေးမှု ကိုးကွယ်မှုတွေ ရောယှက်ပြီးတော့ ခဏခြင်းနဲ့ ပျောက်ကွယ်သွားနိုင်တဲ့ အရေအတွက် ဖြစ်ပါတယ်။

ခုတော့ ရှင်တော်မြတ်ဘုရားရဲ့ ကျေးဇူး အဆုံးအမ သာသနာတော်မြတ်ကို အဆက်မပြတ် နာယူသိရှိလေ့လာခွင့်ရပြီးတော့ ထူးခြားတဲ့ အသွင်အပြင် ယဉ်ကျေးမှုတွေနဲ့ တည်တည်ကြည်ကြည် ဟန်

မပျက် နေနိုင်ခဲ့ကြတယ်။ မြတ်ဗုဒ္ဓ သာသနာတော်ကို မပျက်မစီး တည်တန့်အောင် ပို့ချဟောပြော ရွက်ဆောင်တော်မူခဲ့ကြတဲ့ ရဟန်းတော် သံဃာတော်အရှင်မြတ်များရဲ့ ကျေးဇူးဟာ မြန်မာနိုင်ငံသားတွေအဖို့ ဆပ်လို့မကုန်နိုင်အောင် ကြီးမားလှပါတယ်။ ကြီးပွားဖို့ ချမ်းသာတိုးတက်ဖို့ရာလည်း ရဟန်းသံဃာတော်များအပေါ်မှာ များစွာ တည်မှီနေတယ်ဆိုတာ သမိုင်းကြောင်းကို ပြန်ကြည့်ရင် သိသာလှပါတယ်။

ရဟန်းတော်များက လောကီလောကုတ္တရာ ဗဟုသုတ အသိပညာပေါ့ မပေးဝေဖြန့်ဖြူးပြီးတော့ စောင့်ရှောက်လာခဲ့ကြတယ်။ ကောင်းမှု မကောင်းမှု ခွဲခြားဝေဖန် ဆုံးမပေးကြတယ်။ ရဟန်းတော်များနဲ့ တွေ့ဆုံခြင်း၊ တရားဓမ္မ မေးမြန်းလျှောက်ထားခြင်းတွေက အမြဲမပြတ် ပြုလုပ်ရမည့် ကျင့်ဝတ်တွေ ဖြစ်လာတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားက မင်္ဂလသုတ္တန်မှာ ကျင့်စဉ်နှစ်ရပ်အနေနဲ့ "သမဏာနဉ္စ ဒဿနံ–သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို မကြာခဏ တွေ့ဆုံလေ" "ကာလေန ဓမ္မသာကစ္ဆာ–သဘာဝတွေး၊ မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ" လို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

## ဘာသာရေးနှင့် မဝေးစေချင်

"သမဏာနဉ္စ ဒဿနမင်္ဂလာ–သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို မကြာခဏ တွေ့ဆုံလေ" ရဟန်းတော်များနှင့် တွေ့ဆုံခြင်း ဖူးမြော်ခြင်းဟာ မင်္ဂလာတစ်ရပ်ဖြစ်လို့ ကလေးတွေကို ရဟန်းသံဃာတော်များနဲ့ နီးနီးစပ်စပ် ဆက်ဆံတတ်အောင် ငယ်ငယ်ကတည်းက စီစဉ်ပေးခဲ့ရမယ်။ ဘုရားရှိခိုးတတ်အောင် ဆွမ်းခံကြွလာတဲ့ ကိုယ်တော်တွေ ဦးတင်တတ်အောင် သင်ပေးခဲ့ရပါမယ်။

စေတီပုထိုး ဘုရားကျောင်းကန်ကို သွားတဲ့အခါကလေးတွေကို ခေါ်သွားပေးရမယ်။ လူကြီးတွေနဲ့အတူ ဘုရားရင်ပြင် သန့်ရှင်းစင်ကြယ်အောင်လုပ်တာ။ ပန်းဆီးမီး ပူဇော်တာကအစ သူတို့နိုင်သလောက် လုပ်ခိုင်းပါ။ ဥပုသ်သီတင်း ဆောက်တည်တဲ့အခါမှာလည်း ခေါ်သွား။ လူကြီးတွေ လုပ်တာကိုင်တာ အတုခိုးရင်း ကန်တော့ချိုးသီလခံယူတာ စသည်ဖြင့် တဖြည်းဖြည်း နားယဉ်ပြီးတော့ သူတို့ရသလောက် လိုက်ဆိုပါစေ။ ဒီလိုပဲ တစ်စတစ်စ ဘာသာရေးနဲ့ ရင်းနှီးအောင် လုပ်ပေးရတယ်။

"ကလေးတွေ ခေါ်သွားရတာ တာဝန်ကြီးတယ်။ ကလေးကလေးဘာသာ နေပါစေ" ဆိုပြီး ပစ်ထားရင် ကြာတော့ ဘာသာရေးနဲ့ဝေးပြီး လူရိုင်းလေးတွေ များလာမှာပေါ့။ ကိုယ့်ဘာသာတရားနဲ့ ရင်းနှီးကျွမ်းဝင်အောင် လုပ်ထားမှ သူများဘာသာတွေက ခွဲဆောင်ရာနောက်ကို မပါဘဲ ရှိမှာပေါ့။ လူဆိုတာ နီးစပ်ရာ ကျွမ်းဝင်လေ့ရှိတာပဲ။ ကိုယ့်ဘာသာတရား ခိုင်ခိုင်မာမာ လုပ်မထားရင် တခြားကငွေရေးကြေးရေး စီးပွားရေးနဲ့ မြှူဆွယ်လာတဲ့အခါ အလွယ်လေးနဲ့ပါသွားကြမှာပဲ။

ယဉ်ကျေးမှုဆိုတာကတော့ ဘယ်ဘာသာမှမဆို ရှိတာပဲ။ ကိုယ့်ဘာသာရဲ့ ဆုံးမစကားကို နားထောင်တဲ့သူတွေအတွက် ယဉ်ကျေးအောင် သိမ်မွေ့အောင် ဆုံးမပေးကြတာပါပဲ။ သူ့ယဉ်ကျေးမှုနဲ့သူကောင်းကွက်လေးတွေ ရှိတယ်။ လူသားတစ်ယောက်ဟာ လူသားရဲ့ ယဉ်ကျေးမှုရှိရမယ်။ အဲဒီလိုရှိနေအောင် ဘာသာတရားတွေကဆောင်ရွက်ပေးနေကြတယ်။ ဘာသာရေး ယဉ်ကျေးမှုမရှိရင် ဘာသာမဲ့ လူ့တိရစ္ဆာန်တွေ ဖြစ်ကုန်ကြမှာပဲ။

လူ့ယဉ်ကျေးမှုက ဒီအတိုင်း အလိုလိုတတ်လာတာ မဟုတ်

ဘူး။ လေ့လာသင်ကြားယူမှ ရပါတယ်။ ဒါကြောင့် "လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို ကောင်းစွာ သင်ကြားနားလည်စေ" လို့ ရှေ့မှာ ပြောခဲ့ပြီးပြီ။ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုနဲ့ နီးစပ်စေချင်ရင် ဘုရား ကျောင်းကန် ဝင်ထွက်သွားလာ ရဟန်းတော်များနဲ့ တွေ့ဆုံဖူးမြင် လုပ်ပေးရပါမယ်။

ရဟန်းတော်များနဲ့ မကြာခဏ ချဉ်းကပ် တွေ့ဆုံပြီးတော့ ဘာသာရေးနဲ့ ပတ်သက်တဲ့ သိချင်တာလေးတွေ၊ ဘာသာရေး ယဉ်ကျေးမှု ကျင့်ဝတ်ဆိုင်ရာ ပြဿနာလေးတွေကို မေးမြန်းလျှောက်ထား ရမယ်။ အဲဒီတော့ ရဟန်းတော်များနဲ့ တွေ့ဆုံဖူးမြင်ရခြင်း မင်္ဂလာ အပြင် ဆွေးနွေးမေးမြန်း လျှောက်ထားရခြင်းဆိုတဲ့ ကာလေန ဓမ္မ သာကစ္ဆာ–သဘာဝတွေးမှန်ကန်ရေး ဆွေးနွေးမပြတ်ပေဆိုတဲ့ မင်္ဂလာ ကြီးနဲ့လည်း ပြည့်စုံလာကြမယ်။

အတွေးအခေါ် အယူအဆက ထင်ရာမြင်ရာ လျှောက်တွေးနေ လို့ အမှန်ရောက်မှာ မဟုတ်ပါဘူး။ ဘုရားမြတ်စွာ သက်တော်ထင် ရှား မရှိတော့ပေမယ့် ဘုရားဟော ပိဋကတ်တွေ သင်အံ့ပို့ချနေတဲ့ ရဟန်းသံဃာတော်တွေ ရှိတယ်။ ရဟန်းတော်တွေထံမှာ ကိုယ့်ယူဆ တွေးတောထားတာ မှန်မမှန် ဆွေးနွေးရမယ်။ ရဟန်းတော်တွေက ပိဋကစာပေတွေနဲ့ နှိုင်းညှိပြီးတော့ အမှန်ကျအောင် ဆွေးနွေးပေးကြ ပါလိမ့်မယ်။

လူနေမှုအဆင့်အတန်း မြင့်မားအတွေးအခေါ် မှန်ကန်ပြီး ယဉ် ကျေးသိမ်မွေ့တဲ့ လူသားတစ်ယောက် ဖြစ်လာအောင် ငယ်စဉ်ကတည်း က သင်ပြပြောဆိုပေးခဲ့ရမယ်။ သံဃာတော်များနဲ့ နီးစပ်အောင် ဘာသာ ယဉ်ကျေးမှုကို သိရှိနားလည်အောင် ငယ်ငယ်ကတည်းက ဖူးမြင်တွေ့ ဆုံ မေးမြန်းဆွေးနွေးခဲ့ရပါလိမ့်မယ်။

## မေးမြန်းလျှောက်ထားတတ်ပါစေ

ဗုဒ္ဓဘာသာဝင်ဖြစ်နေပြီး ရဟန်းသံဃာတော်တွေနဲ့ ဝေးကွာနေကြတော့ ဘာသာရေး အသိဉာဏ် ခေါင်းပါးလိုက်ကြတာ မေးစရာ မြန်းစရာမေးဖို့ မပြောနဲ့ ပြောဖို့ဆိုဖို့တောင် အဆင်ပြေပြေ မပြောတတ်ကြဘူး။ ဒီခေတ်ကလေးတွေ ကျောင်းနဲ့ ကျူရှင်နဲ့ အချိန်ကုန်နေကြတော့ ကျောင်းကန်ဘုရား အရောက်အပေါက် နည်းလာကြတယ်။ လူကြီးမိဘတွေကလည်း ဘာသာယဥ်ကျေးမှုကို အတန်းပညာလောက် အရေးမပါဘူး ထင်နေကြတယ်။ ရဟန်းသံဃာနဲ့ စကားပြောရင် "ဟုတ်ကဲ့" တစ်ခွန်း "ကျွန်တော်" တစ်ခွန်းနဲ့။ ကြားရမြင်ရတာ အဆင်မပြေလိုက်တာ။

ရဟန်းသံဃာနဲ့ စကားမပြောတတ်တာတော့ ခေတ်နဲ့မဆိုင်ပါဘူး။ လူကြီးတွေက သင်ပေးရင် ရပါတယ်။ ခက်တာက လူကြီးတွေကတောင် မပြောတတ် မဆိုတတ်ဖြစ်နေတော့ တော်တော်ရင်လေးစရာ ကောင်းတယ်။ ဘုန်းကြီးရဟန်းနဲ့ စကားမပြောတတ်တာနဲ့ ပတ်သက်ပြီး ပုံပြင်တစ်ခုတောင် ရှိသေးရဲ့။

ရှေးတုန်းက ရွာတစ်ရွာမှာ ကျောင်းဒကာ ကျောင်းအစ်မနဲ့ သမီးတစ်ယောက် မိဘားစုရှိသတဲ့။ နေ့စဉ်နဲ့အမျှ ကျောင်းကို ဆွမ်းသွားပို့နေတာက ကျောင်းဒကာဖြစ်ဖြစ်၊ ကျောင်းအစ်မဖြစ်ဖြစ် သွားနေကျ။ တစ်နေ့မှာ လူကြီးတွေ မအားလပ်တာနဲ့ သမီးကို ဆွမ်းပို့ခိုင်းသတဲ့။ ကလေးမက ကျောင်းရောက်တော့ ဆွမ်းကပ်ပြီး ပြန်ခါနီးမှာ ဘယ်လိုပြောသလဲဆိုတော့ "ကဲ–အရှင်ဘုရားလည်း စားနှင့်တော့။ တပည့်တော်လည်း ကြွတော့မယ်" တဲ့။

ဒါနဲ့ နောက်တစ်ရက် ကျောင်းအစ်မ ဆွမ်းလာပို့တော့ ဘုန်းကြီးက သူ့သမီးပြောတာဆိုတာ မဟုတ်ပုံကို တိုင်တယ်။ အဲဒီမှာ ကျောင်း

အစ်မကြီးက "သည်းခံပါဘုရား၊ ဒီကောင်မလေး မိန့်တော်မူလိုက်ရင် ဒီအတိုင်းချည်းပဲ" ဆိုတော့ ဘုန်းကြီးက ပိုပြီး စိတ်တိုသွားသတဲ့။ နောက်တစ်ရက် ကျောင်းဒကာ ဆွမ်းလာပို့တော့ ကျောင်းအစ်မနဲ့ သူ့သမီး အသုံးမကျပုံကိုပြောရော။ ဘုန်းကြီး စိတ်ဆိုးနေမှန်းသိလို့ တောင်းပန်တဲ့အနေနဲ့ "မှန်လှပါဘုရား၊ ဒီလောက်ရိုင်းတဲ့သားအမိ နောက်ဆိုရင် အရှင်ဘုရားကျောင်းထဲ ခြေတော်ရာတောင် မချစေရပါဘူးဘုရား" လို့ လျှောက်သတဲ့။

ဘုန်းကြီးရဟန်းနဲ့ အမြဲတမ်း တွေ့ထိဆက်ဆံနေရတဲ့ ကျောင်းဒကာ၊ ကျောင်းအစ်မတွေတောင်မှ ဒီလိုဖြစ်နေရင် ကျန်တဲ့လူတော့ ပြောမနေနဲ့ပေါ့။ ဒါပေမဲ့ သူတို့က ကျောင်းဒကာ ကျောင်းအစ်မတွေ မဟုတ်လား။ ဘုန်းကြီး ဘယ်လိုပဲ စိတ်ဆိုးနေပါစေ ဆွမ်းကတော့ ပို့နေရမှာပဲ။ ဘုန်းကြီးနဲ့ ကင်းလို့မရဘူး။ ဒီတော့ ကျောင်းဒကာက အိမ်ပြန်ရောက်ကာနဲ့ သူ့သမီးကိုခေါ်ပြီး ဆုံးမတယ်။ ရဟန်းသံဃာတွေနဲ့ စကားပြောတဲ့အခါ "တော်" လေးဘာလေးထည့်ပြီး ပြောမှပေါ့" လို့ ပြောနည်း ဆိုနည်း သင်ပေးတယ်။ တစ်နေ့ အိမ်မှာ ဆွမ်းစားပင့်လို့ ဆွမ်းဘုဉ်းပေးပြီးအပြန်မှာ လှမ်းနှုတ်ဆက်လိုက်တာက "ဘုန်းဘုန်းဘုရား ပြန်တော်မူတော့မှာလားဘုရား" တဲ့ ကောင်းရော။

## ကိုးကွယ်မှု မှန်ကန်အောင်ပြောပေးပါ

တို့တစ်တွေဟာ ဗုဒ္ဓဘာသာ အဆုံးအမ ယဉ်ကျေးမှုနဲ့ ကြီးပြင်းလာကြတဲ့ လူ့ဘောင်အဖွဲ့အစည်းထဲမှာ နေကြရတာဆိုတော့ ကိုယ့်ယဉ်ကျေးမှုနဲ့ ကိုက်ညီသင့်လျော်အောင် ပြောဆိုနေထိုင် ကျင့်ကြံသွားနိုင်ကြရမယ်။ ဘာသာရေး အသိဉာဏ်ရင့်ကျက်ပြီး စာပေပရိယတ္တိကျွမ်းကျင်တဲ့ ရဟန်းတော်များထံ ဆည်းကပ် မေးမြန်းလျှောက်ထားကြရမယ်။

F. 4B

ရဟန်းသံဃာတော်တွေကို ဖူးတွေ့ရခြင်း၊ ရဟန်းသံဃာတွေ ရေးသားပြုစုတဲ့ စာပေတွေကို ဖတ်ရှုခြင်း၊ ရဟန်းပညာရှိ လူပညာရှိတွေ ဆုံးမသွန်သင် ဩဝါဒပေးတာကို နာကြားရခြင်းဆိုတဲ့ မင်္ဂလာတွေ ရှိနေစေရမယ်။ "သူမြတ်ပုဂ္ဂိုလ်ဟူသမျှကို မကြာခဏ တွေ့ဆုံလေ၊ သဘာဝတွေး မှန်ကန်ရေး ဆွေးနွေးမပြတ်ပေ" ဆိုတဲ့အတိုင်း မေးစရာရှိတာ မေးမြန်းရမယ်။ မေးသင့်မေးထိုက်တဲ့ မေးခွန်းတွေနဲ့ ဖြေနိုင်တဲ့ပုဂ္ဂိုလ်တွေကို စိစစ်ရှာဖွေ မေးမြန်းရမယ်။ ဒါမှလည်း မှန်ကန်တဲ့ အသပညာ ရကြပါမယ်။

ကိုယ့်သားသမီး ကိုယ့်ဆွေမျိုး အသိပညာမှန်ကန်ဖို့ ကိုးကွယ်ဆည်းကပ်မှု မှန်ကန်ဖို့ဟာ လူတိုင်းမှာ တာဝန်ရှိပါတယ်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဆိုရင် လက်ယာတော်ရံ ပညာအရာ ဧတဒဂ်ဘွဲ့ရ အဂ္ဂသာဝကကြီး ဖြစ်နေပေမယ့် မိစ္ဆာဒိဋ္ဌိ ဖြစ်နေတဲ့ မိခင်ကြီးကို ကိုးကွယ်မှု မှန်ကန်အောင် အသိပညာပေးဖို့ရာ မိခင်ကြီးရှိရာ နာလန္ဒာကို ကြွတော်မူခဲ့ရတယ် မဟုတ်လား။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး မိခင်ကို ကျေးဇူးဆပ်ချင်လွန်းလို့သာ ကြွလာခဲ့တာ။ ကျန်းမာရေးက ကောင်းတာမဟုတ်ဘူး။ ပရိနိဗ္ဗာန် ဝင်စံတော်မူခါနီး အချိန်မရောက်မှ သွေးအန်တဲ့ ရောဂါဝေဒနာကြီး ခံစားနေရရှာတယ်။ တစ်လမ်းလုံး သွေးတွေအန်လာလိုက်တာ ကံရဲ့သတ္တိနော်။ အတိုက်ကလုပ်ခဲ့တဲ့ ကံတွေက အကျိုးပေးခွင့် ရပြီဆိုရင် ပစ္ဆိမဘဝိက နောက်ဆုံးကျွတ်တန်းဝင်တော့မည့် ဘဝထိအောင် လိုက်ပြီး အကျိုးပေးပါတယ်။

ကံရဲ့သတ္တိကို ဉာဏ်နဲ့ဖြတ်မှ ရပါတယ်။ ဝိပဿနာအလုပ်ဆိုတာ ကံဖြတ်တဲ့အလုပ်ပါပဲ။ အရင်ဘဝတွေက လုပ်ခဲ့တဲ့ကံက ကုသိုလ်နဲ့ အကုသိုလ်မှာ အကုသိုလ်ကံက များနေရင် အဲဒီ အကုသိုလ်ကံက အကျိုးပေးခဲ့ရင် အပါယ်လေးဘုံပါပဲ။ အပါယ်လေးဘုံကျွား

လို့ကတော့ နောက်ထပ် လူ့ဘဝ လူ့ခန္ဓာရဖို့ မလွယ်တော့ပါဘူး။ လူ့ဘဝက သေရင် ဘယ်သူမှ ခွေးမဖြစ်ချင်ဘူး။ ငရဲလည်းမကျချင်ဘူး။ အသူရကာယ်၊ ပြိတ္တာ ဘယ်သူမှ မဖြစ်ချင်ကြပါဘူး။

အဲဒီလို အပါယ်လေးပါးက လွတ်ချင်တာ တစ်ဘဝထဲတင် ဘယ်ဟုတ်မလဲ။ အမြဲတမ်း လွတ်ချင်တာနော်။ လွတ်ချင်တယ်ဆိုရင်တော့ ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ကြပေတော့။ အတိတ်ဘဝ အကုသိုလ်တွေ လုပ်ခဲ့ပြီးမှ ဉာဏ်နဲ့ မဖြတ်ခဲ့ဘူးဆိုရင် နောက်ဆုံးဘဝမှာတောင် အရှင်မြတ်ကြီးမှာ သွေးအန်တဲ့ရောဂါ ခံစားခဲ့ရရှာပါတယ်။ အရှင်မြတ်ကြီးရဲ့အဖြစ်ကို ကြည့်ပြီး သတိသံဝေဂ ယူခဲ့ကြဖို့ပါ။

## လုံခြုံစိတ်ချ အေးမြလှသောရိပ်မြုံ

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး နာလန္ဒာမြို့နားကိုရောက်တော့ မြို့ထဲကို မဝင်သေးဘဲ ဥယျာဉ်ထဲမှာ ခဏနားတော်မူတယ်။ အနားမှာ ကလေးတစ်ယောက် လာကစားနေတာတွေ့လို့ မေးကြည့်တော့ "ဥပရေဝတ" တဲ့။ ကလေးရဲ့ အဖေအမေကို မေးကြည့်လိုက်တော့မှ အရှင်မြတ်ကြီးရဲ့တူ ဖြစ်နေသတဲ့။ နာမည်တောင် အရှင်မြတ်ကြီးရဲ့နာမည် ဥပတိဿကဥပနဲ့ ညီအငယ်ဆုံး ရေဝတရဲ့အမည် ပေါင်းပြီးတော့ ဥပရေဝတလို့ မှည့်ထားတယ်။

ဒါနဲ့ တူဖြစ်သူ ဥပရေဝတကို သူ့အဘွား သာရီပုဏ္ဏေးမကြီးဆီ လွှတ်လိုက်တယ်။ "သားကြီး ပြန်လာပြီ။ ညကျ အိမ်မှာပဲတည်းမယ်။ နောက်ပါ တပည့်ငါးရာလည်း ပါလာတယ်။ သူ့အတွက် နေရာကို ငယ်ငယ်တုန်းက ဖွားမြင်ခဲ့တဲ့အခန်းမှာ ပြင်ပေးပါ" လို့ မှာလိုက်တယ်။ သာရီပုဏ္ဏေးမကြီးက ဒီသတင်းကြားတော့ သားသမီးတွေ

အကုန်လုံး သူ့ကို ပစ်ထားခဲ့ပြီး သူမကြိုက်တဲ့ ဗုဒ္ဓဘာသာကို ယူသွားတဲ့အတွက် မကျေနပ်ဘူး။ ဒါပေမဲ့ သားပြန်လာတယ်ကြားတော့ နေစရာ အိပ်စရာတွေ အကုန်လုံး ပြင်ထားပေးပါတယ်။

အရှင်မြတ်ကြီးလည်း မိခင်အိမ်က မွေးဖွားခဲ့ရာ အိပ်ခန်းထဲကို ရောက်တာနဲ့ သွေးတွေ အန်ချလိုက်တာပဲ။ အမေ သာရီပုဏ္ဏေးမကြီးဆို စိုးရိမ်လွန်းအားကြီးပြီး ပျာပျာသလဲ ဖြစ်သွားတယ်။ ခြေမကိုင်မိ လက်မကိုင်မိနဲ့ ထွေးခံတွေရှာပေး၊ ရရာသွေးဆေးလေးဘာလေးတိုက်နဲ့ လုပ်ပေးတယ်။ မိဘဆိုတာ အဲဒီလိုပဲ။ ကိုယ့်အပေါ်မှာ ဘယ်လိုပဲပစ်ထားပါစေ ကိုယ့်ရှေ့မှာ သားသမီးဒုက္ခရောက်တော့ ဒီအတိုင်း ကြည့်မနေနိုင်ပါဘူး။

ဒါကြောင့် သားသမီးတွေအတွက် အအေးမြဆုံးအရိပ်ဟာ မိဘအရိပ်လို့ ပြောကြတာပေါ့။ တပည့်အတွက် ဆရာ့အရိပ်ဟာ အအေးမြဆုံး။ ဗုဒ္ဓဘာသာဝင်တွေအတွက် ရတနာသုံးပါးအရိပ်ဟာ အအေးမြဆုံး၊ သူမြတ်ပုဂ္ဂိုလ်များကို မကြာခဏ တွေ့ဆုံခြင်းဟာ အကောင်းဆုံးသောအရိပ်ကို ခိုလှုံခြင်း မဟုတ်လား။ ဘုရားရိပ် တရားရိပ် သံဃာရိပ်မှာ ခိုလှုံရခြင်းဟာ သံသရာအတွက် လုံခြုံမှုအပေးနိုင်ဆုံး၊ လုံခြုံစိတ်ချရမှု အရှိဆုံးလို့ မှတ်ယူကြစေချင်ပါတယ်။

## ရဟန်းသံဃာကို နတ်ဗြဟ္မာတွေလည်းဖူးမြင်

သာရီပုဏ္ဏေးမကြီးဟာ သူ့ကို စွန့်ခွာပြီး နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရတဲ့ သားကြီးကို တွေ့ရလို့ ဝမ်းသာရမလား အောက်မေ့ပါတယ် အခုတော့ သားဖြစ်သူက သေလုမျောပါး ဝေဒနာခံစားနေရတော့ စိတ်မချမ်းသာရဘဲ ပူပင်သောက အကြီးအကျယ် ရောက်နေရှာပါတယ်။ သားကြီးအတွက် လိုအပ်တဲ့ ဝေယျာဝစ္စတွေ လုပ်ပေး

ရင်း အခုလို ခံစားနေရပုံကို မမြင်ရက်လို့ တံခါးဝမှာ အသာလေး ရပ်နေရှာပါသတဲ့။

ဒီလိုနဲ့ ညပိုင်းရောက်လာ ညဥ့်လည်း တဖြည်းဖြည်းနက်လာပြီး (၁၁) နာရီလောက်ရောက်တဲ့အခါမှာ ကောင်းကင်က ဝင်းဝင်းလက်လက်နဲ့ လေးယောက်ဆင်းလာတာ တွေ့ရသတဲ့။ အဲဒီဝင်းဝင်းလက်လက်ကြီးတွေက သူ့သားအခန်းထဲ ဝင်သွားတာမြင်တော့ အသာလေး လိုက်ကြည့်နေတယ်။ အရှင်သာရိပုတ္တရာက "ဘယ်သူတွေလဲ" လို့မေးတော့ "တပည့်တော်တို့ စတုမဟာရာဇ်နတ်မင်းကြီးတွေပါဘုရား" လျှောက်ကြတယ်။ "ဘာလုပ်မလို့ လာတာလဲ" မေးတော့ "အရှင်ဘုရားကို ပြုစုချင်လို့ပါ" တဲ့။ အရှင်မြတ်ကြီးက လက်မခံဘူး။ သူတို့ကို တရားနည်းနည်းဟောပြီး အပြန်ခိုင်းလိုက်တာ တွေ့ရသတဲ့။

ည နာရီပြန် တစ်ချက်လောက်ရောက်တော့ ခုနက နတ်မင်းကြီးတွေထက် ပိုပြီး တောက်ပတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ကောင်းကင်က ဆင်းလာပြီး အခန်းထဲဝင်သွားပြန်ရော။ "ဘယ်သူလဲ" မေးတော့ "သိကြားမင်းပါဘုရား" "ဘာလို့လာတာလဲ" မေးတော့ "အရှင်ဘုရားကို ပြုစုချင်လို့ပါ" အရှင်မြတ်ကြီးက စောစောကလိုပဲ လက်မခံဘဲနဲ့ တရားဟောပြီး ပြန်လွှတ်လိုက်တာပဲ။ ရောဂါဝေဒနာက ပိုပြီး ပြင်းထန်လာလို့ ထွေးခံတွေ တစ်လုံးပြီးတစ်လုံး သွန်နေရတယ်။ ထွေးခံတစ်လုံးသွန်လို့ ပြန်ရောက်လာရင် နောက်တစ်လုံးက ပြည့်နေပြီ။ အရှင်မြတ်ကြီးမှာလည်း ခန္ဓာနဲ့ဆိုတော့ ခန္ဓာရှိရင် ခန္ဓာရဲ့နှိပ်စက်တာ ခံရရှာတာပါပဲ။

သိကြားမင်းကြီး ပြန်သွားလို့ ခဏနေတော့ မနက် (၃) နာရီလောက်မှာ သိကြားမင်းထက် ပိုပြီး အရောင်အဝါတောက်ပတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဆင်းလာပြန်တယ်။ စောစောကလိုပဲ အခန်းထဲဝင်

သွား အရှင်မြတ်ကြီးက တရားဟောပြီး ပြန်လွှတ်လိုက်တဲ့အခါမှာ သာရီပုဏ္ဏေးမကြီး မနေနိုင်တော့ဘူး။ သားကိုကြည့်ရတာ စိတ်မချမ်းသာပေမယ့် မိခင်ဆိုတော့ မနေနိုင်ဘူးလေ။ "နေရထိုင်ရတာ သက်သာရဲ့လား" လို့မေးတော့ "မယ်တော်ကြီး ဘာမှမပူပင်ပါနဲ့၊ ခန္ဓာရှိရင်ရောဂါရှိမှာပဲ" လို့ မိန့်သတဲ့။

ခန္ဓာဆိုတဲ့စကားကို မကြားဖူးပေမယ့် သူ မသိချင်ဘူး။ လောလောဆယ် သူ သိချင်နေတာက စောစောကဆင်းလာနေကြတဲ့ ဝင်းဝင်းလက်လက်ကြီးတွေ ဘယ်သူလဲဆိုတာပဲ။ ဒါနဲ့ အရှင်မြတ်ကြီးကို မေးကြည့်တယ်။ "ပထမလာတာ နတ်မင်းကြီးလေးယောက်ပေါ့" "နတ်မင်းကြီးတွေက သားဆီလာရတာလား" "ဒီနတ်မင်းကြီးတွေဆိုတာ အလုပ်အကျွေးပါပဲ" "သြော်–ဒါဖြင့် သားတို့က နတ်မင်းကြီးတွေထက် မြတ်တာပေါ့နော်" ဆိုပြီး အမေကြီး ဝမ်းသာသွားတယ်။

"ဒုတိယလာတာကရော" "အဲဒါ သိကြားမင်းပေါ့" "သိကြားမင်းကလည်း လာရတာပဲလား" "သူလည်း အလုပ်အကျွေးအဆင့်ပါပဲ" "နောက်ဆုံးလာတဲ့သူကကော" "အဲဒါ အမေတို့ပုဏ္ဏားတွေကိုးကွယ်နေတဲ့ မဟာဗြဟ္မာဆိုတာပေါ့" "ဟင်–မဟာဗြဟ္မာထက်လည်း သားတို့က မြတ်တာပဲလား" သာရီပုဏ္ဏေးမကြီးတို့အားလုံးက တစ်သက်လုံး မဟာဗြဟ္မာကြီးကို ကိုးကွယ်လာကြတာ မှန်ပေမယ့် မဟာဗြဟ္မာဆိုတာ ဖြူသလား၊ မဲသလားတောင် မြင်ဖူးတာ မဟုတ်တော့ သိပ်အံ့သြသွားတာပေါ့။

ငါ့သားက ငါတို့ကိုးကွယ်တဲ့ မဟာဗြဟ္မာကြီးထက်တောင် မြတ်သတဲ့။ ဒါကြောင့် ငါ့သားကို တကူးတကလာပြီးတော့ ဖူးရတာပဲ။ သားတောင်မှ မဟာဗြဟ္မာထက် မြတ်တယ်ဆိုရင် သားရဲ့ဆရာ မြတ်စွာဘုရားဆို ပိုပြီးတော့ အမြတ်ဆုံး ဖြစ်မှာပေါ့လို့တွေးပြီး ဝမ်းသာနေပါသတဲ့။

## တရားနဲ့ ကျေးဇူးဆပ်ပါတယ်အမေ

အမေပုဏ္ဏေးမကြီး မေးတာတွေ ဖြေနေရင်း အရှင်မြတ်ကြီး သွေးအန်လာပြန်ရော။ သားရဲ့ဖြစ်အင်ကို မကြည့်မမြင်ရက်လို့ မျက်နှာလွှဲနေတဲ့ အမေကြီးကို "ခန္ဓာရှိရင် ရောဂါရှိမှာပဲ" လို့ မိန့်တော်မူလိုက်တယ်။ ဒီတစ်ခါ ခန္ဓာဆိုတဲ့စကား ထပ်ပြီး ကြားရတော့ သူသိချင်စိတ်ပေါ်လာပြီး "ခန္ဓာဆိုတာ ဘာလဲသားရဲ့" "ခန္ဓာဆိုတာ အပေါင်းအစုပေါ့ အမေ" "ဘာတွေ ပေါင်းစုတာတုန်း" "နိုပ်စက်ချက်တွေ ပေါင်းစုထားတာပေါ့ အမေ။ လူတိုင်း ပုဂ္ဂိုလ်တိုင်းမှာ ခန္ဓာဆိုတာ ရှိကြတယ်။ အမေ့မှာလည်း ရှိတာပဲ။ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးဆိုကာ ရှိကာချည်းပဲ" လို့ ရှင်းပြနေသကဲ့။ အမေကြီးကလည်း စိတ်ဝင်တစား နားစိုက်ထောင်နေတယ်။

အရင်တုန်းကဆိုရင် ဒီအမေကြီး ခုလို တရားစကားပြောလို့ရမှာ မဟုတ်ဘူး။ သူ့မှာ မာန်မာနတွေ ရှိနေတယ်။ ငါတို့ကို ဖန်ဆင်းပေးတဲ့ မဟာဗြဟ္မာကြီးကိုသာ ကိုးကွယ်ရမယ်ဆိုတဲ့ အစွဲတွေ ရှိနေတယ်လေ။ ခုတော့ သူ့ဗြဟ္မာကြီးက သူ့သားရဲ့ တပည့်အဆင့်ရှိတာ သိရပြီ။ ဗြဟ္မာထက်ကြီးတဲ့သူနဲ့ တွေ့နေမှတော့ ဘာလို့ ဗြဟ္မာကို ကိုးကွယ်နေရမှာလဲလို့ အမှန်အတိုင်း မြင်သွားပြီ။

အမေ သာရိပုဏ္ဏေးမကြီးရဲ့ စိတ်ထဲမှာ မာန်မာနအစွဲတွေ မရှိတော့ဘူး။ သားကို အထင်ကြီးရာကနေ သားရဲ့ဆရာ ဘုရားရှင်ဆိုရင် ဘယ်လောက် ကြည်ညိုစရာကောင်းလိမ့်မလဲလို့ တွေးပြီး စိတ်ထားတွေ နူးညံ့နေတယ်။ တရားဆိုတာလည်း အဲဒီလို စိတ်ဓာတ်နှလုံးသား နူးညံ့ဖြူစင်နေမှ ဟောလို့ကောင်းတာနော်။ မာနခံနေလို့ကတော့ တရားကို နားဝင်မှာ မဟုတ်ပါဘူး။

သာရိပုဏ္ဏေးမကြီးက တရားနာနေရင်းနဲ့ ညောင်းညာလာလို့

ပြောင်းရွှေ့ပြီး ထိုင်လိုက်တယ်။ "အမေ ခန္ဓာဆိုတာ အဲဒီလိုပဲ ညှောင်းညာ ကိုက်ခဲ ထုံကျင်ပြီး နှိပ်စက်နေတာ ခံရတာပဲ။ အဲဒါကြောင့် ဒုက္ခသစ္စာလို့ ပြောတာပေါ့ အမေရဲ့" စသည်ဖြင့် သစ္စာလေးပါး တရားမြတ်ကို အမေကြီး နားဝင်အောင် ရှင်းပြတော်မူတယ်။ အရှင်သာရိပုတ္တရာဆိုတဲ့ သားကောင်းသားမြတ်ရဲ့ ကျေးဇူးကြောင့် တစ်သက်လုံး မိစ္ဆာဒိဋ္ဌိဖြစ်နေခဲ့တဲ့ အမေကြီး သမဏာနဉ္စဒဿနံ–ရဟန္တာပုဂ္ဂိုလ်မြတ်နဲ့လည်း ဖူးတွေ့ခွင့်ရခဲ့ပြီ။ ကာလေနဓမ္မသာကစ္ဆာ–တရားလည်း ဆွေးနွေးနိုင်ခဲ့ပြီ။ မင်္ဂလာနှစ်ရပ်လုံး ပြည့်စုံညီညွတ်ပြီး မင်္ဂလာရှိနေလိုက်တာနော်။

ရဟန်းသံဃာကို ဖူးမြင်ရခြင်း၊ သစ္စာတရား နာကြားရခြင်း အကြောင်းမင်္ဂလာတွေကြောင့် နိဗ္ဗာန်ရခြင်း အကျိုးမင်္ဂလာကြီးနဲ့လည်း ပြည့်စုံရတော့မယ်။ "ခန္ဓာမှာပေါ်နေတာတွေဟာ အလိုလိုဖြစ်နေတာ မဟုတ်ဘူး။ အကြောင်းအကျိုးနဲ့ ပေါ်နေတာ။ အကြောင်းအကျိုးပေါ် ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာသေတယ်။ ခန္ဓာကိုယ်ကြီးကို ကိုယ်မပိုင်တဲ့အတွက် အခုလို နာကျင်နှိပ်စက်တာ ခံနေရတယ်။ နှိပ်စက်တာ ငါလည်းမဟုတ်၊ သူလည်းမဟုတ်၊ ယောကျ်ားလည်းမဟုတ်၊ မိန်းမလည်းမဟုတ် နှိပ်စက်နေတာ ခန္ဓာပဲ" လို့ ဟောပြတော်မူနေပါတယ်။

အဲဒီလို နှိပ်စက်တယ်လို့ ခန္ဓာပေါ်ဉာဏ်ရောက်နေတဲ့အခါ အနှိပ်စက်ခံရတာ ဖောက်ပြန်တာကရုပ်၊ သိလိုက်တာက နာမ်။ နှိပ်စက်ပြီးတော့ တည်မနေဘဲ ပျက်သွားတဲ့အတွက် ဖြစ်ပျက်ပဲလို့ ရုပ်နာမ်သိတဲ့ဉာဏ်၊ ကြောင်းကျိုးသိတဲ့ဉာဏ်၊ ဖြစ်ပျက်မြင်တဲ့ဉာဏ်တွေ ရအောင် အရှင်မြတ်ကြီးက မိခင်ကြီးကို ကျေးဇူးဆပ်နေပါတယ်။ တရားမသိသေးတာ သိအောင်၊ သဒ္ဓါတရားမရှိသေးတာ ရှိအောင်၊ သီလ မပြည့်စုံသေးတာ ပြည့်စုံအောင် အကောင်းဆုံး ကျေးဇူးဆပ်နည်းနဲ့ဆပ်နေခြင်း ဖြစ်ပါတယ်။

အရှင်မြတ်ကြီးဆိုတဲ့ ရဟန်းတော်ကို ဖူးမြင်ရ၊ ခန္ဓာဉာဏ် ရောက် သစ္စာတရား နာကြားရလို့ မင်္ဂလာတွေရှိနေတဲ့အချိန်မှာ အမေ သာရိပုဏ္ဏေးမကြီးသည် နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်ရင်း ခန္ဓာပေါ်ဉာဏ်ရောက်နေလိုက်တဲ့အခါ ဒိဋ္ဌိဝိစိကိစ္ဆာ အယူအစွဲတွေ ကင်းကွာပြီး အာရုံတက်ခါနီးလေးအချိန်မှာ သစ္စာလေးချက်ဆိုက်လို့ သောတာပန်အရိယာ ပုဂ္ဂိုလ်ကြီး ဖြစ်သွားပါတော့တယ်။ အကြောင်း မင်္ဂလာနှစ်ချက်ရှိနေတဲ့အတွက် တေမင်္ဂလမုတ္တမံဆိုတဲ့ အကျိုးမင်္ဂလာ ကြီးလည်း ဆိုက်ရောက်လာရခြင်း ဖြစ်ပါတယ်။

## ရတနာသုံးပါး တရားနဲ့ကျေးဇူးဆပ်ကြပါစို့

သာရိပုဏ္ဏေးမကြီးသည် သောတာပန် တည်ပြီးတဲ့နောက်မှာ ရင်ထဲအေးချမ်းသွားတယ်။ ရတနာသုံးပါးကလွဲလို့ အခြား ဘာမှ မကိုးကွယ်တော့ဘူး။ ရတနာမြတ်သုံးပါးကိုပဲ စိတ်ချယုံကြည်ပြတ်သား စွာနဲ့ ကိုးကွယ်သွားတော့တယ်။ သားကြီးရဲ့ ကျေးဇူးကြီးမားလိုက် တာလို့ ကျေကျေနပ်နပ်နဲ့ အရှင်မြတ်ကို ရှိခိုးဦးချလိုက်ပြီးတော့ အာရုံဆွမ်းကပ်ဖို့ရာအတွက် အခန်းထဲက ထွက်သွားတယ်။

အရှင်မြတ်ကြီးကလည်း ရောဂါဝေဒနာ နှိပ်စက်ခံနေရတဲ့ကြား က တရားဟောနေရတာမို့ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်လှပြီ။ မီးစာ ကုန် ဆီခန်းအချိန် ရောက်နေပြီပေါ့။ ရည်မှန်းထားတဲ့အတိုင်း အမေ မိစ္ဆာဒိဋ္ဌိအယူ စွန့်ခွာပြီး တရားထူးရသွားပြီဆိုတော့ အာယုသင်္ခါရ လွှတ်လိုက်ပြီတဲ့။ စိတ်ကို လျှော့ချလိုက်ပြီး ရှာန်အဆင့်ဆင့် အပြန် အလှန် ဝင်စားပြီးတဲ့နောက်မှာ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားခဲ့ပါပြီ။ နောက်ပါ သံဃာတော်များကလည်း အရိယာ ပုဂ္ဂိုလ်မြတ်များပီပီ မထေရ်မြတ်ကြီးရဲ့ အလောင်းတော်ကို ကြည့်ပြီး ငြိမ်သက်စွာ ဓမ္မ သံဝေဂယူးတော်မူနေကြတယ်။

သာရိပုတ္တရာမကြီးက ယာဂုဆန်ပြုတ်ကလေးရပြီဆိုတော့ ပန်းကန်လေးနဲ့ခပ်ပြီး အရှင်မြတ်ကြီးကိုကပ်ဖို့ ဝင်အလာ အရှင်မြတ်ကြီးက ခုတင်ပေါ်မှာငြိမ်သက်လို့ တပည့်သံဃာတွေကလည်း မျက်လွှာလေးတွေချ၊ ဓမ္မသံဝေဂပွားများတော်မူကြလို့။

ရဟန်းတစ်ပါးက "အမေ့သားကြီး ပရိနိဗ္ဗာန်စံသွားပြီ" လို့လည်းပြောလိုက်ရော လက်ထဲကဆန်ပြုတ်ပန်းကန် လွတ်ကျသွားတယ်။ "ဘာပြောတာလဲ ဘုရား" လို့ ထပ်မေးတော့ "ပရိနိဗ္ဗာန်စံတယ်ဆိုတာ သေပြီလို့ပြောတာ" ဆိုတော့မှ အမေကြီး ရှေ့နားတိုးလာပြီး အရှင်မြတ်ကြီးကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်တယ်။ ခြေထောက်ကလေးကို စမ်းကြည့်၊ လက်ကလေးကို ကိုင်ကြည့်၊ ကိုယ်လုံးကို လှုပ်ကြည့်နဲ့ မယုံနိုင်ဘဲဖြစ်နေရှာတယ်။ သားကြီး ရဟန်းပြုသွားတာ သိပါလျက်နဲ့ စောစောကတည်းက တရားမနာခဲ့ရကောင်းလား။ ရွှေငွေဥစ္စာများစွာ ရှိပါလျက်နဲ့ သားကြီးကို သင်္ကန်းလေးတစ်စုံ ဆွမ်းကလေးတစ်ထပ်မှ မကပ်ခဲ့ရပါလားလို့ နောင်တရနေရှာတယ်။

"တရားရေအေး အမြိုက်ဆေးနဲ့ တိုက်ကျွေးပါဦးလား သားကြီးရယ်" လို့ အရှင်မြတ်ရဲ့ ရုပ်ကလာပ်တော်ကို ကြည့်ပြီး ပူဆွေးနေရှာပါတယ်။ နောက်တော့ သံဃာတော်အရှင်မြတ်တွေရဲ့ ဖျောင့်ဖြနားချ တရားပြမှုကို လက်ခံပြီး ရုပ်ကလာပ်တော် မီးသင်္ဂြိုဟ်ဖို့ ပြင်ဆင်ကြပါတော့တယ်။ အရှင်မြတ်ကြီးရဲ့ ရုပ်ကလာပ်တော်ကို မွေးရာဇာတိ နာလန္ဒာမြို့မှာပဲ မီးသင်္ဂြိုဟ် ပူဇော်ကြပြီး ကျန်ရစ်တဲ့ ဓာတ်တော်တွေကို စေတီတော်တည်ထား ကိုးကွယ်ပါတယ်။ အရှင်သာရိပုတ္တရာ ဓာတ်တော်စေတီဟာ နာလန္ဒာမြို့က နာလန္ဒာတက္ကသိုလ်ကြီးထဲမှာ အထင်အရှားရှိနေဆဲပါ။ အခုချိန်ထိ ဗုဒ္ဓဂယာ ဘုရားဖူးပုဂ္ဂိုလ်တွေ အရှင်မြတ်ကြီးရဲ့ ဓာတုစေတီတော်ကို သွားရောက်ဦးခိုက် ပူဇော်လျက် ရှိနေကြပါတယ်။

အရှင်မြတ်ကြီးရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို သတိရပြီးတော့ ပန်းဆီမီး ဆွမ်းရေချမ်းတွေနဲ့ ပူဇော်တာထက် တရားဓမ္မနဲ့ ပူဇော်ကျေးဇူးဆပ်ကြရင် ပိုကောင်းပါတယ်။ ရတနာမြတ်သုံးပါးရဲ့ ကျေးဇူးကို ပစ္စည်းလေးပါးနဲ့ ဆပ်တဲ့အပြင် ခန္ဓာဉာဏ်ရောက် တရားအလုပ်နဲ့ ဖြစ်ပျက်မြင်မှန်းဆုံး သစ္စာလေးချက်လုံး သိမြင်အောင် အားထုတ် ကျေးဇူးဆပ်ကြဖို့လည်း လိုပါတယ်။

သစ္စာလေးပါးတရား သိမြင်ချင်တယ်ဆိုရင် ရဟန်းတော်သူမြတ်များနဲ့ တွေ့ဆုံဖူးမြင်ရမယ်။ ရဟန်းတော်များထံ တရားဓမ္မ ဆွေးနွေးမေးမြန်းရမယ်။ သမဏာနဥ္စဒဿနမင်္ဂလာ၊ ကာလေနဓမ္မသာကစ္ဆာမင်္ဂလာနှစ်ပါးနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်သည် နိဗ္ဗာန်ဆိုတဲ့ မင်္ဂလာကြီးကိုလည်း မုချပိုင်ပိုင် မလွဲမသွေရရှိကြတော့မှာပဲလို့ စိတ်ချလက်ချ ယုံကြည်ကြပြီး မင်္ဂလာတွေနဲ့ ပြည့်စုံအောင် အားထုတ်ကြဖို့ တိုက်တွန်းရပါတယ်။

ဒြိုးခြီဆွေတာ အောင်ကြောင်းဖြာ
မင်္ဂလာအမှတ် (၂၅)

## **သုံးခွဲပါ မဖြုန်းတီးပါနဲ့**

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ္တန်တရားတော်ကြီးထဲမှာ

**တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။**
**နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံမင်္ဂလမုတ္တမံ။**

ဂါထာတော်ကို မြန်မာလင်္ကာကဗျာ ဖွဲ့လိုက်တဲ့အခါ–

**လောကီအာရုံ ဖိမ်ယစ်မှုးလို့၊ ပျော်မကြူးနဲ့ ခြိုးခြံလေ။**
**မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံး ယွင်းမသွေ။**
**လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ။**
**ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ။**
**အဲဒါမှ ပုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

ကဗျာထဲမှာ ဆိုထားတဲ့အတိုင်း “လောကီအာရုံ ဖိမ်ယစ်မှုးလို့ ပျော်မကြူးနဲ့ ခြိုးခြံလေ” ဆိုတာ တပေါစမင်္ဂလာ ဖြစ်ပါတယ်။ အာရုံငါးပါး ကာမဂုဏ်တရားအပေါ်မှာ လွန်လွန်ကဲကဲ မလိုက်စားဘဲနဲ့ ခြိုးခြံချွေတာ စောင့်စည်းခြင်းဟာ မင်္ဂလာတစ်ပါးပါတဲ့။

လူဆိုတာ စားဖို့သုံးဖို့ အပင်ပန်းခံပြီးတော့ နေ့စဉ်နဲ့အမျှ ရှာဖွေထားရတဲ့ ပစ္စည်းဥစ္စာတွေကို စားလည်းစားရမှာပဲ။ သုံးလည်းသုံးရမှာပါပဲ။ ဒါပေမဲ့ ရှာလို့ရလာသမျှကို အရမ်းကာရော သုံးဖြုန်းမပစ်ဘဲနဲ့ သုံးသင့်သုံးထိုက်တာကို သုံးမယ်။ မသုံးသင့် မသုံးထိုက်တာကို မသုံးဘူး။ သွားသင့်သွားထိုက်တဲ့နေရာကို သွားမယ်။ မသွားသင့် မသွားထိုက်တဲ့နေရာကို မသွားဘူးလို့ ဝေဖန်ပိုင်းခြား စိစစ်သုံးစွဲတတ်ရပါတယ်။ စိတ်သွားရာကိုယ်ပါ ထိန်းချုပ်မှုမရှိဘဲနဲ့ ငါးဖြာအာရုံကာမဂုဏ်တရားတွေကို အလွန်အကျွံ မလိုက်စားရပါဘူး။ ခြိုးခြံချွေတာ သုံးစွဲဖို့လိုပါတယ်။ ဒါကြောင့် အာရုံငါးပါးမှာ ထိန်းချုပ်တာဟာ မင်္ဂလာတစ်ပါးလို့ ဆိုရတာပါ။

(၃၈) ပါး မင်္ဂလာတရားတော်မြတ်ကြီးကို ရှင်တော်ဘုရားဟောကြားတော်မူခဲ့တာ အကြောင်းမဲ့ မဟုတ်ပါဘူး။ အားလုံးသောဝေနေယျသတ္တဝါတွေ ငြိမ်းချမ်းရေးလမ်းကြောင်း အစစ်ပေါ် ရောက်နိုင်ကြပါစေ။ မင်္ဂလာအစစ်လမ်းကြောင်းပေါ် ရောက်နိုင်ကြပါစေ။ လမ်းကောင်းလမ်းမှန်ပေါ် ရောက်စေနိုင်တဲ့ အကျင့်မြတ်ကို ကျင့်နိုင်ကြပါစေဆိုတဲ့ အကြောင်းတရားတွေနဲ့ ဟောကြားခဲ့တာပါနော်။

"တပေါစ–လောကီအာရုံ ဖိမ်ယစ်မူးလို့ ပျော်မကြူးနဲ့ ခြိုးခြံလေ" ဆိုတာ (၃၈) ဖြာမင်္ဂလာတရားတော်မှာ အဝင်အပါဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးအစစ်၊ မင်္ဂလာအစစ်၊ လမ်းကောင်းလမ်းမှန် အကျင့်မြတ် ဖြစ်ပါတယ်။ ခြိုးခြံချွေတာခြင်းမင်္ဂလာကို လိုက်နာကျင့်သုံးတဲ့ ပုဂ္ဂိုလ်တွေမှန်သမျှ ငြိမ်းအေးချမ်းသော မင်္ဂလာအစစ်ကြီးကို ရရှိကြပြီးတော့ ကောင်းမြတ်တဲ့ ချမ်းသာသုခအကျိုးတရားကို ဧကန်မုချ ရရှိကြပါလိမ့်မယ်။

အာရုံငါးပါး ကာမဂုဏ်တရားနောက်ကိုသာ လိုက်နေကြမယ်ဆိုရင် လောကီဥစ္စာ ရွှေငွေရတနာတွေ ရရှိမည့်အခွင့်အရေးတွေလည်း

ဆုံးရှုံးနိုင်တယ်။ လောကုတ္တရာနာ သောတာပန်ဖြစ်မည့် အခွင့်အရေး လည်း ဒီဘဝမှာ ဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် ရသင့်ရထိုက်တဲ့ အခွင့် အရေးတွေ ဆုံးရှုံးမှုမရှိတဲ့ အပြည့်အဝရရှိကြရလေအောင် အဆင်း၊ အသံ၊ အနံ့၊ အရသာ တွေ့ထိစရာဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရား နောက်ကို ယစ်မူးအပျော်ကြူးလိုက်စားခြင်းမရှိဘဲ ခြိုးခြံချွေတာ ထိန်း ချုပ်ပြီးတော့နေတတ်ဖို့ အရေးကြီးလှပါတယ်။

## အကြောင်းတရားကောင်းများ ထိန်းသိမ်းထား

ဘုရားမြတ်စွာ အလောင်းတော်ပါရမီနုစဉ်ကာလမှာ ဗာရာဏသီ ဘုရင်ရဲ့ သားတော်တစ်ပါးဖြစ်ခဲ့ဖူးသတဲ့။ ဗာရာဏသီဘုရင်ကြီးမှာ သားတော်တွေ အများကြီးရှိတဲ့အထဲက ဘုရားအလောင်းတော်က အငယ်ဆုံးသားဆိုတော့ ရှင်ဘုရင်ဖြစ်ဖို့ မလွယ်ဘူး။ ဒါနဲ့ တစ်နေ့ မှာ နန်းတော်ကို ကြွလာတဲ့ ရှင်ပစ္စေကဗုဒ္ဓါတွေထဲက အကြီးဆုံး အရှင် မြတ်ကို "အရှင်ဘုရား တပည့်တော်မှာ ရှင်ဘုရင်အဖြစ်နဲ့ လောကီ မင်္ဂလာကို သည်ပိုးထမ်းရွက်နိုင်တဲ့ အကြောင်းများ ရှိပါသလား" လို့ လျှောက်ထား မေးမြန်းသတဲ့။

ရှင်ဘုရင်ဆိုတာ လွယ်လွယ်နဲ့ ဖြစ်နိုင်တာမဟုတ်ဘူးနော်။ ဘုရင့်သား ဘုရင်ဖြစ်တယ်ပြောပေမယ့် ခုလို သားတော်အငယ်ဆုံး ဖြစ်နေရင် ဘယ်နှယ့်လုပ်မလဲ။ အကြီးအကဲဖြစ်တယ်ဆိုတာ အလကား ဖြစ်တာ မဟုတ်ပါဘူး။ သူ့အကြောင်းတရားနဲ့ အတိတ်ကပြုခဲ့တဲ့ ဘုန်းကံအလျောက် ဖြစ်တယ်လို့ သဘောပေါက်ပါ။ အဲဒီလို နားလည် ထားမှသာ ဣဿာမစ္ဆရိယတွေ ပူလောင်မှုတွေ နည်းပါးလာလိမ့်မည်။

သမိုင်းကိုပြန်ကြည့်ရင် ညီရင်းအစ်ကိုတွေ သတ်ဖြတ်ပြီးတော့ ရှင်ဘုရင်လုပ်သွားကြတာ ရှိပါတယ်။ ဥပမာ အသောကမင်းဆိုရင်

လည်း ညီအစ်ကို ၉၉ ယောက်ကို ရှင်းလင်းပစ်ပြီးမှ ဘုရင်လုပ်ခဲ့တာပါပဲ။ သို့ပေမဲ့ အဲဒီလို လုပ်ကြံတိုင်းလည်း ဘုရင်ဖြစ်ကြတာချည်းတော့ မဟုတ်ပါဘူး။ ရှင်ဘုရင်ဖြစ်ထိုက်တဲ့ အကြောင်းတရား၊ ရှင်ဘုရင်ဖြစ်ထိုက်တဲ့ ပါရမီမျိုးစေ့ ဘုန်းကံပါခဲ့မှသာ ဖြစ်ရတယ်လို့ သဘောပေါက်ပါ။

အကြီးအကဲဖြစ်ရတယ်။ ရှင်ဘုရင့်စည်းစိမ် ခံစားရတယ်။ အထက်တန်းကျကျ မျက်နှာပန်းလှလှနဲ့ ဖြစ်ရတယ်ဆိုတာ အကြောင်းတရားက သူတို့မှာ ရှိခဲ့ပြီးသားပါ။ ကောင်းမြတ်တဲ့ အကြောင်းတရားဆက်လက်ထိန်းသိမ်းထားဖို့ တာဝန်ရှိပါတယ်။ အကြောင်းတရားရှိပါလျက်နဲ့ မထိန်းသိမ်းနိုင်ဘဲ တူးဖြို ဖျက်ဆီးပစ်လိုက်မယ်ဆိုရင် သူ့လောက်မိုက်တာ လောကမှာ မရှိတော့ပါဘူး။

ကောင်းမြတ်တဲ့ အကြောင်းတရားကို ဆက်လက် ထိန်းသိမ်းထားနိုင်ဖို့ ရှင်တော်မြတ်ဗုဒ္ဓရဲ့ ဩဝါဒတော်များ ရင်ထဲ နှလုံးသားထဲမှာ ကိန်းဝပ်ပြီးတော့ လက်တွေ့ကျင့်သုံးရပါမယ်။ အဲဒီလို ကျင့်သုံးမှ မူလရှိပြီးသား အကြောင်းတရားတွေ အားကောင်းလာပြီး ပိုလို့တိုးတက်ရင့်ကျက်လာပါလိမ့်မယ်။

ဘုရားအလောင်းမင်းသားက ဘုရင်ဖြစ်ထိုက်တဲ့ကံ ပါမပါ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးကို လျှောက်ထားတော့ "ဖြစ်တော့ဖြစ်မယ် ဗာရာဏသီမှာတော့ မဟုတ်ဘူး။ တခြားအရပ်မှာ ဖြစ်လိမ့်မယ်" လို့ မိန့်ကြားတယ်။ မင်းသားက "အပြည့်အစုံ ရှင်းလင်းမိန့်ကြားတော်မူပါဘုရား" လျှောက်တော့ "မင်းသား ဘုရင်ဖြစ်ခွင့်ရှိတဲ့အရပ်က ဒီဗာရာဏသီပြည်ကနေ ယူဇနာ (၁၈၀) အကွာမှာရှိတဲ့ တက္ကသိုလ်ပြည်ပဲကွဲ့။ တက္ကသိုလ်မရောက်ခင် တောအုပ်တစ်ခုမှာ ဘီလူးတွေကျက်စားကြီးစိုးနေတယ်။ အင်မတန် ကြမ်းတမ်းရက်စက် သောင်း

ကျန်းတဲ့ ဘီလူးတွေ လူညံ့စားဉာဏ်များတဲ့ ဘီလူးတွေမို့လို့ ဒီတော အုပ်ထဲဝင်မိရင် အသက်ရှင်ရက်နဲ့ အပြင်ကိုထွက်လာနိုင်တဲ့သူ ခပ်ရှားရှားပဲ။ တောအုပ်က ယူဇနာ ၅၀ ကျယ်ဝန်းတယ်။ တကယ်လို့ တောအုပ်ကို ရှောင်ကွင်းပြီးသွားရင်တော့ ယူဇနာတစ်ရာလမ်းလျှောက်ရလိမ့်မယ်" လို့ ရှင်းပြတော်မူပါသတဲ့။

"သင်မင်းသားဟာ ဘုရင်ဖြစ်ထိုက်တဲ့ ဘုန်းကံပါရမီအကြောင်းတရားတွေ ရှိနေတာမို့ တောအုပ်ကို သတိထား ကျော်ဖြတ်နိုင်မှာပါ။ တောအုပ်ကို ကျော်လွှန်နိုင်ပြီဆိုရင် တက္ကသိုလ်ပြည်ကို ရောက်ပြီး ရှင်ဘုရင်ဖြစ်ပြီလို့သာ မှတ်ပေတော့" လို့ မိန့်တော်မူလိုက်ပါသေးတယ်။

## ပြဿဒါး ရက်ရာဇာ ဘာမှမတက်နိုင်ပါ

ဘုရားအလောင်းမင်းသားလည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်ရဲ့ မိန့်မှာချက်စကားကို ကြားသိရတော့ ဝမ်းသာအားတက် ရွှင်လန်းစွာနဲ့ "မနက်ဖြန် အရှင်ဘုရားများ တပည့်တော်အိမ်ကို ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား။ တပည့်တော် ဆွမ်းလုပ်ကျွေးပါရစေ" လို့ လျှောက်ထားလိုက်တယ်။

မင်းသားက ဘုရားအလောင်းပီပီ ပါရမီဘုန်းကံကြီးတဲ့ပုဂ္ဂိုလ်ဖြစ်တော့ ဘုရင်ဖြစ်ဖို့ အကြောင်းရှိမှန်းသိတာနဲ့ ဘယ်လောက်ပဲ အန္တရာယ်ကြီးမားပါစေ စွန့်စားသွားရောက်မယ်လို့ သန္နိဋ္ဌာန်ချထားလိုက်ပါပြီ။ ဒါကြောင့် သေချာပေါက်သွားတော့မည့် ခရီးမှာ အန္တရာယ်ကင်းပါစေခြင်းအကျိုးငှာ ကောင်းမှုကုသိုလ်တစ်ခုအနေနဲ့ အရှင်ပစ္စေကဗုဒ္ဓများကို ဆွမ်းကပ်ဖို့ ပင့်လျှောက်ထားလိုက်တာ ဖြစ်ပါတယ်။

နောက်တစ်ရက် မနက်ကျတော့ ကြွတော်မူလာကြတဲ့ အရှင်

မြတ်တွေကို ကိုယ်တိုင် ခြေဆေးပေးတယ်။ ခြေသုတ်ပေးတယ်။ ပြီးတော့မှ ကျကျနန ခင်းကျင်းထားတဲ့နေရာမှာ သီတင်းသုံးစေပြီးတော့ ရိုရိုသေသေ ဆွမ်းကပ်တယ်။ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သရဏဂုံ သီလခံယူပြီးတော့ ပရိတ်တရားနာပြီး ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတွေ ဆောင်ထားသတဲ့။

ပရိတ္တဆိုတာ အရံအတား အန္တရာယ်အပေါင်းကို တားမြစ်နိုင်တဲ့ အစွမ်းရှိလို့ ပရိတ်လို့ခေါ်တာ။ ပရိတ်ရေ၊ ပရိတ်ချည်တွေကို ဆောင်ထားရင် နာနာဘာဝ ဝိနာဘာဝဆိုတဲ့ သရဲတစ္ဆေ မြေဘုတ် ဘီလူး နတ်မိစ္ဆာတွေရဲ့ ဝင်ပူးသက်ရောက်ဖမ်းစားခြင်းကို ကာကွယ်ပေးတယ်။

ခရီးထွက်ခါနီးမှာ မိဘတွေ ကန်တော့၊ သွားရမည့်အရပ်ဒေသကို မှန်းဆပြီး မေတ္တာပို့တယ်တဲ့။ ဒီလိုပဲ ခရီးတစ်ခုသွားခါနီးမှာ ရတနာမြတ်သုံးပါး၊ မိဘဆရာသမားတွေကို ရိုရိုသေသေ လေးလေးစားစား ဦးချကန်တော့၊ မေတ္တာပို့ပြီးမှသွားရင် ရက်ရာဇာ ပြဿဒါး ရွေးစရာမလိုပါဘူး။ လုပ်စရာရှိတဲ့ ကုသိုလ်ဘာဝနာပွား၊ မေတ္တာပို့၊ လူကြီးမိဘတွေရဲ့ မေတ္တာကို ခံယူပြီးသာ သွားပါ။

ကောင်းကျိုး၊ မကောင်းကျိုးပေးတယ်ဆိုတာက မိမိပြုလုပ်ထားတဲ့ ကောင်းကံ၊ မကောင်းကံပေါ်မှာပဲ မူတည်ပါတယ်။ လူသာပဓာနဆိုတဲ့အတိုင်း ကိုယ်ပြုလုပ်ခဲ့တဲ့ ကံအကြောင်းတရားပေါ်မှာပဲ မူတည်ပါတယ်။ ရက်ရာဇာ၊ ပြဿဒါးဆိုတာက သမုတိသစ္စာနယ်ထဲက သမုတ်ထားတဲ့အရာ။ သက်မဲ့ အဝိဉာဏကတွေဖြစ်လို့ ဘာမှလုပ်မပေးနိုင်ပါဘူး။ ရက်ရာဇာက သံပရာသီးကို ချိုအောင်လုပ်မပေးနိုင်ဘူး။ ပြဿဒါးနေ့မှာ ထန်းလျက်စားလို့ ချဉ်သွားတယ်လို့ မရှိပါဘူး။ ချိုတဲ့အမျိုးက ချိုမှာပဲ။ ချဉ်တဲ့အမျိုးက ချဉ်မှာပါပဲ။

## အမိုအလှုပ်တွေနဲ့ ရင်မောမနေကြစေနဲ့

မင်္ဂလာဆောင်တဲ့ ဇနီးမောင်နှံတိုင်း ရက်ကောင်းရက်မြတ်ရွေးပြီး ဆောင်ကြတာပဲ။ တရုတ်ကလည်း တရုတ်နည်းနဲ့ရွေးတာ၊ ကုလားကလည်း ကုလားနည်းနဲ့ရွေးကြတာပဲ။ ရာသက်ပန် အိုအောင်မင်းအောင် ပေါင်းရအောင်လို့တဲ့။ အကုန်လုံး ရက်ရွေးပြီးမှ ဆောင်ကြတာချည်းပဲ။ တစ်သက်လုံး မပေါင်းရဘဲ စလယ်ဝင်အိုး ဖင်မမဲခင် ကွဲသွားကြတာ မရှိဘူးလား။

မင်္ဂလာဆောင်တယ်ဆိုတာ လင့်ဝတ္တရား၊ မယားဝတ္တရားတွေ နှလုံးသားထဲမှာ ဆောင်ထားဖို့က အဓိကပဲ။ ဒါဆို မင်္ဂလာရှိနေပြီ။ ကောင်းတာလုပ်ထားတော့ ကောင်းတဲ့အကျိုးပေးမှာပေါ့။ တချို့က ကုဋေမျှော်ပြီး မင်္ဂလာဆောင်ကို ခမ်းခမ်းနားနားလုပ်တယ်။ ကုန်တာက သိန်းနှစ်ဆယ် ရတာက ငါးသိန်း။ တကယ်ဆို သဃာငါးပါး လောက်ပင့် ဆွမ်းကပ်ပြီး ရပ်မိရပ်ဖတွေခေါ်လို့ အသိအမှတ်ပြုလိုက်ရင်ပြီးရော။ ငြိုးငြင်ရမည့်အရာ၊ မငြိုးငြင်ခဲ့တော့ လုပ်စားဖို့ အရင်းအနှီးက ဘယ်ကရမှာတဲ့လဲ။

အိမ်ဆောက်ပြီဆိုတော့လည်း နဂါးအမြီးလှည့်ရတာနဲ့ ခေါင်းလှည့်ရတာနဲ့။ ဟိုအသား မတော်ရတာနဲ့ ဒီအသား မကောင်းရတာနဲ့။ ကံထရိုက်တိုက်တွေ ဘယ်နှယ့်လုပ်မလဲ။ ဘာမှမရွေးတဲ့ တရုတ်တွေ၊ ကုလားတွေ တိုက်တစ်လုံးပြီးတစ်လုံး ပိုင်နေတဲ့အချိန်မှာ ဗမာက တဲပေါ်ကကို မတက်နိုင်ဘဲဖြစ်နေတယ်။ လှေကားကို အချိန်ရွေးပြီး ထူတဲ့အိမ်တိုင်း စီးပွားတက်သတဲ့လား။

လင်ဖြစ်သူက သောက်စားပျော်ပါး၊ မယားက အိမ်လည် အတင်းလှည့်ပြော။ လင့်ဝတ္တရား၊ မယားဝတ္တရား မညီရင် စီးပွားရေး မတိုးတက်နိုင်ပါဘူး။ မတော်လောဘနဲ့ အာရုံငါးပါး ကာမဂုဏ်

တရားတွေနောက်လိုက်နေတာရယ်။ အတွေးအခေါ် အယူအဆ မမှန်ကန်တာရယ်ကြောင့် လောကီမင်္ဂလာလည်း ဆုံးရှုံး လောကုတ္တရာမင်္ဂလာလည်း ဆုံးရှုံးနေကြရတယ်။

ဘုရားအလောင်း ခရီးထွက်ခါနီး ဘုရားရှိခိုး ပရိတ်တရားနာ ပရိတ်ရေ ပရိတ်ချည်တွေ ယူသွားတာက သီလ သမာဓိနဲ့ ပြည့်စုံတော်မူကြတဲ့ အရှင်ကောင်း အရှင်မြတ်ကြီးတွေရဲ့ ရွှေနှုတ်တော်ထွက် ပရိတ်တော်မို့လို့ နာနာဘာဝ ဝိနာဘာဝ အန္တရာယ်က ကာကွယ်ပေးနိုင်ပါတယ်။ ခရီးထွက်တဲ့အခါ ရက်ရာဇာပြဿဒါး ရွေးတာထက် ရတနာမြတ်သုံးပါး မိဘဆရာသမားတွေကို ရိုရိုသေသေ ကန်တော့၊ မိဘဆီက မေတ္တာခံယူပြီး ကိုယ်တိုင်ကလည်း မေတ္တာတရား၊ သတိသမ္ပဇဉ်တရားတွေ လက်ကိုင်ထားဖို့က ပိုအရေးကြီးပါတယ်။ ကောင်းသောအပြုအမူ၊ ကောင်းသော အပြောအဆို၊ ကောင်းသော အတွေးအကြံလေးတွေနဲ့သွားရင် အန္တရာယ်က လာပါဆိုလို့တောင် မလာပါဘူး။

ဗုဒ္ဓဘာသာဝင်မှန်ရင် အကြောင်းအကျိုးကို လက်ခံယုံကြည်ရပါတယ်။ ဗုဒ္ဓဘာသာဝင်ဟုတ်မဟုတ်၊ မင်္ဂလာဆောင်တဲ့အခါ အိမ်ဆောက်တဲ့အခါ ခရီးထွက်တဲ့အခါ အကဲခတ်ကြည့်ပါ။ ဗေဒင်ယတြာ နတ်ကိုးကွယ်တဲ့ အပိုအလုပ်တွေနဲ့ ရင်မောပြီး မွဲနေကြတယ်ဆိုရင် ဗုဒ္ဓဘာသာဝင် အစစ်မဟုတ်ဘူးလို့ ဆုံးဖြတ်ပါ။

## ရူပါရုံမက်လို့ အခက်ကြုံရသူ

ဘုရားအလောင်းမင်းသား တက္ကသိုလ်ပြည်ကို ခရီးထွက်တော့မယ်ဆိုတော့ အပေါင်းအသင်းဖြစ်တဲ့ လူငယ်ငါးယောက်ကလည်း အတူလိုက်ချင်တယ်တဲ့။ ဘယ်လိုမှ တားမရတာနဲ့ "ငါ့နောက်လိုက်ရင် ငါ့စကား နားထောင်ရမယ်" လို့ ကတိတောင်းပြီးတော့ ခေါ်

F-5B

သွားတယ်။ မြန်မြန်ရောက်အောင် ခရီးကိုတဲ့ တောအုပ်ထဲကနေ ဖြတ်သွားကြတယ်။

တောအုပ်ထဲရောက်တော့ ဘီလူးမတွေက ရုပ်ရည်ချောချောလှလှလေးတွေ ဖန်ဆင်းထားနှင့်ကြတယ်။ သူတို့ထဲက တစ်ယောက်က ဘီလူးမတွေ မြင်တော့ သဘောကျနေပြီ။ ဘုရားအလောင်းမင်းသားက "ဒါ ဘီလူးမတွေ အဆင်းရုပ်ရည်နဲ့ ဖြားယောင်းနေတာပဲ။ သတိလက်မလွှတ်ကြနဲ့ မာယာကြော့ကွင်းထဲ မဝင်မိစေနဲ့" လို့ ပြောတယ်။ "နဖူးကမောက်၊ နှာရောင်ကကောက်၊ မျက်ထောက်ကနီ၊ ဖနောင့်ကလည်း တိုနေတယ်။ မျက်တောင်လည်းမခတ်၊ အရိပ်လည်းမထွက်ဘူး။ ကေန္တ ဘီလူးမတွေပဲ" လို့ သတိပေးပါတယ်။ ဒါပေမဲ့ ရုပ်ရည်မှာ စွဲလမ်းတပ်မက်တဲ့ တစ်ယောက်ကတော့ ဘီလူးမတွေနဲ့ ကျန်ရစ်ခဲ့တာပါပဲ။

ကျန်နေရစ်တဲ့လူဟာ "စက္ခုရူပေနသံဝါသာ ရာဂပုတ္တံ ဝိဇာယတိ" ဆိုတဲ့အတိုင်း မျက်လုံးအကြည်ဓာတ်နဲ့ ရုပ်ရည်အဆင်းနဲ့တွေ့လို့ မြင်စိတ်ပေါ်တဲ့အခါ အဲဒီရုပ်ရည်ကို ခံစားတဲ့တဏှာ၊ မမြင်ရမနေနိုင် စွဲလန်းတဲ့ဥပါဒါန်၊ အဲဒီအာရုံကို ခံစားချင်လို့ ပျော်ပျော်ပါးပါးနဲ့ နောက်ချန်နေလိုက်တာက "ဖဿပစ္စယာဝေဒနာ" ဖြစ်သွားပြီ။

အဆင်းအာရုံမက်ပြီးနေခဲ့တော့ ဟိုလူတွေ ထွက်သွားတာနဲ့ ဘီလူးမ ဇာတိရုပ်ပေါ်လာပြီး စားပစ်လိုက်တာပဲ။ အဆင်းအာရုံမက်ပြီး လိုက်စားခဲ့တဲ့အတွက် သေခြင်းဆိုးနဲ့ သေရပြီ။ တကယ်လို့ အဆင်းအာရုံနောက်ကို မလိုက်စားဘဲ ဘုရားအလောင်းနောက်ကို လိုက်ခဲ့ရင် အမတ်ကြီးလည်း ဖြစ်နိုင်တယ်။ ဝန်ကြီးလည်း ဖြစ်နိုင်တယ်။ ခုတော့ အဆင်းအာရုံ လိုက်စားမိလို့ လောကီမင်္ဂလာလည်း ဆုံးရှုံး၊ လောကုတ္တရာမင်္ဂလာလည်းဆုံးရှုံး လူလုံးမလှ ဖြစ်ရပါတော့တယ်။

# အမျော်ကြူးတော သည်းခံပါ

မင်းသားနဲ့ ကျန်တဲ့လေးယောက် ခရီးဆက်ကြတဲ့အခါ တစ်နေရာရောက်တော့ ဘီလူးမတွေက အတီးအမှုတ် အကအခုန် သာယာနာပျော်ဖွယ်အသံ သဒ္ဒါရုံတွေ ဖန်တီးထားကြတယ်။ မင်းသားကလည်း အရင်ကလို သူ့လူတွေကို သတိပေးတာပါပဲ။ ဒါပေမဲ့ သဒ္ဒါရုံကို သဘောကျတဲ့ သောတသမားတစ်ယောက်ကတော့ ကျန်ရစ်ပြန်တာပဲ။

တချို့က သီချင်းသံ သာယာတဲ့အသံ ကြားရရင် မနေနိုင်ကြဘူးလေ။ ခဏနေတော့ အသံကြိုက်တဲ့လူ ဘီလူးမတွေ စားပစ်တာ ခံရတာပဲ။ အဲဒီလိုပဲ အမွှေးအကြိုင် အနံ့ကောင်းကောင်း ကြိုက်တဲ့လူအတွက် ပန်းနံ့သာ ဂန္ဓာရုံတွေ ဖန်တီးပေးထားတော့ ကျန်ရစ်ပြန်ရော။ အစားကောင်း အသောက်ကောင်းတွေ ကြိုက်တဲ့လူအတွက် စားပွဲသောက်ပွဲတွေနဲ့ ခေါ်ထားလိုက်ပြန်ရော။ အတွေ့အထိကောင်း ကြိုက်တဲ့လူကို ဖောဋ္ဌဗ္ဗာရုံနဲ့ မြူဆွယ်လိုက်ပြန်ရော။

ဘုရားအလောင်းမင်းသားကို စောင့်ရှောက်မယ်ဆိုပြီး လိုက်လာကြတဲ့သူတွေ သူတို့ကိုယ်သူတို့တောင် မစောင့်ရှောက်နိုင်တော့ဘဲနဲ့ အာရုံနောက် လိုက်စားမိခဲ့လို့ ငါးယောက်လုံး ဘီလူးမတွေစားတာ ခံလိုက်ကြရတယ်။ အာရုံငါးပါး ကာမဂုဏ်တရားတွေနောက်လိုက်ရင် လောကီမင်္ဂလာလည်း ဆုံးရှုံးတာပဲ။ တကယ်လို့ ဘုရားအလောင်းနဲ့ အတူ တက္ကသိုလ်ပြည်ရောက်အောင် ပါလာခဲ့ရင် သူတို့တစ်တွေဟာ စစ်သူကြီးတွေ အမတ်ကြီးတွေ သေချာပေါက် ဖြစ်ကြရမှာနော်။

ပုထုဇဉ်သဘာဝ လှပတဲ့ အဆင်းအာရုံမြင်ရင် ကြည့်မိကြမှာပဲ။ အသံကောင်းကောင်းကြားရင် နားထောင်ချင်မှာပဲ။ အနံ့လေးမွှေးရင် ရှူရှိုက်ချင်မှာပဲ။ မြင်တဲ့အခါ ပေါ်လာတဲ့ မြင်စိတ်ကလေးကို မရှုမိရင်တောင်မှ လိုချင်စွဲလမ်းတပ်မက်ချင်တဲ့ စိတ်ကလေးကိုတော့ ရှုဖြစ်အောင် ရှုကြရမယ်။

လိုချင်တဲ့စိတ်ကလေးကို ငါ လိုချင်နေပါလား။ မကောင်းတဲ့ အကုသိုလ်လောဘစိတ် ဖြစ်နေပါလား။ ဒါ မသင့်လျော်ပါလားလို့ သိလိုက်တာနဲ့ လောဘစိတ်ကဖြစ်ပျက်၊ သိတဲ့ဉာဏ်ကမဂ်၊ ဖြစ်ပျက် ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ မပျော်ရမနေနိုင်ဆိုတဲ့ ဥပါဒါန်၊ ပျော်အောင် ကံမြောက်အောင်လုပ်ဦးမယ်ဆိုတဲ့ ကံ။ အဲဒီ ဥပါဒါန် ကံတွေချုပ်တာက သမုဒယသစ္စာ သေသွားတယ်။

မြင်တဲ့စိတ်ကလေး ရှုနိုင်ရင်ရှု၊ မရှုနိုင်ရင် မြင်မှုရဲ့ လောဘ စိတ်ကိုရှု၊ ကြားမှုကြောင့်ဖြစ်တဲ့ လောဘစိတ်ကိုရှု။ လောဘအလို အပိုလိုက်တဲ့ တဏှာလောဘစိတ်ကို ရှုရတယ်။ ဖြစ်ပျက်ကိုမြင်ပြီး အသိ၊ သတိလေးနဲ့ ပညာပါသွားတဲ့ပုဂ္ဂိုလ်ဟာ ဥပါဒါန်ကံတွေ ချုပ် သွားတယ်။ ဒီလိုချုပ်အောင် ဉာဏ်လိုက်ပေးရပါတယ်။

ဥပါဒါန်ကံချုပ်လို့ သမုဒယသစ္စာ သေသွားရင် သောက ပရိ ဒေဝ ဒုက္ခ ဒေါမနဿတွေ မလာတော့ဘူး။ ဒီတရားတွေနဲ့ အရှင် လတ်လတ်သေရတဲ့ဘဝ မဖြစ်တော့ဘူး။ HIV, AIDS ဖြစ်မှ ဘဝ သေတာ မဟုတ်ဘူး။ သီလကျိုးရင် စာရိတ္တပျက်ရင်လည်း ဘဝသေ တာပါပဲ။ ဘဝမသေချင်ဘူးဆိုရင် အာရုံနောက်မလိုက်ဘဲ အပျော် ကြူးတာ သည်းခံပြီးတော့ ထိန်းထိန်းသိမ်းသိမ်း နေခဲ့ကြဖို့ပါ။

## အာရုံထိန်းချုပ် သည်းခံခြင်းအကျိုး

ပါလာတဲ့အဖော်တွေ တစ်ယောက်မှ မကျန်တော့ပေမယ့် ဘုရား အလောင်းမင်းသားကတော့ သူ့ပန်းတိုင်ဖြစ်တဲ့ တက္ကသိုလ်ပြည်ကို မရောက်ရောက်အောင် သွားနေတယ်။ ဘီလူးမတစ်ကောင်ကလည်း စားရမလား၊ မျှော်လင့်ချက်နဲ့ ဘုရားအလောင်းနောက်ကနေ တကောက် ကောက်လိုက်နေသတဲ့။ ဒါပေမဲ့ ဘုရားအလောင်းမှာ ပရိတ်ချည် အရံအတားတွေ ရှိနေတော့ အနားလည်း ကပ်ရဲတာမဟုတ်ဘူး။

ဒါနဲ့ တက္ကသိုလ်ပြည်ရောက်သွားတော့ မိန်းမလှလှတစ်ယောက်က ခပ်လှမ်းလှမ်းကနေ လိုက်လာတာ မြင်ရတဲ့သူတွေက စိတ်ဝင်စားလို့ ကြည့်ကြတာပေါ့။ အဲဒီတော့ ဘီလူးမက "ကျွန်မယောကျ်ားကျွန်မကို စိတ်ဆိုးနေလို့ အနားအကပ်မခံတာပါ" လို့ ပြောသတဲ့။ ဘုရားအလောင်းက "အဲဒါ လူအစစ် မဟုတ်ဘူး ဘီလူးမ" လို့ ပြောပေမယ့် လူတွေက "စိတ်ဆိုးလို့ပြောတာပဲ" ထင်ကြတယ်။ ဘုရားအလောင်းမင်းသားကိုပဲ "ဒီလောက်လှတဲ့ မိန်းကလေး ပစ်ထားရပါ့မလား" လို့ အပြစ်တင်ကြသတဲ့။

တက္ကသိုလ်ပြည် နန်းတော်နားကိုရောက်လာတော့ မင်းသားက ဇရပ်တစ်ဆောင်ထဲမှာ ဝင်နားတယ်။ ဘီလူးမက ဇရပ်ပေါ်တက်မနားရဲတဲ့အတွက် အောက်နားမှာပဲ ရပ်နေသတဲ့။ အဲဒီအချိန်မှာ တက္ကသိုလ်ပြည်ဘုရင်က တိုင်းခန်းလှည့်လာရင်း ဘီလူးမကိုမြင်တော့ သဘောကျသွားတယ်။ လင်သားရှိ၊ မရှိ မေးခိုင်းတော့ ဘီလူးမက ဇရပ်ပေါ်ကလူဟာ သူ့ယောကျ်ားပါ" ပြောတာနဲ့ မင်းသားကို ဆက်မေးပြန်တယ်။ မင်းသားက "မဟုတ်ပါဘူး၊ သူဟာ ဘီလူးမပါ" လို့ ပြောတော့ ဘုရင်က လက်မခံဘူး။ ဒါနဲ့ လူယောင်ဆောင်တဲ့ ဘီလူးမနန်းတော်ထဲ ပါသွားပြီပေါ့။

ပိုင်ရှင်မရှိရင် မင်းဘဏ္ဍာပဲဆိုပြီး ဘီလူးမကို ဘုရင်က မိဖုရားမြှောက်လိုက်တယ်။ ဘီလူးမက မိဖုရားလည်းဖြစ်ရော နန်းတော်ထဲကို အချိန်မရွေး ဝင်ထွက်ခွင့်တောင်းတော့တာပဲ။ ညရောက်ပြီဆိုတာနဲ့ နန်းတော်တစ်ခုလုံး အိပ်မွေ့ချထားပြီး အကုန်အိပ်ပျော်နေကြချိန် နန်းတော်တံခါးကိုဖွင့်ပြီး သူ့ဆွေမျိုး ဘီလူးတွေ အကုန်ခေါ်သွင်းတယ်။ ဘီလူးတွေက နန်းတော်ထဲမှာရှိတဲ့ မင်းသမီး မင်းသား မိဖုရား ရှိသမျှအကုန်စားပစ်လိုက်တာ မနက်မိုးလင်းလို့ မှူးကြီးမတ်ကြီးတွေ ရောက်လာချိန်မှာ အရိုးတွေချည်းပဲ ကျန်တော့သတဲ့။

အဲဒီမှာ အမတ်ကြီးတွေက "မနေ့တုန်းက ဟိုလူ သေသေချာချာပြောလိုက်ရက်နဲ့ ဘီလူးမကို ဘုရင်က မယုံဘူး။ ခုတော့ အကုန် ဒုက္ခရောက်ကုန်ပြီ။ ဇရပ်ပေါ်ကလူဟာ ပညာရှိပဲ။ သူ့ကို ဘုရင်မြှောက်ကြစို့" လို့ တိုင်ပင်ကြပြီးတော့ ဘုရားအလောင်းကို တက္ကသိုလ်ပြည်ရဲ့ ရှင်ဘုရင်အဖြစ် မြှောက်တင်ကြတယ်။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ထိန်းချုပ်နိုင်တဲ့ ဘုရားအလောင်းမင်းသားဟာ နောက်ဆုံးတော့ ရှင်ဘုရင်ဖြစ်ရတယ်။

အာရုံငါးပါး မလိုက်စားဘဲနဲ့ ထိန်းချုပ်လိုက်နိုင်တဲ့အတွက် လောကီမင်္ဂလာ ဥစ္စာရတနာဖြစ်တဲ့ မင်းစည်းစိမ်ကို ရရှိခဲ့ပါတယ်။ အာရုံငါးပါးကို ဖိမ်ယစ်မှုး အပျော်ကျူးခြင်းမရှိဘဲနဲ့ ထိန်းချုပ်သည်းခံတဲ့သူဟာ ဘုရားအလောင်း မင်းသားလိုပဲ မြင့်မြတ်ကြီးကျယ်တဲ့ လောကီမင်္ဂလာများ ရရှိနိုင်သလို ခန္ဓာဉာဏ်ရောက် သစ္စာတရားရှုပွားကြမယ်ဆိုရင်လည်း လောကုတ္တရာ မင်္ဂလာနိဗ္ဗာန်ကြီးကို ဧကန်မုချ ရရှိကြမှာ အမှန်ပါပဲ။

မအားလပ်လို့ တရားအားမထုတ်နိုင်ဘူးဆိုတာ လူပျင်းတွေရဲ့ လက်သုံးစကားမျှသာပါ။ ရတဲ့အချိန်လေးကို အကြောင်းပြရိုးမယ်ဖွဲ့စကားတွေနဲ့ ကုန်ဆုံးမသွားစေဘဲနဲ့ အလုပ်လုပ်ကြစေချင်ပါတယ်။ ကျန်နေတဲ့ သက်တမ်းတိုတိုလေးမှာ ခပ်ခိုခိုလုပ်မနေကြဘဲနဲ့ အာရုံကို ချုပ်တီး ကိုယ့်အလုပ်ကို တန်ဖိုးထားအချိန်ကို ဝီရိယနဲ့ တစ်ပြေးညီ ကြိုးစားအားထုတ်လိုက်ကြရင် လောကီမင်္ဂလာနဲ့အတူ သောတာပန်တည် နိဗ္ဗာန်မင်္ဂလာကြီးကိုလည်း ရနိုင်ပါတယ်လို့ ဘုရားအလောင်းမင်းသားက သက်သေပြသွားခဲ့တာ ဖြစ်ပါတယ်။

# မြတ်သောကျင့်စဉ် နိဗ္ဗာန်မြင်

## မင်္ဂလာအမှတ် (၂၆)

## လောကချမ်းသာ ကျင့်လေးဖြာ

လောကလူသားတွေဟာ အရွယ်ရောက်လာတာနဲ့ တစ်ပြိုင်နက်ရာထူးဂုဏ်သိရ်ဥစ္စာအာဏာ ရရှိရေးအတွက် နေဝင်မိုးချုပ်အထိ တစ်နေကုန် တစ်နေခန်း ကြံစည်လုပ်ကိုင်ရင်း အချိန်ကုန်နေကြရတာများတယ်နော်။ ရရှိလာတဲ့ ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာ အာဏာပါဝါဆိုတာတွေကလည်း ဘယ်လောက်ပဲ ကြီးကျယ်များပြားနေပါစေ တစ်ချိန်ချိန်မှာ သူက ကိုယ့်ကို ခွဲရင်ခွဲ၊ မခွဲရင် ကိုယ်က သူ့ကို ခွဲရတာချည်းပါပဲ။

"ပစ္စည်းနဲ့လူ၊ ထိုနှစ်မူ၊ စွန့်သူစွန့်ခံ၊ အပြန်အလှန်။ သူကနိုင်လား၊ ကိုယ်နိုင်လား၊ ခွဲခြားဝေဖန်၊ သိကြရန်" ဆိုတဲ့အတိုင်းပေါ့။ စွန်းသွားရမည့် အစွန့်ပစ်ခံရမည့် အရာဝတ္ထုတွေကို အကြောင်းပြုပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မခေါ်နိုင် မပြောနိုင် မာန်မာနတွေ တလှိုင်လှိုင်ဖြစ်နေကြတယ်။

တကယ်တော့ အဲဒီဥစ္စာ ဂုဏ်သိရ်ဆိုတာတွေကို ရရှိလာတဲ့အခါမှာပဲဖြစ်ဖြစ်၊ ရှာဖွေစုဆောင်းနေကြတဲ့ အချိန်မှာပဲဖြစ်ဖြစ် လက်ကိုင်ထားရမှာက မာန်မာန လောဘဒေါသ စတဲ့ တရားတွေ မဟုတ်

ပါဘူး။ ဗြဟ္မစိုရ်တရား ဖြစ်ပါတယ်။ ဒါကြောင့် ရှင်တော်မြတ်ဘုရားက မင်္ဂလသုတ္တန်ကြီးမှာ "ဗြဟ္မစရိယဉ္စ–မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံး ကျင့်ပါလေ" လို့ မင်္ဂလာတစ်ရပ်အနေနဲ့ သတ်မှတ် ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

ဗြဟ္မစိုရ်တရားက မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာရယ်လို့ လေးပါးရှိပါတယ်။ အဲဒီလေးပါးလုံး ကျင့်သုံးသွားကြရပါမယ်။ သတ္တဝါတွေ အားလုံးအပေါ် အစိမ်းအကျက် မရွေးဘဲ မေတ္တာထားနိုင်ရမယ်။ ဆင်းရဲဒုက္ခ ရောက်နေတဲ့သူတွေကို သနားကြင်နာတတ်ရမယ်။ ပြည့်စုံချမ်းသာတဲ့သူတွေကို ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်။ လျစ်လျူရှုသင့်တဲ့ ပုဂ္ဂိုလ်တွေကျတော့လည်း အပြစ်မမြင်ဘဲ ဥပေက္ခာထားနိုင်ရမယ်။

ပုဂ္ဂိုလ်အလိုက်ထိုက်သင့်သလို စိတ်ကောင်း စိတ်မြတ် မွေးပေးနိုင်ခြင်းဟာ ဗြဟ္မစရိယ–သူမြတ်ကျင့်ထုံးကို ကျင့်သုံးနေတာ ဖြစ်ပါတယ်။ ဗြဟ္မစရိယ ဗြဟ္မစိုရ်တရားလေးပါးထဲက ရှေ့ဆုံးမှာရှိနေတဲ့ အရေးကြီးတဲ့ လူသိများတဲ့ မေတ္တာတရားကိုပဲ ဦးတည်ပြီးတော့ "မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံး ကျင့်ပါလေ" လို့ ပြောလိုက်ရတာပဲ။ တကယ်က ကရုဏာ မုဒိတာ ဥပေက္ခာတရားတွေကိုလည်း တွေ့ကြုံလာရတဲ့ ပုဂ္ဂိုလ်နဲ့ ကိုက်ညီအောင် ကျင့်သုံးသွားကြရမှာပါ။

လူသားတွေအားလုံး ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားပြီးတော့ ကျင့်ကြံသွားကြမယ်ဆိုရင် လောကကြီး သိပ်ချမ်းသာမှာပါ။ ရာသီဥတုလည်း မျှတမယ်။ မြတ်သောကျင့်စဉ်တွေ ဖြစ်တဲ့အတွက် နိဗ္ဗာန်ကို ဝင်စံနိုင်တဲ့ အထောက်အပံ့လည်း ဖြစ်လာနိုင်ပါတယ်။ မြတ်သောအကျင့်ကို ကျင့်သုံးသွားကြဖို့လည်း သန္နိဋ္ဌာန်ခိုင်ခိုင် ချထားသင့်လှပါတယ်။

## မေတ္တာစစ်နဲ့ မေတ္တာတု

တစ်ယောက်နဲ့တစ်ယောက် မေတ္တာထားတဲ့နေရာမှာ လူတွေက နှုတ်နဲ့ပဲ မေတ္တာထားတာ များပါတယ်။ "အရှေ့အရပ်၌ရှိသော အနန္တစကြာဝဠာ အနန္တသတ္တဝါတို့" ဆိုပြီး မနက်မိုးမလင်းခင်တော့ အိမ်ကလူတွေနဲ့ ပတ်ဝန်းကျင် နားထောင်ကောင်းအောင် အော်နေကြပါရဲ့။ ၁နေ့ခင်းကျတော့ တစ်နေကုန်လှည့်ပြီး အတင်းနှက်ကြတော့တာပဲ။

မေတ္တာဆိုတာ ပါးစပ်ဖျားကလေးနဲ့ ကြားကောင်းရုံ အော်နေဖို့ မဟုတ်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် ပြောတဲ့ဆိုတဲ့အခါမှာလည်း ခင်မင်နှုတ်ချို စကားဆိုတတ်ရပါတယ်။ ကာယကံအနေနဲ့လည်း ကိုယ်ထိလက်ရောက် စိတ်ပါလက်ပါ ကူညီမေတ္တာထားရပါတယ်။ စိတ်နှလုံးထဲကလည်း နှစ်နှစ်ကာကာနဲ့ ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့ အမှန်တကယ် ချမ်းသာစေချင်တဲ့ စိတ်မွေးမြူရပါတယ်။ ကာယကံ ဝစီကံ မနောကံ သုံးပါးလုံးမှာ မေတ္တာကို သုံးရမှာပါ။

လောကထဲမှာ သုံးနေကြပုံက မေတ္တာနဲ့ ချစ်တာ မကွဲပြားဘဲ ဖြစ်နေတယ်။ ပြောရင်တော့ မေတ္တာစစ်နဲ့ မေတ္တာတုလို့ ဆိုရမလား။ တစ်ယောက်နဲ့ တစ်ယောက် စွဲလမ်းနှစ်သက် ချစ်ခင်တယ်ဆိုတာ မေတ္တာမဟုတ်ပါဘူး။ တဏှာရာဂသာ ဖြစ်ပါတယ်။ အဲဒါ မေတ္တာတုပဲပေါ့။ မေတ္တာယောင်ဆောင်ထားတဲ့ တဏှာရာဂပေါ့။

ဝဋ္ဋနာဒီပနီက "ရာဂေါ မေတ္တာယ ဝဍ္ဎတိ" တဲ့။ ရာဂေါ–ရာဂဆိုတဲ့ တဏှာသည်၊ မေတ္တာယ–မေတ္တာလိုလိုနဲ့၊ ဝဍ္ဎတိ–လှည့်ဖြားကောက်ကျစ်၏" တဲ့။ မေတ္တာဆိုပြီး ရာဂဖြစ်နေတာ အများကြီးနော်။ မေတ္တာပို့တဲ့အခါ 'အဟံအဝေရောဟောမိ–ငါ ကျန်းမာပါစေ၊

ချမ်းသာပါစေ” ကိုယ့်ကိုယ်ကို အခင်မင်ဆုံးမို့ အရင်ဆုံး ပို့လိုက်တာပဲ။ ခင်တယ်ဆိုတာ တဏှာလောဘရာဂပဲ မဟုတ်လား။

ကိုယ့်ကိုယ်ကိုယ် မေတ္တာပို့ပြီးတော့ အိမ်ကလူကြီးပေါ့။ ပြီးတော့ ကိုယ့်သားသမီး၊ ပြီးရင် ကိုယ့်အိမ်မှာ မွေးထားတဲ့တိရစ္ဆာန်တွေ။ အဲဒါတွေပြီးပြီဆိုတော့မှ တို့ရပ်ကွက်၊ တို့မြို့နယ်၊ တို့ပြည်နယ်၊ တို့တိုင်းပြည်လို့လာတာ။ ကိုယ်နဲ့ ကိုယ့်မိသားစု မေတ္တာပို့ပြီးမှ ကျန်တာပို့တယ်နော်။ အဲဒါ ချစ်လို့ပေါ့။ ဒီလိုမေတ္တာမျိုးကို မေတ္တာအစစ်လို့ ပြောရခက်သွားပါတယ်။ မေတ္တာသဘောထက် တဏှာရာဂလောဘဘက် ပိုများလိမ့်မည်။ မိခင်နဲ့ သားသမီး၊ မောင်နှမအချင်းချင်း စသည်ဖြင့် မေတ္တာပို့တဲ့နေရာမှာ မေတ္တာအစစ်ပါတာရှိသလို ရာဂတဏှာ လောဘဖက်တဲ့ မေတ္တာအတုတွေလည်း ရှိနေတတ်တာကို သတိမူသင့်ပါတယ်။

## ရင်ထဲအသည်းထဲကလာတဲ့ မေတ္တာ

မေတ္တာထားရမှာကို မေတ္တာနဲ့တင် ရပ်မနေဘဲနဲ့ မေတ္တာကို ကျော်လွန်ပြီး ရာဂဘက် သက်ဆင်းသွားရင် သားကြောင့်ကျရတဲ့ မျက်ရည်၊ သမီးကြောင့်ကျရတဲ့ မျက်ရည်၊ ပစ္စည်းဥစ္စာကြောင့် ကျရတဲ့မျက်ရည်ဆိုတာတွေ ဖြစ်လာပါရော။ မျက်ရည်ကျတာ မေတ္တာမှ မဟုတ်ဘဲနဲ့။ မျက်ရည်ကျပြီဆိုမှတော့ ဒေါသပဲပေါ့။

ကိုယ့်သားသမီး လိမ္မာစေချင်တယ်။ ပညာတတ်စေချင်တယ်။ လိမ္မာအောင် ပညာတတ်အောင် ပြုစုစောင့်ရှောက်ပေးရင်းနဲ့ သားသမီးက လိမ္မာတယ်။ ပညာတတ်တယ်။ လမ်းမှန်ပေါ်လျှောက်သွားတတ်တယ်ဆိုရင် မိဘရင်ထဲမှာ ငြိမ်းချမ်းရပါတယ်။ ကိုယ့်စကား နားမထောင်၊ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မလာရင် ပူလောင်ရတယ်။

ငြိမ်းချမ်းတာနဲ့ ပူလောင်တာ ဘယ်ဟာက များနေသလဲ။ စဉ်းစား ကြည့်ကြဖို့ပါ။

မေတ္တာက ကြည်လင်တယ် အေးမြတယ်။ ရာဂနဲ့ ဒေါသက နောက်ကျိပူလောင်တယ်။ စိတ်ညစ်တယ် စိတ်ရှုပ်တယ်ဆိုတာဟာ နောက်ကျိပူလောင်လာတဲ့ သဘောပဲပေါ့။ ပွဲပန်မှုပါလာမှတော့ မေတ္တာ မဟုတ်နိုင်ဘူး။ မေတ္တာရဲ့ သဘောနဲ့ မကိုက်ညီဘူးလေ။

ဓမ္မကထိက ဆရာတော်များမှာ "မဟောခင် မေတ္တာ၊ ဟော လျှင် သစ္စာ၊ ဟောပြီးတော့ ဥပေက္ခာ" လို့ ဆိုရိုးရှိတယ်။ တရား မဟောခင်ကတော့ ပရိသတ်တွေ သိစေ နားလည်စေချင်တဲ့ မေတ္တာ ထားတယ်။ ဟောနေတဲ့အခါကျတော့ သစ္စာတရားကို ဟောပေးတယ်။ ဟောရင်း ဟောရင်းနဲ့ လူတွေက ကိုယ်ပြောတဲ့အတိုင်း နားထောင် ချင်မှ ထောင်မှာပါဆိုပြီး ဥပေက္ခာစိတ်ဝင်သွားရောတဲ့။

နားထောင်တာ မထောင်တာ အပထား ပြောစရာရှိတာ ပြော ရမှာပဲ။ မှားနေရင် ပြင်ပေးရမှာပဲ။ မုန်းမှာကြောက်လို့၊ မကြည်ညို မှာကြောက်လို့၊ မလှူမှာကြောက်လို့ မပြောဘဲပစ်ထားရင် မှားတဲ့လူ တွေပဲ နစ်နာမှာပေါ့။ မသိရင် မှားမှာပဲ။ မမှားအောင် မသိတာကို သိအောင် ပြောပေးဖို့ တာဝန်ရှိပါတယ်။

ကျေးဇူးတော်ရှင် မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးက လှူ တဲ့နေရာမှာ စည်းနဲ့ကမ်းနဲ့ လှူစေချင်တယ်။ စေတီပုထိုးတွေ ဟို နေရာတစ်ဆူ၊ ဒီနေရာတစ်ဆူ လျှောက်တည်တာ မကြိုက်ဘူး။ တည် တဲ့လူကတည်ပေမယ့် နောက်လူက မပြင်နိုင်ရင် ကြည်ညိုဖွယ်မဖြစ် တော့ဘူး။ နောက်ဆုံးတော့ စေတီပုထိုးက ဖိုးသမား၊ အရက်သမား တွေ ခိုအောင်းရာ၊ အတွဲတွေချိန်းရာ ဖြစ်ကုန်ရော။ ဘုရားကျောင်းကန် နားသွားပြီး လက်ချင်းချိတ်လိုချိတ်၊ ဟိရိဩတ္တပ္ပစိတ်ကင်းမဲ့ပြီးတော့ လူ့တိရစ္ဆာန်ဖြစ်နေကြတယ်။ စေတီပုထိုးကျောင်းကန်ဆိုတာ သူတော်

ကောင်းတွေသွားတဲ့ နေရာပါလား။ ငါတို့ သွားရမှာက ပန်းခြံတွေပါလားလို့ သိထားသင့်တာပေါ့။ အဲဒါမျိုးတွေကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ပြောပေးရမှာပဲ။ မေတ္တာနဲ့ ပြောပေးတာပဲဥစ္စာ။

ကိုယ့်စီးပွားတူ စီးပွားဖက် ကိုယ့်အချင်းချင်း သိပ်အောင်မြင်တယ်။ အရောင်းအဝယ်ကောင်းတယ်ဆိုရင် ဝမ်းသာပေးရမယ်။ ဟန်ဆောင်တာတော့ မဖြစ်စေနဲ့။ ဟန်ဆောင်မှုက ကွယ်ရာကျရင် ပိုအောင့်တတ်တယ်။ အောင့်ပါများရင် ပေါက်ကွဲတတ်တယ်။ မျိုသိပ်တာများရင် ပေါက်ကွဲတတ်တဲ့အတွက် ပေါက်ကွဲမှုမဖြစ်ခင်မှာ ပွင့်လင်းဖို့ လိုအပ်ပါတယ်။

ပေါက်ကွဲမှုဆိုတာ အောင့်လုံးကလာတာ။ ဒါကြောင့် သိပ်အောင့်မထားဘဲ ပြောစရာရှိရင် ပွင့်ပွင့်လင်းလင်းပြောပါ။ ပွင့်လင်းရိုးသားခြင်းဟာ အောင်မြင်ခြင်းရဲ့ သော့ချက်ပါပဲ။ ဘယ်အထိ အောင်မြင်နိုင်သလဲမေးရင် နိဗ္ဗာန်ထိ အောင်မြင်ပါတယ်။ မသိတာကို မသိဘူးလို့ဝန်ခံရမယ်။ သိတာကို သိတဲ့အတိုင်း ကျင့်ကြံအားထုတ်ရမယ်။ သိသလိုလို မသိသလိုလို၊ တတ်သလိုလို မတတ်သလိုလို မလုပ်ရဘူး။ မေတ္တာဆိုတဲ့နေရာမှာလည်း ဟန်ဆောင်ပန်ဆောင် မဟုတ်ဘဲနဲ့ တစ်ဦးနဲ့တစ်ဦး ရင်ထဲ အသည်းထဲကလာတဲ့ မေတ္တာဖြစ်ရပါမယ်။

## ဥပေက္ခာထားသင့်ရင် ထားလိုက်ပါ

ကရုဏာဆိုတာကတော့ ကိုယ့်ထက် အစစအရာရာ နိမ့်ကျတဲ့သူတွေကို သနားရ ကြင်နာရပါတယ်။ ကိုယ်သိထားသလို သူများကို သိစေချင်တာလည်း ကရုဏာပါပဲ။ ကိုယ်သိစေချင်တဲ့အတိုင်း သူများက သိသွားရင် ဝမ်းမြောက်ဝမ်းသာဖြစ်တာကတော့ မုဒိတာပဲပေါ့။

သူတော်ကောင်းဆိုတာ သူများကုသိုလ်မလုပ်တာ မပြောရဘူး။ အဓိကအားဖြင့် ကိုယ်ကောင်းဖို့ပဲ လိုပါတယ်။ တချို့က 'သင်ကောင်းရင် ကျွန်ုပ် မဆိုးပါ' လို့ စာတမ်းတွေ ချိတ်ထားသေးတယ်။ စာတမ်းကိုက လူမိုက်အားပေးနော်။ သင်မကောင်းရင်တော့ ကျွန်ုပ်လည်း ဆိုးမှာပဲပေါ့။ လောကမှာ မကောင်းတဲ့လူက များနေတာပဲ။ သူများ မကောင်းတိုင်းသာ ဆိုးရရင် လူဆိုးဖြစ်ဖို့ ကျိန်းသေနေပြီ။ အမှန်က သူ ကောင်းကောင်း၊ မကောင်းကောင်း ကိုယ်ကောင်းဖို့ လိုပါတယ်"

နိဗ္ဗာန်ဝင်စံလိုတဲ့ ပုဂ္ဂိုလ်ဟာ ချီးမွမ်းဒဏ် ကဲ့ရဲ့ဒဏ်ကို ခံနိုင်ရည်ရှိဖို့ လိုတယ်။ လူတစ်ယောက် ဘယ်လောက်ပဲတော်ပါစေ ဘယ်လောက်ပဲ ပြည့်စုံကောင်းမွန်တဲ့လူ ဖြစ်ပါစေ သူ့နေရာနဲ့သူ အတိုက်အခံဆိုတာ ရှိတာပါပဲ။ အတိုက်အခံတွေ့ရင် နောက်မဆုတ်ဘဲ ကြံ့ကြံ့ခံနေနိုင်ဖို့ လိုပါတယ်။ ဝေဖန်တိုက်ခိုက်လာတာကို ဥပေက္ခာထားရပါတယ်။

လောကကြီးက ဘယ်လိုပဲနေနေ ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့တာပါ။ ပြုံးနေပြန်ရင်လည်း လူပေါ်ကြီး ထင်ကြတယ်။ ခပ်တည်တည် နေပြန်တော့လည်း မာနကြီးလိုက်တာတဲ့။ အကဲ့ရဲ့လွတ်တာ ဘုရားတောင် မရှိပါဘူး။ အတိုက်အခံဆိုတာတော့ ဘယ်နေရာမဆို ရှိနေတာပါပဲ။ ကျီးကန်းတွေ ကြည့်ပါလား။ ကျီးတစ်ကောင်က အသားတစ်လေး ချီသွားပြီဆိုတာနဲ့ တခြားကျီးတွေက သူ့နောက်မှာ ဝိုင်းလိုက်ကြတာပဲ။ ကိုယ့်ဘာသာ တခြားအသားတစ် တစ်ခုရှာမယ်လို့ စိတ်မကူးဘူး။ သူများပါးစပ်ထဲ ရောက်နေတာကို ဝင်လုတာနော်။

အသားတစ် ရထားတဲ့ကျီးကို ကျန်တဲ့ကျီးတွေက နှုတ်သီးနဲ့ထိုး၊ ခြေသည်းနဲ့ကုပ် ဝိုင်းလုပ်ကြတာ။ အသားတစ် လွှတ်ချလိုက်တော့မှပဲ အထိုးခံရ အဆိတ်ခံရတဲ့ဘဝက လွတ်တော့တယ်။ ဒီအသားတစ်ကြောင့် အနှိပ်စက်ခံရတာပါလားလို့တော့ ကျီးက မသိဘူးနော်။

တို့တစ်တွေလည်း အကဲ့ရဲ့ အထိုးအနှက်ခံရပြီဆိုရင် ကဲ့ရဲ့စရာ ထိုးနှက်စရာအကြောင်းတစ်ခုတော့ ရှိနေပြီလို့ သဘောပေါက်ရမယ်။

## နိဗ္ဗာန်မရောက်ခြင်း အကြောင်းသုံးပါး

တို့တစ်တွေ နိဗ္ဗာန်မရောက်အောင် ကန့်ကွက်နေတဲ့ အကြောင်းတရားသုံးမျိုး ရှိပါတယ်။ တရားပြီးဆုံးအောင် မနာကြားမှုရယ်၊ အပေါင်းအသင်း မှားယွင်းမှုရယ်၊ တရားဟောဆရာ ညံ့ဖျင်းမှုရယ်။

တရားကို ဆုံးခန်းတိုင်အောင် မလေ့လာ မလိုက်စားရင်လည်း နိဗ္ဗာန်မရောက်ဘဲနဲ့ ပုထုဇဉ်ဘဝနဲ့ သေသွားတတ်တာပါပဲ။ အပေါင်းအသင်းမှားရင်လည်း ဒီအတိုင်းပဲရှိမယ်။ တရားဟောတဲ့ဆရာ တရားပြတဲ့ဆရာ ညံ့ဖျင်းနေပြန်ရင်လည်း သောတာပန် တည်နိုင်တဲ့ ပါရမီမျိုးစေ့ရှိနေပေမယ့် သောတာပန် မတည်လိုက်နိုင်ဘူး။

ဒါကြောင့် မြတ်စွာဘုရားရှင်က "ယထာဘူတံ ဉာဏာယသတ္ထံ ပရိယေသိတဗ္ဗော–ဟုတ်တိုင်းမှန်စွာ သိအောင်ပြောပြတတ်တဲ့ ဆရာမျိုး ရအောင်ရှာရမယ်" လို့ မိန့်တော်မူပါတယ်။ ဆရာကောင်းရှာဖို့ရာ သိပ်အရေးကြီးတဲ့အတွက် ထပ်ခါထပ်ခါ မိန့်မှာတော်မူခဲ့တာပါ။

မြတ်ဗုဒ္ဓတရား ဟောကြားရာမှာ ကထာ ၆ ချက်ဆိုတာ ရှိပါတယ်။ ရှေ့ပိုင်းကထာ သုံးချက်က ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာတဲ့။ နောက်ပိုင်းမှာ ကာမာနံ အာဒီနဝကထာ၊ နေက္ခမ္မကထာ၊ သစ္စကထာလို့ သုံးချက်ဟောပါတယ်။ ရှေ့ပိုင်းမှာ ဒါန၊ သီလ နတ်ပြည်ရောက်ကြောင်းဟောပြီး နောက်ပိုင်းမှါ ကာမဂုဏ်ငါးဖြာအာရုံတွေရဲ့ စက်ဆုပ်ရွံရှာဖွယ် အပြစ်တွေဟောတဲ့ ကာမာနံ အာဒီနဝကထာ အဲဒီကာမဂုဏ်ကနေ လွတ်မြောက်အောင် ဟောတဲ့ နေက္ခမ္မကထာ၊ သစ္စာတရားဟောတဲ့ သစ္စကထာပေါ့။

ကာမဂုဏ်ဆိုတာ သားတစ်နဲ့တူသတဲ့။ စောစောက ပြောခဲ့တဲ့ ကျိုးတွေလိုပေါ့။ သားတစ်ရှိရာနောက် တကောက်ကောက်လိုက်ရင်း နဲ့ သားတစ်တန်းလန်းနဲ့ သေသွားကြတာပဲ။ သားသမီး ဆွေမျိုး ရာထူးဂုဏ်သိရ် ဥစ္စာပစ္စည်းတွေက သားတစ်ပါပဲ။ လူဆိုတာ တစ် ယောက်တည်း အထီးတည်း မနေချင်ဘူး။ အသိုင်းအဝိုင်းနဲ့ နေချင် တယ်။ သေတာတောင်မှ အသိုင်းအဝိုင်းကြားမှာ သေချင်ကြတယ်။ အဲ့ဒ်အသိုင်းအဝိုင်း စတဲ့ ကာမဂုဏ်အာရုံတွေရဲ့ စက်ဆုပ်ရွံရှာဖွယ် တွေကို ဟောပြတာ ကာမာနံ အာဒီနဝကထာ ဖြစ်ပါတယ်။

ကာမဂုဏ်ကိလေသာတွေရဲ့ အပြစ်ကို မြင်ပြီဆိုတော့ အဲဒီ ကာမဂုဏ်ကိလေသာတွေက လွတ်မြောက်ကြောင်းတရားကို ဟောရ ဦးမယ်။ ကိလေသာမှ လွှတ်မြောက်ကြောင်း တရားကတော့ ခန္ဓာ ဉာဏ်ရောက် ဖြစ်ပျက်မြင်တဲ့ဉာဏ်၊ ဝိပဿနာတရား ဖြစ်ပါတယ်။ ခန္ဓာဉာဏ်ရောက်တရားကို နေက္ခမ္မကထာလို့ ခေါ်ပါတယ်။

နောက်ဆုံးမှ ဟောတာက သစ္စာကထာ "ခန္ဓာဉာဏ်ရောက် ဘယ်လောက်ကျင့်ကျင့် သစ္စာမြင့်မှ နိဗ္ဗာန်ဝင်ပါတယ်။ သစ္စာသိမှ နိဗ္ဗာန်သိပါတယ်။ ဒါကြောင့် သစ္စာလေးချက်ကို နားလည်အောင် လို့ သစ္စာကထာကို ဟောရပါတယ်။

ကထာ ၆ ပါးမှာ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာဆို တာတွေက ကံတရားပါ။ ကျန်တဲ့သုံးပါးက ဉာဏ်တရားပါ။ ကာမာနံ အာဒီနဝကထာက သံဝေဂဉာဏ်၊ နေက္ခမ္မကထာက ဝိပဿနာဉာဏ်၊ သစ္စကထာက မဂ်ဉာဏ်ဖြစ်ပါတယ်။ ကထာ ၆ ပါးကို ကံတရား နဲ့ ဉာဏ်တရားလို့ နှစ်မျိုးခွဲနိုင်တယ်။

သတ္တဝါတွေ "နိဗ္ဗာန်မင်္ဂဖိုလ် ရက်တိုတိုနဲ့ရပါစေ" လို့ တတွတ် တွတ် ဆုတောင်းနေပါလျက်နဲ့ မရခြင်းဟာ တရားဆုံးအောင် မနာ လို့ပါတဲ့။ ရှေ့ကထာသုံးပါး၊ ကံတရားနဲ့တင် ရပ်နေပြီး နောက် ကထာတွေကို မနာခဲ့လို့ နိဗ္ဗာန်မရတာပါ။

တို့တစ်တွေ ရှေးဘုန်းရှေးကံရှိလို့ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်တွေနဲ့ တွေ့နေရတယ်။ ခန္ဓာဉာဏ်ရောက် ဝိပဿနာအလုပ်တွေလည်း လုပ်နေကြတယ်။ ဒိဋ္ဌိဖြုတ်တရားတွေလည်း နာကြားနေကြတယ်။ ဒီကြားထဲက နတ်ကတော်နဲ့လည်း မကင်းဘူး။ ဘိုးတော်နဲ့လည်း ရောတယ်။ ဗေဒင်ဆရာနဲ့လည်း ပေါင်းလိုက်တာပဲ။ အဲဒါ အပေါင်းအသင်း မှားနေတာပဲ။ အပေါင်းအသင်း မှားရင်လည်း တရားထူး မရနိုင်ပါဘူး။

နောက်တစ်ခုက တရားဟောဆရာ ညံ့ရင်လည်း ဟုတ်ဟုတ်ငြားငြား မရဘူးတဲ့။ အဲဒါကိုတော့ သာဓကလေးတစ်ခုနဲ့ ပြောပြသွားပါမယ်။

## မြဟ္မာ့ပြည်ရောက်နိုင်တဲ့ မြဟ္မစိုရ်တရား

ဓနဉ္စာနိပုဏ္ဏားကြီးက အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးနဲ့ အလွန်ရင်းနှီးပါတယ်။ မိခင် သာရိပုဏ္ဏေးမကြီးနဲ့လည်း ရင်းနှီးကျွမ်းဝင်တဲ့ ပုဏ္ဏားကြီးတဲ့။ ဓနဉ္စာနိပုဏ္ဏားကြီးက ကောသမ္ဗီပြည်မှာနေတယ်။ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားရှင်နဲ့အတူ သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူနေတဲ့အချိန် ဝါဆိုဦးကာလမှာ ကောသမ္ဗီပြည်က သံဃာတော်တွေ ရောက်လာပြီး ဘုရားရှင်ကို ကန်တော့ကြတယ်။ ဘုရားကန်တော့ရင်းနဲ့ အရှင်သာရိပုတ္တရာကိုလည်း ဝင်ကန်တော့ကြတယ်။

အဲဒီမှာ ကောသမ္ဗီက ရဟန်းတွေကို ဓနဉ္စာနိပုဏ္ဏားကြီး နေကောင်းရဲ့လား။ တရားအလုပ်များ လုပ်ရဲ့လားလို့ မေးတော်မူတယ်။ ဝါကျွတ်တဲ့အခါ ဘုရားရှင်နဲ့အတူ အရှင်သာရိပုတ္တရာဟာ ဒေသစာရီခရီးလှည့်လည်ရင်းနဲ့ ကောသမ္ဗီပြည်ကို ရောက်သွားတော့ မထေရ်မြတ်ကြီးက ဆွမ်းခံပြန်ချိန်မှာ ဓနဉ္စာနိပုဏ္ဏားကြီးဆီ သွားသတဲ့။ ဟို

ရောက်တော့ ပုဏ္ဏားကြီးက နွားနို့ညှစ်နေသတဲ့။ အရှင်မြတ်ကြီးရောက်သွားတော့ အားရဝမ်းသာနဲ့ ညှော်ခံစကားပြောတယ်။

ပုဏ္ဏားကြီးကို အရှင်မြတ်က "အသင်ပုဏ္ဏားကြီး မမေ့မလျော့တဲ့အကျင့်၊ ခန္ဓာဉာဏ်ရောက် အကျင့်များ ကျင့်ပါသလား" လို့မေးတော့ ပုဏ္ဏားကြီးက "တပည့်တော် အလုပ်တွေနဲ့ မအားလပ်လို့ မကျင့်မိပါဘူး ဘုရား" လို့ လျှောက်သတဲ့။ အဲဒီတော့ အရှင်မြတ်က "ပုဏ္ဏားကြီး သားကျွေးမှု၊ မယားကျွေးမှုတွေထဲမှာ ခေါင်းမြုပ်ပြီးတော့ မနေလိုက်ပါနဲ့။ အပါယ်လေးပါး ကျသွားလို့ရှိရင် ဘယ်သားသမီးကမှ လာကယ်မှာ မဟုတ်ဘူး" ဆိုတော့ "မှန်လှပါဘုရား တပည့်တော် ကြိုးစားပါမယ်" လို့ လျှောက်တယ်။

ဒီလိုနဲ့ နှစ်နှစ်၊ သုံးနှစ်သာ ကြာသွားတယ် ပုဏ္ဏားကြီး တရားအလုပ် မလုပ်ဖြစ်ဘူး။ တရားအလုပ် မလုပ်ပေမယ့် အသက်အရွယ်က ဒီအတိုင်းနေတာ မဟုတ်တော့ အိုမင်းမစွမ်းအရွယ်မှာ သေလုနီးပါး ရောဂါဝေဒနာ ခံစားရပြီး အိပ်ရာထဲ လဲနေရရှာပြီ။ သေခါနီးတော့ မိတ်ဆွေဖြစ်တဲ့ အရှင်သာရိပုတ္တရာကို သတိရပြီး အပင့်ခိုင်းတယ်။ မထေရ်မြတ်ကြီးလည်း ရောက်လာပြီး သူ့မိတ်ဆွေ ဓနဉ္စာနိပုဏ္ဏားကြီး ကြည့်လိုက်တော့ အခြေအနေက မဟန်တော့ဘူး။ ဒီအတိုင်းသာ တရားအားမထုတ်ဘဲ သေသွားရင် အပါယ်ငရဲကျတော့မှာ အမှန်ပဲဆိုပြီး ကရုဏာဖြစ်တော်မူရှာတယ်။

အဲဒီတော့ အပါယ်လေးပါး ကျရောက်ရတာနဲ့စာရင် လူ့ပြည်မှာ လူဖြစ်ရတာက တော်သေးတယ်လို့ တွက်ပြီး "ပုဏ္ဏားကြီး လူပြန်မဖြစ်ချင်ဘူးလား" လို့မေးတော့ "ဖြစ်ချင်ပါတယ် ဘုရား" တဲ့။ "ဖြစ်ချင်ရင် ဒါန၊ သီလ လုပ်ရမယ်" "လူ့ပြည်ထက်ကောင်းတာ မရှိတော့ဘူးလား ဘုရား" "ရှိတယ်၊ လူ့ပြည်ထက်ကောင်းတဲ့ နတ်ပြည်ရောက်ချင်ရင်တော့ ကုသိုလ်ကောင်းမှု များများလုပ်ရမယ်" ဆို

တော့ ပုဏ္ဏားကြီးက "နတ်ပြည်ထက်ကောင်းတာ မရှိတော့ဘူးလား ဘုရား" "ရှိတာပေါ့ ဗြဟ္မာ့ပြည်ရှိသေးတယ်။ ဗြဟ္မာ့ပြည်ရောက်ချင်ရင် မေတ္တာကရုဏာ မုဒိတာ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေ များများကျင့်သုံးပေတော့" လို့ ဟောကြားပြီးတော့ အရှင်မြတ်ကြီး ကျောင်းကို ပြန်ကြွခဲ့ပါသတဲ့။

## သမထထက် ဝိပဿနာက ပိုကောင်းတယ်

ကျောင်းပြန်ရောက်လို့ ဘုရားရှင်နဲ့တွေ့တော့ "ချစ်သား ဘယ်က ပြန်ကြွလာသလဲ" လို့ မေးတော်မူတဲ့အခါ "မှန်လှပါဘုရား တပည့်တော်နဲ့ အလွန်ရင်းနှီးတဲ့ ဓနဉ္စာနိပုဏ္ဏားကြီး ကျန်းမာရေး မကောင်းလို့ သွားမေးရာက ပြန်လာတာပါဘုရား" လို့ လျှောက်တယ်။ "ချစ်သား ပုဏ္ဏားကြီးကို တရားရော ဟောခဲ့ရဲ့လား" မေးတော့ "ဟောခဲ့ပါတယ် ဘုရား" "ဘယ်တရားများ ဟောခဲ့သလဲ" "ဗြဟ္မစိုရ်တရား လက်ကိုင်ထားပြီးကျင့်ဖို့ ဟောခဲ့ပါတယ်ဘုရား" လို့ ပြန်ဖြေသတဲ့။

အဲဒီမှာ မြတ်စွာဘုရားက "ချစ်သား ဘာကြောင့် ဒီတရားဟောခဲ့တာလဲ။ ဒီအချိန်မှာ ပုဏ္ဏားကြီးကို ခန္ဓာဉာဏ်ရောက် ဝိပဿနာတရား ဟောခဲ့ရင် ဖြစ်ပျက်မြင်မှန်းဆုံးပြီးတော့ သောတာပန်တည်နိုင်တဲ့ ပါရမီမျိုးစေ့ ပုဏ္ဏားကြီးမှာ ရှိနေတယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

လူတစ်ယောက်နဲ့တစ်ယောက် စရိုက်ချင်းမတူညီသလို ဣန္ဒြေ အနုအရင့်လည်း ကွာခြားကြပါတယ်။ လူတွေ တစ်ဦးချင်းရဲ့စရိုက်၊ ဣန္ဒြေအနုအရင့်ကို ဘုရားရှင်များသာ သိတော်မူနိုင်ကြပါတယ်။ ဣန္ဒြေ ရင့်မရင့်ကို သိတဲ့ဉာဏ်၊ တရားထူး ရနိုင် မရနိုင်၊ သိတဲ့ဉာဏ်က

ကန္တြီယပရောပရိယတ္တိဉာဏ်တဲ့။ သတ္တဝါတွေရဲ့ ကိလေသာ အထူ အပါးကို သိတဲ့ဉာဏ်က အာသယာနုသယဉာဏ်တဲ့။ ဒီဉာဏ်တော် နှစ်ပါးဟာ မြတ်စွာဘုရားရှင်များသာ ရနိုင်တဲ့ ဗုဒ္ဓစက္ခုတွေ ဖြစ်ပါ တယ်။

သမ္မာသမ္ဗုဒ္ဓအရာသာဖြစ်လို့ အဂ္ဂသာဝကဖြစ်တဲ့ အရှင်သာရိ ပုတ္တရာက ဓနဉ္စာနိပုဏ္ဏားကြီး ဣန္ဒြေရင့်မရင့်ကို မသိနိုင်ဘူး။ ဒါ ကြောင့် ငရဲကျမည့် အခြေအနေကနေ ဗြဟ္မာ့ပြည်ရောက်ရင် တော် ပါပြီဆိုပြီး နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို မပြောဘဲနဲ့ ဗြဟ္မစိုရ်တရားပွားများဖို့သာ ဟောပေးခဲ့တာပေါ့။ မေတ္တာကရုဏာ မုဒိတာ ဉပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားဟာ သမထသာ ဖြစ်ပါတယ်။ သမထဖြစ်တဲ့အတွက် "ကိလေသေ သမေတီတိ သမထော" ဆိုတဲ့ အတိုင်း လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာတွေ ထိုက်သင့် သလောက် ငြိမ်းအောင်လုပ်ပေးနိုင်ပါတယ်။

ဝိပဿနာ မင်္ဂကတော့ "ကိလေသာ မာရေန္တော နိဗ္ဗာနံ ဂစ္ဆ တီတိ မဂ္ဂေါ" ကိလေသာကို ပယ်သတ်ပြီးတော့ နိဗ္ဗာန်ရောက်အောင် ပို့ဆောင်ပေးနိုင်ပါတယ်။ သမထက ကိလေသာကို တားရုံပဲ တား နိုင်ပြီး ဝိပဿနာက အမြစ်ပြတ် ပယ်သတ်နိုင်ပါတယ်။ ဉပမာနဲ့ ပြောရရင် အနာပေါက်တဲ့အခါ သက်သာအောင် ကုသပေးတဲ့ဆရာ နဲ့ ပျောက်အောင်ကုတဲ့ဆရာလို ကွာခြားတာပေါ့။ ဒါကြောင့် သမထ ထက် ဝိပဿနာက မြင့်မြတ်တဲ့အတွက် "အမြတ်ဆုံး ကျင့်စဉ်၊ နိဗ္ဗာန် မြင်" လို့ ပြောရတာပါ။

မြတ်ဗုဒ္ဓ မိန့်ကြားတာ နာယူလိုက်ရတော့မှ အရှင်သာရိပုတ္တရာ သဘောပေါက်သွားပြီး ဓနဉ္စာနိပုဏ္ဏားကြီးကို ဝိပဿနာတရား သွား ဟောဖို့ ခွင့်တောင်းတဲ့အခါ မြတ်စွာဘုရားက "ချစ်သား နောက်ကျ သွားပြီ။ ဓနဉ္စာနိပုဏ္ဏားကြီး ကံကုန်သွားပါပြီ" တဲ့။

# နိဗ္ဗာန်မဂ်လာ ဝိပဿနာနဲ့သာရောက်နိုင်

ဓနဉ္စာနိပုဏ္ဏားကြီးဟာ မေတ္တာသမထ ကမ္မဋ္ဌာန်း စီးဖြန်းလိုက်တဲ့အတွက် သေလွန်တဲ့အခါမှာ ဗြဟ္မာ့ပြည်တက်ပြီး ဗြဟ္မာကြီး ဖြစ်သွားတယ်။ အရှင်သာရိပုတ္တရာက "ဩော်–အရိယာ ဖြစ်လိုက်တဲ့ ပုဂ္ဂိုလ်ကြီး ဗြဟ္မာခန္ဓာ ဗြဟ္မာဒုက္ခ ရနေရှာပါရော့လား။ ငါ သွားကယ်ဦးမှပဲ" လို့ဆိုပြီး ဗြဟ္မာပြည်တက်ပြီးတော့ ဝိပဿနာ ခန္ဓာဉာဏ် ရောက်တရားကို ဟောပေးရပါတယ်။

သမထတရားပွားများလို့ သမာဓိကောင်းကောင်းရနေတဲ့ ဗြဟ္မာကြီးဟာ ခန္ဓာဉာဏ်ရောက်တရား နာကြားရင်းနဲ့ နားကတရားနာဉာဏ်က ခန္ဓာလှည့်လိုက်တော့ ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ကိလေသာတွေက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာက နိရောဓသစ္စာဆိုပြီး သစ္စာလေးချက်ဆိုက်ပြီး သောတာပန် တည်သွားပါတယ်။

မြတ်စွာဘုရားရဲ့ လမ်းညွှန်ပြမှုကြောင့် အရှင်သာရိပုတ္တရာ ဝိပဿနာတရား မြတ်သောကျင့်စဉ်ကို နိဗ္ဗာန်မြင်အောင် ဟောပြပေးနိုင်ခဲ့ပါပြီ။ ဒါကြောင့် တရားဟောဆရာ ညံ့ဖျင်းရင်လည်း နိဗ္ဗာန်မရောက်နိုင်ပါဘူး။ နိဗ္ဗာန် မရောက်အောင် ကန့်ကွက်တာ တရားဆုံးအောင် မလိုက်စားခြင်း၊ အပေါင်းအသင်း မှားယွင်းခြင်း၊ တရားဟောဆရာ ညံ့ဖျင်းခြင်းလို့ အကြောင်းသုံးချက်ရှိတဲ့အကြောင်း ပြောခဲ့ပါပြီ။ အဲဒီ သုံးချက်ကို လွန်မြောက်ပြီး ခန္ဓာဉာဏ်ရောက် အမြတ်ဆုံးကျင့်စဉ်ကို ကျင့်သုံးနိုင်ရင် နိဗ္ဗာန်ရောက်လို့ သောတာပန်တည်နိုင်ပါတယ်။

"ဗြဟ္မစရိယမဂ်လာ" "မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့ သူမြတ်ကျင့်ထုံး ယွင်းမသွေ" မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးတဲ့ ပုဂ္ဂိုလ်

အတွက် လောကီမင်္ဂလာအရာမှာလည်း တိုးတက်နိုင်သလို လောကုတ္တရာ နိဗ္ဗာန်မင်္ဂလာကြီးကိုလည်း ရရှိကြပါလိမ့်မယ်။ မေတ္တာဗြဟ္မစိုရ်သမထကျင့်စဉ်တွေထက် အမြတ်ဆုံးကျင့်စဉ်ဖြစ်တဲ့ ခန္ဓာဉာဏ်ရောက်ဝိပဿနာကို ကျင့်ကြံအားထုတ်ခြင်းဖြင့် အမြတ်ဆုံးမင်္ဂလာနိဗ္ဗာန်ကြီးရရှိနိုင်ကြပါစေ။

## ပြီးသေဖြစ်မှ စိတ်ချရ

## မင်္ဂလာအမှတ် (၂၇)

# တရားလင်္ကာ အရသာ

မင်္ဂလသုတ္တန်တရားတော်ထဲက အရိယသစ္စာနဒဿန မင်္ဂလာကို "လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ" တဲ့။ နိဗ္ဗာန သစ္ဆိကိရိယာစ မင်္ဂလာကိုကျတော့ "ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ" တဲ့။ ဆက်ပြီးဆိုလိုက်တော့ "အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ" မင်္ဂလာတရား ပါဠိတော်နဲ့ဆိုင်ရာ လင်္ကာလေးတွေ ရွတ်ဖတ်လိုက်ရတာ အင်မတန် ကျက်သရေရှိပါတယ်။ ရွတ်ဖတ်ပူဇော်နေတဲ့အသံ ကြားလိုက်ရသူတွေရဲ့ နှလုံးသားကိုလည်း အလွန်ငြိမ်းအေး ချမ်းသာစေလှပါတယ်။

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်များဟာ "ကြားနာရုံပင်၊ အပူငြိမ်းငြိမ်း၊ ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း၊ နိဗ္ဗာန်နန်းနှင့်၊ စခန်းသင့်အောင်၊ မှန်းလင့်ရည်ရော်၊ ဩော်–ကောင်းစွာ ဟောကြားတော်မူအပ်ပါပေ၏" ဆိုတဲ့အတိုင်း လက်တွေ့မကျင့်ကြံနိုင်သေးလို့ ကြားနာနေရတဲ့ အချိန်လေးမှာကိုပဲ စိတ်ထဲမှာ အေးချမ်းလှပါတယ်။ ဒီတရားထဲမှာ အာရုံစိုက်နေရတော့ သားပူသမီးပူ၊ ဆွေပူမျိုးပူ အဆင်မပြေတဲ့ လောကရဲ့ ပဋိပက္ခအားလုံးဟာ တဒင်္ဂအတွင်းလေးမှာ ငြိမ်းအေးနေတော့တာပါပဲ။

"ကျင့်လျှင်ချမ်းသာ၊ ကျင့်ပြီးခါလည်း၊ လွန်စွာငြိမ်းချမ်း" ဆိုတဲ့အတိုင်း ကျင့်သုံးလိုက်လျှင်လည်း ချမ်းသာမယ်။ လောကီမှာလည်း ချမ်းသာ၊ လောကုတ္တရာမှာလည်း ချမ်းသာတဲ့ ဒီမင်္ဂလာတရားတော်ကို နားထောင်ကောင်းရုံ ရွတ်မနေဘဲနဲ့ လက်တွေ့လည်း အသုံးချရပါမယ်။ ဘာတွေ ဘယ်လိုကျင့်ရမလဲလို့ ပါဠိမရရင်တောင်မှ ကဗျာလင်္ကာလေးတွေရရင်ပဲ လွယ်လွယ်နဲ့ သိနိုင်တယ်။

ကဗျာလေးတွေ ရွတ်နေချိန်မှာ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ ပွားများရာ ရောက်နေပြီး ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကို ပူဇော်ရာလည်း ရောက်ပါတယ်။ ဒါကြောင့် တို့တစ်တွေ ပစ္စုပ္ပန်မှာ နေရထိုင်ရတာ ချမ်းချမ်းသာသာ ဖြစ်ချင်တယ်ဆိုရင် မင်္ဂလာကဗျာလေးတွေ ရွတ်ဆိုပေးကြ၊ ရွတ်ဖတ်သရဇ္ဈာယ်ပေးကြပါ။ ကဗျာထဲမှာပါတဲ့ မင်္ဂလာတရားတော်နဲ့အညီလည်း ကျင့်သုံးနေထိုင်ကြပါ။ တို့တစ်တွေ ရည်ရွယ်ချက် သောတာပန်ဆိုတဲ့ ပထမနိဗ္ဗာန်ကြီးလည်း ရနိုင်ပါတယ်။

## သေနည်းသင်ပေးနေတာ

မင်္ဂလာတရားတော်နဲ့အညီ ကျင့်ကြံရင် ပထမ နိဗ္ဗာန်ရတယ်။ ပထမနိဗ္ဗာန်ကို နားလည်အောင်ပြောရင် ဒီလူ့ဘဝက သေသွားတဲ့အခါမှာ ငရဲတိရစ္ဆာန် ပြိတ္တာ အသူရကာယ် ဘယ်တော့မှ မဖြစ်တော့ဘူး။ စိတ်ချလက်ချ ဖြစ်သွားပါပြီ။

တို့တစ်တွေဟာ ဒီဘဝမှာ ဘယ်လောက်ပဲ ပျော်နေပါစေ အချိန်တန် သေကြရမည့်သူတွေချည်းပဲ။ သေလို့ ဒုတိယဘဝရောက်ရင် အပါယ်လေးဘုံ မကျချင်ကြတဲ့သူတွေချည်းပါပဲ။ အပါယ်လေးပါးမကျချင်ရင်တော့ ဘုရားစကား နားထောင်ရလိမ့်မယ်။ မင်္ဂလာတရားတော်ကြီးဟာ ဘုရားစကား လိုက်နာပွားရမည့် ကျင့်စဉ်ကြီး ဖြစ်ပါတယ်။

မင်္ဂလာတရားတော်ကြီးမှာ "အရိယသစ္စာနဒဿနံ-လေးပါး သစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ" တဲ့။ သစ္စာ သိအောင် ကြိုးစားနေတာ မင်္ဂလာတစ်ပါးပါ။ သစ္စာသိအောင် ကြိုးစား ရင် ဘာဖြစ်မှာလဲ။ "နိဗ္ဗာနသစ္ဆိကိရိယာစ-ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း၊ အလင်းပေါက်နိုင်စေ" နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။ နိဗ္ဗာန် ကို မျက်မှောက်ပြုတာလည်း မင်္ဂလာပဲလေ။

သစ္စာသိရင် နိဗ္ဗာန်မျက်မှောက် ပြုနိုင်တဲ့အတွက် သစ္စာသိတဲ့ ပုဂ္ဂိုလ်တွေရဲ့ သေခြင်းဟာ မဲ့သေမဟုတ်ဘဲ ပြုံးသေ ဖြစ်သွားပါပြီ။ "ပြုံးသေဖြစ်မှ စိတ်ချရ" တဲ့။ အချိန်တန်လို့ သေကြရတဲ့အခါ ပြုံး ပြုံးလေးသေတတ်အောင် သင်ထားဖို့ မလိုဘူးလား။ ဒါကြောင့် သစ္စာ တရား၊ ဝိပဿနာတရား၊ မင်္ဂလာတရားဆိုတာ သေနည်းသင်ပေးတဲ့ တရားလို့ မှတ်ပါ။

ပြုံးသေနဲ့ သေချင်တယ်ဆိုရင် မသေခင်မှာ သစ္စာသိတဲ့အလုပ် ကိုလုပ်ပါ။ သစ္စာသိအောင်လုပ်ပါ။ တို့တစ်တွေဟာ ဗုဒ္ဓဘာသာဝင် တွေဖြစ်တဲ့အတွက် ဘုရားစကားကို နားထောင်ရပါမယ်။ ဘုရား မြတ်စွာသည် သစ္စာသိမြင်ပြီး ပွင့်တော်မူလာတာဖြစ်လို့ သစ္စာစကား ပဲ ပြောပါတယ်။ သစ္စာစကား လေးစားလိုက်နာတဲ့ ပုဂ္ဂိုလ်ကို ဗုဒ္ဓ ဘာသာဝင်လို့ ပြောရပါမယ်။

## လေးပါးသစ္စာ ဉာဏ်မြင်ကြည့်ပါ

ဘုရားဟောတဲ့ သစ္စာတရားက လေးပါးရှိပါတယ်။ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ။ အဲဒီ သစ္စာလေးချက်မှာ "တံခေါပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာယန္တိမေ ဘိက္ခဝေ-ချစ်သား ချစ်သမီးတို့ ဒုက္ခသစ္စာသိအောင်လုပ်" လို့ ဘုရားမြတ်စွာ ဟောတော်မူပါတယ်။

ဘုရားက ဒုက္ခသစ္စာသိအောင် လုပ်ရမယ်တဲ့။ ဒုက္ခသစ္စာသိအောင် ဘယ်လိုလုပ်ရမှာလဲမေးရင် တရားထိုင်ရမယ်။ တရားထိုင်တယ်ဆိုတာ ဒုက္ခသစ္စာသိအောင်လုပ်နေတာပါပဲ။ တရားထိုင်နေရင်းနဲ့ ထုံတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်ဆိုတာ ဒုက္ခဝေဒနာ။ ဖြစ်တာလည်း ဒုက္ခ၊ ပျက်တာလည်း ဒုက္ခလို့ မြင်တာဟာ ဒုက္ခသစ္စာကို မြင်တာပါပဲ။ ဖြစ်ပျက်မြင်အောင် ကြိုးစားရပါတယ်။

ဖြစ်ပျက်က ဒုက္ခသစ္စာ။ အဲဒီဒုက္ခသစ္စာလေးကို မြင်တဲ့ဉာဏ်က မဂ္ဂသစ္စာ။ ဖြစ်ပျက်မြင်နေရင် တဏှာ မာန ဒိဋ္ဌိ လောဘ ဒေါသ အကုသိုလ်တွေ ဖြစ်ခွင့်မရတော့ဘူး။ အဲဒီအကုသိုလ်တွေက သမုဒယသစ္စာ။ ပွားများနေတာက မဂ္ဂသစ္စာ။ ဖြစ်ပျက်မြင်နေချိန် ရင်ထဲမှာ ငြိမ်းအေးမှုလေးတွေ ပေါ်ထွက်လာတာက နိရောဓသစ္စာ ဖြစ်ပါတယ်။

ဒုက္ခသစ္စာက သိရမည့်သစ္စာ၊ သမုဒယသစ္စာက ပယ်ရမည့်သစ္စာ၊ မဂ္ဂသစ္စာက ပွားရမည့်သစ္စာ၊ နိရောဓသစ္စာက ဆိုက်ရောက်ရမည့်သစ္စာ ဖြစ်ပါတယ်။ တရားနာနေတဲ့အချိန်၊ ခန္ဓာဉာဏ်ရောက်အောင် လုပ်နေတဲ့အချိန်၊ ဖြစ်ပျက်မြင်နေတဲ့အချိန်ဟာ သမုဒယသစ္စာကို ပယ်ထားတယ်။ ဒုက္ခသစ္စာကို သိအောင်လုပ်နေတယ်။ မဂ္ဂသစ္စာကို ပွားနေတယ်။ ငြိမ်းအေးရာ နိဗ္ဗာန် နိရောဓသစ္စာကို ဆိုက်ရောက်နေပါတယ်။ ငြိမ်းအေးမှုလေးကို ကိုယ်တိုင်ဉာဏ်နဲ့ သိတာဖြစ်ပါတယ်။

သစ္စာလေးပါးကို တစ်ခုစီလုပ်နေရတာ မဟုတ်ဘဲ တစ်ချက်တည်းနဲ့ အကုန်ပါလာပါတယ်။ သစ္စာလေးပါး အကုန်ပါအောင် ခန္ဓာပေါ်ဉာဏ်ရောက်အောင် လုပ်ရမယ်။ အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ရမယ်။ ဖြစ်ပျက်မြင်အောင် လုပ်နေတာဟာ သစ္စာသိအောင် လုပ်နေတာဖြစ်လို့ "အရိယသစ္စာန ဒဿနံ–လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ" ဆိုတဲ့ ဘုရားစကား ဘုရားအဆုံးအမကို နာခံတောင်နေတာ ဖြစ်ပါတယ်။ ဖြစ်ပျက်မြင် သစ္စာသိပြီး သေရတဲ့အတွက် ပြုံးသေလည်း ဖြစ်ပါတယ်။

# လောဘနဲ့သာ သေခဲ့ပါသော်

ဘုရားကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းစံပျော်တော်မူစဉ် ဇာဏုသောဏိဆိုတဲ့ ပုဏ္ဏားတစ်ယောက် ရောက်လာပြီး ဘုရားကိုလျှောက်တယ်။ "မြတ်စွာဘုရား လောကမှာရှိတဲ့ သတ္တဝါတွေဟာ သေရမှာကြောက်ကြတာချည်းပါပဲ ဘုရား" ဆိုတော့ ဘုရားရှင်က "သတ္တဝါတွေ သေရမှာကြောက်တယ်လို့ သင်က ဘာကိုကြည့်ပြီး ပြောရတာလဲ" မေးတယ်။ ဒီတော့ ဇာဏုသောဏိပုဏ္ဏားက "တပည့်တော် သေခါနီးပုဂ္ဂိုလ်တွေ လိုက်ကြည့်ပါတယ်။ သေခါနီးမှာ ဆောက်တည်ရာမဲ့ ဖြစ်နေကြတာချည်း တွေ့ရတဲ့အတွက် သတ္တဝါတွေဟာ သေရမှာ ကြောက်ကြတာချည်းပါပဲလို့ လျှောက်ရတာပါ ဘုရား" တဲ့။

အဲဒီတော့ ဘုရားရှင်က "ဇာဏုသောဏိ လောကမှာ သေရမှာကြောက်တဲ့ပုဂ္ဂိုလ်ရှိသလို၊ သေရမှာ မကြောက်တဲ့ပုဂ္ဂိုလ်လည်း ရှိတယ်" လို့ မိန့်တော်မူပြန်တယ်။ ပုဏ္ဏားကလည်း "အရှင်ဘုရား သေရမှာကြောက်တဲ့ ပုဂ္ဂိုလ်တွေပဲ တပည့်တော် မြင်ဖူးတာပါ။ သေရမှာမကြောက်တဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လိုဟာပါလဲဘုရား" လို့ လျှောက်ပြန်ပါရော။

ဇာဏုသောဏိက သေခြင်းအကြောင်း လျှောက်နေပါတယ်။ တို့တစ်တွေဟာလည်း ခန္ဓာရှိတဲ့သူတွေပီပီ တစ်ချိန်မှာ သေကြရမှာပဲမို့ တို့တစ်တွေနဲ့ ဆိုင်တဲ့တရားပါ။ သူ့တစ်ယောက်တည်းအတွက်သာ မဟုတ်ဘဲ အများအတွက်ပါ လျှောက်နေတာဖြစ်လို့ အများနဲ့ဆိုင်တဲ့တရားလို့ မှတ်ယူရပါမယ်။

ဘုရားက မိန့်တော်မူတယ်။ "ပုဏ္ဏား လောကမှာ သေရမှာ

ကြောက်တဲ့ပုဂ္ဂိုလ်တွေ အများကြီး။ အဲဒီလူတွေကို ငါဘုရား သဗ္ဗညုတ ဉာဏ်တော်နဲ့ ကြည့်လိုက်တော့ လူတစ်သိန်းမှာ တစ်ယောက်တောင် မှ ပြုံးပြုံးလေးနဲ့ သေတဲ့သူမပါဘူး" တဲ့။ တစ်သိန်းလုံး ထိတ်ထိတ် လန့်လန့် ကြောက်ကြောက်ရွံ့ရွံ့နဲ့ သေကြရတာပဲ။

လောဘနဲ့ သေမည့်သူတစ်ယောက်ဟာ လောဘက မသေခင် ကြိုဖြစ်တာမို့ ဥပ၊ အဲဒီလောဘကြောင့် ရောက်ရမည့်နေရာက ပတ္တိ၊ ဝမ်းထဲမှာ ကြိုဖြစ်နေတာက ဥပ၊ ရောက်ရမည့်နေရာက ပတ္တိ ပေါင်း လိုက်တော့ ဥပပတ္တိ။

မသေခင် ဒီဘက်က လောဘကံက အကြောင်း၊ ရောက်ရမည့် နေရာက အကျိုး၊ ရောက်ရမည့်နေရာက ဂတိ၊ ရောက်ရမည့်နေရာ ကို ကြိုမြင်နေရတာက နိမိတ်။ ပေါင်းလိုက်တော့ ဂတိနိမိတ်။

ဝမ်းထဲမှာဖြစ်နေတဲ့ သားခင်သမီးခင် ဆွေခင်မျိုးခင် ဖြစ်နေ တဲ့ လောဘက ကံ။ သားရိပ်သမီးရိပ် ဆွေးရိပ်မျိုးရိပ်က ကမ္မနိမိတ်။ လောဘ သဘောတရားကြောင့် ရောက်ရမည့်နေရာ ကြိုတင်မြင်နေရ တာက ဂတိနိမိတ်။ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်လို့ သုံးမျိုးရှိပါတယ်။

လောဘနဲ့ သေရတော့မယ်ဆိုတော့ မရဏာသန္နဇော စောပြီး တော့ မျောနေတယ်။ မမျောခင်လေးမှာ သားသံ သမီးသံ ဆွေသံ မျိုးသံလေး ကြားလိုက်ရတဲ့အခါကျတော့ နေတုန်းက ဒီသားသမီး တွေနဲ့ အတူနေခဲ့ပြီးတော့မှ သေရင်ခွဲရမယ်ဆိုတော့ မခွဲချင်ဘူးပေါ့။ မခွဲချင်တာက ခင်လို့။ ခင်တာက လောဘကံ။

"လောဘနဲ့သေ၊ ပြိတ္တာပြည်၊ မသွေရောက်တတ်သည်" ဆို တဲ့အတိုင်း ရောက်ရမည့် ပြိတ္တာဘုံဆိုတဲ့ ဂတိကို ကြိုတင်မြင်နေရ တယ်။ ကြိုတင်မြင်နေရတာက ဂတိနိမိတ်၊ လောဘဆိုတဲ့ ကံကြောင့် ကြိုတင်မြင်နေရတာ ဖြစ်ပါတယ်။

တကယ်လို့များ ဖြစ်ပျက်မင်္ဂနဲ့ ကိုက်လို့ ဖြစ်ပျက်ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့တဏှာဥပါဒါန်တွေက သမုဒယ သစ္စာ၊ သမုဒယချုပ်ရင် အပါယ်ဂတိတွေ လာစရာမလိုတော့ဘူး။ သစ္စာသိပြီး သေတဲ့လူအတွက် ပြောနေတာနော်။

အခုတော့ သူက သစ္စာမသိဘဲ ဖြစ်ပျက်မင်္ဂမကိုက်ဘဲ သေရ တာဆိုတော့ ခင်မင်စွဲလမ်းမှုတွေနဲ့ သေရတော့မှာ။ ဘုရားတည်ကျောင်း ဆောက်၊ သီလတွေ ဆောက်တည်ခဲ့ပေမယ့် စိတ်မချရသေးဘူး။ သေ ခါနီးကျတော့ လောဘက လာမှာပဲ။

ခင်တယ်မင်တယ်ဆိုတဲ့ လောဘကံကြောင့် သချိုင်းကုန်းတွေ၊ ချိုင့်ကြီးတွေ၊ တောကြီးတောင်ကြီး၊ မြစ်ကမ်းပါး စတာတွေ မြင်နေ ရပြီ။ အဲဒါ ဂတိနိမိတ်ပဲ။ နေခဲ့တုန်းက တိုက်နဲ့တာနဲ့ သားနဲ့သမီး နဲ့ ပျော်ပျော်ပါးပါးနေခဲ့ပြီးတော့မှ သေတဲ့အခါ ဒုတိယဘဝကျမှ ပြိတ္တာ ဖြစ်ရတော့မယ်ဆိုတော့ မဖြစ်ချင်ဘူး။ ပြိတ္တာဖြစ်ရမှာကို ကြောက်ပြီး တော့ သေရတယ်။ ကြောက်ပြီးသေရလို့ ကြောက်သေပေါ့။ ကြောက် သေသေရတဲ့အတွက် ပြုံးသေမသေဘဲ မဲ့သေဖြစ်ပါတယ်။

သေခါနီး ပါးစပ်လေးဟ၊ မျက်ရည်လေးကျဆိုရင် သေချာပြီ "မျက်ရည်၊ စိတ်သာချ၊ ပြိတ္တာဘဝ" တဲ့။ ပြိတ္တာဘုံရောက်မည့် ဂတိနိမိတ်ကြီး မြင်နေရတာက တစ်မျိုး၊ သားသမီးတွေ ခွဲရမှာက တစ်မျိုးနဲ့ ကြောက်ကြောက်လန့်လန့်နဲ့ မျက်ရည်ကျပြီး သေရတယ်။ အဲဒါ မဲ့သေလို့ခေါ်ပါတယ်။

ဘုရားက သစ္စာသိအောင် ခန္ဓာဉာဏ်ရောက် အလုပ်ကိုလုပ် ပါလို့ ပြောခဲ့ပါလျက်နဲ့ ဘုရားစကား နားမထောင်တော့ မင်္ဂလာ တရားတွေ ချုပ်ငြိမ်းသွားတယ်။ မင်္ဂလာရဲ့ ဆန့်ကျင်ဘက် အမင်္ဂလာ ပြိတ္တာကြီး ဒိုင်းခနဲ ပေါ်လာတော့တာပါပဲ။

# ဒေါသစိတ်သား ရဲလားရမယ်

ကိုယ့်ကိုယ်ကို ခင်မင်စွဲလမ်းပြီး သေတဲ့လူဆိုတာ ရှိသေးတယ်။ အဲဒီပုဂ္ဂိုလ်လည်း ကြောက်သေ သေရတာပါပဲ။ ကျန်းမာရေးကောင်းစဉ်က တရားနာ တရားထိုင်ရအောင်လို့ဆိုရင် ဟိုကိစ္စအကြောင်းပြ ဒီကိစ္စအကြောင်းပြနဲ့ မလုပ်ဖြစ်ဘူး။ သေခါနီးကျတော့ ဝေဒနာက ပေါ်လာပြီး ဒုက္ခဝေဒနာ နာတာကျင်တာတွေ ပေါ်လာတော့ ဝေဒနာတစ်ချက်၊ ဒေါသတစ်ချက်။ ခန္ဓာကိုယ်ထဲမှာ ဝေဒနာက နှိပ်စက်လာတဲ့အခါ ဒေါသနဲ့ သေရတော့မယ်။

ဒေါသဆိုတဲ့ ကံတရားက မသေခင်က ဖြစ်နေတာမို့ ဥပ။ ခန္ဓာကိုယ်ထဲမှာ နှိပ်စက်နေတဲ့ ဝေဒနာတွေက ကမ္မနိမိတ်။ ကမ္မနိမိတ်ဆိုတာ ကံဖြစ်ကြောင်း နိမိတ်ပါ။ ဒေါသက မိုးပေါ်ကကျလာတာ မဟုတ်ဘဲ ဝေဒနာ နှိပ်စက်လို့ဖြစ်လာတာမို့ ဝေဒနာကအကြောင်း၊ ဒေါသကအကျိုး။ အကြောင်းကြောင့် အကျိုးဖြစ်လာတာပါပဲ။

"ဒေါသနဲ့သေ၊ ငရဲပြည်၊ မသွေရောက်တတ်သည်" ဆိုတဲ့အတိုင်း ငရဲနိမိတ်ဖြစ်တဲ့ ငရဲသားတွေ ငရဲခွေးတွေ ဒယ်အိုးကြီးတွေ မီးတောက်တွေ မြင်လာနေရပြီ။ ဒါက ဒေါသရဲ့ သတ္တိပါပဲ။ ဒေါသက ဝေဒနာကြောင့် ဖြစ်တယ်။ ဝေဒနာက ခန္ဓာမှာပေါ်လာတယ်။ ဝေဒနာတစ်ချက်၊ ဒေါသတစ်ချက်။

ကံကမ္မနိမိတ် ဂတိနိမိတ်တွေကို မသေခင်ကတည်းက ကြိုမြင်နေရတာဆိုတော့ ဥပ၊ ရောက်ရမှာက ပတ္တိ၊ ဖြစ်ရမှာက ဘဝ ပေါင်းလိုက်တော့ ဥပပတ္တိဘဝ။

ငရဲနိမိတ်ကို မြင်နေရတာက ဒေါသရဲ့သတ္တိ။ ဒေါသက ကံ။ ကမ္မဘဝကနေ စုတိစိတ်လည်းကျရော ဇာတိလာပြီ။ ငရဲနိမိတ်ကြီး မြင်ပြီးတော့ ကြောက်နေပြီ။ ခန္ဓာပေါ်ဉာဏ်ရောက် သစ္စာမြင်တဲ့အလုပ်

ကို မလုပ်ခဲ့တော့ မရဏာသန္နဇောစောတဲ့အခါ ငရဲနိမိတ်တွေ မြင်ရတာပဲ။

ငရဲနိမိတ်တွေမြင်ပြီး စိတ်ပြန်လည်လာတဲ့အခါ ကြောက်လွန်းလို့ ရုန်းတယ်။ ခြေတွေလက်တွေကုပ်၊ နှုတ်ခမ်းတွေကိုက်၊ မျက်လုံးကပြူး၊ အသံက မပီမသ ထွက်လာပြီး သေရရော။ ငရဲနိမိတ်မြင်ပြီး ကြောက်နေတာ ဒေါသကြောင့်ပါပဲ။ သေပြီလည်းဆိုရော ငရဲကို တန်းကျတာပဲ။

ငရဲနိမိတ်မြင်ပြီး သေတဲ့ပုဂ္ဂိုလ်ဟာ ကြောက်ကြောက်လန့်လန့်နဲ့ သေရတယ်။ ပြုံးသေ မသေဘဲ မဲ့သေ သေရပါတယ်။ အဲဒီလို မသေချင်ဘူးဆိုရင်တော့ ခန္ဓာဉာဏ်ရောက် ဖြစ်ပျက်မင်္ဂကိုက်အောင် လုပ်ထားပါ။ ဖြစ်ပျက်မင်္ဂကိုက်နေရင် ဒေါသမလာတော့တဲ့အတွက် ငရဲနိမိတ် ပေါ်မလာတော့ပါဘူး။ ဖြစ်ပျက်မင်္ဂကိုက်တဲ့ ပုဂ္ဂိုလ်ဟာ အာရုံလေးက ငြိမ်းပြီး စုတိစိတ်ကျတဲ့အခါ နိဗ္ဗာန်အာရုံပဲ တွေ့ရမယ်။ သစ္စာသိတဲ့ပုဂ္ဂိုလ်ဟာ နိဗ္ဗာန်ကို အာရုံပြုပါတယ်။

## တိရစ္ဆာန် အသူရကာယ် ဖြစ်နိုင်မှုယ်

အကုသိုလ် သိပ်များတဲ့ပုဂ္ဂိုလ်တွေ သေပြီဆိုရင်လည်း ကြောက်သေ သေရတာပါပဲ။ တစ်သက်လုံး လုပ်ခဲ့တဲ့ အကုသိုလ်တွေက သေခါနီးကျတော့ အရိပ်ပေါ်လာတယ်။ အဲဒီအရိပ်တွေ ဖျောက်ရကောင်းမှန်း မသိဘူး။ မဖျောက်တတ်တော့ဘူး။ အဲဒါ မောဟပဲပေါ့။

နဂိုက ခန္ဓာဉာဏ်ရောက် အလုပ်တွေ မလုပ်ခဲ့တော့ ဖျောက်နည်းကိုလည်း သူ မသိခဲ့ဘူးလေ။ မသိတာက အဝိဇ္ဇာ။ တရားကိုယ်ကောက်တော့ မောဟ၊ "မောဟနဲ့သေ၊ တိရစ္ဆာန်ပြည်၊ မသွေရောက်တတ်သည်" သေခါနီးမှာ ခွေးရဲ့ဝမ်းရေ၊ နွားဝမ်းရေ၊ ကျွဲဝမ်းရေ စတာတွေကို မြင်လာပြီ။

အဲဒီအချိန်ကျတော့ ရောဂါကလည်းဖောက်၊ တိရစ္ဆာန်ဖြစ်ရမှာ ကြောက်နဲ့ ရောဂါဝေဒနာ နှိပ်စက်တဲ့အခါမှာ ရင်ဘတ်ကြောတွေ တင်းလာတယ်။ ရင်ဘတ်ကြီးက မောက်လာတယ်။ ပါးစပ်က ဟလာပြီး အသက်ရှူရတာ မဝတော့ဘူး။ လျှာကလည်း ထွက်လာပြီ။ တိရစ္ဆာန် နိမိတ်ကိုမြင်ပြီးတော့ ကြောက်လန့်ပြီး ဖြစ်နေတာနော်။

ကြောက်လည်း သေရတာပဲမို့ 'ကြောက်သေ'၊ မဲ့ပြီးသေရတာမို့ 'မဲ့သေ' ခန္ဓာပဋိစ္စသမုပ္ပါဒ် နားမလည်တဲ့သူသေရင် ကြောက်သေ သေရတာပဲ။

ငါသေရင် ဘာများဖြစ်မှာပါလိမ့်လို့ သံသယနဲ့ သေတဲ့သူကျတော့ "ဝိစိကိစ္ဆာနဲ့သေ အသူရကာယ်ပြည်" တဲ့။ နေ့စံ ညခံဆိုတဲ့ အသူရကာယ်ဖြစ်ရတော့မယ်။ သံသယ ဝင်လာတာနဲ့ လောဘအရိပ် ဒေါသအရိပ် မောဟအရိပ် အမျိုးမျိုး ပေါ်လာပါတယ်။ နောက်ဆုံး သံသယစွဲပြီး သေတော့ အသူရကာယ်ပြည် ရောက်သွားရော။

ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်အလုပ် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်တဲ့ ဝိပဿနာအလုပ် မလုပ်ခဲ့ရင် တိရစ္ဆာန်လည်း ဖြစ်မှာပဲ။ အသူရကာယ်လည်း ဖြစ်နိုင်တာပဲ။ ဖြစ်ပျက်ရှုနေမှ ဉာဏ်က ဖြစ်ပျက် မဂ်ကိုက်နေတော့ မောဟ မလာဘူး။ မောဟ မလာရင် တိရစ္ဆာန်နိမိတ် ပေါ်စရာမလိုတော့ဘူး။ ကျိုးကြောင်း နိယာမကို သိထားတော့ သံသယဖြစ်စရာ မလိုလို့ အသူရကာယ်လည်း ဖြစ်စရာ မရှိတော့ပါဘူး။

## သစ္စာမြင်မှ စိတ်ချရမယ်

ခန္ဓာပေါ်ဉာဏ်ရောက်အောင် လုပ်နေတဲ့သူဟာ ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ အကြောင်းတရား ကိလေသာတွေက သမုဒယသစ္စာ။ အကြောင်းတရားချုပ်တဲ့အတွက် အကျိုးခန္ဓာ အပါယ်လေးပါးကျစရာ မလိုတော့ပါဘူး။

ခန္ဓာပေါ်ဉာဏ်ရောက်နေတဲ့အတွက် နတ်သမီး နတ်ရထား နတ်ဥယျာဉ်ဗိမာန်ဆိုတဲ့ နတ်ပြည်နိမိတ်တွေ မြင်နေရပြီ။ ဖြစ်ပျက်မင်္ဂ၊ ဖြစ်ပျက်မင်္ဂဆိုပြီး 'ဖျတ်' ခနဲ စုတိစိတ်ကျတော့ နတ်ခန္ဓာ ရသွားတယ်။ ရေအိုးနဲ့တူတဲ့ လူ့ခန္ဓာကိုစွန့်ပြီး ရွှေအိုးနဲ့တူတဲ့ နတ်ခန္ဓာ ရသွားတယ်။ နတ်ပြည်ရောက်တာနဲ့ သောတာပန် တည်မှာပဲ။

ခန္ဓာဉာဏ်ရောက် ဝိပဿနာလုပ်ရင် ဒီဘဝ သောတာပန် မ ‌ည်တောင်မှ ဒုတိယဘဝမှာ နတ်ခန္ဓာရပြီး သောတာပန်တည်ပါတယ်။ အပါယ်လေးဘုံ ကျစရာမလိုတော့ဘူး။ နတ်ပြည်နိဗ္ဗာန်ကို ကြိုတင်မြင်နေရတဲ့အတွက် ပြုံးသေ သေသွားပါပြီ။

"ပြုံးသေဖြစ်မှ စိတ်ချရ" တဲ့။ ပြုံးသေဖြစ်ချင်ရင် ခန္ဓာပေါ် ဉာဏ်ရောက်အောင် လုပ်ခဲ့ပေတော့။ သစ္စာလေးချက်မြင်အောင် လုပ်ခဲ့ပေတော့။ "လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ" ဆိုတဲ့အတိုင်း အမြင်ကြည်လင်လာတဲ့အခါ "ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း အလင်းပေါက်နိုင်စေ" အလင်းပေါက်သွားပါပြီ။

ဖြစ်ပျက်မင်္ဂကိုက်ပြီး သေရတဲ့ပုဂ္ဂိုလ်ဟာ ကိုယ်သေမည့်ရက်ကို ကြိုတင်သိတယ်။ မျက်စိလန်တာတွေ၊ အကြောဆွဲတာတွေ မရှိတော့ဘူး။ သေရင်လည်း ပျော့ပျော့ပျောင်းပျောင်းနဲ့ အပုပ်နံ့လည်း ကင်းပါတယ်။ ပြုံးသေ သေရတဲ့ပုဂ္ဂိုလ်မို့လို့ အပါယ်လေးဘုံ မကျတော့ဘူးဆိုတာ စိတ်ချရသွားပါတယ်။

စိတ်ချရအောင် "အရိယသစ္စာနဒဿနံ–လေးပါးသစ္စာဉာဏ်မြင်ကြည့်လို့ အမှန်သိအောင် ကြိုးစားလေ" "မင်္ဂလာနဲ့ နိဗ္ဗာန သစ္ဆိကိရိယာစ–ဒုက္ခလွတ်ကင်း နိဗ္ဗာန်ချဉ်း အလင်းပေါက်နိုင်စေ" မင်္ဂလာ နှစ်ပါးနဲ့အညီသာ ကြိုးစားခဲ့ကြပါတော့။ သစ္စာလေးပါး သိမြင်နိဗ္ဗာန်ချဉ်းလို့ အလင်းပေါက်ပြီဆိုရင်ဖြင့် ပြုံးသေသေဖို့ စိတ်သာချပေတော့။

# လှိုင်းဂယက်နဲ့ လှေငယ်ရှင်

## မင်္ဂလာအမှတ် (၂၈)

7B

## လောကဓံလှိုင်းထဲဝယ်

(၃၈) ဖြာ မင်္ဂလာတရားတော်မှာ ရှင်တော်မြတ်ဘုရား ဟော ကြားတော်မူတာက–

**ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿန ကမ္ပတိ။**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံမင်္ဂလမုတ္တမံ။**

မြန်မာလင်္ကာနဲ့ဆိုရင်–
**ဆင်းရဲချမ်းသာ သဘာဝ၊ တွေ့ကြုံနေကြ လူတိုင်းပေ။**
**ကောင်းဆိုးနှစ်တန် အစုံတွဲလို့၊ တလဲစီလှည့် အမြဲနေ။**
**လောကဓံကြုံ မဖြုံတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်စေ။**
**သောကကိုထိန်း ရမ္မက်သိမ်း၊ အေးငြိမ်းချမ်းသာစေ။**
**အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။**

လောကဓံဆိုတဲ့ သဘောတရားဟာ လောကဓမ္မက လာပါ တယ်။ လောကတစ်ပုဒ်၊ ဓမ္မတစ်ပုဒ်။ လောကဆိုတာက “လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော” ဖြစ်ပြီး ပျက်တတ်လို့ လောကတဲ့။ အဲဒီ ဘာသာပြန်ကိုကြည့်ရင် ဘယ်အရာမှ မတည်မြဲဘူးဆိုတာ သဘော

ပေါက်ရမှာပါ။ လောကီမှာလည်း မမြဲ၊ လောကုတ္တရာမှာလည်း မမြဲ။ သဝိညာဏက သက်ရှိတွေလည်း မမြဲ၊ အဝိညာဏက သက်မဲ့အရာဝတ္ထုတွေလည်း မမြဲပါဘူး။ အမြဲတမ်း ဖောက်ပြန်ပျက်စီးနေတတ်တဲ့အတွက် "လောက" ပါတဲ့။

ဓမ္မဆိုတာက "အတ္တနောသဘာဝံ ဓာရေတီတိဓမ္မော" သူ့သဘော သူဆောင်တဲ့အတွက် ဓမ္မတဲ့။ ဓမ္မကို အားလုံးသိကြတာကတော့ "တရား" ပေါ့။ သူ့သဘော သူဆောင်းပြီး ဖြစ်နေတာမို့ ကိုယ်ဖြစ်တာ ဘယ်ဟာမှ ဖြစ်လို့မရပါဘူး။ တို့တစ်တွေက ဖြစ်ချင်တဲ့ဆန္ဒနဲ့ လှုပ်ရှားရုန်းကန်ခဲ့တဲ့အတွက် ဒုက္ခတွေ အများကြီး တွေးခဲ့ရတယ်။

လောကဓမ္မကို ပါဠိသတ်နဲ့ သုံးလိုက်တော့ "လောကဓံ" ဖြစ်သွားတယ်။ လောကဓံတရားရှစ်ပါးက လာဘော အလာဘော၊ ယသော အယသော၊ နိန္ဒာ ပသံသာ၊ သုခံ ဒုက္ခံ။ အဲဒီ ရှစ်ပါးမှာ မကောင်းတဲ့လောကဓံက လေးပါး။ ကောင်းတဲ့လောကဓံက လေးပါး။ အကောင်းနဲ့အဆိုးပေါ့။ "ကောင်းဆိုးနှစ်တန် အစုံတွဲလို့ တစ်လှည့်စီလှည့် အမြဲနေ" တဲ့။

လောကဓံရှစ်ပါးက လှိုင်းနဲ့တူပါတယ်။ လှိုင်းရဲ့သဘာဝက ရေနဲ့ကင်းလို့ မရဘူး။ လှိုင်းဆိုတာ ရေပြင်ထဲမှာပဲ ရှိတယ်။ ရိုးရိုးလှိုင်းက ပင်လယ်သမုဒ္ဒရာ ရေပြင်ထဲမှာရှိပြီး လောကဓံလှိုင်းကတော့ သံသရာ ရေပြင်ကျယ်ထဲမှာ ရှိပါတယ်။

သံသရာဆိုတာကတော့ တို့တစ်တွေမှာ ခန္ဓာရယ်လို့ ရလာတဲ့အခါ အိုလိုက်ရ နာလိုက်ရ သေလိုက်ရနဲ့ အိုနာသေ ထပ်ကာထပ်ကာ ဖြစ်နေတာကို ဆိုလိုပါတယ်။ တို့တစ်တွေ အိုနာသေ သံသရာပင်လယ်ရေပြင်ကျယ်ကြီးကို အလျားလိုက်တစ်မျိုး မှောက်ခုံတစ်သွယ် ပုံစံအမျိုးမျိုးနဲ့ ကူးခတ်လာခဲ့ရတာ ဘဝပေါင်းများစွာပါနော်။

လှိုင်းဂယက်တွေကြားထဲမှာ သွားလာလှုပ်ရှားနေကြရတဲ့ တို့တစ်တွေရဲ့ ခန္ဓာကိုယ်က လှေနဲ့တူပါတယ်။ သွားလာလှုပ်ရှားရင်း အသက်နဲ့အမျှ ငယ်စဉ်ကနေ ယနေ့အထိ ကောင်းဆိုးနှစ်တန် သဘာဝဆိုတဲ့ လောကဓံလှိုင်းတွေကို အမြဲတမ်း တွေ့နေကြရတယ်။ သံသရာရေပြင်ကျယ် လှိုင်းတွေအပေါ်မှာ လှေကလေး သွားနေတာပေါ့။

လှိုင်းဆိုတာ ငြိမ်တဲ့အမျိုး မဟုတ်တော့ ပုတ်ခတ်နေမှာပဲ။ လှိုင်းပုတ်တိုင်းသာ လှေကလှုပ်နေရင် မြုပ်ရုံရှိတော့မှာပေါ့။ လှိုင်းပုတ်တိုင်း လှေမမြုပ်ရအောင် လှေကို ငြိမ်ငြိမ်လေးနဲ့ ကိုယ်လိုရာ ခရီးပန်းတိုင်ရောက်အောင် တက်လိုတယ်၊ လက်လိုတယ်၊ ရွက်လိုတယ်။ တက်–လက်–ရွက်တွေက ကံဉာဏ်ဝီရိယ သီလသမာဓိပညာပါပဲ။

ခန္ဓာအိမ်ဆိုကဲ့ လှေကလေး အိုနာသေ သံသရာရေယာဉ်ကြောမှာ ဖြတ်သန်းရင်း လောကဓံလှိုင်းတွေနဲ့ တွေ့တဲ့အခါ ကိုယ်လိုရာပန်းတိုင် တည်တည်ငြိမ်ငြိမ် ရောက်နိုင်အောင် ကံဉာဏ်ဝီရိယ သီလသမာဓိပညာ တက်ကုန်နှင့် လက်ကုန်သုံး ရွက်စုံဖွင့်ပြီးတော့ သွားကြရပါလိမ့်မယ်။

## လှိုင်းပုတ်တိုင်း လှေမလှုပ်ပါစေနဲ့

လာဘော အလာဘော စတဲ့ လောကဓံလှိုင်းဂယက်တွေက တို့တစ်တွေလို သာမာန်ပုထုဇဉ်မဆိုထားနဲ့ ဘုန်းတော်အနန္တ တန်ခိုးတော်အနန္တ ပိုင်ရှင် ဘုရားမြတ်စွာကိုတောင်မှ ချမ်းသာမပေးခဲ့ပါဘူး။ ဝေရဉ္ဇာပြည်မှာ ဘုရားရောက်တော်မူနေတဲ့အချိန် ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်တော့ ဝတ်မွတ်ခေါင်းပါး စားစရာမဲ့သောက်စရာမဲ့ ဘေးကြီးကို လူတွေနဲ့အတူ ဘုရားလည်း လွတ်တော်မမူရှာခဲ့ပါဘူး။

လောကဓံဆိုတာက မြင့်တဲ့အခါမြင့်၊ နိမ့်တဲ့အခါနိမ့်ပေါ့။ မြင့်

တက်သွားတဲ့အခါမှာ "ငါ့လောက်မြင့်တာ မရှိဘူး" လို့ အောက်ခြေ မလွတ်လိုက်ပါနဲ့ အရှိန်ကုန်တာနဲ့ အောက်ကို ပြန်ပြုတ်ကျလာမှာ ပါ။ ပိုမြင့်လေ ကျတဲ့အခါ ပိုနာလေပါပဲ။ နိမ့်ကျနေတဲ့သူကလည်း "ငါ့လောက်နိမ့်ကျတာ မရှိပါလား" လို့ စိတ်မပျက်ပါနဲ့ ကျပြီးရင် ပြန်တက်လာမှာပေါ့။ အနိမ့်အမြင့်ကြားမှာ ကိုယ်က ဟန်ချက်ညီ အောင် ထိန်းတတ်ဖို့ပဲ လိုပါတယ်။

လှိုင်းပုတ်တိုင်းသာ လှေကလှုပ်နေရင် ဒီလှေကလေး မြုပ်ရုံ ပဲရှိမယ်။ လှိုင်းက ငြိမ့်ငြိမ့်လေးဖြစ်နေတဲ့အချိန်မှာ ကိုယ်က မေ့မျော နေရင်လည်း ကျောက်ဆောင်နဲ့ ဝင်တိုက်တတ်ပါတယ်။

ကောင်းတဲ့လောကဓံနဲ့တွေ့တော့ သာသာယာယာနဲ့ လောဘ လေးနဲ့ နေလိုက်တယ်။ မျောပြီးတော့ ရေသာခိုနေလိုက်တာ ကူးခတ် ရုန်းကန်မနေတော့ဘူး။ သိပ်ဂရုစိုက်ပြီး ကြည့်မနေတော့ဘူး။ လှေ ထဲမှာ မှေးပြီးတော့ လိုက်သွားတယ်။ ပင်လယ်ထဲမှာ ကျောက်ဆောင် တို့ ဝဲတို့နဲ့ ရုတ်တရက် တွေ့ပြီဆိုရင် ဘာမှမလုပ်တတ်တော့ဘူး။ ရှောင်ချိန် တိမ်းချိန်မရဘဲ ကျောက်ဆောင်နဲ့တိုက်ပြီး မြုပ်သွားမယ်။ ငါးစာလိပ်စာ ဖြစ်တော့မယ်။ ဝဲစုပ်ပြီးလည်း မြုပ်သွားနိုင်တာပဲနော်။

အဲဒီလိုဖြစ်ရတာ လှေရဲ့အပြစ်မဟုတ်သလို လှိုင်းရဲ့အပြစ်လည်း မဟုတ်ပါဘူး။ သူ့သဘာဝနဲ့သူ ဖြစ်နေတာပါ။ လှိုင်းအပြစ်လို့လည်း မယူနဲ့၊ လှေအပြစ်လို့လည်း မယူနဲ့။ လောကကြီးကိုလည်း အပြစ် မတင်နဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်မတင်ပါနဲ့။

ကျောက်ဆောင်တို့ ဝဲတို့နဲ့ တွေ့ချင်တွေ့နိုင်တာပဲလို့ နဂို ကတည်းက ကြိုတွေးထားပြီး ကံဉာဏ်ဝီရိယ သတိသမာဓိပညာဆိုတဲ့ တက်တွေ လက်တွေ ရွက်တွေနဲ့ ထိန်းသိမ်းစောင့်ရှောက် ကူးခတ်ခဲ့ ရမှာပါ။ ထိန်းသိမ်းစောင့်ရှောက်ဖို့လိုကြောင်း သိထားနှင့်ရမှာပါ။

ထိန်းသိမ်းစောင့်ရှောက်ရကောင်းမှန်း မသိတာ အဝိဇ္ဇာရဲ့သတ္တိ

ဖြစ်ပါတယ်။ အဝိစ္ဇာက ဖုံးလွှမ်းထားတော့ ငွေကြေးကြောင့် ရိုင်းရတာနဲ့ ရုပ်ရုံကြောင့် ရိုင်းရတာနဲ့၊ စာတတ်လို့ရိုင်းရတာနဲ့၊ ရာထူးရှိလို့ရိုင်းရတာနဲ့။ မိုးမမြင် လေမမြင် အမျိုးမျိုးအဖုံဖုံ ရိုင်းတတ်ကြတာ လောကဓံသဘောကို တကယ် နားမလည်လို့ ဖြစ်နေကြတာပဲ။ လှိုင်းပုတ်တိုင်း လှေလှုပ်ပါများတော့ မြုပ်သွားတတ်ပါတယ်။

## ရှက်စရာကိုသာ ရှက်တတ်ပါ

ဘုရားမြတ်စွာ ဝေရဉ္စာပြည်မှာ ဝါကပ်တော်မူချိန် အစာရေစာရှားပါးနေတော့ ဆွမ်းရဖို့ ခက်နေတယ်။ အဲဒီမှာ မြင်းကုန်သည်တွေက ဝေရဉ္စာမှာ တစ်ဝါတွင်းလုံး မိုးခိုစခန်းချနေကြတယ်။ ဘုရားရှင်နဲ့ သံဃာတော်တွေ ဆွမ်းခက်ခဲနေမှန်းသိတော့ မြင်းကုန်သည်တွေက သူပိုင်မှာရှိတဲ့ မုယောဆန်လေး လောင်းလှူကြတာတဲ့။ မုယောဆန်က သိပ်ကြမ်းတော့ ဘုရားရှင်နဲ့ သံဃာတော်တွေကိုယ်တိုင် ထောင်းထုပြီးမှ ဘုဉ်းပေးကြရရှာသတဲ့။

လောကဓံနဲ့ ကြုံတဲ့အခါ "ဘုရားတောင်မှ ကြုံခဲ့ရသေးတာပဲ" လို့ နှလုံးသွင်းရမယ်။ လောကဓံနှစ်မျိုးထဲက ကောင်းတဲ့လောကဓံလှိုင်းပုတ်ရင် လောဘလှိုင်းလှုပ်တယ်။ မကောင်းတဲ့ လောကဓံလှိုင်းပုတ်ရင် ဒေါသလှိုင်းလှုပ်တယ်။ လောဘလှိုင်း ဒေါသလှိုင်းတွေ ကြမ်းလာတဲ့အခါ လှေမြုပ်ရုံပဲ ကျန်ပါတော့တယ်။

လောဘ ဒေါသရဲ့ နှိပ်စက်ခံရရင် တို့တစ်တွေရဲ့ခန္ဓာက မခံနိုင်ပါဘူး။ ဒါကြောင့် တချို့များ ငယ်ငယ်ရွယ်ရွယ်နဲ့ အိုမင်းနေကြတာပေါ့။ လောကဓံကတော့ တွေ့နေမှာပဲ။ တွေ့တိုင်း လောဘ ဒေါသအနှိပ်စက်ခံနေရရင် ရင်ထဲမှာ ကိလေသာမီးတွေ လောင်မြိုက်နေရင် မြန်မြန် အသက်တိုတတ်ပါတယ်။ သက်တမ်းရှည်ရှည်နဲ့ သူတော်

ကောင်းတရား ပွားများနေချင်သေးတယ်ဆိုရင်တော့ လောကဓံကို သည်းခံနိုင်ဖို့ အရေးကြီးပါတယ်။

ဆွမ်းအခက်အခဲကြောင့် မုယောဆန်ကြမ်းကို ပြန်ထောင်းပြီးမှ ဖြေရှင်းနေရတာကို ဘုရားရှင်က ချီးမွမ်းတော်မူပါတယ်။ ခုခေတ်မှာ ကြွပ်ကြွပ်အိတ်နဲ့ ဆန်ဝယ်ရတာ ရှက်စရာမဟုတ်ဘူးနော်။ ဘုရားတောင်မှ ဆန်ကြမ်းစားခဲ့ရသေးတာပဲ။ ဆန်အိုးထဲ ဆန်မရှိဘဲနဲ့ အပျော်အပါး မလျှော့တာကမှ ရှက်စရာ။ အရက်ကလေး တမြမြလုပ်တာ၊ လောင်းကစားလုပ်တာ၊ လိမ်ညာ ကောက်ကျစ်တာကမှ ရှက်စရာကောင်းတာပါ။

ကိုယ့်အနေအထား ကိုယ့်အဆင့်အတန်းကို သိရပါတယ်။ ရာထူးကျတာလည်း ရှက်စရာမဟုတ်ဘူး။ စီးပွားရေးကျတာလည်း ရှက်စရာမဟုတ်ဘူး။ စာရိတ္တ ပျက်စီးသွားတာကမှ ရှက်စရာပါ။ ရှက်ရမည့်အရာ မရှက်၊ မရှက်ရမည့်အရာမှ ရှက်နေကြတော့ "အမှားကြာရင် အမှန်ဖြစ်၊ အမှန်စင်စစ် အမှားထင်၊ ဘုရားရှင်တောင် ဟောလို့မကျွတ်" ဆိုတာလို လောကမှာ ပျက်စီးဖို့ကြုံလာရင် အနှစ်ကို အကာ၊ အကာကို အနှစ်လုပ်ဖြစ်တတ်ကြတယ်။ အကာကို အနှစ်ထင်ပြီးတော့ တမ်းတမ်းစွဲ ငမ်းငမ်းတက်လိုက်ကြတယ်။ အနှစ်ကို အနှစ်မှန်းမသိတဲ့အတွက်ကြောင့် အပိုအလုပ်တွေပါကွာလို့ ယူဆကြတယ်။ ဒါဟာ ပျက်စီးဖို့အကြောင်းတရား ဖန်လာတာလို့ သဘောပေါက်ပါ။

## စိတ်ကိုရှုတာ သည်းခံခြင်းပါ

လောကဓံဆိုတာ သူသူကိုယ်ကိုယ် မလွဲမရှောင်သာ ကြုံကြရတာချည်းပါပဲ။ လောကဓံ လှိုင်းပုတ်တဲ့ဒဏ်ကို ကြံ့ကြံ့ခံနိုင်ဖို့ပဲ

လိုတာပါ။ လောကဓံကို ဘယ်လိုနည်းနဲ့ ကြံ့ကြံ့ခံရမှာလဲဆိုတော့ စိတ္တာနုပဿနာနည်းနဲ့ ကိုယ့်စိတ်ကိုယ် ရှုပွားနေကြရမှာ ဖြစ်ပါတယ်။

ဘုရားကိုယ်တော်မြတ်က "ဖုဋ္ဌဿ လောကဓမ္မေဟိ" အစရှိတဲ့ဂါထာနဲ့ လောကဓံကို လက်ခံနိုင် သည်းခံနိုင်အောင်လို့ ကိုယ့်စိတ်ကိုရှုဖို့ပဲ မိန့်တော်မူခဲ့တာပါ။ သူများစိတ်ကို အကဲခတ်နေမည့်အစား ကိုယ့်စိတ်ကိုပဲ အကဲခတ်ပါ။ သူက စိတ်ကောင်းရှိတယ်။ သူက စိတ်ယုတ်မာရှိတယ်လို့ တွေးမနေပါနဲ့။ ကိုယ့်စိတ်ဟာ လောဘဖြစ်နေသလား၊ ဒေါသဖြစ်နေသလား၊ ဣဿာမစ္ဆရိယ ဖြစ်နေသလားလို့ ပေါ်လာဆဲ ပေါ်လာဆဲ စိတ်တိုင်းစိတ်တိုင်းကို နောက်ကဉာဏ်လေးလိုက်လို့ ရှုပွားနေရပါမယ်။

ဉာဏ်နဲ့လိုက် မရှုဘဲ ပစ်ထားလို့ရှိရင် အဲဒီပေါ်နေတဲ့စိတ်က အကောင်းအထည်ပေါ်သွားပြီး ကာယကံကြမ်းတမ်းမှု ဝစီကံကြမ်းတမ်းမှုတွေ ဖြစ်သွားတတ်ပါတယ်။ အဲဒါကြောင့် ကိုယ့်စိတ်ကိုယ်ရှုဖို့ ဘုရားဟောတော်မူတာပါ။

စိတ်ကိုရှုပွားတဲ့ ပုဂ္ဂိုလ်ဟာ "ဖုဋ္ဌဿလောကဓမ္မေဟိ စိတ္တံယဿ နကမ္ပတိ" လောကဓံနဲ့ တွေ့တဲ့အခါမှာ အဲဒီလောကဓံကို သည်းခံနိုင်တယ်။ ကောင်းတဲ့လောကဓံနဲ့တွေ့လည်း အောက်မေ့ မလွတ်တော့ဘူး။ မကောင်းတဲ့ လောကဓံနဲ့တွေ့လည်း စိတ်ဓာတ်မကျတော့ဘူး။ ဘယ်လောကဓံနဲ့ပဲတွေ့တွေ့ စိတ်ကလေးက မတုန်လှုပ်တော့ဘဲ တည်ငြိမ်သွားတယ်။ သည်းခံနိုင်သွားတယ်။

နောက်ပြီးတော့ စိတ်ကိုရှုပွားနေတဲ့ ပုဂ္ဂိုလ်ဟာ "အသောကံ" သောကကင်းတယ်။ ပူဆွေးသောကတွေ မလာတော့ဘူး။ "ဝိရဇံ" ရမ္မက်မြူ ကိလေသာမြူ မရှိဘူး။ "ခေမံ" သောတာပန် မြန်မြန်တည်နိုင်ပါတယ်တဲ့။ ကိုယ့်စိတ်ကိုယ် ရှုပွားခြင်းရဲ့အကျိုးတရားတွေ ဖြစ်ပါတယ်။

ရမ္မက်မြူ ကိလေသာမြူဆိုတော့ ကိလေသာ ဆယ်ပါး ရှိတဲ့ အထဲက ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ မပြုတ်ဘဲနဲ့ သောတာပန် တည်ရိုးထုံးစံ မရှိပါဘူး။ ဒိဋ္ဌိမြန်မြန်ပြုတ်ချင်တယ်ဆိုရင်လည်း ကိုယ့်စိတ်ကိုယ် ရှုရမှာပါပဲ။ ကိုယ့်စိတ်ကိုယ် ပိုင်ပိုင်နိုင်နိုင် ရှုပွားခဲ့ရင် လောကဓံကို သည်းခံနိုင်ရုံမက သောတာပန်ပုဂ္ဂိုလ်တောင် ဖြစ်နိုင်ပါသေးတယ်။

## ဖြစ်ပျက်ကိုသာ ရှုစမ်းပါ

"လောကဓံကြုံ မဖြုန်တမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်လေ" လောကဓံကို သည်းခံပါတဲ့။ လောကဓံကို သည်းခံရင် ဘယ်လိုကောင်း တယ်ဆိုတာတင်မက သည်းခံနိုင်တဲ့ကျင့်စဉ်ကိုပါ နည်းပေးထားပါ တယ်။ ဘုရားရှင်လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ဖော်စပ်ခဲ့တဲ့ဆေး၊ ဆေးမယ်က သုံးမျိုးတည်းရမယ်။ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတဲ့။ လက္ခဏာရေးသုံးပါး ဆေးကိုသာ မှန်မှန် သောက် ရောဂါပျောက်မယ်တဲ့။

အဲဒီဆေးက မနက်နေ့ည သုံးခွက်ကြီးတောင် သောက်ရမှာ ပျင်းစရာကောင်းတယ်ဆိုရင် တစ်ရက်တစ်ကြိမ်တည်း သောက်ရတဲ့ ဆေးကိုပြောမယ်။ ဖြစ်ပျက်သာရှုတဲ့။ သုံးခွက်တစ်ခွက်ပဲ သောက် ရမှာ "ဂွတ်" ဆိုပြီးတော့သာ မျိုချလိုက်ပါ။ ဒါပေမဲ့ မှန်မှန်တော့ သောက်ဖို့လိုတယ်နော်။ ဖြစ်ပျက်မဂ်ကိုက်အောင်သာလုပ် ရောဂါဘယ တွေ အကုန်ပျောက်ပါတယ်။

လောကဓံကို သည်းခံနိုင်ဖို့ ကိုယ့်စိတ်မှာ ပေါ်လာတဲ့သဏ္ဌာန် ကိုရှု၊ မကောင်းတဲ့ လောကဓံ ကြုံလာတဲ့အခါ မရှုနိုင် မကယ်နိုင် နဲ့ ရင်ဘတ်စည်တီး ဒေါသဖြစ်လာမယ်။ မကောင်းတဲ့ လောကဓံ နဲ့တွေ့ရလို့ မကျေမနပ်ဖြစ်တဲ့ ဒေါသဟာ မနောထဲမှာ ပေါ်လာလို့ ရှိရင် "ဒေါသပေါ်လား" လို့ သိပေးလိုက်ပါ။

ဒေါသလို့ သိပေးလိုက်တဲ့အခါကျတော့ ဥပါဒါန်တို့ ကံတို့ ကြမ်းကြမ်းတမ်းတမ်းတွေ မလာတော့ဘူးပေါ့။ ဒီလို ဒေါသလေးပါလားလို့ သိနေတာဟာ သမ္မသနရှုနည်း။ သမထယာနိက လမ်းစဉ်။ သမထအဆင့်ပဲ ရှိပါသေးတယ်။ သမထကလည်း သူ့အစွမ်းနဲ့သူ နေဘ်။ ကိလေသာကို တားတတ်တယ်။ အနာကို သက်သာအောင် ကုတဲ့ဆရာနဲ့တူတယ်တဲ့။

ဥဒယဗ္ဗယရှုနည်း ရှိသေးတယ်။ ဥဒယဆိုတာ ဖြစ်တာ၊ ဝယဆိုတာ ပျက်တာ။ ဧကံစိတ္တံ သမာဟိတံ။ ဧကံ–တစ်ပါးသော၊ စိတ္တံ–စိတ်သည်၊ သမာဟိတံ–တစ်ဌာနတည်း၌ ကောင်းစွာ ဖြစ်ပေါ်၏ ဆိုတဲ့အတိုင်း ဌာနတစ်ခုတည်းမှာ စိတ်နှစ်ခုလုံး ပြိုင်ပြီး ဖြစ်ပေါ်ရိုးထုံးစံ မရှိပါဘူး။

မကျေနပ်တဲ့ ဒေါသစိတ်ကလေးပေါ်တော့ မနောမှာ ပေါ်တယ်။ ဒေါသစိတ်ပါလားလို့ သိတဲ့စိတ်ကလည်း မနောမှာပဲ ပေါ်တာပဲ။ တစ်ဌာနတည်း စိတ်နှစ်ခုပြိုင်ပြီး မပေါ်တဲ့အတွက် ဒေါသပါလားလို့ သိလိုက်တဲ့အခါ သိလိုက်တဲ့စိတ်လေးပဲ ရှိတယ်။ မရှိတာကို မရှိပါလားလို့ သိတဲ့ဉာဏ်ဟာ ဝိပဿနာပါပဲ။

ဒေါသကို ဒေါသလို့မှတ်တာက သမထ။ ဒေါသပါလားလို့ သိတာက ဝိပဿနာ။ ဝိပဿနာ တိုက်ရိုက်သွားစေချင်လို့ ဥဒယဗ္ဗယရှုနည်းကိုပြတာပါ။ "ဒေါသစိတ်ကလေး မရှိတော့ပါလား" လို့ ရှုရပါတယ်။

ဒေါသစိတ်ကလေးပါလားလို့ သိတာက အဖြစ်ကိုသိတာ။ မရှိပါလားလို့ ဆုံးဖြတ်တာက အပျက်ကိုသိတာ။ ဖြစ်တာက ဥဒယ၊ ပျက်တာက ဝယ၊ သိတာက ဉာဏ်။ ပေါင်းလိုက်တော့ ဥဒယဗ္ဗယဉာဏ်။

ဒေါသစိတ်ကလေး မရှိတော့ပါလားလို့ ရှုလိုက်တဲ့အတွက်

နောက်က ဥပါဒါန်တွေ မပေါ်တော့ဘူး။ ဥပါဒါန်မှ မပေါ်တော့ရင် ကြမ်းတမ်းတဲ့ ကာယကံ ဝစီကံ မနောကံတွေ မဖြောက်တော့ဘူး။ ဥပါဒါန်ကံတွေချုပ်တာ သမုဒယသစ္စာ သေတာဖြစ်ပါတယ်။

## အခုရှု အခုငြိမ်းတဲ့နည်း

သစ္စာနဲ့ နှယ်ပြီးကြည့်ရင် ဒေါသစိတ်ကလေးက မနောမှာ ပေါ်တယ်။ ဒေါသစိတ်ကလေး ပေါ်လာတဲ့အချိန်မှာ ဒေါသစိတ်လေး ပါလားလို့ သိလိုက်တဲ့အချိန်မှာ အဲဒီဒေါသစိတ်ကလေး မရှိတော့ဘူး။ ဒေါသစိတ်ကလေးက အပျက်၊ သိတဲ့ဉာဏ်က မဂ်။

ဒေါသစိတ်ပေါ်ရင် လူတွေမှာ 'ဆတ်ဆတ် ဆတ်ဆတ်' နဲ့ ဟဒယမှာ ရိုက်ချက်တွေက ပြင်းလည်းပြင်းတယ်၊ မြန်လည်းမြန်တယ်။ အရပ်သုံးစကားနဲ့ပြောရင် ရင်ထဲမှာ သွေးခုန်တာ ပြင်းလာတယ်။

ငြိမ်သက်နေတဲ့ ကန်ရေပြင်မှာ ခဲလေးတစ်လုံးကျသွားတော့ ရေပြင်ဟာ လှိုင်းဂယက်ထသွားတယ်။ တည်ငြိမ်နေတဲ့ ကန်ရေပြင် လှိုင်းဂယက်ထသွားတာ ခဲရဲ့သတ္တိပဲ။ တည်ငြိမ်နေတဲ့ ဟဒယဝတ္ထု ကြီး 'ဒိန်းဒိန်းဒိန်း' နဲ့ ရင်ခုန်လာတာ ဒေါသရဲ့သတ္တိပေါ့။ ဒါပေမဲ့ ကန်ရေပြင်ကို ကြည့်လိုက်တဲ့အခါ ခဲကိုမတွေ့ရဘဲ လှိုင်းဂယက်ကိုပဲ တွေ့ရသလို၊ ဒီမှာလည်း ဒေါသစိတ်ကို မတွေ့ရဘဲ ခါနေတာကိုပဲ တွေ့ရပါတယ်။

'ဒိန်း' ခနဲဆို ဩော်–ဒေါသလေးပါလား။ ဩော်–သူမရှိတော့ ပါလားလို့ ကြည့်ရင်း ကြည့်ရင်းနဲ့ ခန္ဓာကပြတယ်။ ဉာဏ်က ဆုံး ဖြတ်တယ်။ အဲဒီလို ရှုရင်းရှုရင်းနဲ့ ကြမ်းတမ်းတဲ့စိတ်တွေက တဖြည်း ဖြည်းနဲ့ သိမ်မွေ့လာတယ်။ နောက်က ဥပါဒါန်တွေ မလာတော့ဘူး။

"ဒေါသော သောကောတိ ဝုစ္စတိ" ဆိုတဲ့အတိုင်း ဒေါသကနေ

သောကလာရတာ။ ဒေါသလေးကို ရှုနိုင်ရင် သောကမလာတော့ဘူး။ ပရိဒေဝလည်း မလာတော့ဘူး။ တည်ငြိမ်လာတယ်။ "အသောကံ" သောက ကင်းပြီတဲ့။ "ဝိရဇံ" ဒိဋ္ဌိလည်း ဝေးသွားပြီ။ "ခေမံ" ပူလောင်မှုတွေ မရှိတော့တဲ့အခါကျတော့ ငြိမ်းအေးမှုတွေလည်း ရောက်လာပါတော့တယ်။

ဒေါသကိလေသာကနေ ခဏတာဝေးသွားပါတယ်။ ခဏငြိမ်းရင် ခဏနိဗ္ဗာန်ပါပဲ။ အခုရှု အခုငြိမ်းတဲ့နည်း ဖြစ်ပါတယ်။

## မနေ့ကသူဌေး ဒီနေ့သူတောင်းစား

လောကထဲမှာနေရင် လောကဓံဆိုတာ အမျိုးမျိုးလာနေမှာပါပဲ။ ကိုယ်က ခံနိုင်ရည်ရှိအောင် ကျင့်ထားရပါမယ်။ လောကဓံကတော့ လာမြဲလာနေမယ်။ ကိုယ်က ခံနိုင်ရည်ရှိဖို့ အရေးကြီးတာပါ။

ဘဒ္ဒဝတီမြို့မှာ ကူးစက်ရောဂါကပ်ဆိုးကြီး ဆိုက်တော့ ကူးစက်မြန်တဲ့ရောဂါမို့ လူတွေ တစ်ယောက်ပြီးတစ်ယောက် သေလိုက်ကြတာတဲ့။ သေတဲ့လူတွေ များလွန်းလို့ သုသာန်ရောက်အောင် မပို့နိုင်တော့ဘဲ လမ်းပေါ်မှာပဲ အလောင်းတွေ ပြန့်ကျဲနေသတဲ့။ အလောင်းတွေက ရောဂါပိုး တိရစ္ဆာန်တွေဆီရောက်၊ တိရစ္ဆာန်တွေဆီကနေ လူတွေပြန်ကူးနဲ့ ပြန့်ပွားမှု ကြီးကျယ်လာတော့ မြို့ထဲက လူတွေ ရောက်ရာပေါက်ရာ ထွက်ပြေးကြရသတဲ့။

အဲဒီလို ကပ်ဘေးကြီးဆိုက်တော့ သူဌေးကော သူဆင်းရဲကော ဘယ်သူမှ မခံနိုင်ဘူး။ အကုန်ထွက်ပြေးကြရတယ်။ ဘဒ္ဒဝတီသူဌေးကြီးရယ်၊ သူဌေးကတော်ရယ်၊ သမီးလေး သာမာဝတီရယ် သုံးယောက်စလုံး သူတို့နဲ့ ရင်းနှီးတဲ့ ကောသမ္ဗီပြည်က သူဌေးကြီးဆီကို ပြေးကြရသတဲ့။ ကောသမ္ဗီ မရောက်ခင်မှာပဲ ပါလာတဲ့ အစားရိက္ခာက ပြတ်သွားတယ်။ ခရီးကလည်း ပင်ပန်းတော့ သူဌေးကြီးရော၊ သူဌေး

ကတော်ကြီးရော အဖျားရောဂါရနေပြီ။ ဒါနဲ့ ကောသမ္ဗီရောက်တော့ မြို့အဝင်ဇရပ်လေးမှာ ဝင်နားရသတဲ့။

ကောသမ္ဗီရောက်နေပြီမို့လို့ သူတို့နဲ့ ရင်းနှီးတဲ့ ဃောသက သူဌေးအိမ်နဲ့လည်း ကပ်နေပြီပေါ့။ ရင်းနှီးတယ်ဆိုပေမယ့် တစ်ယောက်နဲ့တစ်ယောက်က မြင်ဖူးတာ မဟုတ်ဘူး။ စာနဲ့ပဲ အဆက်အသွယ်ရှိကြတာတဲ့။ အခုလို ခရီးပမ်း ဖျားနာနဲ့ ညစ်ပတ်ပေရေနေတော့ ဘဒ္ဒဝတီသူဌေးပါလို့ပြောရင် ယုံမှာမဟုတ်ဘူး ဒီတော့ ဃောသက သူဌေးဆီ ဦးတည်လာခဲ့တာ မှန်ပေမယ့် သူ့ဆီ မသွားရဲတော့ဘူး ဖြစ်နေတယ်။

ဃောသကသူဌေးက စိတ်ကောင်းရှိတယ်။ သူ့အိမ်မှာ အားကိုးရာမရှိတဲ့လူတွေကို နေ့စဉ်နေ့တိုင်း စားစရာ သောက်စရာတွေ ပေးကမ်းလေ့ရှိသတဲ့။ နေ့စဉ်နဲ့အမျှ အိမ်ရှေ့မှာ တောင်းစားတဲ့သူတွေနဲ့ စည်ကားနေတယ်။ အဖေအမေက ဖျားပြီး အိပ်ရာထဲမှာ လဲနေတော့ စားစရာရဖို့ သမီးတာဝန်ဖြစ်လာပြီ။ ဒါနဲ့ သူဌေးကြီးနဲ့ သူဌေးကတော်ကြီးကို ဇရပ်ပေါ်မှာထားခဲ့ပြီး သာမာဝတီသူဌေးသမီးက ထမင်းသွားတောင်းရတော့တာပဲ။

သူဌေးသမီးဆိုတော့ အမြင့်မှာနေလာခဲ့ရာကနေ ခုလို တောင်းစားရတာ ရှက်ရှာမှာပဲ။ တောင်းရမှာကလည်း သူတို့ရဲ့မိတ်ဆွေ၊ သူတို့လို သူဌေးကြီးရဲ့အိမ်မှာတဲ့။ လောကဓံမျှား ဘယ်လောက်ကြောက်စရာကောင်းလိုက်ပါသလဲ။ ဒီကနေ့ သူဌေးဖြစ်ပေမယ့် နောက်ရက်သူတောင်းစား ဖြစ်ချင်ဖြစ်သွားနိုင်တာပါ။ မနေ့က သူဌေးသမီးသာမာဝတီဟာ ဒီနေ့တော့ သူတောင်းစားအဖြစ် ရောက်သွားရှာတယ်။ ဒါကြောင့် နိမ့်မြင့်လောကဓံကို မဖြုံတမ်း မတုန်တမ်း ကြံ့ကြံ့ခံနိုင်အောင် ပြင်ဆင်ထားဖို့ လိုအပ်လှပါတော့တယ်။

# လှိုင်းဂယက်နဲ့ လှေငယ်ရှင် (၂)

မင်္ဂလာအမှတ် (၂၉)

## အောင်ခြင်းဆိုတာ သည်းခံတာ

မြတ်ဗုဒ္ဓရဲ့ မင်္ဂလာတရားတော်ကြီးမှာ "ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ" စတဲ့ ဂါထာတော်ကြီးနဲ့ "လောကဓံကြုံ မဖြုန်တမ်းပေါ့၊ မတုန်စမ်းနဲ့ သည်းခံလေ" လို့ လောကဓံကို သည်းခံခြင်းဟာ မင်္ဂလာရှိတဲ့ အပြုအမူတစ်ရပ်ပါလို့ ညွှန်ပြတော်မူခဲ့ပါတယ်။ လောကဓံ သည်းခံခြင်းရဲ့ အကြောင်းအရာက ကျယ်ပြန့်နေလို့ နှစ်ပိုင်းခွဲပြီးတော့ ပြောရပါတယ်။ အခုပြောမှာလည်း လောကဓံအကြောင်းပဲမို့လို့ "လှိုင်းဂယက်နဲ့ လှေငယ်ရှင်" လို့ပဲ ခေါင်းစဉ်တပ်ပေးလိုက်ရပါတယ်။

ပကတိပင်လယ်သမုဒ္ဒရာထဲမှာ လှိုင်းဂယက်တွေ ရှိနေသလို လောကသံသရာထဲမှာလည်း လောကဓံလှိုင်းဂယက်တွေ ရှိနေတာပါပဲ။ တို့တစ်တွေက သံသရာ ရေယာဉ်ကြောမှာ မျောနေရတဲ့ လှေငယ်လေးတွေနဲ့ တူနေပါတယ်။ လောကဓံလှိုင်းဂယက်ထဲမှာ ရုန်းကန်လှုပ်ရှားသွားလာနေရတဲ့ လှေငယ်လေးများပါပဲ။

လောကထဲမှာနေတဲ့သူမှန်ရင် လောကဓံကို ရှောင်ကွင်းလို့ မရနိုင်ပါဘူး။ လောကဓံ တစ်မျိုးမဟုတ်တစ်မျိုး၊ တစ်နေ့မဟုတ်တစ်

နေ့ ကြုံတွေ့ရမှာပါပဲ။ လောကဓံရှစ်ပါးကို ဘုရားရှင်တော်မှ ရှောင်ကွင်းလို့ မရပါဘူး။ အဲဒီလို ရှောင်လို့မရတဲ့ လောကဓံတရားကို တုန်လှုပ်မနေဘဲနဲ့ ကိုယ်လျှောက်ရမည့်လမ်းကို ကောင်းကောင်းမွန်မွန် တည်တည်ငြိမ်ငြိမ် ဖြောင့်ဖြောင့်တန်းတန်းနဲ့ လျှောက်လှမ်းသွားဖို့ အရေးကြီးလှပါတယ်။

ဘယ်လိုလောကဓံမျိုးနဲ့ တွေ့နေပါစေ ကိုယ့်ဘက်က ဣန္ဒြေ မပျက်စေနဲ့။ စာရိတ္တ မယိုင်ပါစေနဲ့။ ကိုယ့်အလုပ်ကို အမြဲတမ်း ဝေဖန် စိစစ်နေရပါမယ်။ လောကနိယာမက ကိုယ် ဘယ်လောက်ကောင်းအောင် လုပ်နေပါစေ ကဲ့ရဲ့ချင် ကဲ့ရဲ့တတ်ပါတယ်။

ကဲ့ရဲ့ခံရလို့လည်း ဝမ်းနည်းမနေပါနဲ့။ ချီးမွမ်းခံရလို့လည်း အောက်ခြေမလွတ်ပါစေနဲ့။ ကိုယ်လျှောက်ရမည့်လမ်းကိုသာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်ပါ။

နေရာတိုင်းမှာ အတိုက်အခံဆိုတာကတော့ ရှိနေတာပါပဲ။ ကိုယ့်အကျိုးစီးပွား လုပ်တာမဟုတ်ဘဲ အများအတွက် လုပ်နေတာတောင်မှ အကဲ့ရဲ့မလွတ်ပါဘူး။ ဒါကြောင့် စစ်ကိုင်း ရွှေဟင်္သာဆရာတော်ဘုရားကြီးက "အများအကျိုး၊ ဆောင်သည်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနှင့်ယှဉ်၊ ရှေ့ရှုနှင်လော့" လို့ သတိပေး ဆုံးမတော်မူခဲ့တာပေါ့။

လောကရဲ့ အကျိုးတော်ဆောင်၊ လောကရဲ့ အထွဋ်အမြုံးကြီးဖြစ်တဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကိုလည်း အတိုက်အခိုက် ရှိတာပါပဲ။ ဘုရားက ဘယ်သူ့ကိုမှ ရန်မလုပ်ပါဘူး။ ဘယ်သူ့ကိုမှ အန္တရာယ်မပေးပါဘူး။ ဒါပေမဲ့ ဘုရားကိုကျတော့ စိဉ္စမာနတို့ မာဂဏ္ဍီတို့ ဝိုင်းပြီး နှောင့်ယှက်လိုက်ကြတာနော်။ ဘုရားတောင်မှ ဒီလိုတွေ့ရသေးရင် တို့တစ်တွေက ဘာမို့လို့ လွတ်မှာတဲ့လဲ။

အတွင်းအောင်ခြင်း အပြင်ဆောင်ခြင်းဆိုတာ လောကဓံကို

သည်းခံတာပါပဲ။ ကရုဏာ၊ မေတ္တာ သစ္စာတရားတွေ အခြေခံပြီးတော့ သီလ သမာဓိ ပညာ လက်ကိုင်ထားပြီး အောင်မြင်တော်မူခဲ့တာပေါ့။ တို့တစ်တွေဟာ မြတ်ဗုဒ္ဓ အဆုံးအမ နာယူတဲ့ ဗုဒ္ဓဘာသာဝင်တွေပီပီ ခန္တီဉာဏ်ရောက်တရား ကျင့်ကြံပွားများပြီး လောကဓံတရားတွေ သည်းခံနိုင်ကြရပါမယ်။

## လောကဓံကဖော်တော် စိတ်ကြောင့်ကမျှားမျှား

လောကဓံရှစ်ပါးလုံး မပြောပါနဲ့ အလကားနေရင်း နေရထိုင်ရတာတောင်မှ တစ်ခါတလေ နေလို့ထိုင်လို့ကောင်းတယ်။ တစ်ခါတလေ အဆင်မပြေချင်ဘူး။ ခန္ဓာရယ်လို့ ရှိနေမှတော့ ဒုက္ခဝေဒနာက ပေါ်လာတာပဲနော်။ "ဥပါဒါန်ကြောင့် ဥပါဒ်ရောက်" ဆိုသလို ဒီဝေဒနာအပေါ်မှာ သိပ်ငဲ့နေရင် စိတ်ကြောင့်ဖြစ်တဲ့ ရောဂါက ပိုဆိုးပါတယ်။

တောထဲမှာ လူတစ်ယောက် သွားရင်းလာရင်းနဲ့ မြွေကိုက်တော့ မြွေဆိပ်တက်တာပေါ့။ ဒါနဲ့ ဆရာဆီသွားပို့ကြတော့ ဆရာက ကြည့်လိုက်တယ်။ မြွေဆိပ်က သိပ်မပြင်းဘူး။ အကိုက်ခံရတဲ့လူက အစိုးရိမ်လွန်ပြီး ကြောက်နေတာကို တွေ့ရသတဲ့။ မြွေဆိပ်ဖြေဖို့က လွယ်ပါတယ်။ သူ့ စိတ်ပူနေတာကို ဘယ်လိုပျောက်အောင် လုပ်ပေးရမှန်း မသိဘူး ဖြစ်နေသတဲ့။ ဒါနဲ့ ဆေးဆရာက အကြံရပြီး "ခင်ပျား မြွေကိုက်တာ မဟုတ်ဘူး သမန်းမြက်ရှတာပဲ" လို့ ပရိယာယ်နဲ့ စိတ်ပြောင်းပေးလိုက်တယ်။ အဲဒီမှာ လူနာက ဝမ်းသာအားရနဲ့ ထထိုင်သတဲ့။ မြွေဆိပ်ကို အရင်မကုဘဲနဲ့ စိတ်ကို အရင်ကုပေးလိုက်တာနော်။

အဲဒါ "ဂိလာနရုဟန်းအား ဝေဒနာပြ၍ ဟောကြားပုံ" ဆို

ပြီး ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောခဲ့တာပါ။ တို့တစ်တွေ ကောင်းတဲ့လောကဓံနဲ့ တွေ့တဲ့အခါ အောက်ခြေလွတ်ကြတယ်။ မကောင်းတဲ့ လောကဓံနဲ့တွေ့တော့ စိတ်ဓာတ်ကျရတယ် ဆိုတာလည်း လောကဓံက တော်တော်၊ ကိုယ့်စိတ်က ကိုယ့်ကိုပြန်ပြီးတော့မှ နှိပ်စက်နေ သတ်နေတာ ဖြစ်ပါတယ်။

လောကဓံနဲ့ ကြုံလာတိုင်း လောကဓံကို ကောင်းကောင်းကြီး သည်းခံချင်တယ်ဆိုရင် ကိုယ့်သန္တာန်မှာပေါ်တဲ့ စိတ်ကို ရှုရမှာပါ။ ကိုယ့်စိတ်ကိုယ်ရှုနိုင်တဲ့ ပုဂ္ဂိုလ်အတွက် အကျိုးတရား ငါးမျိုးရရှိနိုင်တဲ့အကြောင်း ရှေ့မှာပြောခဲ့ပါပြီ။ ကိုယ့်စိတ်ကိုရှုတဲ့ပုဂ္ဂိုလ်ဟာ သည်းခံနိုင်တယ်။ မတုန်လှုပ်တော့ဘဲ တည်ငြိမ်တယ်။ သောက ကင်းတယ်။ ဒိဋ္ဌိ မြန်မြန်ပြုတ်တယ်။ သောတာပန် မြန်မြန်တည်တယ်တဲ့။

## လှိုင်းပုတ်တိုင်းသာ လှေလှုပ်ပါလျှင်

သောတာပန်တည်ချင်ရင် ဒိဋ္ဌိကို အရင်ဖြုတ်ရပါတယ်။ ဒိဋ္ဌိက စိတ်မှာကပ်တာများတယ်။ ကိုယ့်သန္တာန်မှာ ပေါ်တဲ့စိတ်ကို မသိတဲ့အတွက် ဒိဋ္ဌိက စိတ်မှာကပ်တာပဲ။ စိတ်ကလေးတစ်ခုပေါ်လာရင် အဲဒီစိတ်နောက်က ဉာဏ်လိုက်ပေးရမယ်။ သမ္မာဒိဋ္ဌိ အမှန်မျက်လုံးနဲ့ ဉာဏ်က မလိုက်တဲ့အခါကျတော့ ဒိဋ္ဌိက လိုက်လာတာပဲ။

လောကဓံနဲ့တွေ့တိုင်း တုန်လှုပ်ချောက်ချားရတယ်ဆိုတာ ဒိဋ္ဌိက စိတ်မှာကပ်နေလို့ပေါ့။ နောက်ကနေ ဉာဏ်လိုက်ပြီး ဒါ မြင်စိတ်လို့ သိလိုက်တာနဲ့ ငါ မြင်တယ်ဆိုတဲ့ အယူမလာတော့ဘူး။ စိတ်နောက်မှာ ဉာဏ်လေးရောက်တာနဲ့ ဒိဋ္ဌိက ပျောက်တာပဲ။ ဒိဋ္ဌိ မြန်မြန်ပျောက်မှ သောတာပန် မြန်မြန်တည်မှာပါ။

လောကဓံတရားကို သည်းခံချင်တယ်ဆိုရင် ကိုယ့်စိတ်ကို နာနာ

ရှုပေးပါတယ်။ လောကဓံတရားကတော့ မရိုက်ဘဲမနေဘူး ရိုက်မှာပဲ။ လှိုင်းပုတ်တိုင်းသာ လှေလှုပ်ရင်တော့ ဒီလှေကလေး မြုပ်ရုံပဲရှိမယ်။

လှိုင်းဂယက်တွေကြားက လှေငယ်ရှင်ဖြစ်တဲ့ တို့တစ်တွေဟာ ဘယ်လိုပဲ လောကဓံတွေရိုက်ပါစေ သတိသမ္ပဇဉ်ဉာဏ်ဆိုတဲ့ တက်လက် ရွက်တွေနဲ့ ကျကျနန ထိန်းချုပ်သွားမယ်ဆိုရင် လှိုင်းကြီးလှေ အောက် ဆိုရိုးစကားအတိုင်း လှိုင်းကိုလည်း ကျော်နိုင်တယ်။ ဝဲကို လည်း ရှောင်နိုင်၊ ကျောက်ဆောင်နဲ့ တွေ့လာရင်လည်း ကွင်းသွား နိုင်ပါတယ်။

သတိလည်းရှိ၊ သမာဓိလည်းကောင်း၊ ပညာလည်းကောင်း၊ ဝီရိယဓာတ်လေးနဲ့ ကြိုးစားလိုက်ရင် လှိုင်းလည်း ကျော်မှာပဲ။ ဝဲလည်း ဖြတ်မှာပဲ။ ကျောက်ဆောင်လည်း ကွင်းမှာပဲ။ နောက်ဆုံး လိုရာ ပန်းတိုင် ဆိပ်ကမ်းနိဗ္ဗာန် သောင်ကမ်းကို ရောက်နိုင်ပါတယ်။

## ကောင်းတာလိုချင်ရင် မကောင်းတာလဲ လက်ခံရမယ်

တို့တစ်တွေ လှိုင်းဂယက်တွေကြားမှာ ပြေးလွှားနေရတဲ့ လှေကလေးတွေလို လောကဓံလှိုင်းကတော့ ရိုက်ခတ်နေမှာပါပဲ။ လှိုင်း ရိုက်ခတ်တာ ခံနိုင်အောင် ခံဖို့ပဲရှိပါတယ်။ မခံနိုင်လို့ကတော့ လှေ ဝမ်းကွဲပြီး မြုပ်ဖို့သာရှိတယ်။ "မသေခင် ဆင်းရဲ၊ သေတော့ အပါယ် ကျ၊ အလောင်းက သုဿန်၊ အကျိုးပေးကဒယ်အိုး" ဆိုတာ လောကဓံ မခံနိုင်တဲ့သူတွေရဲ့ သွားရာလမ်း ဖြစ်ပါတယ်။

တို့တစ်တွေက ကောင်းတဲ့လောကဓံနဲ့တွေ့ရင် လောဘနဲ့ ညှော် ခံလိုက်တယ်။ မကောင်းတဲ့ လောကဓံနဲ့တွေ့ရင် ငိုကြီးချက်မ ဒေါသ နဲ့ ညှော်ခံလိုက်တယ်။ လောဘနဲ့ အပျော်ကျူးပြီးသေရင် အပါယ်

လေးပါး၊ ပြိတ္တာဇာတိဖြစ်ရမယ်။ မကောင်းတဲ့လောကဓံနဲ့တွေ့တော့ ဒေါသကြီးပြီး ပုံစံအမျိုးမျိုးနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတယ်။ သေတော့လည်း ငရဲရွာ။ အဲဒါ လောကဓံကိုမခံနိုင်လို့ ဖြစ်ကြရတာပါ။

ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားခဲ့တဲ့ တရားတော်တိုင်းသည် လောကဓံ ခံနိုင်အောင်လို့ ဟောကြားထားတာချည်းပါပဲ။ လောကဓံဆိုတာ ဗုဒ္ဓဘာသာဝင်တွေမှ တွေ့ရတာ မဟုတ်ပါဘူး။ တခြားဘာသာဝင်တွေလည်း တွေ့ရတာပါပဲ။ ခန္ဓာရှိတဲ့ သတ္တဝါတိုင်း လောကဓံရှစ်ပါးကို ရှောင်တိမ်းချင်လို့ မရပါဘူး။ တွေ့ကို တွေ့ကြရမှာပဲ။

လောကဓံမှာ အကောင်းလောကဓံလည်း ရှိတယ်ဆိုတာ သတိထားနော်။ လောကဓံနဲ့ မတွေ့ချင်ပါဘူးဆိုတဲ့လူတွေ သိန်း ၃၀၀၊ သိန်း ၅၀၀၊ သိန်း ၁၀၀၀ ဆုတွေကျတော့ ပေါက်ချင်မှာပါ။ စီးပွားရေးလုပ်တဲ့အခါလည်း စီးပွားရေးလုပ်တဲ့အခါလည်း စီးပွားရေးကောင်းတာနဲ့ ကြုံချင်မှာပဲ။ အဲဒါလည်း လောကဓံပဲလေ။ ကောင်းတဲ့လောကဓံကျတော့ တွေ့ချင်ကြသတဲ့။ သဘာဝအားဖြင့် ကောင်းတဲ့လောကဓံကို တွေ့ချင်ရင် မကောင်းတဲ့လောကဓံနဲ့လည်း ကြုံရမှာပဲ။ အတူဆုံခဲ့ရင် တစ်ချိန်ကွဲကြရမှာပဲ။ ဖြစ်လာရင် ပျက်တာလည်း ရှိတာပဲပေါ့။

## သူ့ဘဝဆိုတာ ခဏလေးပါ

လောကဓံကို သည်းမခံနိုင်ကြခြင်းမှာ အဖြစ်ကိုပဲ မျှော်နေကြပြီး အပျက်ကို တွေးမထားတာလည်း ပါပါတယ်။ "တချို့ အပျက်ဆိုတဲ့စကား ကြားကို မကြားချင်ဘူးတဲ့။ သမထသမားကြီးတွေ၊

ဝိဇ္ဇာတို့၊ ဘိုးတော်တို့ လောကီသမားတွေက အပျက်ကို မကြားချင်ဘူး။ အဖြစ်ချည်းပဲ ကြားချင်တယ်။ အဖြစ်ကိုပဲ မျှော်လင့်တယ်။

အဖြစ်ကိုချည်းပဲ မျှော်လင့်သွားတဲ့ ဘိုးဘိုးအောင်လည်း သေသွားပြီ။ ဘိုးမင်းခေါင်လည်း သေသွားပြီ။ ရှင်အဇ္ဇဂေါဏလည်း သေခဲ့ပြီ။ သူတို့ကိုယ်သူတို့ မသေဘူးလို့ယူထားတဲ့ ပုဂ္ဂိုလ်တွေ ရှိသေးရဲ့လား။ ဒါတောင် သူတို့ကို ကိုးကွယ်တဲ့လူတွေက "မသေဘူး အရှင်ထွက်" လို့ ပြောသေးတယ်။ အရှင်ထွက်ဆိုတာ သင်္ကြန်တို့၊ ဆယ်ရက်စခန်းတို့မှာ ခဏတစ်ဖြုတ် သက်န်းဝတ်တဲ့ ဒုလ္လဘရဟန်းကိုပြောတာ။ သူတို့က ဆယ်ရက်ပြည့်ရင် ထွက်မှာမို့ အရှင်ထွက်။ အသေထွက်ကတော့ ဘုန်းကြီးပြန်ပဲ။ "ရုပ်က သေပေမယ့် နာမ်က မသေဘဲ စောင့်ရှောက်နေတယ်" လို့ ပြောတာရှိသေး။ အဲဒါ သဿတဒိဋ္ဌိပဲပေါ့။

လောကဓံတရားထဲက အပျက်ကို မလိုချင်ဘူး။ အဖြစ်ကိုသာ လိုချင်တဲ့ပုဂ္ဂိုလ်ဟာ သဿတဒိဋ္ဌိ အမြဲတမ်း စွဲငြိနေမှာပဲ။ လောကဓံဆိုတာက သူလာချင်တာ လာနေတာ။ အဖြစ်လည်း လာမှာပဲ။ အပျက်လည်း လာမှာပဲ။ အပျက်လောကဓံ၊ အဆိုးလောကဓံ မတွေ့ချင်တဲ့ ပုဂ္ဂိုလ်တွေ တကယ်တမ်း အပျက်နဲ့ တွေ့လိုက်ရပြီဆိုတဲ့အခါ ဖြေမဆည်နိုင်အောင် ဖြစ်ကုန်ကြတော့တာပါပဲ။

ကိုယ့်မြို့ကိုယ့်ရွာက ရောဂါကပ်ဘေး ဆိုက်ရောက်လို့ ထွက်ပြေးလာရတဲ့ ဘဒ္ဒဝတီသူဌေးမိသားစုဟာ ကောသမ္ဗီပြည်ကို ရောက်တော့ "ငါတို့က စုတ်စုတ်ပြတ်ပြတ်နဲ့ ဃောသကသူဌေးဆီ ဝင်ရင် ငါတို့ကို ဘဒ္ဒဝတီသူဌေးလို့ ဘယ်သူကမှ လက်ခံမှာ မဟုတ်ဘူး" ဆိုပြီး ဇရပ်မှာ ဝင်ခိုရတယ်။ စားစရာသောက်စရာအတွက် ဃောသကသူဌေးက အရပ်လေးမျက်နှာ လာလာသမျှသူတွေကို ပေးကမ်းနေ

တာရှိတယ်။ အဲဒီကို သွားတောင်းရမှာပေါ့။ လောကခံနော်။ သူဌေး ကနေ သူတောင်းစား ဖြစ်သွားပြီ။

သူဌေးကတော်က "သူဌေးကြီး သွားမတောင်းပါနဲ့။ ကျွန်မပဲ သွားတောင်းပါ့မယ်" ဆိုတော့ သမီးဖြစ်တဲ့ သာမာဝတီက "အဖေ တို့ အမေတို့က အသက်ကြီးပါပြီ၊ မသွားကြပါနဲ့၊ သမီးပဲ သွားတောင်း မယ်" တဲ့။ ခုခေတ်ကလေးတွေ မိဘက စီးပွားကျလို့ ဆန်လေးဆီ လေး ကြွပ်ကြွပ်အိတ်နဲ့ အဝယ်ခိုင်းရင် ရှုံ့မဲ့နေကြတယ်။ ဒီမှာ သူဌေး သမီးက မိဘတွေကို ကောင်းကျွေးကော့မှာနော်။

ဘဝဆိုတာ အဲဒီလိုပါပဲ။ "လုံထမ်းလာတာကိုပဲ မြင်ရမယ်။ ကံထမ်းလာတာ မမြင်ရဘူး" ဆိုတာလို မနက်ဖြန် ဘာဖြစ်လာမလဲ လို့ ဘယ်သူမှ တိတိကျကျ မသိရပါဘူး။ လောကခံကို ရင်ဆိုင်ရဲ အောင် ငါ ကြိုးစားမယ်လို့ စိတ်ကို ကြိုတင်မွေးထားမှ တော်ကာ ကျပါတယ်။

အကောင်းနဲ့ပဲတွေ့တွေ့ အဆိုးနဲ့ပဲတွေ့တွေ့ တွေ့ကြုံလာတဲ့ လောကခံဟာ ရေရှည်တည်တံ့တယ်ရယ်လို့ မရှိပါဘူး။ ဆင်းရဲလည်း တစ်ခဏနဲ့ ပြီးသွားမှာပါပဲ။ ချမ်းသာလည်း တစ်ခဏနဲ့ ပြီးသွားမှာ ပါပဲ။ သံသရာနဲ့ ချိုလိုက်တော့ လူ့ဘဝဟာ ဘာမှကြာတာ မဟုတ် ပါဘူး။ တကယ့်ကို ခဏလေးပါ။ ကောင်းကင်မှာ လျှပ်စီးလေး တစ်ချက် လင်းလက်လိုက်သလောက်ပဲ ကြာပါတယ်။

## မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်

လောကခံလှိုင်းဂယက် ရိုက်ချက်ကပြင်းလေတော့ "ငါ တောင်း စားရလိမ့်မယ်" လို့ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့တဲ့ သူဌေးသမီး လေး အခုတော့ ထမင်းတောင်း ထွက်နေရပြီ။ သာမာဝတီက ဘုရား

တရားကို နာကြားထားရတဲ့ သမီးအလိမ္မာလေး မဟုတ်လား။ မိဘ တွေအတွက် သူပဲ အနစ်နာခံပြီးတော့ သွားတောင်းတယ်။

ဃောသကသူဌေး ထမင်းဝေတဲ့နေရာမှာ ကြီးကြပ်ရတဲ့သူက စိတ္တသူကြွယ်တဲ့။ အဲဒီမှာ လာတောင်းတဲ့လူတွေက တိုးဝှေ့ပြီး တောင်း ကြတာဆိုတော့ သာမာဝတီက သူတို့ထဲ ဝင်မတိုးရဲဘူး။ ဘေးနား မှာ အသာလေး ရပ်နေတယ်။ သူ့ကို စိတ္တသူကြွယ် မြင်သွားတော့ မျက်နှာ အမူအရာ ပုံပန်းကိုကြည့်ပြီး သူတောင်းစားမျိုးနွယ် မဖြစ် နိုင်ဘူးလို့ ကောက်ချက်ချလိုက်တယ်။ ဒါနဲ့ “သမီး ဘယ်နှစ်ယောက် စာ ယူမှာလဲ” လို့ မေးတယ်။ “သုံးယောက်စာ ယူပါမယ်” ဆိုတော့ သုံးယောက်စာ ထည့်ပေးလိုက်တာပေါ့။

ဇရပ်ရောက်တဲ့အခါ ဖခင်သူဌေးကြီးကို အရင်ကျွေးတယ်။ ထမင်းက အများအတွက် ချက်ထားတဲ့ ဆန်ကြမ်း။ သူဌေးကြီးစား နေကျ သလေးစပါးတို့ ကောက်ကြီးတို့လို အကောင်းစား မဟုတ်ဘူး။ အစာနဲ့ ဝေးနေတော့ အစာအိမ်က ကောင်းကောင်း အလုပ်မလုပ် တာက တစ်ကြောင်း၊ ဆန်ကြမ်းဖြစ်တာက တစ်ကြောင်းနဲ့ ညနေ ရောက်တော့ လေနာထပြီး သူဌေးကြီး သေရှာပါလေရော။

နောက်တစ်ရက်ကျတော့ ထမင်းကို နှစ်ယောက်စာပဲ တောင်း တယ်။ တောင်းရလာတဲ့ ထမင်း မိခင်ကြီးကို ကျွေးတော့ မိခင်ကြီး လည်း ဖခင်နည်းတူ သေရှာပြန်ရော။ ဒါနဲ့ နောက်ရက်မှာ တစ် ယောက်စာပဲ တောင်းတယ်။ စိတ္တသူကြွယ်က ပထမရက်က သုံး ယောက်စာ၊ နောက်ရက်မှာ နှစ်ယောက်စာ၊ ဒီနေ့တော့ တစ်ယောက် စာပဲတောင်းတာ သတိထားမိပြီး ထူးဆန်းတာနဲ့ မေးတော့တာပေါ့။ အကြောင်းစုံသိရတော့ စိတ္တသူကြွယ်က သနားသွားပြီး သာမာဝတီ ကို သမီးအဖြစ်နဲ့ မွေးစားလိုက်သတဲ့။

သူဌေးသမီးဖြစ်သွားပေမယ့် သာမာဝတီက အောက်ခြေမလွတ်

ဘူး။ ထမင်းဝေတဲ့နေရာမှာ စိတ္တသူကြွယ်ရဲ့ကိုယ်စား သူက စီမံကွပ်ကဲ ပေးတယ်။ ထမင်းတောင်းတဲ့သူတွေအတွက် အဝင်တစ်ပေါက် အထွက် တစ်ပေါက် လုပ်ပေးလိုက်တော့ ခါတိုင်းလို ဆူညံမနေတော့ဘူးပေါ့။ ဆူသံညံသံ မကြားရလို့ ယောသကသူဌေးကြီး ထွက်လာပြီး စိတ္တ သူကြွယ်ကို မေးတယ်။ စိတ္တသူကြွယ်က သူ့မွေးစားသမီးလေး သာ မာဝတီ စီစဉ်တာပါပြောတော့ ယောသကသူဌေးကြီးက သဘောကျ သွားပြီး သူလည်း သမီးအဖြစ်နဲ့ မွေးစားမယ်တဲ့။

အကောင်းလောကဓံနဲ့ ကြုံချိန်တန်တော့ ကုသိုလ်ကတစ်လှည့် အကျိုးပေးပြန်ပြီ။ သူဌေးကြီးနှစ်ယောက်ရဲ့ မွေးစားသမီး ဖြစ်သွား ပြီ။ သူဌေးသမီးအဖြစ်နဲ့ နောက်ပါ အခြွေအရံငါးရာနဲ့ နေရတယ်။ အဲဒီ အခြွေအရံတွေနဲ့ ဥယျာဉ်ကိုထွက်တဲ့တစ်နေ့မှာ ကောသမ္ဗီပြည့် ရှင် ဘုရင်ဥတေန ဥယျာဉ်ကစား ထွက်လာတာနဲ့ကြုံပြီး သဘော ကျလို့ မိဖုရားမြှောက်လိုက်ပြန်တော့ သာမာဝတီမိဖုရားလို့ ဖြစ်သွား ပြန်ရော။

ဥတေနမှာ သာမာဝတီအပြင် မိဖုရားတွေက ရှိသေးတာကိုး။ အဲဒီအထဲက မာဂဏ္ဍီဆိုတဲ့ မိဖုရားက စိတ်ကောင်းရှိတာ မဟုတ်ဘူး။ သူက မိဖုရားချင်းအပြိုင်မို့လို့ မကျေနပ်တာထက် မြတ်စွာဘုရားရဲ့ တပည့်သာဝက ဖြစ်နေတာကို ပိုမကြိုက်တာ။ ဘုရားအပေါ်မှာ စော စောကတည်းက ရန်ငြိုးထားခဲ့တာ။ ဒီကြားထဲ သာမာဝတီက ဥဇ္ဇုတ္တရာ ဆီကတစ်ဆင့် သစ္စာတရားနာရပြီး သောတာပန်ဖြစ်သွားတော့ ဘာ လောကဓံလာလာ သည်းခံနိုင်တယ်။ သည်းခံလေ ပိုဆိုးလေ၊ သဘာဝ အတိုင်း နောက်ဆုံးတော့ မာဂဏ္ဍီက သာမာဝတီမိဖုရားနဲ့ အခြွေအရံ ငါးရာကို မီးလောင်တိုက်သွင်းပြီး သတ်တာခံရရှာပါတယ်။

သာမာဝတီကြုံရတဲ့ လောကဓံ ဘယ်လောက်များ ရိုက်ချက် ပြင်းလိုက်ပါသလဲ။ သူဌေးသမီးဘဝကနေ သူတောင်းစားဖြစ်ရ၊

သူတောင်းစားကနေ သူဌေးသမီး၊ နောက်တော့ မိဖုရားကြီး။ မိဖုရားကြီးဖြစ်ပါမှ မီးလောင်တိုက်သွင်းခံရရှာသတဲ့။

## ကမ်းနဲ့မဝေး လှေငယ်ကလေး

သာမာဝတီရဲ့ဘဝမှာ လောကဓံတွေက အမျိုးမျိုး ကြုံခဲ့ရတယ်။ ကြုံလာတဲ့ လောကဓံကိုလည်း ညည်းတွား၊ ကြောက်ရွံ့မနေဘဲနဲ့ ခါးစည်းခံခဲ့တယ်။ လောကဓံကို နောက်မဆုတ်တမ်း ရင်ဆိုင်တဲ့နေရာမှာ လောဘနဲ့ ရင်ဆိုင်တာလည်း မဟုတ်ဘူး။ ဒေါသက အကြာကြီး ဖြစ်နေတာလည်း မဟုတ်ဘူး။ ဒေါသလည်း အကြာကြီး အဖြစ်မခံဘူး။ လောကဓံကို ဉာဏ်နဲ့ရင်ဆိုင်ခဲ့ပါတယ်။

ပုထုဇဉ်သဘာဝ လောဘ ဒေါသ မောဟ ရှိမှာပါပဲ။ ဒါပေမဲ့ သာမာဝတီက လောဘ ဒေါသ မောဟတွေ ပေါ်လာတိုင်း နောက်ကဉာဏ်နဲ့ လိုက်တယ်။ လောကဓံကို ဉာဏ်နဲ့ ထိန်းထားတယ်။ လောကဓံလှိုင်းကို သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ် တက်–ရွက်–လက်တွေနဲ့ ထိန်းပြီး တည့်တည့်မတ်မတ် သွားနေပါတယ်။

အဲဒီလို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် လက်ကိုင်ထားခဲ့တဲ့အတွက် ဥဒ္ဒေါတ္တရာဆီက သစ္စာတရား နာကြားရတဲ့အခါ သောတာပန်အရိယာ ဖြစ်ခဲ့တယ်။ မီးလောင်တိုက် အသွင်းခံရတဲ့ လောကဓံလှိုင်းကိုလည်း မေတ္တာဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းလို့ ရင်ဆိုင်ခဲ့တဲ့သူပါ။

တကယ်တော့ ဘယ်သူမဆို ကြုံလာရသမျှ လောကဓံရှစ်ပါးအားလုံးဟာ အကြောင်းကြောင့် ဖြစ်လာရတဲ့ အကျိုးတရားတွေချည်းပါပဲ။ ကောင်းတဲ့ လောကဓံလည်း အကြောင်းအကျိုး၊ မကောင်းတဲ့ လောကဓံလည်း အကြောင်းအကျိုးလို့ သိထားရင် သံသယဝင်စရာ

မရှိတော့ပါဘူး။ ပေါ်လာတဲ့စိတ်ကလေးကို လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်ပဲလို့ သိလိုက်ရင် ဒိဋ္ဌိပြုတ်ပါတယ်။ ဉာဏ်ရှင်းရင် ဝိစိကိစ္ဆာသေတယ်။ စိတ်ကို စိတ်ပဲလို့ သိလိုက်ရင် ဒိဋ္ဌိပြုတ်ပါတယ်။

ပေါ်လာတဲ့စိတ်ကလေးက ဖြစ်ပြီးတည်မနေဘဲ ပျက်သွားတာပါ။ ဖြစ်ပျက်နောက်က ဉာဏ်လိုက်ပေးတဲ့အခါ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ၊ သေသွားတဲ့ ဒိဋ္ဌိဝိစိကိစ္ဆာတွေက သမုဒယသစ္စာ၊ သမုဒယတို့ရဲ့ ချုပ်ရာငြိမ်းရာ သိမ်းရာက နိရောဓသစ္စာ။ သစ္စာလေးချက် ဖြစ်သွားပါတယ်။

ဒါဟာ လောကဓံတရား ရှစ်ပါးအပေါ်မှာ သည်းခံရင်းနဲ့ သောတာပန်တည်အောင် ကြိုးစားသွားပုံပါပဲ။ လောကဓံကြားထဲ သွားနေရင်းနဲ့ နိဗ္ဗာန်ရောက်တာ ဖြစ်ပါတယ်။ လှိုင်းပေါ်ကနေ လှေကလေးကို တက်ရွက်လက်တွေနဲ့ ထိန်းကွပ် လှော်ခတ်ရင်း သောင်ကမ်းပေါ် ရောက်သွားသလို၊ လောကဓံလှိုင်းကို သီလ၊ သမာဓိ၊ ပညာ သိက္ခာ သုံးပါးနဲ့ ထိန်းသိမ်းကျင့်ကြံရင်းနဲ့ နိဗ္ဗာန်သောင်ကမ်း အရောက် လှမ်းနိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ဘယ်လောကဓံနဲ့တွေ့တွေ့ အကြောင်းအကျိုးပဲလို့ ဆင်ခြင်လိုက်ပါ။ ဘာစိတ်ပေါ်ပေါ် စိတ်ဟာစိတ်ပဲလို့ သိလိုက်ပါ။ လောကဓံလှိုင်းဂယက်တွေကြားထဲက ခန္ဓာငါးပါးဆိုတဲ့ လှေငယ်လေးပေါ်မှာ သီလ၊ သမာဓိ၊ ပညာဆိုတဲ့ တက်ရွက်လက်တွေနဲ့ ထိန်းချုပ်သွားရင်းနဲ့ ပထမနိဗ္ဗာန်နန်း သောင်ကမ်းကို အရောက်လှမ်းကြပါစို့။

# သောကကင်းဝေး မင်္ဂလာအမှတ် (၃၀)

မင်္ဂလာအမှတ် (၃၀)

## လိုက်နာကြည့်ပါ ချမ်းသာမှာ

ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့တဲ့ မင်္ဂလသုတ္တန် တရားတော်ကြီးထဲမှာပါရှိတဲ့ (၃၈) ဖြာသော မင်္ဂလာတရားများကို လေ့လာမှတ်သားခဲ့ကြပါပြီ။ မင်္ဂလာတရားကို နားထောင်ကောင်းရုံ ဖတ်ကောင်းရုံ အရပ်ထဲမှာ ပြောလို့ဆိုလို့ တင့်တယ်ရုံလေး အသုံး မပြုကြဘဲနဲ့ လက်တွေ့ကျင့်သုံးကြစေချင်ပါတယ်။ လက်တွေ့ ကျင့်သုံးလိုက်ရင် လောကီမင်္ဂလာရော လောကုတ္တရာ မင်္ဂလာပါ တိုးတက် ကြီးပွားရရှိ ချမ်းသာလာကြပါလိမ့်မယ်။

(၃၈) ဖြာ မင်္ဂလာတရားတော်တွေကို ပြန်ပြီးတော့ သုံးသပ် ကြည့်ပါ။ အသေဝနာစ ဗာလာနံ–ကနေ ဖုဋ္ဌဿလောကဓမ္မေဟိအထိ လောကကြီးထဲမှာနေတဲ့ ပုဂ္ဂိုလ်တွေ လောကကြီးနဲ့ မဆန့်ကျင်ဘဲ အဆင်ပြေပြေ နေတတ်အောင် ညွှန်ပြထားတာ ဖြစ်ပါတယ်။ လောက ကြီးထဲက ရှောင်စရာ ဆောင်စရာတွေကို အစုံအလင် ပြောပေးထား ပါတယ်။

**"လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနှင့် ကင်းအောင်နေတဲ့။" "မကောင်းမှုတွေ ဟူသမျှကို မတွေ့ခင်က ရှောင်ကြဉ်လေတဲ့။"** အရက် **"သေစာ မသောက်စားနဲ့ မှောက်မှားတတ်တဲ့အရာပေတဲ့။"** မလုပ်သင့်

တာတွေ အကုန်လုံး ပြောပေးထားတယ်။ လူမိုက်မပေါင်းနဲ့၊ မကောင်းတာ မလုပ်နဲ့၊ အရက်သေစာ မသောက်စားနဲ့။ ဒီကိစ္စတွေ အားလုံးဟာ မကောင်းမှန်း သိကြပါတယ်။ လူ့လောက ပတ်ဝန်းကလည်း မကြိုက်ဘူး။ ဒါတွေလုပ်နေတဲ့လူကို လက်မခံဘူး။

ဒီ့အပြင် လောကမှာ အပြစ်ရယ်လို့ သတ်မှတ်မထားပေမယ့် သဘောမကျတဲ့ အချက်လေးတွေကိုလည်း ရှောင်ရမယ်။ အဲဒါတွေက **“အလုပ်တာဝန် မလစ်ဟင်းနဲ့။ ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့။ မာနတံခွန် ဂုဏ်မကြွနဲ့”**စသည်ဖြင့် သတိထားပြီး ရှောင်ရှားရမည့်အရာတွေလည်း မင်္ဂလာတရားတော်မှာ ပါရှိပါတယ်။ ရှောင်စရာကိုရှောင်မှ မိမိလည်း နစ်နာဆုံးရှုံးမှု ကင်းဝေးမယ်။ ပတ်ဝန်းကျင်က ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်း အပေါင်းအသင်းကအစ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ရှိကြမယ်။

**“ပညာရှိကိုပေါင်း၊ သူတော်ကောင်းကိုပူဇော်၊ သင့်လျော်တဲ့အရပ်မှာနေ၊ မိမိကိုယ်ကို ဆောက်တည်၊ ဗဟုသုတရှိအောင်လုပ်၊ အတတ်ပညာ တတ်အောင်လုပ်၊”**လူ့ကျင့်ဝတ်ကို နားလည်အောင်လုပ်ထားဆိုတာတွေက ကိုယ့်ကိုယ်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် လူရာဝင်အောင် ဆောင်ထား ကျင့်ထားရမည့် ကျင့်ဝတ်တွေ၊ လူ့လောကထဲမှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်နေနိုင်အောင် အဲဒါတွေ ဆောင်ထားကျင့်ထားရမယ်။

**မိဘ လုပ်ကျွေးတာ၊ သားမယား ထောက်ပံ့တာ၊ လှူတာ၊ ဆွေမျိုးကို ကြည့်ရှုတာ၊ ရိုသေတာ၊ တရားနာတာ၊ တရားဆွေးနွေးတာ၊ မြတ်သောအကျင့် ကျင့်တာကအစ** လုပ်ကိုင်ဆောင်ရွက်ရမည့် ဝတ္တရားတွေလည်း မင်္ဂလာတရားထဲမှာ ပါတယ်။ ကျင့်ဝတ်ဝတ္တရားကျေပွန်တော့ ကိုယ်လည်း စိတ်ချမ်းသာမယ် အောင်မြင်မယ်။ ပတ်ဝန်းကျင်လည်း ကျေနပ်မယ်။ လူ့ဘောင်လောက တိုးတက်ရာ

တိုးတက်ကြောင်းတွေဖြစ်လို့ ကျင့်ဆောင်ပေးရမည့် မင်္ဂလာတွေ ဖြစ်ပါတယ်။

ပြီးတော့ **ချစ်ဖွယ်စကား ပြောတတ်ပါစေ။ မှန်ကန်တဲ့ ကောင်းမွန်တဲ့အလုပ် လုပ်ပါလေ။ သုစရိုက်တရား ကျင့်ပါလေလို့လည်း ကောင်းရာကောင်းကြောင်း** ဆောင်ယူဖွယ် မင်္ဂလာတွေလည်း ရှိတယ်။ **ရောင့်ရဲပါ၊ ကျေးဇူးသိပါ၊ သည်းခံပါ၊ ဆုံးမလွယ်ပါလို့လည်း ခံယူရမည့် သဘောထားကို** ပြောပြထားတဲ့ မင်္ဂလာတွေလည်း ပါတယ်။ သူတော်ကောင်း၊ လူတော်လူကောင်း ဖြစ်ချင်တဲ့သူတွေ မဖြစ်မနေ ကျင့်ဆောင်ထားရမည့် မင်္ဂလာတွေပါပဲ။

မင်္ဂလာတရားတော်တွေကို တစ်ဆင့်ပြီးတစ်ဆင့် မြင့်ပြီးတော့ ကျင့်သုံးလာလိုက်တာ နောက်ဆုံးမှာ သစ္စာတရားသိမယ်၊ နိဗ္ဗာန်မြင်မယ်၊ လောကဓံ ခံနိုင်မယ်၊ မပူမဆွေး၊ ညစ်ကြေးကင်းကွာ ဘေးကင်းရာ ပထမနိဗ္ဗာန် သောတာပန်ဖြစ်တဲ့အထိ ဘုရားမြတ်စွာရဲ့ မင်္ဂလာတရားတော်များက လိုက်နာကျင့်သုံးသူတွေကို ဆောင်ကြဉ်းပေးသွားမှာပါ။

ရှောင်စရာရှိတာ ရှောင်၊ ဆောင်စရာရှိတာ ဆောင်လိုက်ရင် လောကီမင်္ဂလာ ဥစ္စာရတနာတွေလည်း တိုးတက်မယ်။ လောကုတ္တရာ နိဗ္ဗာန်မင်္ဂလာမြတ်ကြီးကိုလည်း ရရှိမယ်။ လောကီ လောကုတ်နှစ်ဖက်ရ စွယ်စုံကောင်းတဲ့ ကျင့်စဉ်တွေ ဖြစ်ပါတယ်။ လိုက်နာကျင့်ဆောင် ပွားများခြင်းဖြင့် မင်္ဂလာဟူသမျှ ပြည့်ဝကြပါလိမ့်မယ်။

## တရားအေးရေ မျှပေးဝေချင်

(၃၈) ဖြာ မင်္ဂလာတရားတော်များကို လက်တွေ့ကျင့်သုံးလိုက်နာတဲ့ပုဂ္ဂိုလ်တွေ ဘယ်လို ချမ်းသာသွားတယ်။ မင်္ဂလာတရား

တော်တွေ မကျင့်သုံးခင်က ဘယ်လောက်အထိ သောကပရိဒေဝတွေ ရင်ဝယ်ပိုက်ပြီး ခါးစည်းခံခဲ့ရတယ်ဆိုတာ သိရှိနားလည်သွားအောင် ဘုရားမြတ်စွာ လက်ထက်တော်အခါက သာဓက ဇာတ်လမ်းတစ်ပုဒ်ကို ထုတ်ဆောင် ပြောပြပါမယ်။

သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်မှာ ဘုရားမြတ်စွာ ကိန်းအောင်းစံပျော်နေတော်မူစဉ်အခါက သာဝတ္ထိပြည်ထဲမှာ ကြွယ်ဝချမ်းသာတဲ့ ပုဏ္ဏားကြီး ဇနီးမောင်နှံ ရှိပါသတဲ့။ ဇနီးပုဏ္ဏေးမကြီးရဲ့ အမည်က မယ်သောဏကဲ့။ သူတို့ ဇနီးမောင်နှံက သားယောကျ်ားတွေချည်း ဆယ်ယောက်တောင် မွေးထားကာဆိုတော့ ကလေးတွေ လူလူသူသူ နေနိုင်အောင် ပိုပြီး ရှာရဖွေရတယ်။ ပုဏ္ဏားကြီးမှာ ပိုက်ဆံချမ်းသာသော်လည်း သားသမီးတွေအတွက် ဘယ်လောက်ရရ ထပ်ပြီး ချမ်းသာချင်သေးတာမို့ အပင်ပန်းခံပြီး လုပ်ကိုင်ရှာဖွေနေရပါသတဲ့။

ဥစ္စာစီးပွားရရှိဖို့ကိုပဲ ဇောင်းပေးပြီးလုပ်နေတာဆိုတော့ ပင်ပန်းလို့ ပင်ပန်းမှန်းလည်း မသိဘူး။ ပတ်ဝန်းကျင် လောကထဲမှာ ဘာတွေဖြစ်လို့ ဖြစ်နေမှန်းလည်း မသိဘူး။ သူ့အာရုံလေးနဲ့သူ ကျေနပ်နေတဲ့အချိန် ပုဏ္ဏားကြီးရဲ့ သူငယ်ချင်းတွေက “မင်းကြည့်ရတာ ပင်ပန်းလိုက်တာကွ” လို့ ညည်းကြသတဲ့။ နောက်ပြီးတော့ ပြောတာက “တို့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဘုရားရှင် တရားတော်တွေ ဟောကြားနေတယ်။ စိတ်ပင်ပန်းတာ ပြေပျောက်သွားအောင် ညနေဘက်ကျရင် ငါတို့နဲ့ တရားနာ လိုက်ခဲ့ပါလား” လို့ ခေါ်ကြသတဲ့။

ဒါနဲ့ ပုဏ္ဏားကြီးက နောက်တစ်နေ့မှာ တစ်နေကုန် လုပ်စရာရှိတာတွေလုပ်ပြီး ညနေပိုင်းရောက်တော့ “ရှင်မရေ ငါ့သူငယ်ချင်း

တွေဆီ သွားဦးမယ်။ အိမ်ပြန်နောက်ကျမယ်” လို့ မှာထားပြီးတော့ ထွက်လာခဲ့တယ်။ သူငယ်ချင်းတွေနဲ့ တွေ့တော့ သူတို့နဲ့အတူ ဘုရားကျောင်းတော်ကြီးကို တရားနာ လိုက်သွားတယ်။

မြတ်စွာဘုရားက ပရိသတ်ကို သစ္စာတရား ဟောတော်မူတယ်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေရဲ့ ဖောက်ပြန်ပုံ မတည်မြဲပုံတွေကို ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်စပ်ပြီး ဟောပြောလိုက်တဲ့ အချိန်မှာ ပုဏ္ဏားကြီးက နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်နေလိုက်သတဲ့။ ဖောက်ပြန်မှုဆိုတာလည်း အလိုလိုပေါ်လာတာ မဟုတ်ဘူး။ အကြောင်းအကျိုးပဲ။ ခန္ဓာကိုယ်မှာ ဘယ်လိုမွေတွေ ပေါ်လာပေါ်လာ အကြောင်းအကျိုးပဲ။ စီးပွားရေး အဆင်ပြေတာလည်း အကြောင်းအကျိုး၊ အဆင်မပြေတာလည်း အကြောင်းအကျိုး။ သားကောင်း သမီးကောင်း တွေ့ရတာလည်း အကြောင်းအကျိုး။ သားဆိုး သမီးဆိုး တွေ့ရတာလည်း အကြောင်းအကျိုး။ အကြောင်းမမွကြောင့် အကျိုးမမွပေါ်တာပဲလို့ ရှင်းရှင်းလင်းလင်း သိသွားတယ်။ အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းတော့ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ ကင်းကွာပြီး သစ္စာလေးချက်ကိုက်လို့ တရားပွဲအဆုံးမှာ သောတာပန် တည်သွားပါသတဲ့။

ခန္ဓာထဲမှာ ဉာဏ်ရောက်နေတဲ့အတွက် ပုဏ္ဏားကြီးဟာ ခါတိုင်းလို သားတွေ အိမ်မှုကိစ္စတွေအတွက် ပူပင်နေရတဲ့ သောက ပရိဒေဝတွေ ဝမ်းထဲမှာ ပေါ်မလာတော့ဘူး။ သူ ရရှိနေတဲ့ တရားအရသာကို သူ့ရဲ့ ပါရမီဖြည့်ဖက် မယ်သောဏာကိုလည်း ရရှိသုံးဆောင်စေချင်တဲ့ စိတ်တွေ ဖြစ်လာတယ်။ အိမ်ရောက်ရင် တရားအရသာအကြောင်း သူ့ဇနီးသည်ကို ပြောပြမယ်လို့ တွေးရင်းနဲ့ အိမ်ပြန်လာခဲ့ပါသတဲ့။

## အပူဇာတ်သိမ်း၍ အေးငြိမ်းခဲ့သူ

ပုဏ္ဏားကြီး အိမ်ပြန်ရောက်တော့ သူ့ဇနီးကို "ဒီနေ့ ငါ အိမ်ပြန်နောက်ကျတာ ဘုရားကျောင်းတော်မှာ တရားနာသွားတာကွ" တရားအရသာက ဘယ်အရသာနဲ့မှ မတူအောင် ကောင်းတယ်။ မင်းကိုလည်း တရားအရသာ ခံစားကြည့်စေချင်တယ်" လို့ ပြောသတဲ့။ ပုဏ္ဏားကြီး ဘယ်လိုပဲပြောပြော မယ်သောဏာက သားတွေပူပန်ရတာ၊ အိမ်မှုကိစ္စ ပူပန်ရတာတွေ အကြောင်းပြပြီး တရားနာ လိုက်မသွားခဲ့ဘူး။ "အချိန်တန်ရင် လူတိုင်းဟာ သူ့လမ်းသူ လျှောက်ကြရမှာပဲ။ သံယောဇဉ်တွေ လျှော့ပါတော့" လို့ ပြောပေမယ့် နားမဝင်ဘူး။

နောက်နေ့မှာလည်း ပုဏ္ဏားကြီး တရားနာသွားတယ်။ တရားပွဲအပြီးမှာ နောက်တစ်ဆင့်မြင့်တဲ့ သကဒါဂါမ် ဖြစ်သွားတယ်။ မယ်သောဏာကို တရားနာလိုက်ခဲ့ဖို့ စိတ်ရှည်လက်ရှည် ပြောပြပေမယ့် လက်မခံဘူး။ နောက်တစ်နေ့ တရားနာတော့လည်း ပုဏ္ဏားကြီးတစ်ယောက်တည်းပဲ သွားရတယ်။ တရားပွဲက အပြန်မှာတော့ ပုဏ္ဏားကြီး အနာဂါမ် တည်သွားခဲ့ပါပြီ။

အနာဂါမ်အဖြစ်နဲ့ အိမ်ပြန်လာတဲ့အခါမှာတော့ ပုဏ္ဏားကြီးဟာ အရင်လိုမဟုတ်ဘဲ တည်တည်ငြိမ်ငြိမ် ဣန္ဒြေသိက္ခာအပြည့်နဲ့ မယ်သောဏာကို ခေါ်ပြီး ပြောတယ် "သူ့ကို အစ်ကိုတစ်ယောက်လိုပဲ သဘောထားပါ။ အိပ်ရာလည်း သူတစ်ယောက်တည်း သီးသန့် ခွဲအိပ်ပါရစေ" လို့ ခွင့်တောင်းတယ်။ ပုဏ္ဏားကြီးက အနာဂါမ်ဖြစ်နေပြီမို့ ရာဂတရားတွေ အပြီးတိုင် ပယ်သတ်ထားတော့ သားမယားစီးပွားဥစ္စာ လောကီအာရုံတွေကို စိတ်မဝင်စားတော့ပါဘူး။ ဒါနဲ့ သက်န်းဝတ်ခွင့်ပြုဖို့ပြောတော့ မယ်သောဏာကလည်း ကြည်ကြည်ဖြူ

ဖြူပဲ ခွင့်ပြုလိုက်တယ်။ ပုဏ္ဏားကြီးက ကျောင်းတော်ကိုသွားပြီး သင်္ကန်းဝတ်လို့ မကြာခင်မှာပဲ အရဟတ္တဖိုလ်ဆိုက်ပြီးတော့ ရဟန္တာ အရှင်မြတ်ကြီး ဖြစ်သွားပါသတဲ့။

ပုဏ္ဏားကြီးဟာ လူ့ဘဝတုန်းက သားကျွေးမှု မယားကျွေးမှု အိမ်မှုကိစ္စတွေနဲ့ အချိန်ကုန်နေရတော့ ဥစ္စာစီးပွားမရမှာ ပူရ၊ ရှာလို့ရပြန်တော့လည်း ပျက်စီးဆုံးရှုံးမှာ၊ ခိုးသူလုယက်မှာပူရ၊ မွေးထားတဲ့ သားတွေ အချိန်တန်ရောက်မလာလို့ စိုးရိမ်ရ စတဲ့ ပူပင်သောက ပရိဒေဝ ကင်းဝေးပြီး အေးငြိမ်းချမ်းသာတဲ့ နိဗ္ဗာန်လောကုတ္တရာ မြတ်မင်္ဂလာကြီးကို ရရှိသွားပါပြီ။

## အသက်အရွယ်ရလို့ စိတ်ဓာတ်မကျပါနဲ့

အိမ်မှာ ကျန်ရစ်တဲ့ မယ်သောဏာလည်း သားတွေ အရွယ်မရောက်ခင်တော့ သားတွေနဲ့အတူ သိုက်သိုက်ဝန်းဝန်းလေး နေကြတာပေါ့။ နောက်တော့ သားတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ကျလို့ တစ်အိုးတစ်အိမ် ခွဲသွားကျတဲ့အခါ အမွေခွဲပေးလိုက်ရတယ်။ အငယ်ဆုံးသားကျတော့ အိမ်ပါပေးလိုက်ရပြီး သူက အိမ်ဘေးမှာ အဖီချနေရသတဲ့။

အမေက သူ့အလှည့်တုန်းက ဂရုစိုက်ခဲ့ရသလောက် သားတွေက သူ့အိမ်ထောင်နဲ့သူ ဖြစ်သွားတဲ့အခါ အမေအိုကြီးကို ပြန်လှည့်မကြည့်ကြတော့ဘူး။ စားစရာ သောက်စရာ မရှိတော့ သားတွေအိမ် တစ်လှည့်စီ လိုက်နေကြည့်သေးတယ်။ ခဏပဲ ကြည်ဖြူတယ်။ နည်းနည်း ရက်ကြာလာတာနဲ့ ငြူစူလာကြပြီး တစ်အိမ်ပြီး တစ်အိမ် ပြောင်းနေလာလိုက်တာ ခဏကြာတော့ နေစရာ မှီစရာ အိမ်မရှိတော့ဘူး။ အားကိုးစရာ ရှာမတွေ့တော့ "ဗမာအို ကျောင်းကြိုကျောင်းကြားရောက်" ဆိုတဲ့အတိုင်း ဘိက္ခုနီမကျောင်းမှာ ကပ်

ရပ်ပြီး စားသောက်ရရှာတယ်။ ဘိက္ခုနီမတွေကလည်း သနားတော့ ကျွေးကြ မွေးကြရှာပါတယ်။

နောက်တော့ ခိုကိုးရာမဲ့ အမယ်အိုကြီး မယ်သောဏာကို ဘိက္ခုနီမတွေက မိထွေးတော်ဂေါတမီဆီ ခေါ်သွားပြီးတော့ သပိတ်သင်္ကန်းတွေ ရှာပေးပြီး သင်္ကန်းဝတ်ပေးလိုက်သတဲ့။ တရားဓမ္မရဲ့ အရသာကို သိလို့ ဝတ်လာတာ မဟုတ်ဘဲ စားရေးဝတ်ရေး အဆင်ပြေအောင် ပဟ်လာတာ ဖြစ်ပေမယ့် သာသနာ့ဘောင်ရောက်မှတော့ ဒီအတိုင်းနေလို့ မရဘူး။ သံဃာ့ဝေယျာဝစ္စ တတ်နိုင်သလောက် လုပ်ရတယ်။ တရားရှုမှတ်နည်းတွေ သင်ကြားပြီးတော့ ရှုမှတ်အားထုတ်ရတယ်။

ဒီလိုနဲ့ မယ်သောဏာဟာ ဘိက္ခုနီမတွေသုံးဖို့ မီးဖိုချောင်မှာ ရေနွေးတည်ရင်း မီးဖိုက မီးတောက်တွေကို ကြည့်ပြီးတော့ မီးကသိဏ်းရှုနေသတဲ့။ ရှုရင်း ရှုရင်းနဲ့ "ဪ–ခန္ဓာကြီးက လောင်စာ၊ ဇာတိဇရာ ဗျာဓိ မရဏ ဖြစ်ဒုက္ခ ပျက်ဒုက္ခတွေက မီးတွေပါလား။ လောင်စာနဲ့မီး ပွဲလျက်ဖြစ်နေတာပါလား" လို့ ဆင်ခြင်မိသွားတယ်။ ခန္ဓာပေါ် ဉာဏ်ရောက်ပြီး ရှုမှတ်နေလိုက်တာ တော်တော်ကြာသွားသတဲ့။

အဲဒီအချိန်မှာ ဘိက္ခုနီမတွေက ဆွမ်းခံထွက်နေချိန် မယ်သောဏာ တစ်ပါးတည်း တရားရှုမှတ်လို့ ကောင်းနေတုန်း ရှင်တော်မြတ်ဘုရားက ကျောင်းတော်ထဲကနေ ရောင်ခြည်တော်လွှတ်ပြီးတော့ "ချစ်သမီးသောဏာ ကြိုးစားလိုက်စမ်း။ ဖြစ်ပျက်မြင်အောင် ကြိုးစားလိုက်စမ်း။ ဖြစ်ပျက်မမြင်ဘဲ အသက်တစ်ရာ နေရတာ အလကား၊ ဖြစ်ပျက်မြင်ပြီး တစ်ရက်တာ နေရတာက မြတ်သောအသက်ရှင်ခြင်းမို့လို့ မြဲမြဲမြံမြံ ကြိုးစားလိုက်စမ်းပါ" လို့ လှမ်းပြီး အားပေးတော်မူတယ်။

အမယ်အိုကြီး မယ်သောဏာလည်း ဖြစ်ပျက်ရှုရင်းနဲ့ ခန္ဓာက ဖြစ်ပျက်၊ သိတဲ့ဉာဏ်ကမင်္ဂ။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတဲ့ဉာဏ်

က မဂ္ဂသစ္စာ၊ သေသွားတဲ့ ကိလေသာက သမုဒယသစ္စာ၊ သမုဒယ သစ္စာရဲ့ ချုပ်ရာ သိမ်းရာ ငြိမ်းရာက နိရောဓသစ္စာ သစ္စာလေးချက် ပထမတစ်ကြိမ်ဆိုက်တော့ သောတာပန်၊ ဒုတိယတစ်ကြိမ်ဆိုက်တော့ သကဒါဂါမ်၊ တတိယတစ်ကြိမ်ဆိုက်တော့ အနာဂါမ်၊ ဆိုက်ပြီး အဘိညာဉ် ၆ ပါးကိုပါ ရရှိသွားပါတော့တယ်။

မယ်သောဏာ ထေရီမကြီး တရားထူး ရရှိသွားပုံကို ကြည့်ပြီးတော့ အသက်အရွယ်ကြီးရင့်မှ တရားအားထုတ်ရတဲ့ ပုဂ္ဂိုလ်များ၊ အားတက်ဖို့ပါနော်။ ဘယ်အရွယ်ပဲရောက်နေ ရောက်နေ ဘယ်လောက်ပဲ အိုမင်းရင့်ရော်နေပါစေ ဖွဲ့သန်သန် မြဲမြဲမြံမြံနဲ့သာ ရှုမှတ်လိုက်ကြစမ်းပါ။ အောင်မြင်မှုက လက်တစ်လှမ်းမှာ ရှိနေပါတယ်။

## မင်္ဂလာမင်္ဂရေအေး သောက်သုံးလို့ပေးပါလေ

မယ်သောဏာ ထေရီမကြီး မီးဖိုချောင်ထဲက မီးဖိုဘေးမှာ ဖြစ်ပျက်ရှုနေလိုက်တာ လောင်နေတဲ့မီးကလည်း ထင်းကထပ်ထိုး မပေးလို့ လောင်စာမရှိတော့တဲ့အတွက် ငြိမ်းသွားတယ်။ အဲဒီအချိန်မှာ ဘိက္ခုနီမလေးတွေ ရောက်လာတော့ ရေနွေးအိုး ဆူအောင်မတည်ဘဲ ငေးနေရကောင်းလားလို့ ဝိုင်းအပြစ်တင်ကြတာပေါ့။ အဲဒီမှာ မယ်သောဏာက ရေနွေးအိုးကို ဖွင့်ပြလိုက်တော့ အထဲမှာ ရေနွေးတွေက ပွက်ပွက်ဆူလို့။

မီးမထည့်ဘဲနဲ့ ချက်ချင်း ရေနွေးဆူအောင် လုပ်နိုင်တာ စျာန် အဘိညာဉ်တန်ခိုးကြောင့်ပေါ့။ အဲဒါကို ဘိက္ခုနီမလေးတွေ သိသွားတော့ တအံ့တသြ ဖြစ်သွားပြီး အမယ်အိုကြီး မယ်သောဏာကို တောင်းပန်လိုက်ကြတာလေ။ မယ်သောဏာကလည်း ပြုံးပြုံး ပြုံးပြုံးနဲ့ ဘိက္ခုနီမလေးတွေကို ခွင့်လွှတ်တဲ့အကြည့်နဲ့ ကြည့်နေရှာပါတယ်။

သားဆူ၊ ချွေးမဆူနဲ့ **အပူမျိုးစုံ** ကြုံလာခဲ့ရတဲ့ မယ်သောဏာ အဖို့ ဒီဘိက္ခုနီမလေးတွေ **ဆူတာ**လောက်ကတော့ ဘာမှုစရာ ရှိမလဲ

နော်။ တဏှာလောဘ သမုဒယသစ္စာ သေသွားပြီဆိုမှတော့ သား ကြောင့် သမီးကြောင့် ဆွေကြောင့် မျိုးကြောင့် ပစ္စည်းဥစ္စာကြောင့် ပူဆွေးသောကတွေ ရင်မှာပိုက်ထားစရာ မလိုတော့ပါဘူး။ ရင်ထဲမှာ မဂ်ကိန်းပြီဆိုတာနဲ့ သောကတွေ တစ်ခါတည်း ငြိမ်းသွားရတာပါပဲ။ သောက ကင်းဝေးချင်တယ်ဆိုရင်တော့ မဂ်ရေအေးကို သောက်သုံး ကြရပါမယ်။

ဘိက္ခုနီမလေးတွေရဲ့ လျှောက်ထားချက်အရ ဘုရားမြတ်စွာ သိတော်မူသွားတော့ မယ်သောဏာ ထေရီမကြီးကို ခေါ်တော်မူတယ်။ တရားဓမ္မ ဟောပြတော်မူလို့ တရားအဆုံးမှာ မယ်သောဏာဟာ အရဟတ္တဖိုလ်ဆိုက်လို့ ရဟန္တာထေရီမကြီး ဖြစ်သွားပါပြီ။

တို့တစ်တွေဟာ သောကကင်းဝေး အေးချမ်းစွာ နေချင်ကြတယ် ဆိုရင် သားသမီးကို အားကိုးနေလို့လည်း မရဘူး။ ဥစ္စာစီးပွား တိုက် တာကား စိန်တွေရွှေတွေလည်း အားကိုးရာ မဟုတ်ဘူး။ အရိယာမဂ် ဆိုတဲ့ မဂ်ရေအေးကို သောက်သုံးကြမှသာ သောကကင်းဝေးနိုင်ကြ ပါမယ်လို့ သောဏာထေရီမကြီးက စံပြသွားခဲ့ပါပြီ။

မင်္ဂလာတရားတော်များကို မှတ်သားလေ့လာခဲ့ကြတာ ပြီး မြောက်အောင်မြင် ဆုံးခန်းတိုင်ခဲ့ကြလေတော့ (၃၈) ဖြာ မင်္ဂလာ ကျင့်စဉ်များကို လက်တွေ့လိုက်နာ ကျင့်သုံးကြဖို့ လိုအပ်ကြောင်း မှာကြားသတိပေးပါရစေ။ လက်တွေ့ ကျင့်သုံးမှလည်း မိမိတို့ လိုရာ ဆန္ဒ ပြည့်ဝပြီး လောကီမင်္ဂလာ ဥစ္စာရတနာပဟူသမျှ ပြည့်ဝကြပါ လိမ့်မယ်။ အမြင့်မြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ မင်္ဂလာ ကြီးကို လက်ဝယ် ပိုင်ပိုင်ရရှိအောင်လည်း ကြိုးစားအားထုတ်ကြပါ လို့ တိုက်တွန်းလိုပါတယ်။

**မင်္ဂလာအပေါင်း ပြည့်ဝကြပါစေ။**

**ဓမ္မရံသီဆရာတော်**

သစ္စာလင်းရောင် ဉာဏ်တန်ဆောင်ဖြင့် မိုက်မှောင်ပယ်ခွင်း နိဗ္ဗာန်ချဉ်းဖို့

- ရှင်တော်မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့
မင်္ဂလာတရားတော်တွေဟာ
နားထောင်ကောင်းရုံ၊
ရွတ်ကောင်းရုံ၊
ဖတ်ကောင်းရုံ၊
ပူဇော်ကောင်းရုံမျှ မဟုတ်ပါဘူး။
လူမျိုးဘာသာ အရွယ်မရွေး
လောကုတ် လောကီ နှစ်လီအကျိုး တိုးပွားဖို့ရာ
လက်တွေ့အသုံးချလို့ရတဲ့
တရားတော်တွေဖြစ်ပါတယ်။